www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စာမျက်နှာ

စာရေးသူ၏အမှာစာ ၁

သမိုင်းထဲကယောဒယေသ

၁။ ယောဟူသောအမည် ၄
၂။ ယောဒယေသ၏ပထဝီနှင့်တည်နေရာ ၁၀
၃။ လူမျိုးနှင့်ကိုးကွယ်မှုအယူဝါဒ ၁၅
၄။ ထူးထူးခြားခြားတောင်သားတိုင်းရင်းသားများ ၂၀
၅။ အုပ်ချုပ်ရေးစနစ် ခေတ်အဆက်ဆက် ၄၁
၆။ ကိုလိုနီခေတ်နှင့်ယောဒယေသ ၅၇
၇။ အင်္ဂလိပ်တို့ ယောဒယေသကို သိမ်းယူခြင်း ၆၂
၈။ ယောဒယေသ၏ ရှေးခေတ်စီးပွားရေး ၈၁
၉။ ကိုလိုနီခေတ် ပခုက္ကူခရိုင်ပညာရေး ၈၈
၁၀။ ယောဒယေသ၏ ပညာရေးသမိုင်း ၉၃
၁၁။ ကိုလိုနီခေတ် လမ်းပန်းဆက်သွယ်ရေး ၉၉
၁၂။ ယော၏ဂုဏ်ရောင် ထွန်းလင်းပြောင်ခြင်း ၁၀၃
(က) မုဒ္ဒောဘုရားများ တည်ရှိခြင်း ၁၀၃
(ခ) ယောဆရာတော် အရှင်ဇောတယန္တ ၁၀၉
(ဂ) ယောအတွင်းဝန် ဦးဖိုးလှိုင် ၁၁၀
(ဃ) ယောရွာသီချင်း ၁၁၅


www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၄၆၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၁၀၄၀၅၁၁

ပထမအကြိမ်

၂၀၀၅- ခုနှစ်၊ ဒီဇင်ဘာလ

ကွန်ပျူတာ - Aok ကွန်ပျူတာ

မျက်နှာဖုံးပန်းချီ
စည်သူလွင်
အမှတ်- ၉၀ (ဒုတိယထပ်)၊ ၂၈-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသူ
ဦးချစ်ညွန့် (၀၄၀၄၄) ဇင်ရတနာစာပေ
အမှတ်- ၂၀၅ (က+ခ) ရပ်ကွက်၊ မြို့သစ်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးတင်အောင်ကျော် (၀၇၀၅၃) စွယ်တော်ပုံနှိပ်တိုက်
အမှတ်- ၈၇၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ဒေါ်တင်မာဦး၊ မျိုးဆက်သစ်စာပေ
အမှတ်- ၁၈၀ (ပထပ်၊ ယာ)၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၄၁၁၂၈

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်ရေးရပြီးစ ယောဒေသ


| | | |
|---|---|---|
| ၁၃။ | မြန်မာ့နိုင်ငံရေး ရှုပ်ရှုပ်ထွေးထွေး | ၁၂၄ |
| ၁၄။ | ယောဒေသ၌ ကွန်မြူနစ်လှုပ်ရှားမှု | ၁၃၂ |
| ၁၅။ | ကျောင်းသားများနှင့်တွေ့ဆုံခြင်း | ၁၃၅ |
| ၁၆။ | ရေမျက်နီရွာမှာတွေ့ဆုံဆွေးနွေးခြင်း | ၁၄၀ |
| ၁၇။ | ကွန်မြူနစ်တို့ နှိပ်စက်ခဲ့သမျှ ယောဒေသ | ၁၄၄ |
| ၁၈။ | မျက်မြောင်ဆိုတဲ့ ရွာကလေး | ၁၄၈ |
| ၁၉။ | ဆင်စွယ်ဆိုတဲ့ ရွာကလေး | ၁၅၅ |
| ၂၀။ | ပုံတောင် ပုံညာတစ်ခွင်ရောက်ခဲ့စဉ် | ၁၆၇ |


## ဘာသာ၊ သာသနာ ထွန်းလင်းရာမြေ


| | | |
|---|---|---|
| ၂၁။ | အနောက်ဂန့်ဂေါမြို့မှ စွယ်တော်မြတ်စေတီ | ၁၇၃ |
| ၂၂။ | ထီးလင်းမြို့မှ ရွှေကွန်အုပ်ဘုရား | ၁၇၇ |
| ၂၃။ | ရွှေကွန်အုပ်ဘုရားသမိုင်းကျောက်စာ | ၁၈၀ |
| ၂၄။ | ယောမြို့ ကျောင်းကြီးရှင်ချစ်စေတီ | ၁၈၃ |
| ၂၅။ | ယောဒေသမှ ဗုဒ္ဓခြေတော်ရာ | ၁၉၀ |
| ၂၆။ | ထင်ပေါ်ကျော်ကြား ယောဆရာတော်များ | ၂၀၁ |


www.burmeseclassic.com


www.burmeseclassic.com

## ခေတ်သစ်သို့၏ ယောဒ္ဒာနိ


၂၇။ အမှောင်ခွင်း၍ အလင်းဆောင်ပြီ ၂၁၅
၂၈။ ပုံညာရိပ်မှာ ခိုလှုံသည် ၂၃၁
၂၉။ ပုံတောင်ပုံညာခရီးသည် ၂၃၇
၃၀။ ယောဒေသ၏ဂုဏ်ဆောင် စစ်နီးချောင် ၂၄၂
၃၁။ ကျောချောင်းဆိုတဲ့ရွာကလေး ၂၅၀
၃၂။ ပုံတောင်ပုံညာ မှိုင်းပြာပြာ ၂၅၆
၃၃။ ကျောဆိုတဲ့ရွာကလေး ၂၆၂
၃၄။ ဤခရီး နီးသလား ၂၆၇
၃၅။ မောရိယသို့ တစ်ခေါက်ရောက်ခဲ့ရသည်။ ၂၇၃
၃၆။ ကြီးလာနေသော ကလေး ၂၇၉
၃၇။ ယောသုံးမြို့နယ် ဆက်သွယ်နေပြီ ၂၈၅
၃၈။ ယောသဘာဝနှင့်ယောအလှ ၂၉၁
၃၉။ ပုံတောင်မြေမှ လွမ်းမျက်ရည်သီချင်း ၂၉၇
၄၀။ နိဂုံး ၂၉၈
၄၁။ ယောဆရာကြီးသီချင်း ၃၀၀
၄၂။ ကျမ်းကိုးစာရင်းနှင့် ဒေါက်တာသက်လွင်၏
စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာစာ

ယောအကြောင်းကို စာအုပ်တစ်အုပ်ရေးသားထုတ်ဝေရန် စိတ်ကူးရှိခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပါ၏။ ၁၉၉၀ ခုနှစ်ကာလပိုင်းမှပင် စိတ်ကူးရှိခဲ့သည်။ ယောနှင့်ပတ်သက်သော စာအုပ်များ၊ စာစောင်များ၊ ပေ၊ ပုရပိုက်များ၊ ကျောက်စာများ၊ ပြောစကားများကို ရှာဖွေခဲ့ရ၏။ အတော်အသင့်စာပေအထောက်အထားများ ရရှိထားပြီးဖြစ်သော်လည်း ခိုင်လုံစေရန် ကွင်းဆင်းလေ့လာဖို့ ကျန်နေသေး၍ ရေးသားလို့မဖြစ်နိုင်ခဲ့ပါ။ ၎ယောဒေသသည် သွားလာရေးအလွန်ခက်ခဲသဖြင့် စိတ်ထင်တိုင်း သွားလို့မရနိုင်ပါ။ မော်တော်ကား၊ ကားကြီးသွားလာရသောလမ်း၊ ဂျစ်ကားသွားလို့ရသောလမ်း၊ မော်တော်ဆိုင်ကယ်ဖြင့် သွားလို့ရသောလမ်း၊ စက်ဘီးဖြင့် သွားလို့ရသောလမ်း၊ လှည်းဖြင့် သွားလို့ရသောလမ်း၊ ဆင်ဖြင့်သွားလို့ရသောလမ်း၊ ခြေလျင်သွားရသောလမ်းဆိုပြီး လမ်းအမျိုးအစားများကို အရင်ဆုံး ရွေးချယ်ရပါသည်။ ထိုသို့လမ်းအမျိုးအစား ခွဲခြားသတ်မှတ်ပြီးမှ သွားလာရေးအစီအစဉ်ကို ရေးဆွဲရပါသည်။

ယောအကြောင်းကို ရေးတော့မည်ဆိုပြန်တော့လည်း အကြောင်းအရာ ရှုထောင့်တွေက စုံလှသည်။ ၁၂ မျိုးဂျင်းသတ်လို ရောက်ရာပေါက်ရာအကုန်လုံး စုပြုံပြီး ရေးလို့တော့ ကုန်နိုင်မည်လည်း မဟုတ်၊ ရေးလို့လည်း မဖြစ်ပေ။ လမ်းပန်းဆက်သွယ်ရေးအကြောင်း ဦးစားပေးရမည်လား၊ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



စကား၊ ဘာသာ၊ သာသနာရေး၊ သမိုင်းကြောင်း၊ ကျန်းမာရေး၊ အစွဲအလမ်း ယုံကြည်မှုပုံပြင်များ စသည်ဖြင့် ခေါင်းစဉ်တွေက အများကြီး ပေါ်ထွက်လာပါသည်။ ထိုသို့ အားလုံးကို ရေးရလျှင် စာအုပ်ကြီးမှာ အထူကြီးဖြစ်သွားပေတော့မည်။ စာအုပ်စာ မျက်နှာကိုလည်း (၃၀၀)မှ (၄၀၀)ထက် မပိုလိုပေ။ (၃၀၀)ပျမ်းမျှ စာမျက်နှာထားပြီး ရေးသားရန် ဆုံးဖြတ်ရတော့သည်။ ထို့ကြောင့် တစ်ချို့ခေါင်းစဉ်များကို ချုံပြီး ရေးသားလိုက်ရတော့သည်။ စာအုပ်တစ်အုပ်ကို ရေးသားလျှင် အချိန်ကာလ အစီအစဉ်အရ ရေးသားခြင်း၊ အကြောင်းအရာ အစီအစဉ်အရ ရေးသားခြင်း၊ ဇာတ်ကောင် အစီအစဉ်အလိုက် ရေးသားခြင်းဟု သတ်မှတ်ရ ပါသည်။ ဤစာအုပ်ကို အချိန်ကာလအစီအစဉ်အရ ရေးသားပါသည်။ ပထမပိုင်းတွင် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးမရမီက ယောဒေသတွင် ဖြစ်ပျက်ခဲ့သည်များကို ဖော်ပြပါသည်။ ဒုတိယအပိုင်းတွင် ၁၉၄၈ မှ ၁၉၈၈ ခုနှစ် အထိ လွတ်လပ်ရေးရပြီးနောက်ပိုင်းကို ရေးပါသည်။ တတိယအပိုင်းတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း အကြောင်းအရာများကို ဦးစားပေးပြီး ရေးသားပါသည်။ တစ်ပိုင်းနှင့်တစ်ပိုင်း ပိုင်းခြားမရသောအကြောင်းအရာအချို့ကိုမူ သင့်တော်သလို ဖော်ပြရေးသားလိုက်ပါသည်။

စာအုပ်ကို ရေးသားပြီးသောအခါ စာအုပ်အမည်ကို စဉ်းစားရပြန်သည်။ စာအုပ်အမည်သည် အတွင်းမှ အကြောင်းအရာများ၏ အကျဉ်းချုပ်ဖြစ်ရမည်။ ခေါင်းစဉ်တစ်မျိုး အကြောင်းအရာတစ်မျိုး မဖြစ်စေရန် စဉ်းစားရပြန်သည်။ "ယော"ဟူသော အမည်နာမလည်း ပါဝင်စေလိုသည်။ "ပုံတောင်၊ ပုံညာ" ဟူသော အမည်နာမကိုလည်း ပါဝင်စေလိုသည်။ စာအုပ်အမည်ကို အမျိုးမျိုး ပေးကြည့်မိသည်။ နှစ်သက်သော စာအုပ်အမည်ကို မရခဲ့ပါ။ ပုံတောင်၊ ပုံညာတောင်ကြီးများသည် ယောဒေသ၏ ဂုဏ်ထူးဆောင် သဘာဝမိခင် များဖြစ်ကြပါ၏။ ယောအကြောင်းရေးလျှင် အလိုလိုပါဝင်မှာ ဖြစ်ပါ၏။ ထို့ကြောင့် သီးခြားအမည်မပေးတော့ပါ။ ယောအကြောင်းကို ရေးသားသင့်သော အကြောင်းအရာများအနက် လွမ်းဖွယ်ဆွေးဖွယ်၊ သတိရစရာ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်စရာ အကြောင်း အရာများက စာရေးသူ၏ စိတ်အာရုံကို ဆွဲဆောင်နေခဲ့သည်။ ထို့ကြောင့် "လွမ်းဖွယ်တွေပေါ်ပါတဲ့ တို့ယောမြေ" ဟု အမည်ပေးလိုက်ရပါတော့၏။ ဤစာအုပ်သည် ယောဒေသမှာ ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာများအနက် လွမ်းဖွယ်ဆွေးဖွယ် သတိရစရာ၊ မှတ်တမ်းတင်စရာ၊ နောင်လာနောက်သားများအတွက် ကျမ်းကိုးပြုသမိုင်းတင်နိုင်ရန် ခိုင်ခံ့ထင်ရှားသော အကြောင်းအရာများကို ဦးစားပေးပြီး ရေးသားလိုက်ရပါသည်။ အကြောင်းအရာ တစ်ခုခုအတွက် အသေးစိတ်၊ သုတေသနပြုလုပ်ထားသော စာအုပ်မဟုတ်ပါ။ သုတေသနပြုလုပ်လိုသူများအတွက် သတင်းစကားပါးသော, ပေးသောစာအုပ်ဟုသာ ဆိုချင်ပါသည်။ ဤစာအုပ်ကို ဖတ်ရသူစာဖတ်ပရိသတ်များအနေဖြင့် ယောဒေသ၏ အကြောင်းအရာများအနက် လွမ်းမောဖွယ်ရာများကိုသာ ခံစားပြီး လေ့လာဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤစာအုပ်သည် ယောဒေသ၏ သမိုင်းစာအုပ် မဟုတ်ပါ။ စာရေးသူအနှစ်နှစ်၊ အလလ ကြာအောင် ယောဒေသနှင့်ပတ်သက်၍ ရှာဖွေစုဆောင်းထားသော အချက်အလက်မှတ်တမ်းများသာ ဖြစ်ပါသည်။ စာရေးသူသည် ယောဒေသသို့ အကြိမ် (၅၀)ထက်မနည်း သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်ခဲ့စဉ် စူးစမ်းလေ့လာ မှတ်တမ်းတင်ရေးသားခဲ့သော မှတ်စုများကို မပျောက်မပျက် ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ဤစာအုပ်ကို ရေးသားခြင်းလည်း ဖြစ်ပါသည်။ ဂုဏ်ယူစရာတွေလည်း ပါဝင်ပါမည်။ ဝမ်းနည်းစရာတွေလည်း ပါဝင်ပါမည်။ ကြည်နူးစရာတွေလည်း ပါဝင်ပါမည်။ ကြေကွဲစရာတွေလည်း ပါဝင်ပါမည်။ ကြောက်စရာတွေလည်း ပါဝင်ပါမည်။

**"ချစ်၊ ရွှင်၊ သနား၊ တည်ထား၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရယ်ဝံ့၊ အံ့ဩ"** ဟူသော ရသကိုးပါးကို စာဖတ်သူများ ခံစားကြရစေလိုပါသည်။ ဤသို့ မခံစားရလျှင် စာရေးသူ၏ ရေးနည်းရေးဟန် မပြည့်စုံ၍သာ ဖြစ်ပါတော့မည်။ စာဖတ်သူများ ရသ (၉)ပါး ခံစားနိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းထဲက ယောဒေသ

## ယောဟူသောအမည်

ယောဟူသောစကားလုံးသည် တစ်လုံးတည်းဖြစ်သော်လည်း လေးနက်သော အဓိပ္ပါယ်တစ်မျိုးမျိုးတော့ရှိမည်အမှန်ဖြစ်ပါ၏။ အမည်တစ်ခုကို ခေါ်မည်ဆိုလျှင် အဓိပ္ပါယ်တစ်ခုခုကို ကိုယ်စားပြုမည်မှာ သေချာပါ၏။ ထို့ကြောင့် စာရေးသူသည် ယောဟူသောစကားလုံး၏ အဓိပ္ပါယ်ကို ရှာဖွေခဲ့ပါ၏။ မတွေ့ရပါ။ လူမျိုးပေါင်းစုံရောနှော၍နေထိုင်သောအရပ်ဖြစ်သောကြောင့် "ယော"ဟု စတင်ခေါ်ခဲ့ကြသည်ဟု တစ်ချို့ကရေးခဲ့ကြသည်။ ရှမ်း၊ ဗမာ၊ ပျူ (တောင်သား)၊ ချင်းစသည်ဖြင့် ယခုတိုင် လူမျိုးပေါင်းစုံနေထိုင်ကြ၏။

ယောဒေသ၊ ယောနကတိုင်းဟူသောအမည်သည် အလွန်ရှေးကျလှပါ၏။ ဂေါတမမြတ်စွာဘုရားပွင့်တော်မမူမီကပင် ယောဒေသရှိခဲ့ဟန်တူသည်။ ဆရာကြီး ဦးကြာထွန်းပြုစုသော "ယော" စာအုပ်တွင် ဆရာကြီး၏ အယူအဆကို ဦးစွာတင်ပြလိုပါသည်။

**ကရပေါ်မင်း**

ယောဒေသ၊ ယောနယ်အကြောင်းနှင့်ပတ်သက်၍ ရှေးသမိုင်းဟောင်းတစ်ချပ်ကို တွေ့ရသည်။ ထိုသမိုင်းဟောင်း၏ အကျဉ်းချုပ်သဘောမှာ မဇ္ဈိမဒေသတွင် သုနမည်သော မဟာသမတမင်းသည် သားကြီးဖြစ်သော ကရပေါ်မင်းသားအား တိုင်းသစ်ပြည်သစ်တည်ထောင်ချေဟု စေလွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမင်းသားသည် ဧရာဝတီမြစ်အနောက်ဘက်တွင် ဟန်လင်းမြို့ကို တည်သည်။ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်အနောက်ပိုင်းဒေသကို အုပ်ချုပ်စိုးစံသည်။ သူအုပ်ချုပ်သောဒေသ၏အမည်ကို သူ၏ဖခင်အမည်ဖြစ်သော သုနာပရန္တဒေသဟူ၍ ခေါ်ဝေါ်သည်။ ဆိုလိုသည်မှာ သုနမင်းကြီး၏ နယ်မြေဟု သတ်မှတ်သည်။ နောက်မင်းများဖြစ်သော ကံရာဇာကြီး၊ ကံရာဇာငယ်တို့သည် ဤဒေသကို **သုနာပရန္တတိုင်း**ဟု ဆက်လက်သုံးစွဲခဲ့ကြသည်။

ပုဂံခေတ်မှစပြီး ဧရာဝတီမြစ် အရှေ့ဘက်ပိုင်းကို **မဇ္ဈိမတိုင်း** ဧရာဝတီမြစ် အနောက်ဘက်ပိုင်းကို **သုနာပရန္တတိုင်း**ဟု ခေါ်စေခဲ့သည်။ ကုန်းဘောင်ခေတ် အလယ်ပိုင်းသို့ ရောက်သောအခါ သုနာပရန္တတိုင်းကို သုံးပိုင်း သုံးတိုင်းခွဲခြား သတ်မှတ်ခဲ့သည်။ ကလေးဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသကို **မောရိယတိုင်း**၊ ယောဒေသ (ဂန့်ဂေါ၊ ထီးလင်း၊ ဆော) ကို **ယောနကတိုင်း**နှင့်ချင်းတောင်ဒေသကို **ခိရဋ္ဌတိုင်း**ဟု ခေါ်ခဲ့ကြသည်။

**ဇာလိကမင်း**

ကာလကြာမြင့်လေသော် သာသနာသက္ကရာဇ် ၇၃ ခုနှစ်တွင် မဇ္ဈိမဒေသ၊ မာဂဓတိုင်းမှ ဇာလမိကမင်းတစ်ပါးသည် ဤဒေသသို့ ရောက်ရှိလာပြန်သည်။ ရာဇဂြိုဟ်ပြည်သားတို့က နှင်ထုတ်သဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ကလေးမြို့အနီးတွင် ရာဇဂြိုဟ်ဟူသော မြို့သစ်တစ်ခုကို တည်ထောင်သည်။ ရှမ်း၊ ကဒူး၊ အိမ်ကျယ်စသော လူမျိုးစုများကို စည်းရုံး၍ နယ်သစ်တည်ထောင်မင်းပြုတော်မူသည်။ ထိုဒေသအမည် သုနာပရန္တဟူသော အမည်ကိုဖျက်၍ ယောနကနိုင်ငံတော်ဟု သမုတ်၏။ ထိုယောနကဟူသောအမည်ကို ယခုအခါ အတိုကောက် "ယော" ဟု ခေါ်ဝေါ်နေကြ၏ စသည်ဖြင့် ဆရာကြီးဦးကြာထွန်းသည် ယောဟူသော စကားလုံးကို ရှင်းပြခဲ့သည်။

တဖန် ရွှေပေါင်လောင်ဘုရားကြီးသမိုင်းစာအုပ်တွင် ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က ယောနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး တောင်ညိုအရပ်၌ အုပ်စိုးသော ကံရာဇာကြီးမင်းထံ၌ လယ်ကိုင်းဌာနရှိ ပျူနှင့်ကမ်းယံတို့က မင်းလျှာတောင်းလာသည်။ ကံရာဇာကြီးသည် သားတော်မုဒုစိတ္တကို အုပ်ချုပ်စေသည်"

ဟု ရေးသားခဲ့သည်။ သုနာပရန္တတိုင်း ဒုတိယသာသနာအပိုင်းတွင် ဆရာကြီးက အောက်ပါ အတိုင်းဆက်လက် ရေးသားခဲ့ပြန်သည်။

"ဗုဒ္ဓပေါင်မင်းမှစ၍ ရန်ဘောင်မဟာရာဇာမင်းလက်ထက် သာသနာနှစ် ၂၀၀ကျော်မှာ မာဂဓတိုင်း၊ ပါဋလိပုတ်ပြည့်ရှင် ဘုရင်ဓမ္မာသောကကို မှီ၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် တတိယသင်္ဂါယနာတင်တော်မူသည်။

ထိုပွဲတွင် မြန်မာပြည် (သရေခေတ္တရာနိုင်ငံ) မှ ရဟန္တာအရှင်သူမြတ်များ ဖြစ်ကြသော -

၁။ ယောနကဓမ္မရက္ခိတရဟန္တာ

၂။ သောနရဟန္တာ

၃။ ဥတ္တရရဟန္တာတို့သည် သင်္ဂါယနာတင်ရာဌာနသို့ ကြွတော်မူကြကုန်၏။ ထိုပွဲမှအပြန် ဓမ္မာသောကမင်းက သာသနာပြုရန် မေ့တော်မာတ်တို့ကို အပ်နှံလိုက်သည်တွင် တည်ထားသောဘုရားများသည် ထင်ရှားကြကုန်၏။

သီရိခေတ္တရာဘုရင် ရန်ဘောင်ရာဇာကိုအမှီပြု၍ ယောနကဓမ္မရက္ခိတမထေရ်သည် သုနာပရန္တနှင့်တမ္ဗဒီပနှစ်ဌာနတို့တွင် သာသနာကို ဝင်းဝင်းဖြာစေသည်။

ထိုရဟန္တာအရှင်သူမြတ်သည် သုနာပရန္တရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ လောင်းရှည်ဒေသတို့၌ သီတင်းသုံးနေထိုင်သည်သာများသဖြင့် ထိုဒေသကို ယောနကမဟာထေရ်အရှင်သူမြတ်၏အမည်ကို အစွဲပြု၍ ယောနယ်ဟု တွင်လေသည်။

ထိုရဟန္တာအရှင်သူမြတ်ပေးအပ်သော တစ်မိုက်မျှအရွယ်မဟာဇာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်နှင့် မွေတော်ခါတ်ကို ကိန်းဝပ်စေတော်မူ၍ ဒါယကာ၊ ဒါယိကာမတို့ တည်ထားသော စေတီလေးများကို ဓမ္မာသောကမုဒ္ဒေ ဘုရားများဟု ခေါ်ဆိုကြသည်။ မုဒ္ဒိ = မုဒ္ဒေ = သဒ္ဒါ - မိုက် (လက်ရှစ်သစ်) ဟောတည်း”

စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။ ဆရာကြီး၏ အဆိုအရဆိုလျှင် ယောနကဓမ္မရက္ခိတမထေရ်ကို အစွဲပြု၍ ထိုရဟန္တာအရှင်သူမြတ်၏ အမည်ရှေ့စကားလုံးသုံးလုံးကို ယူ၍ “ယောနက” ဟူသော အမည်သည် ဖြစ်ပေါ်လာသည်။ ဆရာကြီးသည် မန္တလေးတက္ကသိုလ်မှ အငြိမ်းစားမြန်မာစာကထိက သုတေသီပညာရှင်ကြီးတစ်ဦးဖြစ်ပြီး စာရေးသူတို့၏ ဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ဆရာကြီး၏ အယူအဆအရဆိုလျှင် “ယောနက” ဟူသော အမည်သည် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်ခန့်တွင် စတင်ပေါ်ပေါက်လာခဲ့သည်။ ယခု သာသနာနှစ် ၂၅၄၈ ခုနှစ်မှာဆိုလျှင် နှစ်ပေါင်း ၂၃၁၂ နှစ်ကြာခဲ့ပြီ ဖြစ်သည်။ ဆရာကြီးဦးကြာထွန်း၏အဆိုအရ သာသနာသက္ကရာဇ် ၇၃ ခုနှစ်တွင် မာလိကမင်းက သတ်မှတ်ခဲ့သော “ယောနက” ဟူသော အမည်ဖြစ်သည်ဆို၏။ ဆရာကြီးဦးကြာထွန်းအဲဆိုက နှစ်ပေါင်း ၁၆၃ နှစ်စောပါသည်။ “ယောနက” ဟူသောအမည်သည် ထိုရဟန္တာကြီး မပေါ်မီကပင် ရှိခဲ့လေသလောဟု စဉ်းစားရသည်။

ယောနကဓမ္မရက္ခိတမထေရ်ဆိုသည်မှာ ယောနကဒေသမှ ကြွလာသော (သို့မဟုတ်) သီတင်းသုံးသော အရှင်ဓမ္မရက္ခိတကို ဆိုလိုဟန်တူသည်။ ဆရာကြီးဦးကြာထွန်းသည် ယောဇာတိဖွားပညာရှိကြီးတစ်ဦးဖြစ်ပြီး သူ၏ “ယော” စာအုပ်သည် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရသော စာအုပ် ဖြစ်သည်။ ထို့ကြောင့် အယူအဆနှစ်မျိုးစလုံးသည် မှန်ကန်သော်လည်း သာသနာသက္ကရာဇ် ၇၃ ခုနှစ်တွင် ဇာလိကမင်း စတင်မှည့်ခေါ်ခဲ့သော “ယောနက” အမည်ဟု ယူဆသင့်ပေမည်။ အိန္ဒိယနိုင်ငံ မာဂဓတိုင်းတွင် ယောနကဒေသဟု ရှိခဲ့ကြောင်း စာပေများတွင် ဖတ်ရသည်။ ထို့ကြောင့် ဇာလိကမင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သူအပိုင်စားခဲ့ရသော အိန္ဒိယနိုင်ငံ ယောနကဒေသ၏ အမည်ပေလော။ သို့မဟုတ် ထိုအမည်ကို ကြိုက်နှစ်သက်၍ အမည်ပေးခဲ့ခြင်းလောဆိုသည်ကို ဆက်လက်လေ့လာကြရဦးမည် ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ဤဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်မှစပြီး လူတို့နေထိုင်ခဲ့ကြပြီ ဖြစ်ကြောင်းနှင့် "ယောနက"ဟူသောဒေသ၏ အမည်မှာ နှစ်ပေါင်း ၂၄၇၅ နှစ်ကြာခဲ့ပြီဖြစ်ကြောင်း မှတ်ယူသင့်ကြပါသည်။

ယောနကတိုင်းနှင့် ပတ်သက်သော စာပေအထောက်အထားကို မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲတွင်လည်း ဤသို့ တွေ့မြင်ဖတ်ရှုရပါသည်။

"ဓမ္မာသောကမင်းကြီးသည် အဘိသိက်ခံတော်မူ၍ (၄)နှစ်မြောက်သောအခါ ညီတော်တိဿမည်သော အိမ်ရှေ့မင်းသည် တောကစားထွက်ခဲ့သည်။ မြက်ကိုစားနေသော သမင်တို့သည် မြူးတူးပျော်ပါးနေသည်ကို မြင်သည်။ နန်းတော်သို့ ပြန်ရောက်သောအခါ နောင်တော် ဓမ္မာသောကမင်းကြီးကို ဤသို့ မေးလျှောက်၏။ နောင်တော်မင်းကြီး တောအရပ်တွင် သမင်တို့သည် မြက်ကိုသာ စားသောက်နေရသော်လည်း မြူးတူးပျော်ပါးနေနိုင်ကြ၏။ နောင်တော်ကိုးကွယ်သော ရဟန်းတော်များသည် အစားအစာကောင်းများကို စားနေရသော်လည်း အဘယ်ကြောင့် မြူးတူး ပျော်ပါးမနေနိုင်ကြပါသနည်းဟု တိဿမင်းသားက မေးလျှောက်၏။

မင်းကြီးသည် ညီတော်သည် မမေးလျှောက်သင့်သည်ကို မေးလျှောက်နေလေပြီ။ သဘောပေါက်အောင် သက်သေပြအံ့ဟု စိတ်ကူး၏။

"ညီတော်တိဿ သင့်အား ထီးနန်းစည်းစိမ်ကို ငါသည် (၇)ရက် လွှဲအပ်ထားမည်။ သင်စိတ်တိုင်းကျ နေထိုင်ပြီး မင်းစည်းစိမ်ကို ခံစားလော့။ နောင်ခုနစ်ရက်ကြာသော် သင့်ကို ငါသတ်မည်"ဟု မိန့်တော်မူ၏။ အိမ်ရှေ့ မင်းသား တိဿသည် ထီးနန်းစည်းစိမ်ကို ခံစားရပါ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သေရမည့်အရေးကို တွေး၍ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် တမှိုင်တတွေတွေ ဖြစ်နေလေ၏။

"အမောင် ညီတော်မင်းသား အသင်သည် မင်းစည်းစိမ်ကို ခုနစ်ရက် ခံစားရန် လွှဲအပ်ထားပါလျက် အဘယ်ကြောင့် မပျော်ပိုက်ဘဲ တမှိုင်မှိုင် ဖြင့် ပင်ပန်းကြီးစွာ နေရပါသနည်း" ဟု ဓမ္မာသောကမင်းကြီးက မိန့်တော်မူ၏။

"နောင်တော်မင်းကြီးက ကျွန်ုပ်အား နောင်ခုနစ်ရက်ကြာလေသော် သတ်မည်သိရသဖြင့် စိတ်မချမ်းမသာ ဖြစ်နေရပါသည်" ဟု ဖြေ၏။

"ညီတော်တိဿမင်းသား အသင့်မှာ ခုနစ်ရက်ကြာသော် အသတ်ခံရမည်ဟုသာ သိ၏။ ရဟန်းတော်များမှာ သေခြင်းတရား၏ သဘော ကို နေ့, ညဉ့်မပြတ် ပွားများနှလုံးသွင်းနေရ၏။ အဘယ်မှာ ပျော်ပါ သည်ဟု ရှိအံ့နည်း" ဟု မိန့်တော်မူ၏။ တိဿမင်းသားသည် ရဟန်း တော်များ၏ သဘော ကို ကိုယ်တွေ့ခံစားခဲ့ရ၏။ နောက်မကြာမီပင် တောကစားထွက်ခဲ့ပြန်၏။

တတိယသင်္ဂါယနာတင်ပွဲသို့ ကြွလာသော ယောနကတိုင်းမှ မဟာဓမ္မ ရက္ခိတမထေရ်သည် ချာန်အဘိဉာဏ်ဝင်စားပြီး ကောင်းကင်တွင် သက်နိုးတော်ကို နေလှန်းနေ၏။ တိဿမင်းသားသည် မဟာဓမ္မ ရက္ခိတမထေရ် အရှင်သူမြတ်၏ တန်ခိုးအာနုဘော်ကို မြင်ရ၍ အလွန် ကြည်ညိုမှု ဖြစ်ခဲ့ရ၏။ နန်းတော်သို့ရောက်သောအခါ တိဿမင်းသား သည် ရဟန်းပြုလိုကြောင်း နောင်တော်ဓမ္မာသောကမင်းကြီးထံ ခွင့်ပန်သည်။"

စသည်ဖြင့် မှန် နန်းရာဇဝင်ကြီးတွင် ရေးသားဖော်ပြထားသည်။

ယောနကတိုင်းမှ ကြွလာ၍ အရှင်မဟာဓမ္မရက္ခိတသည် ပါဋလိပုတ် ပြည် တတိယသင်္ဂါယနာတင်ပွဲသို့ တက်ရောက်ကြောင်း ဖော်ပြခဲ့သည်။ ဆရာကြီး ဦးမောင်မောင်တင်၏ အဆိုအမိန့်နှင့် တူညီသည်။ မည်သို့ပင်


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ ယောဒေသတွင် လူသားတို့ အခြေချနေထိုင်ခဲ့ကြသည်မှာ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း ထောင်၊ သောင်း၊ သန်းမက ကြာခဲ့မည်မှာ သေချာပါ၏။ 'ယောနက'ဟု ထင်ရှားခေါ်ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်း (၂၅၀၀)ခန့် တွင် ဖြစ်ပေမည်။

× × × × ×



10

## ယောဒေသ၏ ပထဝီနှင့် တည်နေရာ

ယောဒေသဟူသည်မှာ ပုံတောင်တောင်ကြီးနှင့် ချင်းတောင်တန်းကြီး အကြားရှိ တောင်ကြားချိုင့်ဝှမ်းဒေသကို ခေါ်ကြခြင်း ဖြစ်ပါသည်။ တောင်နှင့်မြောက် မိုင်တစ်ရာကျော် ရှည်လျားပြီး အရှေ့နှင့်အနောက် မိုင် (၃၀)ခန့် ရှည်လျားပါသည်။ တောတောင်များ ထူထပ်ပြီး မြစ်ချောင်းများဖြင့် ပြည့်နှက်နေသည်။ သွားလာရေးများ အလွန်ခက်ခဲခဲ့ပြီး ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးမှု အလွန်နောက်ကျခဲ့သည်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့ထားသဖြင့် ခေတ်အဆက်ဆက်တွင် မြန်မာပြည်မကြီးနှင့် အဆက်အသွယ် အလွန်ပြတ်တောက်ခဲ့သည်။ ပခုက္ကူဒေသမှ သာမန်လူများ၏အခေါ်အရ တက်မတောင်တန်းကြီးနှင့် ပုံတောင်တောင်တန်းကြီးအကြားရှိ ကျေးရွာများကိုပင် "ယော"ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ကြောင့် ယောဒေသကို ယောကြီးနှင့်ယောလေးဟူ၍ လည်းကောင်း၊ အတွင်းယောနှင့် အပြင်ယောဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။ ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်တို့၏ အနောက်ပိုင်းဒေသကို အပြင်ယော သို့မဟုတ် ယောလေးဟု ခေါ်ခဲ့ကြပါသည်။

စာရေးသူသည် အပြင်ယော သို့မဟုတ် ယောလေးဒေသတို့အကြောင်းကို ဤစာအုပ်တွင် မရေးသားလိုသေးပါ။ အတွင်းယောခေါ် ယောကြီးဒေသအကြောင်းကိုသာ ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။ ယောဒေသတွင် ပုံတောင်တောင်တန်းကြီးနှင့် ပုံညာ တောင်တန်းကြီးတို့သည် မြောက်မှတောင်သို့ အပြိုင်တည်ရှိနေပါသည်။ ယခုအခေါ် အားဖြင့် ယောခရိုင် ရုံးစိုက်ရာမှာ ဂန့်ဂေါမြို့ဖြစ်သည်။ ဂန့်ဂေါခရိုင်တွင် ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်ဆိုပြီး သုံးမြို့နယ် ပါဝင်ပါသည်။ အားလုံးသော မြို့နယ်များသည် ၁၉၉၄ ခုနှစ်မတိုင်မီကဆိုလျှင် ပခုက္ကူခရိုင်မှာ ပါဝင်ကြသည်။ ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့များသည် ပုံညာ တောင်တန်းကြီးနှင့် ချင်းတောင်ကြီး၏ အကြားရှိ မြေပြန့်ချိုင့်ဝှမ်းတွင် တည်ရှိသည်။ ဆောမြို့၏ လက်အောက်ခံဖြစ်သော တ ပျင်းကျေးရွာ၊ ထီးလင်းမြို့နယ်မှ ကျင်းရွာ၊ ဂန့်ဂေါမြို့နယ်မှ ကျောရွာများသည် ပုံတောင်တောင်ကြီးနှင့် ပုံညာတောင်ကြီးတို့၏ အကြားတွင် တည်ရှိပါသည်။ ထီးလင်းမြို့ကို ဗဟိုပြု၍ တောင်ဘက်ပိုင်း ဆောမြို့နယ်ဒေသကို တောင်ယောဟု ခေါ်သည်။ ထီးလင်း၏ မြောက်ဘက်ရှိ ဂန့်ဂေါမြို့နယ်ဒေသကို မြောက်ယောဟု ခေါ်ကြသည်။ ချင်းပြည်နယ်ကိုလည်း ဟားခါး၊ ဖလမ်းဒေသကို မြောက်ပိုင်း ချင်းတောင်ခေါ်ပြီး မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များကို တောင်ပိုင်းချင်းတောင်ဟု ခေါ်ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းချင်းတောင်သို့ သွားလိုလျှင် တောင်ယောဒေသဖြစ်သော ဆော မြို့နယ်မှ တစ်ဆင့် သွားလာကြရသည်။ မြောက်ပိုင်းချင်းပြည်နယ်သို့ သွားလို လျှင် မြောက်ယောဒေသဖြစ်သော ဂန့်ဂေါမြို့နယ်ကို ဖြတ်သန်းသွားလာ ကြရသည်။

ယောဒေသ၏ ထင်ရှားသော တောင်ကြီးများမှာ ပုံတောင်တောင်နှင့် ပုံညာတောင်တန်းရှည်ကြီးများ ဖြစ်သည်။ ပုံတောင်တောင်သည် ပျမ်းမျှအမြင့် ပေ(၃၀၀၀)ကျော်ရှိပြီး ပုံညာတောင်သည် ပျမ်းမျှအမြင့်ပေ (၃၀၀၀)ခန့် မြင့် သည်။ ယောဒေသ၏ ထင်ရှားသော မြစ်ချောင်းများမှာ မြစ်သာမြစ်၊ မော ချောင်း၊ ယောချောင်း၊ ကျောချောင်း၊ ဆောချောင်းနှင့် စလင်းချောင်းတို့ ဖြစ်ကြသည်။ မြစ်သာမြစ်သည် တောင်မှမြောက်သို့ စီးဆင်းသော ထူးခြား သည့် မြစ်ဖြစ်သည်။ မောချောင်းသည် ချင်းတောင်တန်းကြီးမှ ဖြစ်ဖျားခံလာ ပြီး မင်းရွာအနီးတွင် မြစ်သာမြစ်နှင့် ပေါင်းဆုံပြီး ကလေးဝမြို့အနီးတွင် ချင်းတွင်းမြစ်တွင်းသို့ စီးဝင်သွားသည်။ ထို့ကြောင့် ပုံတောင်တောင်နှင့် ပုံညာ တောင်ဒေသတို့မှ ထုတ်ယူသော ကျွန်းသစ်များကို မြစ်သာမြစ်အတွင်း မျော ချပြီး ကလေးဝမြို့အနီးမှာ ဆယ်ယူခဲ့ရသည်ဟု စာပေများကို ဖတ်ခဲ့ရသည်။ ဂန့်ဂေါမြို့သူ၊ မြို့သားများသည် ကလေးမြို့ကို အောက်အရပ်ဟု ခေါ်ဝေါ် သုံးစွဲကြသည်။ မြန်မာပြည်မြေပုံတွင် ကလေးမြို့သည် ဂန့်ဂေါမြို့၏ မြောက် ဘက် အထက်ပိုင်းတွင် တည်ရှိသည်။ ဆောမြို့နယ်အတွင်းမှ ဆောချောင်း သည် ယောချောင်းနှင့်ပေါင်းပြီး ပေါက်မြို့အနီးတွင် ကျောချောင်းနှင့် ပူး ပေါင်း၍ ဆိပ်ဖြူမြို့အနီးမှာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွားသည်။ လောင်းရှည်မြို့သည် စလင်းချောင်းပေါ်တွင် တည်ရှိပြီး စလင်းချောင်းသည် ဧရာဝတီမြစ်တွင်းသို့ စီးဆင်းသည်။ ယောဒေသ၏ ပထဝီနှင့်မြစ်များ အကြောင်း၊ မြေမျက်နှာအနိမ့်အမြင့်တို့ကို Burma Gazetter, Pakokku District Vol A & B, No 23 စာအုပ်တွင် အသေးစိတ် ရေးသားမှတ်တမ်း တင်ထားသည်။ ထိုစာအုပ်ကို ၁၉၁၀ ခုနှစ် ပတ်ဝန်းကျင်က Major F.E

www.burmeseclassic.com

www.burmeseclassic.com



Owens I.A ဒုတိယတိုင်းမင်းကြီးက ရေးသားခဲ့သော စာအုပ်ဖြစ်သည်။ စာရေးသူသည် ထိုစာအုပ်ကို (၁၀)နှစ်ကျော် ရှာဖွေခဲ့ရသည်။ နောက်ဆုံးမှာမှ သုတေသီပညာရှင် ဦးနန်းလှိုင် (ပုရိသ)သည် ရန်ကုန်တက္ကသိုလ်များ စာကြည့်တိုက်နှင့် ယဉ်ကျေးမှု ဌာနတို့မှ တစ်ဆင့်မိတ္တူကူးယူခဲ့ရသည်။ ထိုစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။ ထိုစာအုပ်၌ ဖော်ပြထားသော ယောဒေသ၏ပထဝီကို မူရင်းအတိုင်း ဘာသာပြန် ဖော်ပြလိုက်ရပါ၏။

### တည်နေရာ

| စဉ် | မြို့နယ် | မြောက်လတ္တီတွဒ် ဒီဂရီ | မီဒီယမ်လိုင်းအရှေ့ လောင်ဂျီတွဒ် |
|---|---|---|---|
| ၁။ | ဆောမြို့နယ် | ၂၀-၄၈မှ ၂၁-၃၇ | ၉၄ မှ ၉၄-၁၈ |
| ၂။ | ထီးလင်း | ၂၁-၂၇ မှ ၂၁-၅၄ | ၉၃-၅၉ မှ ၉၄-၁၉ |
| ၃။ | ဝန့်ဝေါ | ၂၁-၄၉ မှ ၂၂-၅၀ | ၉၃-၅၉ မှ ၉၄-၂၇ |
| | ပျမ်းမျှ | ၂၀'-၄၈' မှ ၂၂'-၅၀' | ၉၃'-၉၅' မှ ၉၄'-၂၇' |

## မြစ်များစီးဆင်းပုံနှင့် မြေမျက်နှာအနိမ့်အမြင့်

ပုံတောင်နှင့် ပုံညာတောင်တန်းကြီးများမှ စီးဆင်းလာသော မိုးရေတို့သည် ကျောချောင်းနှင့် ယောချောင်းများအတွင်းသို့ စီးဝင်သွားသည်။ ဆောမြို့နယ်တောင်ပိုင်းမှ ရေသည် စလင်းချောင်းအတွင်းသို့ စီးဝင်သည်။ ဆောမြို့ အဝင်လမ်းပေါ်တွင် ပင်လယ်ရေမျက်နှာအထက် အမြင့် (၇၅၉)ပေ ရှိသည်။ ဆိပ်ဖြူမြို့အနီး ယောချောင်းအဝင်ဝတွင် မြေမျက်နှာပြင်အမြင့်သည် (၁၉၅) ပေရှိသည်။ ဆောမြို့နယ်မှ ရေသည်အများအားဖြင့် ယောချောင်းအတွင်းသို့ စီးဆင်းသည်။ ဆောမြို့နယ်တောင်ပိုင်းဖြစ်သော လောင်းရှည်ဒေသမှ ရေသည် စလင်းချောင်းအတွင်းသို့ စီးဆင်းသည်။ လောင်းရှည်မြို့သည် စလင်း

www.burmeseclassic.com

www.burmeseclassic.com



ချောင်းပေါ်တွင် မြေမျက်နှာပြင်အမြင့် ၁၇၂၅ ပေ ရှိသည်။ ဆောအနီး ဆောချောင်းပေါ်တွင် အမြင့် ၁၂၁၉ ပေ ရှိသည်။ ယောချောင်းနှင့် ဆော ချောင်းအဆုံနေရာတွင် အမြင့် ၈၁၀ ပေ ရှိသည်။ ပေါက်မြို့အနီး ကျော ချောင်းနှင့် ယောချောင်းအဆုံနေရာတွင် အမြင့်ပေ ၅၄၂ ပေရှိသည်။ ထီးလင်းမြို့နယ်အတွင်း ရေသည် အဓိကအားဖြင့် မောချောင်းအတွင်းသို့ စီးဝင်သည်။ ဂန့်ဂေါမြို့နယ်တွင် ရေသည် မြစ်သာမြစ်အတွင်းသို့ စီးဝင် သည်။ ထီးလင်းမြို့သည် မောချောင်းကမ်းပါးပေါ်တွင် အမြင့် ၁၀၂၂ ပေ၌ တည်ရှိသည်။ မောချောင်းနှင့်မြစ်သာမြစ်အဆုံနေရာတွင် အမြင့်ပေမှာ ၈၀၈ ပေ ဖြစ်သည်။ ဂန့်ဂေါရုံးအတွင်း၌ အမြင့်ပေသည် ၇၀၃ ပေဖြစ်သည်။ ဂန့်ဂေါမြို့၏ ချောင်းကမ်းပါးသည် အမြင့်ပေ ၅၀ ရှိသည် စသည်ဖြင့် ပခုက္ကူ ဂေဇက်တီးယားစာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

ပုံတောင်တောင်ကြီး၏ အနောက်ဘက်ပိုင်းတွင် မိုးရွာသွန်းမှု ပိုမိုများ ပြားပြီး အအေးဓာတ်ပိုသည်။ မိုးရာသီနှင့် ဆောင်းရာသီ များတွင် နံနက် ၉း၃၀နာရီမှ ၁၀း၀၀ နာရီအထိ နေကို မမြင်ရသေးပါ။ ဆီးနှင်းများ ထူထပ်စွာ ကျနေတတ်သည်။ ၁၉၀၀-၁၉၀၉ ခုနှစ်အတွင်း တိုင်းတာချက်များအရ ဂန့်ဂေါမြို့နယ်၏ ပျှမ်းမျှမိုးရေချိန်မှာ ၄၈. ၈၉ လက်မရှိသည်။ ၁၉၀၅ ခုနှစ် တွင် ၆၀. ၉၃ လက်မအထိ မိုးများခဲ့ပြီး၊ ၁၉၀၃ ခုနှစ်တွင် ၄၁. ၂၀ လက်မ အထိ မိုးနည်းပါးခဲ့သည်။ ပဆုပ်မြို့နယ်နှင့် ဆောမြို့နယ်တွင် ပျှမ်းမျှမိုးရေချိန် လက်မ ၅၁. ၆၇ ရှိသည်။ ၁၉၀၉ ခုနှစ်တွင် ၈၁. ၉၁ လက်မအထိ မိုးရွာခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် ၃၆. ၉၅ လက်မအထိ မိုးနည်းပါးခဲ့သည်။ တောင်များပေါ်မှ သဘာဝမြေဆီများကို မိုးရေဖြင့် တိုက်စားမျောပါလာသဖြင့် ယောဒေသ တွင် မြေဩဇာကောင်းသည်။ တောင်ယာစပါးဖြင့် ပဲမျိုးစုံဖြစ်ထွန်းအောင်မြင် သည်။ ပုံတောင်တောင်သည် တောင်ဘက်အဖျားပိုင်းတွင် ပေ ၂၀၀၀ မြင့် သည်။ မြောက်ပိုင်းတွင် အမြင့်ဆုံးထိပ်၌ ၄၃၆၄ ပေရှိသည်။ ပျှမ်းမျှ ၃၅၀၀ ပေမြင့်သည်။ ပုံညာတောင်၏ ပျှမ်းမျှအမြင့်မှာ ၃၀၀၀ ပေရှိသည်။ ဂန့်ဂေါ

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် ကျိုင်းတောင်သည် အမြင့်ဆုံးဖြစ်ပြီး ၄၄၅၅ ပေအထိ မြင့်သည်။ ဆောမြို့နယ် နွားမတောင်ထိပ်တွင် အမြင့်ဆုံးအပိုင်း၌ ၃၂၂၃ ပေရှိသည်။ စသည်ဖြင့် တိတိကျကျ လေ့လာမှတ်တမ်းတင်ထားနိုင်ခဲ့ပေသည်။ ပညာရှင်များကို ကျေးဇူးအထူးတင်သင့်ကြပါ၏။ ထိုစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ၁၉၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

× × × × ×

## ယောဒေသမှ လူမျိုးများနှင့် ကိုးကွယ်မှု ဘာသာစကား

ယောဒေသရှိ လူမျိုးများမှာ ဗမာလူမျိုး၊ တောင်သားတိုင်းရင်းသား၊ ရှမ်းအနွယ် ဝင်လူမျိုးများဖြစ်သည်ဟု စာပေများတွင် ရေးသားထားသည်။ လူမျိုးများ ကွဲပြားကြသော်လည်း ကိုးကွယ်သောအယူဝါဒမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ၁၉၀၉ ခုနှစ် စာရင်းဇယားများအရ ၉၉ ရာခိုင်နှုန်းကျော် အားလုံး နီးပါးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ အင်္ဂလိပ်အစိုးရ တက်စ ၁၉၀၁ -ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းဇယားများကို ပခုက္ကူဂေဇက်တီးယားစာအုပ်တွင် အောက်ပါအတိုင်း တွေ့ရသည်။

| စဉ် | မြို့နယ် | အိမ်ခြေ | လူဦးရေ | ဗုဒ္ဓဘာသာ | ခရစ်ယာန်ကိုးကွယ်မှု | ဟိန္ဒူ | မဟာမေဒင် | တရုတ်ယန် | အခြား |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ဂန့်ဂေါမြို့နယ် | ၇၁၂၃ | ၃၈၃၀၆ | ၃၅၁၄၉ | ၂၉၉၂ | ၇၆ | ၂၁ | ၅၁ | ၇ |
| ၂။ | ထီးလင်းမြို့နယ် | ၂၈၅၉ | ၁၅၅၅၁ | ၁၅၄၄၉ | ၉၂ | ၉ | ၄ | ၁ | - |
| ၃။ | ဆောမြို့နယ် | ၅၁၃၁ | ၂၅၅၉၀ | ၂၅၅၃၂ | ၃၃ | ၇ | ၂ | ၃ | ၁၃ |
| | စုစုပေါင်း | ၁၅၁၁၃ | ၇၉၄၅၁ | ၇၆၁၃၀ | ၃၀၀၇ | ၉၂ | ၂၇ | ၅၅ | ၂၀ |

အထက်ပါစာရင်းဇယားအရ ယောဒေသတွင် ၁၉၀၁ ခုနှစ် ကောက်ယူခဲ့သော ဖွား/သေစာရင်းအရ အိမ်ခြေ ၁၅၁၁၃ ဦးရှိပြီး လူဦးရေ ၇၉၄၅၁

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့သည်။ ၉၆ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ၄ ရာခိုင်နှုန်းနီးပါးမှာ နတ်ကိုးကွယ်သူများဖြစ်ကြသည်။

လူမျိုး ၃-မျိုးအနက် ဗမာလူမျိုးသည် တောင်ပိုင်း စလင်း စေတုတ္တရာ ဒေသနှင့် ဆိတ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်များမှ ဗမာများနှင့်အနေအထိုင်၊ ကိုးကွယ်မှု ဓလေ့ထုံးစံများနှင့် အသားအရောင်၊ အရပ်၊ ကိုယ်အလေးချိန်တို့ သိပ်ပြီး မကွာခြားလှပေ။ ဗမာလူမျိုးများသည် အသားညို၊ မျက်လုံးမျက်ခုံး ကောင်း၊ ဆံပင်အနက်ရောင်၊ မျက်လုံးအနက်ရောင်၊ နှာခေါင်းသင့်တင့်ရုံဖြင့် အရပ်မှာ ၅ ပေခွဲမျှ ရှိပြီး ကိုယ်အလေးချိန်မှာ ပေါင် ၁၂၀ ကျော်ကျော်မျှသာ ရှိကြသည်။ ဗမာလူမျိုးများ၏ မူရင်းဇာတိကို တရုတ်ပြည်အတွင်းမှ လာသည်ဟု ရှေးက အယူအဆအမျိုးမျိုး ရှိခဲ့ကြသည်။ ယခု ၂၁ ရာစုနှစ်ပိုင်းသို့ ရောက်သောအခါ ပုံတောင်ဒေသမှ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများအရ ဗမာလူမျိုးများသည် မည်သည့်လူမျိုးကမျှ ဆင်းသက်လာခြင်းမဟုတ်။ မည်သည့်ဒေသကမှ ရောက်လာကြခြင်းမဟုတ်။ ပုံတောင်ဒေသမှ လူစတင်ဖြစ်ခဲ့ကြကြောင်းကို အခိုင်အမာတွေ့ရှိလာကြသည်။ ထို့ကြောင့် "ပုံတောင် ပုံညာ၊ မှိုင်းပြာပြာနှင့်၊ လူသားအစ၊ ရပ်ဒေသ" ဆိုပြီးရေးသားလာကြသည်။ ဤသည်ကို ဂန့်ဂေါမြို့နယ်ဖွား ဒေါက်တာတင်သိန်း (ပါမောက္ခ၊ ဘူမိဗေဒဌာန)က "သူ၏လူသားအစ မြန်မာက" စာအုပ်၏ နိဂုံးပိုင်းတွင် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

"ယနေ့ခေတ်ကမ္ဘာကြီးသည် အရှိန်အဟုန်မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်။ လူသားတို့သည် မည်သည့်မျိုးနွယ်မှ ဆင်းသက်လာကြသည်၊ မည်သည့်အချိန်က လူသားအဖြစ်ကို ရောက်ရှိလာခဲ့သည်ဟူသော အချက်ကို သိလိုလာကြသည်။ သို့အတွက် ပရိုင်းမိတ်ပညာရှင်များသည် ကျောက်ဖြစ်ရုပ်ကြွင်းများကို တူးဖော်ရှာဖွေလေ့လာခဲ့ကြသည်။ သုတေသနပြုခဲ့ကြသည်။ တွေ့ရှိချက်များကို စာတမ်းများရေးသားပြုစုကြပြီး ကမ္ဘာကသိအောင် ပညာရှင်အချင်းချင်း ထုတ်ဖော်တင်ပြခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသားမျိုးနွယ်များသည် အာဖရိကတိုက်မှ စတင်ခဲ့သလော၊ အာရှတိုက်မှ စတင်ခဲ့သလောဆိုသည်ကို နှစ်ပေါင်းများစွာ အငြင်းပွားခဲ့ကြသည်။ သို့သော် ၂၀ ရာစုနှစ်ကုန်လုနီးအချိန်တွင် အာရှတိုက်မှ တွေ့ခဲ့ရသော လူတူပရိုင်းမိတ်များက အာဖရိကတိုက်မှ တွေ့ခဲ့ရသော လူတူပရိုင်းမိတ် ရုပ်ကြွင်းများထက် နှစ်ပေါင်း ၃ သန်းမှ ၇ သန်းအထိ စောနေကြောင်း အတည်ပြုပေးနိုင်ခဲ့ကြသည်။ ထို့ကြောင့် လူသားမျိုးနွယ်တို့၏အစသည် အာဖရိကမှာ မဟုတ်ဘဲ အာရှတိုက်မှ ဖြစ်သည်ဟု သဘောတူလက်ခံခဲ့ကြသည်။ အာရှတိုက်တွင်လည်း အီအိုဆင်းသက်တမ်းအချိန်က လူသားမျိုးနွယ်၏ မူလအစဖြစ်သော လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့သော နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သာ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၌ တွေ့ရသော ရုပ်ကြွင်းများသည် ထိုင်းနိုင်ငံမှာ တွေ့ခဲ့ရသော ရုပ်ကြွင်းများထက် နှစ်ပေါင်း ၃ သန်းစောသည်။ မြန်မာနိုင်ငံမှ တွေ့ရသော ရုပ်ကြွင်းသည် တရုတ်နိုင်ငံ၌ တွေ့ရသော ရုပ်ကြွင်းနှင့် သက်တမ်းခြင်းမကွာခြားလှသော်လည်း မြန်မာနိုင်ငံ ပုံတောင်ဒေသမှ တွေ့ရသော ရုပ်ကြွင်းများက ပိုမိုအဆင့်မြင့်သည်။ ဥပမာ - တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှာ တွေ့ရသော အီအိုစီမီးယားစ်မှာ မြေကြွက် သို့မဟုတ် ရှဉ့်တစ်ကောင်၏ အရွယ်ပမာဏမျှသာရှိသည်။ ပုံတောင်ဒေသမှ တွေ့ရသောပရိုင်းမိတ်ရုပ်ကြွင်းများ၏ သွားများ၊ မေးရိုးများသည် မျောက်အရွယ်၊ မျောက်လွှဲကျော် အရွယ်ခန့်ရှိသည်။ ထို့ကြောင့် ပုံတောင်ပရိုင်းမိတ်များသည် လူတူပရိုင်းမိတ်များဖြစ်ကြောင်း ကမ္ဘာက လက်ခံအတည်ပြုခဲ့ကြသည်။ အမေရိကန်၊ ပြင်သစ်၊ ဂျပန်မှ ကျော်ဖြစ်ရုပ်ကြွင်းပညာရှင်များက သဘောတူလက်ခံ အတည်ပြုခဲ့ကြသည်"

စသည်ဖြင့် ပါမောက္ခဒေါက်တာတင်သိန်းက **"သူ၏လူသားအစ မြန်မာက"** စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။ ထိုစာအုပ်သည် အမျိုးသား

www.burmeseclassic.com



စာပေဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ ပုံတောင်ဒေသမှ တွေ့ရှိခဲ့သဖြင့် ပုံတောင်ပရိုင်းမိတ်များဟု ခေါ်ဝေါ်ခဲ့ကြသည်။ ပုံတောင်ပုံညာတောင်တန်းကြီးများသည် ယောဒေသတွင် ပါဝင်သည်။ ထို့ကြောင့် ယောဒေသသည် လူသားအစ ရပ်ဒေသဟု ခေါ်ဆိုနိုင်သည်။ ရှေ့ဆက်ပြီး သုတေသနပြုလေ့လာစရာတွေ များစွာရှိဦးမည်ဖြစ်ပါ၏။ သွား ၃၆ ချောင်းပါသော ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးများကို ယောဒေသတွင် ဆက်လက်ရှာဖွေဖော်ထုတ်သင့်ကြပါ၏။ လူသားများ၏ သွားအရေအတွက်မှာ ၃၂ ချောင်းသာရှိသဖြင့် အထက် ၂ချောင်း၊ အောက် ၂ ချောင်း ပိုမိုနေသည်ဟု သိရသည်။

ယောဒေသရှိ ရှမ်းအမျိုးအနွယ်ဝင်များကို ထီးလင်းမြို့၏ မြောက်ပိုင်းဒေသများတွင် ပိုမိုတွေ့မြင်ရသည်။ ဆောမြို့နယ်အတွင်းတွင် ဗမာများပိုမိုများပြားသည်။ ထီးလင်းမြို့နယ်တွင် တွေ့ရသော ရှမ်းအမျိုးအနွယ်ဝင်များမှာ အာသံရှမ်းနှင့်နီးနွယ်နေမည်ဟု ယုံကြည်ပါသည်ဟု ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတိုးလှက (တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန) သူ၏ "ချင်းတွင်း၊ မြစ်သာ၊ မူး၊ ဧရာ"စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။စာရေးသူ၏ ကိုယ်တွေ့အရ ပြောရလျှင် ဟုမ္မလင်း၊ ခန္တီးရှမ်းများနှင့် မျိုးနွယ်တူမည်ဟုယူဆပါသည်။ စာရေးသူသည် ဖားကန့်၊ ဟောင်ပါး၊ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်၊ နမ်းမားဒေသတို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ဖားကန့်၊ တာမခံ၊ ဟောင်ပါးတို့မှ ဥရုချောင်းအတိုင်း စုံဆင်းသွားလျှင် ဟုမ္မလင်းမြို့သို့ ရောက်ပါသည်။ ဟုမ္မလင်းမြို့မှတစ်ဆင့် ချင်းတွင်းမြစ်အတိုင်း အနည်းငယ် စုံဆင်းလိုက်လျှင် ကလေးဝမြို့သို့ ရောက်သည်။ ကလေးမြို့၊ ကလေးဝမြို့တို့သည် ယောဒေသအစပ်ပင် ဖြစ်သည်။ ယောဒေသဟု ခေါ်ခဲ့ကြသည်။ ကချင်ပြည်နယ်အောက်ပိုင်းမှ ရှမ်းများသည် ထီးလင်း၊ ဂန့်ဂေါဒေသမှ ယောသားကြီးများနှင့် ခွဲမရအောင် အရုပ်အမောင်း၊ အသားအရေ တူကြပါသည်။ သူတို့ကိုယ်သူတို့ ရှမ်းလေးဟု ခေါ်ကြသည်။ ရှမ်းပြည်နယ်မှ ရှမ်းများကို ရှမ်းကြီးဟုခေါ်ကြသည်။ ထိုင်းနိုင်ငံမှ ရှမ်းများကို ထိုင်းလင်းရှမ်း (သို့မဟုတ်) ယိုးဒယား

www.burmeseclassic.com

www.burmeseclassic.com



ရှမ်း (သို့မဟုတ်) ဇင်းမယ်ရှမ်းဟု ခေါ်ကြသည်။ မိုးကောင်းရှမ်း၊ ဖားကန့်ရှမ်း၊ ဟုမ္မလင်းရှမ်း၊ ခန္တီးရှမ်းများသည် စကားဆင်တူသည်။ ပြောလို့ဆိုလို့ ရကြသည်။ ယောဒေသမှ ရှမ်းများ၏ စကားနှင့်တော့ လုံးဝမတူပေ။ ယော ဒေသမှ ရှမ်းများသည် ဗမာများနှင့် အတူနေတာကြာနေသဖြင့် ဗမာစကား ကိုသာ ပြောနေကြသည်။ သို့သော် ဗမာစကားစစ်စစ်တော့လည်း မဟုတ်ကြ ပေ။ ဥပမာ - ယောသားများသည် ဗမာစကားတွင် '-င်' ကို၊ '-မ်' အသံထွက်ပြီး ပြောကြသည်။

ဥပမာ - ဆင် - ဆပ်
ကျော်ဝင်း - ကျော်ဝမ်း
'ည်' ကိုလည်း 'ယ်' သံဖြင့် ပြောသည်။
ဥပမာ - စည်ကား = စယ်ကား
ထင်းစီး - ထင်းစဲ
တဖန် အမည်အမျိုးမျိုးကိုလည်း အခေါ်အဝေါ်ခြင်းမတူကြပေ။
ဥပမာ - ကားကလေး - ကားသားလေး
ငွန်းကလေး - ငွန်းသားလေး
ငရုပ်သီး - စပ်သီး
ပိုးစာပင် - မွန်းပင်
ချိန်ခွင် - ရာဇူ
ငါးစပ်စောင် - တင်းတိမ်
ဆူးပုတ်ရွက် - လဖော်ရွက်
ကြိယာအသုံးအနှုန်းကိုလည်း ကွဲပြားမှု ရှိပါသည်။
ဥပမာ - ကိုယ်တုံးလုံး - တောင်စာလင်း
နှုတ်ဆက် - အိမ်မှုသည်
ကူညီသည် - ပေါင်သည်
အရုပ်တူတူ - အရုပ်ရှဲ့ရှဲ့


www.burmeseclassic.com

www.burmeseclassic.com



အခွံခွာသည် = အခွံနွှေးသည်
နှစ်သက် = ဝမ်းပါး
အလကားစသည်= အရွှေ့စသည် (နောက်ပြောင်ခြင်း)

စသည်ဖြင့် ယောသားစကားများသည် ဗမာစကားဖြင့် အနည်းငယ် ကွဲပြားခြားနားပါသည်။ သို့သော် ပြောဆိုမဖြစ်လောက်အောင် မဟုတ်ပါ။ တစ်ဦးစကားကို တစ်ဦးက နားလည်ကြပါသည်။ ရှေးရိုးဗမာစကားနှင့် ရှမ်းစကားတို့ ပေါင်းစပ်ထားသည်ဟု ယူဆမိပါသည်။ စာရေးသူသည် ဖားကန့်မြို့တွင် နေထိုင်စဉ်ကလည်း ယောစကားနှင့် ဆင်တူမှုများကို ကြားခဲ့ရဖူးပါသည်။ ရှမ်းလေးများသည် 'ယော' ဆိုသော စကားတစ်လုံးကို အာမေဋိတ်စကားအဖြစ် သုံးကြပါသည်။ ဥပမာ - ယော . . ဒီဆရာဝန်နဲ့တော့ ခက်ပါပြီ။ ယော . . ဆရာကြီးပါလား၊ ယော . . မင်းကဘယ်သူ့သားလဲကွယ် စသည့် အဃံများကို မကြာခဏ ပြောသံကြားခဲ့ရပါသည်။




ဝက်သက်ရှာမှ
တောင်သားကိုင်းရင်းသူ

www.burmeseclassic.com

www.burmeseclassic.com



**ထူးထူးခြားခြားတောင်သားများ**

ယောဒေသတွင် တောင်သားတိုင်းရင်းသားတစ်စုကို ထူးထူးခြားခြား တွေ့ရသည်။ သူတို့သည် ပျူလူမျိုးများဖြစ်ကြသည်ဟု သူတို့ကိုယ်တိုင်က ယုံကြည်ကြသည်။ အစဉ်အလာအားဖြင့်လည်း လက်ခံထားခဲ့ကြသည်။ ၁၉၀၁ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်ကလည်း တောင်သားတိုင်းရင်းသား များအကြောင်းကို အတော်အတန်လေ့လာမှတ်တမ်းတင်ခဲ့ကြသည်။ သို့သော် မည်သူမျှ တိတိကျကျ သုတေသနပြုလုပ်နိုင်ခြင်းမရှိသေးပေ။ တိကျသော သုတေသနစာတမ်းတစ်ခုပြုလုပ်ရန် လိုအပ်နေသည်။ ခိုင်ခိုင်မာမာအဖြေ တစ်ခုမရမီမှာတော့ တောင်သားတိုင်းရင်းသားများကို ပျူများဟုသာ သတ်မှတ်ကြရမှာဖြစ်ပါ၏။ အမှန်တော့ ဗမာလူမျိုးများသည်လည်း ပျူများ နှင့်ရောနှောနေခဲ့ပြီဖြစ်သဖြင့် ပျူလည်းဗမာဖြစ်သည်၊ ဗမာလည်းပျူဖြစ်သည် ဟု ပြောဆိုနေကြသည်။ သို့သော် တောင်သားတိုင်းရင်းသားများကို ပျူများ ဟု ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ခဲ့လျှင် သမိုင်းအတွက် အရေးကြီးသော အထောက်အထားများ ရရှိလာနိုင်ပေ၏။ ထို့ကြောင့် ပညာရှင်များ စုပေါင်း ဆောင်ရွက်သင့်ကြပါသည်။ ဥပမာ - ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာမှ လွန်ခဲ့သော အနှစ် ၃၀၀၀- ၅၀၀၀ အတွင်းက လူသားအရိုးစုများ၏ DNA နှင့် ယခုတောင်သားများ၏ DNA တို့ကို တိုင်းတာစစ်ဆေးနိုင်လျှင် တိကျ သော အဖြေတစ်ခုကို ရရှိနိုင်မည်ဟု စာရေးသူအနေဖြင့် စဉ်းစားမိပါ၏။ တောင်သားများသည် ယောဒေသမှ ဒေသခံလူမျိုးနွယ်များမဟုတ်၊ မြင်းခြံ ခရိုင်၊ တောင်သာမြို့နယ်၊ ပုပ္ပါးဒေသမှ ရောက်လာသူများဖြစ်သည်ကို ၁၉၀၁ ခုနှစ် အစီရင်ခံစာများကလည်း လက်ခံခဲ့ကြသည်။ ပျူဖြစ်သည်ကိုတော့ မဖော်ပြခဲ့ပေ။ ဥပမာ ပခုက္ကူခရိုင်၊ ဂေဇက်တီးယားစာအုပ်မှ စာသားများကို ကိုးကားပြီး ဖော်ပြပါမည်။

"ထီးလင်းမြို့နယ် ကျေးရွာများစာရင်း၌ အမှတ်စဉ် ၁၁ တွင် ဝက်သက် ရွာဟု တွေ့ရသည်။ ဝက်သက်ရွာ၌ အိမ်ခြေ ၁၀၅ အိမ်ရှိသည်။ လူဦးရေမှာ ကျား ၂၉၇ နှင့် မ ၃၃၅ ရှိပြီး စုစုပေါင်းလူဦးရေ ၆၃၂

www.burmeseclassic.com

www.burmeseclassic.com



ဦးရှိသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် သာမန်နှုန်းနှင့်စာလျှင် များနေသည်ကို တွေ့ရသည်။ ၁၉၀၁ ခုနှစ် လွန်ခဲ့သော အနှစ်တစ်ရာမှ အိမ်ခြေ ၁၀၅ အိမ် ဆိုသည်မှာ အလွန်စည်ကားသော ကျေးရွာကြီးအဆင့်ဖြစ်သည်။ အိမ်ထောင်စုတစ်ခုလျှင် လူဦးရေပျမ်းမျှ ၆ ဦးရှိသဖြင့် ယခုခေတ်လူနေမှုနှင့်နှိုင်းစာလျှင် အိုးခွဲအိမ်ခွဲ အလွန်နည်းသည်။ အိမ်ထောင်စုကြီးသည်ဟု ဆိုရမည်။ တစ်ချို့ အိမ်ထောင်စုများတွင် လူဦးရေမှာ ၁၀ ဦးအထိ များပြားပေမည်။ ဤသည်မှာ ထူးခြားသော လူနေမှုဓလေ့ထုံးစံဖြစ်သည်။ အထက်ပါရွာကို ဝက်သက်ရွာမဟု ဖော်ပြထားသည်။ ဝက်သက်မြောက်ရွာဟုလည်း သီးခြားဖော်ပြထားသေးသည်။ ဝက်သက်မြောက်ရွာတွင် အိမ်ခြေ ၄၇ အိမ်ရှိပြီး ကျား ၁၂၈ဦး မ ၁၃၆ ဦး ရှိသည်။ စုစုပေါင်း လူဦးရေ ၂၆၄ ဦးရှိသည်။ ထိုရွာမှာ လူအိမ်ထောင်တစ်စုလျှင် လူဦးရေ ၅. ၆ ဦး နေထိုင်သည်။ ဝက်သက်ရွာကို ရွာမနှင့်မြောက်ရွာဟု ခွဲခြားနေခြင်းမှာ မြေနေရာမလုံလောက်၍လား၊ စိတ်ဝမ်းကွဲကြ၍လား ဆိုသည်မှာလည်း စဉ်းစားစရာဖြစ်သည်။"

ပခုက္ကူ ဂေဇက်တီးယားတွင် ဖော်ပြရေးသားထားသော တောင်သားများအကြောင်းကို အောက်တွင် မြန်မာဘာသာပြန်ပြီး ရေးသားဖော်ပြပေးလိုက်ရပါသည်။

**တောင်သား**

ထူးခြားသော တောင်သားမိသားစုများကို ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်မြောက်ပိုင်းတို့တွင် တွေ့မြင်ရသည်။ တောင်သားများ၏ မူရင်းဇစ်မြစ်ကို တိကျသောအချက်အလက်များ မရရှိနိုင်သေးပါ။ ဒေသခံတို့၏ စကားအရဆိုလျှင် သူတို့သည် မြင်းခြံအနီး ပုပ္ပါးအရပ်မှ လာခဲ့သူများဖြစ်သည်ဆို၏။ ပုပ္ပါးအရပ်မှ ဗမာများနှင့် ခွဲခွာလာကြရခြင်းကို တောင်သား

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်များဖြင့် ပြောပြကြသည်။ ထိုပုံပြင်တစ်ခု၏ အဆိုအရ "သူတို့သည် ပုပ္ပါးတောင်၏ အနောက်တောင်ဖျားတွင် ဗမာများနှင့် မြေနေရာလုခဲ့ကြသည်။ သူတို့သည် စစ်မတိုက်ကြဘဲ ကျောက်တုံးကြီးအတွင်းကို မြားစူးဝင်သွားအောင် ပစ်နိုင်သူအား အနိုင်ဟု သက်မှတ်ကြရန်နှင့် ရှုံးသူက နေရာပြောင်းရွှေ့ပေးရမည်ဟု သဘောတူကြသည်။ တောင်သားလူမျိုးတို့က ကျောက်တုံးကြီးကို မြားဖြင့် အရင်ပစ်လိုက်သည့် မြားသည် ကျောက်တုံးကြီးတွင်စိုက်ဝင်မသွားဘဲ ကျိုးပဲ့ပျက်စီးသွားသည်။ ဗမာများက ကျောက်တုံးကြီးကို ရှေးဦးစွာ ဖျားဖယောင်းများ သုတ်လူးပြီးမှ မြားပစ်လိုက်သည်။ မြားသည် ကျောက်တုံးကြီးအတွင်းစိုက်နေသည်။ ဗမာများကို နိုင်သူဟု သတ်မှတ်ကြသည်။ ဤသို့ဖြင့် သူတို့သည် ပုပ္ပါးအရပ်မှ ဤဒေသသို့ ပြောင်းရွှေ့ခဲ့ကြသည်" စသည်ဖြင့် ပုံပြင်ဆန်သော စကားများဖြင့် ရှင်းပြကြသည်။ သူတို့သည် ဤဒေသ၌ အခြေချနေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ကြပြီဟု သိရသည်။ ပထမပြောင်းရွှေ့လာသော မိသားစုများသည် မောချောင်းဘေးတွင် နေထိုင်ခဲ့ကြသည်။ မောချောင်းသည် မင်းရွာအနီး၌ မြစ်သာမြစ်နှင့်ပေါင်းဆုံသည်။ မိသားစုများတဖြည်းဖြည်း များပြားလာပြီး လူဦးရေတိုးပွားလာသောအခါ နေရာထိုင်ခင်း အခက်အခဲဖြစ်လာသည်။ ဤသို့ဖြင့် သူတို့သည် နေရာသစ်ရှာကြရပြန်သည်။ ညီအစ်ကို ၃ ဦးတို့သည် မြေနေရာသစ်များ ရှာကြရန် ညှိနှိုင်းခဲ့ကြသည်။ သူတို့မှီခိုနေသော ညောင်ပင်ကြီး၏ သစ်ကိုင်းကြီး ၃ ခုကို ကြည့်ပြီး သစ်ကိုင်းများ ညွှန်ပြရာအတိုင်း မြေနေရာသစ် ရှာကြရန် သဘောတူကြသည်။ သစ်ကိုင်းကြီး ၃ ကိုင်းမှာ မြောက်အရပ် တောင်အရပ်နှင့် အရှေ့အရပ်တို့ကို ညွှန်ပြနေသည်။ ထိုသစ်ကိုင်းသုံးကိုင်းညွှန်ပြသောအရပ်တို့သည်ကား တစ်ခုသည် ဂန့်ဂေါမြို့နယ်အတွင်း ရောက်သွားသည်။ တစ်ခုကား ထီးလင်းမြို့နယ်နှင့် ကျန်တစ်ခုကား ယွှော့အနီးသို့ ရောက်သွားကြသည်။ တောင်သားများ၏ စကားများသည် ဗမာစကားနှင့် များစွာကွဲပြားခြားနားပြီး ချင်းပုတ်စကားများနှင့် ဆင်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအမည်များနှင့် ကိရိယာအသုံးအနှုန်းများ၊ စကားပြောပုံ များသည် ချင်းပုတ်များနှင့် နီးစပ်သည်။ ယောကျ်ားများသည် ဗမာများကဲ့သို့ ဝတ်စားကြသည်။ မိန်းမများ၏ ဝတ်စားဆင်ယင်မှုသည် အောက်မြန်မာနိုင်ငံတွင် နေထိုင်ကြသော တောင်ပေါ်ကရင် အမျိုးသမီးများနှင့် ဆင်တူသည်။ ထမီအစား ချည်ဖြူဖြင့် ရက်ထားသော ဂါဝန်ကို ဝတ်ဆင်ထားသည်။ ဂါဝန်သည် ခြေကျင်းဝတ်အထိ ရှည်သည်။ ခါးတွင် ငွေဝါရောင်ကြိုးမျှင်များဖြင့် ရစ်ပတ်ထားသည်။ လည်ပင်းပေါ်တွင် ပုဝါကိုတင်ထားသည်။ တောင်သားများသည် ဗုဒ္ဓဘာသာကို အလွန် ကြည်ညိုကြသည်။ နတ်ကိုးကွယ်မှုနှင့် အခြားဘာသာအယူကို မယူကြပါ။ သို့သော် နတ်ကို ပူဇော်ပသမှုများတော့ ရှိသည်။ သူတို့သည် ဗမာများထက် ကိုယ်ထည် ကြီးထွားကြသည်။ သန်မာကြသည်။ စိုက်ပျိုးရေးနှင့် စက်မှု လက်မှု အတတ်ပညာတွင်လည်း ဗမာများထက် သာလွန်ကြသည်။ သူတို့ သည် မွန်ဂိုရီးယားအနွယ်များမဟုတ်နိုင်။ အာရီးရန်းအနွယ်များ ဖြစ်နိုင်သည်။သူတို့သည် ဗမာများနှင့်လည်းမတူ၊ ချင်းလူမျိုးများနှင့်လည်း မတူကြပေ။ တောင်သားများသည် လူမျိုးတူအချင်းချင်းသာ လက်ထပ်ခွင့်ပြုသည်။ အမျိုးမတူသူများနှင့် လက်ထပ်ခြင်းကို တင်းကျပ်စွာ တားမြစ်ထားသည်။ သူတို့အချင်းချင်း တရားစီရင်ထုံးဥပဒေကိုတော့ တိကျစွာ မသိပါ။ သူတို့သည် တန်ခူးလတွင် သူတို့၏ အကြီးအကဲကို နှစ်စဉ် ပူဇော်ဆက်သကြသည်။ တန်ခူးလသည် သူတို့အတွက် သီးနှံပေါ်ပြီးချိန် ဖြစ်သည်။ လက်ထပ်ပွဲဟုလည်း ထူးခြားစွာ သိရသည်။ ကျေးရွာအတွင်းမှ ယောကျ်ားလေးများနှင့် အမျိုးသမီးငယ်များသည် တောအတွင်းသို့ အတူ သွားကြသည်။ နောက်တစ်နေ့နံနက်လင်းမှ ပြန်လာကြသည်။ ကျန်ရစ်ခဲ့သော အမျိုးသားများနှင့်အမျိုးသမီးကို လိုက်ရှာကြရသည်။ မောင်းနှင့်တူရိယာများကို တီးပြီး တပျော်တပါးလိုက်လို့ရှာကြသည်။ နှစ်ဦးအတူတွေ့လျှင် ထိုယောကျ်ားနှင့် မိန်းကလေးကို လက်ထပ်ပေးလိုက်ကြသည်။ လိင်မှုဖောက်ပြန်ခြင်းနှင့် လင်ကွာမယားကွာ ဥပဒေများကိုတော့ မသိပါ။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် ရှေးဦးလူမျိုးများဖြစ်ကြပေသည်။ ၁၉၀၁ ခုနှစ် ဖွား/သေစာရင်း အရ တောင်သားအရေအတွက် ၅၇၀၁ ဦးရှိသည်။ တောင်သားလူမျိုးများ သည် အဝတ်အထည်များကို ပိုးဖြင့် ရက်လုပ်တတ်ကြသည်။ ယောပုဆိုးများ ဆိုပြီး ရက်လုပ်ကြသည်။ အပြာရင့်ရောင်ဆိုးဆေးကို ဒေသအတွင်း ပေါက် ရောက်သော မဲနယ်ပင်မှ ပြုလုပ်ကြသည်။ ထိုအပင်များကို ကျေးရွာများတွင် အများအပြား စိုက်ပျိုးထားကြသည်။

အထက်ပါအကြောင်းအရာများသည် အင်္ဂလိပ်လူမျိုး ဒုတိယမကွေး တိုင်းမင်းကြီးဖြစ်ခဲ့သော မစ္စတာအိုဝင်ဆိုသူက ၁၉၀၁ ခုနှစ်၌ ရေးသားခဲ့ သော ပခုက္ကူခရိုင်ဂေဇက်တီးယားစာအုပ်တွင် ရေးသားဖော်ပြချက်များကို စာရေးသူအနေဖြင့် မြန်မာဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။ အင်္ဂလိပ်လူမျိုး၏ အယူအဆနှင့်ရေးသားချက်များကို ခိုင်လုံသည်ဟု စာရေးသူက မဆိုလိုပါ။ ထိုလေ့လာမှတ်တမ်းတင်ခြင်းသည် လွန်ခဲ့သော နှစ် ၁၀၀ မှ ဖြစ်၍ အတော် အတန်ရှေးကျသည်။ လေ့လာမှုမှတ်တမ်းပြည့်စုံသည်။ နောင်လာနောက်သား များ ကျမ်းကိုးနိုင်ရန် တစ်ပုဒ်ချင်းကို ဘာသာ ပြန်ပြီး မှတ်တမ်းတင်ခြင်းသာ ဖြစ်ပါသည်။ သမိုင်းဆရာများအတွက် ကိုးကားစရာ အချက်အလက်များ လည်း ဖြစ်ပါသည်။ ပခုက္ကူခရိုင် ဂေဇက်တီးယား စာအုပ်ဆိုသည်မှာလည်း အလွန်ရှားပါးသော စာအုပ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုစာအုပ်တွင် ရေးသား ထားသော ဒေသဆိုင်ရာ အချက်အလက်များကို ဤစာအုပ်တွင် ပြန်လည် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ ဤစာအုပ် လွန်ခဲ့သော နှစ်တစ်ရာ မှ ပခုက္ကူခရိုင်အကြောင်းကို အပြည့်စုံဆုံး မှတ်တမ်းကြီးဟု ဆိုရမည် ဖြစ်ပါ သည်။ ထိုစာအုပ်အဆိုအရ ယခုခေတ်ယောလုံချည်သည် ယောဒေသတွင် တောင်သားများက စတင်ရက်လုပ်ခဲ့ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒေသခံတို့က ပြောပြသော တောင်သားပုံပြင်

သရေခေတ္တရာနိုင်ငံတော်ကြီး ပျက်စီးပြီး သမုဒ္ဒရာဇ်မင်းသည် အေဒီ ၁၀၇ ခုနှစ်တွင် ပုဂံနိုင်ငံတော်ကြီးကို စတင်တည်ထောင်သည်။ သမုဒ္ဒရာဇ်မင်းကြီးသည် ကျေးရွာပေါင်း ၁၉ ရွာဖြင့် စတင်တည်ထောင်သော ပုဂံနိုင်ငံတော်ကြီးတွင် အေဒီ ၁၀၇ ခုနှစ်မှ ၁၅၂ ခုနှစ်အထိ နှစ်ပေါင်း ၄၅ နှစ်တိုင်တိုင် ထီးနန်းစိုးစံသွားခဲ့သည်။ ထိုအချိန်က ပုပ္ပါးအရပ်တွင် စန္ဒာဒေဝီဆိုသော အမျိုးသမီးသည် ချောမောလှပသည်ဟု နာမည်ကြီးသည်။ သမုဒ္ဒရာဇ်မင်းကြီး ကြားသိသောအခါ တော်ကောက်တော်မူသည်။ စန္ဒာဒေဝီမင်းသမီး၏ မောင်တော်သူ မောင်စိန့်ဆိုသူမှာ နာမည်ကျော် ပန်းပဲဆရာကြီးတစ်ဦးဖြစ်သည်။ သမုဒ္ဒရာဇ်မင်းကြီးသည် မောင်စိန့်အား အထူးကောင်းမွန်သော ဓားတစ်လက်ကို ပြုလုပ်ဆက်သပေးရန် မိန့်တော်မူသည်။ မောင်စိန့်သည် အလွန်အမျိုးကောင်းသန့်စင်သော သံရိုင်းတုံးများကို စုဆောင်းသည်။ သံရိုင်းတုံး ၅ ပိဿာကို အကြိမ်ကြိမ်အဆင့်ဆင့် ကျိုချက်သည်။ အလွန်သန့်စင်သော သံမဏိ ၂၅ ကျပ်သား (တစ်ပေါင်) ခန့်ရရှိသည်။ ထိုသံမဏိကို သင့်တင့်အောင် အပူပေး အအေးခံပြီး ဓားကောင်းတစ်လက်ဖြစ်အောင် ပြုလုပ်သည်။ စိတ်တိုင်းကျဖြစ်သောအခါ ထိုဓားကို သမုဒ္ဒရာဇ်မင်းကြီးထံ သွားရောက် ဆက်သသည်။ ဓားကို ဓားအိမ်မှာထည့်ပြီး လှပအောင် ပြုလုပ်ဆက်သသည်။ သမုဒ္ဒရာဇ်မင်းကြီးသည် ဓားကိုဓားအိမ်မှ ထုတ်ယူလိုက်၊ ပြန်သွင်းလိုက်ဖြင့် သေချာစွာ ကြည့်ရှုစစ်ဆေးသည်။ ဓားပေါ်တွင် တူထုရာ အစက်ကလေးများ ပါနေသည်။ သမုဒ္ဒရာဇ်မင်းကြီးက မလိုလား "မင်းဓားက ကွာ ကောင်းတော့ ကောင်းပါရဲ့၊ ဒါပေမယ့် တူထုရာ အမာစက်ကလေးတွေ ပါတယ်။ မင်းပဲ ကိုင်တော့ကွာ၊ ငါတော့မကြိုက်ဘူး" ဆိုပြီး ဓားကို မောင်စိန့် ရင်ခွင်ရှေ့သို့ ပစ်ပေးလိုက်သည်။ မောင်စိန့်သည် ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရသည်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုလုပ်ခဲ့သော သူ၏ဓားကို ရှင်ဘုရင်က မနှစ်သက်ဟု ဆိုသည်ကို စိတ်နာနေသည်။ စိတ်ကို တင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုဓားအိမ်အတွင်းမှ ထုတ်ယူလိုက်သည်။ မင်းကြီးမမြင်အောင် သူထိုင်သော သစ်သားကြမ်းခင်းကို ဓားဖြင့် ဖိချလိုက်သည်။ ကြမ်းခင်းသစ်သား နှစ်ချောင်းသုံးချောင်းမှာ အသံမမြည်ဘဲ ပြတ်သွားသည်။ မင်းကြီး၏ ရှေ့မှ ထွက်လာခဲ့သည်။ တံခါးဝသို့ရောက်သောအခါ တံခါးတိုင်ကို ဓားဖြင့် ပိုင်းဖြတ်လိုက်သည်။ တံခါးတိုင်မှာ ယတိပြတ်ပိုင်းပြတ်သွားသော်လည်း လဲကျမသွားပေ။ နောက် တစ်နေ့ရောက်သောအခါ တံခါးမှူးသည် သူ၏သားငယ်နှင့်အတူ တံခါးကို ပိတ်လိုက်သည်။ တံခါးတိုင်မှာ တံခါးမှူး၏သားငယ်အပေါ်သို့ လဲကျပြီး သားငယ်လည်း သေဆုံးရသည်။ တံခါးမှူးမှာလည်း ထိခိုက်ဒဏ်ရာရရှိသွားသည်။ တံခါးမှူးသည် မောင်စိန့်၏လက်ချက်ဟု သိလိုက်သည်။ မောင်စိန့်အပေါ်မှာ ရန်ငြိုးထားလိုက်သည်။ ဘုရင်သမုဒ္ဒရာဇ်မင်းကြီးထံ အကျိုးအကြောင်းအစုံအလင်ကို လျှောက်ထားသည်။ ဘုရင်ကြီးသည် မောင်စိန့်အပေါ်မှာ အပြစ်မမြင်နိုင်ဘဲ မောင်စိန့်၏ ဓားအစွမ်းကိုသာ စဉ်းစားနေရသည်။ မောင်စိန့်ကို ပြန်လည်ဆင့်ခေါ်ပြီး ရှေ့တော်သို့ အသွင်းခိုင်းသည်။

"မောင်စိန့်၊ ယောက်ဖတော် ပန်းပဲသမားကြီး၊ မင်းဟာ ပန်းပဲအတတ်ပညာမှာ စွမ်းပေသကွာ၊ ဓားနဲ့ဖိလိုက်တာနဲ့ ငါ့နန်းတော်မှာ ခင်းထားတဲ့ ကြမ်းပြင်လည်း ယတိပြတ် အသံမမြည်ဘဲ ပြတ်သွားတယ်၊ တံခါးတိုင်လည်း အသံမမြည်ဘဲ ယတိပြတ် ပြတ်သွားတယ်။ မင်းလုပ်တဲ့ဓားက အစွမ်းထက်လှပေတယ်။ ငါ့ကို အမြန်ဆက်သ ပေတော့ကွာ" ဆိုပြီး ဘုရင်သမုဒ္ဒရာဇ်မင်းကြီးက မိန့်တော်မူ၏။

"မှန်ပေ၏ မင်းကြီး၊ အကျွန်ုပ်သည် အကောင်းစားသံစင် ၅ ပိဿာ (ယခုအချိန် ၁၈ ပေါင်)ကို အဆင့်ဆင့်ကြိုချက်ခဲ့ရာ အကောင်းစားသံ ၂၅ ကျပ်သား (တစ်ပေါင်ခန့်)ကို ရပါတယ်။ ထိုသံအကောင်းစားဖြင့် ပြုလုပ်ထားသော ဓားကို အရှင်မင်းကြီးထံ တရိုတသေဆက်သခဲ့ပါသော်လည်း အရှင်မင်းကြီးက တူအမာစက်ကလေးတစ်ခုတစ်လေပါသည်ကို အပြစ်ရှာပြီး ဓား

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ကို လက်မခံခဲ့သဖြင့် များစွာစိတ်ထိခိုက်ခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိကိုယ်ကိုမိမိ မခံချင်စိတ်ဖြစ်၍ ဤသို့ ပြုမူခဲ့ရပါတယ်။ ဤသို့ ပြုမူခဲ့သမျှကို ခွင့်လွှတ်ပါရန် လျှောက်ထားရပါသည်။ ထိုငါးဟာဖြင့် ငါနဲ့ မတန်၊ သာမန်လူနှင့်လည်းမတန်၊ ဘုရင်မင်းမြတ်နှင့်သာ ထိုက်တန်၏။ ထိုက်၏။ သို့သော် မင်းမြတ်ရာဇာက လက်မခံ၊ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှလည်း ဤငါးကိုအရောက်မခံနိုင်သဖြင့် ဧရာဝတီမြစ်အတွင်းသို့ ပစ်လိုက်ပြီးဖြစ် ကြောင်း ရိုသေလေးစားစွာ လျှောက်တင်ပါသည်ဘုရား” ဟု သံတော်ဦးတင် သည်။ ထိုအခါ မင်းကြီးက -

“အိမ်း . . ကောင်းလေပြီ။ မောင်မင်းစွန့်ပစ်သောနေရာကို ညွှန်ပြ စေ။ တံငါသည်များ ရေငုတ်ပြီး ငါးကို တွေ့အောင် ရှာစေ” ဟု သမုဒ္ဒရာဇ် မင်းကြီး အမိန့်ချမှတ်တော်မူ၏။

တံငါသည် ရေငုတ်ကျွမ်းကျင်သူများသည် ဧရာဝတီမြစ်အတွင်း ငါးချ လိုက်သောနေရာတွင် ရေငုတ်ပြီး ငါးကိုရှာကြရ၏။ ငါးသည် ရေမှာမနစ် ရေဝဲတွင် လှည့်လည်နေရာ တံငါသည်များ ငါးကို ဖမ်းလိုက်တိုင်း ငါးပြတ်ပြီး တစ်ဦးပြီးတစ်ဦး သေဆုံးကြရ၏။ မင်းကြီးအား အကျိုးအကြောင်း လျှောက် ထားကြ၏။ သမုဒ္ဒရာဇ်မင်းကြီးလည်း ထိုငါးထက်ကောင်းသော ငါးကိုရ အောင် ငါးအသစ်တစ်လက် ထုလုပ်ဆက်သ ပေးရမည်ဟု မောင်စိန့်ကို စေခိုင်းလိုက်ပြန်သည်။ မောင်စိန့်သည် သူ၏တပည့် ပန်းပဲလုပ်သားများကို စုပြီး နန်းတော်အနီးမှာပင် ပန်းပဲဖိုထောင်ပြီး ငါးထုလုပ်သည်။ ပန်းပဲ လုပ်သားများသည် ညာသံပေပြီး ပန်းပဲလုပ်ငန်း လုပ်ကိုင်နေကြသည်။

“ဘာလဲဟေ့၊ ယောက်ျားကွ၊ ထုလိုက်ဟေ့၊ ချလိုက်ဟေ့၊ ညီပစေဟေ့၊ ညီတယ်ဟေ့၊ ဒေါင်၊ ဒိန်၊ ဒင် စသည်ဖြင့် တူထုသံ၊ ညာသံပေးသံ၊ အော်သံ၊ ဟစ်သံတို့ဖြင့် နန်းတော်ပတ်ဝန်းကျင်တွင် ဆူညံနေတော့၏။ ဘုရင် သမုဒ္ဒရာဇ်မင်းကြီးသည် “ညဥ့်မှာရော၊ နေ့မှာပါ ဆူညံနေတယ်။ ဘာအသံ များပေနည်း၊ စုံစမ်းပြီး တင်ပြလျှောက်ထားရမည်” ဟု မိန့်တော်မူသည်။



“မှန်လှပါဘုရား၊ ဆူညံသောအသံများသည် မောင်စိန့်နှင့် သူ၏တပည့် များသည် ငါး လက်နက်များ ထုလုပ်စုဆောင်းနေကြခြင်းပါဘုရား။ ပုန်ကန် ခြားနားမှာပင် စိုးရိမ်ရပါတယ်ဘုရား၊ အရှင်မင်းကြီးက သူ၏ငါးကို စွန့်ပယ် လိုက်တာကြောင့် အရှင်မင်းကြီးအပေါ် ရန်လိုမုန်းတီးနေသည်ဟု ကြားသိရ ကြောင်းပါဘုရား” ဟု သားသေ၍ မောင်စိန့်ကို အညိုးထားသူ တံခါးမှူးက တင်ပြလျှောက်ထားသည်။ မှူးကြီးမတ်ကြီး စစ်သူကြီးများကလည်း ထောက်ခံ ကြသည်။ ဤသို့ဖြင့် မောင်စိန့်ကို ဖမ်းဆီးအပ်နှံရန် ရှမ်းစစ်သည်တော်တို့အား အမိန့်ပေးလိုက်သည်။

မိဖုရားကြီးစန္ဒာဒေဝီသည် ထိုသတင်းကို ကြားရသောအခါ စိုးရိမ် သောကရောက်၍ ညဥ့်တွင်းချင်းပင် မောင်တော်မောင်စိန့်ထံ သွားရောက် သတင်းပို့သည်။ မောင်စိန့်နှင့် သူ၏တပည့်များသည် ညဥ့်တွင်းချင်းပင် ဧရာဝတီမြစ်ကိုကူးပြီး အနောက်ဘက်ကမ်းမှတစ်ဆင့် ထွက်ပြေးခဲ့ကြသည်။ မိဖုရားကြီးစန္ဒာဒေဝီသည်လည်း နန်းတော်မှာ ကျန်ရစ်ခဲ့ပါက မီးလောင်တိုက် သွင်းပြီး အသတ်ခံရမည်ကို သိသဖြင့် မောင်စိန့်နှင့်အတူ လိုက်ပါထွက်ပြေး ခဲ့သည်။ ယခု ပခုက္ကူမြို့နယ်ကို ဖြတ်ပြီး မြိုင်မြို့နယ်အတွင်းရောက်ရှိခဲ့သည်။ ယခုမြိုင်မြို့၏ အရှေ့တောင်နားတွင် စခန်းချနေထိုင်ကြသည်။ ထိုအရပ်မှာ လည်း လိုအပ်သော ငါးလက်နက်များကို လုပ်ကိုင်ကြသည်။ ထိုရွာတွင် သံဖိုကြီးများရှိသဖြင့် သံဖိုရွာဟု ခေါ်တွင်ခဲ့သည်။ ယခုအခါ မြိုင်မြို့၏ အရှေ့ တောင်အနီးအနား မင်းကန်ရွာအနီးတွင် ရှိသည်။ ယခုတိုင် သံဖိုကြီးများကို တွေ့မြင်ရသည်။ သံရည်ကြိုချက်ထားသော သံချော်ခဲ အများအပြားကိုလည်း တွေ့မြင်ရသည်။ ဒေသခံတို့၏အဆိုအရ ပုဂံမှ ထွက်ပြေးခဲ့သော ပန်းပဲ ဆရာကြီးစခန်းချသွားရာနေရာဟု ယုံကြည်ပြောဆိုနေခဲ့ကြသည်။ ယော ဒေသမှ မောင်စိန့်၏ပါးစပ်ပုံပြင်နှင့်လည်း ညီညွတ်သည်။

ထိုဒေသတွင် သုံးနှစ်သုံးမိုးကြာအောင် မောင်စိန့်နှင့်သူ၏ညီမ၊ တပည့် များ ခိုအောင်းနေကြကြောင်း သတင်းစကားကြားရသောအခါ ရှမ်းစစ်သည်

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား၊ ဆူညံသောအသံများသည် မောင်စိန့်နှင့် သူ၏တပည့်များသည် ဓား လက်နက်များ ထုလုပ်စုဆောင်းနေကြခြင်းပါဘုရား။ ပုန်ကန်ခြားနားမှာပင် စိုးရိမ်ရပါတယ်ဘုရား၊ အရှင်မင်းကြီးက သူ၏ဓားကို စွန့်ပယ်လိုက်တာကြောင့် အရှင်မင်းကြီးအပေါ် ရန်လိုမုန်းတီးနေသည်ဟု ကြားသိရကြောင်းပါဘုရား" ဟု သားသေ၍ မောင်စိန့်ကို အညိုးထားသူ တံခါးမှူးက တင်ပြလျှောက်ထားသည်။ မှူးကြီးမတ်ကြီး စစ်သူကြီးများကလည်း ထောက်ခံကြသည်။ ဤသို့ဖြင့် မောင်စိန့်ကို ဖမ်းဆီးအပ်နှံရန် ရှမ်းစစ်သည်တော်တို့အား အမိန့်ပေးလိုက်သည်။

မိဖုရားကြီးစန္ဒာဒေဝီသည် ထိုသတင်းကို ကြားရသောအခါ စိုးရိမ်သောကရောက်၍ ညဥ့်တွင်းချင်းပင် မောင်တော်မောင်စိန့်ထံ သွားရောက်သတင်းပို့သည်။ မောင်စိန့်နှင့် သူ၏တပည့်များသည် ညဥ့်တွင်းချင်းပင် ဧရာဝတီမြစ်ကိုကူးပြီး အနောက်ဘက်ကမ်းမှတစ်ဆင့် ထွက်ပြေးခဲ့ကြသည်။ မိဖုရားကြီးစန္ဒာဒေဝီသည်လည်း နန်းတော်မှာ ကျန်ရစ်ခဲ့ပါက မီးလောင်တိုက်သွင်းပြီး အသတ်ခံရမည်ကို သိသဖြင့် မောင်စိန့်နှင့်အတူ လိုက်ပါထွက်ပြေးခဲ့သည်။ ယခု ပခုက္ကူမြို့နယ်ကို ဖြတ်ပြီး မြိုင်မြို့နယ်အတွင်းရောက်ရှိခဲ့သည်။ ယခုမြိုင်မြို့၏ အရှေ့တောင်နားတွင် စခန်းချနေထိုင်ကြသည်။ ထိုအရပ်မှာလည်း လိုအပ်သော ဓားလက်နက်များကို လုပ်ကိုင်ကြသည်။ ထိုရွာတွင် သံဖိုကြီးများရှိသဖြင့် သံဖိုရွာဟု ခေါ်တွင်ခဲ့သည်။ ယခုအခါ မြိုင်မြို့၏ အရှေ့တောင်အနီးအနား မင်းကန်ရွာအနီးတွင် ရှိသည်။ ယခုတိုင် သံဖိုကြီးများကို တွေ့မြင်ရသည်။ သံရည်ကျိုချက်ထားသော သံချော်ခဲ အများအပြားကိုလည်း တွေ့မြင်ရသည်။ ဒေသခံတို့၏အဆိုအရ ပုဂံမှ ထွက်ပြေးခဲ့သော ပန်းပဲဆရာကြီးစခန်းချသွားရာနေရာဟု ယုံကြည်ပြောဆိုနေခဲ့ကြသည်။ ယောဒေသမှ မောင်စိန့်၏ပါးစပ်ပုံပြင်နှင့်လည်း ညီညွတ်သည်။

ထိုဒေသတွင် သုံးနှစ်သုံးမိုးကြာအောင် မောင်စိန့်နှင့်သူ၏ညီမ၊ တပည့်များ ခိုအောင်းနေကြကြောင်း သတင်းစကားကြားရသောအခါ ရှမ်းစစ်သည်

www.burmeseclassic.com

www.burmeseclassic.com



များကို အမိန့်ပေးပြီး မောင်စိန့်တို့လူစုကို တိုက်ခိုက်ဖမ်းယူစေသည်။ သို့သော် မောင်စိန့်တို့ အင်အားကလည်းများသဖြင့် ဖမ်းဆီးနှိမ်နင်း၍ မရနိုင်ပေ။ ပခုက္ကူနှင့်မြိုင်ဒေသရှိ ပျူလူမျိုးများနှင့် ပုပ္ပါးဒေသရှိ ပျူလူမျိုးများမှာလည်း အဖမ်း ခံကြရမည်၊ အသတ်ခံကြရမည်ကို စိုးရိမ်ပြီး မောင်စိန့်၏ တပ်ဖွဲ့တွင် ပူးပေါင်းလာကြသည်။ မောင်စိန့်သည် မြိုင်မြို့နယ်၊ ပေါက်မြို့နယ်တို့မှ တစ်ဆင့် ပုံတောင်တောင်ကြီးကို ကျော်ဖြတ်ခဲ့ကြသည်။ ပုံတောင်တောင်ပေါ်တွင် ပုန်းအောင်းနေခဲ့ကြသဖြင့် ပုန်းတောင်၊ ထိုမှ ပုံတောင်ဟု တွင်ခဲ့သည်ဟု အဆိုရှိသည်။ ပုံတောင်ကို ကျော်ဖြတ်ပြီးနောက် ချင့်ဝှမ်းလွင်ပြင်အရပ်တွင် ကျင်းတွေတူးပြီး နေထိုင်ကြသည်။ ထိုအရပ်ကို ကျင်းရွာဟု ပုံတောင်နှင့် ပုံညာ တောင်အကြား ထီးလင်းမြို့နယ်တွင် ခေါ်တွင်ခဲ့ကြသည်။ နောက်မှ လိုက်လာသော ရှမ်းစစ်သည်များ၏ သတင်းစကားကို ကြားရသဖြင့် ဤဒေသသည် လုံခြုံမှုမရှိသေးဟု ဆုံးဖြတ်ကြသည်။ ပုံညာတောင်ကြီးပေါ်သို့ ညာသံပေးပြီး တက်ခဲ့ကြသည်။ ထိုတောင်ကို ပုံညာတောင်ဟု ခေါ်တွင်ခဲ့သည်။ ပုံညာတောင်ကို ကျော်ပြီး မောချောင်းဒေသသို့ ရောက်သောအခါ အခြေချ နေထိုင်ကြသည်။ ဒေသခံ ဗမာလူမျိုးများနှင့် ရောနှောနေထိုင်ခြင်းမပြုဘဲ ရပ်ဝေးရွာဝေးနေရာများမှာ နေထိုင်အခြေချကြသည်။

စန္ဒာဒေဝီနှင့်တကွ လိုက်ပါလာသော အမျိုးသမီးများသည် တောင်တက်တောင်ဆင်းတွင် မောပန်းသဖြင့် ရင်ဘတ်တွင်ပါလာသော တဘက်ဖြင့် စည်းထားကြရသည်။ ထိုအချိန်မှစပြီး ရင်ဘတ်တွင် တဘက်စည်းခြင်းကို အမျိုးသမီးများ အကျင့်ပါလာကြသည်။ သူတို့ သည် အမှန်တော့ ပုပ္ပါးအရပ်မှ ပျူလူမျိုးများဖြစ်ကြသည်ဆို၏။ မောချောင်း တစ်လျှောက်တွင် အခြေချ နေထိုင်ခဲ့ကြသော်လည်း သတင်းပေါက်ကြားမည် စိုးရိမ်သဖြင့် အနောက်ဘက်ချင်းတောင်တန်းကြီးပေါ်သို့ တက်ပြီးနေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြသည်။ စကားကိုလည်း တစ်မျိုးထွင်ပြီး ပြောဆိုခဲ့ကြသည်။ ပျူလူမျိုး တရားခံပြေးများမှန်းသိလျှင် ပုဂံရှင်ဘုရင်ထံ သတင်းပို့မည် စိုးရိမ်ကြသည်။ မိမိတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတောင်တန်းကြီးပေါ်မှာ နေထိုင်ကြသော တောင်သားလူ များ ဖြစ်သည်ဟု ပြောဆိုဆက်ဆံကြသည်။ သတင်းပေါက်ကြားမှာ စိုးရိမ်ပြီး ဗမာများနှင့် မပေါင်းသင်းရ၊ မုဆ ကိဆံရ၊ အိမ်ထောင် မပြုရ၊ မိတ်ဆွေမဖွဲ့ရဟု သတ်မှတ်ပြီး သီးခြားနေထိုင်ခဲ့ကြသည်။ သို့သော် လူဦးရေတဖြည်းဖြည်း များပြားလာသောအခါ ချင်းတောင်တန်းကြီးပေါ်တွင် စိုက်ပျိုးစားသောက်ရန်နှင့် သောက်ရေ သုံးရေရှားပါးသဖြင့် အောက်အရပ် မြေပြန့်သို့ ပြန်ပြီး ဆင်းလာခဲ့ကြသည်။

ဤသည်တို့မှာ ဒေသခံတို့ ပြောဆိုနေကြသော တောင်သားပုံပြင်များဖြစ်ပါ၏။ မယုံလျှင် ပုံပြင်ဟု မှတ်ကြရမည်ဖြစ်သော်လည်း တစ်ဆင့်စကားတစ်ဆင့်ကြားပြီး သားစဉ်မြေးဆက် ပြောပြခဲ့ကြသော မှတ်သားဖွယ်စကားများဖြစ်၍ မပြစ်ပယ်သင့်ကြပေ။ အကြောင်းအရာများမှာလည်း စာမပေါ်မီမှ အကြောင်းအရာများဖြစ်ခြင်း၊ ယုတ္တိရှိခြင်း၊ တစ်ပိုင်းတစ်စ ယခုတိုင်သက်သေပြနိုင်ခြင်းတို့ကြောင့် မှတ်သားသင့်ပါ၏။ တောင်သားရွာများသည် အလွန်ရှေးကျကြောင်းတော့ဖြင့် အခိုင်အမာ ဖြစ်ပါ၏။

ဥပမာ - ဝက်သက်ရွာသူကြီးခန့်စာ ပုရပိုက်များတွင် -

(၁) "အဘငပေါင်သေဆုံး၍ သားငအေင်းအား ၁၁၆၀ ပြည့်နှစ် နယုန်လဆန်း (၂)ရက်နေ့တွင် အမတ်ရွှေတောင်မင်းသား မင်းသားကြီးက ခန့်ထားသည်။"

**မှတ်ချက်။** ရွှေတောင်မင်းသားကြီးဆိုသူသည် ဗဒုံမင်း၏သားတော်ကြီးဆိုသူသည် ဗဒုံမင်း၏ သားတော်ကြီး အိမ်ရှေ့ဥပရာဇာဖြစ်ပြီး (ရခိုင်မှ မဟာမြတ်မုနိ ဆင်းတုတော်ကြီးကို ပင့် ဆောင်သယ်ယူခဲ့သော) ရွှေတောင်မြို့စားမင်းသားကြီး ဖြစ်သည်။ ဘကြီးတော်မင်း (၁၁၈၁-၁၁၉၉) ၏ ဖခမည်းတော်လည်းဖြစ်သည် - စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com



(၂) "ရိုးရာမှန်ဖြစ်သူ ပြိုင်ဘက်မရှိ ငကော်ဖြူအား ၁၁၈၅ ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်နေ့ ရွှေဘွားတော်အောက် တိုင်းတာ မင်းကြီးက ခန့်ထားလိုက်သည်။"

(၃) "ငစံဝင်းအား ၁၁၉၁ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် ထီးလင်း မြို့သူကြီး သီဟရာဇာကျော်ထင်နှင့် မဏိပူရ အရေးတော်နိုင် ကလေးမြို့သခင် အရှင်စော်ဘွားကြီးမင်း မောရိယသီဟ မဟာ ဝံသရာဇာက ခန့်အပ်ပေးကြောင်း"

(၄) "ထိုနောက် ဝက်သက်ရွာသူကြီးအဖြစ် ငအိုဆိုသူက ဆက်ခံ ရာ မြေတိုင်း၊ ထီးလင်းမြို့သူကြီးမင်း မင်းလှသမန္တ မင်းထင် ရာဇာက ခန့်အပ်သည်။ ရွာအုပ် ငပိန်ကျော်သာအိုဆိုသူနှင့် အပြိုင်အဆိုင် ရှိခဲ့သည်။ သို့သော် ၁၂၁၃ ခုနှစ် (ပုဂံမင်းခေတ်) နှောင်း တန်ခူးလဆန်း (၅)ရက်စွဲအရ ထီးလင်းမြို့စား မင်းသား အရှင်သမ္မိန္ဒမဟာဝံသာ သီရိမဝရာဇာက ငအိုကိုပင် ဆက် လက်ခန့်ထားသည်။"

အထက်ပါ ဝက်သက်ရွာသူကြီး ခန့်စာများကို ထီးလင်းမြို့နယ်၊ တော ရောင်းရွာ၊ ကျောင်းဆရာကြီး ဦးကြဲပေါ် (ဝက်သက်ရွာဇာတိ) ထံမှ ပေစာ ကောက်နုတ်ချက်များဖြစ်ကြောင်း ဆရာကြီး ဦးကြာထွန်း၏ ယောစာအုပ် တွင် ဖတ်ရသည်။ ထိုစာအုပ်မှာပင် ဝက်သက်ရွာတည် ပေမူတစ်ခု၌ -

"သာသနာသက္ကရာဇ် ၂၃၇၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၁၉၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆)ရက်နေ့တွင် ထီးလင်းမြို့သူကြီး သမန္တဇေယျကျော်ထင် ရင်ခွင်ပိုက် ဘကြီးသီဟရာဇာကျော်ထင် မင်းတို့ ကြီးစိုးပွားစားသည့်အခါတွင် ထီးလင်းမြို့ ဂိုဏ်းအုပ်ရှင် မမွစာရီ၊ ဂိုဏ်းထောက် ညောင်ကန်ရွာ ဆရာတော် ရှင်သာရေဝ၊ ငှင်းဂိုဏ်းထောက် ဝက်သက်ရွာဆရာတော် အရှင်သာရမဋ္ဌ။ မြို့အစီ ရင်မောင်တော၊ မြို့စာရေး မောင်စာ၊ ဝက်သက်ရွာအုပ် မောင်ဖိုးမြိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာကြီး ဦးမာတို့တစ်စု ညှိနှိုင်းတိုင်ပင်ကြပြီးမက်၍ ဝက်သက်သူကြီး ငစံဝင်း၊ ကွမ်-ငစောက်၊ အစီရင် ငအောင်းတို့ နိဝ်ဆော်စိုးကွပ်၍ ကျောင်းဒကာ မောင်ဖြိုး၊ ငရေမောင်၊ ငအောင်ထွား၊ ငနော်၊ သောဦး၊ ငအောင်ထွန်းတို့တစ်စုတို့ ဝက်သက်ရွာကို တည်ထောင်ကြသည်။"

**မှတ်ချက်** ။ ၁၁၆၀ ခုနှစ်ကပင် သူကြီးခန့်စာတစ်ခုကို တင်ပြခဲ့ပြီးဖြစ်၍ ဝက်သက်ရွာကို ၁၁၉၁ခုနှစ် (နှစ် ၃၀အကြာ)မှာ ရွာသစ်တည်ခြင်းလော၊ ရွာခွဲတည်ခြင်းလော မသိရပေ။ ဝက်သက်ရွာမှာ ရှေးကပင် တည်ထားခဲ့ပြီး ဖြစ်သည်။

တောင်သားရွာများကို မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၊ တပွင့်ရွာ၊ မကျီးရွာ၊ ဒွေးရွာများဆိုပြီး ရှိသည်ဟု သိရသည်။ သို့သော် ယင်းတို့က သူတို့ကိုယ်သူတို့ တောင်သားဟု မပြောကြ မဆိုကြ။ တောင်သူချင်းများဟု ခေါ်ကြသည်ဟု ဖတ်ရသည်။ တောင်သူချင်းများသည် သက္ကရာဇ် ၅၅၅ ခုနှစ်တွင် ဝင်ရောက်အခြေချနေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

"ဆင်မယဉ်သာ၊ ကျောကုန်းမှာ၊ ပဋ္ဌာ, ပဋ္ဌ၊ ဗျည်းကိုချ၊ စ၍တည်ထွန်း မြို့တပွင့်" ဟု မှတ်တမ်းရှိခဲ့သည်ဟု ဆိုသည်။ ဆောမြို့နယ်အတွင်းမှ တောင်သားကျေးရွာများကို စာရေးဆရာ စောကြူမောင် (ယောမြေ)က သူ၏ တောင်သား သို့မဟုတ် ရေမြေကို အောင်နိုင်သူ (စာပေဗိမာန်ဆုရ) စာအုပ်တွင် ဆောမြို့နယ်အတွင်းမှ တောင်သားရွာများစာရင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

**ချီချောင်းရိုးရှိ တောင်သားရွာများ**

| | | |
|---|---|---|
| ၁။ ရေရှင်ရွာ | ၂။ တောင်တက်ရွာ | ၃။ ပြင်လယ်ရွာ |
| ၄။ ကံကြီးရွာ | ၅။ ရင့်ရဲရွာ | ၆။ ကြံတောရွာ |
| ၇။ ပေါက်ခေါင်းရွာ | ၈။ ငါးလွှန်းရွာ | ၉။ ကျောက်ထွရွာ |

www.burmeseclassic.com

www.burmeseclassic.com



**ယောချောင်းရိုးရှိ တောင်သားရွာများ**

၁၀။ တေးရွာ ၁၁။ပန်းဆန်ရွာ ၁၂။ ကျောက်မြရွာ
၁၃။ နွားသိုးရွာ ၁၄။မိအယ်ရွာ

**ကြီးချောင်းရိုးဘေးရှိ တောင်သားရွာများမှာ**

၁၅။ ရွာသာရွာ ၁၆။အညာပန်းပလွန်းရွာ ၁၇။ကျောက်စစ်ရွာ
၁၈။ ကံချောင်းရွာ ၁၉။လက်မွန်ရွာ ၂၀။ပေါက်တောရွာ
၂၁။ ငှက်ချောင်းရွာ

**ရင့်ရဲချောင်းရိုးပေါ်မှ ကျေးရွာများမှာ**

၂၂။ အညာကတင်းရွာ ၂၃။အကြည်ကတင်းရွာ ၂၄။ ရင့်ရဲချောင်းရွာ
၂၅။ ကံအိုးရွာ ၂၆။ကြီးရွာ

စသည်ဖြင့် ကျေးရွာပေါင်း (၂၆) ရွာရှိသည်။ အချို့ရွာများတွင် တောင်သားများသာသီးသန့်နေထိုင်ကြသော်လည်း အချို့ရွာများတွင် ဗမာများနှင့် တောင်သားများ ရောနေကြပြီဟု သိရသည်။

**ထီးလင်းမြို့နယ်ရှိ တောင်သားရွာများ**

| | | | |
|---|---|---|---|
| ၁။ | ဝက်သက်ရွာ | ၂။ | တောင်ရင်းရွာ |
| ၃။ | ဝက်သက်မြောက်ကုန်း | ၄။ | တိုက်ပုရွာ |
| ၅။ | ပဇင်းချောင်းရွာ | ၆။ | ဝါးဘိုးချောင်ရွာ |
| ၇။ | ထန်းပင်ကုန်းရွာ | ၈။ | တောချောင်းရွာ |
| ၉။ | လက်ပန်ရွာ | ၁၀။ | လုံးပေါင်ရွာ |
| ၁၁။ | ကျောက်အုပ်ရွာ | ၁၂။ | ကြာဥယျာဉ်ရွာ |
| ၁၃။ | အုန်းတောရွာ | ၁၄။ | လောင်ဘိုကြီးရွာ |
| ၁၅။ | အိုင်းမရွာ | ၁၆။ | ရွှေခုံတိုင်ရွာ |
| ၁၇။ | ဇီးတောရွာ | ၁၈။ | ဆေးမင်းတောရွာ |

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ဟင်းခွက်ကုန်းရွာ ၂၀။ သမ္မာရာရွာ
၂၁။ အကြည်ဝါးဘင်းရွာ ၂၂။ အုန်းတွဲရွာ
၂၃။ တီရွာ

ဂန့်ဂေါမြို့နယ်တွင်
၁။ တောင်လုံးရွာ ၂။ တောင်သာပြင်ရွာ
၃။ ဆီးပြားရွာ ၄။ စပယ်ရွာ
၅။ စပ်ပုံရွာ

စေတုတ္တရာမြို့နယ်တွင်
၁။ တပွင့်ရွာ ၂။ မကျီးရွာ ၃။ ဒွေးရွာ

**မှတ်ချက်။** ကျောင်းကြီးရှင် သမိုင်းစာအုပ်တွင် "တောင်သားလူ များသည် ၁၁၃၉ ခုနှစ် သူကြီးဦးမျိုးထွန်း လက်ထက်တွင်မှ ယောနယ်သို့ ရောက်ရှိလာကြသည်ဟု ရေးထားသည်။ ပုပ္ပါးနယ်မှ ရောက်လာကြသည်" ဟု ဆို၏။ အစတွင် အိမ်ခြေ (၂၀)ခန့်သာရှိသည်။ ၁၁၄၈ ခုနှစ်နောက်ပိုင်းတွင်မှ တဖြည်းဖြည်းများလာကြသည်။ တောင်ထက်ရွာ၊ အောက်ကျင်းရွာ၊ တေးရွာ၊ မိအယ်ရွာ၊ ရွာသာရွာဟူ၍ ငါးရွာသာ ရှိခဲ့သည်ဟု ဖော်ပြသည်။ ဦးစိန်ထွန်းထံမှ ပုရပိုက်မူတွင် တောင်သားရွာများ နေရာချထားခဲ့ပုံကို ဖော်ပြထားသည်ဟု မှတ်တမ်းတင်ထားသည်။ လေ့လာသင့်ကြပါ၏။ အမှန်မှာ ထိုထက်စောကြောင်း အထောက်အထားများစွာ ရှိပါသည်။

တောင်သားစကားအချို့ကို ယောသားကြီး စာရေးသူ၏ မိတ်ဆွေရင်း စောကြူမောင် (ယောမြေ) (ကိုအုံ့မောင်) ၏ တောင်သားစာအုပ်မှ ကူးယူဖော်ပြလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာကိုယ် အစိတ်အပိုင်းများ

| | | ဗမာစကား | | တောင်သားစကား |
|---|---|---|---|---|
| ❖ | ၁။ | ခန္ဓာကိုယ် | = | ဗုမ် |
| ❖ | ၂။ | ဦးခေါင်း | = | လူ |
| ❖ | ၃။ | ဆံပင် | = | ဆမ် (မ်) |
| | ၄။ | မျက်နှာ | = | ဟှယ် |
| ❖ | ၅။ | မျက်လုံး | = | မိမူး |
| ❖ | ၆။ | သွား | = | ဟှာ |
| | ၇။ | နား | = | နာ |
| | ၈။ | နှာခေါင်း | = | ဟာရော် |
| ❖ | ၉။ | လည်ပင်း | = | လေခွမ့် |
| ❖ | ၁၀။ | လက် | = | ကု |
| | ၁၁။ | နို့ | = | ပိန် |
| | ၁၂။ | ခါး | = | ဟင်မာင်း |
| | ၁၃။ | ခြေထောက် | = | ခွား |
| ❖ | ၁၄။ | ပေါင် | = | ဖဲ |
| ❖ | ၁၅။ | ဒူးဆစ် | = | ခု |
| | ၁၆။ | ခြေသလုံး | = | တန်ခေါင်း |
| | ၁၇။ | ခြေဖဝါး | = | ခွားယှယ် |
| | ၁၈။ | သွေး | = | ယှိ |
| | ၁၉။ | ချွေး | = | ဟိုက်တွေ |
| ❖ | ၂၀။ | မစင် | = | အှဲ |

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများ အခေါ်အဝေါ်

| | | | | |
|---|---|---|---|---|
| ❖ | ၁။ | အဖေ | = | ဘား |
| ❖ | ၂။ | အမေ | = | အီး |
| ❖ | ၃။ | သား | = | သား |
| ❖ | ၄။ | သမီး | = | သနူး |
| | ၅။ | အဘိုး | = | ပတ်ပါး |
| | ၆။ | အဘွား | = | ပအီး |
| | ၇။ | ဦးလေး | = | ပူပူ |
| | ၈။ | ခဲအို | = | ဝယှင် |
| | ၉။ | မောင်နှမ | = | သစ်မာ |
| ❖ | ၁၀။ | ညီအစ်ကို | = | ဦးသားနားပါး |
| ❖ | ၁၁။ | ညီအစ်မ | = | အူနူး နာနူး |
| | ၁၂။ | ခယ်မ | = | နီသစ်နူးတော် |
| | ၁၃။ | သူငယ်ချင်း | = | ဖာ |
| | ၁၄။ | လူပျို | = | သောင်းပရင်း |
| ❖ | ၁၅။ | အပျို | = | နူးလား |
| | ၁၆။ | မိန်းမကြီး | = | နူးအလင်း |
| | ၁၇။ | ယောက်ျား | = | ပရာ |
| | ၁၈။ | မင်း | = | ပြ |
| | ၁၉။ | သူကြီး | = | ပန်စိုး |
| | ၂၀။ | အစ်ကို | = | ဝ |
| ❖ | ၂၁။ | ညီ | = | နာပါး |
| ❖ | ၂၂။ | အစ်မ | = | အူနူး |
| ❖ | ၂၃။ | ညီမ | = | နာနူး |
| | ၂၄။ | ဘုန်းကြီး | = | တို့ခင် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၂၅။ | နတ် | = | ရဲ |
| ၂၆။ | ဖြဟ္မာ | = | ဟမာ |

**အဝတ်အထည်နှင့် အရောင်**

| | | | | |
|---|---|---|---|---|
| ❖ | ၁။ | ထဘီ | = | နီနီ |
| | ၂။ | လုံချည် | = | ပုဆိုး |
| | ၃။ | ခေါင်းပေါင်း | = | လူပေါင် |
| | ၄။ | အဝါ | = | အအား |
| ❖ | ၅။ | အနီ | = | အရှိန်း |
| | ၆။ | အစိမ်း | = | အစိမ်း |
| | ၇။ | အမည်း | = | မယ် |
| | ၈။ | အနက် | = | အနို |

**ကောက်ပဲသီးနှံ**

| | | | |
|---|---|---|---|
| ၁။ | စပါး | = | သ |
| ၂။ | နှမ်း | = | ယှရှူး |
| ၃။ | သခွားသီး | = | ကောင်းကျိန်တယ် |
| ၄။ | ခရမ်းသီး | = | ပို့ပွန်းတယ် |
| ၅။ | ခရမ်းချဉ်သီး | = | ပို့ပွန်းထုတ်တယ် |
| ၆။ | အုန်းသီး | = | အုမ်းထယ် |
| ၇။ | သရက်သီး | = | ဆဟာထယ် |
| ၈။ | ပဲသီး | = | ကြားထယ် |

**တိရစ္ဆာန်များ**

| | | | |
|---|---|---|---|
| ၁။ | ကျွဲ | = | နား |
| ၂။ | နွား | = | ဆုံ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ❖ ၃။ | ဆင် | = | ဝိ |
| ❖ ၄။ | ခွေး | = | အွေ |
| ၅။ | မြင်း | = | ပြင်း |
| ၆။ | ကြောင် | = | မိန် |
| ၇။ | အိမ်ကြောင် | = | ခွားအပ် |
| ၈။ | တောကြက် | = | ရမ်းအပ် |
| ၉။ | ကြွက် | = | ယူး |
| ၁၀။ | ချိုးငှက် | = | ဝခူ |

**အရေအတွက်များ**

| | | | |
|---|---|---|---|
| ❖ | တစ် | = | ခပ်တော |
| ❖ | နှစ် | = | နိမ့်တော |
| ❖ | သုံး | = | ထူးတော |
| ❖ | လေး | = | လီတော |
| ❖ | ငါး | = | ငါတော |
| ❖ | ခြောက် | = | ရှုတော |
| ❖ | ခုနစ် | = | ဆလီတော |
| ❖ | ရှစ် | = | ရစ်တော |
| ❖ | ကိုး | = | ကွာတော |
| ❖ | တစ်ဆယ် | = | ရှာတော |

**ကြိယာအချို့**

| | | | |
|---|---|---|---|
| ၁။ | ကျန်းမာရဲ့လား | = | အကရင်းနှိုး |
| ၂။ | ကျန်းမာကြပါသည် | = | အကရင်းလေး |
| ၃။ | ထမင်းစားပြီးပြီလာ | = | သသို့သိုင်းနှိုး |
| ၄။ | ထမင်းစားပါဦး | = | သသိုးဟီအား |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၅။ | ရေချိုးသောက်ပါဦး | = | လက်ဖက်တွီလော့ဟီအား |
| ၆။ | ထမင်းရေသောက်ပါဦး | = | ထမင်းတွီလော့ဟီအား |
| ၇။ | ကျေးဇူးတင်သည် | = | ကျေးဇူးနားနာကတင်း |
| ၈။ | ဝမ်းသာပါသည် | = | နာနာကငဲန်း |
| ၉။ | စိတ်မကောင်းပါ | = | သိပ်ရှင်အိမ်း |
| ၁၀။ | လှသည် | = | နားနာအရှင်း |
| ၁၁။ | အလွန်အရုပ်ဆိုးသည် | = | နားနာရှုပ |
| ၁၂။ | ချစ်သည် | = | အကရိုး |
| ၁၃။ | မုန်းသည် | = | အကရို့ |
| ၁၄။ | ရယ်သည် | = | ဟူးခွိန် |
| ၁၅။ | ငိုသည် | = | နွီ |
| ၁၆။ | ဝမ်းနည်းသည် | = | အကရပ် |
| ၁၇။ | ဝမ်းသာသည် | = | အငဲဝန်မ် |

"ဆရာကြီး ဖော်ပြထားတဲ့ တောင်သားစကားတွေက ကျွန်တော်တို့ တီးတိန် ချင်း ဇိုမီး ချင်းတွေရဲ့ စကားတွေနဲ့ (၈၀) ရာခိုင်နှုန်းလောက် တူနေပါ့ပဲ။ ဥပမာ - တစ်၊ နှစ်မှ တစ်ဆယ်အထိ အခေါ်အဝေါ်တွေအားလုံး အတူတူပဲ" ဟု ၂၆-၁၂-၀၅ နေ့က ကလေးမြို့သို့ စာရေးသူ ရောက်လာခဲ့စဉ် သွားဆရာဝန်ကြီး ဒေါက်တာတွမ်ခန်းဆွမ်က ပြောပြခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



**အခြားလူမျိုးများ**

ယောဒေသတွင် ယခုအခါ ချင်းလူမျိုးများနှင့် တရုတ်၊ ကုလားလူမျိုးများ တွေ့နေရပါသည်။ ဤအပိုင်းသည် သမိုင်းထဲမှ ယောဒေသဟု မာတိကာမှာ ခွဲခြားထားသဖြင့် ယခုခေတ် အခြေအနေများကို သီးခြားအခန်းခွဲပြီး ရေးသားတင်ပြပါမည်။ ချင်းလူမျိုးများသည် ပြည်မနှင့် ကူးလူးဆက်ဆံရာတွင် ယောဒေသကို ဖြတ်သန်းသွားလာကြရသည်။ ပခုက္ကူမှ ပေါက်၊ ယောမြို့ကိုဖြတ်ပြီး ကန်ပက်လက်ဒေသနှင့် မင်းတပ်ဒေသသို့ သွားကြသည်။ ဂန့်ဂေါ၊ အနောက်ဂန့်ဂေါ၊ ရှုံးရှီရာရွာဒေသကိုဖြတ်ပြီး မြောက်ပိုင်း ချင်းတောင်သို့ တက်ခဲ့ကြသည်။




ချင်းလူမျိုးများသည် မြေပြန့်သို့ ဆင်းလာကြလျှင် လူများ စုဖြစ်သော ဗမာများက လွှမ်းမိုးသွားသည်။ ဥပမာ အနောက်ဂန့်ဂေါရွာတွင် ရှုံးရှီရွာဆိုပြီး ချင်းတို့ အခြေချနေထိုင်လာခဲ့ကြသည်။ ဗမာများနှင့် ပေါင်းသွားပြီး ဗုဒ္ဓဘာသာနှင့် ဗမာယဉ်ကျေးမှုကို လက်ခံသော ဗမာဆန်သော ချင်းလူမျိုးများ ဖြစ်သွားသည်။ ၁၉၀၁ ခုနှစ် စာရင်းများ၌ပင် ဗမာဆန်သော ချင်းလူမျိုးရွာဆိုပြီး ရှုံးရှီရွာကို ဖော်ပြခဲ့သည်။

၁၉၀၁ ခုနှစ် ဖွားသေ စာရင်းတွင် ရှုံးရှီရွာ၌ အိမ်ခြေ (၄၁၅)အိမ်၊ ကျား (၈၈၅)ဦးနှင့် မ (၈၈၄) ဦး၊ စုစုပေါင်း (၁၇၆၉) ဦးရှိသည်။ ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ဦးရေမှာ ကျား (၇၀၂)ဦးနှင့် မ (၇၇၈)ဦး စုစုပေါင်း (၁၄၈၀) = ၈၃.၆ ရာခိုင်နှုန်းရှိသည်။ နတ်ကိုးကွယ်သူ ကျား (၁၇၅)ဦးနှင့် မ (၂၀၄)ဦး စုစုပေါင်း (၃၇၉)ဦး ၂၁ ရာခိုင်နှုန်းရှိသည်။ ဟိန္ဒူ (၇)ဦးနှင့် ခရစ်ယာန်ဘာသာဝင် အမျိုးသမီးတစ်ဦးရှိသည်။ ရာခိုင်နှုန်း တွက်ကြည့်သောအခါ အနည်းငယ် ပိုနေသဖြင့် တစ်ချို့မှာ ဗုဒ္ဓဘာသာကိုလည်း ယုံကြည်၊ နတ်ကိုးကွယ်မှုစာရင်း တွင်လည်း ပါဝင်နေဟန်တူသည်။

(ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ် - ၁၉၁၂)

× × × × ×

## အုပ်ချုပ်ရေးစနစ် ခေတ်အဆက်ဆက်

ယောဒေသတွင် ပုဂံခေတ်မတိုင်မီကပင် အုပ်ချုပ်ရေးစနစ်ရှိခဲ့သည်။ မြန်မာရှင်ဘုရင်ခေတ်တွင် စော်ဘွားအုပ်ချုပ်ရေးစနစ် ဖြစ်သည်။ 'ကုန်းဘောင်ခေတ်အလယ်ပိုင်း ဗဒုံမင်းလက်ထက်မှစပြီး စော်ဘွားစနစ်ကို ဖျက်သိမ်းခဲ့ပြီး ယောလေးမြို့ကို ပေါက်မြို့ဝန်က အုပ်ချုပ်ခဲ့သည်။ ယောလေးမြို့တွင် သူကြီးများ ခန့်ထားခဲ့သည်။ သီပေါမင်းလက်ထက် အေဒီ ၁၈၈၀ ခုနှစ်တွင် မြို့ဝန်စနစ်ကို ဖျက်သိမ်းပြီး ခရိုင်ဝန်များ ခန့်အပ်ခဲ့သည်။ ပုခန်းကြီး ခရိုင်ဝန်သည် ယောဒေသအများအပြားကို အုပ်ချုပ်ရပါသည်။ တစ်ချို့တစ်ပိုင်းကိုမူ မြစ်ဆုံခရိုင်တွင် ပါဝင်သည်။

လူသားတို့သည် ယောဒေသ၌ ကမ္ဘာဦးအစ ကျောက်ခေတ်ကပင် အခြေချနေထိုင်ခဲ့ကြသည်။ သို့သော် အုပ်ချုပ်ရေးစနစ်ဟူ၍ တိတိကျကျ ရှိခဲ့ဟန်မတူပေ။ အုပ်ချုပ်ရေးစနစ်ကို ကံရာဇာကြီးက စတင်ခဲ့ဟန် တူသည်။ ထို့ကြောင့် ကလေးဒေသနှင့် မြောက်ပိုင်း ယောဒေသ၊ ဂန့်ဂေါဒေသတို့တွင် ကံရာဇာကြီးဟူသော အမည်မှာ မော်တော်ကားလိုင်း၊ ကံရာဇာကြီး ထည်းခိုခန်း စသည်ဖြင့် ကံရာဇာကြီးအမည်ကို ယနေ့တိုင် သုံးစွဲနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကံ့ရာဇာကြီး၊ ကံ့ရာဇာငယ်

အမှန်တော့ ကံ့ရာဇာကြီး၊ ကံ့ရာဇာငယ် ညီအစ်ကိုတို့သည် ဂေါတမမြတ်စွာဘုရား သိဒ္ဓတ္ထမင်းသား မမွေးမီ နှစ်ပေါင်း တစ်ထောင်ခန့်က အုပ်ချုပ်ခဲ့သောမင်းများ ဖြစ်ကြပါသည်။ ကံ့ရာဇာကြီးနှင့် ကံ့ရာဇာငယ်အမည်များသည် မြို့စား၊ နယ်စားများဖြစ်မည်ဟု ယူဆရပါသည်။ ရာဇာဆိုသော စကားသည် မင်းဟု အဓိပ္ပါယ်ရသော်လည်း "ရာဂျာ" ဟူသော စကားကို အိန္ဒိယအုပ်ချုပ်ရေးမှ ဆင်းသက်လာသည်ဟု တစ်ချို့က ဆိုကြပါသည်။ "မဟာရာဂျာ" မြို့စားကြီးဟူသောသဘော ဖြစ်ပါသည်။ ကံ့ရာဇာကြီး၊ ကံ့ရာဇာငယ်တို့သည် မြို့စားကြီး၊ မြို့စား လေးများ ဖြစ်ကြပါမည်။ ထိုသူတို့၏ ဖခင်သည် တကောင်းခေတ်ကြီးကို စတင်တည်ထောင်သူ၊ အဘိရာဇာမင်းကြီး ဖြစ်ပါသည်။ အဘိရာဇာမင်း စတင်တည်ထောင်သော တကောင်းခေတ်ကြီးကို ပထမတကောင်းခေတ်ဟု သတ်မှတ်ပါသည်။ မင်းဆက်ပေါင်း (၃၃)ဆက် ရှိခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားဖွားတော်မမူမီက ဖြစ်ပါသည်။ ပထမတကောင်းခေတ်ကြီး ပျက်စီးသွား ပြီး ဒုတိယတကောင်းခေတ်ကြီးကို သတိုးဓမ္မဒီပဓဇ ရာဇာမင်းက စတင်ပြီး ပြန်လည်ထူထောင်ပါသည်။ ဒုတိယတကောင်းခေတ်ကြီးတွင် မင်းဆက်ပေါင်း (၁၇) ဆက် အုပ်ချုပ်စိုးစံခဲ့ပါသည်။ ထို့ကြောင့် ပထမတကောင်းခေတ် နှင့် ဒုတိယတကောင်းခေတ်ကြီးတို့တွင် မင်းဆက်ပေါင်း (၄၁)ဆက် စိုးစံခဲ့ပါသည်။ နောက်ဆုံးမင်းဆက်ဖြစ်သော သတိုးမဟာရာဇာမင်း လက်ထက်သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသော ခေတ်ဖြစ်သည်။ သတိုးမဟာရာဇာမင်းကြီး၏ သားတော်များဖြစ်သော မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝတို့သည် သရေခေတ္တရာခေတ်ကြီးကို သာသနာသက္ကရာဇ် ၆၀ ခုနှစ်တွင် စတင်အစပျိုး ထူထောင်လိုက်ကြပါသည်။ ဂေါတမမြတ်စွာဘုရား၏ လက်ထက်သည် တကောင်းမင်းဆက် (၄၁)ဆက် အနက် နောက်ဆုံးသုံးဆက်မြောက်ခန့်တွင် ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာကြီး၊ ကံရာဇာငယ်တို့၏ ဖခင်သည် အိန္ဒိယနိုင်ငံ၊ နီပေါဒေသ ဂေါတမမြတ်စွာဘုရား၏ ဖွားရာဇာတိဒေသ ကပိလဝတ်ပြည်နယ်မှ ဖြစ်ပါသည်။ ရာဇဝင်အဆိုအရ ပဉ္စာလရာဇ်မင်းသည် ကောသလတိုင်းနှင့် ပဉ္စာလရာဇ်တိုင်းကြီးနှစ်တိုင်းလုံးကို အစိုးရသော မင်းဖြစ်သည်။ ပဉ္စာလရာဇ်မင်းကြီးက အမျိုးချင်း ဆက်လိုသောသဘောဖြင့် ကောလိယမင်းထံ သမီးကညာကို တောင်းခံသည်။ ကောလိယမင်းက မချေမငံ အကြောင်းပြန်သည်။ စစ်ကြီးဖြစ်ကြသည်။ ပဉ္စာလရာဇ်မင်းသည် အင်အားကြီးသူဖြစ်၍ နိုင်သည်။ ကောလိယ၊ ဒေဝဒဟနှင့် ကပိလဝတ်မည်သော သုံးပြည်ထောင်သော မင်းတို့သည် စစ်ရှုံးကြလေ၏။ သုံးစုခွဲပြီး ထွက်ပြေးတိမ်းရှောင်ကြရသည်။ ကပိလဝတ်ပြည်ထောင်မှ သကျသာကီဝင်မင်းမျိုး အဘိရာဇာမင်းသည် အရှေ့အရပ်သို့ ထွက်ခွာလာသည်။ ဧရာဝတီမြစ်ကို တွေ့မြင်ရသောအခါ ထိုအရပ်တွင် အခြေချနေထိုင်ကြသည်။ တကောင်းမြို့ကြီးကို တည်ထောင်ပြီး တကောင်းခေတ်ကြီးကို စတင်လိုက်သည်။ ပထမတကောင်းမင်းဆက် ဖြစ်သည်။ ဖခင်အဘိရာဇာမင်းကြီး နတ်ရွာစံသောအခါ သားတော် ကံရာဇာကြီးနှင့် သားတော်အငယ် ကံရာဇာငယ်တို့ ထီးနန်းလုကြသည်။ မှူးကြီး၊ မတ်ကြီးတို့မှာ များစွာ စိတ်သောကရောက်ကြရသဖြင့် "အရှင်မင်းသားတို့ စစ်ဖြစ်ကြလျှင် ပြည်သူပြည်သားတို့ စစ်ဘေးစစ်ဒဏ်ကြောင့် သေကျေပျက်စီး ဒုက္ခရောက်ကြရပေတော့မည်။ စစ်တိုက်ခြင်းကို ရှောင်ရှားကြပါ။ ကုသိုလ်စစ်ဖြင့် အင်အားချင်း ပြိုင်ကြပါဟု ပညာရှိအမတ်ကြီးများက တင်ပြလျှောက်ထားကြသည်။ မဏ္ဍပ်ကြီး တစ်ဆောင်စီ ဆောက်လုပ်ကြရမည်။ အရင်ပြီးသူက အနိုင်ဟု သတ်မှတ်မည်။ လူအင်အားများသူ စည်းလုံးညီညွတ်သူ၊ အစီအမံကောင်းသူ၊ အလုပ်ကြိုးစားသူဖက်မှ အရင်ပြီးမည်ဟု ဆိုလိုဟန် တူပါ၏။ ကံရာဇာကြီးသည် သစ်ကြီးဝါးကြီးများဖြင့် အလွန်ခိုင်ခံ့တောင့်တင်း ခမ်းနားသော မဏ္ဍပ်ကြီးကို တည်ဆောက်၏။ ကံရာဇာငယ်သည် သစ်သေး၊ ဝါးသေးများဖြင့် မဏ္ဍပ်ကို ဆောက်လုပ်ပြီး အုတ်ဖျူကား၊

www.burmeseclassic.com

www.burmeseclassic.com



ထုံးသုတ်၍ အပြီးဟု ကြေညာလိုက်သည်။ ပညာရှိအမတ်ကြီးများနှင့် ကံရာဇာကြီးကလည်း လက်ခံကြသည်။ ကံရာဇာကြီး ရှုံးသည်ဟု သတ်မှတ်သည်။ ကံရာဇာကြီးသည် တကောင်းမြို့ကြီးမှ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းခဲ့သည်။ ယခု ပခုက္ကူမြို့နယ်အထက်နားတွင် ချင်းတွင်းမြစ်ဆုံသို့ ရောက်လာသည်။ ဧရာဝတီမြစ် အတိုင်း ဆက်ပြီး မစုန်ဆင်းဘဲ ချင်းတွင်းမြစ် (သလ္လာဝတီမြစ်) အတိုင်း ဆန်တက်ကြသည်။ ကလေးဝဒေသသို့ ရောက်သောအခါ အခြေချ စခန်းချ ရပ်နားသည်။ ဒေသခံတို့က ဤဒေသတွင် အုပ်ချုပ်မင်းလုပ်ပါရန် တောင်းပန်သည်။ ကံရာဇာကြီးသည် ကလေးမြို့အထက်နားတွင် ပိုလ်ဝင်ခံပြီး ရာဇဂြိုလ် မြို့ဟု သမုဒ်သည်။ မိမိ၏ ဖွားရာဒေသအနီးမှ မဇ္ဈိမ၊ ရာဇဂြိုလ်နှင့် ပထဝီအနေအထားအရလည်းတူသဖြင့် လည်းကောင်း၊ မိမိ၏ဇာတိဒေသ အမည် ကျန်ရစ်စေရန်လည်းကောင်း ရည်ရွယ်ခဲ့ဟန်တူသည်။ မြစ်သာမြစ် အတွင်းသို့ စီးဝင်သော အိန္ဒိယပြည်မှ စီးဆင်းလာသောမြစ်ကိုလည်း မဏိပူရ မြစ်၊ မဏိပူရမြစ်အတွင်း စီးဝင်သော မြစ်တစ်ခုကိုလည်း နေရဥ္စနာမြစ်ဟု ခေါ်မှည့်ခဲ့ဟန်တူသည်။ မဏိပူရမြစ်သည် မြစ်သာမြစ်အတွင်းသို့ စီးဝင်ပြီး ချင်း တွင်းမြစ်နှင့် ကလေးဝမြို့တွင် ပေါင်းဆုံကြသည်။

ကံရာဇာကြီးသည် မိမိကိုယ်တိုင်ကမူ ရာဇဂြိုလ်မှ ယခု ရခိုင်ပြည်နယ် ဖက်သို့ ဆက်လက်ထွက်ခွာသွားသည်။ ပန်းတောင်းမြို့ကို တည် ထောင်၍ (၇၄) နှစ်တိုင်တိုင် စံနေတော်မူခဲ့သည်။ မော်ရိယတိုင်း၊ ကလေး ဒေသကို အုပ်ချုပ်ရန်အတွက် ပျူ၊ ကမ်းယံ၊ သက်လူမျိုးတို့၏ တောင်းပန်မှု အရ သားတော် မုဒုစိတ္တကို လွှဲအပ်ခဲ့သည်။ ထိုအချိန်မှစပြီး ယောဒေသတွင် အုပ်ချုပ်မှုစနစ်၊ အကြီးအကဲ ပေါ်ပေါက်လာသည်ဟု သမိုင်းမှာ ဆိုသည်။ ထိုဒေသရှိ လူမျိုးများမှာ ရှမ်း၊ ကဒူး၊ သက်၊ အိမ်ကျယ်လူမျိုးများ ဖြစ်သည်။ ကံရာဇာကြီး၏ သားတော် မုဒုစိတ္တမှ အစဉ်အဆက် အုပ်ချုပ်လာခဲ့သည် မှာ နှစ်ပေါင်း တစ်ထောင်ခန့် ကြာပေမည်။ သာသနာသက္ကရာဇ် (၇၃) ခုနှစ် တွင် မဇ္ဈိမဒေသ၊ မာဂဓတိုင်းမှ ဇာလမိကမင်းသား ရောက်လာပြီး စိုးစံအုပ်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်သည်။ သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်တွင် စူဠာသမ္ဘဝ၏ သားတော် ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာမြို့သစ်ကြီးကို တည်ထောင်ပြီး သရေခေတ္တရာခေတ်ကြီးကို စတင်တည်ထောင်သည်။ သရေခေတ္တရာခေတ်သို့ ရောက်သောအခါ ယောဒေသတစ်ခုလုံးသည် သရေခေတ္တရာမြို့ကြီးတွင် အပါအဝင် ဖြစ်လာလေသည်။ သရေခေတ္တရာမြို့ကြီး အမှန်တကယ် တည်ရှိခဲ့ကြောင်းနှင့် သရေခေတ္တရာနိုင်ငံကြီး ကျယ်ပြန့်ခဲ့ကြောင်းကို သမိုင်းပညာရှင်များ လက်ခံအတည်ပြုခဲ့ပြီး ဖြစ်ပါ၏။ စာရေးသူသည် သရေခေတ္တရာခေတ်ကြီးကိုလည်း အထူးစိတ်ဝင်စားပါသည်။ ပြည်မြို့မှ အောင်လံဖက်သို့ ထွက်လာရာ သုံးမိုင်ခန့်အရောက်တွင် မှော်ဇာမြို့ဟောင်းသို့ ဟူသော ဆိုင်းဘုတ်ကို တွေ့မြင်ရသဖြင့် အရောက်သွားရောက်ခဲ့သည်။ သရေခေတ္တရာခေတ်က ကျောက်ပစ္စည်း၊ ကြေးပစ္စည်း၊ သံပစ္စည်းအများအပြားကို တွေ့မြင်ရသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာနှင့်ဆိုင်သော စေတီပုံ၊ ဗုဒ္ဓဆင်းတုပုံတော်များကို တွေ့မြင်ခဲ့ရသည်။ ဗုဒ္ဓတရားတော်များ ပါဝင်သော ရွှေပုရပိုက်ကိုပင် တွေ့ရှိထားပြီး ဖြစ်သည်။ ထို့ကြောင့် သရေခေတ္တရာနိုင်ငံကြီးသည် အမှန်ရှိခဲ့သည်။ အမှန်ကျယ်ပြန့်ခဲ့သည်။ အမှန်သြဇာကြီးခဲ့သည်။ ဗုဒ္ဓဘာသာ၊ သာသနာတော် ထွန်းကားခဲ့သည်မှာလည်း အမှန်ဖြစ်ကြောင်း သိရသည်။ ပုဂံပြည် အနော်ရထာမင်းထက် နှစ်ပေါင်းတစ်ထောင်ကျော် စောသည်။ သရေခေတ္တရာနိုင်ငံကြီးအကြောင်းကို သမိုင်းသုတေသီ ဆရာကြီး ဒေါက်တာသန်းထွန်း၏သမိုင်းနိဒါန်းစာအုပ်မှ ကောက်နုတ်ချက်ကို မူရင်းအတိုင်း အောက်တွင် ဖော်ပြပါမည်။

"ပျူသင်္ချိုင်းစာအရ ပျူမင်းဆက်ပါ မင်းတစ်ချို့ရဲ့ ဘွဲ့အမည်၊ အသက်နဲ့ ကွယ်လွန်ရက်ကို ယခုလို တွေ့ရပါတယ်။"

၁။ သက်တော် (၅၇)နှစ်၊ ၂ လ၊ ၂၄ ရက်မှာ ဟရိဝိကြမမင်းသည် ၁၉ ရက်၊ ၇လ၊ ၄၁ ခုနှစ်၊ (အေဒီ ၁၂၀) တွင် နတ်ရွာစံသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ သက်တော် (၈၀)ပြည့်ပြီး ၂ လ၊ ၄ ရက်မှာ သိဟဝိကြမမင်းသည် အရက် ၂၀၊ ၉ လ၊ ၄၄ ခုနှစ်၊ (အေဒီ ၁၂၃) တွင် နတ်ရွာစံသည်။

၃။ သက်တော် (၃၅)နှစ်မှာ သူရိယဝိကြမ (မိဖုရား) နတ်ရွာစံသည်။

၄။ သက်တော် (၅၀)ပြည့်နှစ် ၅လမှာ သူရိယဝိကြမ၊ ကိုယ်တော်တိုင် ၆၄ ခုနှစ် (အေဒီ ၁၄၃) တွင် နတ်ရွာစံသည်။

၅။ အာဒိတြဝိကြမမင်း ၈၄ ခုနှစ် (အေဒီ ၁၆၃၂) တွင် နတ်ရွာစံသည်။

ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိသုတေသနပြုချက်အရ သခ်ရခေတ္တရာမြို့အပါအဝင် ပျူတွေရဲ့ယဉ်ကျေးမှုသည် ခရစ်တစ်ရာစုထက်နောက်မကျလို့ ပြော တယ်။ (အောင်သော် ၁၉၆၈)။ တရုတ်မှတ်တမ်းတွေအရ ခရစ်မပေါ်မီ နှစ် (၂၀၀)ဘီစီနှစ်လို့ ပြောနိုင်တယ်။ အုတ်တံတိုင်းတွေ၊ တောင်မှမြောက်တန်းနေပုံ အတိမ်းအစောင်းကို ကြည့်ပြီး မြို့တည်ရက်ဟာ ခရစ်မပေါ်မီ (၂)ရာစု ဘီစီနှစ်လို့လည်း မှန်းဆလို့ရတယ်။ (သန်းထွန်း၁၉၇၇)

ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့နောက် ပျူဒေသဖြစ်တယ်လို့ ထင်ရတဲ့ ထုမင် (မိုင်းမောင်) ပန်ထွာ (ဗိဿနိုးမြို့ဟောင်း) ဂြိကွေတြ (သရေခေတ္တရာ)၊ ဟံလင်းမြို့ဟောင်းတွေမှာ ရှေးဟောင်းသုတေသနက တူးဖော်မှုလုပ်လာပြီး တစ်ဘက်ကလည်း တရုတ်မှတ်တမ်းတွေကို ဖက်တွဲအသုံးပြုတဲ့အခါ ပျူဟာ ခရစ်မပေါ်မီ (၅)ရာစုနှစ်လောက်ကစပြီး မြန်မာနိုင်ငံဘက်ကို ဝင်လာပြီး ခရစ် (၁၀၀)ခုနှစ်လောက်ကစပြီး ပျူတွေဟာ ထင်ရှားလာတယ်။ ခရစ်လေးရာစုနှစ်က ကိုးရာခုနစ်အထိ ပျူနိုင်ငံဟာ "တောင်ကို မဒမ (မုတ္တမ)ထိ၊ အရှေ့ကို သံလွင်မြစ်က၊ အနောက်ကို သံတွဲအထိ၊ မြောက်ကို ယွန်းနန်းနယ်စပ်အထိ ကျယ်ပြန့်ခဲ့တယ်လို့ သိရတယ်။ ချန်ရည်စိန် ၁၉၇၉ ပျူနိုင်ငံကို ပထမမြန်မာနိုင်ငံလို့လည်း ခေါ်နိုင်တယ်။ (သန်းထွန်း ၁၉၉၄)

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဒေါက်တာသန်းထွန်း၏ မှတ်ချက်ကိုကြည့်ခြင်းအားဖြင့် ယောဒေသသည် ပုဂံခေတ်မတိုင် မီက သရေခေတ္တရာနိုင်ငံ၏ အုပ်ချုပ်မှု အောက်တွင် တည်ရှိခဲ့ကြောင်း ထင်ရှားပါသည်။ အချုပ်ဆိုရသော် ယောဒေသ (ယောနကတိုင်း) နှင့် ကလေးဒေသ (မောရိယတိုင်း) တို့သည် ဂေါတမ မြတ်စွာဘုရားမပွင့်မီနှင့် ဂေါတမဘုရားသက်တော်ထင်ရှားရှိနေစဉ်တွင် ဂေါတမမြတ်စွာဘုရား၏ မျိုးနွယ်စဉ်ဆက်ဖြစ်သော မဇ္ဈိမဒေသမှ မင်းသားများ သို့မဟုတ် မင်းမှုထမ်းများက အုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်ရာတွင်လည်း မဇ္ဈိမဒေသမှ ကူးပြောင်းလာသော တကောင်းမင်းဆက်များမှ အုပ်ချုပ်သည်။ တကောင်းမင်းဆက်ပျက်သုဉ်းသောအခါ သရေခေတ္တရာမင်းမှ အုပ်ချုပ်သည်ဟု မှတ်သားကြရပေမည်။ သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာပျက်သော အခါ ပုဂံ၌ ပုဂံမင်းဆက်ကို အေဒီ ၁၀၇ ခုနှစ်မှာ စတင်ထူထောင်သည်။ ထိုအခါ ယောဒေသ၏ အုပ်ချုပ်ရေးကို ပုဂံမှအုပ်ချုပ်သည်။

ဒေါက်တာတိုးလှ၊ သမိုင်းပါမောက္ခ (ယခုညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များ သမိုင်းသုတေသန) ၏ "ချင်းတွင်း မြစ်သာ မူး ရော" စာအုပ်တွင် ယောဒေသ၏ အုပ်ချုပ်ရေးကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

"ဒေသိယသမိုင်းနှင့် အစဉ်အလာယုံကြည်ချက်အရ ယောနကတိုင်းသည် မြတ်စွာဘုရား၏ ဗျာဒိတ်အရ သိုက်ဝင်ဒေသတစ်ခုဖြစ်သည်။ ခရစ်တော်မပေါ်မီ ၄ ရာစုဘီစီက မဟာယောမင်းကြီးအမည်ရှိမင်းသည် ထိုဒေသ၌ မြို့ရွာတည်ထောင်အုပ်ချုပ်လာခဲ့ကြောင်း ယောနကတိုင်း၏ အစဦးမြို့မှာ ကျခတ်မြို့ဖြစ်ကြောင်း သိရသည်။ ထိုအချိန်မှစ၍ ယောမြို့သည်အမည် ငါးမျိုးဖြင့် ကျော်ကြားလာခဲ့သည်။ ယောမြို့၏ အမည် ၅ မျိုးမှာ -

၁။ ကျခတ်မြို့

၂။ ကြံဘတ်မြို့

၃။ ငယောမြို့

www.burmeseclassic.com

www.burmeseclassic.com



၄။ ယောမြို့
၅။ ယောနကတိုင်း ဟူ၍ဖြစ်သည်။

ယောနကတိုင်းသမိုင်းကို စော်ဘွားမင်းရော၏ လက်ထက်ကစပြီး ဒဏ္ဍာရီနှင့်သမိုင်းကွဲပြားလာခဲ့သည်ဟု တွေးစရာ ပြောစရာရှိလာသည်။ အဘယ့်ကြောင့်ဆိုသော် မင်းရောမှသည် စော်ဘွားမြို့စား ၁၈ ဆက်ကို တွေ့ရှိရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ယောဒေသသည် ရှေးကြာမြင့်စွာကတည်းက ပုဂံခေတ်ကတည်းက မြန်မာအုပ်ချုပ်မှုအောက်တွင် ရှိသည်ဟု ပြောနိုင်ပါသည်။ စော်ဘွားအုပ်ချုပ်ရေးရှိခဲ့သဖြင့် ရှမ်းနှင့်နီးနွယ်မည်ဟု ထင်ပါသည်။ အထူးသဖြင့် အာသံရှမ်းနှင့် နီးနွယ်မည်ဟု ယူဆပါသည်။

မြန်မာ့သမိုင်းစဉ်တွင် ရှေးအခါမှစပြီး ညောင်ရမ်းခေတ်တိုင် မြန်မာဘုရင်များ၏ လက်အောက်ခံဖြစ်သည်။ ကုန်းဘောင်ခေတ်သို့ရောက်သောအခါ အထူးသဖြင့် ဗဒုံမင်း (ကောဇာ ၁၁၄၃ - ၁၁၈၁)သို့ ရောက်သောအခါ မြို့သူကြီးစနစ် ပီပြင်အောင် ပြောင်းလဲအုပ်ချုပ်လာဖြစ်သည်။ ကုန်းဘောင်ခေတ်အနှောင်းပိုင်းသို့ ရောက်သောအခါ ယောဒေသ၌ စော်ဘွားအုပ်ချုပ်ရေးစနစ် ကွယ်ပျောက်သွားခဲ့ပါသည်။

အုပ်ချုပ်သူ အခန်းဆက်စာရင်းဖော်ပြရာတွင် အောက်ပါ စော်ဘွား ၆ ဆက်မှာ စော်ဘွားမျိုးရိုးများဖြစ်ကြပါသည်။

၁။ မင်းရော
၂။ မင်းနဖျား (သား)
၃။ မင်းအောင်တို (သား)
၄။ မင်းခင်းပါး (သား)
၅။ မင်းအောင်တိုင် (ညီ)
၆။ မင်းသော်ကား (သား) တို့သည် စော်ဘွားမျိုးရိုးစင်စစ်များ ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆက်ခံသော -

၁။ ငစံဝေ (စော်ဘွားမခေါ်၊ မြို့သူကြီး ဟုခေါ်သည်။)

၂။ ငကျော် (မင်းကျော်သူ) (ယောမြောင်းကြီးကို ၁၀၃၂ တွင် ဖောက်ခဲ့။)

၃။ ငဖြူ

၄။ ငစံပွင့်

လေးဦးတို့သည် အမည်၏ရှေ့တွင် မင်းဟုခေါ်ဝေါ်သုံးစွဲခြင်းမရှိ။ ဗမာအမည်များဖြစ်သည်။ စော်ဘွားမျိုးမဟုတ်သော ဗမာများဖြစ်ပေမည်။ ထို့နောက် အုပ်ချုပ်သောသူများမှာ စော်ဘွားမျိုးရိုးများပြန်ပြီးဖြစ်လာပါသည်။

နောက်ဆက်ခံသောစော်ဘွားမျိုးရိုးများမှာ -

၁။ ငမျိုးထွန်း

၂။ ငကျော်ဖြိုး

၃။ ငဘူး

၄။ ငလုတ္တ

၅။ ငလှေး

၆။ ငကြွင်းဆက်

၇။ ငဘာသင် (၁၁၉၃ ခု ဘကြီးတော်မင်းခန့်ထား)

၈။ ငသာထွန်း

(၆ + ၄ + ၈ = ၁၈) ဆက်ဖြစ်သည်။

စော်ဘွားမျိုး မဟုတ်သူများစာရင်းဝင် ငစံပွင့်ဆိုသူသည် နတ်ရဲရွာသားဖြစ်သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင် ဟံသာဝတီသို့ ချီတက်တိုက်ခိုက်ရာတွင် လိုက်ပါထမ်းရွက်ခဲ့သဖြင့် ယောစော်ဘွားရာထူးကို ရရှိခဲ့ခြင်း ဖြစ်သည်။

အထက်ပါ ဖော်ပြချက်သည် ဒေါက်တာတိုးလှ၏ တင်ပြရေးသားချက်များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ညောင်ရမ်းခေတ် ကောဇာ ၁၀၂၅ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (အေဒီ ၁၆၆၃) ခုနှစ်၊ ယောမြို့သူကြီး ငစံဝေနှင့် ပုဂံ စည်သူပုံချီ၊ ရဲကသူထွက်ရှုကာ ဆိုသူတို့ နယ်မြေအပိုင် အမှုအခင်းဖြစ်ကြသည်။ အင်းဝဘုရင် ပြည်မင်းက ယောမြို့သူကြီး ငစံဝေကို အနိုင်ပေးခဲ့သည်ဟု ဖတ်ရသည်။

ထို့ကြောင့် ငစံဝေသည် ၁၀၂၅ ခုနှစ်တွင် စော်ဘွားမျိုးရိုးမဟုတ်ဘဲ ပထမဆုံး ယောမြို့စော်ဘွား ဖြစ်လာသည်။ ငစံဝေသည် ၁၀၂၅ ခုနှစ် မတိုင်မီကပင် ညောင်ရမ်းခေတ် ကောဇာ ၉၅၉-၁၁၁၃ အေဒီ ၁၅၉၇-၁၇၅၁ အထိ တည်ရှိခဲ့သည်။ သို့သော် အင်းဝဘုရင်၏ လက်အောက်ခံဖြစ်သည်။ မြန်မာရှင်ဘုရင်များ၏ လက်ထက်တွင် ယောဒေသအုပ်ချုပ်သူများသည် ချင်းတောင် ဒေသအချို့ကိုလည်း အုပ်ချုပ်စီမံခြင်း၊ အခွန်တော်ကောက်ခံခြင်းများ ပြုလုပ်ကြရသည်။ ယောဒေသတွင်လည်း ချင်းများ အများအပြားရှိခဲ့သည်။ ချင်းနှင့် မြန်မာများသည် ချစ်ကြည်စွာဖြင့် အတူတကွ နေထိုင်ခဲ့ကြသည်။ ဥပမာ သမိုင်းပါမောက္ခ ဆလိုင်းကျင်ဒွေးဘမောင်၏ ကုန်းဘောင်ခေတ် ယောနှင့် ချင်းဆက်ဆံရေးဆောင်းပါးတွင် "၁၇၆၅ ခုနှစ်၊ မေလ (၂၆) ရက်စွဲဖြင့် ထီးလင်းစော်ဘွား၏ နေပြည်တော်သို့ တင်သွင်းသော အစီရင်ခံစာတွင် အနောက်ဘက်နယ်နိမိတ်ကို အနောက်တောင်သို့လားသော် (၆)တိုင်ခန့်ကွာ ကျောက်ဆင်းဆားတွင်းအထိ အခြားတစ်ဘက် ချင်းတောင်နှင့် ကောကိုင်း" ဟု ဖော်ပြခဲ့သည်။ ကျောက်ဆင်းဆားတွင်းသည် ယခုအခါ ချင်းပြည်နယ် မင်းတပ်မြို့နယ် ခွန်တောင်ကျေးရွာအုပ်စုအတွင်း၌ တည်ရှိသည်။

တစ်ဖန် ယောမြို့စစ်တမ်းတွင်လည်း အနောက်ဖက်ကို လားသော်၊ မပွေး (၉)ရွာ ဘူးရွက်၊ မညိုးလမ်း၊ ဘုရားလက်ညှိုးထိုးလွန်းပုံကြီး၊ လွန်ပုံငယ်ဟု ဖော်ပြသည်။ လွန်ပုံကြီး၊ လွန်ပုံငယ်ရွာတို့မှာ မျက်မှောက်ခေတ်တွင် ကန်ပက်လက်မြို့နယ်အတွင်း၌ ရှိနေသည်။ လောင်းရှည်မြို့သူကြီး ဘယတေဇ (ငကာ) က ၁၇၆၆ ခုနှစ်၊ ကောဇာ ၁၁၂၈ (ဆင်ဖြူရှင်မင်းလက်)

www.burmeseclassic.com

www.burmeseclassic.com



မြေဒူးမင်းခေါ် ဆင်ဖြူရှင်မင်းထံသို့ ဆက်သွင်း လောင်းရှည်စစ်တမ်း၊ ထို့ပြင် သူကြီးနောက်တစ်ဦးဖြစ်သူ ငရွှေဘော်က ၁၇၈၄ ခုနှစ်၊ မတ်လ (၁၂)ရက် နေ့တွင် ဗဒုံမင်းထံ ဆက်သွင်းသော လောင်းရှည်စစ်တမ်းတွင် လောင်းရှည် သူကြီးသည် အနောက်ဘက်တွင် ဖိုးခေါင်တောင်ရိုးအထိ အုပ်ချုပ်ရကြောင်း ဖော်ပြသည်။ ဖိုးခေါင်တောင်ရိုးဆိုသည်မှာ ယခုအခါ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးရွာ၏ အနောက်ဘက် မိုင် (၂၀)အကွာတွင် တည်ရှိသည်။ ဤ အချက်အလက်များကို ရေးသားသူ ဆရာကြီး ကျင်ဒွေး ဘမောင် (သမိုင်း ပါမောက္ခ) သည် ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးရွာဇာတိ ဖြစ်သည်။ သူ့ရွာအကြောင်း သူရေးပြခြင်းသည် ဒေသတည်နေရာ လွဲမှားမှု မရှိနိုင် တော့ပေ။ ယောလေးမြို့ အကြီးအကဲများက အုပ်ချုပ်သော ချင်းရွာများကို အခွန်တော် ကောက်ခံရသည်။ စပါး၊ စောင်ဖြူ ဖျာ၊ ဖယောင်းတို့ကို အခွန်တော်အဖြစ် ကောက်ခံသည်။ အခွန်တော်အဖြစ် စပါး ၂၂၅တင်း ကောက်ခံရရှိပြီး လောင်းရှည်ရွာတွင် စပါးကျီများဖြင့် သိုလှောင်ထားသည်။ အခွန်တော် စပါးလာရောက်ပေးသွင်းသောအခါ စပါးကျီကို ကွပ်ကဲသော ကျီစိုးတို့အား လက်ဆောင်အဖြစ် ဆန် (၂)တင်း၊ ကြက်တစ်ကောင်၊ ခေါင်ရေအိုးတစ်လုံး၊ ကြက်ဥ (၅)လုံး၊ ချင်းစိမ်းတစ်ချိုင့်နှင့် ပိန်းဥ တစ်ချိုင့် ပေးရသည်ဟု စစ်တမ်းများတွင် တွေ့ရသည်။ အခွန်တော်တွင် စပါး၊ စောင်၊ ပျားဖယောင်း စသည်တို့အပြင် သံကိုလည်း အခွန်တော်အဖြစ် ပေးဆက် ကြရသည်။ ချင်းတောင်တန်းပေါ်မှ တောင်ကြီး (၅)ရွာမှာ သံချက်လုပ်တတ် သူများဖြစ်၍ အင်းဝရွှေနန်း တည်ဆောက်စဉ်က သံအလေးချိန် ပိဿာ (၅၀၀၀) ဆက်သွင်းခဲ့ရကြောင်းလည်း ဖော်ပြသည်။ ဤမျှ များပြားလှသော သံပိဿာအရေအတွက်ကို မည်သို့ မည်ပုံ အင်းဝရွှေနန်းသို့ ပေးပို့ခဲ့ကြ သည်မှာ စိတ်ဝင်စားစရာတစ်ခု ဖြစ်နေပြန်ပါသည်။ မောချောင်း၊ မြစ်သာမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်လမ်းအတိုင်း အင်းဝသို့ ပေးပို့ခဲ့ဟန် တူပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားစော်ဘွားများကလည်း အခွန်လာသွင်းသော ချင်းလူမျိုးတို့အား လက်ဆောင်ပြန်ပြီး ပေးလေ့ရှိသည်ကို တွေ့ရသည်။ လက်ဆောင်အဖြစ် သေရည်အိုးတစ်လုံး၊ ခွေးတစ်ကောင်၊ စပါးတစ်ခွဲ၊ ဆားတစ်တင်း ပေးရသည်ဟု ထီးလင်းစစ်တမ်းတွင် တွေ့ရသည်။ ထို့ကြောင့် မြန်မာရှင်ဘုရင်ခေတ်တွင် ချင်းနှင့် ယောသူကြီးများသည် ချစ်ချစ်ခင်ခင် တစ်ဦးကိုတစ်ဦး လေးလေးစားစား အတူနေထိုင်ခဲ့ကြကြောင်း သိသာပါသည်။ သို့သော် တိုင်းပြည်မငြိမ်မသက် ဖြစ်လာချိန်တွင် ချင်းလူမျိုးတို့သည် ယောဒေသအတွင်း ချင်းနင်းဝင်ရောက် တိုက်ခိုက်တတ်ကြသည်။ တိုက်ခိုက်ခြင်းမှာ နယ်မြေဒေသတိုးချဲ့ထွင်လို၍ မဟုတ်။ ကျွန်များ ဖမ်းဆီးခေါ်ဆောင်လို၍ ဖြစ်ဟန် ရှိသည်ဟု ဆရာကြီး ကျင်ဒွေးဘမောင်က သုံးသပ်ထားသည်။ ကုန်းဘောင်ခေတ်တွင် ကျွန်ဖမ်းဆီးခြင်းကို ဥပဒေအရ ထားမြစ်ထားသော်လည်း ကျွန်အရောင်းအဝယ်ကို ခွင့်ပြုထားသည်။ စာရေးသူ၏ အယူအဆမှာ ကျွန်ဟု စာပေများတွင် ရေးခဲ့ကြသော်လည်း ယခုခေတ် အိမ်ဖော်ခေါ်သည့် သဘောဟု ယူဆပါသည်။ ဥပမာ ၁၈၄၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) (ကောဇာ ၁၂၀၆) သာယာဝတီမင်းလက်ထက်တွင် လောင်းရှည်သူကြီး သေံဒိုင်က ဝန်ရှင်တော်သေနတ်ဝန်းမင်းကြီး ခိုင်းစေရန်အတွက် ကျွန်မငယ်တစ်ယောက်နှင့် တိုင်းတာမင်းကြီးအတွက် ကျွန်မငယ်တစ်ယောက်ကို လက်ဆောင်ပေးကြောင်း စာပေများတွင် တွေ့ရသည်။ ချင်းလူမျိုးများနှင့် ယောသားများသည် အိမ်နီးချင်းများ ဖြစ်ကြသဖြင့် တစ်ခါတစ်ရံ ပူးပေါင်းလိုက်၊ တစ်ခါတစ်ရံ တိုက်ခိုက်လိုက် နေထိုင်ခဲ့ကြသည်။ ဥပမာ ၁၈၃၇ ခုနှစ်၊ အောက်တိုဘာ (၂၃) (သာယာဝတီမင်းခေတ် ၁၁၉၉ ခုနှစ်) တွင် မြောက်ယောနယ်လေး ရွာသူကြီးငကြီးနှင့် ချင်းတို့ ပူးပေါင်းပြီး မျက်မြောင်ရွာကို တိုက်ခိုက်ဖျက်ဆီးကြသည်။ မျက်မြောင်ရွာဆိုသည်မှာ ရေမျက်နီရွာအနီး ပုံညာဘက်သို့ မီးရထားလမ်းနောက်တစ်ဘူတာဖြစ်၏။ စာရေးသူသည် မျက်မြောင်ရွာသို့ မကြာခဏရောက်ခဲ့ပြီး စခန်းချရပ်နားခဲ့သည်။ ယခုအပိုင်းသည် ယောဒေသ၏ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တင်ပြသောအပိုင်း ဖြစ်သည်။ ၁၉၄၈ ခုနှစ် မတိုင်မီကာလ၊ ယောဒေသ အကြောင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနှင့် မျက်မှောက်ခေတ် ယောဒေသ အကြောင်းကို တင်ပြရေးသောအခါ အလံနီ ကွန်မြူနစ်များ၏ မျက်မြောင် ရွာသား (၁၄)ဦး သတ်မှုတို့ကို အကျယ်ချဲ့ရေးသားဖော်ပြပါဦးမည်။ လွတ် လပ်ရေးရပြီးစတွင် ချင်း၊ ဗမာ ချစ်ကြည်ရေး အစည်းအဝေး စသည်တို့ကို လည်း ရေးသားဖော်ပြမည် ဖြစ်ပါသည်။ ညောင်ရမ်းခေတ် ကုန်ဆုံးချိန်အထိ ယောဒေသ၏ အုပ်ချုပ်ရေးသည် စော်ဘွားစနစ်ဖြစ်သည်။ ကုန်းဘောင် ခေတ်အလယ်ပိုင်း ဗဒုံမင်းလက်ထက် ၁၁၄၃- ၁၁၈၁ ခုနှစ်အတွင်း အုပ် ချုပ်ရေးစနစ်များ ပြောင်းလဲခဲ့သည်။ အေဒီ ၁၈၈၀ ခုနှစ်၊ သီပေါမင်း လက် ထက်တွင် ခရိုင်များ ဖွဲ့စည်းအုပ်ချုပ်ခဲ့ပြန်သည်။ အုပ်ချုပ်ရေး ပြောင်းလဲလာ သောအခါ ပေါက်မြို့တွင် ယောလေးမြို့ဝန်မင်း ရုံးစိုက်ခဲ့သည်။ ယောလေး မြို့တို့တွင် မြို့သူကြီးများ ခန့်ထားခဲ့သည်။ မြန်မာအုပ်ချုပ်ရေးစနစ်တွင် ယော ဒေသကို ပုခန်းကြီးခရိုင်ဝန်နှင့် မြစ်ဆုံခရိုင်ဝန်တို့က ခွဲခြားအုပ်ချုပ်ကြသည်။ ထို့နောက် ဆော၊ လောင်းရှည်၊ ယောမြို့၊ ထီးလင်းမြို့စသော မြောက်ပိုင်း ခရိုင်ရှိ ကျေးရွာများကို ပေါက်မြို့ဝန်က အုပ်ချုပ်ရသည်။ အစွန်အဲဖျား တောင်ပိုင်းကျေးရွာများကို စလေမြို့ဝန် ပုခန်းငယ်မြို့ဝန် ပုဂံမြို့ဝန်တို့က ခွဲခြားအုပ်ချုပ်ခဲ့ကြသည်။ ပုခန်းကြီးခရိုင်ဝန်၏ လက်အောက်တွင် မြို့အုပ် တစ်ဦး ခန့်ထားသည်။ ဦးရိတ်သည် ပုခန်းကြီးခရိုင်ဝန်ဖြစ်ပြီး ဦးသာမှုန်သည် မြို့အုပ်ဖြစ်သည်။ ပုခန်းကြီးခရိုင်ဝန်၏ လက်အောက်တွင် လက်ျာစစ်ကဲ၊ လက်ဝဲစစ်ကဲဆိုပြီး စစ်ရေးစစ်ရာတို့ကို ထမ်းဆောင်ရန် ခန့်ထားသည်။ ကျေးရွာများတွင် ရွာသူကြီးအစီရင် အိမ်ဦးထိုင်ရွာစာရေး၊ ရွာဆော်ဆိုပြီး (၅)ဦးခန့်ထားသည်။ ထို (၅)ဦးသည် ကျေးရွာအုပ်ချုပ်ရေးနှင့် အခွန်ငွေ သဿမေဒ အခွန်တော်တို့ကို ကောက်ခံရသည်။ သွေးသောက်၊ သွေး သောက်ကြီးတို့သည် စစ်ရေးစစ်ရာများတွင် သူကြီးနှင့် တိုင်ပင်ပြီး ဆောင် ရွက်ရသည်။ သွေးသောက်ကြီးများသည် တစ်ခါတစ်ရံတွင် သူကြီးထက်ပင်

www.burmeseclassic.com

www.burmeseclassic.com



သြဇာအာဏာ ရှိကြသည်။ သွေးသောက်ကြီးကို လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသူများကို ခန့်ထားသည်။ (၅)ဦး တစ်အိုးစာ၊ နှစ်အိုးစာ တစ်ကျိပ်၊ ငါးကျိပ်မှာ သွေးသောက်တစ်ဦး၊ သွေးသောက်များကို စုပြီး သွေးသောက်ကြီး ခန့်ထားသည်။ ရိက္ခာတော်ကို ဘုရင်မှ တိုက်ရိုက်ထုတ်ပေးသည်။ အိမ်ဦး ထိုင်မှာ အတိုင့်ပင်ခံ လူကြီးနာယကသဘောမျိုး ဖြစ်သည်။ ကျေးရွာတွင် ပညာဉာဏ် ဗဟုသုတများသူ၊ အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့ကို ခန့်ထား သည်။ အိမ်ဦးမှာ ထိုင်ရသဖြင့် အိမ်ဦးထိုင်ဟု ခေါ်ကြဟန် တူသည်။ စာရေး သည် အစီရင်ခံစာများရေးရခြင်း၊ သူကြီးအချင်းချင်း ဆက်ဆံရေးတွင် အကြောင်းကြားစာများ၊ အစည်းအဝေးမှတ်တမ်းများရေးရခြင်း စသည်ဖြင့် တာဝန်ယူရသည်။ မြို့အုပ်ရုံးတွင်လည်း ရုံးစာရေး ရှိသည်။ အရည်အချင်း ညံ့ဖျင်းသော သူကြီး၊ မြို့အုပ်များခေတ်တွင် စာရေးသည် သူကြီးကိုပင် ချုပ်ကိုင်နိုင်သည်။ ဥပမာ -ကိုလိုနီခေတ်ဦးတွင် ဦးကြာဆင့်ဆိုသူအား ဂန့်ဂေါ မြို့အုပ် ခန့်ထားခဲ့သည်။ မောင်ပုဆိုသူသည် မြို့အုပ် ဦးကြာဆင့်၏ ရုံးစာရေး ဖြစ်သည်။ မြို့အုပ် ဦးကြာဆင့်နှင့် ရုံးစာရေး မောင်ပုတို့သည် လှေတစ်စင်းဖြင့် နယ်လှည့်ခရီးထွက်ခဲ့သည်။ စိုင်ဒူးရွာသို့ ရောက်ခဲ့ကြသည်။ စိုင်ဒူးသူကြီး သည် လိုလေသေးမရှိ ဧည့်ဝတ်ပြုသည်။ ဧည့်ဝတ်ပြုသည်မှာ သာမန်ထက် ပင် လွန်ကဲသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ စိုင်ဒူးသူကြီးသည် မြို့အုပ်မင်းရုံး၌ အမှုတစ်ခုတင်ထားသည်။ မြို့အုပ်ဦးကြာဆင့်သည် ဧည့်ဝတ်ကျေပွန်လှသော စိုင်ဒူးသူကြီးအား သူ့အိမ်တွင် တည်းခိုနေစဉ် အမှုကိစ္စကို ဘာမျှမပြောခဲ့ပေ။ အပြန်လှေပေါ်သို့တက်ပြီး လှေထွက်ခွာ၍ ရေလယ်ရောက်သောအခါ "သူကြီးရေ မင်းအမှုကို မောင်ပုက ရှုံးစေတဲ့ကွဲ." ဟုအော်ပြီး စီရင်ချက်ချခဲ့ သည်ဟု ဆရာကြီး ဦးကြာထွန်း၏ ယောစာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသို့ဆိုလျှင် ကိုလိုနီခေတ်မတိုင်မီ ယောဒေသအုပ်ချုပ်ရေးအခြေအနေ ကို အတော်အတန် ပြည့်စုံပြီဟု ယူဆပါ၏။ ယောဒေသသည် မြန်မာရှင် ဘုရင်များလက်ထက် စစ်ချီတက်ရာတွင် စစ်သားများ လိုက်ပါရသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်သားစုဆောင်းပေးရသည်။ ရိက္ခာထောက်ပံ့ပေးရသည်။ ထိုအကြောင်းကို ယောစာအုပ်တွင် "အင်း၀ သတိုးမင်းစောလက်ထက် ၉၂၅ ရိုးတရား (ယိုးဒယား) ချီတော်မူ ရာတွင် စိုင်ဒူးသူကြီး မင်းအောင်၊ ထယ်လှော်သူကြီး (သိုး) မောင်ရထင်" "သတိုးမင်းစောလက်ထက် ၉၂၅ ရိုးတရား ချီတော်မူရာတွင် စိုင်ထူးမင်းအောင် အမှုးပြု၍ ရှဲအရွာရွာကို အုပ်ကွပ်ထိန်းသည်။ အောင်၍ ပြန်လျှင် ရွှေကြက် တောင်ပေးတော်မူသည်။ ရှဲအရွာရွာကို အပိုင် သိန်းအုပ်စိရင်သည်။"

"သီဟိုမင်း ကျော်စွာလက်ထက် အိမ်ရှေ့အရာ ၉၅၃ ယှန်း (ရှမ်း)ကို ချီတော်မူရာတွင် ရှဲအရွာရွာကို အုပ်၍ စိုင်ထူးမင်းအောင် အမှုးပြုသည်။ ထန်းသည် (ထမ်းရွက်သည်) သြူရင်း (သူရဲကောင်း) ငခင်၊ ငခွေး၊ ငရံမှူး၊ ငရံ၊ ကိုဖွဲ့ခြေသည် ငရွှေ၊ ငမွေး၊ ငရှည်၊ ငရောင်၊ ငနှောင်၊ အကြီး ငရော် (ကိုးယောက်) ရဲမက် (၉၀)" စသည်ဖြင့် ခေတ်အဆက်ဆက်တွင် မြန်မာမင်းများ စစ်ချီရာတွင် ယောနယ်မှ စစ်မှုထမ်းများ လိုက်ပါရသည်။ ၉၂၅ ခုနှစ် ဆိုသည်မှာ ဟံသာ၀တီဖြူရှင် ဘုရင့်နောင်လက်ထက်တွင် ယိုးဒယားသို့ ပထမအကြိမ် သွားရောက်တိုက်ခိုက်ခဲ့ရခြင်း ဖြစ်သည်။

စိုင်တူးသူကြီး မင်းအောင်နှင့် ရှဲရွာသားများသည် ယိုးဒယားအထိ လိုက်ပါချီတက် တိုက် ခိုက်ရသည်။ ထိုခေတ် ထိုအခါက မန္တလေးမြို့အထိပင် (၁၈)ရက်၊ ခြေလျင်ခရီးသွားလာခဲ့ရသည်ဟု သိရသဖြင့် ဟံသာ၀တီ (ပဲခူး)မှ တစ်ဆင့် ယိုးဒယား (ထိုင်းနိုင်ငံ) အထိ ချီတက်နိုင်ခဲ့ခြင်းမှာ ဂုဏ်ယူစရာ ဖြစ်ပါ၏။ ချီတက်ရာတွင် ပါ၀င်ရုံသာမက စစ်နိုင်၍ ပြန်လာသောအခါ ရှဲအရွာရွာကို အုပ်ချုပ်သူအဖြစ် ခန့်ထားခြင်း ခံခဲ့ရသည်။ ၉၅၃ ရှမ်းကို ချီရာတွင် ဆိုသည်တွင် ဟံသာ၀တီဘုရင်မှ ဘုရင့်နောင်မင်းတရားကြီး သားတော် ငါးဆူဒါယကာခေါ် နန္ဒဘုရင်၏ လက်ထက်ဖြစ်သည်။ နန္ဒဘုရင် သည် အလှဘုရင်မ ရာဇမာတုကလျာမင်းသမီး၏ အစ်ကိုအရင်း ဖြစ်သည်။ ထိုမင်းလက်ထက်တွင် ယိုးဒယား၊ မွန်၊ ရှမ်းတို့ ပုန်ကန်ခြားနားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်သည် အသက် (၁၅)နှစ်အရွယ်မှာပင် ယိုးဒယားတို့နှင့် စစ်ပွဲတွင် ရွှံ့ရွှံ့ချွန်ချွန် ပါဝင်တိုက်ခိုက်ခဲ့သဖြင့် အပြန်တွင် ဒွေးလေး တော်စပ်သူ ရာဇာတကုကလျာကို တိတ်တခိုး ချစ်ခွင့်ရခဲ့သည်။ ဂန့်ဂေါနယ်၊ စိုင်တူးသူကြီး မင်းအောင်သည် နတ်သျှင်နောင်တို့နှင့်အတူ ယိုးဒယားသို့ ချီတက်တိုက်ခိုက်ခဲ့ရပေမည်။

× × × × ×

## ကိုလိုနီခေတ်နှင့် ယောဒေသ

ယောမြို့အုပ်ချုပ်ရေး သမိုင်းနှင့်ပတ်သက်၍ ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်တွင် ရေးသားထားခြင်းကို အောက်ပါအတိုင်း ဘာသာပြန်ဖော်ပြလိုက်ပါ၏။

"ယောလေးမြို့ဝန်သည် ပေါက်မြို့၌ နေထိုင်သည်။ ယောလေးမြို့ဆိုသည်မှာ ကျခတ်ခေါ် ယောမြို့၊ ထီးလင်း၊ ဆော၊ လောင်းရှည်တို့ ဖြစ်ကြသည်။ ထိုဒေသ၏ အကျယ်မှာ မြောက်ပိုင်းတွင် တိုက်ကျန်ခုနစ်ရွာ၊ (ယခု ဂန့်ဂေါမြို့နယ်တွင် ပါဝင်သည်။) အနောက်ဘက်တွင် ချင်းတောင်တန်း ကြီး၊ တောင်ဘက်တွင် စလင်းမြို့၊ အရှေ့ဘက်တွင် တန့်ကြည့်တောင် ဖြစ်သည်။ ယောဒေသကို ရှေးယခင်မှစပြီး စော်ဘွားများ အုပ်ချုပ်ခဲ့ကြသည်။ စော်ဘွားများလက်ထက်တွင် မြောက်ဘက်မှာ ကလေးမြို့၊ (ယခုအထက် ချင်းတွင်းခရိုင် ပါဝင်) အရှေ့သို့ လားသော် မြိုင်မြို့၊ ပေါက်မြို့မှ ဧရာဝတီမြစ်အထိ ထီးလင်းမြို့သည် ရှေးယခင်က မိုးကောင်းမြို့မှ ရာဇဝတ်သားများ အပို့ခံရသော ဒေသဖြစ်သည်။ ထို့ကြောင့် ယောလေးမြို့စလုံးတွင် ရှမ်းစော်ဘွားများနှင့် ရှမ်းလူမျိုးများကို တွေ့ရသည်။ အလောင်းဘုရား ဦးအောင်ဇေယျ၏ သားတော်ဖြစ်သူ နောင်တော်ကြီးမင်းလက်ထက်တွင် ထီးလင်း၊ ပေါက်၊ လောင်းရှည်ရှိ စော်ဘွားများသည် ပုန်ကန်ခြားနားကြသည်။ သူတို့၏ သူပုန်ထမှုသည် အောင်မြင်မှုမရှိဘဲ စော်ဘွားများနေရာတွင် မြို့သူကြီးများကို စေလွှတ်ခဲ့သည်။ ယခုအခြေအနေတွင် ထီးလင်းမြို့နယ်မြေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မြို့နယ်မြေသည် အတော်ကျဉ်းမြောင်းသွားပြီ ဖြစ်သည်။ ထီးလင်းနယ်၏ အပိုင်းအခြားမှာ အနောက်ဘက်တွင် ပုံတောင်တောင်ဖြစ်ပြီး ပေါက်မြို့နယ်၏ အရှေ့ဘက်နယ်နိမိတ်မှာ တန့်ကြည့်တောင် ဖြစ်သည်။ ကောဇာ ၁၂၀၂ (အေဒီ ၁၈၄၀) ယောလေးမြို့ကို စော်ဘွားအစား မြို့ဝန်က အုပ်ချုပ်စေသည်။ မြို့ဝန်ရုံးစိုက်ရာ နေရာမှာ ပေါက်မြို့ဖြစ်သည်။ ယောလေးမြို့တွင် မြို့သူကြီးများအဆင့်သာ အုပ်ချုပ်စေသည်။ နောက်ဆုံးတော့ မြို့သူကြီးဆိုသူများသည် ရွာသူကြီးအဆင့်မျှသာ ရှိလေသည်။

အင်္ဂလိပ်များ၏ ၁၉၀၀ ခုနှစ်ပတ်ဝန်းကျင်က မှတ်တမ်းဖြစ်ပါသည်။ ဤတွင် ထူးခြားချက်မှာ စော်ဘွားခေတ် ကုန်ဆုံးခြင်းမှာ စော်ဘွားများက နောင်တော်ကြီးမင်းကို ပုန်ကန်ခြားနားခြင်းကြောင့် ဖြစ်သည်။ ထီးလင်းမြို့သည် ရှမ်းပြည်နယ်၊ မိုးကောင်းဒေသမှ ရာဇဝတ်သားများ အပို့ခံရသော ဒေသဖြစ်သည်။ ထို့ကြောင့် ယောလေးမြို့တွင် စော်ဘွားအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာပြီး ရှမ်းလူမျိုးများ နေထိုင်နေကြသည်။ ပေါက်မြို့ကို ၁၂၀၂ ခုနှစ်၊ သာယာဝတီမင်းခေတ်မှာ တည်ထောင်သည်ဆိုသော အချက်များသည် အခြားစာအုပ်များ၌ မတွေ့ရသော အချက်များ ဖြစ်ပါသည်။

အင်္ဂလိပ်တို့သည် မြန်မာ့ထီးနန်းကို သိမ်းယူပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သီပေါဘုရင်နှင့်မိသားစုတို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်တို့က သိမ်းပိုက်ပြီးကြောင်း ကြေညာသည်။ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်တွင် ပုဂံခရိုင်နှင့်မြင်းခြံခရိုင်ကို ဖွဲ့စည်းလိုက်သည်။ အောက်ပါအပြောင်းအလဲများကို ပြုလုပ်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် ၁၅၅ ပုဂံခရိုင်နှင့်မြင်းခြံခရိုင်ကို ဖွဲ့စည်းသည်။ (၁၈၈၆ ခုနှစ်)

၂။ ပခုက္ကူကို ပုဂံခရိုင်လက်အောက်မှာထားသည်။

၃။ ပုခန်းကြီးကို နယ်ပိုင်ဝန်ထောက်အုပ်ချုပ်သော (Sub Division)ခရိုင်ခွဲအဆင့်လျှော့ချလိုက်သည်။ မြင်းခြံခရိုင်၏

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်။ ပခုက္ကူနှင့်ပုခန်းကြီးကို အဆင့်တူသတ်မှတ်လိုက်ပြီး ပခုက္ကူကို ပုဂံ၏လက်အောက်တွင် ဖွဲ့စည်းလိုက်သည်။

၄။ ပုခန်းကြီးခရိုင်ခွဲ၏ လက်အောက်တွင် ပုခန်းကြီးမြို့နယ်၊ လင်းကတောမြို့နယ်၊ မြိုင်မြို့နယ်တို့ကို ဖွဲ့စည်းလိုက်သည်။

၅။ ၁၈၈၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅ ကို ထုတ်ပြန်ပြီး မြိုင်မြို့နယ်ကို ပခုက္ကူခရိုင်ခွဲအတွင်း လွှဲပေးလိုက်သည်။ ပုဂံခရိုင်မှာ ပါဝင်သည်။

၆။ ထိုနှစ် ၁၈၈၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၀၁ ကို ထုတ်ပြန်ပြီး ပုဂံခရိုင်ကို ဖျက်သိမ်းပြီး ပခုက္ကူခရိုင်ကို ဖွဲ့စည်းလိုက်သည်။

၇။ ၁၈၈၇ ခုနှစ်ကပင် ပခုက္ကူကို မြူနီစပါယ်မြို့အဖြစ် သတ်မှတ်ခဲ့သည်။

၈။ ပုခန်းကြီးကိုလည်း မြင်းခြံခရိုင်မှ ပခုက္ကူခရိုင်အတွင်းသို့ သွင်းလိုက်သည်။

ထို့ကြောင့် ပခုက္ကူခရိုင်တွင် -

(က) ပခုက္ကူခရိုင်ခွဲလက်အောက်တွင် မြိုင်မြို့နယ်နှင့် ပခုက္ကူမြို့နယ်။

(ခ) ပုခန်းကြီးခရိုင်ခွဲ လက်အောက်တွင် ပုခန်းကြီးမြို့နယ်နှင့် လင်းကတောမြို့နယ်။

(ဂ) ယောခရိုင်ခွဲ လက်အောက်တွင် ပေါက်၊ ထီးလင်း၊ လောင်းရှည်၊ ယော၊ ဆော၊ မင်းရွာ၊ မြစ်သာနှင့် ဂန့်ဂေါတို့ ပါဝင်သည်။

၉။ ၁၈၈၉ ခုနှစ်၊ စက်တင်ဘာလတွင် အမိန့်ကြော်ငြာစာအမှတ် ၂၆၂ ကို ထုတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



(က) ဂန့်ဂေါခရိုင်ခွဲ လက်အောက်တွင် ထီးလင်းနှင့် တိုက်ကျန် ခုနစ်ရွာမြို့နယ်တို့ကို ဖွဲ့စည်းသည်။ မြောက်ယောခရိုင်ခွဲဟု ခေါ်သည်။

(ခ) ပေါက်၊ ယော၊ ဆော၊ လောင်းရှည်ကို ပေါက်မြို့မှာ ခရိုင် ခွဲထား ဖွဲ့စည်းလိုက်သည်။

(ဂ) ပခုက္ကူခရိုင်ခွဲကို မြစ်ခြေသို့ ပြောင်းရွှေ့လိုက်သည်။

၁၀။ ၁၈၉၀ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၃)ကို ထုတ်ပြန်သည်။ ပုခန်းကြီးမြို့နယ်ကို ကြော်ငြာအမှတ် (၁၄၀)ဖြင့် ရေစကြိုသို့ ပြောင်းရွှေ့ လိုက်သည်။ ပုခန်းကြီးမြို့နယ်ကို ဖျက်သိမ်းသည်။ ရေစကြိုမြို့နယ်ကို ဖွဲ့စည်းသည်။ လင်းကတောမြို့နယ်ကို ဖျက်သိမ်းသည်။ လင်းကတောမြို့နယ်တွင် ပါဝင်သော ကျေးရွာများကို ရေစကြိုမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်း ခွဲဝေပေးလိုက်သည်။

၁၁။ ၁၈၉၀ ခုနှစ်၊ ဇန်နဝါရီလမှာပင် အထွေထွေအုပ်ချုပ်ရေးဌာန ကြေငြာချက်အမှတ် ၁၄၃-၁၄၆ တို့ကို ထုတ်ပြန်သည်။ ပေါက်ခရိုင်ခွဲနှင့် ယောခရိုင်ခွဲတို့ကို ဖွဲ့စည်းလိုက်သည်။ ပေါက်ခရိုင်တွင် ပေါက်မြို့နယ်နှင့် ထီးလင်းမြို့နယ်၊ ယောခရိုင်ခွဲတွင် ယောမြို့နယ်နှင့် လောင်းရှည်မြို့တို့ ပါဝင်ကြသည်။ ဂန့်ဂေါခရိုင်ခွဲသည် တိုက်ကျန်ခုနစ်ရွာမြို့နယ်တစ်ခုသာ ပါဝင်သည်။ တိုက်ကျန်ခုနစ်ရွာ ဆိုသည်မှာ -

၁။ ကျော

၂။ ဇကား

၃။ တောမ

၄။ မင်းရွာ

၅။ မြင်သားရွာ

www.burmeseclassic.com

www.burmeseclassic.com



၆။ ညဥ့်ရှောက်ရွာ
၇။ ဂန့်ဂေါရွာ တို့ ဖြစ်ကြသည်။

၁၂။ ၁၈၉၁ ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကြေညာချက်အမှတ် ၁၂၅/၁၂၆ တို့ကို ထုတ်ပြန်၍ ပုခန်းကြီးမြို့နယ် ဖျက်သိမ်းပြီး ရေစကြိုမြို့နယ်ကို ဖွဲ့စည်းလိုက်သည်။

၁၃။ ၁၈၉၁ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ကြေညာချက်အမှတ် ၂၂၅/၂၂၆ ကို ထုတ်ပြန်၍ ဆိပ်ဖြူမြို့နယ်ကို ဖွဲ့စည်းလိုက်သည်။ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ လောင်းရှည်မြို့နယ်တို့အတွင်းမှ ကျေးရွာအချို့ကို ဆိပ်ဖြူမြို့နယ်အတွင်းသို့ သွက်သွင်းပေးလိုက်သည်။ မင်းဘူးခရိုင် ကြာပင်မြို့နယ်အတွင်းမှ ကျေးရွာများပင် ပါဝင်သည်။

၁၄။ ၁၈၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်နေ့တွင် ကြေညာချက်အမှတ် ၃၈၃ ကို ထုတ်ပြန်၍ အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

(က) ပခုက္ကူခရိုင်ခွဲ၏ လက်အောက်တွင် ပခုက္ကူ၊ ရေစကြိုနှင့် မြိုင်မြို့နယ်တို့ ပါဝင်သည်။
(ခ) ပေါက်ခရိုင်ခွဲ၏ လက်အောက်တွင် ပေါက်၊ ဆိပ်ဖြူ၊ ပဆုပ်မြို့နယ်များ ပါဝင်သည်။
(ဂ) ဂန့်ဂေါခရိုင်ခွဲ၏ လက်အောက်တွင် ထီးလင်းနှင့် တိုက်ကျန် ခုနစ်ရွာမြို့နယ်တို့ ပါဝင်သည်။

၁၅။ ၁၈၉၆ ခုနှစ်တွင် ချင်းတောင်တန်း ဥပဒေကို ရေးဆွဲသည်။

၁၆။ ၁၈၉၈ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့တွင် ပေါက်မြို့နယ်ပိုင် W.V တစ်ဒ်၊ သည်ယောမြို့နယ်မှ (၁၄)ဦးနှင့် ချင်းတောင်ရွာစုအကြီးအကဲ (၉)ဦးတို့ ညှိနှိုင်းဆွေးနွေးကြပြီး ယောနှင့်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တောင် ခွဲခြားသော နယ်နိမိတ်ကို သတ်မှတ်ကြပြီး အစဉ်အလာအရ ချင်းတောင်ကို အုပ်ချုပ်ခဲ့သော ယောဒေသကို ချင်းတောင်နှင့် သီးခြားစီ ခွဲခြားပေးလိုက်သည်။

၁၇။ လောင်းရှည်မြို့နယ်နှင့် ယောမြို့နယ်တို့ကို ပဆုပ်မြို့နယ်နှင့် ပေါင်းစည်းလိုက်သည်။

၁၈။ ၁၉၀၄ ခုနှစ်၊ မတ်လတွင် ပဆုပ်မြို့နယ်ကို ဆောမြို့သို့ ပြောင်းရွှေ့လိုက်သည်။

၁၉။ ၁၉၀၅ ခုနှစ်၊ ဇွန်လတွင် တိုက်ကျန်ခုနစ်ရွာမြို့နယ် အမည်ကို ရုပ်သိမ်းပြီး ဂန့်ဂေါမြို့နယ်ဟု ခေါ်တွင်စေသည်။

၂၀။ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့တွင် အမိန့်ကြေညာစာအမှတ် ၂၆၂ ကို ထုတ်ပြန်၍ ယောဒေသကို ပခုက္ကူခရိုင်အတွင်း သွတ်သွင်းလိုက်သည်။ ထီးလင်းမြို့နယ်နှင့် တိုက်ကျန်ခုနစ်ရွာမြို့နယ်တို့ကို ဖွဲ့စည်းခဲ့သည်။

အထက်ပါ အမိန့်ကြေညာစာ အမျိုးမျိုးကို လေ့လာခြင်းအားဖြင့် ကိုလိုနီခေတ်ဦး ယောဒေသနယ်မြေ ပိုင်းခြားခဲ့ခြင်းကို သိရှိနိုင်သည်။ ဤအပိုင်းများကို အသေးစိတ်မှတ်တမ်းတင်ရခြင်းမှာ နောင်အခါတွင် တိကျသော သမိုင်းအထောက်အထားများ ကျန်ရစ်စေရန် ရည်ရွယ်ပါသည်။

× × × × ×

## အင်္ဂလိပ်တို့ ယောနယ်ကို သိမ်းယူခြင်း

သီပေါဘုရင်နှင့် မိသားစုတို့ ပါတော်မူပြီး နှစ်လမျှကြာသော အခါ ပုဂံခရိုင်ဝန်အဖြစ် G.S Eyer ဂျီအက်စ်အာယာဆိုသူ ရောက်ရှိလာသည်။ အရေးပိုင်အာယာသည် ယောဒေသနှင့် ချင်းတောင်သိမ်းပိုက်ရေးကို စီမံချက်ရေးဆွဲပါသည်၊ မစ္စတာအာယာ၏သဘောမှာ ချင်းတောင်နှင့် ယောဒေသကို ညှိနှိုင်းပြီး အသာအယာ သိမ်းယူလိုသည်ဟု ဆိုသည်။ ဤသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လူမျိုး၏ မာယာတစ်မျိုးပင် ဖြစ်သည်။ သီပေါမင်းကို ဖမ်းဆီးစဉ်ကလည်း မလိမ့်တစ်ပတ် မာယာသုံးပြီး အချိုသတ် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ မန္တလေးကို သိမ်းပိုက်သကဲ့သို့ ယောဒေသနှင့် ချင်းတောင်ကိုလည်း သေနတ်တစ်ချက်မျှ မဖောက်ရဘဲ ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို အချိုသတ်ပြီး သိမ်းယူလိုက်သည်။ ထို့ကြောင့် ချင်းလူမျိုးတို့နှင့် ယောလူ တို့၏ သဘောကို သိရှိနိုင်ရန်အတွက် ၁၈၈၆ ခုနှစ် ဆန်းပိုင်း (မန္တလေးမြို့ကို သိမ်းပိုက်ပြီး သုံးလအကြာ) တွင် ဒု ဗိုလ်အေပီလောတင် ဦးဆောင်သော တပ်ဖွဲ့လေးတစ်ဖွဲ့နှင့် ကိုယ်စားလှယ်တို့သည် စစ်သည်အင်အား အနည်းငယ် လက်နက်အင်အားအချို့နှင့် ယောဒေသသို့ ရောက်ရှိခဲ့ကြသည်။ ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် ချင်းတောင်မင်းတပ်မြို့အထိ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ တောင်ပိုင်းယောဒေသမှ အာဏာပိုင်အချို့နှင့် ဒေသခံအချို့တို့က နေပြည်တော် မန္တလေးပင် ကျဆုံးပြီဖြစ်၍ အင်္ဂလိပ်တို့ထံ အညံ့ခံလိုခဲ့ကြသည်ဟု ဖတ်ရသည်။ သို့သော် ယောမြို့သူကြီး ဦးရာကွတ်နှင့် ချင်းမျိုးချစ်ပုဂ္ဂိုလ်များက ထိုသို့ အညံ့ခံခြင်းကို မလိုလားကြ။ ရရာလက်နက်စွဲကိုင်ပြီး ခုခံကာကွယ်သွားရန် ဆုံးဖြတ်ကြသည်။ ထိုအခြေအနေကို ပုဂံအရေးပိုင်မစ္စတာအာယာသိရသောအခါ အလွယ်တကူနှင့်မရနိုင်၊ ချီတက်တိုက်ခိုက်သိမ်းယူမှရတော့မည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့် ၁၈၈၆ ခုနှစ် မိုးရာသီကုန်သောအခါ မစ္စတာအာယာကိုယ်တိုင်ဦးစီးပြီး ပေါက်မြို့သို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ ပေါက်မြို့သို့အရောက်တွင် တောင်ယာဒေသမှ ခေါင်းဆောင်များကို ခေါ်ယူပြီး တွေ့ဆုံညှိနှိုင်းသေးသည်။ သူကြီးဟောင်း ဦးရာကွတ်နှင့်မျိုးချစ်များက အညံ့ခံမည်မဟုတ်ကြောင်း ထုတ်ဖော်ကြသည်။ ထို့ကြောင့် မစ္စတာအာယာကိုယ်တိုင် ၁၈၈၆ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့တွင် ပေါက်မြို့ကို ရောက်သည်။ ပုံတောင်ပုံညာကိုကျော်ဖြတ်သည်။ ပုံတောင်ပုံညာတောင်တန်းကြီးပေါ် အရောက်တွင် သူကြီးဟောင်းဦးရာကွတ်နှင့်မျိုးချစ်များက ခုခံတိုက်ခိုက်ကြရာ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ချင်းမမျှသဖြင့် ဦးရာကွတ်တို့အဖွဲ့ ဆုတ်ခွာပေးရသည်။ အင်္ဂလိပ်စစ်တပ်များသည် ပေါက်မြို့နယ် ပုံတောင်ကို ကျော်ဖြတ်၍ ချီတက်လာရာ ကျင်းရွာသို့ ရောက်သည်။ ကျင်းရွာမှာ တပ်ဖွဲ့ ၂ ဖွဲ့ခွဲလိုက်သည်။ တစ်ဖွဲ့သည် ထီးလင်းဘက် အနောက်သို့ ချီတက်ပြီး ထီးလင်း-မင်းရွာတို့ကို သိမ်းယူသည်။ တပ်ဖွဲ့တစ်ခုသည် ဗိုလ်စကားတို့ကို တိုက်ခိုက်ရန် မြောက်ဘက်သို့ ချီတက်သည်။ ကျောရွာအထိ ရောက်သည်။ ဒီဇင်ဘာ (၁၉) ရက်နေ့တွင် ကျောရွာကို သိမ်းယူရရှိသည်။ ပေါက်မြို့မှ ကျောရွာသိမ်းယူချိန်အထိ (၁၁) ရက်မျှသာ ကြာသည်။ လမ်းတွင် လယ်အိုရွာသူကြီး ဗိုလ်စကား၏တပ်နှင့်တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားခဲ့ရသည်။ ကျင်းရွာမှ အနောက်ဘက်သို့ ချီတက်လာသော အင်္ဂလိပ်စစ်တပ်သည် ၁၈၈၇ ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့တွင် ထီးလင်းမြို့ကို တိုက်ခိုက်သိမ်းယူသည်။ ကျောရွာကို သိမ်းယူပြီး ၂၀ ရက်အကြာမှာ ဖြစ်သည်။ ၁၈၈၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် မင်းရွာကို သိမ်းယူသည်။ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ဂန့်ဂေါရွာကို သိမ်းယူသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ယောဒေသမြောက်ပိုင်းတစ်ခုလုံးကို အင်္ဂလိပ်တို့သိမ်းယူပြီးကြောင်း မှတ်တမ်းတင်ခဲ့သည်။ ယောနယ်မြောက်ပိုင်းကို တိုက်ခိုက်သိမ်းယူသောအချိန်မှာ သုံးလပင်မပြည့်ပေ။

ဤသည်မှာ အင်္ဂလိပ်မှတ်တမ်းများဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် ခုခံမှု၊ ဆန့်ကျင်တိုက်ခိုက်မှုများကို အကျယ်တဝင့်ရေးသားဖော်ပြမထားပေ။ အင်္ဂလိပ်တို့ရေးသလို အလွယ်တကူဖြင့် သိမ်းယူအုပ်ချုပ်နိုင်ခဲ့ခြင်းမဟုတ်ပါ။ ၁၈၉၄ ခုနှစ် မတ်လတွင် စကြာမင်းသားဘွဲ့ကို ခံယူပြီး ငမင်းဆိုသူသည် မျိုးချစ်လူငယ်များကို စုစည်းပြီး ပေါက်မြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်သည်။ ၁၈၉၆ ခုနှစ် ဖေဖော်ဝါရီလတွင် ချင်းလူမျိုး မျိုးချစ်အင်အားစုများသည် မင်းတပ်မြို့ကို ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်မှတ်တမ်းများတွင် ယောဒေသ၌ ခုခံတိုက်ခိုက်သူများမှာ -

www.burmeseclassic.com

www.burmeseclassic.com



(၁) စကား (ဗိုလ်စကား)
(၂) ရာကွတ် (ဗိုလ်ရာကွတ်)
(၃) သောဒို (ဗိုလ်သာဒို)
(၄) ရွှေကျိုးဖြူမင်းသား
(၅) စကြာမင်းသား တို့သည် ခုခံရေးတပ်ဖွဲ့ခေါင်းဆောင်များ ဖြစ်ကြောင်း မှတ်တမ်းတင်ရေးသားခဲ့သည်။

အင်္ဂလိပ်တို့သည် ၁၈၈၆ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစပြီး ယောဒေသ သိမ်းယူရေးကို စီမံချက် ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း နှစ်ကုန်ပိုင်းသို့ ရောက်မှသာ ယောဒေသသို့ စတင်ချီတက်တိုက်ခိုက်နိုင်ခဲ့သည်။ ထိုတစ်နှစ် အချိန်ကာလအတွင်း မြန်မာ့မျိုးချစ်ခေါင်းဆောင်များသည် လူသူစုဆောင်း နိုင်ခဲ့ကြဟန်တူသည်။

## ရွှေကျိုးဖြူမင်းသား၏ လှုပ်ရှားမှု

ရွှေကျိုးဖြူမင်းသားဆိုသူသည် လှိုင်မင်းသား၏ သားဖြစ်သည်ဟု ပခုက္ကူ ခရိုင် ဂေဇက်တီးယားတွင် ဖတ်ရှုရသည်။ လှိုင်မင်းသားသည် မင်းတုံးမင်း၏ ညီတော်စပ်သူ ဖြစ်သည်။ ကနောင်မင်းပုန်ကန်မှုတွင် မအောင်မြင်သဖြင့် လှိုင်မင်းသားသည် သားငယ်ရွှေကျိုးဖြူမင်းသားလေးကို ပွေ့ပြီး အောက်ပြည် အောက်ရွာ သရက်မြို့ဒေသသို့ ထွက်ပြေးခဲ့သည်။ ရွှေကျိုးဖြူမင်းသားသည် အောက်ပြည် အင်္ဂလိပ်ပိုင် သရက်မြို့တွင် ပညာသင်ပြီး အစိုးရခန့် ကျောက် ထိုးဆရာ လုပ်သည်။ တတိယအင်္ဂလိပ် မြန်မာစစ် သီပေါမင်းပါတော်မူသော အခါ အထက်မြန်မာနိုင်ငံသို့ တက်လာသည်။ ၁၈၈၆ ခုနှစ်၊ မေလတွင် မြင်းခြံခရိုင်ဝန်ဟောင်းနှင့် ပေါင်းပြီး ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးကို စတင် လှုပ်ရှားသည်။ စစ်သား စုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများကို ပြုလုပ်သည်။ ထို့နောက် ပခုက္ကူဒေသသို့ ကူးပြောင်းလာသည်။ ထိုအချိန် တွင် ပခုက္ကူဒေသ၌ ဗိုလ်ကွယ်၏ တပ်များက နယ်ချဲ့ဆန့်ကျင်ရေးတပ်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



များ ဖွဲ့စည်းထားကြပြီ ဖြစ်သည်။ ရွှေဂျိုးဖြူမင်းသားသည် သူ့ကိုယ်သူ ရှင်ဘုရင်ဖြစ်မည့်သူဟု ယုံကြည်ထားသည်။ ရွှေဂျိုးဖြူမင်းသားသည် မြိုင်မြို့နယ်၊ ကန်လယ်ရွာ၌ အခြေချပြီး စစ်သည်အင်အား စုဆောင်းသည်။ ၁၈၈၆ ခုနှစ်သည် မြန်မာ့တော်လှန်ရေး အင်အားစုများ၏ စည်းရုံးရေး၊ စစ်ရေး အရှိန်အကောင်းဆုံးဟု ဆိုရမည် ဖြစ်သည်။ ဗိုလ်ကွယ်သည် ပုခန်းကြီးတွင် ပွဲကြည့်နေသော ခရိုင်ဝန် ဦးရိတ်အား ခေါင်းကိုဖြတ်ပြီး ဆင်ကြီးကိုပင် ယူဆောင်သွားသည်။ ဗိုလ်ကွယ်၏ လှုပ်ရှားမှုများသည် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ မြစ်ခြေဒေသတို့တွင် အရှိန်ရလျက်ရှိသည်။ ရွှေဂျိုးဖြူမင်းသားသည် ပေါက်ဒေသကို ဖြတ်ပြီး ပုံတောင်တောင်ကို ကျော်ဖြတ်သည်။ မင်းရွာသို့ ရောက်သောအခါ ဗိုလ်ဝင်ခံသည်။ မင်းရွာသူကြီး ဦးရွှေသိုင်း၏ အစီအရင်ဖြင့် ဦးဖိုးလယ်အိမ်တွင် နေထိုင်ရသည်။ ၁၈၈၆ ခုနှစ် ထိုအချိန်တွင် ယောနယ်သို့ အင်္ဂလိပ်တို့ မရောက်ရှိသေးပေ။ မင်းရွာတွင် အတော်ကြာ နေထိုင်ပြီး ဂန့်ဂေါသို့ ပြောင်းရွှေ့သွားသည်။ စစ်သည်အင်အား စုဆောင်းသည်။ လေ့ကျင့်သင်တန်းပေးသည်။ ကလေးနယ်မြေအထိ စည်းရုံးသည်။ ချင်းတောင်တာရွှန်ရွာသူကြီး ဆွန်ပတ်နှင့် ဆက်သွယ်၍ ချင်း၊ မြန်မာ ပူးပေါင်းပြီး ဝင်လာမည့် အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ကြရန် ညှိနှိုင်းကြသည်။ ချင်းရွာသူကြီးဆွန်ပတ်ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ အင်္ဂလိပ်များ ဝင်ရောက်လာလျှင် ခုခံတိုက်ခိုက်ရန် ကလေးဒေသနှင့် မြိုင်နယ်ဒေသတို့မှ မျိုးချစ်တော်လှန်ရေးအင်အားစုများပါ ပူးပေါင်းလာကြသည်။

ထိုအချိန် ၁၈၈၆ ခုနှစ်၊ နှစ်လယ်ပိုင်းလောက် ဂန့်ဂေါမြို့ အခြေအနေကိုလည်း ဖော်ပြရန် လိုပါသည်။ ဆရာကြီး ဦးကြာထွန်း၏ အဆိုအရ ဂန့်ဂေါသူကြီး ဦးဖိုးချစ် ကွယ်လွန်သောအခါ သားငယ်ဖြစ်သူ မောင်ဖိုးလှိုင်ကို ရင်ခွင့်ပိုက်သူကြီး တင်မြှောက်ခဲ့ကြသည်။ (ဒု-ဗိုလ်မှူးကြီး လှထွား၏ အဆိုနှင့် အနည်းငယ် ကွဲလွဲနေပါသည်။) သူကြီးမှာ အောင်ချစ်ဟု ဆိုသည်။ (ဖိုးချစ် = အောင်ချစ်) မောင်ဖိုးလှိုင်ကို မန္တလေးမြို့သို့ လွှတ်ပြီး ပညာသင်ကြားစေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂန့်ဂေါရွာကို ဦးလေးတော်စပ်သူ ဦးကြာဆင့်က မောင်ဖိုးလှိုင်ကိုယ်စား အုပ်ချုပ်သည်။ ဦးကြာဆင့်သည် သူကြီးကဲ့သို့ အာဏာပြပြီး ရွာသူရွာသား များကို အနိုင်ကျင့်အုပ်ချုပ်သည်။ အရက်သေစာသောက်စား၊ အပျော်အပါး များသည်။ ရွာသူရွာသားများက မုန်းတီးကြသည်။ ထို့ကြောင့် မန္တလေးတွင် ပညာသင်ယူနေသော မောင်ဖိုးလှိုင်ကို ပြန်ခေါ်ပြီး သူကြီးတင်မြှောက်ကြ သည်။ ဦးလေး ဦးကြာဆင့်သည် သူကြီးရာထူးကို လွှဲပေးလိုက်ရသည်။ ဦးကြာဆင့်သည် ကလေးဒေသသို့ ထွက်ခွာသွားသည်။ ရှမ်းအမျိုးသားများ ကို စည်းရုံးသည်။ ဂန့်ဂေါရွာကို အတင်းအဓမ္မ ဝင်ရောက်တိုက်ခိုက်ရန် အစီ အစဉ်ပြုလုပ်သည်။ ဂန့်ဂေါရွာကို တိုက်ခိုက်သည်။ ဂန့်ဂေါရွာသူရွာသား များသည် သူကြီး ဦးကြာဆင့်၏ ပြုမူပုံကို မကြိုက်ကြသဖြင့် ဦးကြာဆင့်၏ အကြမ်းဖက်သမားများကို ပျင်းပျင်းထန်ထန် ခုခံကာကွယ်တိုက်ခိုက်သည်။ ဦးကြာဆင့်သည် ဂန့်ဂေါမြို့တွင် အကျအဆုံး အသေအပျောက်များစွာဖြင့် တပ်ပျက်ပြီး ဆုတ်ခွာထွက်ပြေးရသည်။ ဦးကြာဆင့်သည် အလောင်းတော် ကဿပသို့ သွားရာလမ်းရှိ တောင်တွင်းချောင်ဒေသ၊ ဆိပ်သာရွာသို့ ခိုလှုံ နေထိုင်သည်။ ဆိပ်သာရွာသူကြီးကလည်း ကူညီစောင့်ရှောက်ထားသည်။ ဂန့်ဂေါဒေသတွင် အင်္ဂလိပ်စစ်တပ်များလည်း ချီတက်လာကြပြီး ရွှေဂျိုးဖြူ မင်းသားတို့ကလည်း ခုခံတိုက်ခိုက်ရန် ပြင်ဆင်နေကြသည်။ ဂန့်ဂေါသူကြီး မောင်ဖိုးလှိုင်သည် အင်္ဂလိပ်ရန်ကတစ်ဖက်၊ ရွှေဂျိုးဖြူတို့လူစုကတစ်ဖက် ဦးကြာဆင့်၏ရန်က တစ်ဖက်ဖြင့် မည်သူနှင့် ပူးပေါင်းရမည်ကို ဝေခွဲမရ ဖြစ်နေဟန်တူသည်။ မောင်ဖိုးလှိုင်သည် ဂန့်ဂေါရွာမှ ထွက်ခွာပြီး ရှောင်တိမ်း နေရသည်ဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com






၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလ အလယ်ပိုင်းတွင် အင်္ဂလိပ်စစ်တပ်များသည် ကျွင်းရွာသို့ ရောက်ရှိလာကြသည်။ ကျွင်းရွာတွင် စခန်းချပြီး ယောဒေသ တိုက်ခိုက်ရေးကို စီစဉ်ဆောင်ရွက်သည်။ ပုဂံအရေးပိုင် မစ္စတာအာယာသည် တပ်ဖွဲ့ကို နှစ်ဖွဲ့ခွဲလိုက်သည်။ တစ်ဖွဲ့က သူကိုယ်တိုင် ဦးစီးပြီး အနောက်ဘက် ထီးလင်း၊ မင်းရွာ၊ ဂန့်ဂေါဘက်သို့ ချီတက်ခဲ့သည်။ တစ်ဖွဲ့က ကျွင်းရွာမှမြောက်သို့ ကျောရွာဒေသသို့ ချီတက်ကြသည်။ အင်္ဂလိပ်စစ်တပ်များ မင်းရွာအရောက်တွင် ရွှေဂျိုးဖြူမင်းသား၏ တပ်ဖွဲ့ဝင်များဖြစ်သော ဦးမိုးကျော်၊ ဦးဖိုးလယ်တို့ ဦးစီးပြီး ခုခံတိုက်ခိုက်ကြသည်။ ကျောရွာ၏ စစ်ကြောင်းတွင်လည်း ရွှေဂျိုးဖြူမင်းသား၏ တပ်ဖွဲ့ဝင်များနှင့် အင်္ဂလိပ်တို့ အပြင်းအထန် တိုက်ပွဲဖြစ်ကြသည်။ သားလုလင် ယုံဆင်းဒေသတို့တွင် တိုက်ပွဲပြင်းထန်သည်။ ထီးလင်းဘက်သို့ ချီတက်ခဲ့သော အင်္ဂလိပ်စစ်တပ်ကလည်း ကျောစစ်ကြောင်းဘက်သို့ကူးပြီး နှစ်ဘက်ညှပ်၍ မြန်မာတပ်များကို တိုက်ခိုက်သည်။ လက်နက်အင်အားမမျှသဖြင့် မြန်မာများ ဆုတ်ခွာထွက်ပြေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရွာမှတစ်ဆင့် ဂန့်ဂေါသို့ ချီတက်သွားပြီး ၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် ဂန့်ဂေါကို သိမ်းယူနိုင်သည်။ အင်္ဂလိပ်တို့သည် ထွက်ပြေးတိမ်းရှောင်သွားသော မြန်မာကျေးရွာ ခေါင်းဆောင်များကို စုံစမ်းပြီး ရာထူးပြန်လည်ခန့်အပ်ရန် စီစဉ်သည်။ မြင်းဇာအရပ်တွင် ရောက်ရှိနေသော မင်းရွာသူကြီးကို ဆက်သွယ်ပြီး အင်္ဂလိပ်တို့နှင့် ပူးပေါင်းရန် ဆွေးနွေးပါ၊ ဖမ်းမည်မဟုတ်၊ အပြစ်ပေးမည် မဟုတ်၊ ရာထူးပြန်ခန့်ပေးမည်ဟု ဆွေးနွေးရန် မြင်းဇာရွာမှာ စောင့်နေပါဟု အကြောင်းကြားသည်။ အင်္ဂလိပ်စစ်ဗိုလ်သည် မြင်းဇာရွာတွင် မင်းရွာသူကြီးနှင့် တွေ့သောအခါ တကယ်ပင် အရိုအသေပေး အလေးပြုသည်။ လက်ဆွဲနှုတ်ဆက်သည်။ မင်းရွာအစီအရင် ဦးခိုင်၏ သမီးလေး (၇)နှစ်အရွယ်ရှိ မဖုန်းခိုင်ကိုပင် ပွေ့ချီနမ်းရှုပ်ပြီး ချော့မော့သည်။ မင်းရွာသူကြီးနှင့် အဖွဲ့တို့ကို မင်းရွာသို့ ပြန်နိုင်ရန် ဆင်၊ မြင်း၊ လှည်းတို့ကို စီစဉ်ပေးသည်။ ဤသို့ဖြင့် မင်းရွာသူကြီးနှင့်အဖွဲ့တို့လည်း မင်းရွာသို့ ပြန်ရောက်ကြသည်။

တိမ်းရှောင်နေသူ ဦးကြာဆင့်ထံသို့လည်း အင်္ဂလိပ်စစ်ဗိုလ်တို့က စာပို့ဆက်သွယ်သည်။ ပုန်းအောင်းမနေပါနှင့်၊ ပုန်းအောင်းနေလျှင် သူပုန်ဟု ကြေညာခြင်း ခံရမည်၊ လာရောက်ဆက်သွယ်ပါ၊ မူလရာထူးကို ပြန်ပြီး ခန့်ထားမည်ဟု ဖိတ်ခေါ်သည်။ ဦးကြာဆင့်လည်း အင်္ဂလိပ်တို့ထံ ဝင်ရောက်ပူးပေါင်းသည်။ အင်္ဂလိပ်တို့သည် ဦးကြာဆင့်ကို ဂန့်ဂေါမြို့အုပ်အဖြစ် ခန့်ထားလိုက်သည်။ မောင်ကြာဆင့်ဆိုသူသည် ဂန့်ဂေါသူကြီး ဦးကြံခိုင်မှ တောင်ယောသူနှင့် ပေါင်းသင်းပြီး မွေးဖွားလာသူ ဖြစ်သည်။ နောက်သူကြီး ငအောင်ချစ်နှင့် အဖေစုံ အမေကွဲ ဖြစ်သည်။ ငအောင်ချစ်၏သား မောင်ဖိုးလှိုင်နှင့် တူဦးလေး ဖြစ်သည်။ ငအောင်ချစ်၏ဇနီးမှာ မင်းတုန်းမင်းကြီး၏ ဆံတော်ရှင်း ဖြစ်သည်။ နန်းတွင်းသူ ဒေါ်အေးညို ဖြစ်သည်။ သားဖြစ်သူ မောင်ဖိုးလှိုင်ကို မန္တလေးမှာပင် ပညာသင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့သည် မြောက်ယောကို ပိုင်နိုင်စွာ အုပ်ချုပ်နိုင်တော့မည့် အခြေအနေရှိသဖြင့် ချင်းတောင်သိမ်းယူရေးကို စီစဉ်သည်။ ရှောင်တိမ်းနေသော ဂန့်ဂေါသူကြီး မောင်ဖိုးလှိုင်ကလည်း အင်္ဂလိပ်တို့ထံ လာရောက်ပူးပေါင်းသည်။ မောင်ဖိုးလှိုင်ကို တောင်ယောနယ် ဆောမြို့တွင် မြို့အုပ်ရာထူး ခန့်ထားလိုက်သည်။ အင်္ဂလိပ်တို့ကို ခုခံတော်လှန်ခဲ့သော ဦးသဲကြီးတို့ကိုလည်း စည်းရုံးခေါ်ယူပြီး မြို့အုပ်ရာထူး ပြန်လည်ပေးအပ်ခန့်ထားခဲ့သည်။

ဦးကြာဆင့်နှင့် မောင်ဖိုးလှိုင်တို့သည် သူကြီးမျိုးရိုးများဖြစ်ပြီး မြန်မာ ရှင်ဘုရင်၏ သူကောင်းပြုခြင်း ခံထားရသူများ ဖြစ်ကြပါ၏။ ကိုယ့်အရှင်ဘုရင်မင်းမြတ်ကို နိုင်ငံခြားကျူးကျော်ရေးသမားများက ဖမ်းဆီးခေါ်ဆောင်သွားသောအခါ ကိုယ့်ဒေသလူထုကို စုရုံးပြီး ခေါင်းဆောင်ကာကွယ် ခုခံတိုက်ခိုက်ရန် တာဝန်ရှိပါ၏။ ခေါင်းမဆောင်သည့်အပြင် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ခိုက်နေသော ရွှေဂျိုးဖြူမင်းသား၊ ဗိုလ်စကား၊ ဗိုလ်မိုးသီးတို့ကဲ့သို့ ခေါင်းဆောင်များ၏ နောက်ကပင် မလိုက်ခဲ့ပေ။ အချောင်သမား၊ အခွင့်အရေးရှာသူ နိုင်ငံတော်၏ သစ္စာဖောက်၊ ဗျူရိုကရက်များသာဖြစ်ကြောင်း သမိုင်းတွင် မှတ်တမ်းတင်ခြင်းခံရပါတော့၏။ ဦးသဲကြီး၊ ဦးရာကွတ်တို့ကဲ့သို့ သမိုင်းဝင် မျိုးချစ်များ ဖြစ်မလာခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါ၏။ အထူးသဖြင့် ဦးကြာဆင့်သည် တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသလို တိုင်းပြည်ကာကွယ်ရေးကို စုပေါင်းလုပ်ရမည့် အချိန်အခါတွင် မိမိသူကြီးရာထူးရရေးအတွက် လူစုပြီး ဂန့်ဂေါသူကြီး တူတော်မောင် ဦးဖိုးလှိုင်ကို ဝင်၍ တိုက်ခိုက်ခြင်းမှာ ဦးကြာဆင့်၏ ယုတ်ညံ့သော စိတ်ထားကို ပေါ်လွင်စေသည်။ ဦးကြာဆင့်ဟူသော အမည်သည် လူယုတ်မာတစ်ဦးပါလား ဟု ယနေ့တိုင် သမိုင်းမှာ မကောင်းကျော်ကြားနေတော့၏။ ဗိုလ်မိုးသီးတို့လို စွန့်သူများ မစားခဲ့ကြဘဲ ဦးကြာဆင့်နှင့် မောင်ဖိုးလှိုင်တို့လို အချောင်သမားများ ပုဆိန်ရိုးများမှာ မစွန့်ဘဲ စားခဲ့ကြရသော်လည်း တစ်ဘဝမျှသာ ခံစားခဲ့ရပါ၏။ ယခုနှစ်ပေါင်း တစ်ရာကျော်သည်အထိ ဖြစ်တင်ကဲ့ရဲ့ ရှုံ့ချ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းခံနေသေးရလေ၏။ သင်ခန်းစာ နမူနာယူသင့်ကြပါ၏။ ဘဝဆိုတာ တစ်ခဏမျှသာ ဖြစ်ပါ၏။ လူတော်တစ်ဦး၏ သမိုင်းကတော့ အမြဲတည်နေပါ၏။ ဤသို့ဆိုလျှင် သမိုင်းကောင်းခဲ့သော ယောနယ်မျိုးချစ်တော်လှန်ရေး သမားများ၏ အကြောင်းကို ဆက်လက်လေ့လာ မှတ်တမ်းတင်ပြပါဦးမည်။

**ဗိုလ်မိုးသီး**

ဗိုလ်မိုးသီးအကြောင်းကို ဆရာကြီး ဦးကြာထွန်းက အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

"ဗိုလ်မိုးသီး၏ ငယ်နာမည်မှာ ဦးဖိုးမှီ ဖြစ်သည်။ ဂန့်ဂေါမြို့နယ်မြောက်ပိုင်း၊ မိုးစိုရွာသူကြီး ဖြစ်သည်။ မျက်နှာတွင် ကျောက်ပေါက်မာ အနာရွတ်ကလေးများ အနည်းငယ် ရေးရေးထင်လျက် ရှိသည်။ ၎င်း၏ တစ်ကိုယ်လုံးတွင် ကာယသိဒ္ဓိစသော ဆေးများထိုးနှံထားရှိ၍ ယင်းဆေးရုပ်များ၊ ဆေးစာတမ်းများကို အထင်းသား မြင်နိုင်၏။ ရှိန်းပြီးသည်။ တုတ်၊ ဓား၊ လှံ၊ ကာယသိဒ္ဓိပြီးသည်ဟု ပြောကြ၏။ ကိုယ်ကာယ ကျန်းမာသန်စွမ်း၍ လျင်မြန်ဖြတ်လတ်သည်၊ လက်ဖျန်ရိုးတစ်ချောင်းတည်း ရှိသဖြင့် ပိုမိုသန်စွမ်းသည်၊ ဓားခုတ်၊ လှံထိုး ကျင်လည်သည်ဟု ဆိုလေသည်။

(ပညာအုပ်၊ ဦးဖြိုး၊ ကန်ရွာသားဇာတိထံမှ ထပ်မံရရှိ)ဟု မှတ်တမ်းတင်ထားခဲ့သည်။

ဗိုလ်မိုးသီးသည် နယ်ချဲ့အင်္ဂလိပ်တို့ ဝင်လာသည်ဟု ကြားသိရသောအခါ မိမိဒေသမှ လူငယ်များကို စုစည်းပြီး ခုခံတော်လှန်ရန် ပြင်ဆင်တော့သည်။ ပုံတောင်ပုံညာဒေသသို့ ချီတက်သည်။ ချီတက်လာသော အင်္ဂလိပ်စစ်တပ်များကို ချုံခိုတိုက်ခိုက်သည်။ အင်အားချင်းမမျှသဖြင့် ဗူးတောင်းရွာဘက်သို့ ဆုတ်ပြေးရသည်။ ဗူးတောင်ရွာတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသည်။ နှစ်ဖက်စလုံးမှ အများအပြား သေကြေကြရသည်။ တောင်ယောဒေသသို့ ခိုလှုံသွားသည်။ ယောမြို့ကျောင်းကြီးရှင်ချစ်ဘုရားအတွင်း ခိုလှုံနေသည်။ နောက်မှလိုက်လာသော အင်္ဂလိပ်စစ်တပ်နှင့် အပြင်းအထန် တိုက်ခိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကျောင်းကြီးရှင်ချစ် ဘုရားအတွင်းသို့ ဝင်လာသော အင်္ဂလိပ်စစ်သား ကုလားစစ်သားများကို ဓားဖြင့် ပိုင်းပိုင်းပြီး သတ်ပစ်လိုက်သည်။ အင်္ဂလိပ် စစ်သည်ကုလားများ အမြောက်အမြား သေကျေကျဆုံးခဲ့ရသည်။ ဗိုလ်မိုးသီး သည် ထိုမှတစ်ဆင့် မြောက်ယောဒေသ ကလေးနယ်ဘက်သို့ ပြောင်းရွှေ့ ခိုလှုံသွားသည်။ ရွှေဂျိုးဖြူမင်းသားနှင့် ပူးပေါင်းပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက် သည်။ အင်အားချင်းမမျှသဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း လှေ့ခွက်ချည်းကျန်၊ အလံမလဲ၊ ဗမာသတ္တိကို ပြနိုင်ခဲ့သည်။ လူသေသော်လည်း ယနေ့အထိ နာမည်မသေပါ။ ဗိုလ်မိုးသီး ဂန့်ဂေါနယ် မိုးစိုရွာသားဟူသော နာမည်သည် ယခုတိုင် မသေသေးဘဲ ရှင်သန်လျက် ရှိနေသေး၏။ ဦးကြာဆင့်၏ ဘဝ ဇာတ်လမ်းနှင့် ကွာခြားလှပေ၏။

**ဗိုလ်စကား**

အင်္ဂလိပ်များ ဝင်ရောက်လာသောအခါ ဗိုလ်စကားသည် မြိုင်မြို့နယ်၊ ကံလယ်ရွာဒေသမှ လူငယ်များကို စည်းရုံးပြီး တော်လှန်ရေးတပ်ဖွဲ့ကို ဖွဲ့ သည်။ ပုံတောင်ပုံညာတောင်တန်းကြီးများကို ဖြတ်ကျော်ပြီး ယောနယ်မှ ခုခံတိုက်ခိုက်ရန် စီစဉ်သည်။ ပေါက်မြို့နယ် လယ်အိုရွာတွင် ဗိုလ်ဝင်ခံသည်။ လယ်အိုရွာဆိုသည်မှာ ယခုလက်ပံတို ရေနံမြေ၏ အနောက်မြောက်နား (၁၀)မိုင်မျှ ဝေးကွာသည်။ လယ်အိုရွာတွင် ဌာနချုပ်ပြုလုပ်ပြီး ဓားခုတ်၊ လှံ ထိုးစသည့် စစ်တိုက်နည်းများ သင်တန်းပေးသည်။ မြိုင်နယ်၊ ပုလဲနယ်၊ ပေါက် နယ်တို့မှ မျိုးချစ်ရဲဘော်များ အများအပြား ဝင်ရောက်လာသည်။ လယ်အိုရွာ တွင် ဗိုလ်စကား ဗိုလ်ဝင်ခံခဲ့သောနေရာ၌ စေတီငယ်တစ်ဆူ တည်ထားခဲ့ သည်။ ဗိုလ်စကားတို့ တပ်ဖွဲ့သည် ပုံတောင်တောင်ကို ကျော်ဖြတ်ပြီး ယုံဆင်း ရွာ၊ သားလုလင်ရွာ၊ ဆွဲလဲရွာတစ်ဝိုက်တွင် တပ်တည်သည်။ စို့ပြားရွာတွင် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များ ဖွဲ့စည်းပါသည်။ ၁၈၈၆ ခုနှစ်အတွင်း မှာ ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်များ ဝင်လာသောအခါ ယုံဆင်း၊ ဆွဲလဲ၊ စို့ပြားရွာဒေသတို့တွင် အပြင်းအထန် တိုက်ပွဲများ ဖြစ်သည်။ အင်္ဂလိပ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



မှလည်း အကျအဆုံး များစွာရှိခဲ့သည်။ ဗိုလ်စကား၏ ခုခံတော်လှန်မှု များကို အင်္ဂလိပ်မှတ်တမ်းများတွင် အကျယ်တဝင့် ရေးသားမှတ်တမ်းတင်ခဲ့သည်။ ဗိုလ်စကားသည် အင်အားချင်း မမျှသဖြင့် ဂန့်ဂေါဒေသ ကွမ်းဖွဲ့ရွာဘက်သို့ ဆုတ်ခွာသွားပြီး ပြန်လည်တပ်ဖွဲ့သည်။ ရွှေဂျိုးဖြူမင်းသား၏ တော်လှန်ရေး တပ်ဖွဲ့နှင့် ပူးပေါင်းသည်။ နယ်ချဲ့ရန်ကို ဆန့်ကျင်တော်လှန်ရင်း အသက် ဆုံးရှုံးရသော်လည်း သူရဲကောင်းကြီး၊ မျိုးချစ်တော်လှန်ရေးသမားကြီးအဖြစ် ယနေ့တိုင် မှတ်တမ်းတင်ခြင်း ခံနေရသည်။ ပေါက်မြို့နယ်ခန်းမကြီး တည် ဆောက်ရာတွင် ယခင်က ဗိုလ်ရာကွတ်ခန်းမဟူ၍ အမည်ပေးခဲ့ရာ နောက် တော့ ဗိုလ်စကားခန်းမဟု အမည်ပေးဂုဏ်ပြုခဲ့သည်။ ပေါက်မြို့တွင် မြို့တော် ခန်းမကို ဗိုလ်စကားခန်းမဟု ယနေ့တိုင် ခေါ်တွင်နေသည်။ ပေါက်မြို့နယ် မြောက်ပိုင်းမှ လယ်အိုရွာသားများသည် သတ္တိရှိသည်။ ရဲရင့်သည့် မျိုးချစ် စိတ်ဓာတ် ပြင်းထန်သည်ဆိုပြီး ယနေ့တိုင် ပြောစမှတ်ပြုနေကြရ သည်။ လယ်အိုရွာသားများကလည်း "လယ်အိုသားကွ ဘာမှတ်သလဲ၊ ဗိုလ်စကား သွေးကွ" ဆိုပြီး ယနေ့တိုင် ဂုဏ်ယူဝံ့ကြွားနေကြရ၏။ ဦးကြာဆင့်နှင့် တော့ ကွာခြားလှပါ၏။ ဗမာ့သတ္တိ ကမ္ဘာကသိအောင် ငါတို့ တိုက်ပြမည် ဟူသော ကြွေးကြော်သံကို နာခံသူများ ဖြစ်ကြပါ၏။

## ဗိုလ်ရာကွတ်

ဗိုလ်ရာကွတ်ဟူ၍ သမိုင်းမှာ တွင်ခဲ့သော ဦးရာကွတ်သည် ယောလေး မြို့ဝန် ဘောသင်၏ သမက်ဖြစ်သည်။ ဘောသင်သည် စော်ဘွားမျိုးရိုး ဖြစ် သည်။ စော်ဘွားငလုတ္တမှာ ဘောသင်၏ ဖခင်ဖြစ်သည်။ ဘောသင်သည် ကောဇာ ၁၁၉၉ ခုနှစ် ဘကြီးတော်မင်းက အမိန့်စာချွန်တော်ဖြင့် မြို့ဝန် ခန့်အပ်ခံထားရသူ ဖြစ်သည်။ ၁၂၀၂ ခုနှစ်၊ သာယာဝတီမင်းလက်ထက်တွင် မြို့ဝန်ရုံးစိုက်ရာဌာနကို ယောမြို့မှ ပေါက်မြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။ သားမက်ဖြစ်သော ဦးရာကွတ်သည်လည်း ပေါက်မြို့သို့ လိုက်ပါနေခဲ့ရသည်။

www.burmeseclassic.com



လေးမြို့ဝန် ဘောသင်သည် ပေါက်မြို့၌ မြို့ဝန်အဖြစ် ၁၂၀၂ ခုနှစ်မှ ၁၂၃၉ ခုနှစ်အထိ နေထိုင်သွားခဲ့ရသည်။ ၁၂၄၇ ခုနှစ်၊ သီပေါဘုရင် ပါတော်မူသောအခါ ဦးရာကွတ်သည် သူတစ်ပါးကျွန် မခံလို၊ ရရာလက်နက်ကို စွဲကိုင်ပြီး နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရန် ယောဒေသမှ မျိုးချစ်လူငယ်များကို စည်းရုံးသည်။ ကျောင်းကြီးရှင်ချစ်ဘုရားသမိုင်းအရဆိုလျှင် ထိုအချိန်တွင် ဦးရာကွတ်၏ အသက်မှာ (၆၀)ကျော် (၇၀)ခန့် ရှိနေမည်ဖြစ်သည်။ ရိုးရာစဉ်ဆက် မြန်မာရှင်ဘုရင်များ၏ သစ္စာကိုခံယူလာသောမျိုးချစ်မိသားစုများဖြစ်သည်။ အင်္ဂလိပ်၏သစ္စာကို မခံယူနိုင်၊ ကိုယ့်အရှင်သခင်ကို ဖမ်းဆီးခေါ်ဆောင်သွားတာ ခေါင်းငုံ့မခံနိုင်ဟု စည်းရုံးသည်။ ယောမြေကို အင်္ဂလိပ်တို့ ခြေချ မခံနိုင်ဟု ကြွေးကြော်သည်။ ထိုအခါ ယောမြို့ ဗိုလ်ချုပ်ဘိုးထွန်းသာ၊ ပန်းဆန် ရွာ ဗိုလ်ကြီးဘိုမြတ်ကံ၊ ပုဆုပ်ရာ ဘိုးကြွင်းရ ကြံ့တောရွာ ဘိုးရွှေကံ၊ လယ်ဆောရွာ ဘိုးစံလှ၊ ဘူးတောင်းရွာ ဘိုးသာနိုင်၊ ညောင်ကန်ရွာ ဘိုးနှစ်၊ နတ်ရဲရွာ တပ်ကြပ် ဘိုးထင်တို့သည် အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ရန် စစ်တိုက်မောင်းကြီး မောင်းငယ်တို့ တီး၍ လူသူစုရုံး ကြလေသည်။ ဤသည်ကိုကြည့်လျှင် ဗိုလ်ရာကွတ်၏ စည်းရုံးရေးသည် မည်မျှအောင်မြင်သည်ကို သိသာနိုင်သည်။ ဆောမြို့နယ်နှင့် ထီးလင်းမြို့နယ်များမှ ရွာတော်တော်များများ ပါဝင်ပူးပေါင်းလာကြသည်။ သတ္တိနည်းသော လူကြီးသူမများက စိုးရိမ်တကြီးဖြင့် နတ်ရဲဂိုဏ်းဆရာတော်ကြီးထံ ချဉ်းကပ်၍ ခုခံတိုက်ခိုက်ခြင်း မပြုသင့်ကြောင်း၊ သေကျေပျက်စီးကုန်တော့မည်ဖြစ်ကြောင်း တင်လျှောက်ကြသည်။ ဆရာတော်ကြီးသည် ဗိုလ်ချုပ် ဗိုလ်ထွန်းသာနှင့်တကွ 'တော်လှန်ရေးသမားများကိုခေါ်ပြီး အင်အားချင်း မမျှသဖြင့် တွန်းလှန်တိုက်ခိုက်ခြင်းသည် သေရုံသာရှိမည်။ အကျိုးမမြင်၊ မြန်မာဘုရင်သည်ပင် ပါတော်မူသွားပြီဟု ဆုံးမဩဝါဒ ပေးတော်မူသည်။ ဤသို့ဖြင့် ဗိုလ်ရာကွတ် စုစည်းထားသော တပ်ဖွဲ့များသည် တဖြည်းဖြည်းအားနည်းလာသည်။ ဗိုလ်ရာကွက်သည် 'လှေခွက်ချည်းကျန်၊ အလံမလဲ' ဆိုသော ဇွဲဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့်မျိုးချစ်ရဲဘော်အင်အားဖြင့် ပေါက်မြို့မှတက်လာသော အင်္ဂလိပ်စစ်တပ်ကို ပုံတောင်တောင်ကြီးပေါ်မှ ဆီးကြိုတိုက်ခိုက်ပါတော့သည်။ ဗိုလ်ရာကွတ်၏ ခုခံတိုက်ခိုက်မှုများသည် အောင်မြင်မှုမရသော်လည်း အင်္ဂလိပ်မှတ်တမ်းများတွင် ဗမာ့သွေး၊ ဗမာ့သတ္တိကို ပြသနိုင်ခဲ့ပါသည်။ လူသေသော်လည်း နာမည်မသေခဲ့ပါ။ ယခုခေတ်တွင် ပေါက်မြို့၌ ဆောက်လုပ်ခဲ့သော မြို့နယ်ခန်းမအမည်ကိုပင် ဗိုလ်ရာကွက်ခန်းမဟု အမည်ပေးခံခဲ့ရသူ ဖြစ်ပါသည်။

နိဂုံးချုပ်လိုက်သော် ယောဒေသသည် နှစ်ပေါင်းများစွာ ပဒေသရာဇ်စနစ်၏ အုပ်ချုပ်ရေးအောက်တွင် နေထိုင်လာခဲ့ရာ ၁၈၈၇-၈၈ ခုနှစ်လောက်မှစပြီး ကိုလိုနီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းအုပ်ချုပ်လာခဲ့ကြပါတော့၏။

ကိုလိုနီအုပ်ချုပ်ရေးစနစ်တွင် မြို့အုပ်ရာထူးများ ခန့်ထားအုပ်ချုပ်ခဲ့ရာ ထီးလင်းမြို့အုပ်များအဖြစ် အောက်ပါအတိုင်း စဉ်ဆက်အုပ်ချုပ်ခဲ့ကြကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ထီးလင်းမြို့ မြို့အုပ်များ**

| | | | |
|---|---|---|---|
| ၁။ | ဦးခွေး | ၂။ | ဦးသာထွန်း |
| ၃။ | ဦးသိုက် | ၄။ | ဦးအောင်ကျော်ဇံ |
| ၅။ | ဦးမြ | ၆။ | ဦးမြစ် |
| ၇။ | ဦးအောင်လန် | ၈။ | ဦးကြာဆင့် |
| ၉။ | ဦးဘိုးလှိုင် | ၁၀။ | ဦးမောင်လေး |
| ၁၁။ | ဦးတိုး | ၁၂။ | ဦးခင်မောင်ကြီး |
| ၁၃။ | ဦးဘိုးဆောင် | ၁၄။ | ဦးသဲကြီး |
| ၁၅။ | ဦးထွန်းအိုင် | ၁၆။ | ဦးချိတ် |
| ၁၇။ | ဦးအုံကြီး | ၁၈။ | ဦးဘိုးငြိမ်း |
| ၁၉။ | ဦးဖေကြီး | ၂၀။ | ဦးဘရှိန် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၂၁။ | ဦးလှဖေ | ၂၂။ | မစ္စတာအောက်ဒင်း |
| ၂၃။ | ဦးထွန်းအိုင် | ၂၄။ | ဦးသာထွန်း |
| ၂၅။ | ဦးသာဒန် | ၂၆။ | ဦးလှမောင် |
| ၂၇။ | ဦးတင်အို | ၂၈။ | ဦးလှမောင် (ဂျပန်ခေတ်) |
| ၂၉။ | ဦးလှမောင် | ၃၀။ | ဦးဘခိုင် |
| ၃၁။ | ဦးဖြိုး | ၃၂။ | ဦးတင်မောင် |

**မှတ်ချက်။** ဦးတင်မောင်သည် ပန်းတနော်သားဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ညီဟု ဖော်ပြထားသည်။ စသည်ဖြင့် ထီးလင်းမြို့မြို့နယ် မဂ္ဂဇင်း (၁၉၉၄) တွင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဘချစ်က မှတ်တမ်းတင်ထားခဲ့ပါသည်။

ကျောင်းကြီးရှင်ချစ် ဘုရားသမိုင်းတွင် ဖော်ပြထားသော ငစံပွင့်အကြောင်းက စိတ်ဝင်စားစရာ ကောင်းလှသဖြင့် ဤနေရာတွင် မှတ်တမ်းတင်လိုပါသည်။

ငစံပွင့်ဆိုသူသည် စော်ဘွားမျိုးရိုး မဟုတ်ဘဲ ပထမဆုံး အရပ်သားမြို့ဝန်ဖြစ်လာသူ ဖြစ်ပါသည်။ ၁၁၁၆ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တောင်ငူနှင့် သာယာဝတီသို့ ချီတက်တိုက်ခိုက်ရာတွင် လိုက်ပါခဲ့ရသည်။ စစ်ပွဲများတွင် ရွဲ့ရွဲ့ချွန်ချွန် တိုက်ခိုက်အောင်မြင်ခဲ့သည်။ စစ်နိုင်၍ ပြန်လာသောအခါ ငစံပွင့်ကို ဦးအောင်ဇေယျက သိုဟ်ဘွားအမည်ဖြင့် ယောမြို့ကို စားစေသည်။ ငစံပွင့်သည် နတ်ရဲရွာသားဖြစ်သည်။ ငစံပွင့်သည် နယ်မြေလုံခြုံရေးအတွက် ကျုံးမြောင်းတူးသည်။ ဤသည်ကို ထီးလင်းစော်ဘွားက မနာလို၍ ဝန်တိုဖြစ်ပြီး ဆင်ဖြူရှင်မင်းတရားကြီးထံ စာချွန်လွှာဆက်သဖြင့် အစစ်ဆေးခံရသည်။ ကုန်းတိုက်လျှောက်တင်သည်။ ငစံပွင့်သည် တစ်ထီးတစ်နန်း စိုက်ထူမည်ဟု ဆိုလိုသည်။ ဆင်ဖြူရှင်မင်းတရားကြီးလည်း ယုံကြည်တော်မူ၍ စစ်ကဲတပ်မှူးတို့ကို စေလွှတ်၍ ငစံပွင့်ကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ဖမ်းဆီးစေသည်။ စံပွင့်က အဖမ်းမခံ၊ တိမ်းရှောင်ထွက်ပြေးသည်။ အင်းဝမှ စစ်တပ်များ ပြန်ဆုတ်သွားသောအခါ စံပွင့်သည် နတ်ရဲရွာသို့ ပြန်လာပြီး ကျုံး၊ မြောင်းတို့ကို ဆက်လက်တူးပြီး အခိုင်အမာ တပ်စွဲနေပြန်သည်။ ဆင်ဖြူရှင်မင်းတရားကြီး ထပ်မံကြားသိပြန်သည်။ စစ်ကဲတပ်မှူးတို့ကို စေလွှတ်၍ ထပ်မံနှိုင်ကွပ်ပြန်သည်။ စံပွင့်လည်း သားမယားတို့ကိုပါ ခေါ်သွားပြီး တိမ်းရှောင်ထွက်ပြေးရပြန်သည်။ အင်းဝတပ်များ ဆုတ်ခွာသွားသောအခါ စံပွင့်သည် တေးရွာတွင် အခိုအလုံနေပြန်သည်။ တေးရွာတွင်လည်း ကျုံး၊ မြောင်းတူးပြန်သည်။ တစ်ဖန် တေးရွာသို့ အင်းဝတပ်များ ရောက်လာပြန်ပြီး စံပွင့်ကို နှိပ်ကွပ်ပြန်သည်။ စံပွင့်သည် သူ့အပေါ်တွင် ဆင်ဖြူရှင်မင်းတရားကြီးသည် အယုံအကြည်ရှိတော့မည် မဟုတ်။ အမြဲစောင့်ကြည့် သတင်းစုံစမ်းနေလေပြီ။ ငါလုပ်သမျှ ဘာမျှအောင်မြင်တော့မည် မဟုတ်။ နေရသည်ထက် သေရသည်က မြတ်သည်ဟု ဆုံးဖြတ်သည်။ စံပွင့်သည် တေးရွာမှ တစ်ဦးတည်း မြင်းဖြင့် ထွက်ခွာလာပြီး သောင်ကန်ရွာတောင်ဘက် အရောက်တွင် ကုန်းမြင့်ပေါ်မှ လူရောမြင်းပါ ခုန်ချပြီး မိမိကိုယ်ကို သတ်သေလိုက်သည်ဟု ဆိုသည်။ စံပွင့်၏မယား မနန်းခါးသည် လင်သေခြင်း၊ စည်းစိမ်လျော့ကျခြင်းတို့ဖြင့် စိတ်သောကရောက်ခဲ့ရရှာသည်။ စိတ်ပြေရာပြေကြောင်းနှင့် ဤဘဝကံကြမ္မာ နောက်ဘဝသို့ မပါရအောင် ပြေပါစေ၊ ကျေပါစေဟု ဆုတောင်းပြီး မိမိ၏လက်ဝတ်ရတနာများကို ထုခွဲရောင်းချပြီး တေးရွာ၏ အနောက်တောင်ထောင့် ယောချောင်း၏ လက်ယာဘက်ကမ်းထိပ်ပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားခဲ့လေသည်။ ထိုစေတီကို ၁၃၁၄ ခုနှစ်တွင် တေးရွာဆရာတော် ဦးစီးပြီး ပြန်လည်ပြုပြင်ထားခဲ့ရာ ယခုတိုင် တွေ့နိုင်ပါသေးသည်။

စံပွင့်သည် စော်ဘွားမျိုးရိုးမဟုတ်ဘဲ မြို့သူကြီးဖြစ်လာသူ ဖြစ်သည်။ စံပွင့်မတိုင်မီက စော်ဘွားများစာရင်းတွင် အမျိုးသမီးတစ်ဦး ပါဝင်နေသည်မှာ ထူးခြားနေပါသည်။ စံပွင့်မတိုင်မီ မင်းဆက်များ -

www.burmeseclassic.com

၁၄။ ငစံဝေ

၁၅။ မင်းကျော်သူ

၁၆။ ငအောင်ကျော်

၁၇။ ငမြတ်စံ

၁၈။ ငှင်း၏နှမ မိလှ

၁၉။ ငဖြေ

၂၀။ ငစံပွင့်ခေါ် သိုဟံဘွားဟု ကျောင်းကြီးရှင်ချစ်ဘုရားသမိုင်းတွင် ဖော်ပြထားသည်။ ဒေါက်တာတိုးလှ၏ စော်ဘွားစဉ်ဆက်စာရင်းနှင့် အနည်းငယ် ကွဲလွဲနေပါသည်။ ဤနေရာတွင် အမျိုးသမီးဖြစ်သော မိလှဆိုသူသည် စော်ဘွားဖြစ်ခဲ့သဖြင့် ညောင်ရမ်းခေတ်တွင် အမျိုးသမီးများသည် အုပ်ချုပ်သူရာထူး ကြီးကြီးမားမား ရခဲ့ကြောင်း လေ့လာနိုင်ရန် မှတ်တမ်းတင်အပ်ပါသည်။

အမှတ်စဉ် - ၁၅ ဖြစ်သော မင်းကျော်သူဆိုသူသည် ကျောက်ထုဒေသ၊ အစာရေစာ ဝပြောရေးအတွက် အလွန်အကျိုးများစေသော ယောမြောင်းကြီးကို တူးပြီး တစ်နှစ် နှစ်သီးစားစပါး စိုက်ပျိုးစေ့ခဲ့သည်။ ယောမြောင်းကြီးမှာ ခြေချောင်းမှ ရေကို သွယ်ယူပြီး ချောင်း၏လက်ဝဲဘက်ကမ်းပေါ်တွင် ဖောက်လုပ်ထားသည်။ အရှည် (၅)မိုင်နီးပါး၊ မြောင်းအကျယ် (၁၀)ပေခန့် ရှိသည်။ မြောင်းကို စတင်တူးသော ခုနှစ်မှာ ၁၀၃၂ ခုနှစ် ဖြစ်သည်ဟု သိရသည်။ ခြေချောင်းရေကို တောင်ထက်ရွာအနီးမှ စတင်ယူဆောင်၍ လွှန်းရွာအနီးတွင် ဆုံးသည်။ ယောတူးမြောင်းကြီးဟု နာမည်ကြီးသည်။

ယောဒေသသည် ပုဂံခေတ်နောက်ပိုင်း၌ မြန်မာပြည် ပြည်မမှ တိုက်ရိုက်အုပ်ချုပ်ခဲ့ကြောင်း ကျောက်စာများအရ သိရပါသည်။ ဥပမာ ရွှေကွန်အုပ်ဘုရားကျောက်စာ (ဘိုးတော်စပ်ထိုး၊ မဟာမြတ်မုနိဘုရားဝင်း၊ အနောက်တောင်ထောင့်)။ ယောဒေသ၏ အုပ်ချုပ်ရေး၊ စစ်ရေးဆိုင်ရာများကို သာလွန်မင်းစစ်တမ်း၊ ဘိုးတော်လက်ထက် ယောစစ်တမ်းများအရ တစ်ပိုင်း

www.burmeseclassic.com



တစ်စ သိရပါသည်။ သာလွန်မင်း စစ်တမ်းသည် ယောဒေသမှ သူကြီးများကို နေပြည်တော် အင်းဝမြို့တော်သို့ ဆင့်ခေါ်ပြီး ထွက်ဆိုတင်ပြခြင်းနည်းဖြင့် ကောက်ယူခဲ့သော စစ်တမ်းဖြစ်ပါသည်။

ဥပမာ -

၁။ ပျားရွာစစ်တမ်း

၂။ မြေနီစစ်တမ်း

၃။ အိမ်သစ်စစ်တမ်း

၄။ ရေပုတ်စစ်တမ်း စသည်တို့ ဖြစ်ပါသည်။ ရေပုတ်ရွာမှာ မည်သည့်ကျေးရွာနှင့်မျှ နယ်မြေအရှုပ်အရှင်း မရှိသော ကျေးရွာဖြစ်သည်။ ပုံညာတောင်ကြီး၏ အဆင်းတွင် စတွေ့ရသော ကျေးရွာဖြစ်သည်။ မြန်မာရှင်ဘုရင်များလက်ထက်က သံဆက်သရသော ကျေးရွာဖြစ်ကြောင်း စစ်တမ်းများတွင် တွေ့ရသည်။ ကောဇာသက္ကရာဇ် ၉၉၁ (အေဒီ ၁၅၂၉) ခုနှစ်တွင် ပျားရွာသူကြီးနှင့် ဂန့်ဂေါသူကြီးတို့ နယ်မြေလုကြရာ သာလွန်မင်းတရားကြီးက ပျားရွာသူကြီးကို အနိုင်ပေးပြီး ဂန့်ဂေါသူကြီးအား စပါးတင်း တစ်သောင်းလေးထောင်ကို လျော်ကြေးပေးရန် ဆုံးဖြတ်ပေးခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဂန့်ဂေါဒေသသည် စပါးအထွက်ကောင်းကြောင်း သိသာနိုင်ပါသည်။ ယောဒေသကို ကုန်းဘောင်ခေတ်မတိုင်မီက စော်ဘွားအဆက်ဆက် အုပ်ချုပ်ခဲ့သော်လည်း အထူးသဖြင့် ဗဒုံမင်းလက်ထက်မှစပြီး မြို့သူကြီးရာထူးများ ခန့်ထားအုပ်ချုပ်စေခဲ့ပါသည်။

ဂန့်ဂေါရွာမြို့သူကြီး အဆက်ဆက်မှာ -

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်သာညို | - | (၁၁၄၇ ခုနှစ်) |
| ၂။ | မဏ္ဍလွန်းကျော် | - | (၁၁၆၄ ခုနှစ်) |
| ၃။ | ငစိန် | - | (၁၂၀၀ ခုနှစ်) |
| ၄။ | ငကြံခိုင် | - | (၁၂၂၀ ခုနှစ်) |
| ၅။ | ငအောင်ချစ် | - | (၁၂၄၂ ခုနှစ်) |

www.burmeseclassic.com

၆။ ကြော့ဆင့် - (၁၂၄၂ - ၁၂၄၇ ခုနှစ်)
၇။ ဘိုးလှိုင် - (၁၂၄၇ ခုနှစ်) စသည်တို့ ဖြစ်ပါသည်။

ကြော့ဆင့်သည် သူကြီး၊ ကြေးခိုင်၏ ဒုတိယဇနီး တောင်ယောသူမှ မွေးဖွားသော သားဖြစ်သည်ဟု ဆိုသည်။ ဦးကြော့ဆင့်သည် ညီဖြစ်သူ သူကြီး ငအောင်ချစ် ပွဲကြည့်စဉ် သတ်ပြီး သူကြီးရာထူးကို လုယူခဲ့သည်ဟု (ဒုတိယ ဗိုလ်မှူးကြီးငြိမ်း) လှထွား၏ ဆောင်းပါးတွင် ဖတ်ရသည်။

၁၈၉၀ ခုနှစ်သို့ ရောက်သောအခါ ယောဒေသ ကိုလိုနီအုပ်ချုပ်ရေးသည် အတော်အခြေခိုင်လာပြီဟု ဆိုရပါမည်။ သို့သော် ယောသူယောသားများသည် အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေးကို ကြိုက်လို့အုပ်ချုပ်ခံနေရခြင်း မဟုတ်။ မနိုင်နိုင်သေး၍သာ အခြေအနေအရ အုပ်ချုပ်ခံနေရခြင်းဖြစ်ပါသည်။ အခွင့်အရေးရလျှင်ရသလို အင်္ဂလိပ်အစိုးရကို တော်လှန်ရန် အမြဲ ကြံဆဆွေးနွေးနေခဲ့ကြပါသည်။ နောက်ပိုင်းတွင် စာသင်ကျောင်းများ ပေါ်ပေါက်လာသောအခါ ပညာတတ်များသည် ခေါင်းဆောင်ပြီး နယ်ချဲ့တော်လှန်ရေးကို စတင်ကြပြန်ပါသည်။ ၁၉၂၀ ခုနှစ်ခန့်တွင် တစ်နိုင်ငံလုံးတွင် ပေါ်ပေါက်ခဲ့သော ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းကြီးသည် ယောဒေသသို့လည်း ရောက်ရှိခဲ့သည်။ ထိုအသင်းကြီးကိုနောက်ပိုင်းတွင် ဂျီ စီ-ဘီ အေအသင်းဟု အမည်ပြောင်းပြီး ဝံသာနုရက္ခိတအသင်းခွဲများ တည်ထောင်သည်။

ထီးလင်းမြို့တွင် ဦးညီမောင်၊ ဦးစိုးနိုင်တို့က စည်းရုံးတည်ထောင်ကြသည်။ ၁၉၃၈ ခုနှစ် (၁၃၀၀ ပြည့်နှစ်) ကျောင်းသားသပိတ်တွင် ထီးလင်းမြို့၌ ဦးဘချစ်၊ ဦးချစ်ညွှန့်တို့က ဦးဆောင်ပြီး ထီးလင်းမြို့ မြောက် မင်းဘုရားကြီးတွင် သပိတ်စခန်းဖွင့်ပြီး တစ်လတိတိ နယ်ချဲ့ဆန့်ကျင်ရေးတရားပွဲများ ဟောပြောဆန့်ကျင်ခဲ့ကြသည်။ ၁၉၄၂ - ၄၃ ခုနှစ် ဂျပန်ခေတ်တွင်လည်း ထီးလင်းမြို့နယ် အာရှလူငယ်အဖွဲ့ကို ဦးစိုးအောင်၊ ဦးကြာစိန်တို့မှ ဦးဆောင်ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ ၁၉၄၆ ခုနှစ် အထွေထွေသပိတ်ကြီးတွင်လည်း ထီးလင်းမြို့တွင် ဦးပြည့်မော်ဦးဆောင်၍ ပုလိပ်သပိတ်ကြီးကို ဆင်နွှဲခဲ့ပါသည်။

www.burmeseclassic.com



ဤသည်တို့ကို ခြုံငုံပြီး သုံးသပ်လျှင် ယောဒေသသည် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မတိုင်မီကစပြီး အုပ်ချုပ်ရေးစနစ်များရှိခဲ့ပြီး ပုဂံခေတ်နောက်ပိုင်းတွင် မြန်မာပြည်ဘုရင်များ၏ အုပ်ချုပ်ရေးအောက်တွင် တည်ရှိခဲ့ပါသည်။ ကိုလိုနီခေတ်၊ ဂျပန်ခေတ်တို့တွင် နယ်ချဲ့ဆန့်ကျင်ရေးကို ပြည်မနှင့်အတူ ကျရာတာဝန်ကိုကျေပွန်အောင် တိုက်ပွဲဝင်ခဲ့ကြကြောင်း မှတ်တမ်းတင်ဖော်ပြလိုက်ရပေသည်။

× × × × ×

## ယောဒေသ၏ ရှေးခေတ်စီးပွားရေး

ယောဒေသသည် တောတောင်များနှင့် ဖုံးလွှမ်းနေပြီး မြစ်ချောင်း အင်းအိုင်များလည်း ပေါများပါသည်။ အနောက်ဘက်တွင် ချင်းတောင်တန်းကြီး၊ အရှေ့ဘက်တွင် ပုံတောင်၊ ပုံညာတောင်တန်းကြီးများ တည်ရှိသဖြင့် ပြည်မနှင့် အတော်ပင် အဆက်အသွယ် ပြတ်နေခဲ့ပါသည်။ စီးပွားရေးမှာလည်း တစ်ပိုင်တစ်နိုင် မိသားစုစားဝတ်နေရေးအတွက် ဖူလုံရုံသာ စိုက်ပျိုးကြပါသည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပြောင်းဖူးနှင့် ပဲမျိုးစုံဖြစ်ပါသည်။

ယောဒေသ၏ လယ်ယာစိုက်ပျိုးရေးကို ခေတ်မီအောင် စတင်လုပ်ခဲ့သူမှာ ယောမြို့စား စော်ဘွား မင်းကျော်သူ ဖြစ်သည်။ မင်းကျော်သူသည် ၁၀၃၂ ခုနှစ်၊ (ညောင်ရမ်းခေတ်၊ ပြည်မင်း ၁၀၂၃-၄၄) တွင် ငါးမိုင်ခန့်ရှည်သော တူးမြောင်းကြီးကို ဖောက်လုပ်ပြီး စပါး တစ်နှစ်မှာ နှစ်သီးစားရအောင် စီစဉ်ပေးခဲ့သည်။ မြောင်းအကျယ်မှာ (၁၀)ပေခန့် ရှိသည်။ ကျောက်ထုရွာအထက်နား တောင်ထက်ရွာအနီးမှ ခြေချောင်းအတွင်းရှိ ရေကို စတင်သွယ်ယူခဲ့သည်။ လေွန်းရွာအထိ ရှည်ပြီး မြောင်းဘေးရှိ လယ်မြေများကို ရေသွင်းပြီး စိုက်ပျိုးသဖြင့် မိုးကိုမျှော်ရန် မလို။ ရေကို လိုသလိုသုံးပြီး စိုက်

www.burmeseclassic.com

www.burmeseclassic.com



မျိုးရေး လုပ်ဆောင်နိုင်သည်။ ယောမြို့ဒေသအတွက် ဝမ်းစာကို ဖူလုံစေသည်။ ယောဒေသရှိ အခြားကျေးရွာများတွင် စပါးကို တောင်ယာခင်းများတွင်သာ စိုက်ပျိုးသည်။ ဂန့်ဂေါဒေသတွင် ဆန်စပါး အထွက်ကောင်းကြောင်း ပျားရွာသူကြီးနှင့် ဂန့်ဂေါသူကြီး အမှုတို့တွင် တွေ့ရသည်။ ဂန့်ဂေါသူကြီးက စပါးတင်း (၁၄၀၀၀)လျော်ကြေးပေးရသည်။ စစ်တမ်းများအရ ပျားဖယောင်း၊ ဝါဂွမ်း၊ သံတို့ကိုလည်း ဆက်သွင်းရသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဟူ၍လည်း မင်းတုန်းမင်းမတိုင်မီက လုပ်ကိုင်ခဲ့ခြင်း မတွေ့ရပေ။ ဆင်ဖမ်းခြင်း အလုပ်တစ်မျိုးကိုသာ တွေ့ရသည်။ ၁၁၄၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက် နေ့စွဲဖြင့် ဆင်သူကြီး ငကျော်က အမရပူရနေပြည်သို့ အစီရင်ခံစာ တစ်စောင်သွင်းသည်။ ဆင်အမှုထမ်းများ နေထိုင်သော ရွာကိုအုပ်ရသော အကြီးအကဲကို ဆင်သူကြီးဟု ခေါ်သည်။ သူ၏စစ်တမ်းတွင် ယောနကတိုင်း၊ လောင်းရှည်မြို့နယ်၊ ပုပ္ပကိုင်ကျေးရွာသည် ပုပ္ပကိုင်အောက်မား အစုသားတို့ကို နေထိုင်ခွင့်ပေးထားခဲ့သည်မှာ ညောင်ရမ်းမင်းလက်ထက်မှစ၍ ဖြစ်ပါသည်။ ယင်းရွာတွင် နေရာချထားခြင်း ခံရသူပေါင်း ၃၃ အိမ်ထောင်စုရှိသည်။ လောင်းရှည်မြို့သူကြီး၏ အုပ်ချုပ်မှုအောက်မှ ကင်းလွတ်ခွင့်ပြုထားခဲ့သော်လည်း ၁၁၈၃ ခုနှစ် အေဒီ ၁၈၂၁ ခုနှစ်တွင် လောင်းရှည်သူကြီးက မြေခွန်တော်ကောက်ခံခဲ့သဖြင့် အမှုဖြစ်ပွားခဲ့သည်ကိုလည်း ဖတ်ရှုခဲ့ရသည်။

ထိုအရာထမ်းတို့၏ အဓိကတာဝန်မှာ ဆင်ရိုင်းများကို ကြော့ဖမ်းပြီး ယဉ်ပါးအောင် လေ့ကျင့်ပြီးရှင်ဘုရင်ထံ ဆက်သကြရသည်။ မွေးမြူလေ့ကျင့်ထားသော အောက်မားခေါ် ဆင်မများသည် ဆင်ရိုင်းများကို ကြော့ဖမ်းရာတွင် အသုံးပြုရသည်။ လောင်းရှည်နယ်တွင် ဆင်ဖမ်းခြင်း၊ ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ခြင်းများကို ပြုလုပ်ရသည်။ ဆင်ဝန်ထမ်းများကို ဆင်ဝန်ထောက်၊ ဆင်စချီ၊ ဆင်ဖမ်းသူကြီးဟူသော ရာထူးများပေးထားပြီး ဆုနှင့် အဆောင်အယောင်များကိုလည်း ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ။ ဆင်ဝန်ထောက်အတွက် -

| | | |
|---|---|---|
| နေမျိုးဘွဲ့ | - | ၁ |
| ရွှေထီး | - | ၂ |
| ဘဲနီဘောင်းဘီအကျီ | - | ၁ |
| ပေါင်း | - | ၄ |
| ဆင်စချီအတွက် - | | |
| နော်ရထာဘွဲ့ | - | ၁ |
| ထီးနီ | - | ၁ |
| ရွှေထား | - | ၁ |
| ဘဲနီဘောင်းဘီအကျီ | - | ၁ |
| ပေါင်း | - | ၄ |
| ဆင်ဖမ်းသူကြီးအတွက် - | | |
| နော်ရထာဘွဲ့ | - | ၁ |
| ထီးနီ | - | ၁ |
| ရွှေထား | - | ၁ |
| ဘဲနီဘောင်းဘီအကျီ | - | ၁ |
| ပေါင်း | - | ၄ |

ထို့အပြင် ဆင်အမှုထမ်းတို့ကို သာလွန်မင်းလက်ထက် ၉၉၉ ခုနှစ် (အေဒီ ၁၆၃၇) တွင် လုပ်မြေကိုလည်း ချထားပေးခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

နိုင်ငံပိုင်လုပ်ငန်းများတွင် ဆင်ဖမ်းလုပ်ငန်းအပြင် သစ်ထုတ်ခြင်းလုပ်ငန်းဖြစ်သည်။ သစ်ထုတ်ခြင်းလုပ်ငန်းကို မင်းတုန်းမင်းလက်ထက်တွင် စတင်လုပ်ဆောင်ခဲ့သည်။ မင်းတုန်းမင်းသည် ကျွန်းသစ်ထုတ်လုပ်ခွင့် ၇နှစ်လိုင်စင်ကို မစ္စတာစုတာလင်း (Mr. Sutherland) ဆိုသူအား ချထားပေးခဲ့သည်။ ထိုသစ်ကုန်သည် ဆင်အစီး ၈၀ဖြင့် ချီချောင်း၊ ကျောက်ဆင်ချောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျိချောင်း၊ ယောချောင်းဒေသမှ သစ်များကို ထုတ်ယူသည်။ သို့သော် ဆင်အများအပြားသေဆုံးသဖြင့် သစ်ထုတ်ယူခွင့်လိုင်စင်ကို မော်လမြိုင်မြို့မှ မဆုပ်ကြီးနှင့်ဦးတူးဆိုသူတို့ကို လွှဲပြောင်းပေးခဲ့သည်။ မဆုပ်ကြီးနှင့်ဦးတူးတို့သည် ကျွန်းသစ်များကို ယောချောင်း၊ စလင်းချောင်း၊ မုန်းချောင်းဒေသမှ ထုတ်ယူသည်။ သစ်များစုဆောင်းရာဒေသအဖြစ် ဆိပ်ဖြူရွာကို အသုံးပြုသည်။ ထိုကာလအတွင်း ချင်းအမျိုးသားများက မကြာခဏဝင်ရောက်တိုက်ခိုက်သဖြင့် သစ်ကုန်သည်ကလည်း လက်နက်ကိုင်များခန့်ထားပြီး အေဒီ ၁၈၇၉ ခုနှစ်မှစ၍ ကျွန်းသစ်များကို ထုတ်ယူခဲ့သည်။

အေဒီ ၁၈၇၅ ခုနှစ်၌ မြောက်ယောဒေသတွင်လည်း ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။ တိုက်ကျုန် ၇ ရွာတွင် စခန်းချသည် ထုတ်ယူရရှိသော သစ်များကို ဆင်များဖြင့် မြစ်သာမြစ်အတွင်းသို့ ဆွဲချသည်။ မြစ်သာမြစ်မှတစ်ဆင့် ချင်းတွင်းမြစ်အတွင်းသို့ မျောချသည်။ တစ်နှစ်လျှင် ကျွန်းသစ်ပျမ်းမျှတန်ပေါင်းလေးသောင်း ထုတ်ယူသည်။ ရတနာပုံလွှတ်တော်က မောင်အိုဆိုသူအား မြောက်ယောဒေသ ကျွန်းသစ် ထုတ်ယူမှုကို ကြီးကြပ်စေရန် စေလွှတ်ခဲ့သည်။ သစ်လုပ်ငန်းကို လုပ်ကိုင်သူမှာ ဂန့်ဂေါတိုက်သူကြီး ငအောင်ချစ်ဖြစ်သည်။ ငအောင်ချစ်သည် မြို့အုပ် ဖြစ်လာသူ မောင်ဘိုးလှိုင်၏ဖခင် ဖြစ်သည်။ အေဒီ ၁၈၈၂ ခုနှစ် (ကောဇာ ၁၂၄၄) သီပေါမင်းခေတ်သို့ ရောက်သောအခါ သစ်ထုတ်ယူခွင့်ကို ဘုံဘေဘားမားသစ်ကုမ္ပဏီအား ချပေးသည်။ ဆင်အုပ်မောင်တာပူသည် မြောက်ယောဒေသ သစ်ထုတ်လုပ်ရေးတွင် တာဝန်ခံအမှုထမ်းဖြစ်သည်။

သစ်ထုတ်လုပ်ခြင်းကို မြောက်ယောဒေသမှာသာမက တောင်ယောဒေသ ထီးလင်းမြို့နယ်အတွင်းအထိ တိုးချဲ့ပြီး သစ်လုံးများကို မောချောင်းအတွင်းသို့ ဆွဲချသည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီသည် မြစ်သာကြိုးဝိုင်းမှ ကျွန်းပင် ၁၈၇၉၂ ပင်ကို သင်းသတ်ခဲ့သည်။ ကုမ္ပဏီ၏ သစ်ထုတ်ယူခွင့်လိုင်စင်သက်တမ်းမှာ ၁၅ နှစ်ဖြစ်သည်။ သစ်ကုမ္ပဏီသည် သစ်ထုတ်ယူရေး

www.burmeseclassic.com

www.burmeseclassic.com



စခန်းပိုင် ဗိုလ်တဲပေါင်း ၉၀ ကို ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်တို့တွင် ဆောက်လုပ်ထားခဲ့သည်။ ကျွန်းသစ်အပြင် သစ်မာများကိုပါ ထုတ်ယူသည်။ သစ်အပြင် ရှားပင့်များကိုလည်း ခုတ်လှဲပြီး ရှားစေးချက်လိုင်စင်များကိုလည်း ချပေးသည်။ ၁၈၈၉ ခုနှစ် ကိုလိုနီခေတ်ဦးတွင် နှစ်စဉ်ရှားစေးချက်လိုင်စင် ပေါင်း ၄၆၀ ဦးကို ချထားပေးခဲ့သည်။ ရှားစေးချက်လုပ်ငန်းမှ အခွန်တော် ရူပီးငွေ ၉၆၄၀ ရရှိပြီး သစ်လုပ်ငန်းမှအမြတ်ငွေ၏ ၁၀ ရာခိုင်နှုန်းရှိသည် ဟု ဖော်ပြထားသည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီသည် ယောဒေသမှ နှစ်စဉ် ကျွန်းသစ်အလုံးရေ လေးသောင်းနှင့် အခြားသစ်ကုန်သည်များမှ သစ်လုံးရေ တစ်သောင်းထုတ်ယူသည်။ အစိုးရအတွက် အခွန်တော်အဖြစ် ရူပီးငွေ တစ်သိန်း ရရှိသည်။

ကျွန်းသစ်နှင့်သစ်မာထုတ်ယူရောင်းချခြင်းလုပ်ငန်းသည် မြန်မာပြည် အတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်ခဲ့သည်။ ကျွန်းသစ်ကို ကုန်းဘောင် ခေတ်အလယ်ပိုင်းမှစပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ကြောင်း မှတ်တမ်းများ တွင် တွေ့ရပါသည်။ ဥပမာ အေဒီ ၁၇၉၅ (ကောဇာ ၁၁၅၇) ခုနှစ် ဗဒုံမင်း လက်ထက်တွင် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့သော ကျွန်းသစ်တန်ဖိုး မှာ ပေါင်စတာလင် နှစ်သိန်းဖိုးရရှိသည်။ ဆန်စပါးကိုမူ မင်းဧကရာဇ်၏ အထူးအမိန့်ရှိမှသာ ရောင်းချခွင့်ပြုထားသည်။ ကြေးနီ၊ ကွမ်းသီး၊ ချိပ်၊ ပိုးချည် ကြမ်း၊ ငှက်မွှေး၊ ငှက်သိုက်၊ ဆား၊ ဆင်စွယ်၊ ဆေး၊ ရေနံ၊ ရှားစေး၊ ဝါဂွမ်း၊ သစ်သီးဆီတို့သည် ဗဒုံမင်းလက်ထက် နိုင်ငံရပ်ခြားသို့ တင်ပို့သောထုတ်ကုန် များဖြစ်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ယောဒေသမှ ထုတ်ကုန်တစ် မျိုးဖြစ်သော ရှားစေးသည် နိုင်ငံခြားသို့ ပို့ကုန်တစ်မျိုးဖြစ်ကြောင်းတွေ့ရ သည်။ ထို့ကြောင့် ယောဒေသမှ ကုန်သည်ကြီးမှန်လျှင် ယောဖက်ခေါ် ပြောင်းဖူးဖက်နှင့်ရှားစေးကို အဓိကကုန်ပစ္စည်းအဖြစ် အရောင်းအဝယ် ပြုလုပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောဒေသ၏အဓိက စီးပွားရေးလုပ်ငန်းမှာ သစ်ထုတ်လုပ်ရေးဖြစ်သည်။ သစ်ထုတ်လုပ်ရေးနှင့်နှီးနွှယ်သော ကာယလုပ်သားများ၊ ဆင်လုပ်သားများ စသည်ဖြင့် လုပ်ကိုင်ကြရသည်။

ယောဒေသ၏ အဓိကသစ်တောကြိုးဝိုင်းများမှာ ၁၉၂၉ ခုနှစ် စာရင်းအရ -

| | | | | |
|---|---|---|---|---|
| ၁။ | ကွမ်းဇဲ | - | ၁၀၃ | စတုရန်းမိုင် |
| ၂။ | လောင်ထောင် | - | ၉၂ | စတုရန်းမိုင် |
| ၃။ | ပင်တောင် | - | ၃၃ | စတုရန်းမိုင် |
| ၄။ | မန်း | - | ၃၇ | စတုရန်းမိုင် |
| ၅။ | ကျော | - | ၁၃၀ | စတုရန်းမိုင် |
| ၆။ | ကျောက်ဆစ် | - | ၁၁၁ | စတုရန်းမိုင် |
| ၇။ | ထုံးကျောက် | - | ၅ | စတုရန်းမိုင် |
| ၈။ | မိုးစို | - | ၂၂ | စတုရန်းမိုင် |
| ၉။ | တူ | - | ၂၅ | စတုရန်းမိုင် |
| ၁၀။ | မြင်သာ | - | ၃၂ | စတုရန်းမိုင် |
| ၁၁။ | စစ်နှီး | - | ၇၄ | စတုရန်းမိုင် |
| ၁၂။ | ကြူသာ | - | ၈ | စတုရန်းမိုင် |
| ၁၃။ | ဆစ် | - | ၁၁၂ | စတုရန်းမိုင် |
| ၁၄။ | ဘူးတောင်း | - | ၂၀ | စတုရန်းမိုင် |
| ၁၅။ | ဒန်နှီး | - | ၈ | စတုရန်းမိုင် |
| ၁၆။ | နွှေ | - | ၂ | စတုရန်းမိုင် |
| ၁၇။ | ကျီး | - | ၃ | စတုရန်းမိုင် |
| ၁၈။ | ကျိုင်း | - | ၉ | စတုရန်းမိုင် |

စသည်ဖြင့် ဖော်ပြထားသည်။ ထိုသစ်တောများကို နှစ်စဉ်မှီတားခြင်း၊ သင်းသတ်ခြင်း၊ သစ်ထုတ်ယူခြင်းများကို သစ်တောဝန်ထောက်များက ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ ကိုလိုနီခေတ်ဦးတွင် ခရိုင်အုပ်ချုပ်ရေးဌာန၏ အဓိကဝင်ငွေမှာ-

၁။ သဿမေဓ အခွန်တော်

၂။ သစ်တောအခွန်တော်

၃။ မြေခွန်တော် တို့သည် အဓိကဝင်ငွေများ ဖြစ်ကြသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံကို သိမ်းယူပြီး အုပ်ချုပ်ရေး၊ စစ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတားဆောက်လုပ်ရေးတို့အတွက် အထက်ပါရငွေများဖြင့် ကျခံသုံးစွဲခဲ့သည်။

ဥပမာ - ၁၉၀၀-၁၉၀၇ ခုနှစ်အတွင်း စစ်တမ်းကောက်ယူခဲ့သော စာရင်းများအရ ပခုက္ကူခရိုင်အတွင်း ပခုက္ကူ မြိုင်၊ ဆိပ်ဖြူ ပေါက်မြို့နယ် အချို့ စာရင်းများအရ ရရှိနိုင်သော အခွန်တော်ငွေ ခန့်မှန်းမှာ -

| | | | |
|---|---|---|---|
| (က) | သဿမေဓအခွန်တော် | - | ၁၈၉၃၉၃ ကျပ် |
| (ခ) | မြေခွန် | - | ၃၅၄၆၂၁ ကျပ် |
| (ဂ) | ထန်းခွန် | - | ၁၀၉၆၆၆ ကျပ် |
| | စုစုပေါင်း | | ၈၅၃၆၈၀ ကျပ် ဖြစ်သည်။ |

သဿမေဓအခွန်တော်သည် တစ်အိမ်ထောင်၊ တစ်နှစ်လျှင် (၁၀) ကျပ်ဖြစ်သည်။ မြန်မာရှင်ဘုရင်ခေတ်ကမူ (၃)ကျပ်ဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် လမ်းများဖောက်ခြင်း၊ စာသင်ကျောင်းများ ဖွင့်ခြင်းတို့ကို ပြုလုပ်ပေးခဲ့ခြင်းမှာ ဒေသခံတို့ထံမှ ကောက်ခံရရှိသော အခွန်တော်ငွေများဖြင့် ငါးကြင်းဆီနှင့် ငါးကြင်းကြော် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကိုလိုနီခေတ် ပခုက္ကူခရိုင် ပညာရေး

အင်္ဂလိပ်အစိုးရသည် မြန်မာတစ်နိုင်ငံလုံးကို သုံးပိုင်းပိုင်းပြီး သိမ်းယူခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် တနင်္သာရီနှင့်ရခိုင်တမ်းမြောင်ဒေသ၊ ၁၈၅၄ တွင် ပဲခူးရိုးမ၏ အရှေ့ဘက်တွင် တောင်ငူမြို့၊ ပဲခူးရိုးမ၏ အနောက်ဘက်တွင် သရက်မြို့အထိ သိမ်းယူပြီး ၁၈၈၅ ခုနှစ်တွင် မြန်မာပြည်တစ်ခုလုံး သိမ်းယူအုပ်ချုပ်သည်။ ၁၈၈၅ ခုနှစ်တွင် ပခုက္ကူမြို့ကို ဖြတ်သန်းပြီး မန္တလေးမြို့တော်ကို သိမ်းယူသည်။ ၁၈၈၆ ခုနှစ်ဆန်းမှစပြီး ပခုက္ကူဒေသကို ကိုလိုနီအုပ်ချုပ်ရေးစနစ် စတင်ကျင့်သုံးသည်။ ကိုလိုနီအုပ်ချုပ်ပုံစနစ်သည် ယခုမှ စမ်းသပ်ကျင့်သုံးသောအုပ်ချုပ်ရေးစနစ်မျိုးမဟုတ်။ အိန္ဒိယနိုင်ငံစသော အာရှနိုင်ငံများတွင် ကျင့်သုံးနေခဲ့သည်မှာ ကြာပြီဖြစ်ပါ၏။ မြန်မာနိုင်ငံမှာလည်း ကိုလိုနီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကြာခဲ့ပြီဖြစ်ပါ၏။ ထို့ကြောင့် ပခုက္ကူခရိုင်ကို စတင်ဖွဲ့စည်းပြီးလျှင် ဖွဲ့စည်းပြီးခြင်း ပခုက္ကူခရိုင် ကိုလိုနီအုပ်ချုပ်ရေးပုံစံကို စတင်ကျင့်သုံးပါသည်။ ထိုသို့ အုပ်ချုပ်ရေးစနစ်တစ်ခုကို အသစ်ပုံစံချ ကျင့်သုံးတော့မည်ဆိုလျှင် အဓိကလိုအပ်ချက်ကြီး နှစ်ရပ်ရှိလာပါသည်။

(က) ငွေရေးကြေးရေးရှာဖွေခြင်း

(ခ) အုပ်ချုပ်ရေးစနစ်အတွက် လိုအပ်သောဝန်ထမ်းများရရှိရေး။

အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စများအားလုံးအတွက် ရန်ပုံငွေရရှိရေးကို ခရိုင်ဝန်များ၊ နယ်ပိုင်ဝန်ထောက်များ၊ မြို့အုပ်များ၊ သူကြီးများက ဆောင်ရွက်ပေးကြရသည်။ အခွန်တော်ငွေများ ကောက်ခံနိုင်ရန်အတွက် ကွင်းဆင်းပြီး မြေစာရင်းများပြုစုခြင်း၊ အင်းလေးလဲများပြုလုပ်နိုင်ရန် မြစ်ချောင်း၊ အင်းအိုင်များကို စာရင်းပြုစုရခြင်း၊ အိမ်ခြေစာရင်း၊ လူဦးရေစာရင်းများကောက်ယူရခြင်း၊ မြန်မာရှင်ဘုရင်များခေတ်တွင် သာလွန်မင်းစစ်တမ်း၊ ဘိုးတော်ဘုရားစစ်တမ်းဆိုပြီး လူဦးရေ၊ အိမ်ခြေ၊ မြေယာပိုင်ဆိုင်မှုများကို စာရင်းကောက်ခဲ့သော်လည်း စနစ်မကျပါ။ သူကြီးများသည် လူဦးရေအချိုးအစားအရ စစ်သား

www.burmeseclassic.com

www.burmeseclassic.com



များထည့်ပေးရခြင်း၊ စစ်စရိတ်များပေးသွင်းရခြင်း၊ အခွန်အကောက်များ ပေးသွင်းရခြင်းတို့ကြောင့် အိမ်ခြေနှင့်လူဦးရေကို အမှန်အတိုင်း မတင်ပြဘဲ လျှော့ပြီးတင်ပြခဲ့ကြသည်ကို တွေ့မြင်နိုင်ပါသည်။ တချို့ရွာများမှ စာရင်း မှာဆိုလျှင် ဥပမာ အိမ်ခြေ ၈၇ အိမ်ရှိသော ပိုက်သင်ရွာတွင် လူဦးရေ ၁၂၃ ဦးသာရှိပါသည်။ မည်သို့မျှ မဖြစ်နိုင်ပါ။ ကိုလိုနီအုပ်ချုပ်ရေးစနစ်တွင် စာရင်းဇယားများကို အတတ်နိုင်ဆုံးမှန်ကန်အောင် ပြုစုပါသည်။ ထိုသို့ မြေစာရင်းလူဦးရေးစာရင်းများ ပြုလုပ်နိုင်ရန်အတွက် မြေတိုင်းစာရေးများ လိုအပ်လာသည်။ မြေတိုင်းစာရေးများရရှိစေရန် ခေတ်မီပညာရေးစနစ် လိုအပ်သည်။ ပထဝီသဘောကို သိရမည်။ စာရင်းဇယားပြုလုပ်နိုင်ရမည်။ မြန်မာဘုန်းတော်ကြီးကျောင်းများမှာ သင်ယူနေသော ကိုးချောင်းတွက် သင်္ချာ စနစ်မျိုးဖြင့် မဖြစ်နိုင်။

ဆယ်ဆံချီ၊ တစ်နမ်း
ခြောက်နမ်း၊ တမူးယော
လေးမူးယော၊ တစ်လက်တစ်
ရှစ်လက်တစ်၊ တစ်မိုဒ်
သုံးမိုဒ်၊ တစ်တောင်
လေးတောင်၊ တစ်လှန်
ခုနစ်တောင်၊ တစ်တာ
နှစ်ဆယ်တာ၊ တစ်ဥသဘ
နှစ်ဆယ်ဥသဘ၊ တစ်ကောသ
လေးကောသ၊ တစ်ဂါဝုတ်
လေးဂါဝုတ်၊ တစ်ယူဇနာ

စသည့် အတိုင်းအတာ တွက်နည်းမျိုးကို အင်္ဂလိပ်တို့ နားမလည်ပေ။ သူတို့လိုချင်သော စာရင်းဇယားများကို ပြုလုပ်ပေးနိုင်မည်မဟုတ်ပေ။ သူတို့ လိုချင်သော စနစ်များမှာ အချိန်ကို စက္ကန့်၊ မိနစ်၊ နာရီ၊ အတိုင်းအတာကို

www.burmeseclassic.com

www.burmeseclassic.com



လက်မ၊ ပေ၊ ယာဒ်၊ ဖာလုံ၊ မိုင်စသည်တို့ဖြစ်ပြီး တြိဂံ၊ စတုဂံ၊ စတုရန်းစသည်တို့ကို ပြုစုပေးနိုင်သော အလုပ်သမားများ၊ ဝန်ထမ်းများကို လိုအပ်သည်။ ထိုဝန်ထမ်းများ ရရှိနိုင်ဖို့ စာသင်နည်းစနစ်တွေကို ပြုပြင်ပြောင်းလဲပစ်ရမည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သည် မြန်မာစာအရေးအဖတ်တတ်ရုံနှင့် အဆင့်မြင့်ပညာရေးမဖြစ်၊ ဗုဒ္ဓစာပေများကိုဖတ်ရန်၊ ပါဠိစာပေတတ်ဖို့ကို အဓိကထားပြီး သင်ကြားနေခြင်းဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေးစနစ်တွင် ထိုစာပေများအပြင် သင်္ချာ၊ ပထဝီ၊ သိပ္ပံစသည်တို့ကိုလည်း တတ်ကျွမ်းဖို့ လိုအပ်သည်။ သို့မှသာ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီး လည်ပတ်စေနိုင်မည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် ၁၈၈၆ ခုနှစ်ဆန်းပိုင်းတွင် ပခုက္ကူဒေသ၌ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို အခြေချပြီး မကြာမီမှာပင် ခရစ်ယာန်သာသနာပြုအဖွဲ့သည် ၁၈၈၉ခုနှစ်တွင် ဝက်စလီယန်ကျောင်းဆိုပြီး စာသင်ကျောင်းတစ်ကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ စတင်ဖွင့်လှစ်သူများမှာ မစ္စတာဘက်စ်တောဆိုသူဖြစ်သည်။ ထိုကျောင်းသည် ခရစ်ယာန်သာသနာပြုကျောင်းဖြစ်သည်ဆိုပြီး မြို့လူထုက လက်မခံ၊ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ထို့ကြောင့် ဝက်စလီယန်ကျောင်းကိုဖွင့်ပြီး မကြာမီပိတ်ပစ်ခဲ့ရသည်။ တဖန် မြူနီစပါယ်ကျောင်းဆိုပြီး ပေါ်လာပြန်သည်။ ထိုကျောင်းလည်း မအောင်မြင်ပါ။ ကျောင်းလာအပ်သော ကျောင်းသူကျောင်းသားဦးရေ မများလှပါ။ ထိုကျောင်းကိုလည်း ပိတ်ပစ်ခဲ့ရပြန်သည်။ အင်္ဂလိပ်အစိုးရသည် ဘုန်းတော်ကြီးကျောင်းများကိုလည်း ဆက်လက်အသိအမှတ်ပြုမည်။ ကိုယ်ပိုင်ကျောင်းများလည်း ဖွင့်နိုင်ကြသည်ဟု ကြေညာလိုက်သည်။ ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းများနှင့်အစိုးရနှင့်ပြည်သူတွဲဖက်ဖွင့်သောကျောင်းများ အသီးသီးပေါ်ပေါက်လာတော့သည်။

၁၈၉၀-၉၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ပခုက္ကူနှင့်မကွေးခရိုင်တို့ ပူးတွဲကြီးကြပ်ရသော ပညာရေးကြီးကြပ်ရေးအရာရှိတစ်ဦးကို စတင်ခန့်ထားခဲ့သည်။ သူ၏တာဝန်မှာ -

www.burmeseclassic.com

www.burmeseclassic.com



(က) အစိုးရကသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းကို လက်ခံပြီး စာသင်သောကျောင်းများကို မှတ်ပုံတင်ပေးရန်။
(ခ) ကျောင်းများကို ကြီးကြပ်စစ်ဆေးရန်။
(ဂ) နှစ်စဉ်စာမေးပွဲများကျင်းပပေးရန်။
(ဃ) စာမေးပွဲအောင်မြင်သူစာရင်းအရ ဆုကြေးချီးမြှင့်ငွေများ ပေးရန်။

ဟူသော တာဝန်ကြီးလေးရပ်ကို ဆောင်ရွက်သည်။ ၁၈၉၂ ခုနှစ်တွင် ပခုက္ကူခရိုင်တွင် သီးခြားကျောင်းကြီးကြပ်စစ်ဆေးရေးဌာနကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ၁၈၉၂ ခုနှစ်နောက်ပိုင်းတွင် ကျောင်းသုံးမျိုးသုံးစားပေါ်လာသည်။

(က) အင်္ဂလိပ်စာသင်ကျောင်း၊
(ခ) အင်္ဂလိပ် မြန်မာစာပူးတွဲသင်ကျောင်း၊
(ဂ) မြန်မာစာသက်သက်ကိုသာ သင်သောကျောင်း၊

များဖြစ်ကြသည်။ ကျောင်းများကိုလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကပိုင်ကျောင်းများ၊ အစိုးရအထောက်အပံ့ခံကျောင်းများဆိုပြီး ပေါ်ပေါက်လာသည်။ ၁၉၀၂ ခုနှစ်သို့ရောက်သောအခါ ပခုက္ကူခရိုင်ကို အဆင့်နှစ်ဆင့်ခွဲလိုက်သည်။ အုပ်စုနှစ်စုဖြစ်လာသည်။

(က) အုပ်စု ပညာရေးတွင် ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ပါဝင်သည်။ (ခ) အုပ်စုတွင် ဆောမြို့နယ်၊ ပေါက်မြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်တို့ ပါဝင်သည်။

၁၉၀၉-၁၀ ခုနှစ်သို့ရောက်သောအခါ ကျောင်းစုစုပေါင်း ၉၆၁ ကျောင်းနှင့် ၁၃၀၂၃ ကျောင်းသားပေါင်းမှာ ပခုက္ကူခရိုင်အတွင်း မှတ်ပုံတင်ပြီးဖြစ်သည်။ ထိုကျောင်းများအနက် ကျောင်းပေါင်း ၁၈၀ မှာ ပုဂ္ဂလိကကျောင်းများဖြစ်ကြသည်။ ထိုကျောင်း ၁၈၀ တွင် ကျောင်းသူကျောင်းသားပေါင်း ၈၀၄၀ ဦး ပညာသင်ယူနေကြပြီဟု ပခုက္ကူ ဂေဇက်တီယားတွင် ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ထိုကျောင်းသူကျောင်းသားဦးရေသည် အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်းရှိ ပခုက္ကူခရိုင်မှ ကလေးဦးရေ၏ ၁၅. ၃၆ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးစာသင်သားကျောင်းသူဦးရေသည် အမျိုးသမီးငယ်များ၏ ၂. ၃၆ ရာခိုင်နှုန်းဖြစ်သည်။ ဆိုလိုသည်မှာ အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသမီးတစ်ရာလျှင် နှစ်ဦးကျော်ကျော်မှာ ကျောင်းတက်နေနိုင်ကြပြီဟု ဆိုလိုသည်။ အမျိုးသမီးကျောင်းနေမှုသည် (က) နယ်မြေအုပ်စုမြို့နယ်များတွင် အတော်အသင့်များလာပြီဖြစ်သော်လည်း ယောဒေသတို့တွင် အလွန်နည်းပါးလှကြောင်းကိုလည်း လေ့လာဖော်ပြထားပါသည်။ ဥပမာ - ၁၉၀၉-၁၀ ခုနှစ် စာသင်နှစ်စာမေးပွဲအောင်စာရင်းတွင် တစ်ခရိုင်လုံး၌ ၅ တန်းအောင်စာရင်းတွင် အမျိုးသမီး ၂၀ ဦး၊ ဆဋ္ဌမတန်းအောင်စာရင်းတွင် ၆ဦးနှင့် သတ္တမတန်းအောင်စာရင်းတွင် အမျိုးသမီးတစ်ဦးသာ ပါဝင်သည်။ ၅ တန်းမှ ၇ တန်းအထိ အောင်စာရင်းတွင် ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ဆောမြို့နယ်များမှ အမျိုးသမီးတစ်ဦးတစ်ယောက်မျှ မပါဝင်သေးပါ။ သတ္တမတန်းအောင်စာရင်း ၁၉၀၉-၁၀ ခုနှစ်တွင် အောင်မြင်သူအများဆုံးမှာ ဘုန်းတော်ကြီးကျောင်းများမှ ဖြစ်ပါသည်။ သတ္တမတန်းအောင်မြင်သူ ၁၂ ဦးအနက် ၁၁ ဦးမှာဘုန်းတော်ကြီးသင် စာသင်ကျောင်းများမှ ဖြစ်သည်။ ၁၂ ဦးအနက် ၇ ဦးမှာ ပခုက္ကူမြို့ ဈေးအနီး ရွှေကူရပ်ရှိ ဘုန်းတော်ကြီးဦးမေယ၏ကျောင်းမှဖြစ်သည်ဟု အသေးစိပ်ဖော်ပြထားသည်။ ဤသည်တို့မှာ ပခုက္ကူခရိုင်ပညာရေးသမိုင်းအစဖြစ်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ယောဒေသပညာရေးသမိုင်းတစ်ပိုင်းတစ်စ

၁၉၀၈ ခုနှစ်တွင် ယောဒေသသို့ရောက်ရှိလာသူ နယ်လှည့်ဆရာ ဦးဘိုးလှသည် ဂန့်ဂေါမြို့တွင် အလယ်တန်းကျောင်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ နယ်လှည့်ဆရာဦးဘိုးလှသည် တောင်ငူမြို့ဇာတိဖြစ်သည်ဟု သိရသည်။ တောင်ငူမြို့သည် ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲပြီးသောအခါ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည်။ အထက်မြန်မာပြည်ထက်နှစ်ပေါင်း ၃၀ စောပြီး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။ တောင်ငူမြို့နယ်တွင် အင်္ဂလိပ်ကျောင်းများပေါ်ပေါက်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ကိုလိုနီခေတ်တွင် တောင်ငူမြို့၌ ကျောင်းနေခဲ့သူ ပခုက္ကူမြို့မှ ဆရာကြီးဦးဘအေး (၈၉) နှစ်က တောင်ငူပညာရေးစနစ်ကို အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်။

"တောင်ငူကျောင်းက ၁၀ တန်းနဲ့ ဆရာဖြစ်အောင်တာဆိုတော့ မင်းတို့ကို တောင်ငူမြို့ဦးလက္ခဏကျောင်းအကြောင်းကို ငါပြောချင်သေးတယ်ကွာ၊ တောင်ငူမှာ ဦးလက္ခဏဆိုတဲ့ ဘုန်းကြီးက အတော်နာမည်ကြီးတာကွ၊ ဗုဒ္ဓဘာသာ၊ မြန်မာစာသင်ကျောင်း၊ အခမဲ့ကျောင်းဆိုပြီး တောင်ငူမြို့ပေါ်မှာ အမျိုးသမီးကျောင်းသီးသန့်၊ အမျိုးသားကျောင်းသီးသန့်၊ ဆရာဖြစ်သင်နော်မန်ကျောင်းအပြင် အလယ်တန်းကျောင်း၊ မူလတန်းကျောင်း ၂၁-ကျောင်းဖွင့်ထားနိုင်တာကွ၊ ကျောင်းကော်မတီက ရန်ပုံငွေရှာပြီး အခမဲ့ကျောင်းဆိုပြီး အင်္ဂလိပ်ခရစ်ယာန်သာသနာပြုကျောင်းတွေနဲ့ အပြိုင်ဖွင့်ပေးတာကွ၊ ကျောင်းကော်မတီတွေထဲမှာဆိုရင် မြန်မာစာပါမောက္ခ ဆရာကြီးဦးချမ်းမြ (မြကေတု) ရဲ့ မိဘတွေပါဝင်တာပေါ့ကွာ"ဆိုပြီး ဆရာကြီးဦးဘအေးက ပြောပြခဲ့ဖူးပါသည်။ ထို့ကြောင့် တောင်ငူမြို့ပညာရေးသည် အတော်စောခဲ့ပါသည်။ ၁၉၀၈ ခုနှစ်တွင် ဂန့်ဂေါမြို့သို့ လာရောက်ပြီး အလယ်တန်းကျောင်းကို ဖွင့်ပေးသူ နယ်လှည့်ဆရာကြီးဦးဘိုးလှသည် တောင်ငူသားဖြစ်ပါသည်။ ဦးဘိုးလှသည် ယောဒေသ၏ပညာရေးဖခင်ကြီးဖြစ်ပါ၏။ ဆရာကြီးဦးဘိုးလှ

www.burmeseclassic.com

www.burmeseclassic.com



သည် သူ၏ကျောင်းမှ သတ္တမတန်းအောင်မြင်သူများ ရှိလာသောအခါ ကျောင်းဆရာအမွေပေးရန်နှင့် ယောဒေသအတွက် ပညာရေးအမွေပေးရန် စိတ်ကူး ဖြင့် မော်လမြိုင်မြို့ နော်မန်ကျောင်းသို့ ဆရာဖြစ်သင်တန်းသားများ စေလွှတ်ပါသည်။ ပထမဦးဆုံးဆရာဖြစ်သင်တန်းတက်ရန် သွားကြသူများမှာ

(၁) ဦးခိုင်မြ
(၂) ဦးထင်ဟိုး
(၃) ဦးသောင်းကွတ် တို့သုံးဦးဖြစ်သည်။

ဂန့်ဂေါမှ ပခုက္ကူ၊ ထိုမှ ရန်ကုန်၊ ထိုမှ မော်လမြိုင်အထိ သွားပြီး ဆရာဖြစ်သင်တန်းတက်ရောက်ခဲ့သော ထိုပုဂ္ဂိုလ်သုံးဦးနှင့် မိဘများကိုလည်း ချီးကျူးမှတ်တမ်းတင်သင့်ပါ၏။ ယခုခေတ်တွင် နိုင်ငံခြားသို့ ကျောင်းသွားတက်သောကျောင်းသားများထက် ခက်ခဲပေမည်။ ဦးဘိုးလှတည်ထောင်သော ကျောင်းမှာ မြန်မာကျောင်းဖြစ်သည်။ မြန်မာစာဖြင့်သာ သင်ပေးပါသည်။ အင်္ဂလိပ်၊ မြန်မာကျောင်းတက်လိုပါက ပခုက္ကူသို့သွားပြီး ကျောင်းတက်ကြရပါသည်။ နောက်ပိုင်းတွင် ပခုက္ကူသို့ပို့ပြီး သားသမီးများကို ပညာသင်ယူစေသည်။ တချို့အဆက်အသွယ်ကောင်းပြီး ငွေကြေးတတ်နိုင်သော မိဘများက ပုသိမ်၊ မန္တလေးမြို့များအထိ သားသမီးများကိုပို့ပြီး ခေတ်မီပညာရေးကို သင်ယူစေသည်။

ကိုလိုနီခေတ်ဦး၌ ယောဒေသမှ အင်္ဂလိပ်စာကို သင်ယူခဲ့ကြသူများမှာ

၁။ ဦးအောင်တိုး၊ အင်ဘူးရွာ၊ ဆောမြို့နယ်
၂။ ဦးလှမောင်၊ အင်ဘူးရွာ၊ ဆောမြို့နယ်
၃။ ဦးလှမောင်၊ အင်ဘူးရွာ၊ ဆောမြို့နယ် (လှမောင် ၂ဦး)
၄။ ဦးလှဖေ၊ ယောမြို့
၅။ ဦးတင်မောင်၊ ယောမြို့
၆။ ဦးအောင်ဇွာ၊ ပန်ဆန်းရွာ၊ ဆောမြို့နယ်
၇။ ဦးလူလှ (၁)၊ ပန်ဆန်းရွာ၊ ဆောမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



၈။ ဦးလူလှ (၂)၊ ထီးလင်းမြို့နယ်
၉။ ဦးပု၊ ထီးလင်းမြို့နယ်
၁၀။ ဦးဘိုးအောင်၊ ထီးလင်းမြို့နယ်
၁၁။ ဦးဘခိုင်၊ ထီးလင်းမြို့နယ်
၁၂။ ဦးရာမြင့်၊ ထီးလင်းမြို့နယ်
၁၃။ ဦးဘမောင်၊ အကြည်ဘန်းရွာ၊ ထီးလင်းမြို့နယ်
၁၄။ ဦးအောင်မြတ်၊ အကြည်ဘန်းရွာ၊ ထီးလင်းမြို့နယ်
၁၅။ ဦးစန်းပွင့်၊ ဂန့်ဂေါမြို့
၁၆။ ဦးရာမြင့်၊ ဂန့်ဂေါမြို့
၁၇။ ဦးဘတူ၊ ဂန့်ဂေါမြို့
၁၈။ ဦးဘရွှေ၊ ဂန့်ဂေါမြို့
၁၉။ ဦးပု၊ ဂန့်ဂေါမြို့
၂၀။ ဦးဘတင်၊ ကျောရွာ၊ ဂန့်ဂေါမြို့နယ်။

အထက်ပါကျောင်းသားများသည် ၁၀ တန်းအောင်၊ တချို့လည်း ၉ တန်းအောင်ဖြင့် ကျောင်းထွက်ကြသလို တချို့လည်း ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ယူခဲ့ကြသည်။ (ဦးဘမောင်) မောင်ဘမောင်ဆိုသူသည် ၁၀ တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမဆုရရှိခဲ့ပြီး ဘွဲ့ရသည်အထိ ပညာဆက်လက်သင်ယူခဲ့သည်။ ရန်ကုန်တိုင်း တရားသူကြီးအဖြစ်နှင့် ပင်စင်ယူခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် ပခုက္ကူ-ရန်ကုန်အသင်းကို စတင်ဖွဲ့စည်းပေးခဲ့သူဖြစ်သည်။ ရွှေတိဂုံဘုရားဂေါပကအဖွဲ့တွင်လည်း ပါဝင်ခဲ့ပြီး ပခုက္ကူအသင်း-ရန်ကုန်အတွက် ရွှေတိဂုံဘုရားမြောက်ဖက်စောင်းတန်းတွင် မြေနေရာကို ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ပခုက္ကူအသင်း-ရန်ကုန်အသင်းတိုက်ကြီး တည်ဆောက်ထားသည်။ ပခုက္ကူအသင်း-ရန်ကုန်၏ ဂုဏ်ထူးဆောင် နာယကကြီးတစ်ဦးလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ပခုက္ကူဝက်စလီယန်ကျောင်းသားများမှာ -

၁။ ဦးတင်လှိုင်၊ ဂန့်ဂေါမြို့။
၂။ ဦးအောင်ထွား၊ ထီးလင်းမြို့။
၃။ ဦးကျော်မင်း (ဦးကြားမင်း)၊ ထီးလင်းမြို့။
၄။ ဦးစိန်လှ၊ ထီးလင်းမြို့။
၅။ ဦးလှမောင်၊ မင်းကြည်ရွာ။

(အိန္ဒိယအထိ ပညာသင်သွားခဲ့ရသည်။)

၆။ ဦးသန်းမောင်၊ ဆောမြို့နယ်
၇။ ဦးသိန်းမောင်၊ ကျောက်ထုရွာ၊ ဆောမြို့နယ်
၈။ ဦးရာပြည့်၊ ထီးလင်း။
၉။ ဦးခင်ဦး၊ ထီးလင်း။
၁၀။ ဦးထွန်းရင်၊ ထီးလင်း။
၁၁။ ဦးတင်ဦး၊ ထီးလင်း။
၁၂။ ဦးဘမော်၊ ပြင်ပရွာ၊ ထီးလင်း။
၁၃။ ဦးစိန်၊ ပုဏ္ဏားရွာ၊ ထီးလင်း။
၁၄။ ဦးအောင်စိုး၊ ဂန့်ဂေါ။
၁၅။ ဦးလှအောင်၊ ဂန့်ဂေါ။
၁၆။ ဦးကြီးဖေ၊ ဂန့်ဂေါ။
၁၇။ ဦးကြီးဇံ၊ ဇာဟောရွာ၊ ဂန့်ဂေါ။

ပခုက္ကူဝက်စလီယန်ကျောင်းအပြင် အခြားမြို့ကြီးများသို့လည်း သွားရောက်ပညာသင်ယူခဲ့ကြသေးသည်။

၁။ ဦးဘမင်း၊ မြောက်ကုန်း၊ ဂန့်ဂေါ-မန္တလေးနေရှင်နယ်ကျောင်း
၂။ ဦးကြော့ဖေ၊ အနောက်ဂန့်ဂေါ-မန္တလေးနေရှင်နယ်ကျောင်း
၃။ ဦးမြဦး၊ အနောက်ဂန့်ဂေါ-မန္တလေးနေရှင်နယ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ ဦးဗိုးဗို၊ အနောက်ဂန့်ဂေါ-မြောင်းမြအင်္ဂလိပ်ကျောင်း
၅။ ဦးချစ်ထွန်း၊ အနောက်ဂန့်ဂေါ-ပုသိမ်မြို့နေရှင်နယ်ကျောင်း

အမျိုးသားများသာမက အမျိုးသမီးများပင် မြို့ကြီးများသို့ သွားရောက်ပညာသင်ယူလာကြသည်။

၁။ မသိန်း၊ အနောက်ဂန့်ဂေါသည် ပုသိမ်အင်္ဂလိပ်ကျောင်း
၂။ ဒေါ်ခင်စော၊ မင်းရွာ၊ ဂန့်ဂေါမြို့နယ်တို့ဖြစ်ကြသည်။

ဒေါ်ခင်စောသည် M.A, B.Ed အောင်မြင်ပြီး မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်သွားသည်။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်တို့က ဖွင့်ပေးသောကျောင်းများမှာ အခမဲ့မဟုတ်ပါ။ ကျောင်းလခပေးကြရပါသည်။ ၁၉၀၉-၁၀ ခုနှစ်အတွင်း ကျောင်းသားများထံမှ ရရှိသောကျောင်းလခသည် ၇၉၀၃ ရူပီးဖြစ်သည်။ ထိုငွေအနက် ၅၁၉၅ ရူပီးမှာ ဝယ်စလီယန်ကျောင်းမှ ရရှိသော ကျောင်းလခများဖြစ်သည်။ ထိုနှစ်တွင် တစ်ခရိုင်လုံးကျောင်းများအတွက် အသုံးစရိတ်မှာ ၃၀၅၂၀ ရူပီး (ကျပ်) ဖြစ်ပြီး ၂၅၂၇၉ ရူပီးငွေကို A အုပ်စုဝင် လေးမြို့နယ်အတွက် အသုံးပြုပြီး ကျန်ငွေကို ယောသုံးမြို့နယ်နှင့် ပေါက်မြို့နယ် (Bအုပ်စု) မြို့နယ်များအတွက် အသုံးပြုကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် သုံးငွေ ၃၀၅၂၀ နှင့် ဝင်ငွေ ၇၉၀၃ ကို နှိုင်းယှဉ်လျှင် ၂၂၃၄၇ ရူပီးငွေကို အစိုးရစိုက်ထုတ်အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်။ ထိုနှစ်က ကျောင်းသူကျောင်းသားစာရင်းတွင် ပခုက္ကူခရိုင်ရှိ ကျောင်းသား/သူပေါင်းမှာ ၁၃၀၂၃ ဖြစ်သည်။ ကျောင်းသား/သူတစ်ဦးအတွက် အစိုးရမှ အသုံးစရိတ်မှာတစ်နှစ်နှစ်ရူပီး (၂ ရူပီး) မျှသာဖြစ်ကြောင်း တွေ့ရပါသည်။ ရွှေတစ်ကျပ်သားကို ၁၀-၁၅ ရူပီးတန်ဖိုးရှိနေသောအချိန်တွင် ထိုငွေ ၂ ရူပီးသည် နည်းလှသည်တော့ မဆိုနိုင်ပါ။

၁၉၀၉-၁၀ ခုနှစ် ပညာသင်နှစ်တွင် ပခုက္ကူခရိုင်ရှိ ကျောင်းနှင့်ကျောင်းသား/သူစာရင်း -

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | မြို့နယ် | အစိုးရ ထောက်ပံ့ခံ ကျောင်း | စုစုပေါင်း ကျောင်း၊ ပုဂ္ဂလိက ကျောင်း အပါအဝင် | ကျောင်းသားပေါင်း | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | | ကျား | မ | |
| ၁။ | ပခုက္ကူ | ၉ | ၂၈ | ၈၈၁ | ၃၅၅ | ၁၂၃၆ |
| ၂။ | ပခုက္ကူမြို့နယ် | ၁ | ၂၄ | ၅၂၇ | ၁၆၄ | ၆၉၁ |
| ၃။ | ရေစကြို | ၁၀ | ၄၄ | ၁၀၂၆ | ၁၈၆ | ၁၂၁၂ |
| ၄။ | မြိုင် | ၈ | ၃၁ | ၅၄၀ | ၁၁၀ | ၆၅၀ |
| ၅။ | ဆိပ်ဖြူ | ၆ | ၁၉ | ၂၃၀ | ၆၅ | ၂၉၅ |
| ၆။ | ပေါက် | ၃ | ၁၇ | ၃၈၃ | ၃၃ | ၄၁၆ |
| ၇။ | ဆော | - | ၇ | ၁၄၇ | - | ၁၄၇ |
| ၈။ | ဂန့်ဂေါ | ၃ | ၈ | ၁၈၉ | ၈၀ | ၂၆၉ |
| ၉။ | ထီးလင်း | ၁ | ၂ | ၆၁ | ၁၁ | ၇၂ |
| | **စုစုပေါင်း** | **၄၁** | **၁၈၀** | **၃၉၈၄** | **၁၀၀၄** | **၄၉၈၈** |

ထို့ကြောင့် ၁၉၀၉-၁၀ ခုနှစ် စာသင်နှစ်တွင် ပခုက္ကူခရိုင်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား/သူပေါင်း ၅၀၀၀ ခန့် စာသင်ကြားနေကြပြီဟု သိရပါ၏။ ထိုအထဲတွင် အမျိုးသမီးဦးရေ ၂၀ ရာခိုင်နှုန်းပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာရှင်ဘုရင်များခေတ်တွင် ဘုန်းတော်ကြီးကျောင်းများသာဖြစ်၍ အမျိုးသမီးကျောင်းသူဦးရေမှာ အလွန်ရှားပါးလှပါသည်။ ၁၉၀၈ ခုနှစ်တွင် နယ်လှည့်ဆရာကြီး ဦးကိုးလုစတင်ထူထောင်ခဲ့သော ယောနယ်ပညာရေးမှာ နောက်တစ်နှစ်ကျော်ကျော် နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် ကျောင်းပေါင်း (၁၀) ကျောင်း၊ ကျောင်းသားပေါင်း ၃၉၇ ဦးနှင့် ကျောင်းသူပေါင်း ၉၁ ဦးအထိ တိုးတက်လာခဲ့ကြောင်း တွေ့မြင်ကြရပါမည်။

× × × × ×

## ကိုလိုနီခေတ် ယောဒေသ၏ လမ်းပန်းဆက်သွယ်ရေး

မြန်မာရှင်ဘုရင်များလက်ထက်မှစပြီး ကိုလိုနီခေတ်ဦးပိုင်းအထိ ယောဒေသ၏ သွားလာရေးမှာ ခြေလျင်ခရီးသာဖြစ်ပါ၏။ မြစ်များ၊ ချောင်းများရှိသော်လည်း ကလေးဝမှ ဂန့်ဂေါမြို့အထိသာ မြစ်သာမြစ်အတိုင်း လှေ၊ မော်တော်များ တစ်ခါတစ်ရံသွားလာတတ်ပါသည်။ ချောင်းများမှာ ရေတိမ်ခြင်း၊ ရေစီးသန်ခြင်းတို့ကြောင့် လှေများပင် မသွားလာနိုင်ပေ။ ကုန်ပစ္စည်းများကို တင်ပို့ရာတွင် လူထမ်းသမားများဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံတွင် လှည်းဖြင့်လည်းကောင်း၊ နွားဆွဲစွတ်ဖားများဖြင့်လည်းကောင်း သွားလာရကြောင်း အင်္ဂလိပ်မှတ်တမ်းများတွင် ဖတ်ရသည်။ နွားလှည်းသည်ပင် ယောဒေသအတွင်း တစ်ရွာနှင့်တစ်ရွာ လွယ်ကူစွာ မသွားလာနိုင်ကြပေ။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ယောဒေသကို အုပ်ချုပ်ရေးနှင့် စစ်ရေးအတွက် အသုံးပြုရန် လမ်းဖောက်လုပ်ရေးမှာ အရေးတစ်ကြီးလိုအပ်လာပါသည်။ ၁၉၀၀ ခုနှစ်ပတ်ဝန်းကျင်မှစပြီး ယောဒေသသို့ သွားလာနိုင်ရန် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စတင်ပါတော့သည်။

အင်္ဂလိပ်အစိုးရသည် ၁၉၀၀ ခုနှစ်ပတ်ဝန်းကျင်တွင် အောက်ပါလမ်းကြီး (၂)လမ်းကို စတင်ဖောက်လုပ်ပါသည်။

(က) ပခုက္ကူ၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါလမ်း

(ခ) ဆိပ်ဖြူ၊ ဆောလမ်းတို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





ဦးစွာ ပခုက္ကူ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါလမ်းကို ဖောက်လုပ်ပါသည်။ ပခုက္ကူမှ ပေါက်မြို့အထိ (၄၆)မိုင်၊ ပေါက်မှ ထီးလင်းမြို့အထိ (၅၀)မိုင် ရှည်သဖြင့် ပခုက္ကူမှ ထီးလင်းမြို့အထိ (၉၆)မိုင် ရှည်ပါသည်။ ပေါက်၊ မင်းရွာ၊ ဂန့်ဂေါ၊ ကန်ရွာအထိ မိုင် (၇၀)ကို ဆက်လက်ဖောက်လုပ်ပါသည်။ ကန်ရွာမှ အနောက်ဘက်ကို ရေရှင်ရွာအထိ (၁၁)မိုင် လမ်းကိုဆက်ဖောက်ပြီး ဟားခါးသို့တက်သော လမ်းဖြင့် ဆုံသည်ဟု ဖတ်ရပါသည်။ ပေါက်မြို့သို့ မရောက်မီ (၁၀)မိုင်ခန့် အလိုတွင် ယောချောင်းကို နှစ်ကြိမ်ဖြတ်ရသည်။ အလွန်ချောင်ကျသည်ဟု ဖော်ပြထားပါသည်။ ယောဒေသသို့သွားလာရန် အတွက် မြင်းများကို အသုံးပြုခြင်း မတွေ့ရပါ။ လမ်းများမှာ သဲမြေ၊ ကျစ်မြေများဖြစ်၍ ချော်ကျတတ်သောကြောင့် ဖြစ်ဟန်တူပါသည်။ ၁၉၀၄-၀၅ ခုနှစ်တွင် ဆိပ်ဖြူမှ ဆောမြို့သို့ အရှည် (၇၂)မိုင် ရှည်သောလမ်းကို ဖောက်လုပ်ပါသည်။ ယောဒေသမှ ကုန်ပစ္စည်းကို တင်ပို့ရာတွင် ထိုလမ်းကို အသုံးများပါသည်။'

ကန်ပက်လက်မြို့သည် ဆောမြို့မှ (၁၂)မိုင် ဝေးကွာသည်ဟု ဖော်ပြထားသည်။ ကန်ပက်လက်သို့သွားလာရာတွင် ပခုက္ကူ ပေါက်၊ ဆောမြို့လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုမှ ဆိပ်ဖြူသို့ ဆင်းလာပြီး ဆိပ်ဖြူ ထိုမှသင်္ဘောစီး၍ လည်းကောင်း၊ ပခုက္ကူနှင့် ဆက်သွယ် သွားလာကြရကြောင်း တွေ့ရသည်။ မင်းတပ်မြို့သည် ဆက်သွယ်ရေး အတော် ခက်ခဲဟန်တူပါသည်။ မြို့ဟူ၍ မဖော်ပြသေးပါ။ စခန်းဟူ၍သာ ဖော်ပြပါသည်။ မင်းတပ်စခန်းကို ကန်ပက်လက်သို့ ရွှေ့ပြောင်းလိုက်သည်ဟု ဖော်ပြပါသည်။ လမ်းများဖောက်လုပ်ရေးကို Public Works Department ပြည်သူ့လုပ်ငန်းဌာနနှင့် ခရိုင်ရန်ပုံငွေဌာနတို့မှ အကုန်အကျခံပြီး ဖောက်လုပ်သည်။ PWD လမ်းလုပ်ငန်းဌာနသည် လမ်းဖောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ ခရိုင်ရန်ပုံငွေကို ခရိုင်ဝန်ရုံးမှ အသုံးပြုပြီး ကျေးရွာချင်း ဆက်သွယ်သော လှည်းလမ်းများကို ဦးစားပေးပြီး ပြုပြင်ပါသည်။ PWD ဌာနလုပ်ကိုင်သော လမ်းအရှည်မှာ (၃၉၈)မိုင်ရှိပြီး ခရိုင်ရန်ပုံငွေမှ ပြုပြင် ထိန်းသိမ်းသော လမ်းအရှည်မှာ (၃၁၉)မိုင် ရှိသဖြင့် ကိုလိုနီခေတ်ဦးတွင် ဖောက်လုပ်ပြုပြင်ခဲ့သောလမ်းမှာ အရှည် (၇၁၇)မိုင် ရှိသည်ဟု ဖော်ပြထားသည်။

PWD ဌာနသည် လမ်းဖောက်လုပ်ရေးတွင် အဓိက တာဝန်ယူသည်။ ၁၉၀၃-၀၄ မှ ၁၉၀၈-၀၉ ခုနှစ် (၅)နှစ်အတွက် PWD ဌာနမှ လမ်းဖောက်လုပ်ရေးအတွက် အသုံးပြုငွေမှာ ၇၁၃၁၄၉ ရူပီး (ခုနစ်သိန်းရူပီကျော်) ဖြစ်ပါသည်။ ခရိုင်ရန်ပုံငွေမှာ ကျခံအသုံးပြုသောငွေမှာ ၃၅၄၈၂ ရူပီး ဖြစ်သည်။ လမ်းဖောက်လုပ်ရေးအတွက် (၅)နှစ်စီမံကိန်းကာလအတွင်း စုစုပေါင်း သုံးစွဲငွေမှာ ၇၄၈၆၃၁ (ရူပီး ခုနစ်သိန်းခွဲ) ဖြစ်သည်ဟု ဖော်ပြထားပါသည်။ ရွှေဟစ်ကျပ်သား၏ တန်ဖိုးမှာ (၂၀)မျှသာ ရှိသဖြင့် ရွှေ (၃၇၅၀၀)ကျပ်သား (၃၇၅)ပိဿာ ရွှေတန်ဖိုးနှင့် ညီမျှသဖြင့် ကုန်ကျစရိတ်များသည်ဟု ဆိုနိုင်ပါသည်။ ထိုလမ်းအူကြောင်းသည် သူတို့စိတ်တိုင်းကျ ရွေးချယ်ထားသော လမ်းအူကြောင်းမဟုတ်ပါ။ ထို့ကြောင့် ဆက်လက်ပြီး လမ်းချော်ဖောက်လုပ်ရန် အောက်ပါစီမံချက် (၄)ရပ်ကို အင်္ဂလိပ်အစိုးရဗဟိုထံ အကြံပြုထားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ပေါက်မြို့ - ဂန့်ဂေါလမ်းပိုင်းမှ ယော၊ ဆော၊ လောင်းရှည်မြို့များသို့ တောင်ဘက်သို့ မိုင် (၈၀) ဆက်လက်ဖောက်လုပ်ရန်၊
၂။ ထီးလင်း - ဂန့်ဂေါကို မောလယ်ရွာမှ ဦးနှောက်ရွာတောင်ကြားကို ဖြတ်ပြီး ကျင်းရွာအထိ ပခုက္ကူ - ပေါက် - ထီးလင်းလမ်းနှင့် ပြန်ဆက်ရန် ကျင်းရွာသည် လမ်းဆုံရွာဖြစ်မည်။ မောလယ်မှ ကျင်းရွာအထိ (၃၅)မိုင် အရှည်ရှိမည်။
၃။ တစ်ဖန် မောလယ် (MAWLE) ရွာမှ အရှေ့သို့ ကဟေး (KAHE) ရွာအထိ မိုင် (၄၀)လမ်းအူကြောင်း။ မောလယ် - ကဟေး မှတစ်ဆင့် ကျော့ရွာအထိ၊ ထိုမှ ခင်အေးရွာအထိ ဖောက်လုပ်ရန်၊ ထိုလမ်းသည် ပုံညာနှင့် ပုံတောင် တောင်ကြီးများကို ထောင့်မှန်ကျကျ ဖြတ်သန်းရမည်ဖြစ်သော်လည်း ပခုက္ကူမှ ဂန့်ဂေါခရီးသည် မိုင် (၄၀) တိုသွားမည် ဖြစ်ပါ၍ ဦးစားပေးပြီး ဖောက်လုပ်သင့်ကြောင်း တင်ပြထားပါသည်။ ထိုအစီရင်ခံစာ ရေးသားချိန်နှင့် ၁၉၀၁ ခုနှစ် ထီးလင်း၊ ဂန့်ဂေါမြို့နယ်များရှိ ကျေးရွာများစာရင်းတွင် ရေမျက်နီရွာဟု ပါဝင်နေပါမည်။ ရွာတည်ဆဲ အချိန်ဖြစ်ပေမည်။ ဂန့်ဂေါမြို့နယ်မှာ ပါဝင်မည်။ "အင်ကြင်းပွင့်ပြီ ရေမျက်နီရွာတည်" ဟု ကျေးရွာတည်သော ခုနှစ်ကို မှတ်သားထားသဖြင့် ၁၂၅၅ ခုနှစ်၊ A.D ၁၈၉၃ ခုနှစ် ကိုလိုနီခေတ်ဦးပိုင်းမှာ ဖြစ်ပါသည်။ ယခုဖောက်လုပ်ထားသော ကျော့ရွာနှင့် ခင်အေးရွာကို လမ်းဖောက်လုပ်ရန် ၁၉၀၉ ခုနှစ်ကပင် အဆိုပြုလမ်းအူကြောင်းရှာထားခဲ့ကြောင်း သိရပါသည်။ ပုံတောင်ပုံညာတို့ကို အမြင့်ပေ (၃၀၀၀)ကျော်မှ ဖြတ်ရမည်ဟုလည်း ဖော်ပြထားပါသည်။
၄။ ယခုတည်ရှိနေသော ပခုက္ကူ-မြစ်ခြေလမ်းကို ရေနံချောင်းရွာမှ တစ်ဆင့် ဆိပ်ဖြူမြို့အထိ ဆက်လက်ဖောက်လုပ်ရန်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုချက် (၄)ရပ်ကို ဗဟိုအဆင့်သို့ တင်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် အင်္ဂလိပ်တို့သည် ယောဒေသသို့ ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ရေးကို အတော်ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ထိုလမ်းများသည် အုပ်ချုပ်ရေးနှင့် စစ်ဆင်ရေးအရသာ အသုံးဝင်မည်ဖြစ်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အသုံးမဝင်ကြောင်းကိုလည်း သုံးသပ်တင်ပြထားသည်။ ကန်ပက်လက်၊ ဆော၊ လောင်းရှည်မှ ကုန်ပစ္စည်းများကို ဆော-ဆိပ်ဖြူလမ်းမှတစ်ဆင့် ဆင်ဖြူကျွန်း၊ စလင်းမြို့များသို့ ပို့ဆောင်ပြီး အရောင်းအဝယ်ပြုနေကြကြောင်းလည်း ဖော်ပြထားသည်။ ဈေးကွက်၊ ပွဲရုံများသည် ပခုက္ကူမှာလည်းမဟုတ်၊ ဆိပ်ဖြူမှာလည်းမဟုတ်။ တောင်ယောဒေသ၏ ကုန်ပစ္စည်းထွက်ပေါက်သည် ဆင်ဖြူကျွန်းမြို့ဖြစ်ကြောင်း တွေ့ရသည်။

ဤသည်တို့မှာ ကိုလိုနီခေတ်ဦး ယောဒေသ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေဖြစ်ပါသည်။ ဤအပိုင်းသည် လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ် မတိုင်မီ အပိုင်းဖြစ်ပါသည်။

× × × × ×

## ယောဓာတုဗေဒ ရောင်စုံ ထွန်းလင်းပြောင်

### မုဒ္ဒောဘုရားများ

ယောဒေသသည် မြန်မာနိုင်ငံ၏ သီးခြားဒေသတစ်ခုလို ဖြစ်နေပါသည်။ ချင်းတောင်တန်းကြီးနှင့် ပုံတောင်ပုံညာတောင်တန်းကြီးများက ကွယ်ကာထားသဖြင့် ပြည်မနှင့် အတော်အဆက်အသွယ် ပြတ်တောက်နေခဲ့ပါသည်။ မြန်မာပြည်မမှ လူများသည် ယောဒေသသို့ ရောက်ဖူးဖို့မပြောနှင့် အမည်သိဖို့ပင် မလွယ်ကူပါ။ အလွန်လူသိနည်းသော ဒေသဖြစ်ပါသည်။ ယောဒေသဟု လူသိများလာရခြင်းအကြောင်းမှာ -

www.burmeseclassic.com

www.burmeseclassic.com



(က) မုဋ္ဌောဘုရားများ တည်ရှိခြင်း
(ခ) ယောဆရာတော် အရှင်ဇောတယန္တ
(ဂ) ယောအတွင်းဝန် ဦးဖိုးလှိုင်
(ဃ) ယောသီချင်းများပေါ် ထွက်ခြင်း

ဤလေးချက်သည် ယောကို ပြည်မမှ လူများနှင့် မိတ်ဆက်ပေးသော အကြောင်းအရာများ ဖြစ်ပါသည်။

(က) မုဋ္ဌောဘုရားများကို ယောသမိုင်းများ၌ မုဋ္ဌောဘုရား (၉)ဆူ တည်ရှိကြောင်း ရေးသားဖော်ပြကြသည်။ ထိုမုဋ္ဌောဘုရား (၉)ဆူမှာ -

၁။ ကျောင်းကြီးဘုရား (ကျောင်းကြီးရှင်ချစ်၊ ယောမြို့)
၂။ ရွှေကွန်အုပ် (ထီးလင်းမြို့ဟောင်း)
၃။ ရွှေဘဟင်း (မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာ)
၄။ ရွှေမုဋ္ဌော (ပေါက်မြို့နယ်၊ ရွှေပေါင်လောင်)
၅။ သစ်ဆိမ်ဘုရား (ပေါက်မြို့)
၆။ သန်ကျင်းဘုရား (လောင်းရှည်)
၇။ သန်တန်းဘုရား (ဆောမြို့)
၈။ အလိုတော်ပေါက်ဘုရား (အကျေးကိုးရွာ၊ ဆိပ်ဖြူ)
၉။ အန်းဘုရား (မင်းတပ်မြို့အနီးဟု ဖော်ပြခဲ့ကြသည်။)

မုဋ္ဌောဘုရားသမိုင်းကို စာရေးသူသည် အတော်အသင့် လေ့လာခဲ့ဖူးပါသည်။ မုဋ္ဌောဘုရားသုံးမျိုး ရှိပါသည်။

(က) သီရိဓမ္မာသောကမင်းကြီး၏ မုဋ္ဌောဘုရားများ၊ သီရိဓမ္မာသောကမင်းကြီးသည် ကြေးဖြင့် လက်လေးသစ်မျှရှိသော မုဋ္ဌောဘုရားပေါင်း ၈၄၀၀၀ ကို ကိုယ်စားလှယ်တော်များအစ လွှတ်ပြီး အရှေ့တောင်အာရှနှင့် အာရှတောင်ဒေသများသို့ စေတီငယ်များ တည်ထားစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစေတီငယ်များသည် ထီးတော်အထိ ငါးတောင်တစ်မိုက်မျှသာ ညဏ်တော်အမြင့် ရှိပါသည်။ စေတီများတည်ထားရာတွင်လည်း လငပုတ် ဖမ်းနေစဉ်အတွင်း အပြီးတည်ထားကြရပါသည်။ ထို့ကြောင့်လည်း မုတ္တော ဘုရားဟု ခေါ်တွင်စေသည်ဟု သာသနာ့ဝံသစာပေများတွင် ဖတ်ရပါသည်။ မုတ္တောဆိုသည်မှာ လွတ်မြောက်ခြင်း အခက်အခဲမှ လွတ်မြောက်ခြင်း၊ ဘေး အန္တရာယ်မှ လွတ်မြောက်ခြင်း သံသရာမှ လွတ်မြောက်ခြင်း၊ နိဗ္ဗာန်သို့ ရရှိ စေလိုခြင်းဟူသော ဆုတောင်းဖြင့် တည်ထားသည်ဟု ဆိုလိုပါသည်။ ထို ဘုရားများကို "မုတ္တောဘုရား"များဟု ခေါ်ဆိုကြပါသည်။ မုတ္တောဘုရားစေတီ များတွင် မုဋ္ဌောဆင်းတုတော်လေးများကိုလည်း ဌာပနာထားသည်ဟု အဆို ရှိပါသည်။ မုဋ္ဌောဆိုသည်မှာ မုဋ္ဌိ၊ ရှစ်လက်သစ်တစ်မိုက်၊ လက်တစ်ဆုပ် စာဟု အဓိပ္ပါယ်ရပါသည်။ ထို့ကြောင့် လက်တစ်ဆုပ်စာအရွယ်ပမာဏရှိ သော ဆင်းတုတော်လေးများကို အလောင်းစည်သူမင်းကြီးနှင့် နရပတိစည် သူမင်းကြီးတို့ကလည်း ထုလုပ်စေပြီး တိုင်းခန်းလှည့်လည်ရာတွင် သာသနာ ပြန့်ပွားစေရန်အတွက် မင်းကချီးမြှင့်သော ဆုတော်အဖြစ် မုဋ္ဌောဆင်းတု လေးများကို ဒေသခံရွာစား၊ နယ်စားများကို ပေးပါသည်။ ထိုဆင်းတုတော် လေးများကို ဌာပနာပြီး တည်သောစေတီကိုလည်း မုဋ္ဌောစေတီဟုပင် ခေါ် ဝေါ်ကြပါသည်။ သီရိဓမ္မာသောကမင်း၏ နမူနာကိုယူပြီး ပြုလုပ်ဟန်တူပါ သည်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီး၏ မုတ္တောဘုရားများနှင့် အလောင်းစည်သူမင်းနှင့် နရပတိစည်သူမင်းနှစ်ပါးတို့၏ မုဋ္ဌောဘုရားများ သည် ရောထွေးကုန်ပြီး မုဋ္ဌောဘုရားဟုပင် ရေးသားပြောဆို ခေါ်နေကြ ပါသည်။

အလောင်းစည်သူမင်းနှင့် နရပတိစည်သူမင်းတို့သည် သီရိဓမ္မာ သောကမင်းကြီး၏ မုတ္တောဘုရားများကိုတွေ့လျှင် ထပ်မံပြုပြင် တည်ဆောက် ခဲ့ရှိပါသည်။ အမှန်မှာ သီရိဓမ္မာမင်းကြီး၏ ကောင်းမှုတော်ဘုရားဆိုလျှင် "မုတ္တော" ဟု ရေးသားရမှာဖြစ်ပြီး အလောင်းစည်သူမင်းနှင့် နရပတိစည်သူ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးတို့၏ ကောင်းမှုတော်ဘုရားဆိုလျှင် မုဒ္ဒောဘုရားဆိုပြီး ရေးသားကြမှာ ဖြစ်ပါ၏။ ပေါက်မြို့နယ်၊ ရွှေပေါင်းလောင်း မုတ္တောနှင့် ရေစကြိုမြို့ပေါ်မှ မုတ္တောနှင့် ရေစကြိုမြို့နယ်၊ မအူရွာ၊ မုတ္တောဘုရားများတွင် ယနေ့တိုင် မုတ္တောဟု ရေးသားလျက်ရှိပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီငယ်များနှင့်အတူ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန် ၈၄၀၀၀၊ ဘုန်းကြီးကျောင်းပေါင်း ၈၄၀၀၀တို့ကို ပူးတွဲတည်ထားခဲ့ပါသည်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်မုတ္တောဘုရားဆိုလျှင် ဘုန်းတော်ကြီးကျောင်းနှင့် ရေကန်ကြီးများ ပူးတွဲပါရှိသည်ဟု ယူဆကြပါသည်။ မုတ္တောဘုရား၊ မုဒ္ဒောဘုရားများဆိုပြီး ခိုင်ခိုင်မာမာ သက်သေပြနိုင်သော ဘုရားမှာ ရှင်မတောင်၊ မုတ္တောဘုရား ဖြစ်ပါသည်။ ၈-၇-၇၅ နေ့တွင် မြေငလျင်လှုပ်သဖြင့် ရှင်မတောင်စေတီကြီး ပြိုကျခဲ့ပါသည်။ ကျောက်သေတ္တာတစ်ခုအတွင်းမှ ကြေးဝါဆင်းတုတော်လေးတစ်ဆူ ပေါ်ထွက်လာပါသည်။ ထိုဆင်းတုတော်လေးကို ပုဂံမြို့ရှေးဟောင်းသုတေသနမှ အရာရှိများ လာရောက်လေ့လာပြီး မှတ်ချက်ချ၊ ရုံးစာထုတ်ပြန်ပေးပါသည်။ ထိုရုံးစာမှာ ၂၂-၉-၇၅ ၁၄၆/ပရသ ဖြစ်ပါသည်။ ထိုရုံးစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၈-၇-၇၅ နေ့ ငလျင်ကြီးကြောင့် ပြိုကျရာမှ တွေ့ရှိရသော ဌာပနာပစ္စည်းများစာရင်း အမှတ်စဉ် (၁)ကြာပလ္လင်ခံ ဆင်းတုငယ် အရွယ်ပမာဏမှာ ပလ္လင် + ဆင်းတုအမြင့် (၃) လက်မခွဲ ဆင်းတုတော်အမြင့် (၂)လက်မတစ်မတ်၊ ဗျက်တစ်လက်မခွဲ၊ ထုအထူ တစ်လက်မ ဖြစ်သည်။ တွေ့ရှိရာနေရာမှာ အတွင်းစေတီအတွင်း ကျောက်သေတ္တာငယ်ဌာပနာတိုက်မှ ဖြစ်သည်။ မှတ်ချက်မှာ ဘူမိဖဿမုဒြာဟန် ဖြစ်သည်။ သင်္ကန်းရိုးရိုးဝတ်၊ ထူးခြားချက်မှာ သင်္ကန်းအနားရစ်များကို ကြေးဝါသားပေါ်တွင် ကြေးနီလိုင်းမြှုပ်၍ ပုံဖော်ထားသည်။ နဖူးအလယ် ဥဏ္ဏာလုံ မွေးရှင်တော်နှင့် ဘယ်လက်ဖဝါးနှင့် ယာဘက်ခြေဖဝါးတွင် ငွေမှိုပွင့်ကလေးများ မြှုပ်ထားသည်။ မျက်လုံးတော်များကို ငွေဖြင့် ပြုလုပ်ထားသည်။ လက်ဖျားများကို အတိုအရှည်

www.burmeseclassic.com

www.burmeseclassic.com



မညီအောင် ပြုလုပ်ထားသည်။ နားရွက်မှာ ပုခုံးတော်သို့ မထိပါ။ ပလ္လင်တွင် ကြာမှောက်ကြာလှန်ခံ လက်ရာကောင်းလှသည်။ ပလ္လင်တော်တွင် ပုလဲတန်း နှစ်တန်းနှင့် ဖောင်းရစ်နှစ်ခုပါရှိသည်။ ပလ္လင်၏ ဖင်အောက်တွင် အောက်ဖော်ပြပါ စာတမ်းလေးတန်းရှိသည်။ ပုဂံခေတ်ဦးပိုင်း လက်ရာဖြစ်ဟန်ရှိသည် ဟု ရှေးဟောင်းသုတေသနဦးစီးဌာန မှတ်ချက်ကို တွေ့ရပါသည်။ ထိုဆင်းတုတော်လေး၏ ပုံတော်နှင့် စာတမ်းလေးတမ်းကို စာရေးသူ၏ "ပခုက္ကူခရိုင် မှာ မုဒ္ဒောကိုးဆူ တည်တော်မူ" စာအုပ်တွင် အသေးစိတ်သိလိုသူများ ရှာဖွေလေ့လာဖတ်ရှုနိုင်ပါသည်။ ထိုစာတမ်းလေးတန်းပါ စာလုံးများသည် မြန်မာပြည်တွင် ကျောက်စာများ၌လည်းကောင်း၊ ဘုရားများ၌ လည်းကောင်း၊ စာပေများတွင်လည်းကောင်း တွေ့ဖူးခြင်းမရှိသေးသော စာလုံးများဖြစ်ပြီး ထူးခြားလှကြောင်း ဆရာကြီး ဒေါက်တာသန်းထွန်းကလည်း စာရေးသူအား မှတ်ချက်ပေး ပြောကြားခဲ့ပါသည်။ မာဂဓတိုင်းမှ စာပေဖြစ်မည်ဟု ပညာရှင်များက မှတ်ချက်ပြုထားကြပါသည်။ ထိုစာတမ်းလေးတန်းကို တစ်ဦး တစ်ယောက်မျှ ဖတ်နိုင်သူမပေါ်ပေါက်သေးပါ။ ထိုဆင်းတုတော်ငယ် ပြုလုပ်ထားပုံမှာလည်း မြန်မာပြည်တွင် တစ်ခါမျှ မတွေ့ဘူးသောပုံစံနှင့် အကောင်းဆုံးလက်ရာဖြစ်ကြောင်း ပညာရှင်များက မှတ်ချက်ပြုထားပါသည်။ ထိုဆင်းတုတော်လေးကို ရှင်မတောင်စေတီတော်ကြီးကို ပြန်လည်ပြုပြင်သောအခါ မူရင်းနေရာမှာပဲ မူလပုံစံအတိုင်း ပြန်ပြီးဌာပနာထားလိုက်ပါသည်။ သို့သော် သက်သေအဖြစ် ဓာတ်ပုံများ၊ ပန်းချီပုံတော်ပုံများကို ရှင်မတောင်ကြီးပေါ်တွင် ယနေ့တိုင် ဖူးမြော်နိုင်ကြပါသေးသည်။ ထိုဆင်းတုတော်လေးသည် သီရိဓမ္မာသောကမင်းကြီး၏ မုဒ္ဒော၊ မုဒ္ဒောဘုရားများအတွက် အခိုင်မာဆုံးသက်သေဟု စာရေးသူက မှတ်ချက်ချပါသည်။ စာရေးသူသည် သုတေသီပညာရှင် မဟုတ်ပါ။ သုတေသီပညာရှင်များနှင့် ဆွေးနွေးသဘောထားမှတ်ချက်ရယူပြီး စာရေးသူက ကောက်ချက်ချခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယောဒေသ၌ ယနေ့အထိ အစဉ်အလာအရ ယုံကြည်ကိုးကွယ်နေကြသော ဘုရားများသည် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် မုတ္တောဘုရားများဖြစ်နိုင်သည်ဟု ယူဆပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် သရေခေတ္တရာခေတ်တွင် သာသနာသက္ကရာဇ် ၁၉၃ ခုနှစ်၌ နန်းတက်သော ရန်ဘောင်မင်း၏ လက်ထက်ဖြစ်သည်။ ထိုအကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၁၇၇ တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

သာသနာသက္ကရာဇ် တစ်ရာ့ကိုးဆယ့်သုံးသော် ထိုမင်း (ဒွတ္တရန်မင်း) သားတော်ရန်ပေါင်မင်း ဖြစ်တော်မူသည်။ အလှူကောင်းမှုတို့နှင့် မွေ့လျော်တော်မူ၏။ ရသေ့ရဟန်းပညာရှိတို့နှင့် ပေါင်းဖက်၍ ဉာဏ်ပညာကြီး၏ ပြည်သူလူတကာတို့ကို ဝမ်းထွက်သားကဲ့သို့ သနားကြင်နာတော်မူသည်။ မင်း၏ တရားဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ အိမ်နိမ့်လေးဆယ်၊ စည်းစိမ်ငါးဆယ်၊ သက်တော်ကိုးဆယ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်လိုသော် နေခုနစ်ခုထွက်၍ မွန်းမတည့်မချင်း ခွပ်ကြ၏။ နံတော်စနေသားတည်း။ ထိုမင်းနန်းတက်၍ နှစ်နှစ်ရှိသောအခါ မဇ္ဈိမဒေသ၌ ပါဋလိပုတ်ပြည်တွင် တတိယသင်္ဂါယနာတင်သော သီရိဓမ္မာသောကမင်းနှင့် ရန်ဘောင်မင်းကား မင်းပြိုင်တည်း ဟု ရေးသားဖော်ပြထားပါသည်။

တတိယသင်္ဂါယနာတင်ပွဲသို့ ယောဒေသမှ မဟာဓမ္မရက္ခိတ မထေရ်သူမြတ်သည် သရေခေတ္တရာမင်း၏ ကိုယ်စားလှယ်တော်အဖြစ် သွားရောက်တက်ခဲ့သည်။ ယောဒေသရှိ မုဋ္ဌောဘုရားများသည် အရှင်မဟာဓမ္မရက္ခိတမထေရ်ကြီး၏ ကြီးကြပ်မှု၊ သရေခေတ္တရာဘုရင် ရန်ပေါင်မင်း၏ ကောင်းမှုခွင့်ပြုချက်ဖြင့် တည်ထားကြောင်း ဘုရားသမိုင်းများတွင် ဖတ်ရှုရပါသည်။ ထို့ကြောင့် ယောဒေသရှိ ကျောင်းကြီးရှင်ချစ်ဘုရား၊ ယောင်းရှည်မြို့ရှိ အနန်ကျင်းဘုရား၊ ဆောမြို့ရှိ သန်တန်းဘုရားများသည် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်မုတ္တောဘုရားများ ဖြစ်မည်ဟု ယူဆမိပါသည်။ ဘုရားများ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းကို သက်ဆိုင်ရာမြို့နယ်များအပိုင်းတွင် အသေးစိတ် တင်ပြရေးသားပါမည်။ မုတ္တောဘုရားများ တည်ရှိခြင်းသည် ယောဒေသ၌ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှုမှာ ပုဂံခေတ်မတိုင်မီကပင် တည်ရှိခဲ့ပြီးဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ယောဒေသအတွင်း ပြည်သူပြည်သားများ၏ ဗုဒ္ဓဘာသာယုံကြည်သက်ဝင်မှုမှာ အတော်ခိုင်ခဲ့လှပါသည်။ အင်္ဂလိပ်တို့၏ အတင်းအကြပ် ခရစ်ယာန်သာသနာပြုခြင်းကိုပင် ခိုင်ခိုင်မာမာ တွန်းလှန်နိုင်ခဲ့ပါသည်။ ယောမြို့အုပ်၊ ယောသူကြီးများသည်ပင် အင်္ဂလိပ်အစိုးရဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြသော်လည်း ခရစ်ယာန်ဘာသာဝင်များအဖြစ် မခံယူဘဲ ဗုဒ္ဓ ဘာသာကို ယုံယုံကြည်ကြည် ကိုးကွယ်ခဲ့ကြပြီး ယောဒေသဘုရားပွဲများကို စည်စည်ကားကားဖြစ်အောင် သံဃာတော်များ၏ အဆုံးအမကို နာခံခြင်းဖြင့် ယောဒေသ ဗုဒ္ဓဘာသာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြပါသည်။ ထိုသို့ ဗုဒ္ဓဘာသာ ခိုင်မြဲခြင်းမှာ မုဒ္ဒောဘုရားများ၏ တန်ခိုးတော်ကြောင့်ဟု မှတ်ချက်ချနိုင်ပါသည်။

**ယောဆရာတော် အရှင်ဇောတယန္တ**

ညောင်ရမ်းခေတ် အနှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ် အဦးပိုင်းတွင် ယောဆရာတော်ဟု ကျော်ကြားသော အရှင်ဇောတယန္တသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်ဆောက်ကျေးရွာ၊ (စာရေးသူ၏ဇာတိ၊ ပိုက်သင်ရွာနှင့် ကပ်လျက်တည်ရှိသော ကျောက်ဆောက်ရွာ) ဇာတိဖြစ်ပါသည်။ ယောဆရာတော် အရှင်ဇောတယန္တ၏ ထေရုပ္ပတ္တိ အပြည့်အစုံကို စာရေးသူ၏ "မြိုင်မြို့နယ်ဖွား စာဆိုများ" စာအုပ်တွင် ဖတ်ရှုနိုင်ကြပါသည်။ ယောဆရာတော်ဟု ခေါ်တွင်ခြင်းမှာ သက္ကရာဇ် ၁၁၀၀ ခန့်တွင် မွန်အရေး၊ ကသည်းအရေးတို့ဖြင့် အင်းဝနိုင်ငံတော်ကြီး မငြိမ်မသက်ဖြစ်နေစဉ် အရှင်ဇောတယန္တသည် ပုခန်းကြီး၊ မတောင့်တကျောင်းကြီးကို စွန့်ခွာပြီး ပေါက်မြို့သို့ ပြောင်းရွှေ့သီတင်းသုံးရခြင်းကြောင့် ယောဆရာတော်ဟု နာမကြီးခဲ့ပါသည်။ ယောဆရာတော် အရှင်ဇောတယန္တ ရေးသားစီရင်တော်မူသော "လင်္ကာနိဿယ

www.burmeseclassic.com



သင်္ချာသင်ကြားရေးမှုဖြစ်သော "နေ၁၊ ဧက၊ နေ၁" အစချီသင်္ချာတွက်နည်း၊ ကိုးချောင်းတွက်နည်းကို အစားထိုးသင်ကြားရန်၊ "မောင်ရင်လှိုင်၊ မဇ္ဈိမဒေသ၊ ကယူလာ့ထဲဂဏန်းကျမ်းတွေထဲက သင့်တော်ရာတစ်ဆူကို မြန်မာဘာသာ ပြန်ပါဦး" ဆိုပြီး အိမ်ရှေ့စံ ကနောင်မင်းသားကြီးက မိန့်တော်မူသဖြင့် ၁၂၂၅ ခုနှစ် တွင် ယောမင်းကြီး ဦးဘိုးလှိုင်က "လီလာဝတီဂဏန်းကျမ်း"ကြီးကို စီရင်ရေးသား ဘာသာပြန်ဆိုခဲ့သည်။ ယောအတွင်းဝန် ဦးဘိုးလှိုင်ဟု နာမည် ကြီးခဲ့သည်မှာ ဉာဏ်ပညာထက်မြက်ပြီး ကလောင်လက်နက်ကြောင့် ဖြစ် သည်။ ဦးဘိုးလှိုင် ရေးသားသော ဘာသာရပ်များမှာ စုံလှပါ၏။

မြန်မာ့စွယ်စုံကျမ်းအတွဲ (၈)တွင် ဦးဘိုးလှိုင်ရေးသားသော စာအုပ်များ စာရင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ ၁၂၂၅ ခုနှစ် = လီလာဝတီဂဏန်းကျမ်း (ကနောင်မင်း ခိုင်းစေသဖြင့် ဘာသာပြန် ရေးသော ဂဏန်းသင်္ချာကျမ်း)

၂။ ၁၂၃၁ ခုနှစ် = လောကဓာတ်ဆေးကျမ်း (ဖန်ချက်ဝန်ထောက် မင်းထင် ပညာသိဒ္ဓိ ကျော်နှင့်အတူ ရေးသည်။)

၃။ လိပိဒီပိကာ = ကြေးနန်းရိုက်နည်းကျမ်း (အင်္ဂလိပ်သံအရာရှိ မက်မာဟွန်က အင်္ဂ လိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်)

၄။ ၁၂၃၁ ခုနှစ် = အသဃပေဒကျမင်း (မြင်းကြန်အင်လက္ခဏာပြကျမ်း၊ ဘုရင့် အမိန့်ဖြင့်ရေး)

၅။ ၁၂၃၃ ခုနှစ် = ဝိမုတ္တိရသကျမ်း

၆။ ၁၂၃၄ ခုနှစ် = မဟာသမထကပ္ပဝိနိစ္ဆရကျမ်း

၇။ ၁၂၃၅ ခုနှစ် = သဒ္ဒသင်္ဂဟကျမ်း

www.burmeseclassic.com

www.burmeseclassic.com



၈။ ၁၂၃၇ ခုနှစ် = ကာယာနုပဿနာကျမ်း (Anatomy ခေါ် ခန္ဓာဗေဒကျမ်း)

၉။ ၁၂၄၀ = ရာဇဓမ္မသင်္ဂဟကျမ်း

၁၀။ ၁၂၄၂ = ဥတုဘောဇနကျမ်း

၁၁။ ၁၂၄၂ = အလင်္ကာနိသျှကျမ်း

၁၂။ ၁၂၄၄ = မဟာသုဇာတကဗေဒင်ကျမ်း ဆိုပြီး ဘာသာပေါင်းစုံကို ရေးသားနိုင်သော ယောအတွင်းဝန်ကြီး ဦးဘိုးလှိုင် ဖြစ်ပါ၏။ ဆရာကြီး ဦးညိုမြကတော့ သူ၏ ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် ဦးဘိုးလှိုင်သည် "သူတစ်ဦးတည်းဖြင့် တက္ကသိုလ်တစ်ခု ထူထောင်နိုင်အောင် ပညာစုံ ရေးသားနိုင်သူ ကဝိတစ်ဆူဖြစ်ပေသည်" ဟု ဂုဏ်ပြုမှတ်တမ်းတင်ထားခဲ့လေသည်။

ပညာရှိ သတိရှိခဲဆိုသလို ပညာရှိကြီး ဦးဘိုးလှိုင်သည် သူ၏ ပညာသားပါသော "ရာဇဓမ္မသင်္ဂဟကျမ်း" ဟူသော ဘုရင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲအုပ်ချုပ်ရန် အဆိုပြုတင်ပြသော ကျမ်းကြီးကြောင့် အရာမှချထားခြင်းခံရပြီး ဘွဲ့ထူးဂုဏ်ထူးများ ရုပ်သိမ်းခြင်း ခံခဲ့ရရှာသည်။

ထိုသို့ အရာကျနေစဉ် သီဟိုဠ်ကျွန်းမှ ဆရာတော် သံဃရက္ခိတမထေရ် ရေးသားစီရင်သော မာဂဓဘာသာ (ပါဠိဘာသာ) ဖြင့် ရေးသားသော သုဗောဓာလင်္ကာရကျမ်းကြီးကို ဘာသာပြန်ကြရန် စံကျောင်းဆရာတော်နှင့် ကင်းဝန်မင်းကြီးတို့ တိုင်ပင်ကြရာ ရဟန်း၊ ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များထဲမှာ ဘာသာပြန်ဆိုနိုင်မည့်သူ မမြင်၊ "ယောအတွင်းဝန် မောင်ဘိုးလှိုင်" တစ်ဦးသာရှိနိုင်မည်ဟု စဉ်းစားကြသည်။ ထို့ကြောင့် မောင်ဘိုးလှိုင်ကို ကင်းဝန်မင်းကြီးက အစုံစမ်းခိုင်းခဲ့ရာ "ဘာသာတော့ ပြန်နိုင်ပါတယ်။ ဒါပေမယ့် အရာကျနေခိုက်မို့ ပေရွက်စက္ကူလည်းမရှိ စာကူးစာရေးလည်းမရှိ" ဟု အကြောင်းပြန်ခဲ့သည်။ ထို့ကြောင့် ပုရပိုက်ဖြူများနှင့် စာကူးစာရေးများ ပို့ပေးပြီး ဘာသာပြန်ရေးသားစေရသည်ဟု ဖော်ပြမှတ်တမ်းတင်ခြင်းခံရသူ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဦးဘိုးလှိုင်သည် ယောအတွင်းဝန်ဟူသော ရာထူးမှာ ပထမဆုံးရရှိခဲ့သော ရာထူးအမည်ဖြစ်၍ အဆင့်နိမ့်လှပါသည်။ နောက်ထပ် ရာထူး၊ ဘွဲ့ထူးအမျိုးမျိုးရခဲ့ပြီး ရွှေပြည်ဝန်ကြီးရာထူးအထိ မင်းတုန်းမင်း တရားကြီးက ချီးမြှောက်ခဲ့သူ ပညာရှိကဝိတစ်ဆူ ဖြစ်ပါ၏။

သို့သော် ဦးဘိုးလှိုင်သည် ရာထူးအမျိုးမျိုး အဆင့်အသွယ်သွယ် ချီးမြှောက်ခြင်းခံရသော်လည်း ယောအတွင်းဝန်ဟူသော အမည်သာလျှင် လူအများ၏ ပါးစပ်ဖျားတွင် စွဲကျန်နေခဲ့ပါတော့၏။ ယောနှင့်ဦးဘိုးလှိုင် ဦးဘိုးလှိုင်နှင့်ယောသည် ခွဲခြားမရခဲ့သဖြင့် ဦးဘိုးလှိုင်ကို ယောသားဟုပင် ထင်မှတ်ခဲ့ကြပါတော့၏။

ထိုသို့ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ယောအတွင်းဝန် ဦးဘိုးလှိုင်သည် ၁၂၄၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ အသက် (၅၄)နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါတော့၏။ ဦးဘိုးလှိုင်၏ ဘဝဇာတ်ကြောင်းနှင့် စွမ်းရည်တို့မှာ ရေးလို့ကုန်နိုင်မည် မဟုတ်၍ ဤမျှသာ ဤစာအုပ်တွင် မှတ်တမ်းတင်နိုင်ခြင်းကို ခွင့်လွှတ်ကြစေလိုကြောင်း တောင်းပန်လိုက်ရပါ၏။

**အမတ်ကြီး ဦးပေါ်ဦး**

အမတ်ကြီး ဦးပေါ်ဦးသည် ယောမြို့ကို စားခဲ့ရသည်ဟု စာပေများတွင် တစ်ပိုင်းတစ်စ ဖတ်ခဲ့ရပါ၏။ သို့သော် အများသိနေသော ဦးပေါ်ဦး လျှောက်ထုံး စသော ဟာသဇာတ်လမ်းများသည် အမှန်အစစ် မဟုတ်ဘဲ ကိုလိုနီခေတ်ဦးပိုင်းတွင် စာရေးဆရာကြီး ဦးအောင် လုပ်ကြံရေးသားခဲ့သော ဇာတ်လမ်းများသာ ဖြစ်ပါ၍ အံ့ထူးမတင်ပြတော့ပါ။ အမှားကြာတော့ အမှန်ဖြစ်နေပါပြီ။ ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှား သိပ္ပံမောင်ဝ၏ မောင်လူအေးတို့ကဲ့သို့ အမတ်ကြီး ဦးပေါ်ဦးသည် ဦးအောင်၏ ဇာတ်ကောင်အမည်မျှသာ ဖြစ်ပါ၏။ ဗဒုံမင်းနှင့် ဘကြီးတော်မင်းခေတ်တွင် ဦးပေါ်ဦး ဆိုသူ အမတ်ကြီးတစ်ဦး ရှိခဲ့ဖူးသည်။ သို့သော် ဦးအောင်ရေးသားသော ဦးပေါ်ဦးကဲ့သို့ မဟုတ်ပါဟု ဆရာကြီးပင်လုံခွန်က ပြောပြခဲ့ဖူးပါသည်။

www.burmeseclassic.com



**ယောရွာသီချင်း**

ယောအကြောင်း လူသိများလာခြင်းမှာ ယောရွာသီချင်း၏ ကျေးဇူးသည် အကြောင်းတစ်ခုဖြစ်ပါ၏။ စာရေးသူသည် ယောရွာသီချင်းကို မကြာခဏရွတ်ဆိုတတ်ပါ၏။ သို့သော် စာပေဖြင့် ရေးသားဖော်ပြတော့မည်ဆိုလျှင် အမှားမှား အယွင်းယွင်း ဖြစ်နေပြီး ရေးလို့မရဖြစ်နေပါသည်။ ထို့ကြောင့် စာရေးသူသည် စာရေးသူ၏ ဦးလေးတော်စပ်သူ စာရေးဆရာကြီး ပင်လုံခွန်ထံ ပြေးရပါတော့သည်။ စာရေးဆရာ ပင်လုံခွန်သည် ရှမ်းပြည်နယ် ပညာရေးမှူးဘဝနှင့် ပင်စင်ယူခဲ့ပြီး စာပေဗိမာန် (နိုင်ငံရေးစာပေ) ပထမဆုကို ရရှိထားသူ ဖြစ်ပါသည်။ ဆရာကြီး ပင်လုံခွန် (ဦးမြင့်သိန်း)သည် စာရေးသူအား စာဖတ်ဝါသနာပါလာအောင်နှင့် စာရေးတတ်လာအောင် သင်ပြပေးခဲ့သော ဆရာတစ်ဦး ဖြစ်ပါသည်။ စာရေးသူ (၁၀)တန်းကျောင်းသားဘဝတုန်းက မြန်မာစာပြဆရာကြီး ဖြစ်ပါသည်။

"ဆရာ၊ လုံမလေးကို သူ့အမေရိုက်ပါလို့" ဆိုတဲ့ ယောရွာသီချင်း အကြောင်း ရှင်းပြစမ်းပါဆရာ ဆိုပြီး စာရေးသူက မေးခဲ့ရသည်။

"လုံမလေးကို သူ့အမေရိုက်ပါလို့ မဟုတ်ပါဘူးကွယ်။ မင်းကလည်း သူ့စာသားကို မပြင်ချင်စမ်းပါနဲ့။ လုံမကလေးကို သူ့အမေရိုက်လျှင် လှုပါကွယ့်။"

ဆရာကြီးသည် မြန်မာစာဆရာကြီး ပီသပါ၏။ စာတစ်လုံးကိုမျှ အလွဲမခံပါ။ မှားသည်ဆိုလျှင် ချက်ချင်းပြင်ပေးသည်။ "အဲဒီသူချင်းကို မင်းက ဘာသိချင်တာလဲ" ဆိုပြီး မေးနေပါသည်။

"ကျွန်တော်က အကုန်လုံး စုံအောင်သိချင်တာပဲဆရာ။ ဂီတနဲ့ ပတ်သတ်ရင် ကျွန်တော်က ဘာမျှနားမလည်ဘူး။"

"အေး. . . ဟုတ်ပြီ။ ဒါဆို မိုးဇာပျောဆိုတာ မင်းကြားဖူးရဲ့လား"

"မကြားဘူးပါဘူးဆရာရယ်။ ရှင်းပြမှာကိုသာ ရှင်းပြစမ်းပါ။ ရေးကုန်ပါလိမ့်မယ်" ဟု စာရေးသူက ပြောမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယောရှာသီချင်းကို ဆရာတို့ ငယ်ငယ်တုန်းက မိုးဇာပျောသံနဲ့ တီးကြတာ များတယ်ကွယ့်။ မိုးဇာပျောဆိုတာကွယ် စစ်ကိုင်းမြို့က မိုးဇာအရပ်ကို ပြောတာပါ။ စစ်ကိုင်းမြို့လယ်ခေါင်မှာ ဈေးရှိတဲ့အရပ်ကို မိုးဇာရပ်ကွက်ခေါ်တယ်ကွဲ့။ အဲဒီအရပ်က ပွဲတွေလမ်းတွေရှိရင် ပျောပါတယ်။ အတော်မြူးအတော်ကြွတာပဲကွယ့်။ ယောရှာသီချင်းကို မိုးဇာပျောနဲ့များ တီးလိုက်ရင် ပရိသတ်တွေမြူးနေကြတာပဲ။ ငါတို့တက္ကသိုလ်ရောက်စ ၁၉၅၂-၅၃ စီတုန်းက ကျောင်းကပွဲတွေမှာ ယောရှာသီချင်းကို မိုးဇာပျောအတီးနဲ့ အမြဲလိုပဲ သီဆိုကြတယ်။ တက္ကသိုလ်ကျောင်းသားတွေက ထ,ထပြီး လက်ခုပ်တဖျောင်းဖျောင်းနဲ့တီးပြီး လိုက်ဆိုကြတာ အခုတောင်နားထဲကြားနေရသေး" ဟု ရှင်းပြရင်း စကားကိုဖြတ်ထားသည်။ စာရေးသူမှာ အံ့အားသင့်သွားမိသည်။

"အဲ . . တစ်ခုရှိတယ်။ မိုးဇာပျောနဲ့တီးကြတယ်ဆိုပေမယ့် အလင်္ကာကျော်စွာဒေါ်စောမြအေးကြည်တို့ကျတော့ စောင်းနဲ့ပတ္တလားနဲ့လည်းဆိုတယ်ကွဲ့။ ၁၉၅၄ ခုနှစ်လောက်တုန်းကပေါ့ကွယ်၊ ဂျက်ဆင်မြက်ခင်းပြင်ပေါ်မှာ ဂီတပြိုင်ပွဲလုပ်တယ်ကွဲ့။ အမှတ်ပေါင်းနေကြတုန်းမှာ ဂီတမိခင်ကြီး အလင်္ကာကျော်စွာဒေါ်စောမြအေးကြည်က ယောရှာသီချင်းကိုဆိုတယ်ကွဲ့။ မြန်မာညွန့်နဲ့ ဦးချစ်မောင်က ပတ္တလားတီးတယ်ကွဲ့။ စောင်းကတော့ ဘယ်သူတီးတယ် မမှတ်မိတော့ဘူး။ အခုအထိမမေ့ဘူး။ ငါသာမဟုတ်ဘူးလေ။ နောက်တစ်နေ့ကျောင်းတက်ကြတော့ လူတိုင်းယောရှာသီချင်းကို ဆိုနေကြတာပဲ။ အဆောင်တွေမှာလည်း ယောရှာသီချင်းပဲကွယ့်။ ဒေါ်စောမြအေးကြည်ဆိုသွားပုံက တစ်မျိုးကွဲ့။"

"ယော၊ ယော၊ ယော၊ ယော၊ ယော၊ ယော၊ " ဆိုတဲ့စကားလုံးလေး တစ်လုံးတည်းကို ခုနစ်ကြိမ်လောက်ဆက်ဆက်ပြီးဆိုသွားတာ တစ်ခွန်းနဲ့ တစ်ခွန်း အသံနေအသံထားက မတူဘူးကွယ့်။ ဘယ်သူမှဒေါ်စောမြအေးကြည်ဆိုသလို လိုက်ပြီးမဆိုတတ်ဘူး။ သူတို့ကလည်း အကဲဖြတ်တော့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



နမူနာပြဇာတ်ခုံပေါ် တက်ပြီး ဆိုပြတာကိုးကွဲ။" စသည်ဖြင့် ယယ်ယယ်က အတွေ့အကြုံများကို စာရေးဆရာကြီးပင်လုံခွန်ကရှင်းပြပေးနေပါတော့၏။ ယောရှာသီချင်းကို စာရေးသူလည်း တစ်ပိုင်းတစ်စ ခဏခဏဆိုဖူးပါ၏။ ဆရာကြီးပင်လုံခွန်လို မခံစားတတ်ပါ။ အဲဒီလိုလည်း လေးနက်လိမ့်မည်ဟု မထင်ခဲ့ပါ။ ဆရာကြီးသည် သီချင်းနဲ့ပတ်သက်ပြီး ရှင်းပြနေတာနဲ့ သီချင်း စာသားကိုပင် မစရသေးပါ။

"မိုးဇာဗျောနဲ့ အဆိုအတီးများတယ်ပေါ့"

ဆိုပြီး စာရေးသူက စကားကို ဖြတ်လိုက်ရတော့၏။

"အေး . . . ဟုတ်တယ်၊ မိုးဇာဗျောအတီးနဲ့ ဆိုကြတယ်။ ဒါပေမယ့် အိုးစည်နဲ့လည်းဆိုလို့ရတယ်။ ဒိုးပတ်နဲ့လည်း ဆိုလို့ရတယ်။ စာသားက အတော်ကောင်းပါတယ်ကွာ၊ ဒါ့ကြောင့် ယနေ့တိုင်မတိမ်ကောတာပဲ။ ယော အကြောင်းလည်း ဒီသီချင်းနဲ့ပဲ နာမည်ကြီးသွားတာပဲ။ ကလောင်လက်နက် က အတော်ထက်တာပဲကွ။"

"ဟုတ်ပါပြီဆရာ၊ အဲဒီသီချင်းကို ဘယ်သူရေးတာလဲ၊ ဘယ်ခေတ်က ရေးခဲ့တာလဲ။"

စာရေးသူက သီချင်တာတွေကို တစ်ဆင့်တက်၍ မေးနေမိပါ၏။

"အေးကွဲ၊ မင်းမေးမယ်ဆိုလဲ မေးစရာပဲ၊ ဘယ်သူက၊ ဘယ်ခေတ်က ရေးခဲ့တယ်ဆိုတာတော့ ငါလည်း စာအုပ်တွေထဲမှာ မတွေ့ဖူးဘူးကွ။ အတော် ရှေးကျပါတယ်ကွာ။ ၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်ပေါ်ပြီး အမျိုး သားကျောင်းတွေကို ထူထောင်ကြတော့ ဝံသာနုရက္ခိတတရားတွေပေါ် လာပြီး နိုင်ငံခြားဖြစ် အဝတ်အထည်တွေကို သပိတ်မှောက်ကြတုန်းက ယောသီချင်း ကို အခြေခံတာပဲ၊ အဲဒီမတိုင်မီ အရင်အကြာကြီးထဲက ပေါ်ခဲ့တဲ့ သီချင်းကွဲ။ ငါ့အထင်တော့ကွယ် ကုန်းဘောင်ခေတ်အလယ်ပိုင်းထက်တော့ နောက်မကျ ဘူးထင်တယ်။ အမျိုးသားကျောင်းတွေမှာလည်း ယောရှာသီချင်းကို ဆိုကြ တယ်ဆိုတာတော့ ငါတို့ဆရာတွေက မကြာခဏ ပြောခဲ့ကြတယ်၊ အဲ . .

www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် ပြောရမှာလားမသိဘူး။ အခုဝတ်နေကြတဲ့ ကျောင်းစိမ်းလုံချည်နဲ့ အင်္ကျီအဖြူဟာ အမျိုးသားကျောင်းသားတွေရဲ့ ဝတ်စုံဗျား။ ကြားဖူးရဲ့လား၊ မကြားဘူးရင် မှတ်ထား"

စာရေးဆရာကြီးပင်လုံခွန်က ရှင်းပြပေးနေပါ တော့၏။

"ဟုတ်ပါပြီဆရာ၊ လိုရင်းကို မရောက်ဘဲနေပါတော့မယ်။ ယောရွှာသီချင်းရဲ့စာသားအမှန်ကိုပဲ ရေးပေးစမ်းပါ"

စာရေးသူက စကားကို ဖြတ်ပစ်လိုက်ရပါတော့၏။

"အေး . . . ဟုတ်ပြီ။ မင်းက ငါ့ကို အမှန်ဖြစ်အောင်ရေးပေးစမ်းပါ ပြောတယ်။ ပိုပြီးတိကျအောင် မင်းဖာသာစာကူးယူသွား ကျောင်းသုံးသီချင်း ပဒေသာစာအုပ်ထဲမှာပါတယ်။ ငါသွားရှာလိုက်ဦးမယ်၊ ဆယ်မိနစ်လောက်တော့ စောင့်ဦးနော်"

ဆရာကြီးပင်လုံခွန်သည် အိမ်ပေါ်တက်သွားပြီး ၅မိနစ်ပင် မကြာပါ။ စာအုပ်ကိုယူပြီး ဆင်းလာပါတော့၏။ ဆရာကြီးက -

"ဟောဒီမှာ စာမျက်နှာ ၃၁ မှာ ယောရွှာသီချင်း မင်းဖာသာ ရေးကူးယူသွား" ဆိုပြီး စာအုပ်ကို ထိုးပေးနေပါသည်။

"ကျောင်းသုံးသီချင်းပဒေသာ"

ခက်ဆစ်အဖြေများပါသည်။

စတုတ္ထပြင်ဆင် ဖြည့်စွက်ပုံနှိပ်ခြင်း

စုဆောင်းစီစဉ်သူ

ဦးဖိုးလတ်

အဖိုး ၂၊ဝ" ၁၃၀၃ ခု၊ တော်သလင်းလ။

စာအုပ်ထုတ်ဝေသောနှစ်မှာ စာရေးသူ၏မွေးသက္ကရာဇ်နှင့် ခုနှစ်၊ လ အားလုံးအတူတူဖြစ်နေသည်။ စာရေးသူသည်လည်း ၁၃၀၃ ခုနှစ်၊ တော် သလင်းလပြည့်ကျော်တစ်ရက်နေ့မှာ မွေးဖွားခဲ့ပါသည်။ ထိုစာအုပ်၏သက် တမ်းသည် စာရေးသူ၏အသက်နှင့်အတူ ၆၄ နှစ်ရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**"ယောရှာ"**

လုံမလေးကို၊ သူ့အမေရိုက်လျှင်လှ၊
လာလာလေလိုက်ခဲ့ပ၊ မောင်တို့ရွာ၊
မောင်တို့ရွာမှာ၊ ဘာတွေပေါ်ပါလိမ့်၊
ပင်နီချောရယ်နဲ့၊ ယောထမီ၊
ပင်အင်္ကျီမှာ၊ ကြွေတွေစီလို့၊
ကြိုက်ဖွယ်က ပေါ်တယ်လေ၊ ယောသူတို့ရွာ။

သီချင်းစာသားလေးမှာ တိုပင်တိုသော်လည်း ယောအကြောင်းကို လူတိုင်းစွဲသွားအောင် ဆွဲဆောင်နိုင်သောသီချင်းလေးတစ်ပုဒ်ဖြစ်ပါ၏။

ယောနယ်အသင်း ရွှေရတုမဂ္ဂဇင်းတွင် ဆရာမဒေါ်မြစန်း၏ ပင်နီချော နဲ့ယောထမီဆောင်းပါးတွင် ထိုသီချင်းကို အောက်ပါအတိုင်း ဖော်ပြထားပါ သည်။

**"ရှေးခေတ်က လုံမလေးသီချင်း"**

လုံမလေးကိုဗျာ၊ သူ့အမေရိုက်ရင်ဖြင့်၊
လာလာလေလိုက်ခဲ့ပါတော့ မောင်တို့ရွာ
မောင်တို့ရွာမှာရှင် ဘာဘာတွေပေါ်
ဖျင်ပင်နီချောနဲ့ ယောထမီ
ပိတ်အင်္ကျီမှာကွယ်၊ ဘော်ကြယ်တွေစီလို့
ပျိုမဒီချောပါတဲ့ ဒို့ယောပြည်။

ဆရာမကြီးဒေါ်မြစန်း၏သီချင်းစာသားမှာ မူရင်းသီချင်းနှင့်အနည်း ငယ်ကွဲပြားနေပါသည်။ သို့သော်အဓိပ္ပါယ်မှာ မကွာခြားလှပေ။ ဆရာမကြီး ၏ အဆိုအရ ထိုသီချင်းကို ကောဇာ ၁၀၄၀ ခုနှစ်ခန့်က အနောက်ဂန့်ဂေါ၊ မြစ်သာမြစ်ထဲတွင် စွယ်တော်ကို ငုတ်ယူရရှိခဲ့သည့် မောင်ထွားနှင့် အင်းဝ သူ လှပျိုဖြူ ခင်ခင်လေးတို့၏ အချစ်ဇာတ်လမ်းတွင် ဘေးပတ်ဝန်းကျင်မှ လူများက စကြနောက်ကြ၊ ကျီစယ်ကြရာမှ ထွက်ပေါ်လာသော သီချင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်ကြောင်း ဆရာကြီး ဦးအုံကြီး (ယခင်အုံကြီး)က ပြောပြခဲ့ဖူး ကြောင်း ရေးသားဖော်ပြထားပါသည်။ ခိုင်လုံသော အထောက်အထားတော့ ဟုတ်နိုင်မည်ဟု မယူဆမိပါ။ ဆရာမ ဒေါ်မြစန်း၏ အဆိုသာဖြစ်ပါ၏။ စာ ဖတ်သူများ နှစ်သက်ရာကို ယူနိုင်ပါ၏။

**ဆရာကြီး ဦးကြာထွန်း၏ ယောစာအုပ်တွင် -**

ကျား = လုံမလေးကို သူ့အမေရိုက်ပါလို့ လာလေလိုက် ခဲ့တော့ မောင်တို့ရွာ၊

မ = "မောင်တို့ရွာမှ ဘာတွေပေါ်တယ်"

ကျား = ပင်နီချောရယ်နဲ့ ယောထမီ

ဆိုပြီး ဖော်ပြထားပါသည်။

မြန်မာစာပေသည် ခေတ်ကာလကြာလာလေလေ၊ စာလုံးအသုံးအနှုန်း စာလုံး အနေအထား ပြောင်းလဲလာတတ်ပါသည်။ သာမန်လူများအတွက် မထူးခြားသော်လည်း စာပေသုတေသီများအတွက် အရေးကြီးနေပါသည်။ ဥပမာ ဆရာကြီး ဦးကြာထွန်း၏ ထိုသီချင်းစာသားတွင် "ကြောက်ဖွယ်ပေါ ပါတဲ့၊ ယောသူတို့ရွာ" ဟုပင် တချို့က ရေးခဲ့ကြကြောင်း ဖော်ပြထားပါသည်။ မူရင်းဖြစ်သော "ကြိုက်ဖွယ်ပေါပါတဲ့၊ ယောသူတို့ရွာ" စာသားနှင့် ဆန့်ကျင် ဘက် အဓိပ္ပါယ်ဖြစ်သွားစေပါသည်။

"ကြိုက်" ဟူသော စာတစ်လုံးကို "ကြောက်" ဟူသော စာတစ်လုံးဖြင့် အစားထိုးလိုက်သဖြင့် ယောနယ်၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးသွားစေ ပါသည်။

ဆရာမကြီး ဒေါ်မြစန်း၏ စာသားနှင့် ဆရာကြီး ဦးကြာထွန်းတို့၏ စာသားများသည် ဆိုလို့၊ နားထောင်လို့ ကောင်းပါ၏။ ချောမောပြေပြစ်လှ ပါ၏။ သို့သော် မူရင်းစာသားနှင့် ကွဲပြားနေသည်ကို တွေ့မြင်ရပါသည်။ မူရင်းစာသားသည် ရှေးကျခြင်းကို ပေါ်လွင်စေသည်။ ဆရာမကြီး ဒေါ်မြစန်း ၏ စာသားအရဆိုလျှင် ကုန်းဘောင်ခေတ်ဦးပိုင်းဟု ပြောဆိုရန် ခက်ခဲစေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျင်၊ ပိတ်" ဟူသော အသုံးအနှုန်းသည် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် သုံးစွဲခဲ့သော ဝေါဟာရဟုတ်ပါ၏လောဟု စဉ်းစားစရာ ဖြစ်ပါသည်။ "ဘော်ကြွယ်တွေစီလို့" စာလုံးထက် ကြွေတွေစီလို့" စာလုံးက ပိုပြီး ရှေးကျပေမည်။ "လာလာလေ လိုက်ခဲ့ပ" ဟူသော စာသားမှာလည်း "လာလာလေလိုက်ခဲ့ပါတော့" ဟူသော စာလုံးထက် ရှေးကျနေပါသည်။ ယောစရိုက်ကို ပိုပြီးပီပြင်စေပါသည်။ "ပ" စာလုံးကို ယောဒေသမှာသာ အသုံးများပါသည်။ "ဟုတ်ပ၊ မှန်ပ၊ ကောင်းပ" ဆိုပြီး ပြောတတ်ကြ၏။ လိုက်ခဲ့တော့ = လိုက်ခဲ့ပါ ဟု ဆိုလိုသည်။ "ပျိုမဒီချောပါတဲ့ ဒို့ယောပြည်" ဟူသော စာသားသည်လည်း မူရင်းစာသားနှင့် ကွဲပြားနေပါသည်။

"ယောသူရွာဘွဲ့ကို ချဲ့၍ရေးသောစာထောင့် လေးချိုးကြီး"

"မစ္စတာ မောင်မှိုင်း စီရင်ရေးသားသော ဓမ္မစေတီ အတ္ထုပ္ပတ္တိ စာမျက်နှာ နံပါတ် ၁၁၄ မှ ထုတ်နုတ်သည်။"

ပုံပြရှေးဆို ပြဒ့ပွေသိုက်မှာတော့ တုန်ရသေးသကို မှူမကျေလိုက်တာက လုံမလေးကို သူ့အမေရိုက်ရင်ဖြင့် မညှာမသွေ့ မဝိုက် ကညာဆွေ မကိုင်ရှိကယ်က၊ လာလေလိုက်ခဲ့ပါတော့ မောင်တို့ရွာဆီ။ ။

နောင်ဖို့မကွာ၊ ကညာမေ မောစေဖို့

တောင်တို့သာယာ၊ ပထဗျာတောဆီသို့

ဆောင်လို့လာရင်၊ ပါပကောသာပ၊ မောင်တို့ရွာ ဘာတွေပေါပါလိမ့်

ဘဝင်မကြည်တဲ့ ဇောတွေနှင့်၊ ခင်သီသီဖြင့် မောရှာလိမ့်

စောမဒီပါကိုနော်ကွယ်၊ ပင်နီချောရယ်နဲ့ ယောထမီ။

နိမိတ်ကိန်း အသီ၊ နေခြည်ကလည်း မသက်ရအောင်ပ၊

ပိတ်အကျီကြွေစီဖက်ပါလို့၊ ဒေဝီကရမက်ကယ်တဲ့၊

မြနှင်းရည်၊ လှရင်းကြည်ပါတဲ့ မှုံပုလဲ။

(အို) လမင်းစန္ဒီသို့ ပုံမလွဲ။ ။

တစ်ယောက်မယ်မှလေလေ့၊ တောက်တွယ်ကာ ခမျာ၊ လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ဖွယ်သာ၊ သည်မှာ မောတဲ့ပြင်၊ ယောသူရွာဆိုတဲ့ တေးငယ်နှင့်၊ ဇောခုဗျာပါ အငိုတစ်လှည့် ကြွေးတဲ့လို၊ ခင်လေးမောင်ကြုံတဲ့ နဲမှာဖြင့် ထင်တွေးယောင်၊ ပုံတကဲ့ မလွဲပါဘု။ မောစလုမျော၊ လဲတော့မထင့် ဇောအမူဗျာပါ ကဲတာမို့ (မောင်မောင့်မှာကွယ်) ယောသူရွာကပါပဲ။



ငကောင်းရွာမှ ယောသူများ

၁၉၆၂ ခုနှစ်၊ ဩဂုတ်လထုတ် ဒဂုံမဂ္ဂဇင်း သတိုးပီယ၏ ကဗျာအမြုတေ ဆောင်းပါးမှ စသည်ဖြင့် ဆရာကြီး ဦးကြာထွန်းက သူ၏ယောစာအုပ်တွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ လက်ဆင့်ကမ်းသည့် သဘောဖြင့် စာရေးသူက ကူးယူဖော်ပြပေးလိုက်ရပါ၏။

ဆရာကြီး ပင်လုံခွန်ကလည်း ယောနယ်အသင်း ငွေရတုမဂ္ဂဇင်းတွင် ကဗျာတစ်ပုဒ်ရေးသားထားခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယောမောင့် မေတ္တာ"

❖ သည်အင်ကြင်း စုံမဟီ
လုမ္ဗိနီထင်ရဲ့။
❖ ဟုတ်ပါဘူးဗျာ
အင်ကြင်းဝါ လှိုင်လှိုင်ပေါ်လေငဲ့
ရွှေယောနယ်တဲ့
❖ တို့ယောကိုတဲ့ လိုက်ခဲ့ပါ။
ယောကိုကို ပွဲပိုက်ထွေးလို့
ပန်ပေးမယ်ဗျာ။
❖ ရွှေအင်ကြင်း ရနံ့ဖြာ
သံသာတိုင်၊ ပျံ့မွှေး။
❖ ယောမောင်မောင် မေတ္တာဆက်မှာက
သည့်ထက်သာသေး။ ။

ပင်လုံခွန်

စသည်ဖြင့် ယောနှင့်ပတ်သက်သော စာပေအထောက် အထားများကား စုံလှပေ၏။ ထိုစာပေများ၏ ကျေးဇူးကြောင့် ချောင်ကျလှသော ယောဒေသ၏ အကြောင်းကို မြန်မာတစ်နိုင်ငံလုံးမှာ မသိသူမရှိလောက်အောင် ကျော်ကြားနေပါတော့၏။

**"စာပေကျေးဇူးသည် ကြီးမားလေစွ။**
**စာပေ၏အားသည် ကြီးမားလေစွ။**
**စာပေလက်နက်သည် ထက်လှပေစွ။"**

"ပုံတောင်ပုံညာ မှိုင်းပြာပြာနှင့် လူသားအစ ရပ်ဒေသ"ဟုလည်း ဂုဏ်ပြုရေးသားလိုက်ရပါတော့၏။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



# မှတ်ခါမေပြီးစ ယောဒေသ

## မြန်မာ့နိုင်ငံရေး ရှုပ်ရှုပ်ထွေးထွေး

မြန်မာနိုင်ငံရေး ရှုပ်ရှုပ်ထွေးထွေးခေတ်တွင် ယောဒေသသည် မြန်မာပြည်၏ အစိတ်အပိုင်းလေးတစ်ခုအဖြစ် သမိုင်းစဉ်တစ်လျှောက်လုံးမှာ ရပ်တည်လာခဲ့ပါသည်။ ပြည်မကို အံတုတော်လှန်ပုန်ကန် ခြားနားခဲ့ခြင်း လုံးဝမရှိခဲ့ဘူးပေ။ ပြည်မ၏ ဦးဆောင်မှုအောက်တွင် သစ္စာရှိရှိ ရပ်တည်လာခဲ့သည်။ ဥပမာ ပြည်မသည် သစ်ပင်ကြီးတစ်ပင်နှင့်တူပြီး ယောဒေသသည် သစ်ကိုင်းလေးတစ်ခုမျှသာ ဖြစ်ပါသည်။ သစ်ပင်ကြီးတစ်ခုလုံး လှုပ်နေသောအခါ သစ်ကိုင်းလေးသည် ငြိမ်နေလို့မရနိုင်ပါ။ ထို့ကြောင့် မြန်မာပြည်၏ ပင်မနိုင်ငံရေး ရေစီးကြောင်းကြီးကို မဖော်ပြ၍ မဖြစ်ပါ။ မြန်မာပြည်ဆိုသည်မှာလည်း သစ်ပင်ကြီးတစ်ပင်မျှသာ ဖြစ်ပါ၏။ ရေသောက်မြစ်များသည် ကမ္ဘာ့နိုင်ငံရေးပင် ဖြစ်ပါ၏။ ကမ္ဘာ့နိုင်ငံရေးဖြစ်သော ရေသောက်မြစ်ကြီးကြောင့် ထိုသစ်ပင်ကြီး စိုပြည်လာသည်။ ခြောက်ကပ်သွားသည် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် သမိုင်းဖြစ်စဉ်များကို အကျဉ်းမျှတင်ပြပေးရန် လိုအပ်လာပါသည်။

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့မှစပြီး မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့က သိမ်းပိုက်အုပ်ချုပ်လာခဲ့ပြီးဖြစ်ကြောင်း အထက်တွင် တင်ပြ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမဏီတို့သည် စစ်ပြိုင်အင်အားကြီးနိုင်ငံများ ဖြစ်ပါသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် ဂျပန်နိုင်ငံသည် စစ်ကြေညာခြင်း မပြုဘဲ ကမ္ဘာ့အရှေ့ဖျားမှ အနောက်ဖျားကိုသွားပြီး အမေရိကန်နိုင်ငံ၊ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်လိုက်ပါတော့၏။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် ပါဝင်လာလိုက်ရတော့၏။ အင်္ဂလိပ်သည် အမေရိကန်နှင့် မဟာမိတ်ဖွဲ့ထားသော နိုင်ငံဖြစ်သည်။ ဂျပန်သည် အင်္ဂလိပ်ကိုလည်း တိုက်ခိုက်ရပေတော့မည်။ ဂျပန်တို့သည် အရှေ့တောင်အာရှနိုင်ငံငယ်များကို တမဟုတ်ခြင်း တိုက်ခိုက်သိမ်းယူလိုက်သည်။

"အင်္ဂလိပ်အခက် ဗမာ့အချက်" ဟူသော ကြွေးကြော်သံဖြင့် အင်္ဂလိပ်များ စစ်ရေးအရ အခက်အခဲ ဖြစ်နေစဉ် အင်္ဂလိပ်ကို တိုက်ခိုက်နေသော ဂျပန်များနှင့်မြန်မာလူငယ်များပူးပေါင်းကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာလူငယ်သုံးဆယ်ဦး (ရဲဘော်သုံးကျိပ်)တို့သည် ဂျပန်နိုင်ငံသို့ တိတ်တဆိတ် ထွက်သွားခဲ့ကြသည်။ ဂျပန်နှင့်မဟာမိတ်ဖွဲ့သည်။ စစ်ပညာကို သင်ယူကြသည်။ ၎င်းနောက် ယိုးဒယားနိုင်ငံကို ဖြတ်ပြီး မြန်မာပြည်တွင်းသို့ ပြန်ဝင်ခဲ့ကြသည်။

၂၆-၁၂-၄၁ နေ့ (ပုလဲဆိပ်ကမ်းကို ဗုံးကျဲပြီး ၁၆ ရက်မြောက်နေ့တွင် ယိုးဒယားနိုင်ငံ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army)ကိုစတင်ဖွဲ့စည်းလိုက်ကြသည်။ ဂျပန်စစ်ဗိုလ်ချုပ်ကာနယ်ဆူဇူကီးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့က ဦးဆောင်ဖွဲ့စည်းလိုက်ကြသည်။ B.I.A တပ်မတော်ကြီးသည် ဒေါင်းအလံ၊ ဒေါင်းတံဆိပ်အဝါ၊ အစိမ်း၊ အနီလတ်ပတ်များကို စည်းထားကြသည်။ စတင်ဖွဲ့စည်းစဉ်မှာ အင်အား ၁၅၀၀ ခန့်ရှိသည်။ ဂျပန်နှင့်ပူးပေါင်းဖွဲ့စည်းထားသော B.I.A ဘီအိုင်အေတပ်မတော်ကြီးသည် အောက်ပါအတိုင်း အောင်နိုင်မှုများကို ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၈-၃-၄၂ ရက်နေ့တွင် ရန်ကုန်ကိုသိမ်းပိုက်နိုင်သည်။ ၁-၅-၄၂ ရက်နေ့တွင် မန္တလေးကို သိမ်းပိုက်နိုင်သည်။ ၁၅-၆-၄၂ ရက်နေ့တွင် တစ်နိုင်ငံလုံးကို သိမ်းယူနိုင်သည်။ အချိန်ကာလငါးလသာသာအတွင်း မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၂၀ ကြာအောင် အုပ်ချုပ်နေခဲ့သော အင်္ဂလိပ်စစ်တပ်အားလုံးကို မြန်မာပြည်မှ မောင်းထုတ်နိုင်ခဲ့သည်။ အင်္ဂလိပ်တို့သည် မြန်မာပြည်မှ ဆုတ်ခွာထွက်ပြေးရာတွင် ပခုက္ကူ၊ ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ တချို့ချင်းတောင်ကို ဖြတ်ပြီး အိန္ဒိယနိုင်ငံအတွင်းသို့ ဆုတ်ခွာထွက်ပြေးကြသည်။ ဆုတ်ခွာထွက်ပြေးသော အင်္ဂလိပ်စစ်တပ်များကို ဂျပန်နှင့်မြန်မာစစ်သားများက လိုက်လံတိုက်ခိုက်ကြသည်။ တဖန် ဂျပန်စစ်တပ်ကို အိန္ဒိယနယ်စပ်မှ မြန်မာပြည်မအထိ အင်္ဂလိပ်တို့က လိုက်တိုက်ပြန်သည်။ ဤတွင် ယောဒေသသည် ဧရာမစစ်မြေပြင်ကြီး ဖြစ်ခဲ့ရသည်။ ဂျပန်နှင့်အင်္ဂလိပ်တို့ အပြိုင်အဆိုင်စစ်ဖြစ်ခဲ့ရာဒေသ ဖြစ်ခဲ့ရသည်။ ၁၉၄၄ ခုနှစ်သည် မြန်မာနိုင်ငံတွင် ကံဆိုးမိုးမှောင်ကျခဲ့သောနှစ် ဖြစ်ပါသည်။

ဂျပန်တို့သည် မြန်မာပြည်တစ်ခုလုံးကို သိမ်းပိုက်နိုင်သောအခါ မြန်မာပြည်အား လွတ်လပ်ရေးပေးပါမည်ဟူသောကတိကို ချိုးဖောက်သည်။ မြန်မာပြည်အား ကျွန်ပြုပြီး စစ်နိုင်နိုင်ငံ့ငယ်တစ်ခုအသွင်ဖြင့် အုပ်ချုပ်လိုသည်။ ဂျပန်နိုင်ငံ၏လက်အောက်ခံဟု သဘောထားလာသည်။ မြန်မာပြည်သူပြည်သားများအပေါ်တွင်လည်း လူမဆန်စွာ နိုင်ထက်စီးနင်းအုပ်ချုပ် ဖိနှိပ်စော်ကားလာတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းကို စစ်ဝန်ကြီးအရာမှာထားပြီး ဂျပန်တို့စိတ်ကြိုက်လူတွေကို ရွေးချယ်ပြီး အောက်ပါအတိုင်း အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၁။ ဒေါက်တာဘမော်

၂။ ဒေါက်တာသိန်းမောင်

၃။ ဦးဘသော

၄။ သခင်မြ

www.burmeseclassic.com

www.burmeseclassic.com



၅။ သခင်သန်းထွန်း
၆။ သခင်ထွန်းအုပ်
၇။ သခင်နု
၈။ သခင်ဘစိန်
၉။ ဦးထွန်းအောင်
၁၀။ ဗန္ဓုလဦးစိန်
၁၁။ ဦးဘဝင်း
၁၂။ ဦးလှဖေ တို့ပါဝင်ကြသည်။

တဖြည်းဖြည်းအင်အားတောင့်တင်းလာသော ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) ကိုလည်း ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army) ဆိုပြီး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ လွတ်လပ်ရေးဆိုသော စကားလုံးအစား ကာကွယ်ရေးဟူသော စကားလုံးဖြင့် အစားထိုးလိုက်သည်။ ဂျပန်တို့သည် လွတ်လပ်ရေးဆိုသော စကားလုံးကိုပင် မကြားချင်ဖြစ်လာသည်။ ဗမာလူငယ်များသည် လုံးဝလွတ်လပ်ရေးရရှိရေးကို လိုချင်၍ အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့သည်။ ယခုတော့ ဂျပန်၏လက်အောက်သို့ ကျခဲ့ကြရပြန်ပြီဆိုပြီး ခံစားကြရတော့သည်။

"ဟေ့ . . အောင်ဆန်း၊ မင်းပင့်လာတဲ့ဘုန်းကြီးကို ငါကဘယ်လိုလုပ်ပြီး ဆွမ်းကပ်ရမှာလဲကွ" ဟူ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မေးခဲ့သည် ဟု အဆိုရှိသည်။ ဆိုလိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းခေါ်လာသော ဂျပန်တို့ကို သူမကြိုက်နိုင်တော့ဘူးဟု ဆိုသည်။

၁၉၄၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်ခေတ်အစမှာပင် မြန်မာကွန်မြူနစ်လူငယ်များကို ဖွဲ့စည်းခဲ့ကြသည်။ သခင်စိုး၊ သခင်တင်မြ၊ ကိုထွန်းယဉ်၊ ကိုကျော်ဝင်း၊ ကိုထိန်လင်းစသည်တို့ ပါဝင်ကြသည်ဟု ဖတ်မှတ်ခဲ့ရသည်။

ဂျပန်များသည် ဗမာကာကွယ်ရေးတပ်မတော်၏ တဖြည်းဖြည်း အင်အားကြီးမားလာမှုကို စိုးရိမ်လာသည်။ ၁-၈-၄၃ ရက်နေ့တွင် ဗမာ့

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးတပ်မတော်ကို ဗမာတပ်မတော် (Burma Army) ဟု အမည်ပြောင်းပြီး ဗိုလ်ချုပ်အောင်ဆန်းကို စစ်ဝန်ကြီး၊ ဗိုလ်စကြာကို ဒု-စစ်ဝန်ကြီး ပေးပြီး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဗြိတိသျှအစိုးရလက်ထက်က ဖွဲ့စည်းထားခဲ့သော သခင်လူငယ်များသည် တချို့ထောင်တွင်းမှာ ထောင်ကျခံနေကြရဆဲရှိသည်။ ဂျပန်ခေတ်ထောင်ထဲတွင် ထောင်ကျနေသော ရဲဘော်ဗဟိန်းသည် သခင်စိုး၊ သခင်မြသွင်၊ သခင်ကျော်စိန်တို့နှင့် ထောင်ထဲတွင် ဂျပန်ဆန့်ကျင်တိုက်ခိုက်ရေးကို ဆွေးနွေးလာကြသည်။ အင်္ဂလိပ်တို့နှင့် ပြန်ပေါင်းပြီး ဂျပန်ကို ပြန်တိုက်ထုတ်ရန် ဆွေးနွေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း ဂျပန်များ၏ လူမဆန်စွာ ရိုင်းပြသော အမူအရာများကို စိတ်ပျက်လာသည်။ ဂျပန်ကို ပြန်ပြီး မောင်းထုတ်ရန် ဆန္ဒရှိလာသည်။

၂၃-၈-၄၄ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိကိုယ်တိုင် စစ်ဝန်ကြီးရာထူးကို ယူထားသူဖြစ်ပါလျက် မိမိနေအိမ်မှာ လျှို့ဝှက်အစည်းအဝေးတစ်ခုခေါ်ပြီး ဖ. ဆ. ပ. လ (Anti Faseist Organization = A.F.O) ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းလိုက်သည်။

ထိုအဖွဲ့တွင် -

(၁) ဗိုလ်ချုပ်အောင်ဆန်း
(၂) ဗိုလ်မှူးကြီးဇေယျ
(၃) ဗိုလ်မှူးစောကြာဒိုး
(၄) ဗိုလ်မှူးကျော်ဇော
(၅) ဗိုလ်မှူးအောင်
(၆) ဗိုလ်ကြီးခင်မောင်လေး
(၇) ဗိုလ်အောင်ကြီး
(၈) ဗိုလ်မှူးလကျာ

www.burmeseclassic.com

www.burmeseclassic.com



(၉) ဗိုလ်မှူးနေဝင်း
(၁၀) ဗိုလ်မှူးရန်အောင်
(၁၁) ဗိုလ်မှူးဖိုးကွန်း
(၁၂) ဗိုလ်မှူးဗထူး
(၁၃) ဗိုလ်မောင်မောင်
(၁၄) သခင်သန်းထွန်း
(၁၅) သခင်စိုး
(၁၆) သခင်ချစ်
(၁၇) ဦးကျော်ငြိမ်း တို့ပါဝင်ကြသည်။

ထိုအဖွဲ့၏အစည်းအဝေးခန်းမှာပင် ဂျပန်များကို ပြန်လည်တိုက်ခိုက်မောင်းထုတ်ရန် ဆုံးဖြတ်ကြသည်။ အဖွဲ့များခွဲပြီး ဂျပန်ဆန့်ကျင်တိုက်ခိုက်ရေးကို တာဝန်အသီးသီးပေးလိုက်ကြသည်။ ၁၇-၃-၄၅ နေ့တွင် ယခုတော်လှန်ရေးပန်းခြံနေရာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် အောက်ပါအတိုင်း စစ်ထွက်မိန့်ခွန်း ပြောကြားခဲ့သည်။

"ရဲဘော်တို့"

"အကျယ်ချဲ့ပြီး ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ကြရတော့မယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရတော့မယ်၊ ဗမာပီပီ ဗမာ့သွေးကို ပြကြပါ။ အထက်က ဗိုလ်များရဲ့ အမိန့်ကို နာခံပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကျုပ်ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နှင့် အတူ ချီတက်ပြီး တိုက်ခိုက်မယ်။"

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းသည် ရဲဘော်ရှေ့တက်မဟုတ်၊ ရဲဘော်ငါ့နောက်လိုက်ခဲ့ဟူသော မိန့်ခွန်းဖြစ်သည်။ အင်္ဂလိပ်တို့နှင့် ပြန်လည်ပူးပေါင်းပြီး ၂၇-၃-၄၅ နေ့ နံနက် (၇)နာရီခန့်တွင် ဂျပန်တော်လှန်ရေးကို စတင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ၂-၄-၄၅ နေ့ နေ့ (၁)နာရီအချိန်တွင် ဗမာ့တပ်မတော်သည် ဂျပန်ကို စစ်ကြေညာလိုက်တော့သည်။ သုံးလအတွင်း ဂျပန်များကိုလည်း မြန်မာနိုင်ငံမှ ပြန်လည်မောင်းထုတ်နိုင်ခဲ့ကြသည်။ ဗမာ့တပ်မတော်၏ အင်အားသက်သက်ကြောင့်တော့ မဟုတ်။ အင်္ဂလိပ်စစ်တပ်များနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ကြခြင်းကြောင့် ဖြစ်ပေသည်။ ဂျပန်တို့သည်လည်း အိန္ဒိယနယ်စပ်မှ ယောဒေသကိုဖြတ်ပြီး ဆုတ်ပြေးကြရပြန်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး၊ စစ်ရေးမဟာဗျူဟာသည် ဆန်းလေစွ။ ဂျပန်နှင့်ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ထုတ်သည်။ သုံးနှစ်ခန့်အကြာမှာ အင်္ဂလိပ်နှင့်ပြန်ပေါင်းပြီး ဂျပန်တို့ကို ပြန်လည်မောင်းထုတ်သည်။ "နိုင်ငံရေးဆိုသည်မှာ မော်တော်ကားမောင်းသမား ဒရိုင်ဘာနှင့်တူသည်။ ထွက်စမှာ နံပါတ်ဝမ်းနှင့် ထွက်ရတယ်။ နံပါတ်တူးနှင့် အရှိန်ရအောင် ယူရတယ်။ လမ်းကောင်းမှသာ နံပါတ်သရီးနှင့် မောင်းရတယ်။ နံပါတ်သရီးနှင့် မောင်းနေတုန်းမှာလည်း လမ်းမကောင်းရင် ကုန်းတက်တွေ့ရင် နံပါတ်တူး၊ နံပါတ်ဝမ်းတို့ကို ပြောင်းရတာပဲ။ တစ်ခါတစ်ရံ ဘက်ဂီယာသုံးပြီး ပြန်ဆုတ်သင့်က ပြန်ဆုတ်ကြရတာပဲ။ နိုင်ငံရေးခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ဒရိုင်ဘာကောင်းတစ်ယောက်နှင့် တူတယ်။ ကိုယ့်ကားပေါ်မှာ ပါလာတဲ့ခရီးသည် (ကိုယ်တပည့်) တွေကို အန္တရာယ်လည်း ကင်းဝေးရမယ်။ လိုရာခရီးကို အမြန်ဆုံးရောက်စေရမယ်" ဟု နိုင်ငံရေးသမားကြီးဟောင်း သခင်ကျော်ခေါင် က ပြောပြခဲ့ဖူးပါသည်။

ထိုသို့ အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဂျပန်တော်လှန်ရေးကာလများတွင်လည်း ယောနယ်မှ လူငယ်များ ပါဝင်တိုက်ပွဲဝင်ခဲ့ကြပါသည်။ ဂျပန်အုပ်ချုပ်သောခေတ် (၁၉၄၂-၄၅) ခုနှစ်အတွင်း ထီးလင်းမြို့နယ်တွင် ဦးညီမောင်၊ ဦးမြတို့က အုပ်ချုပ်ခဲ့ပါသည်။ အုပ်ချုပ်ရေးအဖွဲ့ကို ဆောမြို့နယ်မှ သခင်လှမောင်က လာရောက်ဖွဲ့စည်းပြီး တာဝန်ပေးခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရပါသည်။ ဂန့်ဂေါမြို့နယ်တွင်လည်း ဗိုလ်မြဦး၊ ဗိုလ်မှူးဇစိန်၊ ဗိုလ်ချစ်စု၊ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



သိုက်ပွားတို့သည် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့ကြောင်း သိရပါသည်။ ယောနယ်၌ ထူးခြားမှုမှတ်တိုင်တစ်ခုမှာ ၁၉၄၇ ခုနှစ်၊ မတ်လ ၃/၄/၅ ရက်နေ့များတွင် ချင်း၊ ဗမာချစ်ကြည်ရေး ဆွေးနွေးပွဲတစ်ရပ် ကျင်းပပြီး ထာဝစဉ်ချစ်ကြည်ရေးစာချုပ်တစ်ရပ်ကို ချုပ်ဆိုပြီး အမှတ်တရကျောက်တိုင်ကိုပါ စိုက်ထူနိုင်ခဲ့ကြပါသည်။ လူထုပရိသတ် (၅၀၀၀)ကျော် ချင်းနှင့်ဗမာများ တက်ရောက်ခဲ့ကြပါသည်။ ရန်ကုန်ဗဟိုမှ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်စား ဦးဘချို၊ သခင်လွင်တို့ လာရောက်ပြီး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါသည်။

ဤသို့ဖြင့် နိုင်ငံတော်၏ စစ်ရေး၊ နိုင်ငံရေးအခြေအနေများမှာ တစ်နေ့တစ်ခြား ပြောင်းလဲဖြစ်ပေါ်နေခဲ့ပါသည်။ ဂျပန်များ ဆုတ်ခွာသွားပြီး အင်္ဂလိပ်တို့ ပြန်ဝင်လာသောအခါ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ကို အင်္ဂလိပ်စစ်သေနာပတိ မောင့်ဘက်တန်က သီဟိုဠ်နိုင်ငံ၊ ဂန္ဒီမြို့သို့ ဖိတ်ကြားပြီး ဂန္ဒီစာချုပ်ကို အင်္ဂလိပ်နှင့်မြန်မာ သဘောတူစာချုပ်အဖြစ် ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်အရ တပ်မတော်အင်အားကို (၁၅၀၀၀) ကျော်မှ (၅၂၀၀)အထိ လျှော့ချပြီး ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်ပြန်ဖွဲ့ရာတွင် မပါသော ရဲဘော်ဟောင်းများကို စုစည်းပြီး ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ မပြီးဆုံးသေးသော လွတ်လပ်ရေးတိုက်ပွဲကို လိုအပ်သလို ဆက်လက်တိုက်ပွဲဝင်သွားရန် ဖြစ်သည်။ ဂျပန်တော်လှန်ရေးအတွက် ဖွဲ့စည်းခဲ့သော ဖဆပလအဖွဲ့ကြီးတွင် ကွန်မြူနစ်ပါတီဝင်များ ပါဝင်ခဲ့ကြသည်။ ထို့နောက် ကွန်မြူနစ်ပါတီမှ အလံနီပါတီဆိုပြီး သခင်စိုးက ခွဲထွက်သွားခဲ့သည်။ ကျန်ရှိသော ကွန်မြူနစ်ပါတီဝင်များကိုလည်း ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ဖဆပလအဖွဲ့မှ ထုတ်ပစ်ကြောင်း ဦးနုက ကြေညာလိုက်သည်။ ဤသို့ဖြင့် မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိရေးအတွက် ဖဆပလအဖွဲ့ကြီးကို မဏ္ဍိုင်ပြုပြီး ဖွဲ့စည်းခဲ့သော မျိုးချစ်ရဲဘော်များ၊ ဗမာတပ်မတော်များ၊ ကွန်မြူ

www.burmeseclassic.com

www.burmeseclassic.com



နစ်ပါတီဝင်များသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားကြပြီး ကွန်မြူနစ်ပါတီ အမျိုးမျိုးပေါ်ပေါက်လာခဲ့တော့သည်။ နောက်ဆုံးတော့ မည်သူမျှ စွဲစပ်မရနိုင်တော့ဘဲ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ လွတ်လပ်ရေးရပြီး မကြာမီမှာပင် လက်နက်ကိုင်အုပ်စုများ ပေါ်ပေါက်လာခဲ့တော့သည်။ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် ဂဠုန်စောတို့အုပ်စုမှ လုပ်ကြံသတ်ဖြတ်သဖြင့် ကွယ်လွန်ခဲ့ရတော့၏။ ရောင်စုံကွန်မြူနစ်ပါတီများတွင် -

၁။ သခင်စိုး ဦးဆောင်သော အလံနီ

၂။ သခင်သန်းထွန်းဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ

၃။ ဗိုလ်ဖိုးကွန်းဦးဆောင်သော ပြည်သူ့ရဲဘော်ပါတီ ဆိုပြီး သုံးပါတီ ပေါ်ပေါက်လာတော့သည်။ ထိုသုံးပါတီ၏ ဘုံရန်သူမှာ ဖလပလအဖွဲ့ကြီးဖြစ်သော်လည်း သူတို့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း မသင့်မြတ်ကြပေ။ တိုက်ခိုက်မှု၊ ဖမ်းဆီးမှု၊ အပြစ်ပေးမှု၊ ဝေဖန်မှုများဖြစ်ခဲ့ကြသည်။

× × × × ×

## ယောဒေသ၌ ကွန်မြူနစ်လှုပ်ရှားမှု

ယောဒေသသည် ပြည်မနှင့် တစ်ဆက်စပ်တည်း တည်ရှိသဖြင့် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသလို ဘေးအိမ်ရှေ့ကပူလျှင် အိမ်နောက်ဖေးတွင်လည်း ပူကြရစမြဲ ဖြစ်ပေသည်။ ၁၉၄၈-၄၉ ခုနှစ်များမှစပြီး ကွန်မြူနစ်သောင်းကျန်းသူများသည် ယောဒေသသို့ ခိုလှုံလာကြတော့သည်။ ယောဒေသတွင် ခေါင်းဆောင်ကြသူများမှာ ရေပုတ်ရွာ မှ ဦးရာညွန့်၊ အင်းနားရွာမှ ဦးရာမြှည့်နှင့် ဦးစံတုတ်တို့ ဖြစ်ကြသည်။ ၁၃၁၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက် (၁၉၄၉) ခုနှစ်တွင် အလံနီများသည် ထီးလင်းမြို့ကို ဝင်ရောက်တိုက်ခိုက် သိမ်းယူခဲ့ကြသည်။ သို့သော် တစ်လမျှကြာသောအခါ ဗိုလ်ကျော်ဦးခေါင်းဆောင်သော မြန်မာ့တပ်မတော်က ထီး လင်းမြို့ကို ပြန်လည်သိမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့သည်။ သို့သော် မြေပေါ်မြေအောက် ကွန်မြူနစ်လှုပ်ရှားမှုများမှာ ဆက်လက်တည်ရှိနေသည်။ ကွန်မြူနစ်များသည် အမျိုးသားများကိုသာမက အမျိုးသမီးများကိုပင် သူတို့တပ်တွင်းသို့ ဝင်ကြရန် စည်းရုံးသွေးဆောင်ခဲ့ကြသည်။ ၁၉၅၅ ခုနှစ်လောက်မှစပြီး သောင်းကျန်းသူသုံးဖွဲ့တို့သည် ယောဒေသအတွင်း အတင်းအဓမ္မ ဆက်ကြေးတောင်းခြင်း၊ ရိက္ခာဆက်ကြေးတောင်းခံခြင်း၊ လူငယ်များကို သူတို့တပ်အတွင်း ဇွတ်အတင်း ခေါ်ယူခြင်းကြောင့် ရိုးသားသော ယောသူ ယောသားများမှာ ကျီးလန့်စာစား၊ တထိတ်ထိတ် တလှန့်လှန့် နေထိုင်ခဲ့ရသည်။ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရ ဗိုလ်ချုပ်ကြီးနေဝင်း တက်လာသောအခါ ကျေးရွာကာကွယ်ရေးတပ်ဖွဲ့များ၊ ကြံ့ခိုင်ရေးတပ်ဖွဲ့များကို အစိုးရကဖွဲ့ပေးပြီး သောင်းကျန်းသူ၊ ဆန့်ကျင်ရေးများ ဆောင်ရွက်ကြရသည်။ ယောဒေသတွင် ငြိမ်းချမ်းသာယာရေးများ ပျက်ပြားပြီး စိုးရိမ်ကြီးစွာ ဒုက္ခရောက်ခဲ့ရပြန်သည်။

ထိုသို့ သောင်းကျန်းသူများ၏ လှုပ်ရှားမှုများကို တစ်စေ့တစ်စောင်း သိရှိရန် ယောသူယောသားများကို မှတ်မိသမျှ ပြောပြရန် တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်သွားပါမည်။

စာရေးသူ၏ အိမ်နှင့်မျက်နှာချင်းဆိုင်တွင် နေထိုင်သူမှာ ကျောင်းဆရာကြီး (ငြိမ်း) ဦးကျော်မြားနှင့်ဇနီး ဒေါ်ချစ်တင်တို့ဖြစ်ကြသည်။ ဦးကျော်မြားသည် အသက် (၇၀)ခန့်တွင် သေဆုံးသွားခဲ့ပါပြီ။ သူ၏ဇနီး ဒေါ်ချစ်တင်ကို တွေ့ဆုံမေးမြန်းခဲ့ရသည်။

"ယနေ့တော့ ဒေါ်ချစ်တင်ကို အင်တာဗျူးလုပ်ရမှာပဲ" ဟု စာရေးသူက စကားစလိုက်သည်။

"ဘာတွေကို အင်တာဗျူးမှာလဲ ဆရာရယ်" ဆိုပြီး ဒေါ်ချစ်တင်က ပြန်မေးနေသည်။

"ဒေါ်ချစ်တင်ရဲ့ ဇာတိက ပုံတောင်၊ ပုံညာတောင်ကြားက ချောင်ကျေးရွာ (၁၆) ရွာ အပါအဝင် ကြက်ရိုးရွာကဆိုတော့ ခင်တို့ရွာ

www.burmeseclassic.com

www.burmeseclassic.com



မှာ အလံနီများ လှုပ်ရှားမှုကို သိသမျှ ပြောပြစမ်းပါ" ဟု စာရေးသူကစပြီး မေးလိုက်ရသည်။

"အဲဒီတုန်းက ကျွန်မက ငယ်ငယ်ပဲရှိပါသေးတယ် ဆရာရယ်။ ၁၉၅၅ ခုနှစ်လောက်တုန်းက ကျွန်မက အသက် (၇)နှစ် (၈)နှစ် အရွယ်ပဲရှိသေးတယ်။ အလံနီတွေအခြေစိုက်တာက ကျွန်မတို့ရွာနဲ့ (၁၂)မိုင်လောက် ဝေးတယ်။ ပုံညာတောင်ရဲ့ အရှေ့ဘက်အနားမှာပေါ့ ဆရာရယ်။ ဝါးပင်ရွာရဲ့ အနောက်နားမှာ (၁၀)မိုင်လောက်ဝေးတဲ့ တောင်ပေါ်မှာ သခင်စိုးတို့က နေကြတာ။ ဒါပေမယ့် သခင်စိုးရဲ့မိန်းမ (ဇနီး)တွေကတော့ ကျွန်မတို့ ကြက်ရိုးရွာမှာ နေကြတယ်။ သခင်စိုးရဲ့ဇနီးတွေဆိုတာက အကြီးက ဒေါ်နှင်းမေ၊ အငယ်က ဒေါ်ငွေစံလို့ ခေါ်တယ်။ ကျွန်မတို့ကို ဒေါ်နှင်းမေက စာသင်ပေးတယ်။ ဒေါ်နှင်းမေသွားရာကို ကျွန်မတို့ အမျိုးသမီးငယ်တွေက လိုက်ကြရတယ်။



ယောသူတို့ ရွာ

www.burmeseclassic.com

www.burmeseclassic.com



အစိုးရစစ်တပ်ကို ဦးဆောင်တာက ချင်းအမျိုးသား တိုင်ထီးရိုး (ဗိုလ်ကြီး တိုင်ထီးရိုး)လို့ ကြားဖူးခဲ့တာပဲ။ နောက်တော့ ကြက်ရိုးရွာ သူကြီး ဦးစံဖေနဲ့အတူ ဦးပေါစံ ဦးဘလင်းတို့ကို အစိုးရစစ်တပ်က ကျောရွာ အထိ ခေါ်သွားပြီး အလံနီလုပ်ရှားမှုတွေကို စစ်ဆေးတယ်။ ကျုပ်တို့ရွာက ဦးကျော်ဘနဲ့ ဦးမြဖေတို့ကိုတော့ အစိုးရနဲ့ပေါင်းတယ် သတင်းပေးတယ်ဆိုပြီး သောင်းကျန်းသူ အလံနီတွေက သတ်ပစ်ကြတယ်။ အတော်ဆိုးတဲ့ခေတ်ပါ ဆရာရယ်။ ရွာထဲမှာ နေဝင်ရင် ပုန်းအိပ်ကြရတာပဲ" ဟု ဒေါ်ချစ်တင်က စိတ်ရှည်လက်ရှည် ရှင်းပြရင် မျက်ရည်များပင် ကျလာနေသည်။

"ဟုတ်ပါပြီဗျာ၊ ဒေါ်ချစ်တင်ကိုမေးရတာကလည်း မျက်မြင်အမှန် ကိုယ်တွေ့ကို သိချင်လို့မေးရတာပါ။ ယောအကြောင်းစာရေးရင် သောင်းကျန်းသူလှုပ်ရှားမှုသမိုင်းကို ချန်ခဲ့လို့မရပါဘူး။ ဒါကြောင့် မေးရတာပါ။ ကျေးဇူးတင်ပါတယ်" ဟု နှုတ်ဆက်ပြီး မှတ်တမ်းတင်ခဲ့ရပါ၏။



ယောဒေသမှာ သယ်ပိုကြ

135

## ကျောချောင်းရွာသားများနှင့် ဆွေးနွေးခြင်း

ကျောချောင်းရွာဆိုသည်မှာ အိမ်ခြေ (၁၀၀)ခန့်ရှိသော ပုံညာတောင် ခြေမှ ကျေးရွာကလေးဖြစ်သည်။ ကျောရွာမှ ထွက်လာမည့် မီးရထားသည် ပုံညာဥမင်လိုဏ်ခေါင်းကြီးကိုဖြတ်ပြီး ကျောချောင်းဘူတာ၊ မျက်မြောင်ဘူတာ၊

www.burmeseclassic.com



ရေမျက်နှာဘူတာတို့ကို ရောက်မည်ဖြစ်သည်။ ထို့ကြောင့် ကျောချောင်းရွာဘူတာသည် ပုံညာဥမင်လိုဏ်ခေါင်းမှ ဂန့်ဂေါဘက်သို့အထွက်တွင် ပထမဦးဆုံးတွေ့ရမည့် ဘူတာဖြစ်သည်။ သို့သော် ဘူတာနေရာနှင့် ကျောချောင်းရွာသည် တစ်မိုင်မျှဝေးကွာသည်။ ကျောချောင်းဘူတာသည် ရှေးက ကျောချောင်းရွာဟောင်း မဲချက်ရွာ၏အထက်နားတွင် တည်ရှိသည်။ မဲချက်ရွာသည် ချစ်ဆုံချောင်းနှင့် ကျောက်မြောင်းကြီးတို့ ပေါင်းဆုံရာနေရာနားတွင် တည်ရှိသည်။

"ဥက္ကဋ္ဌကြီး ပြောပြစမ်းပါဦး၊ ခင်ဗျားက ရှေးမီနောက်မီ ကွန်မြူနစ်သောင်းကျန်းသူခေတ်မှာလည်း သူကြီး၊ လမ်းစဉ်ပါတီခေတ်မှာလည်း ကျေးရွာကောင်စီဥက္ကဋ္ဌ၊ ယခုခေတ်မှာလည်း ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဆိုတော့ ဥက္ကဋ္ဌလုပ်သက် နှစ်ပေါင်း (၅၀)နီးပါးရှိပြီ၊ ဒီတော့ ခေတ်အဆက်ဆက် ဒေသအခြေအနေလေးတွေကို ပြောပြစမ်းပါ" ဟု စာရေးသူက စကားစပေးလိုက်သည်။

"အလံနီခေတ်က ကျုပ်တို့ရွာမှာ ခေါင်းဆောင်တာက တိုက်ခိုက်ရေးတာဝန်ခံတွေက ဦးမြတ်ကျော်ကြီး (ဒေါသာရွာသား)နှင့် ဦးမျိုးဆွေ၊ ဦးအောင်စိန်တို့ပါဗျာ၊ စည်းရုံးရေးကတော့ ရေပုတ်ရွာသား ဦးရာညွှန့်တဲ့ဗျာ။ ကျွန်ုပ်တို့လည်း သူတို့ခိုင်းတာလုပ်ကြရတာပါဗျာ။ သူတို့က ရွာထဲမှာ မနေကြဘူးဗျာ။ အခု ဘူတာလုပ်မယ့်နေရာရဲ့ အထက်နားမှာ နေကြတာ။ လူအင်အားမနည်းပါဘူးဗျာ။ (၂၀၀)ကျော် (၃၀၀)လောက်တော့ ရှိမှာပါ။ ယောက်ျားရော၊ မိန်းမတွေရော၊ ကလေးတွေရော၊ တဲအိမ်တွေဆောက်နေကြတာပါ။ သင်တန်းခန်းမနဲ့၊ ဘောလုံးကွင်းနဲ့၊ သေနတ်ပစ်လေ့ကျင့်ရေးကွင်းနဲ့ အခိုင်အမာနေကြတာပါ။ ကျုပ်တို့လည်း အစည်းအဝေးခေါ်ရင် သွားရ၊ ရိက္ခာတောင်းဆက်ကြေးတောင်းရင် သွားပေးရနဲ့ မပြတ်ပါဘူး" စသည်ဖြင့် ကျောချောင်းကျေးရွာဥက္ကဋ္ဌ ဦးဘထော်က သူ့ဘဝအတွေ့အကြုံများကို ရှင်းပြသည်။

"အလံနီပဲလား၊ အခြားတပ်တွေမရှိဘူးလား" ဟုစာရေးသူနှင့်အတူပါလာသူ ကိုနေဝင်းက မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာနားမှာတော့ အခြားတပ်တွေ မရှိပါဘူးဗျ။ အလံနီပဲရှိတာ။ ပြည်သူ့ရဲဘော်ပါတီ၊ ပြင်ပရွာ၊ စို့ပြားရွာတွေမှာ အခြေချပြီး တပ်နီခေါ်သလား။ ဗမာပြည်ကွန်မြူနစ်ပါတီခေါ် မလား သခင်သန်းထွန်းအဖွဲ့ကတော့ ဂန့်ဂေါ ဘက်မှာ နေကြတာ။ တစ်ခါတစ်လေတော့ သုံးပါတီစည်းဝေးပွဲဆိုပြီး လုပ်ကြ တယ်။ ပြည်သူ့ရဲဘော်နဲ့ အလံနီ၊ သခင်စိုးတပ်နဲ့က မတည့်ဘူးဗျ။ ခဏခဏ တိုက်ကြတယ်။ အလံနီနဲ့ တပ်နီကတော့ အတူနေကြတယ်" ဟု ဦးဘထော်က ရှင်းပြသည်။

"ဦးဘထော်က ကွန်မြူနစ်တွေ ရောက်လာကတည်းက ဥက္ကဋ္ဌလုပ်ရတာပေါ့" ဟု ကိုခင်မောင်လေးက ကြားဖြတ်ပြီး မေးပြန်သည်။

"အစကတော့ မဟုတ်ပါဘူးဗျာ။ ကျုပ်က ငယ်သေးတာကိုးဗျ။ ၁၉၅၅-၅၆ ခုနှစ်မှာတုန်းက ကျုပ်က အသက် (၂၀)လောက်ရှိသေးတာ။ ၁၉၅၈ ခုနှစ်၊ အောင်မာယစစ်ဆင်ရေးခေတ်ကျမှ ကျုပ်က ဥက္ကဋ္ဌလုပ်ရတာ။ ၁၉၆၈ ခုနှစ် သောင်းကျန်းသူတွေ အလင်းဝင်တဲ့အချိန်အထိပါပဲဗျာ။ နောက်ဆုံး အလင်းဝင်ကြတော့ ဒီနယ်မှာ တိုက်ခိုက်ရေးတာဝန်ခံ ဦးအောင်စိန်တို့ (၁၀)ဦးလောက် အဖွဲ့က ကျန်နေတယ်။ ဒါနဲ့ ကျုပ်ဆီကိုလာပြီး အစိုးရနဲ့ ဆက်သွယ်ပေးပါ။ သူတို့အလင်းဝင်ကြမယ်ဆိုပြီး လာပြောတယ်။ ကျုပ်မှာလည်းဗျာ ဟုတ်ပါ့မလားလေ။ တစ်ခုခုမှားသွားရင် အသက်ခံရမှာ။ လုပ်ပေးရခက်၊ လုပ်မပေးရခက်နဲ့ စဉ်းစားနေရတာ။ ကဲ . . မထူးဘူးလေ။ ခင်ဗျားတို့ တကယ်အလင်းဝင်ကြမယ်ဆိုရင် ကျုပ်တို့ရွာကို ခင်ဗျားတို့လက်နက်တွေ ပေးအပ်ကြဆိုပြီး သူတို့လက်နက်တွေကို သိမ်းထားပြီး ရေဘုတ်ရွာမှာ စခန်းချနေတဲ့ ပုလဲ-ဂန့်ဂေါ မော်တော်ကားလမ်း ဖောက်နေတဲ့ အစိုးရတပ်ဖွဲ့ဆီကို သွားပြီး ဆက်သွယ်ရတာ။ သူတို့ကလည်း အစတော့ မယုံဘူးဗျာ။ နောက်တော့ ယုံအောင်ပြောပြမှ လူ (၁၀)ဦးလောက် လက်နက်အပြည့်အစုံနဲ့ လိုက်လာကြတယ်။ ကျုပ်တို့ကို ရှေ့ကအသွားခိုင်းတယ်။ ရွာကိုရောက်တော့ တချို့က ရွာအပြင်ဘက်မှာ အစောင့်ချထားခဲ့တယ်။ ဦးအောင်စိန်တို့နဲ့တွေ့မှ

www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေအပ်ပြီး အလင်းဝင်ကြတယ်" စသည်ဖြင့် ဦးဘထော်သည် သူဆောင်ရွက်ခဲ့ရပုံများကို စာရေးသူတို့အား ပြောပြသည်။




“ကဲ . . . ဦးချစ်ရွှေ ဘကြီးရဲ့အတွေ့အကြုံလေးတွေကိုလည်း ပြောပြစမ်းပါဦးဗျာ” ဟု စာရေးသူက ရေနွေးသောက်နေသော အဘိုးကြီးအို တစ်ဦးကို မေးလိုက်ပြန်သည်။

“ကျုပ်က ဒီရွာသားမဟုတ်ပါဘူး။ ကျုပ်က အိန္ဒိယပြည်၊ အာသံပြည်နယ်မှ ကသည်းလူမျိုးပါ” ဟု ပြောသည်။

“ဟာဗျာ အာသံပြည်နယ်၊ ကသည်းလူမျိုးက ဒီရွာကို ဘယ်လိုရောက်လာတာလဲ၊ ဘယ်ခေတ်ကတုန်း” ဟု စာရေးသူက တအံ့တသြမေးယူရ၏။

“၁၉၄၈ ခုနှစ်မှာ ဗမာပြည်ကြီးက လွတ်လပ်ရေးရပြီ၊ တိုးတက်တော့မယ်ဆိုပြီး အာသံပြည်နယ်၊ အင်ဖာမြို့က လူတွေက ပြောကြတယ်။ အဲဒါနဲ့ ဗမာပြည်ကိုသွားပြီး အလုပ်လုပ်ကြရအောင်ဆိုပြီး လူတွေစုကြတယ်။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ဦးအပါအဝင်ပေါ့ ဆရာကြီးရယ်။ ဒါနဲ့ တမူးမြို့ ကလေးမြို့ ကလေးဝမြို့မှာ ချင်းတွင်းမြစ်ကိုကူးပြီး ရွှေဘိုမြို့ကို ရောက်သွားတယ်။ စစ်ပြီးစဆိုတော့ သောင်းကျန်းသူတွေနဲ့ စစ်တွေဖြစ်နေတယ်။ အလုပ်အကိုင်ဆိုလို့ ဘာအလုပ်မှရှာမရဘူး။ နောက်တော့ ကျုပ်တို့သုံးယောက်စလုံး ဗမာ့စစ်တပ်ထဲ ဝင်လိုက်ကြတာပဲ။ တပ်မတော်ထဲမှာ ရောဝတီတိုင်း ကရင်တွေနဲ့ တိုက်ပွဲ၊ ပဲခူးရိုးမတိုက်ပွဲ၊ ရှမ်းပြည်နယ်မှာ တရုတ်ဖြူတွေနဲ့ တိုက်ပွဲ၊ တိုက်ပွဲမျိုးစုံ တိုက်ခဲ့ရပြီး ၁၉၆၈ ခုနှစ်မှာ စစ်တပ်ကထွက်၊ ဒီရွာကို ရောက်ခဲ့ရတာပါ။ ကျုပ်ရောက်တော့ နယ်မြေအခြေအနေ အေးဆေးနေပါပြီ" စသည်ဖြင့် ဘကြီး ဦးချစ်ရွှေက ပြောပြသည်။ ဦးချစ်ရွှေသည် အသက် (၇၅)နှစ်ရှိပြီး ကျေးရွာအတွင်းရေးမှူး ကိုလှဝင်း၏ ဖခင်ဖြစ်သည်။ အသားဖြူသည်၊ အရပ် (၅)ပေ (၄)လက်မခန့် ရှိသည်။ သူ့သား၊ မြေးများမှာလည်း အသားဖြူ အရပ်ပုကြသည်။ ကသည်းလူမျိုးများသည် ရှမ်းအနွယ်ဝင်များ ဖြစ်ကြသည်ဆို၏။ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသည်။ အခုလည်း ဗုဒ္ဓဘာသာ၊ အိန္ဒိယ တိုင်းရင်းသားများ ဖြစ်ကြသည်ဟု သိရသည်။

အာသံပြည်နယ်မှာ (၆)မျိုး ရှိသည်။

၁။ ကသည်း

၂။ မိဇိုး - (ချင်းဇိုမီးလူမျိုးနဲ့ တူကြသည်။)

၃။ ခါစီ

၄။ နာဂ

၅။ အခမီး

၆။ ကိုင်ရှုတို့ ဖြစ်ကြသည်။ မိဇိုးနဲ့ ဇိုးမီးဆိုသည်မှာ စာလုံး နှစ်လုံး ရှေ့နောက်လွဲခေါ်ကြတာဟု အဆိုရှိသည်။ ၄င်းနောက် ဦးချစ်ရွှေက ဆက်ပြောပြသည်မှာ မီးဇိုးတွေက ခြေသလုံးနှစ်ဘက်လုံး ထိုးခွင်း အပြည့် ထိုးကြရတယ်။ အခုတော့ ဘယ်လိုတွေ ဖြစ်နေကြတယ် မသိပါဘူး ဆရာကြီးရယ်၊ ကျုပ်လည်း တစ်ခါမှ အာသံပြည်နယ်ကို ပြန်မရောက်မိတော့ပါဘူး ဆိုပြီး ဇာတိဒေသကို လွမ်းမောသံကြီးဖြင့် ရှင်းပြနေပါတော့၏။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ရေမျက်နီရွာမှာ တွေ့ဆုံဆွေးနွေးခြင်း

"ဦးရာသိန်း အိပ်ပျော်နေပြီလား အခုမှ (၉)နာရီထိုးသေးတယ်။ ဝီစကီ သောက်ပြီး အစောကြီးအိပ်မနေနဲ့ ထဦး။ စကားပြောရအောင်၊ ဒေါက်တာ သက်လွင် ရောက်နေတယ်" ဟု ကိုကျော်ဝင်းက အော်ခေါ်နေသည်။ ဦးရာသိန်းမှာ အိပ်ချင်မူးတူးဖြင့် အိပ်ယာမှ ထလာသည်။ သူ့ဇနီး ဒေါ်ထွေး တင်ကလည်း လက်ဖက်ရည်ကြမ်းဝိုင်းကို ပြင်ပေးသည်။

"ကဲ. . . ဦးရာသိန်း ရေမျက်နီရွာသူဌေးကြီး၊ ဥက္ကဋ္ဌကြီး၊ ဟောဒီမှာ ဆရာ ဦးသက်လွင်က ယောအကြောင်းစာအုပ်တစ်အုပ် ရေးနေတယ်။ ၁၉၄၈ ခုနှစ်အထိတော့ ပြီးသွားပြီတဲ့။ ၁၉၄၈ ခုနှစ်နောက်ပိုင်းမှာ ခင်ဗျား တွေ့ခဲ့၊ သိခဲ့၊ မြင်ခဲ့တာတွေကို ဆိုးတာရော ကောင်းတာပါ ပြောပြစမ်း ဗျာ"ဆိုပြီး ကိုနေဝင်းက အားမနာ ပွင့်ပွင့်လင်းလင်း ပြောပြနေသည်။

"ဟာ . . ကောင်းတာပေါ့ဗျာ။ ကျုပ်အကြောင်းကိုလည်း ကောင်းတာ ပါအောင် ရေးပေးနော်။ အခုတင်က ကိုနေဝင်းပြောတဲ့ ဥက္ကဋ္ဌဆိုတာလည်း မဟုတ်ဘူး။ သူဌေးကြီးဆိုတာလည်း မဟုတ်ဘူးနော်။ စာအုပ်ထဲမှာ မှားပြီး ပါသွားမှာစိုးလို့ ပြောရတာ။ အရင်ကတော့ ကျုပ်အချမ်းသာဆုံးဆိုတာ ဟုတ် ချင်ဟုတ်မှာပါ။ အခုတော့ စားသောက်ဆိုင်သူဌေးတွေက ကျုပ်ထက်ချမ်းသာ နေကြပြီဗျ" ဟု ရယ်ရယ်မောမော ပြောနေသည်။

"ရေးစမ်းပါ၊ ရေးစမ်းပါ၊ ကျုပ်တို့ စစ်နှီးချောင်၊ ကျောချောင်ရွာတွေ အကြောင်း ပါအောင်ရေးစမ်းပါ။ ကျောချောင်မှာ ရွာပေါင်း (၁၆)ရွာရှိတယ် ဗျာ။ စစ်နှီးချောင်မှာ ကျေးရွာပေါင်း (၂၄)ရွာ ရှိတယ်ဆရာ။ မသိသေးရင် မှတ်ထား။ ကျောချောင်ရွာ (၁၆)ရွာဆိုတာက -

| | | | |
|---|---|---|---|
| ၁။ | ခေါင်းတင်ရွာ | ၂။ | ကြက်ရိုးရွာ |
| ၃။ | လယ်ခမ္ဘရွာ | ၄။ | ကျွဲကိုင်းရွာ |
| ၅။ | ကျောရွာ | ၆။ | ပဲမစားရွာ |
| ၇။ | စကားရွာ | ၈။ | ကျွဲရွာ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၉။ | ဝါးပင်ရွာ | ၁၀။ | ဘုန်းဆိုးကျယ်ရွာ |
| ၁၁။ | ဇနမ္မေးရွာ | ၁၂။ | စခါးကုန်းရွာ |
| ၁၃။ | ရွာငယ်ကုန်းရွာ | ၁၄။ | ရွှေပင်ရွာ |
| ၁၅။ | နှုံးကြီးရွာ | ၁၆။ | ကန့်သစ်ရွာ ဆိုပြီး ကျေး |

ရွာပေါင်း (၁၆)ရွာ ရှိတယ်။

ကျောချောင် (၁၆)ရွာလို့ခေါ်တယ်။ အရင်ကတော့ ကားလမ်းမရှိ၊ ရထားလမ်းမရှိ၊ ချောင်ကျတဲ့ကျေးရွာတွေပေါ့ဗျာ။

စစ်နှီးချောင် ၂၄ ရွာဆိုတာက -

| | | | |
|---|---|---|---|
| ၁။ | ရေမျက်နီရွာ | ၂။ | မျက်မြောင်ရွာ |
| ၃။ | ကျောချောင်းရွာ | ၄။ | ရေပုတ်ရွာ |
| ၅။ | ဇင်းမယ်ရွာ | ၆။ | ကျောက်စာရေးရွာ |
| ၇။ | တောင်အင်းရွာ | ၈။ | လယ်ကိုင်းရွာ |
| ၉။ | ရှဲရွာ | ၁၀။ | မြစ်ကိုင်းရွာ |
| ၁၁။ | ငှက်ပျင်းရွာ | ၁၂။ | မိုးကောင်းရွာ |
| ၁၃။ | ဦးနှောက်ရွာ | ၁၄။ | မြောင်းကြီးရွာ |
| ၁၅။ | မြစ်ရှောက်ရွာ | ၁၆။ | ရှော်ဖြူပင်ရွာ |
| ၁၇။ | အညာတောရွာ | ၁၈။ | နွယ်ပျင်းရွာ |
| ၁၉။ | ကျူသာရွာ | ၂၀။ | ရေရှင်ရွာ |
| ၂၁။ | ကံသာရွာ | ၂၂။ | ညောင်လယ်ရွာ |
| ၂၃။ | ကောင်းတုံရွာ | ၂၄။ | တဇင်းရွာ |

ဆိုပြီး ကျေးရွာပေါင်း ၂၄ ရွာရှိတယ်။ ရှေးကတော့ အလွန်ချောင်ကျတဲ့ကျေးရွာတွေပေါ့။ လှည်းတောင်သွားလို့မရဘူး။ ယခုလို မီးရထားမပြောနဲ့ မော်တော်ကားကိုတောင် မမြင်ဘူးကြဖူး။ စီးဖူးသူဆိုတာက တစ်ရွာမှာတစ်ယောက်တောင် မရှိဘူး။ ဘယ်ကိုပဲသွားသွား ခြေလျင်သွားကြတာပါပဲ”ဟု ဦးရာသိန်းက ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပခုက္ကူမြို့ကို ခြေလျင်သွားကြတော့ ဘယ်လိုသွားကြသလဲဘကြီးရဲ့၊ သိရအောင် ပြောပြစမ်းပါ။" ဟု စာရေးသူနှင့် အတူလိုက်ပါလာသူ ကိုဘိုကြီး က မေးလာသည်။

"ရွာစဉ်ပြောရမယ်လား၊ နေဦးဗျာ၊ စဉ်းစားလိုက်ဦးမယ်။

၁။ ရေမျက်နီ

၂။ ရေပုတ်

၃။ ကျော

၄။ ဝါးဘင်

၅။ ထန်းတော (ပေါက်မြို့နယ်)

၆။ ကျောသာ

၇။ ကျောက်မဆင်

၈။ မြောက်ကပိုင်

၉။ တောင်ကပိုင်

၁၀။ ဇီးပြား နောက်တော့ ချောင်းကူးမှ တဆင့်ပေါက်မြို့၊ ပခုက္ကူမြို့ ပေါ့ဗျာ။ မှန်မှန်သွားရင် တစ်ပါတ်၊ ၁၀ ရက်ကြာတယ်" ဟု ခြေလျင် သွားခဲ့ရပုံများကို ပြောပြနေ၏။

"ကျုပ်က ရေမျက်နီရွာသား အစစ်မဟုတ်ဘူးဗျ။ ကျုပ်မိဘများက ပေါက်မြို့နယ်၊ ထန်းတောရွာသားတွေပဲ။ ကျုပ်ကလည်း ထန်းတောရွာမှာ မွေးတာ၊ နောက်တော့ ဝါးဘင်ကျေးရွာမှတစ်ဆင့် အသက်ကြီးမှ ရေမျက်နီရွာ ကို ရောက်လာတာ။ ကျုပ်မိန်းမမထွေးတင်ကလည်း ပေါက်မြို့နယ်၊ ထန်း တောရွာသူပဲ။ သူမိဘတွေက ဦးဘိုးလှိုင်၊ ဒေါ်ချမ်းသုလို့ခေါ်တယ်။ သူ့ရဲ့ အဘဖြစ်သူ ဦးဖိုးသစ်စဆိုသူက ရေမျက်နီရွာကို ၁၂၅၅ ခုနှစ်မှာ စပြီး တည်တာ ဒါ့ကြောင့် -

"အင်ကြင်းပွင့်ပြီ၊ ရေမျက်နီတည်"

"၁၂၅၅ ခုနှစ်မှာ တည်တဲ့အမှတ်အသားပဲ။ မှတ်သွားဦး။ ပါအောင် ရေး" ဟု ဦးရာသိန်းက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသစ်စရဲ့မိန်းမက ဒေါ်ကျော့လို့ ခေါ်တယ်။ လယ်ကန်းရွာသူပ။"

"ထင်ရှားတဲ့ဘုရားတွေက ဘယ်ဘုရားတွေလဲ" ဟု စာရေးသူက မေးသည်။ စာရေးသူ၏အမေးကို နားရှင်းဟန်မတူ။

"ဒီနယ်မှာ ထင်ရှားတဲ့ ဘုရားတွေက ဘယ်ဘုရားတွေလည်းဗျာ" ဟု ကိုကျော်ဝင်းက ရှင်းအောင်ထပ်မေးလိုက်သည်။

"တန်းခိုးကြီးတဲ့ဘုရားတွေကဗျာ၊ အောက်မှာ ကန်တောဘုရား၊ ကျောမှာ ဆုတောင်းပြည့်ဘုရား၊ မျက်မြောင်မှာ ရွှေဘုံသာစေတီ၊ ဝါးပင်မှာ ဆုတောင်းပြည့်ဘုရားတွေဟာ ဒီဒေသမှာရှိတဲ့ ရှေးဘုရားတွေပ။ မျက်မြောင်ရွာက ရွှေဘုံသာစေတီဆိုရင် သီရိဓမ္မာသောကမင်းကြီးရဲ့ မုဒ္ဒေါဘုရားလို့တောင် ပြောကြသေးတာ" ဆိုပြီး ပြောပြသည်။

"သောင်းကျန်းသူတွေခေတ် အခြေအနေ ပြောစမ်းပါဦး" ဆိုပြီး ကိုခင်မောင်လေးက မေးပြန်သည်။

"သောင်းကျန်းသူတွေခေတ် အလံနီခေတ်လား၊ မပြောချင်ပါဘူးဗျာ။ စိတ်နာလွန်းလို့ ကျုပ်တို့အိမ်မှာ စပါးကျီတွေ မီးရှို့ခံရတယ်။ အိမ်တွေ မီးရှို့ဖျက်ဆီးခံရတယ်။ လူတွေအရိုက်ခံရ၊ အဖမ်းခံရ၊ အနှိပ်စက်ခံရ၊ ကျုပ်ကိုယ်တိုင်တောင် အဖမ်းခံခဲ့ရတာ ကံကောင်းလို့ မသေခဲ့ရတာ။ ဒါတွေပြောရရင် မကောင်းပါဘူး။ ၁၈၈၈ မှ ၁၉၀၈ ခုနှစ်အတွင်း အနှစ် (၂၀)၊ ၁၉၄၈ မှ ၁၉၆၈ ခုနှစ်အတွင်း အနှစ် (၂၀)ဆိုတာဟာ အဆိုးဆုံးပနော်။ သေကြ၊ အသတ်ခံကြရ၊ ပစ်ကြ၊ ခတ်ကြ၊ တိုက်ကြ၊ ခိုက်ကြ၊ လူတွေအတော်ဒုက္ခရောက်ခဲ့ကြရတာ။ အဲနောက်ပြီး ၁၉၆၈ မှ ၁၉၈၈ ခုနှစ်အထိ အနှစ် (၂၀)ဟာလည်း အေးချမ်းတော့အေးချမ်းတယ်ကွယ်။ သာတော့မသာယာဘူး။ လုပ်အားပေးရ၊ ဟိုကြေးပေးရ၊ ဒီကြေးပေးရ၊ အစည်းဝေးသွားရနဲ့ ဘာမှ မတိုးတက်ဘူး။ လုပ်အားနဲ့ ခွဲတမ်းနဲ့ ညှော်ခံစရိတ်နဲ့ လူတွေမှာ ကိုယ့်ယာကထွက်တဲ့ စပါးကိုတောင် ကိုယ်မစားကြရဘူး။ စိတ်မချမ်းသာဘူးကွယ်။ သောင်းကျန်းသူမရှိ၊ သူခိုး မရှိ၊ ဓားပြမရှိခဲ့တာကတော့ ကောင်းတယ်ပေါ့။

www.burmeseclassic.com



ကျုပ်တို့ယောသူယောသားတွေဟာ လူရိုးတွေပါဗျာ။ ဘယ်ပါတီ၊ ဘယ်အစိုးရပဲအုပ်ချုပ်မင်းလုပ်ပါစေ ခုလို အေးချမ်းတဲ့ခေတ်ကိုပဲ ကြိုက်တယ်။ နေချင်ကြတယ်။ သောင်းကျန်းသူတွေခေတ်မျိုးကိုတော့ ကြောက်တယ်။ ဆိုရှယ်လစ်ခေတ်မှာက မစားရပေမယ့် အေးချမ်းတော့ တော်သေးတယ်။" စသည်ဖြင့် သူ့ဘဝအတွေ့အကြုံများကို ဦးရာသိန်းက မမောနိုင်မပန်းနိုင် ရှင်းပြပေးနေပါတော့၏။ ဒေါ်ထွေးတင်ကလည်း ဦးရာသိန်းမေးနေတာများကို ကြားဖြတ်ပြီး ဝင်ပြောပြနေပါတော့၏။

× × × × ×

## ကွန်မြူနစ်တို့ နှိပ်စက်ခဲ့သမျှ ယောဒေသ

၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ရုရှားပြည်၌ အောက်တိုဘာတော်လှန်ရေးကြီး ဖြစ်ပွားခဲ့ပြီး အောင်မြင်ခဲ့သည်။ အစဉ်အလာ အုပ်ချုပ်ရေးစနစ်ကို လက်ျာအုပ်ချုပ်ရေးစနစ်ဟု ခေါ်တွင်ပြီး အစဉ်အလာအုပ်ချုပ်ရေးစနစ်ကို တိုက်ဖျက်သောစနစ်ကို လက်ဝဲအုပ်ချုပ်ရေးစနစ်ဟု ခေါ်ခဲ့ကြသည်။ ရုရှားပြည် အောက်တိုဘာတော်လှန်ရေးကြီးသည် လက်ဝဲအုပ်ချုပ်ရေးကို မွေးဖွားလိုက်သည်။ မက်စ်အိမ်ဂျယ်၊ စတာလင်၊ လီနင်တို့၏ အတွေးအခေါ်များသည် အရှေ့အလယ်ပိုင်းနှင့် အာရှတိုက်ကြီးကို တုန်လှုပ်သွားစေသည်။ ပစ္စည်းမဲ့တော်လှန်ရေးကြီးဟု အမည်ပေးခဲ့ကြသည်။ မြန်မာပြည်ရှိ လူငယ်များသည်လည်း ပစ္စည်းမဲ့တော်လှန်ရေးခေါ် လက်ဝဲဝါဒအတွေးအခေါ်များကို လေ့လာလိုက်စား ယုံကြည်လာခဲ့ကြသည်။ ကိုလိုနီဆန့်ကျင်ရေးတွင် လက်ဝဲဝါဒသည်သာလျှင် အမှန်ကန်ဆုံးလမ်းစဉ်ဟု ယုံကြည်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် ကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်း၏ အစိတ်အပိုင်းကလေးသာ ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံကို အုပ်ချုပ်ရာ တွင် သဘောထားအမျိုးမျိုး ကွဲပြားခဲ့ကြသည်။ လက်ဝဲဝါဒီများထဲတွင် သခင်စိုး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်သော အလံနီများသည် ဝါဒစွဲကြီးသူများ ဖြစ်သည်။ ၁၉၄၆ ခုနှစ်၊ (၁၃-၇-၄၆)တွင် ဗမာပြည် ကွန်မြူနစ်ပါတီကို အင်္ဂလိပ်အစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့တွင် ပါဝင်သဖြင့် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် ကွန်မြူနစ်ပါတီအား မတရားအသင်း ကြေညာခြင်းကို ရုပ်သိမ်းပေးခဲ့သော်လည်း ၂၃-၁-၄၇ နေ့တွင် မတရားအသင်းအဖြစ် ထပ်မံကြေညာခဲ့ရပြန်သည်။ ကွန်မြူနစ်ပါတီသည်လည်း သုံးစုကွဲသွားခဲ့ရသည်။ သခင်စိုး ခေါင်းဆောင်သော အလံနီများသည် ပုံတောင်ပုံညာဒေသကို ခြေကုတ်ယူခဲ့ကြသည်။ တပ်နီနှင့် ရဲဘော်ဖြူတို့သည် အလယ်ရိုးမနှင့် ရှမ်းပြည်နယ်တို့တွင် ခြေကုတ်ယူခဲ့ကြသည်။ အလံနီတို့သည် ၁၉၄၈ ခုနှစ်ဦးပိုင်းမှစတင်ပြီး ပုံတောင်ပုံညာဒေသသို့ ရောက်ရှိလာခဲ့ကြသည်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် ထီးလင်းမြို့ကို တစ်လခန့် သိမ်းယူအုပ်စိုးခဲ့ကြသည်။ ၁၉၅၄ ခုနှစ်တွင် အလံနီများ အရှိန်အဝါအကောင်းဆုံး ဖြစ်သည်။ ယောဒေသတွင် ကွန်မြူနစ်ပါတီ သုံးမျိုးစလုံး ရောက်ရှိခဲ့သော်လည်း အလံနီသည် အင်အားအကောင်းဆုံးဖြစ်သည်။ ကွန်မြူနစ်ပါတီအချင်းချင်းလည်း မသင့်မတင့်ကြပေ။ စစ်သားစုဆောင်းခြင်းများ၊ လက်နက်လုပွဲများကြောင့် မကြာခဏတိုက်ပွဲများ ဖြစ်ခဲ့ရသည်။ အလံနီရွာသားများကို ရဲဘော်ဖြူရွာသို့ မလာရ၊ မသွားရ၊ သွားလျှင်သတ်ပစ်ခဲ့ကြသည်။

ကွန်မြူနစ်များသည် ပုံတောင်ပုံညာကဲ့သို့ တောကြီးမျက်မည်းထဲတွင် အစိုးရစစ်တပ်များ မလာရောက်နိုင်ဟု ယူဆခဲ့ကြသည်။ လုံခြုံရာ ဘေးကင်းရာဟု သဘောထားပြီး သခင်စိုးကိုယ်တိုင် ရုံးစိုက်နေထိုင်ခဲ့သည်။ သို့သော် ၁၉၅၆ ခုနှစ်တွင် တပ်မတော်သည် ယောဒေသသို့ အောင်မာယစစ်ဆင်ရေးဖြင့် ရောက်ရှိလာသည်။ ကွန်မြူနစ်များနှင့် အကြိမ်ကြိမ် တိုက်ပွဲဖြစ်ပွား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အစိုးရတပ်မတော်က အမြုပင်အောင့်ပွဲ ရသည်။ ဦးနှောက်ရွာတွင် ယာယီလေယာဉ်ကွင်းကြီးပြုလုပ်ပြီး တပ်မတော်က စစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အစိုးရသည် ကျေးရွာကာကွယ်ရေးတပ်များကို ဖွဲ့စည်းပေးပြီး တပ်မတော်နှင့်ပြည်သူလက်တွဲပြီး ကွန်မြူနစ်တိုက်ဖျက်ရေး ပြုလုပ်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဇူလိုင်လတွင် ယောဒေသရှိ ရဲဘော်ဖြူများ လက်နက်ချအလင်းဝင်ခဲ့ကြသည်။ အလံနီတစ်မျိုးသာ ကျန်တော့သည်။

ယောဒေသဆိုသော်လည်း ထီးလင်းမြို့နယ်၊ စမ်းနီချောင် ၂၄ ရွာနှင့် ကျော့ချောင် ၁၆ ရွာတို့တွင် အလံနီများ၏ နှိပ်စက်မှုအခံရဆုံးဖြစ်သည်။ ဆက်ကြေးမပေးမှု၊ ရိက္ခာမထောက်ပံ့မှု၊ အစိုးရသို့ မြေခွန်ပေးမှု၊ အစိုးရကို သတင်းပေးမှု၊ အစိုးရစစ်တပ်နှင့်ပေါင်းသင်းမှု၊ မနရှင်၊ အရင်းရှင်၊ ခေါင်းပုံဖြတ်မှု၊ အမြတ်ကြီးစားမှု၊ မြေရှင်၊ ငွေရှင်၊ မတရားမှုစသည်ဖြင့် စွပ်စွဲချက်အမျိုးမျိုးသတ်မှတ်ပြီး ကျေးရွာသားများကို နှိပ်စက်သတ်ဖြတ် ညှင်းပန်းခဲ့ကြသည်။ ရိုးသားသော ယောသူ ယောသားများမှာ ၁၉၄၈-၁၉၆၈ ခုနှစ်အထိ ထီးလင်းမြို့နယ်အတွင်း ကျေးရွာသား ကျေးရွာသူ ၁၅၂ ဦး အသတ်ခံခဲ့ရသည်ဟု သိရပါ၏။ ၁၉၉၄ ခုနှစ် နိုဝင်ဘာလထုတ် ထီးလင်းမြို့နယ်မဂ္ဂဇင်းအရ ထီးလင်းမြို့နယ်အတွင်း အသတ်ခံခဲ့ရသူစာရင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။ ၎င်းမှတစ်ဆင့် ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | ဆင်စွယ်ရွာမှ | ၃၄ ဦး |
| ၂။ | မျက်မြောင်ရွာမှ | ၁၉ ဦး |
| ၃။ | ကြူသာရွာမှ | ၄ ဦး |
| ၄။ | ပြင်ပရွာမှ | ၄ ဦး |
| ၅။ | အညာတောရွာမှ | ၆ ဦး |
| ၆။ | ဆွဲလဲရွာမှ | ၄ ဦး |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇။ | ဦးနှောက်ရွာမှ | ၃ ဦး |
| ၈။ | စို့ပြားရွာမှ | ၃ ဦး |
| ၉။ | သံပုရာရွာမှ | ၂ ဦး |
| ၁၀။ | ရင်းရောင်းရွာမှ | ၂ ဦး |
| ၁၁။ | ညှစ်ရှောက်ရွာမှ | ၂ ဦး |
| ၁၂။ | ကျောချောင်းရွာမှ | ၂ ဦး |
| ၁၃။ | ရေဘုတ်ရွာမှ | ၂ ဦး |
| ၁၄။ | ဒေါ်သာရွာမှ | ၂ ဦး |
| ၁၅။ | အိုင်းမရွာမှ | ၂ ဦး |
| ၁၆။ | အကြည်ဝါးဘင်းရွာမှ | ၂ ဦး |
| ၁၇။ | ညောင်ရွာမှ | ၃ ဦး |
| ၁၈။ | ထီးလင်းမြို့မှ | ၂ ဦး |
| ၁၉။ | လယ်တန်းရွာမှ | ၂ ဦး |
| ၂၀။ | အခြားရွာများမှ | ၁၂ ဦး |
| | **စုစုပေါင်း** | **၁၅၂ ဦး** |

အခြားရွာများ၌ တစ်ဦးစီဆိုရာတွင် တီရွာ၊ ကန်စွန်ထောင့်ရွာ၊ တင်းချောင်းရွာ၊ ကြာဥယျာဉ်ရွာ၊ ကျိုင်းရွာ၊ အုံးတောရွာ၊ ရှဲရွာ၊ တောင်အင်းရွာ၊ မြစ်တိုင်းရွာ၊ မင်းလယ်ရွာ၊ ကံသာရွာ၊ ကင်းပန်ရွာ စသည်တို့ဖြစ်ကြသည်။

အသတ်ခံကြရသူအများစုမှာ ကျေးရွာရှိ တောင်သူလယ်သမားဆင်းရဲသားများဖြစ်ကြပြီး ၎င်းတို့အထဲတွင် ကျောင်းဆရာ (၄)ဦး၊ သူကြီး (၆)ဦး၊ ကျေးရွာလူကြီး (၂) ဦး၊ မြေတိုင်းစာရေး (၁) ဦးတို့ပါဝင်ကြသည်။ လူသတ်သောအဖွဲ့အစည်းများမှ ရဲဘော်ဖြူမှ သတ်သူ (၇) ဦးမှလွဲလျှင် ၁၄၅ဦးမှာ အလံနီကွန်မြူနစ်များ၏ သတ်ဖြတ်မှုကြောင့်ဖြစ်ကြပါသည်။ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် အလံနီများသည် ယောဒေသတစ်ခုလုံးကို မည်မျှဒုက္ခပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းကြီးအဖြစ် တည်ရှိနေပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံတောင်ပုံညာတောင်တန်းပြာကြီးများသည် မိမိရင်ခွင်ထဲမှ မိမိ၏ ရင်သွေးငယ်များ၏ ဒုက္ခကို မှတ်သားထားခဲ့ကြမည်မှာ သေချာပါ၏။ ထိုအဖြစ်ဆိုးမျိုး အနာဂတ်မှာ မဖြစ်ရလေအောင် ပုံတောင်ပုံညာတောင်တန်း ပြာကြီးများက ကာကွယ်ပေးကြပါရန် ယောသူ ယောသားများက ဆုတောင်း သစ္စာပြုလျက်ရှိပါတော့၏။

မောင်သစ္စာ (ရာမည) ခံစားရသကဲ့သို့ -

**"ပုံတောင်အလှ၊ သဘာဝနှင့်**
**ပုံညာတစ်ခို၊ တောရိပ်ညိုမှ**
**တောင်ကျစီးသွယ်၊ စမ်းချောင်းငယ်တို့**
**သာမောဖွယ်တည့်၊ ကြည်လင်ဘိ။"**

ဟုသာ တွေးလိုမြင်လိုပါတော့၏။

× × × × ×

## မျက်မြောင်ဆိုတဲ့ ရွာကလေး

မျက်မြောင်ကျေးရွာသည် ထီးလင်းမြို့နယ်အတွင်း သမိုင်းဝင်ကျေးရွာ ငယ်လေးဖြစ်ပါ၏။ အိမ်ခြေ (၁၁၅) အိမ် လူဦးရေ (၆၀၀) ခန့်သာရှိသည်။ ၁၉၆၂ ခုနှစ်မတိုင်မီကဆိုလျှင် မော်တော်ကားကို မြင်ဖူးသူပင်မရှိခဲ့။ လေယာဉ်ပျံကိုတော့ ခေါင်းပေါ်မှာပျံသွားတာကို ဂျပန်ခေတ်မှပင် မြင်ခဲ့ရဖူး ၏။ တစ်ရွာနှင့်တစ်ရွာကူးရန် လှည်းလမ်းပင်မရှိ၊ သွားလျှင်လည်း ခြေလျင် သွားကြရ၏။ ဆန်၊ ဆီ၊ ပဲများကို သယ်ပို့လိုလျှင် တောင်းများမှာထည့်ပြီး ရွက်ပိုးသယ်ယူကြရ၏။ ထီးလင်းမြို့နယ်တွင် ကျောချောင် (၁၆)ရွာ၊ စစ်နီး ချောင် (၂၄) ရွာဟု ခေါ်ဝေါ်ခဲ့ကြ၏။ စာရေးသူသည် ယောဒေသသို့ ရောက် တိုင်း မျက်မြောင်ရွာအကြောင်းကို ကြားခဲ့ရ၏။ မည်သည့်ရွာအကြောင်းကို ပြောသည်ဖြစ်စေ မျက်မြောင်ရွာအကြောင်းမှာ ဆုံးသွားခဲ့ရ၏။ ဤမျှနာမည် ကြီးခဲ့သော မျက်မြောင်ရွာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်မြောင်ရွာဟု နာမည်ကြီးခဲ့ရခြင်းမှာ "ဘိုကြီးနှင့်ဘိုလေး" ညီအစ်ကိုတို့ (၂)ဦးကြောင့်ဖြစ်ပါ၏။ ပုလဲမြို့နယ်မှ ကျေးရွာသားများ ဖြစ်သည်ဟု ဆို၏။ သူတို့ရွာတွင် ကွန်မြူနစ်သုံးပါတီ လူသတ်ပွဲကြီး ဆင်နွှဲခဲ့ကြသောကြောင့် မနေဝံ့သဖြင့် ယောဒေသသို့ ထွက်ပြေးလာခဲ့ကြ၏။ ထိုသို့ အသက်ဘေးလွတ်ရာရှောင်တိမ်းရင်း မျက်မြောင်ဘုန်းကြီးကျောင်းဆောက်ရာတွင် လွှသမားများအဖြစ် လုပ်ကိုင်နေထိုင်ခဲ့ကြ၏။ ဦးဘိုကြီးက မျက်မြောင်သူ ဒေါ်လှထွန်းနှင့် အိမ်ထောင်ကျ၏။ ဦးဘိုလေးက မျက်မြောင်သူ ဒေါ်ပေါမြ နှင့် အိမ်ထောင်ကျ၏။ သူတို့ရောက်ပြီး မကြာမီမှာပင် ယောဒေသတွင်လည်း အလံနီ၊ တပ်နီ၊ ရဲဘော်ဖြူများဆိုပြီး သောင်းကျန်းသူ လက်နက်ကိုင် တပ်ဖွဲ့သုံးဖွဲ့ ရောက်လာခဲ့ကြသည်။

"ကျုပ်တို့အလံနီတွေဟာ အစိုးရဖြစ်တော့မယ်၊ ရန်ကုန်အနီး အင်းစိန်မြို့ကြီးအထိ သိမ်းပိုက်ထားပြီးပြီ၊ ကျုပ်တို့အစိုးရဖြစ်ရင် ဆင်းရဲသားဆိုတာ မရှိစေရဘူး၊ သူ့မှာတစ်ကျပ်ရှိရင် ကိုယ့်မှာလည်း တစ်ကျပ်ရှိရမယ်။ လယ်မဲ့ယာမဲ့ဆိုတာလည်း မရှိရဘူး။ လယ်ပိုင်ယာပိုင် လက်ဝါးကြီးအုပ် အမြတ်ထုတ်သွေးစုပ်တဲ့ မြေရှင်ကြီးတွေဟာ ကျုပ်တို့ရဲ့ ရန်သူတွေပဲ။ ကျုပ်တို့အာဏာရလျှင် မိုးတိမ်တွေကို ဓာတ်အမြောက်ကြီးနဲ့ ပစ်ဖောက်ပြီး မိုးရွာအောင် လုပ်ပေးမယ်။ ခင်ဗျားတို့အားလုံး ချမ်းသာစေရမယ်"

ဤသည်တို့ကား အလံနီကွန်မြူနစ်ပါတီ ဖိုးစု၏ မိန့်ခွန်းစကားများ ဖြစ်ပါ၏။ ဦးဘိုကြီးနှင့် ဦးဘိုလေးတို့က သူတို့၏ စကားများသည် လေလုံးထွားခြင်းသာဖြစ်ကြောင်း၊ ဤလိုစကားမျိုးသည် အောက်ပြည်အောက်ရွာတွင် ရိုးနေပြီဖြစ်ကြောင်း၊ ကွန်မြူနစ် ပါတီသုံးမျိုး ကွဲပြားကြပြီဖြစ်ကြောင်း၊ မိမိတို့ မျက်မြောင်ရွာသားများသည် မိမိတို့ ကြိုက်နှစ်သက်ရာ ပါတီတစ်ခုခုကိုသာ အားကိုးသင့်ကြောင်း ပြောပြသည်။ ကန့်ဖွန်းထောင့်သူကြီး ဦးရာခန့်၊ ပြင်ဖြူရွာမှ မြေတိုင်း စာရေး ဦးဖိုးထွန်း၊ ကျောင်းဆရာဦးရန်နိုင်နှင့် ဦးမှတ်ကာတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အလံနီများက ၁၉၄၉ ခုနှစ်မှာပင် ဦးစွာသတ်ပြလိုက်သည်။ ထို့နောက် ကျိုင်းရွာသူကြီး ဦးစိန်ထွန်း၊ အုံးတောရွာသူကြီး ဦးရာဘော်တို့ကိုလည်း အလံနီများက သတ်ပစ်ကြကြောင်း မျက်မြောင်ရွာသားများ ကြားသိကြရသည်။ ကွန်မြူနစ် ပါတီသုံးပါတီတို့မှာ နေ့စဉ်တိုက်ပွဲများ ဖြစ်နေသည်။ တစ်ပါတီနှင့် ဆက်သွယ်လျှင် တစ်ပါတီက ဆွဲထုတ်ခေါ်သွားပြီး သတ်ပစ်သည်။ လမ်းပြမှု၊ ထမင်းပို့မှု၊ သတင်းပေးမှု၊ စည်းရုံးမှု၊ အမြတ်ကြီးစားမှု၊ ပါတီကိုဝေဖန်မှု၊ ပါတီတာဝန် ပျက်ကွက်မှု စသည်စသည့် စွပ်စွဲချက်များဖြင့် နေ့စဉ်လိုလိုပင် စစ်နီးချောင် (၂၄)ရွာသားများ အသတ်ခံနေကြရသည်။ ရေပုတ်ရွာမှ ဦးရာထွန်း၊ ဦးအောင်စိန်၊ ကျောချောင်းရွာမှ ဦးထွန်းစိုး၊ ဦးကြူ ကြူသာရွာမှ ဦးမဲကြီး၊ ဦးသာထွန်း၊ ဦးထွေး၊ ဦးလှဖေတို့ အသတ်ခံရသော သတင်းများသည် မျက်မြောင်ရွာသို့ ရိုက်ခတ်လာသည်။ မကြာပါလေ၊ မျက်မြောင်ရွာမှ သူကြီး၏ ဇနီးဒေါ်ချစ်ပေါ်သည် အစိုးရစစ်တပ်ကို သတင်းပေးခဲ့သည်ဆိုပြီး အိမ်ပေါ်မှဆွဲခေါ်သွားကာ အလံနီများက သတ်ပစ်လိုက်ကြသည်။ ၁၉၅၆ ခုနှစ်မှာ စတင်ခဲ့သော "အောင်မာယ" ထိုးစစ်သည် ၁၉၅၈ ခုနှစ်တွင် မျက်မြောင်ရွာသို့ ရောက်လာသည်။ ကွန်မြူနစ်များကို လိုက်လံတိုက်ခိုက် နေသည်။ အလံနီကွန်မြူနစ်များသည် တောတောင်ထဲတွင် ယာယီစခန်းများ ထိုးပြီး နေကြသည်။ ဘိုကြီးနှင့် ဘိုလေးညီအစ်ကိုတို့သည် မီးချစ်တစ်ပုံးစီ ယူသွားကြပြီး အလံနီတဲစခန်းများကို မီးရှို့ပစ်ကြသည်။ အလံနီများက သိသွားကြသည်။ ဘိုကြီးနှင့် ဘိုလေးကို အိမ်ပေါ်မှ ဆွဲချပြီး လှံစွပ်ဖြင့် ထိုး၍ သတ်ပြလိုက်ကြသည်။ ထို့နောက် ကြံ့ရာပါဆိုပြီး ဦးရာတင်ကိုလည်း သတ်လိုက်ကြသည်။ မိန်းမသား ဒေါ်ငွေညွန့်ကိုပင် အလံနီ အမျိုးသမီး တစ်ဦးက လှံစွပ်ဖြင့် ထိုးပြီးသတ်လိုက်ကြသည်။ မျက်မြောင် ရွာသားများသည် အလံနီများကို အညှဉ့်ခံနေလို့မဖြစ်တော့။ အစိုးရစစ်တပ်ကို အကူအညီတောင်းခံပြီး စုပေါင်းတိုက်ကြရန် ဆုံးဖြတ်ကြသည်။ ဦးနှောက်ရွာတွင် တပ်ချနေသော

www.burmeseclassic.com

www.burmeseclassic.com



အစိုးရစစ်တပ်၊ "အောင်မာယ" စစ်ဆင်ရေးနှင့် ဆက်သွယ်သည်။ အလံနီစခန်းများတည်ရှိရာတို့ကို ပြောပြသည်။ လမ်းပြသည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့၊ ပြည်ထောင်စုနေ့ ညနေ (၅)နာရီ နေဝင်ချိန်တွင် အလံနီများသည် မျက်မြောင်ရွာသို့ ဝင်လာကြသည်။ တစ်အိမ်တက်ဆင်း ယောကျ်ားဟူသမျှကို ဆွဲထုတ်သွားသည်။ ရွာ၏အရှေ့ပိုင်း ဦးရာခန့် အိမ်ရှေ့မှာ တန်းစီခိုင်းပြီး သေနတ်များဖြင့် ပစ်သတ်လိုက်သည်။ ယခုရွာ၏ အရှေ့မြောက်ဘက်တွင် လူသတ်ပွဲကြီး ကျင်းပခဲ့ကြခြင်း ဖြစ်သည်။ "ကယ်ကြပါဗျို့၊ ကယ်ကြပါ၊ သတ်ကုန်ပြီဗျို့၊ သတ်ကုန်ပြီ၊ ကြောက်ပါတယ်ဗျ၊ ကြောက်ပါတယ်၊ နာတယ်ဗျ၊ နာတယ်" မျက်မြောင်ရွာသားများ၏ အော်သံသည် ပုံညာတောင်ကြီးမှာ ပဲ့တင်ထပ်လျက် ရှိခဲ့သည်။

"ချမ်းသာပေးကြပါရှင်၊ မသတ်ကြပါနဲ့၊ ကယ်ကြပါဦးရှင်" အမျိုးသမီးများ၏ အော်သံများ၊ ကလေးများ၏ ငိုသံများ၊ ခွေးသံ၊ နွားသံ၊ ကြက်ပျံသံ၊ ငှက်ပျံသံများဖြင့် ကမ္ဘာကြီးပျက်သည့်အလား မျက်မြောင်ရွာသားများ တွေ့ကြုံခံစားခဲ့ကြရကြောင်း မျက်မြောင်ရွာသားကြီး ဦးအောင်ဇေ (၆၄)နှစ်က စာရေးသူအား ၁၅-၃-၂၀၀၂ နေ့တွင် ပြောပြခဲ့ပါ၏။

"အစ်မကြီးနာမည် ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ" စာရေးသူက မေးလိုက်သည်။ ဒေါ်သောင်းစိန်၊ အသက် (၆၇)နှစ်၊ စာရေးသူအား စိုက်ကြည့်ပြီး ငိုမဲ့မဲ့ဖြစ်နေသူ အဖွားကြီးက ဖြေသည်။ ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုနေ့ ညနေက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို ခင်ဗျားကိုယ်တိုင် မြင်ခဲ့ရ၊ တွေ့ခဲ့ရတာကို ပြောပြစမ်းပါ"

စာရေးသူက တောင်းဆိုလိုက်သည်။ "ဟုတ်၊ ဟုတ်၊ ဟုတ်ကဲ့ မမှတ်မိတော့ပါဘူးတော်၊ ပြောလည်း မပြောချင်ပါဘူး။ ဆရာကြီးတို့က ဘာလုပ်ဖို့ မေးနေတာလဲ။ ကျုပ်တို့ကိုများ ဒုက္ခပေးဦးမလို့လား"

ဒေါ်သောင်းစိန်၏စကားကြောင့် စာရေးသူမှာ ငိုအားထက်ရယ်အား သန်မီသေးတော့သည်။

"အဲဒီတုန်းက စစ်တပ်တပ်ရင်း (၁၀၆)နှင့် (၁၀၉)တို့က ဦးနှောက်ရွာ


www.burmeseclassic.com

www.burmeseclassic.com



မှာ စခန်းချတာ။ ဦးသိန်းမောင်ကသွားပြီး တွေ့တယ်ဆိုလား မသိပါဘူးတော်။ ညနေကျတော့ အလံနီတွေက အိမ်ကိုရောက်လာပြီး ဟေ့သောင်းစိန်၊ ဖွားချိန် ညီးတို့ယောက်ျားတွေ ဘယ်ကိုသွားသလဲ။ ဒီလိုထွက်ပြေးလို့ လွတ်မယ်ထင်သလားဆိုပြီး မေးတာပါပဲတော်။ ဦးမန်းမော်နဲ့ ဒေါ်ဖွားချိန်ဆိုတာ ကျုပ်ရဲ့ မိဘတွေပါ။ အဖေကိုတော့ မတွေ့တာနဲ့ အမေဒေါ်ဖွားချိန်ကို နင်လိုက်ခဲ့ဆိုပြီး ခေါ်သွားတာပဲ။ သတ်ပစ်လိုက်ကြတာပဲ။ ကျွန်မက ကိုသိန်းမောင်တော့ ကျွဲကျောင်းသွားတယ် ပြောလိုက်တာနဲ့ သိန်းမောင်ကိုတွေ့အောင် ရှာဆိုပြီး ကျွဲကျောင်းရာကို လိုက်သွားကြတာ။ ဘုန်းကြီးကျောင်းရှေ့ရောက်တော့ ကိုသိန်းမောင်ကို ကျွဲကျောင်းရာမှ အပြန်တွေ့တာနဲ့ ဓားနဲ့ခုတ်၊ လှံစွပ်နဲ့ထိုးပြီး သတ်လိုက်ကြတာပဲ။ ကျုပ်မှာလည်း သားလေးက (၃)နှစ်၊ သမီးက (၁) နှစ်နဲ့ ကျန်ရစ်ခဲ့ရတာ"

ဒေါ်သောင်းစိန်သည် ရှင်းပြရင်းပင် ငိုနေရှာပါတော့၏။




"ဥက္ကဋ္ဌကြီး၊ အသတ်ခံရသူ (၁၄)ဦးကို တစ်ကျင်းထဲမှာပဲ မြှုပ်တာလား။ သီးခြားမြှုပ်တာလား၊ ဘယ်နားမှာလဲ သင်္ချိုင်းနေရာကို သွားပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ချင်ပါတယ်" ဟု စာရေးသူက ဥက္ကဋ္ဌကြီးအား တောင်းဆိုနေမိပြန်၏။



မျက်မြောင်ရွာ ဥက္ကဋ္ဌကြီးသည် မျက်မြောင်ရွာသား (၁၄)ဦးကို အလံနီတွေက သတ်ပြီးထားခဲ့သဖြင့် ကျေးရွာသူရွာသားများက မြှုပ်ခဲ့သည်ဆိုသော နေရာသို့ လိုက်ပြသည်။ ယခုတော့ မျက်မြောင်ချောင်း၏ တစ်ဘက်ကမ်းမှာ တည်ရှိနေသည်။ (၁၄)ဦးကို တစ်ပြိုင်တည်းမြှုပ်ပြီး မြေဖို့ခဲ့သဖြင့် ကုန်းမို့မို့လေးပင် ဖြစ်လို့နေပါပြီ။ မျက်မြောင်ရွာကို ဖြတ်ပြီး မီးရထားလမ်းကြီး ဖောက်လုပ်နေသဖြင့် မျက်မြောင်မီးရထားတံတား၏ တစ်ဘက်ကမ်းမှာ ဖြစ်ပါ၏။ ဘိုကြီး၊ ဘိုလေးတို့ကိုတော့ မျက်မြောင်ရွာ မီးရထားတံတားသစ်ကြီး၏ တောင်ဘက်နားမှ မဲဇလီပင်အောက်တွင် မြေမြှုပ်ခဲ့ကြသည်ဟု ရှင်းပြကြ၏။ အလံနီများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော မျက်မြောင်ရွာသူရွာသား (၁၉)ဦးတို့သည် မည်သည့်ဘုံဘဝတွင် ရောက်နေကြသည်ဟု မသိရသော်လည်း နယ်နတ်ကွန်းနှင့် ရွှေဘုံသာစေတီတို့တွင် မှီခိုနေကြသည်ဟု ယုံကြည်နေကြ၏။ နယ်ပိုင် နတ်ကွန်းမှာလည်း ကြီးမားလှသော သစ်ပင်ကြီးများအောက်တွင် ထည်ဝါစွာ တည်ရှိနေပါ၏။ မျက်မြောင်ရွာသူရွာသား (၁၉)ဦးကို အသတ်ခံရပြီး ၂၇-၄-၆၀ နံနက် (၄)နာရီတွင် ဆင်စွယ်ရွာသား (၇၄)ဦးကို တစ်ပြိုင်တည်း အသတ်ခံလိုက်ရပြန်သည်။ အခြားကျေးရွာသူကျေးရွာသားပေါင် (၆၄)ဦးမှာလည်း အသတ်ခံခဲ့ရသည်ဟု စာရင်းဇယားများအရ သိရပါ၏။

မည်သို့ပင်ဖြစ်စေတာမူ အတိတ်သည် အတိတ်မှာပဲ ကျန်ခဲ့ပါပြီ။ ယခုတော့ ထီးလင်းမြို့နယ်သာမက ယောဒေသတစ်ခုလုံးသည် သူခိုးမရှိ၊ ဓားပြမရှိ၊ သောင်းကျန်းသူမရှိ၊ အဖြူရောင်နယ်မြေစစ်စစ် ဖြစ်လို့နေပါပြီ။ မီးရထားလမ်းတွေ၊ ကားလမ်းတွေ၊ ဆည်မြောင်းတွေ၊ တာတမံတွေ၊ တာဘိုင်ရေစုပ်စက်တွေနဲ့ ရေတွေတင်ပြီး တစ်နှစ်သုံးသီးစား စိုက်ပျိုးနေကြပါပြီ။ မျက်မြောင်ရွာလေးသည် မီးရထားလမ်းပေါ်မှ ရွာလေးဖြစ်နေပါပြီ။ မကြာမီ ဝန်ဂေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



တင် မာတ်ပုံရိုက်ချင်ပါတယ်" ဟု စာရေးသူက ဥက္ကဋ္ဌကြီးအား တောင်းဆို နေမိပြန်၏။

မျက်မြောင်ရွာ ဥက္ကဋ္ဌကြီးသည် မျက်မြောင်ရွာသား (၁၄)ဦးကို အလံနီတွေက သတ်ပြီးထားခဲ့သဖြင့် ကျေးရွာသူရွာသားများက မြှုပ်ခဲ့သည်ဆိုသော နေရာသို့ လိုက်ပြသည်။ ယခုတော့ မျက်မြောင်ချောင်း၏ တစ်ဘက်ကမ်းမှာ တည်ရှိနေသည်။ (၁၄)ဦးကို တစ်ပြိုင်တည်းမြှုပ်ပြီး မြေဖို့ခဲ့သဖြင့် ကုန်းမို့မို့လေးပင် ဖြစ်လို့နေပါပြီ။ မျက်မြောင်ရွာကို ဖြတ်ပြီး မီးရထားလမ်းကြီး ဖောက်လုပ်နေသဖြင့် မျက်မြောင်မီးရထားတံတား၏ တစ်ဘက်ကမ်းမှာ ဖြစ်ပါ၏။ ဘိုကြီး၊ ဘိုလေးတို့ကိုတော့ မျက်မြောင်ရွာ မီးရထားတံတားသစ်ကြီး၏ တောင်ဘက်နားမှ မဲဇလီပင်အောက်တွင် မြေမြှုပ်ခဲ့ကြသည်ဟု ရှင်းပြကြ၏။ အလံနီများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော မျက်မြောင်ရွာသူရွာသား (၁၉)ဦးတို့သည် မည်သည့်ဘုံဘဝတွင် ရောက်နေကြသည်ဟု မသိရသော်လည်း နယ်နတ်ကွန်းနှင့် ရွှေဘုံသာစေတီတို့တွင် မှီခိုနေကြသည်ဟု ယုံကြည်နေကြ၏။ နယ်ပိုင် နတ်ကွန်းမှာလည်း ကြီးမားလှသော သစ်ပင်ကြီးများအောက်တွင် ထည်ဝါစွာ တည်ရှိနေပါ၏။ မျက်မြောင်ရွာသူရွာသား (၁၉)ဦးကို အသတ်ခံရပြီး ၂၇-၄-၆၀ နံနက် (၄)နာရီတွင် ဆင်စွယ်ရွာသား (၇၄)ဦးကို တစ်ပြိုင်တည်း အသတ်ခံလိုက်ရပြန်သည်။ အခြားကျေးရွာသူကျေးရွာသားပေါင် (၆၄)ဦးမှာလည်း အသတ်ခံခဲ့ရသည်ဟု စာရင်းဇယားများအရ သိရပါ၏။

မည်သို့ပင်ဖြစ်စေကာမူ အတိတ်သည် အတိတ်မှာပဲ ကျန်ခဲ့ပါပြီ။ ယခုတော့ ထီးလင်းမြို့နယ်သာမက ယောဒေသတစ်ခုလုံးသည် သူခိုးမရှိ၊ ဓားပြမရှိ၊ သောင်းကျန်းသူမရှိ၊ အဖြူရောင်နယ်မြေစစ်စစ် ဖြစ်လို့နေပါပြီ။ မီးရထားလမ်းတွေ၊ ကားလမ်းတွေ၊ ဆည်မြောင်းတွေ၊ တာတမံတွေ၊ တာဘိုင်ရေစုပ်စက်တွေနဲ့ ရေတွေတင်ပြီး တစ်နှစ်သုံးသီးစား စိုက်ပျိုးနေကြပါပြီ။ မျက်မြောင်ရွာလေးသည် မီးရထားလမ်းပေါ်မှ ရွာလေးဖြစ်နေပါပြီ။ မကြာမီ ဘူတာရုံနဲ့ဂေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကလေးအထိ လည်းကောင်း၊ ပခုက္ကူမှ ရန်ကုန်၊ မန္တလေးမြို့များအထိ လည်းကောင်း မီးရထားဖြင့် ခရီးသွားနိုင်ကြတော့မည် ဖြစ်ပါ၏။ မျက်မြောင်ရွာသားများသည် အတိတ်ကို မမေ့နိုင်သေးသော်လည်း အနာဂတ်ကိုသာ မျှော်မှန်းနေကြပါတော့၏။ ကဆုန်လဆန်းလျှင် ကြာသပတေးနေ့ တစ်နေ့နေ့မှာ ရွှေဘုံသာစေတီတွင် အမျှအတမ်းဝေပြီး နှစ်စဉ်ဆွမ်းသွတ်တရားနာလျက် ရှိပါတော့၏။ ရွှေဘုံသာလွမ်းစေတီဟုပင် ဥက္ကဋ္ဌကြီးမှ ပြောပြနေပါ၏။ ကျောရွာမှ မီးရထားသည် ဥမင်ရှောင်လမ်းမှ သွားလျှင်ဖြစ်စေ၊ ဥမင်အတွင်းလမ်းမှ သွားလျှင်ဖြစ်စေ (၁၄)ဦး သင်္ချိုင်းနှင့် ဘိုကြီး၊ ဘိုလေးသင်္ချိုင်းများကို မျက်မြောင်တံတားပေါ်မှ ကြည့်လိုက်ပါက ထင်ရှားစွာ မြင်တွေ့နိုင်ပါ၏။ ရွှေဘုံသာလွမ်းစေတီနှင့် နယ်ရှင်ကြီးနတ်ကွန်းတို့ကိုလည်း ဖူးမြော်ဖွယ်ရာ တွေ့မြင်နိုင်ပါ၏။ အောက်ပါမျက်မြောင်ရွာသူရွာသား (၅)ဦးနှင့် တစ်ပြိုင်တည်း အသတ်ခံခဲ့ကြရသူ (၁၄)ဦးတို့ကို မီးရထားစီးလာခဲ့ကြရန် မီးရထားဥသြသံကြီးဖြင့် ခေါ်ဆောင်နေလေမည်လား မသိနိုင်ပါ။

အလံနီများ၏ အသတ်ခံခဲ့ရသူများမှာ -

၁။ ဒေါ်ချစ်ပေါ် (သူကြီးဇနီး) ၁၉၅၈ ခုနှစ်

၂။ ဦးဘိုကြီး (၁၉၅၈) ခုနှစ်၊

၃။ ဦးဘိုလေး (၁၉၅၈) ခုနှစ်၊

၄။ ဦးရာတင် (၁၉၅၈) ခုနှစ်၊

၅။ ဒေါ်ငွေညွန့် (၁၉၅၈) ခုနှစ်

၁၂-၂-၅၉ နေ့ ညနေ (၅)နာရီတွင် တစ်ပြိုင်တည်း အသတ်ခံခဲ့ရသူ (၁၄)ဦး-

| | |
|---|---|
| ၁။ ဒေါ်ဖွားချိန် (ယောက္ခမ) | ၂။ ဦးသိန်းမောင် (သားမက်) |
| ၃။ ဦးသာချစ် | ၄။ ဦးစိန်ထွန်း |
| ၅။ ဦးမဲကျော် | ၆။ ဒေါ်နန်းစိန် |
| ၇။ ဦးနက် | ၈။ ဦးစံထွန်း |
| ၉။ ဦးဖိုးမြင့် | ၁၀။ ဦးညွန့်ထွေး |

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ဦးငချစ် (အဖေ) ၁၂။ ဦးကြွက်နီ (သား)
၁၃။ ဦးပျော့ ၁၄။ ဦးသောင်းချစ်

ယခုလို မကြုံစဖူး ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရတိုင်း သွားလေသူတွေကို သတိရပါရဲ့ဗျာ။ သူတို့သွေးတွေနဲ့ ရင်းနှီးပေးခဲ့လို့သာ အခုလို အေးချမ်းသာယာတဲ့ ခေတ်သစ်ကြီးကို ကျွန်တော်တို့တစ်တွေ အကျိုးခံစားနေကြရတာပါဆိုပြီး မျက်မြောင်ရွာ ဥက္ကဋ္ဌကြီးမှပင် ငိုသံပါကြီးဖြင့် ပြောပြနေပါတော့၏။

သွေးနှင့်ရင်းခဲ့ရသော အမွေဟုသာ ဆိုသင့်ပါတော့၏။ ယခုတော့ မျက်မြောင်ရွာကလေးတွင် မီးရထားဥသြသံ တညံညံနှင့် ကားကြီး၊ ကားငယ် အသွယ်သွယ် ဝင်ထွက်သွားလာနေကြပြီဖြစ်ပါသည်။ ယောဒေသကြီးသည် အခုတော့ ဖွံ့ဖြိုးတိုးတက်သာယာအေးချမ်း၍ အလင်းရောင်ရပါပြီ ဟု ဖော်ပြနေကြ၏။ အမှောင်ထဲက ယောဒေသကြီး အေးချမ်းသာယာပါစေ။

× × × × ×

## ဆင်စွယ်ဆိုတဲ့ ရွာကလေး

"ကိုဘိုကြီး အိပ်ယာလိပ်ပြင်ဗျာ။ ဆင်စွယ်ရွာကို သွားကြမယ်။ အရင်တစ်ခေါက်ကလည်း ဆင်စွယ်ရွာကို သွားမယ်ဆိုပြီး အစီအစဉ်ဆွဲထားခဲ့တာ မရောက်ခဲ့ဘူး။ ယောအကြောင်းကို စာအုပ်ရေးရင် ဆင်စွယ်ရွာကို ချန်ထားခဲ့လို့ မရဘူး" စာရေးသူက ကိုဘိုကြီးကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၇-၁-၀၅ ရက်နေ့မှာဖြစ်ပါ၏။ စာရေးသူတို့သည် ပုံညာတောင်ခြေမှ ကျောချောင်းရွာကလေးတွင် ရောက်ရှိနေသည်။

"ဆင်စွယ်ရွာကို ဆရာက ဘာနဲ့ဘယ်လိုသွားမှာလဲ၊ ဂျစ်ကားနဲ့သွားလို့လဲမရ။ ကားကြီးနဲ့ သွားလို့လည်း မရဘူးဆရာရဲ့" ဟု ကိုနေဝင်းက ပြောပြနေသည်။

"မရရင် ရတာနဲ့ဖြစ်အောင်သွားမယ်ကွာ။ ဂျစ်ကားလည်းဆီထည့်ဗျာ၊ ကိုပိန်၊ တစ်ယောက်ကမော်တော်ဆိုင်ကယ်နဲ့နောက်က လိုက်ခဲ့၊ ရေမျက်နီရွာကို ရောက်တော့ မော်တော်ကားကို ထားပစ်ခဲ့မယ်။ ကိုစိုးဝင်းကို ခေါ်ပြီး ငါနဲ့နှစ်ယောက် မော်တော်ဆိုင်ကယ်နဲ့ သွားကြမယ်" ဟု စာရေးသူက စွတ်အတင်း စီစဉ်ပါတော့၏။

ဤသို့ဖြင့် စာရေးသူသည် ကျောချောင်းရွာ၊ မျက်မြောင်ရွာတို့မှ ရေမျက်နီရွာအထိ မော်တော်ကားဖြင့် သွားဖြစ်ပါတော့သည်။ ရေမျက်နီရွာသို့ ရောက်သောအခါ ဂျစ်ကားကို ဦးဘငယ်၏အိမ်တွင်ထားပြီး မောင်စိုးဝင်းနှင့် စာရေးသူတို့က မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ထွက်ခဲ့ပါတော့သည်။ အခြားသူများက လမ်းကဆိုးတယ်၊ မော်တော်ဆိုင်ကယ်နှင့်မသွားပါနဲ့၊ အန္တရာယ်ကြီးပါတယ်။ လမ်းမှာ ဘီးပေါက်ရင်လည်း လူသွားလူလာမရှိသောလမ်းဖြစ်၍ ဒုက္ခရောက်ပါလိမ့်မယ်။ လှည်းငှားပြီးသွားပါ ဟုပြောသဖြင့် လှည်းငှားကြည့်မိ၏။ ကျပ်တစ် သောင်းနှစ်ထောင်ပေးရမည်ဆိုသဖြင့် မငှားခဲ့တော့။ မှန်ပေသည်။ မော်တော်ဆိုင်ကယ်လမ်းသည်ပင် ဆိုးလှပါ၏။ ကျောက်စာရေးရွာ၊ တောင်အင်းရွာ၊ ငှက်ပျင်းရွာ၊ ဦးနှောက်ရွာတို့ကို ဖြတ်ခဲ့ရသည်။ စစ်နီးချောင်းကိုပင် ငါးကြိမ် ငါးခါကျော်ဖြတ်ခဲ့ရသည်။ ဦးနှောက်ရွာသည် ရှေးရွာကြီးဖြစ်သည်။ အလံနီ ခေါင်းဆောင်သခင်စိုး၏ဇနီးဒေါ်ခင်စု၏ မွေးဖွားရာဇာတိဖြစ်သည်။ ဤအကြောင်းကို ဦးနှောက်ရွာမှ ဒေါ်ခင်စု၏ ဆွေမျိုးများကိုတွေ့ဆုံမေးမြန်းခဲ့ရသေးသည်။ ဒေါ်ခင်စု ကျောင်းဆရာမလုပ်ခဲ့သော ကျောင်းကြီးကိုဓာတ်ပေါင်းစေတီတော်၏ တောင်ဘက်တွင် မြေကွက်လပ် အဖြစ်နှင့်သာ တွေ့မြင်ခဲ့

www.burmeseclassic.com



ရသည်။ ခာတ်ပေါင်းစေတီဝင်းအတွင်းတွင် ကုန်းဘောင်ခေတ် အဦးပိုင်းပုံစံ ဗုဒ္ဓမြေတော်ရာတစ်ဆူ (ယာဘက်မြေ) ကို ဖူးတွေ့ခဲ့ရပါသည်။ ဦးနှောက်ရွာသည် အိမ်ခြေ (၆၃) အိမ်ရှိသည်။ မူလတန်းကျောင်း ပျဉ်ခင်းပျဉ်ကာ၊ သွပ်မိုးကို ယူနီဆက်၏ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ထားသည်ဟု သိရသည်။ တွဲဖက်အလယ်တန်းကျောင်းရှိသည်။

"ဟို . . . တောင်ပေါ်က ဘုရားနားမှာ အရင်က အလံနီဌာနချုပ် လုပ်ခဲ့တာပေါ့ဆရာရဲ့၊ ဆင်စွယ်ရွာ လူသတ်ပွဲပြီးတော့လဲ တပ်မတော်က ရှေ့တန်းစခန်း လုပ်ခဲ့တာပေါ့" ဟု ဦးတင်လှိုင်က ရှင်းပြနေသည်။

ရေမျက်နီကျေးရွာနှင့်ဦးနှောက်ကျေးရွာသည် ၆ မိုင်ဝေးကွာပြီး တစ်နာရီနီးပါး လာခဲ့ရသည်။ ဆင်စွယ်ရွာသို့ နောက်ထပ် ၆ မိုင်ဝေးကွာသေးသည်။ အချိန်မှာ ညနေ ၃ နာရီရှိပြီဖြစ်သည်။ ခရီးဆက်ခဲ့ကြသည်။ ညနေ ၄ နာရီတွင် ဆင်စွယ်ရွာသို့ ရောက်ပါ၏။ ဘုန်းတော်ကြီးကျောင်းကြီးမှာ ကြီးကျယ်လှပါ၏။ လူ၏လက်တစ်ဖက်စာရှိ (လုံးပတ်လေးပေကျော်) ကျွန်းတိုင်ပေါင်း တစ်ရာကျော်ဖြင့် ဆောက်လုပ်ထားသည်။ အမြင့်မှာပေ (၅၀) ကျော်ရှိသည်ဟု သိရသည်။ ထိုမျှကြီးသော ရှည်သောကျောင်းတိုင်ကြီးကို မည်သို့မည်ပုံ တိုင်ထူကြပါသနည်းဟု သိလိုခဲ့ရသည်။ ဘုန်းကြီးကျောင်းကြီးကို ၁၉၄၀ ခုနှစ်ပတ်ဝန်းကျင်က တည်ဆောက်ခဲ့ကြောင်း သိရသည်။ ထိုအချိန်က အိမ်ခြေ ၅၀ ကျော်သာရှိသော ဆင်စွယ်ရွာသားတို့၏ အားမာန်ကို တွေ့မြင်ရ၍ ချီးကျူးရပါ၏။ အိမ်ခြေ ၅၀ ကျော်ရှိရွာသားတို့၏ ညီညွတ်မှု၊ ကြိုးစားမှု၊ တက်ကြွမှုတို့ကို ဘုန်းတော်ကြီးကျောင်းကြီးက သက်သေထူနေပါတော့၏။

၁၉၆၀ ခုနှစ် ဆင်စွယ်ရွာ လူသတ်ပွဲကြီးတုန်းက "ရွာထဲရှိ အမျိုးသမီးတွေက ဘုန်းကြီးကျောင်းအောက်မှာသွားနေကြ၊ ယောကျ်ားတွေအားလုံးက စာသင်ကျောင်းထဲကို သွားနေကြ" ဆိုပြီး အလံနီတွေက တစ်အိမ်တက် တစ်အိမ်ဆင်း နံနက် ၅ နာရီမှာ လိုက်ပြောနေခဲ့ကြတာပေါ့" ဆိုပြီး ကျေးရွာဥက္ကဋ္ဌ ဦးအေးမောင်က ရှင်းပြပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ခင်ဗျားက ဘယ်အရွယ်လောက်ရှိပြီလဲ" ဟု စာရေးသူက မေးမိသည်။

"ဟာဗျာ၊ ကျုပ်တို့က ကလေးပဲ ရှိပါသေးတယ်။ ၁၀ နှစ်သားလောက်ရှိမှာပါ။ ကြီးရင်အသတ်ခံရမှာပေါ့၊ ကလေးမို့သာ အသတ်မသေခဲ့တာပ၊ အဲဒီတုန်းက ဒီရွာမှာ အိမ်ခြေ ၇၁ အိမ်ပဲရှိတာ၊ ယောကျ်ား ၇၄ ယောက်ကို တပြိုင်ထဲ သတ်ခံခဲ့ရတာဗျ၊ အတော်ရက်စက်ယုတ်မာပါတယ် ဆရာကြီးရယ်၊ ယောအကြောင်းရေးရင် ထည့်ပြီးရေးစမ်းပါ" ဆိုပြီး ဥက္ကဋ္ဌ ဦးအေးမောင်က ပြောပြနေသည်။

စာရေးသူနှင့် မောင်စိုးဝင်းတို့သည် ဒေါ်ထွားကြည် (၇၃) နှစ်၏ အိမ်မှာ တည်းခိုကြသည်။

"၁၉၆၀ ခုနှစ် ဆင်စွယ်ရွာ လူသတ်ပွဲကြီးကို ဒေါ်ထွားကြည် မှတ်မိမှာပါ။ ပြောပြစမ်းပါ" ဆိုပြီး စာရေးသူက မေးမိပြန်ပါသည်။

"မှတ် . . မှတ် . . မှတ်မိတာပေါ့၊ ဆရာကြီးရယ်၊ ကျွန်မရဲ့ခင်ပွန်းကိုချစ်မုန်းလည်း အသတ်ခံခဲ့ရတာပေါ့၊ အခုအထိ ရင်နာတုန်းပါပဲ" ဆိုပြီး ဒေါ်ထွားကြည်က ငိုမဲ့ငိုမဲ့ဖြင့် ပြောပြနေသည်။

"ဒေါ်ထွားကြည်မှာ ဦးချစ်မုန်းအသတ်ခံရတော့ သားသမီးဘယ်နှစ်ယောက် ကျန်ခဲ့သလဲ" ဟု စာရေးသူက မေးသင့်မမေးသင့် မစဉ်စားဘဲ မေးလိုက်မိသည်။


"အခုသားသမီးတွေက နောက်ခင်ပွန်းနဲ့ရတာပါ၊ ဦးချစ်မုန်းအသတ်ခံရတော့ ကျွန်မမှာ ကိုယ်ဝန် ၇ လနဲ့ ကျန်ခဲ့တာပါ။ သူအသတ်ခံရပြီးနောက် (၃)လလောက်ရှိမှ သားလေးမွေးတာ၊ မောင်သောင်းစိန်လို့ ခေါ်တယ်၊ နောက်တော့ ကျွန်မက ခလရ (၁) က တပ်သားကိုချစ်သန်းနဲ့ အိမ်ထောင်ကျတာ၊ သားသမီး (၅) ယောက်မွေးခဲ့တယ်။ မောင်ဝင်းနိုင်၊ မောင်ဝင်းခိုင်၊ မဝင်းမာ၊ မသန်းသန်းစိုး၊ မောင်မင်းမင်းစိုးတို့ကို မွေးခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ထွားကြည်က သူ၏ဘဝဇာတ်ကြောင်းနှင့် အတွေ့အကြုံများကို ပြောပြခဲ့သည်။ မဝင်းမာသည် စာရေးသူတို့အား ဧည့်ခံနေသည်။ ဘွဲ့ရမှုလတန်းပြဆရာမ တစ်ဦးပင်ဖြစ်နေသည်။



“ဆရာကြီးက စာရေးမှာဆိုတော့ သေချာအောင် အဲဒီတုန်းက အသတ်ခံရတဲ့အထဲမှာ ပါပေမယ့် အသတ်မသေဘဲ ကျန်ခဲ့တဲ့ ဦးဘမောင်နဲ့ ဦးအောင်ခိုင်တို့ရှိသေးတယ်၊ ခေါ်ပေးမယ်၊ တွေ့ရအောင်” ဆိုပြီး ကိုအောင်ခိုင်က ပြောပြောဆိုဆို အိမ်ပေါ်က ဆင်းသွားပါတော့၏။ မကြာမီ ဦးဘမောင် ဆိုသူ အဖိုးကြီးလိုက်ပါလာသည်။ ဦးဘမောင်သည် ၁၂၉၀ ခုနှစ်ဖွား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လူသတ်ပွဲနှစ်က သူ၏အသက်မှာ ၃၂ နှစ်ရှိပြီ ဖြစ်သည်။

"၁၃၂၂ ခုနှစ် ကဆုန်လဆန်း (၃) ရက်နေ့မှာပေါ့၊ နံနက်လင်းအားကြီး လင်းကြက်တွန်တဲ့အချိန်မှာ ရွာထဲမှာ အလံနီတွေဝင်တယ်ဆိုပြီး ကျုပ်မိန်းမ မငွေစိန်က နှိုးတာပဲ၊ ကျုပ်လည်း အိပ်ယာထဲက ထပြီး အသံတွေနားထောင် ရအောင် အိမ်ပေါ်ကဆင်းလိုက်တယ်။"

"ဟေ့လူ မပြေးနဲ့ ငါတို့က အလံနီမဟုတ်ဘူး၊ အစိုးရတပ်မတော်ကွ၊ လာလိုက်ခဲ့ကြိုးနဲ့ထမ်းပိုးယူခဲ့၊ အလံနီစခန်းကို သွားသိမ်းမလို့၊ ခင်ဗျားတို့ ရွာသားတွေ ယောကျ်ားအားလုံး အထမ်းသမားခိုင်းရအောင် လိုက်ခဲ့ကြ" ဆိုပြီး လူ ၃ ဦးက ကျုပ်ကိုဝိုင်းဖမ်းတော့တာပဲ၊ ကျုပ်လည်း နွားချည်ကြိုး တစ်ချောင်းကိုယူပြီး သူတို့ခေါ်ရာ စာသင်ကျောင်းထဲကို လိုက်သွားရတာပဲ၊ စာသင်ကျောင်းထဲကို ကျုပ်ရောက်တော့ ရွာသား ၃၀-၄၀ လောက်ရောက် နေပြီ၊ အလံနီမဟုတ်ဘူး ပြောပေမယ့် အလံနီတွေနဲ့တူတယ်နော် ဆိုပြီး တီးတိုးတီးတိုးပြောနေကြတာပေါ့။ မကြာပါဘူး၊ နောက်ထပ်ရွာသား ၃၀-၄၀ လောက် ထပ်ရောက်လာပြန်ရော့ဗျာ"

"ခင်ဗျားတို့ ရွာသားတွေဟာ ကျုပ်တို့ဆန်တောင်းရင်လည်း မပေးဘူး၊ ပိုက်ဆံဆက်ကြေးပေးပါဆိုလည်း မပေးဘူး၊ စစ်မှုထမ်းပါဆိုလည်း ကျုပ်တို့ အလံနီထဲကို မဝင်ကြဘူး၊ သင်တန်းပေးလည်း လာမတက်ကြဘူး၊ လုပ်အား ပေးဆင့်လည်း မလာကြဘူး၊ အတော်ခေါင်းမာတဲ့ ရွာသားတွေပဲ၊ အစိုးရ စစ်တပ်ကိုမှ အားကိုးတဲ့ရွာပဲ။ ဒဏ်ပေးတဲ့အနေနဲ့ တစ်ရွာလုံးရှိလူတွေ အားလုံးကို နေပူလှန်းပြီး ဒဏ်ပေးမယ်၊ နှစ်ယောက်တစ်တွဲ နောက်ကျောချင်း ကပ်ပြီး ကြိုးနဲ့တုပ်ကြစမ်း" ဆိုပြီး ခေါင်းဆောင်လုပ်တဲ့သူက အမိန့်ပေးတော့ တာပဲ။ သူတို့အင်အားကလည်း လက်နက်မပါသူနဲ့ ပေါင်းရင် လူတစ်ရာ လောက် ရှိတာကိုး။ မိန်းမရဲမေတွေလည်း ၁၄-၅ယောက်လောက်ပါတယ်၊ ဒါနဲ့ ကျုပ်တို့ရွာသားတွေအားလုံးလည်း လက်ပြန်ကြိုး အတုပ်ခံကြရတော့ တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့က ဆေးမှူးခင်မောင်ဇင်သေရတာလည်း ဒီရွာကြောင့်ပဲ၊ အရှင်မထားနဲ့၊ အကုန်လုံးသတ်တာပစ်ကွာ ရှုပ်တယ်၊ ရှင်းတာကောင်းတယ်၊ သတ်တော့" ဆိုပြီး ခေါင်းဆောင်က အမိန့်ပေးလိုက်တာနဲ့ သေနတ်တွေနဲ့ ပစ်၊ ဓားတွေနဲ့ခုတ်ကြတော့တာပဲ။ ကျုပ်တို့မှာလည်း ကြိုးတွေနဲ့တုပ်ထားတာဆိုတော့ ရုန်းရင်းကန်ရင်း လှိမ့်ပြီးခံကြရတော့တာပဲ။ အော်သံ ငိုသံ ညည်းသံတွေ ညံနေတာပါပဲ၊ ကျုပ်တို့ ၁၄-၅ ယောက်ကိုတော့ အရှေ့ဘက်နားကို ခေါ်သွားတယ်။ တန်းစီခိုင်းပြီး သေနတ်တွေနဲ့ ပစ်တာပဲ။ ၃ တောင်၊ ၄ တောင်အကွာက ပစ်တာဆိုတော့ အကုန်လုံးမှန်တာပေါ့။ ကျုပ်မှာလည်း ကျည်ဆံက ယာဘက်ဂျိုင်းကြားက ဝင်လာပြီး လက်မောင်းကို ထိမှန်တာပေါ့၊ ဟောဒီမှာ ကြည့်ပါလားဆိုပြီး စာရေးသူအား သူ၏ယာလက်ဘက်မောင်းမှာ အနာရွတ်ကြီးကို ပြနေပါတော့၏။ ကျုပ်နဲ့တွဲတဲ့သူကိုတော့ လှံစွပ်တွေနဲ့ တဒုန်းဒုန်း တစွတ်စွတ်ထိုးတော့တာပဲ။ သူက အော်လည်းအော်၊ လှုပ်လည်း လှုပ်တော့ မသေသေးဘူးလားကွ၊ အော်တုန်းပဲလားဆိုပြီး မသေမချင်း ၁၄-၅ ချက်ထိုးနေတော့တာပဲ။ ကျုပ်လက်မှာလည်း သွေးတွေရဲလို့ နောက်ကျောမှာ ထိုးထားတဲ့ လှံစွပ်ရာကလည်း သွေးတွေရဲလို့ဆိုတော့ ကျုပ်ကလည်း မလှုပ်၊ မအော် ငြိမ်ခံနေတော့ သေပြီ ဆိုပြီး ထားပစ်ခဲ့တာပဲ" ဟု ဦးဘမောင်သည် သူ၏ရင်နင့်ဖွယ်ရာများကို ပြောပြနေပါတော့၏။ "အသက်မသေဘဲ ကျန်နေခဲ့တာကတော့ မောင်အောင်ခိုင်နဲ့ ကျုပ်နဲ့ (၂)ဦးပဲ ကျန်တာပါပဲ။ အိမ်ခြေ (၇၀)ရှိတဲ့ ကျုပ်တို့ ရွာမှာ ယောကျ်ား (၇၄) ဦး တပြိုင်တည်း အသတ်ခံလိုက်ရတာပါပဲဗျာ" ဆိုပြီး ရှင်းပြသည်။ "အဲဒီတုန်းက သတ်ခဲ့တဲ့ စာသင်ကျောင်းဆိုတာ အခု ကျောင်းနေရာမှာပဲလား" ဟု စာရေးသူက မေးမိသည်။ မဟုတ်ပါဘူးဗျာ၊ အဲဒီတုန်းက စာသင်ကျောင်းနေရာဟာ အခုဆရာကြီး တည်းနေတဲ့ ဟောဒီအိမ်နေရာပါပဲ၊ ဟိုမှာ မမြင်ဘူးလား၊ အမှတ်တရကျောက်တိုင်ဆိုပြီး ဥက္ကဋ္ဌကြီးက ပြောပြနေပါတော့၏။ "အမှတ်တရကျောက်တိုင်မှာ အရင်က စာတွေ နာမည်တွေအပြည့်ရှိတယ်" ဟု ဥက္ကဋ္ဌဦးအေးမောင်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com


စာရေးသူသည် ၁၉၆၀ ခုနှစ် ကျေးရွာသား (၇၄)ဦးကို အသတ်ခံရသည့် မြေကွက်ပေါ်မှ အိမ်ပေါ်တွင် ညဉ့်အိပ်ခဲ့ရသည်။ ညဉ့်မှာ မကောင်းဆိုးဝါးအိပ်မက်များ မက်ဦးမလား၊ တစ္ဆေ၊ သူရဲ၊ ဘီလူးတွေများ မြင်ရကြားရမလားဟု စဉ်းစားရင်း စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ယာဝင်လိုက်ပါတော့၏။

"ဆရာမ မဝင်းမာ စာသင်နေသော တတိယတန်းကျောင်းသား/သူလေးများ၏ ညဉ့် (၈)နာရီခန့်မှာ စာသင်စာအံပြီးလို့ ဘုရားရှိခိုး၊ အမျှဝေ၊ ဆုတောင်း၊ မေတ္တာပို့ပေးသံများကို နားထောင်ရင်း စာရေးသူမှာ အိပ်ပျော်သွားခဲ့ရပါတော့၏။


၁၉၆၀ ခုနှစ်၊ မေလ (၂၇)ရက်နေ့၊ ၁၃၂၂ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်နေ့က ဆင်စွယ်ရွာ မြင်ကွင်းဟာဖြင့် ပြောမယုံ ကြုံမှတွေ့ရခြင်းဖြစ်ပါ၏။ ယောကျ်ား (၇၄)ယောက်စလုံး တစ်ပြိုင်တည်း အရှင်လတ်လတ်ဓားနဲ့ခုတ်၊ သေနတ်နဲ့ပစ်သတ်ခဲ့ခြင်းဖြစ်ရပ်မှာ ကမ္ဘာတည်သရွေ့ မေ့ပျောက်လို့ရနိုင်တော့မည်မဟုတ်ပေ။ နောက်တစ်နေ့ ညဉ့်နေပိုင်းမှာ ရွာနီးချုပ်စပ်များဖြစ်ကြသော ကြာဥယျာဉ်ရွာ၊ ကျောက်အုပ်ရွာ၊ လောင်းဘိုကြီးရွာ၊ ကံသာရွာ၊ လုံးတောင်ရွာ၊ လက်ပန်ရွာ၊ ကျိုင်းရွာ၊ ဒေါသာရွာတို့မှ ရွာသားများ ရောက်လာကြပြီး သချိုင်းမှာ တွင်းကြီးတစ်တွင်းကို တူးပြီး အလောင်း (၇၄)လောင်းကို စုပေါင်းမြှုပ်နှံခဲ့ကြပေသည်။ ယောကျ်ားဟူ၍ တစ်ရွာလုံးတွင်မှ ခရီးလွန်နေသူ (၃-၄)ဦးနှင့် ဦးဘမောင်နှင့် ဦးအောင်ခိုင်တို့သာ ကျန်ခဲ့၏။ တစ်ရွာစလုံးကိုလည်း မီးရှို့ပစ်ခဲ့သည်။ အိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်းသာ ကျန်ခဲ့သည်။ ထိုအိမ်ရှင်သည် ခရီးလွန်နေသဖြင့် လူလည်းအသတ်မခံရ၊ အိမ်လည်း မီးမလောင် ကံကောင်းလေစွဟု စာရေးသူက မှတ်ချက်ချမိ၏။ ကံကောင်းလို့မဟုတ်ပါဘူး။ တောဝက်စွယ်ရှိလို့သာ မောင်လှမော်၊ မပွားစိန်တို့အိမ်ကို မီးမကူးတာပါဟု ဒေါ်ထွားကြည်က မှတ်ချက်ချ ပြောကြားပါသည်။ ဆင်စွယ်ရွာသူရွာသားကလေးများအားလုံးကိုလည်း နိုင်ငံတော်အစိုးရသည် ထိုနှစ်မှာပင် ရန်ကုန်သို့ ခေါ်သွားပြီး ဘုရားဖူး ပို့ဆောင်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဆင်စွယ်ရွာကလေးသည် အိမ်ထောင်စု (၁၅၃)အိမ်၊ လူဦးရေ (၉၇၃)ဦးရှိပြီး ကျန်းမာရေး ဆေးပေးခန်း (R.H.C) နှင့် တွဲဖက်အထက်တန်းကျောင်းတို့ပင် ရှိနေပါပြီ။ သာသာယာယာ ဖြစ်နေ၏။ ဘွဲ့ရလူငယ် (၂၀)ဦးခန့်နှင့် (၁၀)တန်းအောင်ပြီးသူ (၃၀)ကျော်ဖြင့် ကျေးရွာလေးကို ထူထောင်နေကြပါပြီ။ အိမ်ကြီးအိမ်ကောင်းတွေဖြင့် စည်စည်ကားကား ဖြစ်နေပါပြီ။ အလယ်တန်းကျောင်းတွင် ကျောင်းဆရာ (၁၂)ဦးရှိလေရာ (၅)ဦးမှာ ဆင်စွယ်ရွာ ဇာတိ ကျောင်းဆရာများဖြစ်သည်ဟု သိရသည်။ အားလုံးမှာ ဘွဲ့ရပြီးဆရာများ ဖြစ်သည်ဟု ပြောပြကြသည်။ အဆိုးကုန်လျှင် အကောင်းရောက်စမြဲ ဖြစ်ပါ၏။ နှစ်စဉ် ကဆုန်လဆန်း (၃)ရက်ကို ကျေးရွာ၏ အောက်မေ့ဖွယ်နေ့ဟု သတ်မှတ်ထားပြီး သေဆုံးခဲ့ရသူ (၇၄)ဦးအတွက် ဆွမ်းသွတ်၊ တရား နာ၊ အမျှဝေ၊ ရေစက်ချ၊ မေတ္တာပို့ ဆွမ်းလောင်းဒါနပြုကြသည်မှာ ယခုဆို လျှင် (၄၄)ကြိမ်ရှိခဲ့ပြီဟု သိခဲ့ရပါသည်။ ကွယ်လွန်သွားခဲ့ရသူများသည် ရောက်လေရာ ဘုံဘဝမှနေပြီး ဆင်စွယ်ရွာကြီးကို သာယာဖွံ့ဖြိုးတိုးတက်အောင်နှင့် တစ်ဦးအပေါ် တစ်ဦး အာဃာတမထားဘဲ မေတ္တာတရားထားကြစေရန် စောင့်ရှောက်နေကြသည်ဟု ယခုခေတ်လူငယ်များက ခံယူထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ် ဆင်စွယ်ရွာ မြင်ကွင်းကို စာရေးဆရာ အောင်ဆန်းသိန်း (ပခုက္ကူ)က အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

ယနေ့ချိန်ခါ၊ ဆင်စွယ်ရွာ၌၊
ဘယ်မှာကြည့်ကြည့်၊ အလှရှိခဲ့၊
မြတ်သည့်ဒါန၊ ကုသိုလ်ရဖို့၊
မြသီတာဘုရား၊ ရွာသားတွေဝိုင်း၊
တံတိုင်းခတ်ရန်၊ နှမ်းလှူပြန်၏၊
သီးနှံစပါး၊ အထွက်များပြီ၊
မန်ကျည်းရင်းဆည်၊ ထူးပေါက်ဆည်နှင့်၊
တည်ခဲ့ တာဘိုင်၊ ရေတင်နိုင်ပြီ၊
ဖြိုင်ဖြိုင်လယ်ရေ၊ ဖွေးလဲ့နေသော်၊
သွားလေသူတို့၊ မြင်စေလိုသည်။
စိမ်းစိုကောက်ပင်၊ မြအဆင်း၊
ပြောင်းလဲနေသော ရွာမြင်ကွင်း၊
မုန်တိုင်းပြီးတော့ လေပြေညှင်း။ ။

၂၇-၄-၆၀ နေ့၊ နံနက်ခင်းမှ အဖြစ်အပျက်များသည် ဆင်စွယ်ရွာလေး အဖို့ မေ့လို့မရနိုင်သော သောင်းကျန်းသူ အလံနီကွန်မြူနစ်များ၏ ရက်စက်မှုကြီးဖြစ်သည်ကား သမိုင်းဝင်မှတ်တမ်းကြီးတစ်ခု ဖြစ်ပါ၏။ လူသားတို့သာ မက ဆင်စွယ်ရွာလေးကို ဝေ့ကာ ပတ်ကာ စီးဆင်းနေသော ဆပ်သပုတ် ချောင်းကလေးပင် ပုံပြင်ပဟောင်းကို ပြန်ပြောင်းပြောပြနေမည်ဟု ကဗျာဆရာ က စပ်ဆိုပြခဲ့ပါသေး၏။

"ဆပ်သပုတ်ချောင်း၊ ရေပြာလောင်း၍
လမ်းကြောင်းဖွေရှာ၊ မြွေပမာနှင့်
တို့ရွာအကြောင်း၊ ပုံပြင်ဟောင်းကို
ပြန်ပြောင်းပြောဆို၊ ရှိုက်ရှိုက်ငိုသို့
တောင်ကိုရစ်ပတ်၊ တောကိုဖြတ်၍
ရွာစပ်ဦးတည် စီးနေသည်။"

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ၂၇-၁-ဝ၅ နေ့မှာ စာရေးသူသည် ဆင်စွယ်ရွာကလေးသို့ ရောက်ခဲ့ရခြင်းဟာဖြင့် ဘဝမှတ်တိုင်တစ်ခုသာ ဖြစ်ခဲ့ရပါ၏။ "၂၇-၄-၆ဝ နေ့က အလံနီတွေ သတ်လို့သေခဲ့ရသူတွေရဲ့ စာရင်းအတိအကျကို မှတ်တမ်းတင်ရအောင် ဥက္ကဋ္ဌကြီးတို့ရွာမှာ မှတ်တမ်းမရှိဘူးလားဗျာ" ဟု စာရေးသူက ဥက္ကဋ္ဌ ဦးအေးမောင်ကို မေးလိုက်၏။

"ရှိပါတယ်ဆရာကြီး၊ စာရင်းလည်းရှိပါတယ်၊ ဟိုဘက်မှာ ကျောက်တိုင်မှာလည်း အမည်တွေ ရေးထိုးထားပါတယ်။ အခုတော့ စာတွေပျက်ကုန်ပြီ။ ဖတ်မရချင်တော့ဘူး။ ထီးလင်းမြို့အဝင် မင်းဘုရားကြီးဘေးက စာကြည့်တိုက် အရှေ့ဘက်မှာ ဆင်စွယ်ရွာသားများ အသတ်ခံရသည့် အထိမ်းအမှတ်ကျောက်စာတိုင်မှာလည်း အမည်တွေ အစုံပါဝင်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးအေးမောင်က ပြောပြနေသည်။

အသတ်ခံရသူ (၇၄)ဦး၏ အမည်စာရင်းကို အောက်ပါအတိုင်း တွေ့ရသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဦးစိုးခန့် | = | ၅၈ နှစ် | ၂။ | ဦးဘခိုင် | = | ၃ဝ နှစ် |
| ၃။ | ဦးဖိုးသက် | = | ၅၆ နှစ် | ၄။ | ဦးရိုးစိန် | = | ၅ဝ နှစ် |
| ၅။ | ဦးနီတာ | = | ၅ဝ နှစ် | ၆။ | ဦးအောင်စိန် | = | ၅ဝ နှစ် |
| ၇။ | ဦးစံလှ | = | ၄၇ နှစ် | ၈။ | ဦးဘကျော် | = | ၄၆ နှစ် |
| ၉။ | ဦးကျောက်နီ | = | ၄၆ နှစ် | ၁ဝ။ | ဦးသိုက်ထွန်း | = | ၄၆ နှစ် |
| ၁၁။ | ဦးဘစိန် | = | ၄၄ နှစ် | ၁၂။ | ဦးမှတ်ကျော် | = | ၄၄ နှစ် |
| ၁၃။ | ဦးဘရင် | = | ၄၄ နှစ် | ၁၄။ | ဦးထွန်းညွန့် | = | ၄၃ နှစ် |
| ၁၅။ | ဦးစိုးခြုံ | = | ၄၂ နှစ် | ၁၆။ | ဦးစိုးသစ် | = | ၄၂ နှစ် |
| ၁၇။ | ဦးဘတုတ် | = | ၄၂ နှစ် | ၁၈။ | ဦးမဲကျော် | = | ၄၁ နှစ် |
| ၁၉။ | ဦးအောင်ဖြိုး | = | ၄ဝ နှစ် | ၂ဝ။ | ဦးသာဒုတ် | = | ၄ဝ နှစ် |
| ၂၁။ | ဦးသာပြည့် | = | ၃၈ နှစ် | ၂၂။ | ဦးအောင်သွယ် | = | ၃၈ နှစ် |
| ၂၃။ | ဦးရာထွန်း | = | ၃၇ နှစ် | ၂၄။ | ဦးဘထွား | = | ၃၆ နှစ် |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၂၅။ ဦးဘမော် | = ၃၅ နှစ် | | ၂၆။ ဦးလှမျိုး | = ၃၅ နှစ် |
| ၂၇။ ဦးအုံးခိုင် | = ၃၅ နှစ် | | ၂၈။ ဦးစိုးညွန့် | = ၃၄ နှစ် |
| ၂၉။ ဦးသိုက်ညွန့် | = ၃၄ နှစ် | | ၃၀။ ဦးဘလှိုင် | = ၃၄ နှစ် |
| ၃၁။ ဦးအောင်ခန့် | = ၃၄ နှစ် | | ၃၂။ ဦးချစ်ထွန်း | = ၃၃ နှစ် |
| ၃၃။ ဦးချစ်သန်း | = ၃၃ နှစ် | | ၃၄။ ဦးဘခိုင် | = ၃၀ နှစ် |
| ၃၅။ ဦးချစ်သိန်း | = ၃၀ နှစ် | | ၃၆။ ဦးဘမော် | = ၃၀ နှစ် |
| ၃၇။ ဦးဘသိန်း | = ၃၀ နှစ် | | ၃၈။ ဦးဘထွန်း | = ၃၀ နှစ် |
| ၃၉။ ဦးဘယုံ | = ၃၀ နှစ် | | ၄၀။ ဦးဘစံ | = ၃၀ နှစ် |
| ၄၁။ ဦးဘအို | = ၃၀ နှစ် | | ၄၂။ ဦးရာသန်း | = ၃၀ နှစ် |
| ၄၃။ ဦးအောင်သိန်း | = ၂၉ နှစ် | | ၄၄။ ကိုသာမြူ | = ၂၈ နှစ် |
| ၄၅။ ကိုတော | = ၂၈ နှစ် | | ၄၆။ ကိုလှသိန်း | = ၂၆ နှစ် |
| ၄၇။ ကိုမှုန် | = ၂၆ နှစ် | | ၄၈။ ကိုစံဦး | = ၂၆ နှစ် |
| ၄၉။ ကိုသိန်းမောင် | = ၂၅ နှစ် | | ၅၀။ ကိုဘသိန်း | = ၂၄ နှစ် |
| ၅၁။ ကိုပျော်ဘွယ် | = ၂၄ နှစ် | | ၅၂။ ကိုအောင်စိုး | = ၂၃ နှစ် |
| ၅၃။ ကိုအောင်ထွန်း | = ၂၂ နှစ် | | ၅၄။ ကိုစိန်ဖေသန်း | = ၂၁ နှစ် |
| ၅၅။ ကိုအောင်သန်း | = ၂၁ နှစ် | | ၅၆။ ကိုဖြူ | = ၂၀ နှစ် |
| ၅၇။ မောင်နွားခိုင် | = ၁၉ နှစ် | | ၅၈။ မောင်အောင်ချမ်း | = ၁၈ နှစ် |
| ၅၉။ မောင်သာစိုး | = ၁၈ နှစ် | | ၆၀။ မောင်ခိုင်သိန်း | = ၁၈ နှစ် |
| ၆၁။ မောင်ထွန်းရှိန် | = ၁၈ နှစ် | | ၆၂။ မောင်တောမော် | = ၁၈ နှစ် |
| ၆၃။ မောက်စံထူး | = ၁၇ နှစ် | | ၆၄။ မောင်တင်အောင် | = ၁၇ နှစ် |
| ၆၅။ မောင်ချစ်မုန်း | = ၁၇ နှစ် | | ၆၆။ မောင်တင်အို | = ၁၇ နှစ် |
| ၆၇။ မောင်စိန်လုံး | = ၁၆ နှစ် | | ၆၈။ မောင်ထွန်းခိုင် | = ၁၆ နှစ် |
| ၆၉။ မောင်ဖြတ်စိန် | = ၁၆ နှစ် | | ၇၀။ မောင်ကျန်အောင် | = ၁၆ နှစ် |
| ၇၁။ မောင်ထွားပို | = ၁၆ နှစ် | | ၇၂။ မောင်သိန်းအုပ် | = ၂၆ နှစ် |
| ၇၃။ ကိုကျော်မြို့ | = ၂၆ နှစ် | | ၇၄။ ကိုအုပ်သိန်း | = ၂၄ နှစ် |

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချုပ်မှတ်စုမှာ

| | | |
|---|---|---|
| အသက် (၅၀)နှင့်အထက် | = | ၆ ဦး |
| အသက် (၄၀)နှင့် ၅၀နှစ်အောက် | = | ၁၄ ဦး |
| အသက် (၃၀)နှင့် ၄၀ နှစ်အောက် | = | ၂၂ ဦး |
| အသက် (၂၀-၂၉)နှစ် | = | ၁၆ ဦး |
| အသက် ၁၅-၁၉ နှစ် | = | ၁၆ ဦး |
| **စုစုပေါင်း** | = | ၇၄ ဦး တို့ဖြစ်ပါသည်။ |

မည်သို့ပင်ဖြစ်စေ သောင်းကျန်းသူ အလံနီများသည် သေရဲတာ အလံနီ တိုက်ရဲတာ အလံနီဟု ကြွေးကြော်ခဲ့ကြသော်လည်း နိုင်ငံတော်အစိုးရ တပ်မတော်၏ "အောင်မာယစစ်ဆင်ရေး" ကြောင့် သေသူသေ၊ ပြေးသူပြေး၊ လက်နက်ချသူ လက်နက်ချ၊ အလင်းဝင်သူ အလင်းဝင် စသည်ဖြင့် ကြက်ပျောက် ငှက်ပျောက် ပျောက်ခဲ့ကြရပြီး ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် ယောဒေသသည် အေးချမ်းသာယာလာပါတော့၏။

× × × × ×

## ပုံတောင် ပုံညာတစ်ခွင် ရောက်ခဲ့စဉ်

"ကိုဘိုကြီး လိုက်ပြီးရေးဗျာ။ မူရင်းသတ်ပုံအတိုင်း ရေးပါ။ အခုခေတ် သတ်ပုံနဲ့ မရေးနဲ့။ ကျွန်တော်ဖတ်ပြမယ်"

"ရပြီဆရာ ရေးမယ် ဖတ်ပါ။" "သက္ကရာဇ် ၂၁၁၀ ခု၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့တွင် တဲနိမ့်ရွာနေ ဘုရားတ္တာ မောင်မှို့ သမီး မောင်နံကောင်းမှု နိဗ္ဗာန်ဆုနတ်လူသာခု ခေါ်စေ၊ '

ဘုရားတစ်ဆူပြီးပြီ။ နောက်တစ်ဆူရဲ့ ကောင်းမှုစာတမ်းကို ဖတ်မယ်။

"သက္ကရာဇ် ၁၁၅၄ ခုနှစ်၌ ကျောရွာမနေ မယ်လုံမ် သား‌သမီးတစ်စု တိုင်စ်ကောင်းမှု၊ နိဗ္ဗာန်ဆု သာခုနတ်လူခေါ်ဇေသော"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘုရားတစ်ဆူရဲ့စာတမ်းကို ဆက်ပြီးဖတ်မယ်ဗျာ။

"သက္ကရာဇ် ၁၂၀၄ ခု၊ နတ္တော်လဆန်း (၂)ရက်နေ့တွင် ကျော့ရွာအစီရင်မင်း၊ ဘုရားတက္ကာ မောင်ရုံကင်း မယား မလွန်းသူ သမီးတဆုတို့ကောင်းမှု နိဗ္ဗာန်ဆု သာဓုနတ် လူခေါ်စေသောဝ်"

စာရေးသူနှင့် ကိုဘိုကြီးတို့သည် ကျော့ရွာ၊ အရှေ့ကျောင်းအတွင်းမှ စေတီနှင့် မံဘုရားများကို လေ့လာနေခြင်းဖြစ်ပါ၏။ လွန်ခဲ့သော အနှစ် (၂၀၀)ကပင် ကျော့ရွာမဆိုပြီး ရှိနေပြီဖြစ်ကြောင်း သိသာသည်။ တဲနိမ့်ရွာဆိုပြီးလည်း ကောင်းမှုတွင် တွေ့ရသည်။

"ဆရာကြီးတို့ ဘုရားတွေကို နောက်မှဖူးကြပါ။ ထမင်းစားကြရအောင်ကွပါ။ ဆရာတော်တွေက မကြွလာကြတော့ဘူးတဲ့။ ရေမျက်နီရွာ တောင်ပေါ်ကျောင်းမှာ နေ့ဆွမ်းကပ်တယ်ဆိုပြီး တယ်လီဖုန်းလာတယ်။ ဂန့်ဂေါက ထွက်လာ နောက်ကျတော့ ရေမျက်နီရွာ ကြေးစလောင်းတောင်ပေါ်ကျောင်းမှာပဲ ဆွမ်းစားကြတော့မှာတဲ့။ ကျော့ရွာကို ရောက်မှဆိုရင် မွန်းတိမ်းသွားမှာစိုးရိမ်ကြလို့တဲ့။ ဒီမှာလည်း ဘုန်းကြီးအပါး (၅၀)အတွက် ဆွမ်းချက်ထားတာ အလကားဖြစ်ကုန်ပြီ" ဆိုပြီး ကျော့ရွာဥက္ကဋ္ဌ ဦးမြို့ဆွေက လာပြောပြနေသည်။

၂၄-၂-၀၅ နေ့မှာ ဖြစ်ပါ၏။ ရန်ကုန်၊ မန္တလေး၊ အမရပူရမှ ဆရာတော်ကြီးများသည် ဂန့်ဂေါမြို့နယ်၊ ကန်ကျေးရွာ၊ ပရိယတ္တိစာသင်တိုက် နှစ် (၁၀၀)ပြည့်ပွဲတော်မှ ပြန်လာခြင်း ဖြစ်သည်။ စာရေးသူတို့သည် ကျော့ရွာ အရှေ့ကျောင်းမှာ ရောက်နေခြင်း ဖြစ်ပါ၏။

"ဘုရားတစ်ဆူရဲ့ အလှူရှင်စာတမ်းမှာ တဲနိမ့်ရွာဆိုတာ ဖတ်ရတယ်ဗျာ။ တဲနိမ့်ရွာဆိုတာ ဘယ်နားမှာလဲ" စာရေးသူက မေးလိုက်သည်။

"တဲနိမ့်ရွာဆိုတာ အခုတော့မရှိတော့ပါဘူးဗျာ။ ရှေးကရှိခဲ့တာပါ။ ကျော့ရွာရဲ့ မြောက်ဘက်က ကုန်းပေါ်မှာရှိခဲ့တာပါ။ တဲနိမ့်ရွာဆိုတာ မြို့နှမချောတွေ အလွန်ပေါတယ် မိန်းမချောတွေဆိုတာကလည်း အသက် (၁၆)နှစ်


www.burmeseclassic.com

www.burmeseclassic.com



ကျော်အောင် မနေရဘူးတဲ့။ (၁၆)နှစ်ရှိရင် သေကုန်တာပဲဆိုပြီး ကျုပ်တို့ မိဘတွေ၊ ဘိုးတွေက ပြောခဲ့ကြတယ်ဗျ” ဆိုပြီး အသက် (၇၄)နှစ်ရှိ ဦးအောင်သန်းက ပြောသည်။

စာရေးသူနှင့် ဦးအောင်သန်းတို့သည် ကျောချွန်ချောက်ဖျားရှိ ဆုတောင်းပြည့်စေတီနှင့် ရွှေကူဘုရားတို့ကို သွားရောက်ဖူးမြော်ကြသည်။ ဆုတောင်းပြည့်စေတီသည် သီရိမဟာသောကမင်းကြီး၏ မုတ္တောဘုရားများတွင် တစ်ဆူအပါအဝင် ဖြစ်သည်ဟု ဒေသခံများက ယုံကြည်လက်ခံထားကြသည်။ အတွင်းမှ ဗုဒ္ဓဆင်းတုတော်ပုံစံမှာ ကုန်းဘောင်ခေတ်အလယ်ပိုင်းပုံစံဟု ယူဆရသည်။ ထို့နောက် ဦးအောင်သန်းက သူ၏အိမ်မှာ ဧည့်ခံသည်။




“အလံနီခေတ်ကို ဦးအောင်သန်းမှီမှာပါ။ အတွေ့အကြုံလေးတွေကို ပြောပြစမ်းပါ” ဆိုပြီး စာရေးသူက ရေအေးအေးတစ်ခွက်ကို သောက်နေရင်း မေးလိုက်သည်။ သခင်စိုးနဲ့ သူရဲ့ဇနီးတွေကို မြင်ဖူးတွေ့ဖူးသလား၊ စကားပြောဖူးသလားဆိုပြီးလည်း မေးမိသည်။

“တွေ့ဖူးတာပေါ့ဗျာ၊ သခင်စိုးရဲ့ ဇနီးအကြီးက မနှင်းမေ၊ အလတ်က မငွေစံ၊ အငယ်ဆုံးက မခင်စုဆိုပြီး ရှိတာဗျ။ တစ်ပြိုင်တည်း ပေါင်းတာတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဗျ။ မနှင်းမေနဲ့ ပြဿနာဖြစ်တော့ မနှင်းမေကို ဟိုအရှေ့နားက ချောက်ထဲမှာ ချုပ်ထားတယ်။ နောက်တော့ မငွေစံနဲ့ပေါင်းတာ မနှင်းမေ နေသွားတဲ့နေရာနဲ့ အလံနီတွေ နေသွားတဲ့ ကျောက်ဂူကြီးဆိုတာ ရှိတယ်၊ သွားချင်ရင် လိုက်ပြပေးမယ်" ဟု ဦးအောင်သန်းက ပြောပြသည်။

ဤသို့ဖြင့် စာရေးသူနှင့်အတူ ဦးအောင်သန်း၊ ကိုဘိုကြီး၊ ကိုသိန်းထွေး တို့သည် ပုံတောင်တောင်မကြီးဘက်သို့ ဂျစ်ကားဖြင့် ထွက်လာခဲ့ကြသည်။ လယ်မမွှေရွာကို ကျော်လာပြီး မိုင်တိုင်အမှတ် (၇၀)တွင် ဂျစ်ကားကို ထားခဲ့သည်။ ကျောက်တောင်ကြီးကို ဖြတ်ကျော်နေရသည်။ ကျောက်တောင်ကြီးမှာ တစ်မိုင်ပတ်လည်လောက် ကျယ်သည်။ ကျောက်သားများပေါ်တွင် မျက်ပင် ကိုပင် မမြင်ရ။ သစ်ပင်ဆိုပါကလည်း အင်ကြင်းပင် သေးသေးကောက် ကောက် ပုပုလေးတွေကိုသာ မြင်ရသည်။

"ဆရာတော်ကြီး တရားထိုင်နေသည်။ မည်သူမျှ မဖူးရ၊ မတွေ့ရ၊ မသွားရ" ဟူသော ဆိုင်းဘုတ်လေးများကို တွေ့မြင်ရသည်။ "ဒီစာတွေက အရင် မဟာဗောဓိမြိုင်ဆရာတော်ကြီး သီတင်းသုံးတုန်းက ရေးထားတာပါ ဗျာ။ အခုသွားလို့ရပါတယ်။ အခု တရားကျင့်နေတာက ကျောရွာသား ဦးအာ လောက ဖြစ်ပါတယ်။ ဖူးလို့လည်း ရပါတယ်၊ အရင်ဆရာတော်ကြီးတုန်းက တော့ ဟောဒီနားက ဇရပ်မှာပဲ စောင့်ကြရတာဗျ။ ဆွမ်းခံကြွလာမှ ဒီဇရပ် အထိလာပြီး ဆွမ်းလောင်းကြရတာ" ဟု ဦးအောင်သန်းက ပြောပြသည်။ မကြာမီ ကျောက်ဂူကြီးသို့ ရောက်သည်။ ကျောက်ဂူကြီးဆိုသော်လည်း ကျောက်ဇရပ်ကြီးလို့သာ ထင်ရသည်။ လှိုဏ်ခေါင်းဟုမရှိ။ ကျောက်သား အမိုးကြီးက အရှေ့အနောက် ပေ (၁၀၀)၊ တောင်မြောက် ပေ (၄၀)ခန့် ကျယ်ဝန်းပါသည်။ လူ (၁၀၀)ကျော် အစည်းအဝေးလုပ်နိုင်ပါသည်။

"သခင်စိုးရဲ့မိန့်ခွန်းတွေ ကြွေးကြော်သံတွေ မမှတ်မိဘူးလားဗျာ" ဟု စာရေး သူက ကျောက်ဂူကြီးအတွင်း ခုံတန်းလေးပေါ်တွင် ထိုင်နေရင်း ဦးအောင် သန်းကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့သည် တရားထိုင်နေသော ဆရာတော် ဦးအာလောကကို နဝကမ္မ ငွေကျပ် ၅၀၀၀ိ/- (ငါးထောင်းကျပ်တိတိ) လှူလိုက်သည်။ ဆရာ တော်က ငွေကို လက်မခံ။ ငွေကို လုံးဝမကိုင်၊ ဒီမှာမထား၊ ငွေဟာ ရဟန်း တော်များအတွက် မကိုင်သင့်ဆိုပြီ လက်မခံပါ။ စာရေးသူတို့သည် နေပူပူ မှာ ကျောက်တောင်ကြီးကို ဖြတ်ပြီး ပြန်ခဲ့ကြသည်။

စာရေးသူတို့မှာ အချိန်မရသဖြင့် ဖုန်းဆိုကျယ်ရွာ၊ ကြက်ရိုးရွာ၊ ဇန်မွေးရွာတို့ကို စုံအောင်မသွားခဲ့ရပါ။ "ကွန်မြူနစ်သုံးပါတီ ညီညွတ်ရေး ဆွေးနွေးပွဲလုပ်တဲ့ နေရာဟာ ဘယ်နေရာလဲ သိသလား" ဟု စာရေးသူက မေးလိုက်မိပြန်သည်။

"မညီညွတ်ကြပါဘူးဗျာ၊ အတ္တတွေက အတော်ကြီးကြတာပဲ၊ အဆိုးမြင် ဝါဒသမားတွေပဲ၊ အဲဒီနေရာက ပုံတောင်တောင်ကြီးရဲ့ အရှေ့ဘက်ခြမ်း အလောင်းတော်ကဿပအနီး ပုလဲမြို့နယ်၊ ခင်သာကျေးရွာအနီးက ခင်သာ စခန်းဆိုတာပါ၊ ပုံတောင်တောင်ပေါ်မှာပါ၊ အလံနီသခင်စိုး၊ ဗကပ သခင် သန်းထွန်းနှင့် ပီစီပီ (ရဲဘော်ဖြူ)၊ ဗဟိုကော်မတီဝင်တွေ တက်ရောက်ခဲ့ရ တယ်လို့ ကြားခဲ့ရတာပဲ" ဟု ဦးအောင်သန်းက ရှင်းပြပေးပါသည်။

ဤသို့ဖြင့် ပုံတောင်ပုံညာတစ်ခွင်ရောက်ခဲ့စဉ် တစ်နေ့တာခရီးကို ၂၄-၃-၂၀၀၅ ရက်နေ့ ညနေ ၅ နာရီတွင် အဆုံးသတ်လိုက်ရပါတော့၏။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com





အနောက်ဂန့်ဂေါမှ စွယ်တော်ရှင် ဘုရား 172

အနောက်ကံကော်မှ စွယ်တော်ရှင်ဘုရားဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



# တနာသဘောခံ သာသနာ့ ထွန်းလင်းရာမြေ

## အနောက်ဂန့်ဂေါ စွယ်တော်မြတ်စေတီ

ဂန့်ဂေါမြို့ဆိုသည်မှာ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်သည်။ ဂန့်ဂေါခရိုင်တွင် ဆောမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်ဟူ၍ ၃ မြို့နယ်ပါဝင်သည်။ ထို ၃ မြို့နယ်ကို စုပေါင်းပြီး ယောသုံးမြို့နယ်ဟု ခေါ်ကြသည်။ ယောဒေသသည် ယောဆရာတော်ကြီးနှင့် ဂျပန်ဆရာတော်ကြီးတို့ကို အကြောင်းပြုပြီး ပိုမိုထင်ရှားလာသည်။ တဖန် ပဲခူးမြို့အဝင် ၁၀မိုင်စခန်းတွင် မုံလယ်ဆရာတော်ကြီး၏ မမွေရိပ်သာကို ဖွင့်လှစ်လိုက်သဖြင့် အနောက်ဂန့်ဂေါဆိုပြီး ထင်ရှားလာပြန်သည်။ ဂန့်ဂေါမြို့ကို အရှေ့ဂန့်ဂေါနှင့်အနောက်ဂန့်ဂေါဆိုပြီး မြစ်သာမြစ်က ပိုင်းခြားထားသည်။ မြစ်သာမြစ်ကို ကြိုးတံတားဖြင့် ဖြတ်ကူး တည်ဆောက်ထားသည်။ အနောက်ဂန့်ဂေါသည် မုံလယ်ဆရာတော်ကြီး၏ မုံလယ်တောရကျောင်းနှင့် စွယ်တော်ရှင်ဘုရားတည်ရှိသဖြင့် နာမည်ကြီးနေသည်။ စာရေးသူတို့အဖွဲ့သည် ၂၅-၆-၂၀၀၁ ရက်နေ့က အနောက်ဂန့်ဂေါမြို့သို့ ရောက်ခဲ့ကြသည်။ စွယ်တော်ရှင်ဘုရားသည် အနောက်ဂန့်ဂေါမြို့၏ ရွာလယ်တွင် ရှိသည်။ စွယ်တော်ရှင်စေတီတော်၏ သမိုင်းကြောင်းမှာ ခိုင်လုံလှသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀၃၄ ခုနှစ် ၁၀၆၀ ခုနှစ်အထိ ညောင်ရမ်းခေတ် အင်းဝမြောက်မင်း ဖြစ်သော မင်းရဲကျော်ထင်နန်းစံနေသော အချိန်အခါဖြစ်သည်။ ၁၀၄၉ ခုနှစ် တွင် အနောက်ကန်ကောရွာကျောင်းဆရာတော် အရှင်စန္ဒာလင်္ကာရဆရာ တော်၏ တပည့်ကျောင်းသား မောင်ထွားသည် အဖော်ဖြစ်သူ မောင်သာဒိုး နှင့်အတူ မြစ်သာမြစ်တွင် ရေချိုးခဲ့ကြသည်။ မောင်ထွားသည် မြစ်သာမြစ် အတွင်း အတောင် ၂၀ ရေအနက် ရှိသောနေရာတွင် ရေငုပ်သွားမိလေရာ ရေအတွင်း မီးဝင်းဝင်းတောက်နေသော အရာတစ်ခုကို တွေ့မြင်ခဲ့သဖြင့် ဆရာတော်အရှင်စန္ဒာလင်္ကာရကို လျှောက်ထားခဲ့သည်။ ဆရာတော်သည် မောင်ထွားအား ထိုအရာဝတ္ထုကို ဆယ်ယူရန် ခိုင်းစေခဲ့သည်။ ဆယ်ယူရရှိခဲ့ သည်။ ထိုအရာဝတ္ထုသည် အလျား ၃ သစ်၊ လုံးပတ် ၁ သစ်ရှိပြီး စဉ်းငယ် ကိုင်းရောင် ရှိသည်။ အရှင်စန္ဒာလင်္ကာရဆရာတော်သည် ကျောင်းပေါ်တွင် ထိုအရာဝတ္ထုမှ နေ့စဉ်ရောင်ခြည်တော် ခြောက်သွယ်လွှတ်နေသည်ကို အများ ပြည်သူများနှင့်အတူ ဖူးမြော်ကြရသည်။ ကန်ကော်ရွာအနီးတစ်ဝိုက်မှ ရွာသူ ရွာသားများ နေ့စဉ်လာရောက်ပြီး စွယ်တော်ကို ဖူးမြော်ခဲ့ကြသည်။ ထိုသတင်း ကို အင်းဝဘုရင် မင်းရဲကျော်စွာ ကြားသိတော်မူသည်။ အင်းဝဘုရင်သည် စွယ်တော်ကို သွားရောက်ပင့်ဆောင်ရန် ခြေလျင်တော်တပ်ဖွဲ့ကို ၁၀၄၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့တွင် စေလွှတ်ခဲ့သည်။ ကန်ကော်ရွာသို့ ရောက်ပြီး စွယ်တော်နှင့်အတူ မောင်ထွားနှင့်မောင်သာဒိုးတို့ကိုပါ ခေါ်ဆောင် ပြီး ပြန်လာခဲ့ရာ တော်သလင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့တွင် အင်းဝ မြို့တော်အနီး ရွာသစ်ကြီးသို့ ဆိုက်ရောက်သည်။ ရွာသစ်ကြီးရွာမှ တစ်ဆင့် နေပြည်တော်သို့ အိမ်ရှေ့မင်း စနေမင်းကိုယ်တိုင် ဦးစီးပြီး ပင့်ဆောင်ခဲ့သည်။ ဤသည်တို့ကား ဦးအံ့ကြီးရေးသားထားသော အနောက်ဂန္ဓဝေါ စွယ်တော်ရှင် ဘုရား သမိုင်းစာအုပ်မှ ရေးသားချက်များ ဖြစ်ပါသည်။ စာရေးသူသည် ဤသမိုင်းကြောင်းကို မှန်ကန်မှု ရှိမရှိသိရအောင် ဦးကုလား မဟာရာဇဝင် တော်ကြီး တတိယတွဲကို ရှာဖွေဖတ်ရှုလေ့လာမိသည်။ ဦးကုလား၏ မဟာ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်စာအုပ်ကြီးတွင် ၁၀၇၆-၁၀၉၅ ခုနှစ်တွင် နန်းစံသော တနင်္ဂနွေမင်းလက်ထက်တွင် ရေးသားခဲ့သည့် ရာဇဝင်စာအုပ်ဖြစ်သည်။ ကန်ကော်ရွာမှ စွယ်တော်ကို အင်းဝဘုရင် မင်းရဲကျော်ထင်က ပင့်ဆောင်ခဲ့သော ၁၀၄၉ခုနှစ်နှင့် ရာဇဝင်တော်ကြီးစာအုပ်ကို ရေးသားသောခုနှစ်တို့မှာ နှစ်ပေါင်း ၃၀ နီးပါးမျှသာ ကွာခြားသဖြင့် ရာဇဝင်ရေးသူဦးကုလားကိုယ်တိုင် ဖူးမြင်ခဲ့ရမည်လားဟု ယူဆသဖြင့် အမှန်ကန်ဆုံး အထောက်အထားဖြစ်စေရန် ဦးကုလားမဟာရာဇဝင်တော်ကြီးကို ရှာဖွေဖတ်ရှုခဲ့ရခြင်း ဖြစ်လေသည်။ တွေ့ရပါပြီ၊ ဦးကုလားမဟာရာဇဝင်တော် ကြီးစာအုပ်၊ တတိယတွဲ စာမျက်နှာ ၃၁၂ တွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

"သက္ကရာဇ် ၁၀၄၉ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၀) ရက်၊ စနေနေ့ ဘုရားသခင်စွယ်တော် ကန်ကောရွာအရပ်၌ ထင်ရှားစွာသီတင်းသုံးသည်ဟူ၍ ကြားတော်မူသောကြောင့် ဝေါပလာနှင့်ပင့်မည်သွားရသည်။ တော်သလင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့ လှော်ကားကိုးစင်းရွှာသစ်ကြီးတိုင်အောင် ကြိုရသည်။ မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းတို့ကိုလည်း လှေလောင်းလက်ပြည့်နှင့် ဗုံမောင်းနှုရည်း၊ ခရာတင်၍ လက်ပံစဉ်တိုင်အောင် ကြိုရသည်။ စွယ်တော်ရောက်လျှင် တော်သလင်းတဲးတော်ဆိပ်က ရတနာပြောင်မွန် ဆင်တော်တွင် ပြဿဒ်တင်၍ စံရာ တံခါးက ဆောင်တော်မူသည်။ ယင်းတို့မှ ရွှေလွှတ်တော်ရှေ့ စွယ်တော်စင်တွင် သီတင်းသုံးစေ၍ ကိုးကွယ်တော်မူသည်။"

တဖန် ဦးကုလားရာဇဝင်တော်ကြီး တတိယတွဲစာအုပ် စာမျက်နှာ ၃၅၃ တွင် -

"သက္ကရာဇ် ၁၀၆၁ ခုနှစ် ဝါခေါင်လဆန်း (၉) ရက် တနင်္လာနေ့ နံနက် ၄ ချက်တီးကျော်တွင် စွယ်တော်ကို ပြဿဒ်ကပနဲ့၍ ပြည်သူတို့ ပူဇော်ရသည်ဟူ၍ ရေးသားဖော်ပြထားသည်။ သက္ကရာဇ် ၁၀၆၀ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင်မင်းရဲကျော်ထင် နတ်ရွာစံ၍ သားတော်စနေမင်း (သီရိမဟာသီဟသူရဓမ္မရာဇာ) နန်းတက်သည်။ ဤမှတ်တမ်းကို ရေးသားချိန်နှင့် နှစ်ပေါင်း ၂၀ မျှသာ ကွာခြားသည်။ ရာဇဝင်တော်ကြီးကို ရေးသားသူ ဦးကုလားကိုယ်တိုင်ပင် ထိုကန်ကော်ရွာမှ စွယ်တော်ကို ဖူးခွင့်ကြုံခဲ့မည်မှာ ဧကန်ဖြစ်ပေသည်။ ကန်ကော်ရွာမှ စွယ်တော်သည် အင်းဝနေပြည်တော်တွင် ၁၀၄၉ ခုနှစ်မှ ၁၀၆၁ ခုနှစ်အထိ ရှိနေခဲ့ကြောင်းလည်း သိခွင့်ရသည်။ စွယ်တော်ရှင်သမိုင်းတွင် စွယ်တော်သည် အင်းဝမှ ကန်ကော်ရွာသို့ ၃ကြိမ်တိတိ ပြန်ကြွလာသဖြင့် အင်းဝသို့ ပြန်ပို့ကြရသည်။ သက္ကရာဇ် ၁၀၆၇ ခုနှစ်တွင် စွယ်တော်သည် အင်းဝမှ ကန်ကော်ရွာသို့ တတိယအကြိမ် ပြန်ကြွလာသည်။ အင်းဝဘုရင် စနေမင်းသည် စွယ်တော်သည် ကန်ကောရွာမှာသာ ပျော်သည်ဖြစ်၍ ကန်ကော် ရွာသားများ ကိုးကွယ်စေဟု အမိန့်ထုတ်ခဲ့သဖြင့် အရှင်စန္ဒာလင်္ကာရသည် စွယ်တော်ရှင်စေတီကိုတည်၍ စွယ်တော်ကို ဌာပနာခဲ့လေသည်။ တဖန် ၁၂၇၀ ပြည့်နှစ်၌ ယင်းစေတီငယ်ကို မွမ်းမံတည်ဆောက်ခဲ့သဖြင့် အနောက်ဂန့်ဂေါမြို့တွင် စွယ်တော်ရှင်စေတီကြီးကို သပ္ပာယ်စွာ ဖူးမြော်ကြရပေသည်။ စာရေးသူတို့သည် ထိုစွယ်တော်ရှင်စေတီကို လေ့လာဖူးမြော်ခဲ့ကြသည်။ ဘုရားဝင်းအတွင်း၌ ကျောက်စာတွေ့သဖြင့် ရေးကူးမည်ပြုနေစဉ် အတူလိုက်ပါလာသူ ကိုမောင်ကိုက 'ဆရာကြီး ဦးကြာထွန်း၏ ယော' စာအုပ်ထဲမှာ ပါဝင်သည်ဟုဆိုသဖြင့် ကျောက်စာရေးကူးခြင်းကို ရပ်ခဲ့ရသည်။

နေအိမ်သို့ ပြန်ရောက်မှပင် ဆရာကြီး ဦးကြာထွန်း၏ ယောစာအုပ်စာမျက်နှာ (၇၅) တွင် စွယ်တော်ရှင်သည် ဂေါတမဘုရားရှင်၏ စွယ်တော် (၄)ဆူအနက် နဂါးပြည်မှာ တည်သည်ဆိုသော အောက်လက်ျာစွယ်တော်ဖြစ်ကြောင်းကိုလည်း သက္ကရာဇ် ၁၀၅၉ ခုနှစ်တွင် ရွှေနန်းရိုးလမိုင်းဝန်းက မောင်သာဒိုးအား ရှင်းပြခဲ့သော အပိုင်းတွင် ဖတ်ရသည်။ မှတ်ရသည်။ မည်သို့ပင်ဖြစ်စေ ရာဇဝင်သမိုင်းကြောင်း ခိုင်မာလှသော အနောက်ဂန့်ဂေါမြို့မှ စွယ်တော်ရှင် စေတီကိုဖြင့် သွားရောက်ဖူးမြော်သင့်ကြကြောင်းပါ ခင်ဗျား။


× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ထီးလင်းမြို့မှ ရွှေကွန်အုပ်ဘုရား



ပုဂံနိုင်ငံတွင်ကောဇာသက္ကရာဇ် ၁၀၆-ခုနှစ်မှ ၁၁၅ ခုနှစ် (A.D 744-735) အတွင်း ပုဂံနေပြည်တော်တွင် သိန်းခွန်မင်း၏ သားတော် ရွှေလောင်းမင်း နန်းစံသည်။ ပုဂံမင်းဆက် (၅၅)ဆက်တွင် (၂၈)မင်းဆက်မြောက် ဖြစ်သည်။ ရွှေလောင်းမင်းနန်းတက်ပြီး (၄)နှစ်အကြာ ကောဇာသက္ကရာဇ် ၁၁၀ နှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် နန္ဒရာဇာမည်သော စော်ဘွား ကြီးသည် ထီးလင်းဟု နောင်တွင်ခေါ်တွင်မည့်မြို့ကို တည်ထောင်သည်။ ချင်းရိုးမတောင်ကြီး အရှေ့ဘက် ဆင်ခြေလျှော မောချောင်း၏ အရှေ့ဘက် ယခုရွှေကွန်အုပ်စေတီ၏ အနောက်ဘက် မိုင်ဝက်ခန့်အကွာ ကုန်းမို့မို့ပေါ်

www.burmeseclassic.com



တွင် ဖြစ်သည်။ မောချောင်းသည် ယခုအခါ အရှေ့ဘက်သို့ ရေလမ်းပြောင်းလာခဲ့သဖြင့် ရွှေကွန်အုပ်ဘုရားနှင့် ထီးလင်းရွာဟောင်းမှာ မောချောင်း၏ အနောက်ဘက်၌ တည်ရှိနေသည်။ ကောဇာသက္ကရာဇ် ၄၅၃ (A.D 1091) ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ထိုကျေးရွာကို ထီးလင်းဟု အမည်ပေးခဲ့သည်ဟု ဆို၏။ (**မှတ်ချက်** - အလောင်းစည်သူမင်း၏ နန်းစံသက္ကရာဇ်မှာ A.D 1113 - 1167) ဖြစ်သည်။ ကျန်စစ်သားသည် အလောင်းစည်သူမင်းကို ရင်ခွင်ပိုက်မင်းအဖြစ် အုပ်ချုပ်စေခဲ့၏။ ထို့ကြောင့် ကျောက်စာအရ ၄၅၃ ခု ဟုဆိုသဖြင့် အလောင်းစည်သူမင်း မင်းမဖြစ်မီ (၁၂)နှစ်အလိုမှာ ကြွလာသည်ဟု ဆိုလိုပေသည်။ သို့သော် ဦးကုလား၏ ရာဇဝင်ကြီးအရမှာ အလောင်းစည်သူမင်း၏ နန်းတက်သက္ကရာဇ်မှာ ၄၅၀ ခုနှစ်သာ ဖြစ်သဖြင့် ဦးကုလား ရာဇဝင်သက္ကရာဇ်ကိုသာ ယူကြရမည် ဖြစ်ပါ၏။

ကောဇာသက္ကရာဇ် ၁၃၀ ခုနှစ်တွင် စော်ဘွားကြီး နန္ဒရာဇာသည် မြို့တည်ပြီး သားတော်သမန္တရာဇာ ဆက်ခံသည်။ ထို့နောက် ပုညစည်သူ စော်ဘွား ဆက်ခံသည်။ ထို့နောက် စော်ဘွားဆက်မှာ နှစ်ပေါင်း (၃၀၀)ကျော် ပြတ်နေခဲ့သည်ဟု သမိုင်းမှာ ဆိုသည်။ အနော်ရထာမင်းလက်ထက်မှစပြီး ထီးလင်းကို ပုဂံမှ တိုက်ရိုက်အုပ်ချုပ်ခဲ့ဟန် တူသည်။ သို့သော် ထီးလင်းဟူသောအမည်မှာ A.D 1091 ခုတွင်မှ ခေါ်ဝေါ်ခဲ့ကြသည်။ ပုဂံနိုင်ငံတော်ကြီး ပျက်ပြီးနောက်တွင် ထီးလင်းမြို့၌ စော်ဘွားစနစ်ဖြင့် ပြန်လည်အုပ်ချုပ်လာခဲ့ဟန်တူသည်။ ခန်းပတ်စော်ဘွား အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ တဖန် စော်ဘွားဆက် ပြတ်သွားပြီး ဟံသာဝတီ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် သက္ကရာဇ် ၉၃၃ ခုနှစ်၌ မိုးကောင်းစော်ဘွားကြီး၏သား ဦးစောနံကို ထီးလင်းစော်ဘွား ခန့်အပ်ပြီး ထီးလင်းကို အုပ်ချုပ်သည်။ ဦးစောနံမှစပြီး သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် တောင်တွင်းစားဘွဲ့တော်ခံ စော်ဘွားဦးကျံအထိ စော်ဘွားဆက် (၈) ဆက် အုပ်ချုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက် သက္ကရာဇ် ၁၁၂၀ ခုနှစ်တွင် ယခုထီးလင်းမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ဂိုဏ်းအုပ်ဆရာတော် အရှင်ဇောတယန္တ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့၏ ဩဝါဒကိုခံယူပြီး စော်ဘွားကြီး ဦးကျံသည် ထီးလင်းမြို့ကို တည်ထားခဲ့သည်ဟု ဦးထွန်းကြီး၏ ရွှေကွန်အုပ်ဘုရားသမိုင်းမှာ ဆိုသည်။ ဂိုဏ်းအုပ်ဆရာတော် အရှင်ဇောတယန္တဆရာတော်ကြီးသည် ပထမကျော်အောင်စံထားဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည်။ ယောမှုကဒီနိဿယကို ရေးသားတော်မူခဲ့သဖြင့် ယောဆရာတော်ဟု ထင်ပေါ်ကျော်ကြားခဲ့သည်။

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် အလောင်းဘုရား ဦးအောင်ဇေယျ၏ သားတော်အငယ် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းနန်းတက်သောအခါ အုပ်ချုပ်ရေးစနစ်များကို ပြုပြင်ပြောင်းလဲခဲ့သည်။ ထီးလင်းမြို့ကို အုပ်ချုပ်သော စော်ဘွားဦးကျံ၏သား ဦးမြတ်စံကိုလည်း စော်ဘွားအရာမှ မြို့သူကြီးအရာပေးပြီး အုပ်ချုပ်စေသည်။ ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းသည် တစ်နိုင်ငံလုံးရှိ ကျောက်စာများကို နေပြည်တော် အမရပူရသို့ ပို့စေပြီး အသစ်ရေးကူးစေသည်။ ကျောက်စာဟောင်းမှာ ပုဂံခေတ် အရေးအသားဖြစ်၍ နှောင်းခေတ်လူများ မဖတ်တတ်ကြပေ။ ဗဒုံမင်းသည် ကျောက်စာပါ အချက်အလက် အကြောင်းအရာအချို့ကိုသာ ဖြုတ်၊ ဖြတ်၊ ပြုပြင်ပြီး မူရင်းအဓိပ္ပါယ်မပျက်ရအောင် ဘိုးတော်စပ်ထိုး ကျောက်စာဟု ပြင်ဆင်ရေးသားစေသည်။ ရွှေကွန်အုပ်ဘုရားမှ အလောင်းစည်သူမင်း၏ ကျောက်စာ ၄၅၃ ခုနှစ် ရေးထိုးကိုလည်း မြို့သူကြီး ဦးမြတ်စံက နေပြည်တော် အမရပူရသို့ ပို့ပေးရသည်။ ရွှေကွန်အုပ် ဘုရား၏ ဘိုးတော်စပ်ထိုးကျောက်စာဟု ဖြစ်ပေါ်၍ လာခဲ့ရသည်။ ယခုအခါ မန္တလေးမြို့ မဟာမုနိတံတိုင်းအတွင်း ဘုရား၏ အနောက်ဘက်တွင် တည်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထီးလင်းမြို့ ရွှေကွန်အုပ်ဘုရားကျောက်စာ ဘိုးတော်စပ်ထိုး

(၁)

ဇေယတု။ ။ ယထာနေရုရဝိသသိ။ လ
ပန်ဆင်တော်မူ၍။ ။
သက္ကရာဇ် ၄၅၃ ခု။ အရိမဒ္ဒနာမည်သော ပုဂံ
ပြည်ကြီးနိုက်။ အလောင်းစည်သူမင်းကြီးသည်။
တိုင်းခွင်လှည့်တော်မူသောအခါ။ ကွန်းထောက်
စခန်းချတော်မူရာ အရပ်ဝယ်။ ထီးဖြူတော် အလို
လို ပွင့်သည်ကို။ အကြောင်းပြု၍။ ထီးလင်း
တွင်သောအရပ်နိုက်။ အင်းထဲတွင် ရွှေငါးကြင်း
ရောင် မွေတော်ဆောင်သည်ကို ငါးကြင်းထင်၍။
ဘမ်းသော်လည်း မရ။ ရွှေကွန်နှင့်အုပ်မှရသော
မွေတော်ကို။ ဌာပနာတည်ထား သည်ကို အစွဲပြု
၍။ ရွှေကွန်အုပ်တွင် သောဘုရားအား။ လှူ
သော ကျွန်သီးတော်ဝယ် မိုးဝတ်မြေများကို။
မြဲမြံစွာ တည်စိမ့်သောငှါ ကျောက်စာမော်ကွန်း
နှင့် ဆင့်၍ လှူဒါန်းတော်မူပြန်သတည်း။ ။
လှူတော်မူသော။ ကျွန်သီးတော်ကား။ ငအုပ်
တုပ်။ ငသံချေ။ ငမုလေ။ ငလွတ်စင်။ ငသန်မြင်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ငဆောက်။ ငရောက်။ ပေါင်းကျွန်သီးတော် ၈ ယောက်တည်း။ ။ လှူသောမိုးမြေကား။ စေတီ အရှေ့လယ် ၅ပဲ။ အင်းမလယ် ၁၄ဲ။ အရှေ့ တောင်လယ်ငယ်၁။ သရက်ပင်မြောက် အစွန် လယ်ငယ် ၁။ လှူတော်မူသတည်း။ ။ စော်ဘွား ခန်းပလှူသော အလုပ်အကျွေးကား။ ငညို အောင်။ သမီးမိချင်းမ။ ၃အိမ် ထောင်တည်း။ ။ဤသို့ မှတ်သားပိုင်းခြားလျက်။ ရွှေကွန်အုပ် ဘုရားရှင် ကျွန်သီးတော် မြေရပ်များသည်။ ဘုရားရှင်အမှုတော်ကို လုပ်ကိုင်ပြင်ဆင်ဆောင် ရွက်ခြင်း။ ဆယ်ဘို့ တဘို့ ဒသမဘာဂဖြစ်သော မြေဆီမြေခွန်အားဖြင့်။ သာသနာတော် ၅၀၀၀ ပတ်လုံး။ ဆုံးသည် တိုင်အောင်။ ဘုရားရှင်အား ကျေးဇူးများစွာ ဖြစ်ပစေဟူ၍။ သမ္မာ သမ္ဗောဓိ ဆုကို ပန်ဆင်တော်မူလျက်။ ။သက္ကရာဇ် ၁၁၄၇ခု။ သီတင်းကျွတ်လပြည့်ကျော် ၉ရက် ၅နေ့။ နံနက် ၄ ချက်တီးကျော် ၃နာရီတပါဒ် ရှစ်ဗီဇနာ ပြန်ပြည့်ခရာပြည့်အခါတွင်။ အမရ ပူရ ရွှေမြို့တော်ကြီးတည်။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ရွှေနန်းတော်သခင် ဆင်ဖြူများရှင် အသျှင်ဘ၀ ရှင် မင်းတရားကြီး ဘုရား ရွှေကရားနှင့် ရေစက်တော်သွန်း၍။ ကျောက်စာမော်ကွန်းအသစ် ထူလျှက်။ ဆင့်၍ လှူဒါန်းတော်မူပြန်သတည်း။

၁၁၅၅ ခုနှစ်စ၍။ကျောက်ထက်အက္ခရာ တင်ထားတော်မူသည်။

| | |
|---|---|
| အထက်မြန်မာနိုင်ငံအဝှန်းနံပါတ် | ၃၄၁ |
| ဒက္ခိဏာခရိုင်အဝှန်းနံပါတ် | ၃၁ |
| ပခုက္ကူဒိစတြိတ်နံပါတ် | ၃၁ |
| ထီးလင်းမြို့အရပ်ဌာနနံပါတ် | ၁ |

| | |
|---|---|
| ကျောက်စာအမည် | ရွှေကွန်အုပ်ဘုရား ကျောက်စာ |
| မူလ။ဆင့်ထိုး။စပ်ထိုး။ | |
| ပြုဆိုချက် | ဘိုးတော်စပ်ထိုး |
| မူလတည်ရာဌာန | ထီးလင်းမြို့။ |
| ယခုတည်ရာဌာန | မဟာမုနိတန်တိုင်း အတွင်း |
| လှူဒါန်းသည့်ဝတ္ထု | ရွှေကွန်အုပ်ဘုရားကို၊ |
| အဆောက်အဦ | ဝတ်မြေ။ |
| | ကျွန်သီးတော်အလှူ |

မူရင်း ၄၅၃ ခုနှစ်
လှူဒါန်းသူ အလောင်းစည်သူမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေကွန်အုပ်ဘုရားသမိုင်းအကျဉ်း

(က) သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း(၈၄၀၀၀)တွင် အပါအဝင် မုဋ္ဌောဘုရားဖြစ်သည်။

(ခ) သက္ကရာဇ် ၄၅၃ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးမှ ထပ်မံတည်ထားခဲ့သည်။

(ဂ) ရှေးမင်းအဆက်ဆက်သို့ ထပ်မံပြုပြင် တည်ဆောက်ခဲ့သော ရွှေကွန်အုပ်စေတီကြီးကို သက္ကရာဇ် ၁၂၇၀ ခုနှစ်တွင် ထီးလင်းမြို့အုပ် ငွေဓားရမင်း မောင်သဲကြီး ဦးစီးပြီး မြို့သူမြို့သား အများကောင်းမှုဖြင့် ပြုပြင်တည်ထားခဲ့သည်။

(ဃ) ၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက် 11-11-70 ဗုဒ္ဓဟူးနေ့တွင် မိုး (၂)လ်လုံးလုံး ရွာနေသဖြင့် စေတီတော်ကြီး ပြိုကျခဲ့ရသည်။

(င) ထို့နောက် စေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်။

× × × × ×

## ယောမြို့ကျောင်းကြီးရှင်ချစ်စေတီတော်

ယောမြို့ကျောင်းကြီးရှင်ချစ်စေတီတော်သမိုင်းစာအုပ်ကို သမိုင်းပြုစုရေးအဖွဲ့တွင် ပါဝင်ကြသော ပုဂ္ဂိုလ်များမှာ -

၁။ ဦးသီလာစာရ - နတ်ရဲရွာ

၂။ ဦးသိဒ္ဓိဝရ - လေးရွာ

၃။ ဦးသုဇနိတ - ကျောက်ပျဉ်းရွာ

၄။ ဦးမဲကြီး - ကျောက်ထုရွာတို့ လေးဦးမှ

သုတေသနပြု လေ့လာပြီး ၁၃၃၆ ခုနှစ်တွင် စတင်လေ့လာ ရေးသားမှတ်တမ်းတင်ထားခဲ့ရာ ၁၃၄၅ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့စာအုပ်တွင် ဖော်ပြချက်အရ ယောဒေသတွင် (၁) မုဋ္ဌော (၉)ဆူ၊ (၂) ကျောက်ကြီး (၉)လုံး၊ (၃) သစ်ကြီး (၉)ပင်၊ (၄) လယ်ကြီး (၉)ကွင်း၊ (၅) နတ်ကြီး (၄)ပါးတို့သည် ထင်ရှားရှိပေ၏။ ထိုအကြောင်းအရာများကို ၁၉၁၂ ခုနှစ်၌ ရေးသားထုတ်ဝေခဲ့သော ပခုက္ကူခရိုင်ဂေဇက်တီးယားစာအုပ် တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသည်ကို ဖတ်ခဲ့ရသည်။ မုဋ္ဌော (၉)ဆူ တည်ရှိရာ ဒေသများမှာ -

| | | | |
|---|---|---|---|
| ၁။ | မြို့ပေါက်ရွာ | - | သစ်သိမ့်ဘုရား |
| ၂။ | ယော၊ ကြာခတ်မြို့ | - | ကျောင်းကြီးရှင်ချစ်ဘုရား |
| ၃။ | ချင်းတောင် | - | အနန်းဘုရား |
| ၄။ | တန်ချောင်းရွာ | - | သန္တာန်ဘုရား |
| ၅။ | လောင်းရှည်ရွာ | - | သိန်းကျင်းဘုရား |
| ၆။ | ပုဂံခရိုင်၊ အကျော့(၉)ရွာ | - | အလိုတော်ပေါက်ဘုရား |
| ၇။ | ပေါက်မြို့နယ်၊ ယင်းမာရွာ | - | ရွှေမုဋ္ဌော၊ ရွှေပေါင်လောင် |
| ၈။ | မြိုင်မြို့နယ်၊ ဗဟာင်းရွာ | - | ရွှေဗဟာင်းဘုရား |
| ၉။ | ထီးလင်း၊ သရခါရွာ | - | ရွှေကွန်အုပ်ဘုရား |

**ကျောက်ပါသောရွာကြီး (၉)ရွာမှာ -**

၁။ ကျောက်ကာရွာ (ပေါက်မြို့နယ်)
၂။ ကျောက်ခွက်ရွာ (ပေါက်မြို့နယ်)
၃။ ကျောက်မဆင်ရွာ (ပေါက်မြို့နယ်)
၄။ ကျောက်ထုရွာ
၅။ ကျောက်စစ်ရွာ
၆။ ကျောက်ဆွဲရွာ
၇။ ကျောက်အိုးရွာ
၈။ ကျောက်ထရံရွာ
၉။ ကျောက်ခရိုင်ရွာ

www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီး (၉)ပင်ခေါ် သစ်ပင်အမည်ရှိ ရွာကြီး (၉)ရွာမှာ -

၁။ ပေါက်ရွာ
၂။ ယင်းမာရွာ
၃။ ပျဉ်းချောင်းရွာ
၄။ ညောင်ဝန်းရွာ
၅။ ပိန္နဲရွာ
၆။ ရှားလှရွာ
၇။ အုပ်နဲရွာ
၈။ လက်ပန်ရွာ
၉။ ကျွန်းရင်းရွာ

လယ်ကြီး (၉)ကွင်း၊ လယ်ပါသောကျေးရွာ -

၁။ လယ်ယာရွာ
၂။ လယ်အိုရွာ
၃။ လယ်မရွာ
၄။ လယ်ရင်းရွာ
၅။ လယ်ဘောရွာ
၆။ လယ်တီရွာ
၇။ လယ်လမ်းရွာ
၈။ လယ်တော်ရွာ
၉။ လယ်ဦးရွာ

နတ်ကြီး (၄)ပါး -

၁။ နတ်ရဲရွာရှိ ခန်းထိုနတ်ကြီး (ဘိုမင်းကြီးဟုခေါ်)
၂။ ပိန္နဲရွာရှိ မအိုနတ်ကြီး
၃။ တေးရွာရှိ ကျောက်ခရိုင်နတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com




၄။ ချင်းတောင်ရှိ ကမ်းပြိုနတ်ကြီး

ဤသည်တို့မှာ ရှေးအခါက ကြာခတ်မြို့၏ နယ်နိမိတ်အတွင်းမှ မှတ်သားဖွယ်ရာများ ဖြစ်ပါ၏။ အချို့ကျေးရွာများမှာ ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့တွင် ပါဝင်နေပါသည်။

× × × × ×

ကျောင်းကြီးရှင်ချစ်စေတီ




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးရှင်ချစ်စေတီကို ကျောက်ထုလေယာဉ်ပျံကွင်းအသစ်ကြီး အနီး၌ ဖူးတွေ့နိုင်ပါ သည်။ နှစ်စဉ်တန်ခူးလပြည့်နေ့တွင်၊ ဆွမ်းတော်ကြီးလောင်းပွဲ ကျင်းပပါသည်။ ယောဘုရားပွဲဟု နာမည်ကြီးလှပါသည်။ ယောမလေ့ကို လေ့လာလို သူများသည် ယောဘုရားပွဲသို့ မရောက်ရောက်အောင် သွားရောက်လေ့လာသင့်ပါသည်။

ကျောင်းကြီးရှင်ချစ်စေတီသည် မုဋ္ဌော (၉) ဆူ အပါအဝင် ဖြစ်သည်။ ကျောင်းကြီးရှင်ချစ်ဆိုသည်မှာ ကြောင်ကြီးရှင်ချစ်ဟူသော စာလုံးမှ ဆင်းသက်လာသည်ဟု တချို့က ဆိုကြပါသည်။ တချို့ကလည်း ထိုစေတီအနီးရှိ ရွှေကျောင်းကြီးမှ ရှင်သာမဏေလေးတစ်ပါးသည် ချစ်ခင်ကြည်ညိုစွာဖြင့် နေ့စဉ် ဆွမ်း၊ ရေချမ်း ဆက်ကပ်ခဲ့သော စေတီဖြစ်၍ ကျောင်းကြီးရှင်ချစ်၊ ရွှေကျောင်းကြီးမှ သာမဏေလေးချစ်သောစေတီဟု ခေါ်ဆိုကြောင်း ရေးသားခဲ့ကြသည်။ ကြောင်ကြီးရှင်ချစ်ဟူသော အဆိုတွင် အလောင်းစည်သူမင်းကြီးသည် ယောမြို့ဒေသသို့ ရောက်ရှိလာသည်။ မင်းကြီး၏အနီးမှ ကြောင်ကြီးတစ်ကောင်သည် ဖြတ်ပြေးပြီး တောတွင်းဝင်သွားသည်။ ထူးဆန်းသဖြင့် မှူးမတ်များက ရှာဖွေကြသည်။ ချုံနွယ်ပိတ်ပေါင်းများအကြား စေတီငယ်လေးတစ်ဆူ၏ အောက်ခြေတွင် ဝပ်နေသော ကြောင်ကြီးတစ်ကောင်ကို တွေ့မြင်ရသည်။ သမားဖြူ သမားညိုတို့အား အလောင်းစည်သူမင်းကြီးက မေးမြန်းသည်။ ဤစေတီငယ်သည် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုမုဋ္ဌောစေတီတစ်ဆူ ဖြစ်သည်ဟု ပညာရှိများက လျှောက်ထားကြသည်။ အလောင်းစည်သူမင်းကြီးသည် ထိုစေတီငယ်ကို ခြုံငုံပြီး စေတီကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီကို အလောင်းစည်သူမင်းကြီးက ကြောင်ကြီးကို ချစ်သဖြင့် ကြောင်ကြီးရှင်ချစ်ဟု သမုတ်ခဲ့သည်။ ယခုအခါ ကျောင်းကြီးရှင်ချစ်ဟု ခေါ်တွင်နေကြသည်ဟု ဘုရားသမိုင်းမှာ ဆိုသည်။

ထိုစေတီပေါ် မြောက်ဖျားတွင် ရေးကျသော ခေါင်းလောင်းကြီးတစ်လုံးကို စာရေးသူကိုယ်တိုင် တွေ့မြင်ခဲ့ရသည်။ ထိုခေါင်းလောင်းပေါ်မှာ ရေး

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားသော စာတမ်းနှင့် ရေးသားပုံရေးသားနည်း လက်ရေးအဆွဲအငင် တို့ကို လေ့လာရခြင်းအားဖြင့် ညောင်ရမ်းခေတ်မှာ လှူဒါန်းခဲ့သော ခေါင်းလောင်းဟု ယူဆရပါသည်။ ခေါင်းလောင်းစာ အပြည့်အစုံမှာ -

"ဓေယံတဘာနှမက်လံ၊ ဘတ္တကပ်ဟူ ဖျပ္ပမယ်သာ ဤကံဘာ၌ ထူးစွာမသား၊ သုံးလုဖျား၏ ခင်ရှားမွေတော် တံခိုးပေါ်၍ နိုးဆော်သိကြား နတ်များခီးမျှော်။ သဒ္ဓါပေါ် ၍၊ ထက်အောက်ကျော်မောင်း ခေါင်းလောင်းလှူတာ၊ ခံစားစွာကာ၊ ရေးသားသိလော့၊ သာသနာတော် ထောင်ပေါ်ကိုးဆယ်၊ စွန်းကယ်လေးခု ရတုကျိမ္ပတ၊ တပေါင်းလ၌၊ ပြည့်ဝမှုံစွာ၊ ထိုနေ့တာကို သိသာနတ်များ မသေဘအားဖြင့် ထင်ရှားကြော်ဇော ပြောသိယ်လပ်သပ်ပကာ၊ မိုးသို့ရွာ၍ သဒ္ဓါရှေးဖတ် ကဲ စေသောဝ်။

ငါတို့ပြုသယ့်၊ ကောင်းမှုကြီးစွာ၊ တို့လှူတာလဲ သာသနာငါးထောင်မျဲစေသောဝ်။

တည်မြဲမှုံစွာ၊ တို့လှူတာကို ဒေဝါနတ်များ မိုးသကြားနှင့် ထက်ဖြားပြဟ္မာ၊ လူ့ရွာလူမင်း မြားချင်းသတ္တဝါ ရပါလေစေ၊ အမျှဝေ၏။ မြေကြီးဝသုံဓရေ သက်သေအမှု တယ်ဇေသော်ဝ်" ဟု စာတမ်းတွင် ဖတ်ရှုရပါ၏။ ကျောက်ထုရွာမှ စာရေးသူ၏ မိတ်ဆွေ အ-ထ-ပြ ကျောင်းဆရာကြီးကိုကျော်ရကတော့ "သာသနာပေါ် ထောင်ပေါ်ကိုးဆယ်၊ စွန်းကယ်လေးခု" ကို သာသနာသက္ကရာဇ် ၁၀၉၄ ဟု အဓိပ္ပါယ်ဖွင့်ပါ၏။

သို့သော် မဟုတ်နိုင်ပါ။ ပုဂံပြည်တွင် ကျန်စစ်သားသည် သာသနာသက္ကရာဇ် ၁၆၂၈ ခုနှစ် အေဒီ ၁၀၈၄ ခုနှစ်တွင် နန်းတက်သည်။ မြန်မာစာပေသည် ကျန်စစ်သားခေတ်မှစပြီး ပေါ်ပေါက်ခဲ့ရသည်။ ကျန်စစ်သားခေတ်မှာပင် ကျောက်စာများကို မြန်မာစာဖြင့် ရေးထိုးခြင်းမရှိ။ မွန်စာပေဖြင့်သာ ရေးထိုးခဲ့ကြသည်။ အလောင်းစည်သူမင်း လက်ထက်တွင်လည်း ကျောက်စာများကို ပါဠိဘာသာ၊ မွန်နှင့်ပါဠိ တွဲဖက်ရေးထိုးခဲ့ကြသည်။ မြန်မာစာဟု ပီပီပြင်ပြင် ပေါ်ပေါက်လာခဲ့ခြင်းမှာ နရပတိစည်သူမင်းလက်ထက်

www.burmeseclassic.com

www.burmeseclassic.com



အေဒီ ၁၁၇၄ ခုနှစ်နောက်ပိုင်းမှာသာ ဖြစ်ပါသည်။ သာသနာသက္ကရာဇ် ၁၀၉၄ ခုနှစ်တွင် မြန်မာစာပင် မပေါ်ပေါက်သေးပါ။ ရေးသားသော စာသားမှာလည်း လေးလုံးစပ်ကဗျာ အရေးအသားဖြစ်သည်။ မြန်မာစာပေအဆင့် အတန်းမြင့်နေပြီ။ ထို့ကြောင့် ၁၀၉၄ ခုနှစ်၊ ညောင်ရမ်းခေတ်ဟု ယူဆရပါသည်။ သာသနာသက္ကရာဇ်သည် ကောဇာသက္ကရာဇ်ကို ၁၁၈၂ ပေါင်းပြီး ရေတွက်ရပါသည်။ ညောင်ရမ်းခေတ်ကို ဘုရင့်နောင်မင်းတရားကြီး၏ သားအငယ် ညောင်ရမ်းမြို့စား ညောင်ရမ်းမင်းသားက ၉၅၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၁၁၃ ခုနှစ်၊ ဟံသာဝတီမင်းလက်ထက်တွင် ပျက်သုဉ်းခဲ့ရသည်။ ညောင်ရမ်းခေတ်တွင် ထင်ရှားသော ရှင်ဘုရင်များမှာ အနောက်ဘက်လွန်မင်းကြီးနှင့် သာလွန်မင်းကြီးတို့ ဖြစ်ကြပါသည်။ ယောမြို့တူးမြောင်းကြီးကို သက္ကရာဇ် (ကောဇာ) ၁၀၃၂ ခုနှစ်တွင် စော်ဘွားမင်းကျော်သူက တူးမြောင်းဖောက်ခဲ့သည်ဟု မှတ်တမ်းများကဆိုသဖြင့် မင်းကျော်သူ၏ နောက်ပိုင်းခေတ်၊ စော်ဘွားများလက်ထက်တွင် လှူဒါန်းခဲ့သော ခေါင်းလောင်းကြီး ဖြစ်ပေမည်။ မည်သို့ပင်ဆိုပါစေ ထိုခေါင်းလောင်းကြီးသည် ကျောင်းကြီးရှင်ချစ်ဘုရားအတွက်လည်းကောင်း၊ ယောဒေသအတွက် လည်းကောင်း၊ အခိုင်မာဆုံး သမိုင်းဝင်ပစ္စည်းတစ်ခု ဖြစ်ပါ၏။ တန်ဖိုးကြီးလှပါ၏။ ထိုခေတ်က မြန်မာစာပေကိုလည်း တစ်စေ့တစ်စောင်း လေ့လာခွင့်ရရှိပါ၏။


ကျောက်ထုမြို့အနီးမှ တူးမြောင်းကြီး ၁၀၃၂ ခုနှစ်တွင် မင်းကျော်သူက ဖောက်လုပ်ခဲ့ကြောင်း မှတ်တမ်းတွင် တွေ့ရသည်။ ထိုယောမြောင်းကြီး၏ ကျေးဇူးကြောင့် ကျောက်ထုဒေသတွင် မိုးရေကိုမျှော်ရန် မလို။ မြောင်းရေဖြင့် စပါးစိုက်ပျိုးခဲ့ကြရ၏။ စပါးတစ်နှစ်လျှင် တင်း ၄၂၀၀၀ ထွက်သည်ဆို၏။ မြောင်းရေသောက်သော ကျေးရွာများမှာ ပြင်လယ်ရွာ၊ ကံကြီးရွာ၊ ရင်းရဲရွာ၊ ယောမြို့၊ ပေါက်ရွာ၊ နတ်ရဲရွာ၊ ကျောက်ထုရွာ၊ တောခလွန်ရွာ၊ ဂုံဘိုရွာ၊ ကျောက်ပျဉ်ရွာ၊ ငလွန်းရွာ၊ သရက်ချင်ရွာ၊ ကျေးရွာပေါင်း (၁၃)ရွာ ဆည်ရေသောက်ဖြင့် စိုက်ပျိုးနိုင်ခဲ့သဖြင့် ကျောက်ထုဒေသတွင် ဝမ်းစာစပါး ဖူလုံစေခဲ့သည်။ ကျေးဇူးကြီးမားလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ယောဒေသမှာ ဗုဒ္ဓခြေတော်ရာ



ဗုဒ္ဓခြေတော်ရာဆိုသည် ဂေါတမမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ဘဝများ မဟုတ်ပါ။ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ ဉာဏ်ပညာ တန်ခိုးတော်ကို ဖော်ပြသော လက္ခဏာတော်အကွက်များသာ ဖြစ်ပါသည်။ ဂေါတမမြတ်စွာဘုရား အလောင်းဖွားတော်မူပြီး (၅)ရက်မြောက်သောနေ့တွင် အလောင်းတော်မင်းသားကို ကောင်းစွာရေချိုးပေးပြီး အမွှေးနံ့သာတို့ဖြင့် ပတ်ဖျန်းသည်။ ဖခင်သုဒ္ဓေါဒနမင်းကြီးသည် ပညာရှိပုဏ္ဏားများကို ဆင့်ခေါ်ပြီး သားတော်လေး၏ လက္ခဏာတော်များကို စစ်ဆေးစေသည်။

ပုဏ္ဏား (၁၀၈)ယောက်တို့ကို စစ်ဆေးစေရာ ပုဏ္ဏား (၇)ယောက်တို့က လက်များကို ထောင်ပြပြီး ဟောကိန်းထုတ်ခဲ့ကြသည်။ အရှင်မင်းကြီး၏ သားတော်မှာ စကြာမင်းကြီးသော်လည်းကောင်း၊ ဗုဒ္ဓဘုရားရှင်သော်လည်းကောင်း ဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။ သို့သော် ကောဏ္ဍည အမျိုးအနွယ်ဖြစ်သော သုဒတ္တအမည်ရှိ ပုဏ္ဏားကမူ နှစ်ခုမဟောကြား။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်စစ်ကေန်ဖြစ်ပါမယ်ဘုရားဟု ရဲရဲဝံ့ဝံ့ ဟောကြားခဲ့သည်။ စကြာဝတေးမင်း၏ ပုံတော်သည်ပင် မင်းသား၏ခြေတော်ရာ၌ ပါဝင်သဖြင့် စကြာမင်းထက် ပိုမိုသာလွန်သည်ဟု အတိအကျ ဟောကြားနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓလောင်းလျာမင်းသားလေးကို "လောက၏ အကျိုးစီးပွားကို အလုံးစုံပြီးစေသဖြင့် "သိဒ္ဓတ္ထ" ဟု အမည်ပေးစေ၏။

ဗုဒ္ဓခြေတော်ရာ ကိုးကွယ်မှုသည် ဗုဒ္ဓဘာသာဝင်နိုင်ငံများအားလုံးတွင် ခေတ်စားခဲ့ကြသည်။ မြန်မာနိုင်ငံ မကွေးတိုင်း၊ မင်းဘူး၊ စတုဒေသရှိ မန်းစက်တော်ရာသည် အထင်ရှားဆုံး ဖြစ်သည်။ စာရေးသူသည် ဗုဒ္ဓခြေတော်ရာ လေ့လာမှုကို (၅)နှစ်မျှ ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံး ဒေသအနှံ့အပြား ခြေတော်ရာပေါင်း တစ်ရာကျော်ကို ရှာဖွေလေ့လာခဲ့သည်။ စာရေးသူ လေ့လာရင်း ခွဲခြားသိခဲ့ရသော ခြေတော်ရာများတွင် ပုဂံခေတ်ပုံစံ၊ အင်းဝခေတ်ပုံစံ၊ ကုန်းဘောင်းခေတ်ပုံစံ၊ ရတနာပုံခေတ်ပုံစံတို့ ဖြစ်သည်။ ဤအကြောင်းကို အကျယ်ချဲ့ပြီး မရေးသားတော့ပါ။

ယောဒေသတွင် ဗုဒ္ဓခြေတော်ရာကို ဂန့်ဂေါမြို့၏ မြောက်ဘက် (၅) မိုင်ခန့်အကွာရှိ ရွာတွင် တစ်ဆူနှင့် ဦးနှောက်ရွာ၊ ဓာတ်ပေါင်းစေတီဝင်းအတွင်း အနောက်တောင်ဘက်၌ တွေ့မြင်ဖူးမျှော်ရသည်။ ထိုခြေတော်ရာ နှစ်ဆူစလုံးသည် ယာဘက်ခြေတော်ပုံ ဖြစ်ကြသည်။ မန်းရွှေစက်တော် (အထက်နှင့်အောက်ခြေတော်ရာ)နှစ်ဆူစလုံးသည် ဘယ်ဘက်ခြေတော်ပုံစံများ ဖြစ်ကြသည်။ ခြေတော်ရာတွင် စက်လက္ခဏာ (၁၀၈)ကွက် ပါရှိလေရာ ခြေမအောက်တွင် လုံ့မကိုထားပြီး ရေးသားထုလုပ်ကြသည်။ ရေတွက်ရာတွင် လုံ့မမှစပြီး ရေတွက်ရသည်။ ယောဒေသသည် ဗုဒ္ဓဘုရားရှင်လက်ထက်မှစပြီး ဘာသာ၊ သာသနာထွန်းကားရာ ဒေသဖြစ်သဖြင့် ဗုဒ္ဓကို ဦးခေါင်းထိပ်မှာ ထားပြီး ရတနာသုံးပါးကို ရှိခိုးကိုးကွယ်ကြစေရန် ယောဒေသ၌ စစ်မှန်သော ဗုဒ္ဓခြေတော်ရာတစ်ဆူ တည်ထားကိုးကွယ်ရန် စာရေးသူမှာ ဆန္ဒရှိခဲ့သည်။ ၁၉၉၀ ခုနှစ်မှစပြီး ရည်ရွယ်ထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၉ ခုနှစ်တွင် စာရေးသူသည် ဗုဒ္ဓခြေတော်ရာတစ်ဆူကို ပုံတောင်တောင်ထိပ်၌ တည်ထားကိုးကွယ်ရန် အလှူခံခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် အောက်ပါအလှူရှင်များထံမှ အလှူငွေများ လက်ခံရရှိခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာ ဦးသက်လွင်၊ ဦးနေဝင်း၊ ဦးခင်မောင်လေး၊ ဦးကျော်ဝမ်းတို့ထံမှ ကျပ်တစ်သိန်းစီ | (၄) သိန်း |
| ၂။ | ဦးခင်မောင်ဝင်း (ရောဝတီကုမ္ပဏီ)မှ | (၂) သိန်း |
| ၃။ | ဦးစိုးဝင်းနှင့် အဖွဲ့ထံမှ | (၂) သိန်း |
| ၄။ | ဦးမောင်မောင်တင် (သစ်တောဦးစီးမှူး၊ ဂန့်ဂေါ) | (၃) သောင်း |
| ၅။ | ဦးဒေးဗစ်ထံမှ | (၃)သောင်း |
| ၆။ | ဦးသန်းဝင်းကြူ | (၃)သောင်း |
| ၇။ | ဒေါ်စန်းစန်း၊ စိန်ဆေးဆိုင်၊ ပခုက္ကူမြို့ | (၃) သောင်း |
| ၈။ | ဦးတင့်ဆွေ (မလေးဆေးပေါ့လိပ်) ပခုက္ကူမြို့ | (၃) သောင်း |
| ၉။ | ဦးကောက် (ဦးသိန်းထွန်း) + ဦးဆန်နီ | (၂)သောင်း |
| | စုစုပေါင်း | (၉. ၇) သိန်း |

ငွေကျပ် ဆယ်သိန်းရရှိသောအခါ ဗုဒ္ဓခြေတော်ရာတစ်ဆူကို မန္တလေးမြို့၌ ထုလုပ်ရန် အပ်နှံပါသည်။

ခြေတော်ရာပုံစံမှာ မြန်မာပြည်ရှိ ခြေတော်ရာပုံစံ (၁၀၀)ကျော်ကို မှီးပြီး အသင့်ဆုံး၊ အတော်ဆုံးပုံစံဖြစ်အောင် အကြိမ်ကြိမ်ပုံစံရေးဆွဲကြပါသည်။ အဓိက ပုံကြမ်းထုတ်ပေးသူများမှာ သုတေသီပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့် သုတေသီပညာရှင်ဆရာဝန် တင်မောင်ကြည်တို့ ဖြစ်ကြပါသည်။

မူလမှာယူထားသော ခြေတော်ရာပုံစံကို တမ္ပဝတီ ဦးဝင်းမောင်က ကျောက်ဆစ်ဆရာထံ သွားရောက်စစ်ဆေးပြီး "ဟ မင်းရဲ့ခြေတော်ရာက ၅ ပေ × ၃ ပေ ကျောက်ပြားမှာ ထုလုပ်ထားတော့ ပုံစံမကျဘူး မှားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသက်လွင်ဆိုတာ စာရေးဆရာ ငါတို့နဲ့တွဲပြီး ခြေတော်ရာတွေကို လေ့လာနေသူ ဖြစ်တယ်။ မင်းထုလုပ်ထားတဲ့ ခြေတော်ရာကို လက်ခံမှာ မဟုတ်ဘူး။ ကျောက်သားလည်း ညံ့တယ်။ ဟောဒီကျောက်ပြားကို ထုပါ။ ဟောဒီပုံစံပါ" ဟူ၍ ကျောက်ဆစ်ဆရာကို မှာခဲ့ရသည်။ ထို့နောက် "လက်ခ နှင့် တန်ဖိုးကျချင်သလောက် ကျပါစေ။ ဆရာမပေးရင် ငါပေးမယ်ကွာ၊ ဒီအတိုင်းသာထု" ဆိုပြီး ကူညီခဲ့ပါသည်။


ဒေါက်တာ တင်မောင်ကြည် (စာရေးဆရာ ဆရာဝန်တင်မောင်ကြည်) ကလည်း (၁၀၈) ကွက်ကို စစ်ဆေးပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ ပါသည်။ ခြေတော်ရာ (၁၀၈)ကွက်ကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် အဓိပ္ပါယ်ဖော်ပြပြီး စနစ်ကျသော ခြေတော်ရာတစ်ဆူကို စကျင်ကျောက် အကောင်းစားဖြင့် ထုလုပ်၍ ပုံတောင်တောင်ထိပ် (ပုလဲ-ဂန့်ဂေါ)လမ်းပေါ် တွင် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် တည်ထားပူဇော်ခဲ့ပါသည်။ သွားရောက် ဖူးမြော်သင့်ကြပါ၏။ စာရေးသူ၏ ကိုယ်ပိုင်ငွေကျပ် လေးသိန်းနှင့် အခြား အလှူငွေကျပ် (၁၂)သိန်း၊ စုစုပေါင်း (၁၆)သိန်းခန့် ကုန်ကျခဲ့ပါသည်။ ပန်းရံ လုပ်ရန် ရေတစ်စည်ကို ကျပ် (၅၀၀)ပေးပြီး တည်ဆောက်ခဲ့ရသည်။ ဘုန်း ဆိုးကျယ်ရွာ၊ ကြက်ရိုးရွာ၊ ဇန်မွေးရွာ၊ လယ်ဓမ္မရွာတို့မှ ရွာသားများနှင့် ဆရာ တော်ဦးဩဘာသ၏ အကူအညီဖြင့် လုပ်အားဒါနများ ကူညီပေးခဲ့ပါသည်။ ခင်အေးရွာမှလည်း လုပ်အားဒါနများ ပေးခဲ့ကြပါသည်။ ဘိလပ်မြေ၊ အုတ်နှင့် သဲတို့ကိုလည်း ပခုက္ကူမှ သယ်ယူခဲ့ရပါသည်။

ပုံတောင်ထိပ်၊ ပုလဲ-ဂန့်ဂေါလမ်းပေါ်မှ ဗုဒ္ဓခြေတော်ရာသည် ပုဂံ ခေတ်ပုံစံ၊ လောကနန္ဒာ၊ ခြေတော်ရာ (ပုဂံရှေးဟောင်းပြတိုက်အတွင်း)ပုံစံ ကို မှီး၍ ထုလုပ်ထားပါသည်။ ရန်ကုန်မြို့ (၆)ထပ်ကြီးဘုရားမှ ပုံစံဖြစ်ပါ သည်။ လောကနန္ဒာဘုရားမှ ခြေတော်ရာအပါအဝင် ရွှေစည်းခုံဘုရားမှ ခြေ တော်ရာတို့တွင် နေမင်းကို မြင်းရုပ်ဖြင့် ပြထားကြပါသည်။ ကုန်းဘောင် ခေတ်တွင် ထုသော ခြေတော်ရာများတွင် နေမင်းကို ဒေါင်းမင်းဖြင့် ထုလုပ်

www.burmeseclassic.com

www.burmeseclassic.com






ကြသည်။ စာရေးသူကလည်း ရှေးပုံစံနှင့် ကွဲပြားစေရန် နေမင်းကို ဥဒေါင်းမင်းဖြင့် ဖော်ပြထားပါသည်။ ပိဋကတ်တော်တွင် လကိုယုံရုပ်ဖြင့် ဖော်ပြထားသော်လည်း နေကို ဒေါင်းရုပ်ဖြင့် ဖော်ပြကြခြင်းကို အဘယ်တရားတော် ပိဋကတ် တွင် ပါဝင်ပါသလဲဟု မန်လည်ဆရာတော်ကြီးက မင်းကွန်းဇေတဝန် ဆရာတော်ကြီးအား မေးခဲ့သည်။ မင်းကွန်းဇေတဝန်ဆရာတော်ကြီးက ဖြေကြားရာတွင် မည်သည့်ကျမ်းဂန်တွင်မျှ နေကို ဒေါင်းရုပ်ဖြင့် ဖော်ပြရမည်ဟု အဆိုမရှိပါဟု ဖြေကြားပေးခဲ့သည်။ မူရင်းစာသားအတိုင်း အောက်မှာဖော်ပြလိုက်ပါ၏။

**မန်လည်ဆရာတော်၏အမေး**

ငွေစန္ဒာ၊ ယုန်ရေးကိုလ၊ ဟိုရှေးကဇာတ်တော်မှာ၊ ကျမ်းနိပါတ်လာ၊ သို့အစဉ်အမြင်ဟာမို့၊ ထင်ရှားပသည့်အရာ၊ ကမ္ဘာလုံးမော်ကွန်း၊ ရွှေဗိမာန် နေဝင်းရယ်၊ သူရကန်ဥ္၊ ဘယ်ပူရာဏ်၊ ဘယ်စာပေါင်းက၊ ဒေါင်းရုပ်ရှိ ညွန်း” ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



**မင်းကွန်းတောရဆရာတော်ကြီး၏အဖြေ**

လဗိမာန်ယုန်ရုပ်ကို၊ ကျမ်းထုတ်လို့ထင်ရှားစွာ၊ ကမ္ဘာလုံးမော်ကွန်း၊ ရွှေဗိမာန်နေဝင်း၊ သူရကန်၌ ဘယ်ပူရာဏ်၊ ဘယ်စာဟောင်းမှ၊ ဒေါင်းရှိမညွှန်း" ဟု ဖြေကြားခဲ့ပါသည်။

နေမင်းပုံကို ခြေတော်ရာပုံတွင် ရှေးကမြင်းရုပ်ဖြင့် ပြသခဲ့ကြသည်။ ကုန်းဘောင်ခေတ်တွင် နေပုံကို ဥဒေါင်းရုပ်ဖြင့်သာ ပြသခဲ့ကြသည်။ နေမင်းကို ဥဒေါင်းရုပ်ဖြင့် ဖော်ပြခြင်းသည် မမှန်ကန်ကြောင်း စာပေများတွင် တွေ့ရသော်လည်း အများသိစေရန်နှင့် နှောင်းခေတ်လူများသည် ပုဂံခေတ်ပုံတော် ခြေတော်ရာပုံနှင့်ကွဲပြားစေရန် စာရေးသူက ပုံတောင်တော်ထိပ်မှ ခြေတော်ရာတွင် နေမင်းပုံကို ဥဒေါင်းရုပ်ဖြင့် ဖော်ပြထားပါသည်။ ခြေတော်ရာ ၁၀၈ ကွက်ကို ရှင်းရလျှင် စာအုပ်တစ်အုပ်ထွက်လာမည်ဖြစ်၍ အကျဉ်းမျှသာ ဖော်ပြလိုက်ရပါတော့၏။

**ပုံတော်တောင်ထိပ် (ပုလဲ-ဝန့်ဂေါလမ်း) ပေါ်၌ တည်ထားသော**
**ဗုဒ္ဓခြေတော်ရာအကွက်များ**
**(အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးထားသည်။)**

**THE AUSPICIOUS MARKS ON THE SOLE OF LORD BUDDHA**

THESE 108 AUSPICIOUS MARKS ON THE SOLE OF LORD BUDDHA SIGNIFY THAT HE WAS THE ONE WHO WAS FREE FROM ALL SUFFERINGS, THE ONE WHO HADESCAPED FROM CYCLE OF RE-BIRTH, AND THE ONE WHO WAS NOBLE ABOVE MOST SACRED THINGS ON HUMAN AND CELESTIAL WORLDS, IN WORSHIPPING THIS 108 AUSPICIOUS MARKS ON THIS BUDDHA FOOTPRINT, A FAITHFUL PERSON WOULD EARN MERIT.

www.burmeseclassic.com

www.burmeseclassic.com



ဤလက္ခဏာတော် (၁၀၈) ကွက်သည် ဒုက္ခအပေါင်းမှ ကင်းလွတ်ခြင်း၊ သံသရာမှ လွတ်မြောက်ခြင်းနှင့် လောကသုံးပါး၏ အထွဋ်အထိပ်ဖြစ်ခြင်းတို့ကို ဖော်ပြခြင်းဖြစ်ပါသည်။

ဤမင်္ဂလာရှိသော (၁၀၈) ကွက် လက္ခဏာတော်ကို ဖူးမြင်ခြင်းဖြင့် ယုံကြည်ကိုးကွယ်သူတို့သည် ကောင်းမြတ်သောကုသိုလ်အကျိုးကို ပေးမည်ဖြစ်ပါသည်။

## COUNTING FROM BASE OF BIG TOE

### လက္ခဏာတော် (၁၀၈) ကွက်ကို ခြေမအောက်မှစပြီး ရေတွက်ရာတွင်

| | | | |
|---|---|---|---|
| ၁။ | လှံမ | - | A SPEAR |
| ၂။ | အိမ်မွန် | - | AN AUSPCIOUS RESIDENCE |
| ၃။ | ဇလပ်ပန်း | - | A JASMINE FLOWER |
| ၄။ | လည်ရေးသုံးဆင့် | - | THE THREE LINES ON THE NECK |
| ၅။ | ဦးဆောက်ပန်း | - | THE HEAD FLOWERS |
| ၆။ | ထမင်းပွဲ | - | A FOOD TABLE |
| ၇။ | အင်ပျဉ် | - | A ROYAL SEAT |
| ၈။ | ချွန်းတောင်းလက်နက် | - | A GOAD |
| ၉။ | ပြသာဒ် | - | A PRASADA |
| ၁၀။ | တံခါးတိုင် | - | A PILLAR |
| ၁၁။ | ထီးဖြူ | - | A WHITE PARASOL |
| ၁၂။ | သံလျက် | - | A ROYAL SWORD |
| ၁၃။ | ထန်းရွက်ယပ် | - | A PALMYRA FAN |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၄။ | ဥဒေါင်းမြီးယပ် | - | A FAN MADE OF PEA COCK'S FEATERS |
| ၁၅။ | စာမရီယပ် | - | WHISK MADE OF THE TAIL OF MALE YAK |
| ၁၆။ | သင်းကျစ် | - | A CROWN |
| ၁၇။ | ပတ္တမြား | - | RUBY |
| ၁၈။ | သပိတ် | - | ANALMS BOWL |
| ၁၉။ | မုလေးပန်းဆိုင်း | - | A GARLAND OF JASMINS |
| ၂၀။ | ကြာညို | - | A BROWN WATER LILY |
| ၂၁။ | ကြာနီ | - | A RED LOTUS |
| ၂၂။ | ပဒုမ္မာကြာ | - | A MANY PETALLED LOTUS |
| ၂၃။ | ကြာဖြူ | - | WHITE WATER LILY |
| ၂၄။ | ကြာပုဏ္ဍရိတ် | - | A WHITE LOTUS |
| ၂၅။ | ရေပြည့်အိုး | - | A POT FULL OF WATER |
| ၂၆။ | ရေပြည့်ဖလား | - | A CUP FULL OF WATER |
| ၂၇။ | သမုဒ္ဒရာ | - | OCEAN |
| ၂၈။ | စကြာဝဠာတောင် | - | MOUNTAIN OF UNIVERSE |
| ၂၉။ | ဟိမဝန္တာတောင် | - | HIMALAYA MOUNTAIN |
| ၃၀။ | မေရုတောင် | - | MERU MOUNTAIN |
| ၃၁။ | နေ | - | THE SUN |
| ၃၂။ | လ | - | THE MOON |
| ၃၃။ | နက္ခတ်တာရာများ | - | |
| ၃၄။ ၃၅။ ၃၆။ ၃၇။ | ကျွန်းကြီးလေးကျွန်း | - | THE FOUR GREAT ISLANDS |

www.burmeseclassic.com

www.burmeseclassic.com



၃၈။ ကျွန်းငယ် (၂၀၀၀) - THE TWO THOUSAND LESSER ISLANDS
၃၉။ စကြာဝဠာမင်း - THE UNIVERSAL MONARCH
၄၀။ ခရုသင်းဖြူ - A WHITE CONCH SHELL
၄၁။ ရွှေငါးကြင်းအစုံ - A PAIR OF GOLDEN FISH
၄၂။ စကြာလက်နက် - THE WHEEL
၄၃။ ၄၄။ ၄၅။ ၄၆။ ၄၇။ ၄၈။ ၄၉ - သီဒါ (၇) တန်
THE SEVEN RIVERS
၅၀။ ၅၁။ ၅၂။ ၅၃။ ၅၄။ ၅၅။ ၅၆။ - တောင်စဉ် (၇) ထပ်
THE SEVEN MOUNTAIN RANGES
၅၇။ ၅၈။ ၅၉။ ၆၀။ ၆၁။ ၆၂။ ၆၃။ - ရေအိုင်ကြီး (၇)အိုင်
THE SEVEN GREAT LAKES
၆၄။ ဂဠုန်မင်း - GARUDA KING
၆၅။ မိချောင်းမင်း - CROCODILE KING
၆၆။ တံခွန်၊ ကုက္ကား - THE BANNERS
၆၇။ ရွှေထမ်းဆင် - GOLDEN PALANQUIN
၆၈။ ကေလာသတောင် - MOUNT KELASA
၆၉။ ခြင်္သေ့မင်း - LION KING
၇၀။ ကျားမင်း - TIGER KING
၇၁။ ဝလာဟကမြင်း - THE KING OF THE HORSES
၇၂။ ဥပေါသထဆင် - NOBLE ELEPHANT
၇၃။ နဂါးမင်း - DRAGON KING
၇၄။ ဟင်္သာမင်း - HAMSA BIRD
၇၅။ ဥသဘနွားမင်း - NOBLE BULL
၇၆။ ဧရာဝဏ်ဆင်မင်း - ERAVANA ELEPHANT

www.burmeseclassic.com

www.burmeseclassic.com



၇၇။ ရွှေမကာရ်း - GOLDEN MAKARA
၇၈။ မုခ် (၄)ခုနှင့်ရွှေလှေ - ROYAL BARGE WITH THE FOUR DOORWAYS
၇၉။ နွားသားအမိ - THE COW AND HER CALF
၈၀။ ကိန္နရာ - A MALE KINNARA
၈၁။ ကိန္နရီ - A FEMALE KINNARA
၈၂။ ကရဝိတ်ငှက်မင်း - A KARAWAIK BIRD
၈၃။ ဥဒေါင်းငှက်မင်း - A PEACOCK
၈၄။ ကြိုးကြာငှက် - A CRANE
၈၅။ စက္ကဝက်ငှက် - A CAKKAVAKA
၈၆။ ဇီဝဇိုးငှက် - A SWIFTLET
၈၇။ ၈၈။ ၈၉။ ၉၀။ ၉၁။ ၉၂။ နတ်ပြည် (၆) ထပ် - SIX DEVA REALMS
၉၃။ မှ ၁၀၈ ထိ ဗြဟ္မာ (၁၆) ဘုံ - SIXTEEN BRAHMA REALMS

TRANSALATED BY DR. TIN MAUNG KYI (WRITER)
AND DR. THET LWIN (WRITER) 22.9.02

## ရှင်မဟာရဋ္ဌသာရဆရာတော်မှ
## စက်လက္ခဏာဘုရားရှိခိုးလင်္ကာကြီး

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တစ်ရာ့ရှစ်ကို၊ စိစစ်ကောင်းထွေ၊ လှသို့လည်ရေအုံ့၊ ချီထွေအစ၊ လုံ့မ အိမ်မွန်၊ အကျန်ပွင့်ချပ်၊ ဇလပ်ပြန့်မွှေး ယည်ရေးသုံးဆင့်၊ လှတင့်ရှန်းရှန်း၊ ဦးဆောက်ပန်းက၊ စသည်မကွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်မောင်းပြသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသန်လျက်၊ ထန်းရွက်ယပ်ဝန်း၊ တခန်းတကြောင်း၊ ဥဒေါင်း

www.burmeseclassic.com



မြီးယပ်၊ သင်းကျပ်တခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်၊ ပန်းဆိုင်း၊ တုန္နိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုး ဖလား၊ ထူးခြားသမုဒ္ဒရာ၊ စကြဝဠာ သဏ္ဍာန်၊ ဟိမဝန် မြင့်မိုရ်၊ ထိုထိုနေ လ၊ နက္ခတ်စသား၊ ဒီပလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဥတ္တရ၊ အပရဂေါယီ၊ တလီအုံဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဖုန်းခေါင် လျှံဝင်း၊ စကြမင်းနှင့်၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီတာခုနစ်တန်၊ သတ္တရဘ္ဘာန်မျှောင်၊ တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနစ်အိုင်တသုန်၊ ဂဠုန်တကြောင်း၊ မိကျောင်းရေသား၊ ကုက္ကားတံခွန်၊ မင်းတန်သံလျင်၊ မယွင်း တသီး၊ သားမြီးလေသာ၊ ကေလာပဗ္ဗတ၊ သီဟ ကျားမြင်း၊ ဆင်မင်းမြတ်စွာ၊ ဥမံပါသထာ ယဉ်မွန်၊ ဆဒ္ဒန်တခြား၊ နဂါးဝမ်းဘဲ၊ မကွဲတူကွ၊ ဥသဘမကျန်၊ ဧရာဝဏ် မကာရ်း၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေလျှံဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ ကိန္နရီ၊ တူပြိုကရဝိတ်၊ ဖိတ်ဖိတ်သောင်းသောင်း၊ ဥဒေါင်းကြိုးကြာ၊ သံသာစက္ကဝတ်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကာမာနှင့်ပြဟ္မာနတ်ရပ်၊ ဆယ့်ခြောက်ထပ် က စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရံစကာနှင့် စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်မိုးဖျား သိကြားပြဟ္မာ၊ ရေးထုလာလည်း၊ ဘယ်မှတမျှ၊ အတူရချိမ့်၊ အသမအသမာ၊ သုံးလူချာ၏၊ ရတနာထွန်းဝင်း၊ ညီရှင်းစင်သန့်၊ အကန့် တထောင်၊ ရွှေရောင်ချယ်ကာ၊ သန္တာအကွပ်၊ ထိပ်လျှပ်မြကောင်း၊ ပုံတောင်း ပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင် ဆော ပြည့်စေသော်။

ပုံတောင်တောင်ပေါ် ဘုရားပွဲကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပရန် ၁၃၆၄ ခုနှစ်မှစပြီး စာရေးသူဦးစီးပြီး စတင်ကျင်းပပေးခဲ့သည်။ ကျောချောင်ရွာများ စုပေါင်းကျင်းပနေသည်။ တတိယအကြိမ် ကျင်းပြခဲ့ပြီ ဖြစ်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ထင်ပေါ်ကျော်ကြား ယောဆရာတော်များ

ယောဆရာတော်များ၏အကြောင်းကို ပြောရလျှင် မပါလျှင်မဖြစ် ဂုဏ်ယူပြီး ပြောဆိုကြရမည့် နိုင်ငံကျော်ဆရာတော်ကြီးများ ရှိပါသေးသည်။

၁။ ယောဆရာတော် အရှင်ဇောတယန္တ (၁၀၇၃-၁၁၂၅)

၂။ ဝန်သိုမြို့ ခန္တီးဆရာတော်ကြီး အရှင်သုဇန (၁၂၅၆ ခုနှစ်ဖွား)

### ယောဆရာတော်အရှင်ဇောတယန္တ (၁၀၇၃-၁၁၂၅)

အရှင်ဇောတယန္တဆရာတော်ကြီးသည် ယောသားတော့မဟုတ်ပါ။ ယောလေးမြို့ ဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်ခဲ့ပြီး ထီးလင်းမြို့ကို ၁၁၂၀ ခုနှစ်တွင် ယောဆရာတော်ကြီး အရှင်ဇောတယန္တက ကြီးကြပ်ပြီး မြို့တည်ပေးခဲ့သည်။ ယောလေးမြို့၏ ဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်ခဲ့၍လည်းကောင်း၊ ကင်္ခါနိသယကျမ်း (ယောမူ) ကို ရေးသားခဲ့သဖြင့်လည်းကောင်း၊ ယောဆရာတော်ဟု ကျော်ကြားခဲ့ခြင်းဖြစ်သည်။

အရှင်ဇောတယန္တကို ကောဇာ ၁၀၇၃ ခုနှစ်တွင် မြိုင်မြို့နယ်၊ ကျောက်ဆောက်ကျေးရွာတွင် ဖွားမြင်ခဲ့သည်။ ကျောက်ဆောက်ရွာဆိုသည်မှာ စာရေးသူ၏ ဇာတိ၊ ပိုက်သင်ရွာနှင့် ကပ်လျက် တည်ရှိသော ကျေးရွာဖြစ်ပါ၏။ အရှင်ဇောတယန္တသည် ငယ်စဉ်က ကျောက်ဆောက်ရွာ၏ အနောက်ဘက်ရှိ ဝါးရင်းချိုင်ကျောင်းတွင် ပညာသင်ယူသည်။ ထို့နောက် ပထမကျော်အောင်စံထားဆရာတော်ကြီး အရှင်ဉာဏဝရထံတွင် ပိဋကတ်တော်များကို ပေါက်မြောက်အောင် သင်ယူသည်။ ပထမကျော်အောင်စံထားဆရာတော်ကြီး ပုခန်းကြီးမြို့၊ မတောင့်တကျောင်းတိုက်ကြီးကို တည်ထောင်သောအခါ အရှင်ဇောတယန္တသည် ကျော်အောင်စံထားဆရာတော်ကြီး၏ လက်ထောက်ဖြစ်သည်။ ကျော်အောင်စံထားဆရာတော်ကြီးကို ဟံသာဝတီပါမင်းကြီးက အင်းဝနေပြည်တော်သို့ပင့်ပြီး ကျောင်းပေါင်းတစ်ရာ ခြံရံသော ကျော်အောင်စံထားကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး သာသနာပိုင်ခန့်အပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျော်အောင်စံထားဆရာတော်ကြီးသည် ပုခန်းကြီးမြို့ရှိ စည်သူ့ရှင် ဘုရား၏ အနောက်ဘက်မှ ဒကာတော်အောင်ဇေယျ ဆောက်လုပ်လှူဒါန်း သော မတောင့်တစာသင်တိုက်ကြီးကို တပည့်ကြီးအရှင်ဇောတယန္တအား လွှဲ အပ်ပေးခဲ့သည်။ ၁၁၁၀ ခုနှစ်ကျော်တွင် မွန်တို့၏ ရန်ကတစ်ဘက်၊ မဏိ ပူရ ကသည်းလူမျိုးတို့က တစ်ဘက်၊ အင်းဝကိုဝိုင်းပြီး တိုက်ခိုက်ခဲ့ကြသည်။ ပုခန်းကြီးဒေသသည် မငြိမ်မသက်ဖြစ်ခဲ့ရသည်။ အရှင်ဇောတယန္တသည် ပုခန်းကြီးဒေသတစ်ခုလုံးတွင် အေးချမ်းသာယာမှုမရှိသဖြင့် အေးချမ်းရာ ပေါက်မြို့ဒေသသို့ ကြွရောက်သီတင်းသုံးရသည်။ ဟံသာဝတီပါမင်းကြီး (မဟာဓမ္မရာဇာဓိပတိ)ကလည်း အရှင်ဇောတယန္တကို ယောလေးမြို့၏ ဂိုဏ်းအုပ်ဆရာတော်ကြီးအဖြစ် ခန့်အပ်ထားခဲ့ဟန်တူသည်။ ဤအကြောင်း ကို ထီးလင်းမြို့တည် သမိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၏။ အရှင်ဇောတယန္တ သည် ကင်္ခါဝိတရဏီယောမှု ဝိနည်းကျမ်းကြီးကို ရေးသားစီရင်ခဲ့သည်။ ဝိနည်း ကျမ်းအမျိုးမျိုးရေးသားခဲ့ကြသော်လည်း ယောမှုသည် အရှင်းဆုံး အကောင်း ဆုံးဟု သမိုင်းမှာ စာတင်ရသည်။ ယနေ့တိုင်ရဟန်းတော်များ သင်ယူ မှတ်သားနေကြရသည်။ ရဟန်းဟူ၍ ဖြစ်လာလျှင် "ခါသုံးကောင် တစ်ကောင် တော့ မိအောင်ဖမ်းနိုင်ရမည်" ဟု ဆိုရိုးစကားရှိသည်။

ခါသုံးကောင်ဆိုသည်မှာ -

၁။ ကင်္ခါအဋ္ဌကထာ

၂။ ခုဒ္ဒသိက္ခာ

၃။ မူလသိက္ခာ

မူလသိက္ခာနှင့်ခုဒ္ဒသိက္ခာတို့သည် အတိုအထွာဝိနည်းကျမ်းများသာ ဖြစ်သည်ဟု သိရသည်။ ကင်္ခါအဋ္ဌကထာကျမ်းသည်သာလျှင် အကျယ်ဖြစ်ပြီး ပိုမိုအရေးကြီးသည်ဟု သိရသည်။

အရှင်ဇောတယန္တသည် ဝိနည်းတော်ကို အလွန်လေးစား လိုက်နာပြီး ဘုရားဆုပန်သော ဆရာတော်တစ်ပါးဖြစ်ကြောင်း ရေးသားခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ကျေးဇူးကြောင့် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်များမှ စပြီး ယောဟူသောဒေသသည် တစ်နိုင်ငံလုံးမှာ လူသိများလာစေခဲ့သည်။ ယခုခေတ်၊ တိပိဋကဓရ (ပဥ္စမမြောက်) ဆရာတော်အရှင်သိရိန္ဒာဘိဝံသ၏ ကျေးဇူးကြောင့် ဒုတိယအကြိမ် ယောအကြောင်းကို လူသိများလာသည်။ ယောနယ်မှ ထင်ရှားကျော်ကြားသော ဆရာတော်ကြီး အများအပြား ထွက်ပေါ်ခဲ့ဖူးသော်လည်း ယောဆရာတော်ဟု နာမည်ကျော်ခဲ့ခြင်းမှာ အရှင်ဇောတယန္တနှင့်အရှင်သိရိန္ဒာဘိဝံသ (၂)ပါးသာလျှင် ရှိခဲ့ဖူးပါသည်။ ယောဆရာတော်အရှင်ဇောတယန္တသည် ၁၀၇၃ ခုနှစ်ဖွားဖြစ်ပြီး ယောဆရာတော်အရှင်သိရိန္ဒာဘိဝံသသည် ၁၃၀၅ ခုနှစ်ဖွားမြင်၍ အရှင်ဇောတယန္တက အသက် ၂၃၂ နှစ် စောပါသည်။ ယောဆရာတော်ကြီး ၂ ပါး၏ ကျေးဇူးသည် ကြီးမားလှပေစွ။ ယော၏ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သောဆရာတော်ကြီးများဖြစ်ကြပါ၏။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိစေရန် ဖြေဆိုရသော စာအုပ်စာရင်းနှင့် စာဖြေရက်များကို ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

## တိပိဋကဓရ စာမေးပွဲ

| စဉ် | ကျမ်းဘာသာ | ကျမ်းအရေအတွက် | စာအုပ်ပေါင်း | စာမျက်နှာပေါင်း | စာပြန်ရက် | သဘောရေးဖြေရက် |
|---|---|---|---|---|---|---|
| ၁။ | သုတ် | ၃ | ၃ | ၇၇၉ | ၉ | ၃ |
| ၂။ | ဝိနည်း | ၅ | ၅ | ၂၂၆၀ | ၁၅ | ၅ |
| ၃။ | အဘိဓမ္မာ | ၇ | ၁၂ | ၄၉၈၇ | ၁၁ | ၇ |
| | **စုစုပေါင်း** | **၂၅ ကျမ်း** | **၂၀ အုပ်** | **၈၀၂၆ စာမျက်နှာ** | **၃၅ ရက်** | **၁၅ ရက်** |

www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။ အာဂုံပြန်ဆိုနိုင်လျှင် တိပိဋကဓရဘွဲ့တံဆိပ်ကိုသာ ရရှိသည်။ သဘောရေးဖြေကို ဆက်လက်ဖြေဆိုရသည်။ ရေးဖြေအောင်ပြီးမှသာ တိပိဋကကောဝိဒဘွဲ့တံဆိပ်ရရှိသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့များကို ဖြေဆိုရန် မလိုတော့ပါ။ ယနေ့အထိ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၁ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ရာ အသက်ရှင်လျက် (၈)ပါး ရှိပါသည်။ ပထမသုံးပါးမှာ ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါသည်။ ယခုကျန်ရှိသော တိပိဋကဓရဆရာတော် (၈) ပါးအနက် ယောဆရာတော်သည် ဒုတိယအကြီးဆုံးဖြစ်ပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို နိုင်ငံတော်မှ ကြည်း၊ ရေ၊ လေယာဉ်ပျံ အခမဲ့ယာဉ်စီးခွင့် ဆက်ကပ်ပူဇော်ထားသည်။ တပည့် (၂)ဦးကိုပင် ခေါ်ဆောင်ခွင့်ပြုထားသည်။

**ယော၏ဂုဏ်ဆောင်ပုဂ္ဂိုလ်ကျော်များ**

"ယောမြို့က ပြန်ခဲ့မယ်၊ ရောသည် ရောရာ ယောဆရာကြီးရယ်"

"ပင်နီချောနှင့်ယောထမီ"

ယောနယ်မှအပြုစားခံရခြင်း" ဒေါက်တာတင်ရွှေ၏စာအုပ်စသည့် အကြောင်းအရာများသည် ယောနယ်၏အကြောင်းကို လူသိများစေခဲ့သော သီချင်း၊ ကဗျာ စာပေများဖြစ်လေသည်။

အမှန်တော့ ယောနယ်သည် ယခုခေတ်မှာမှ ပေါ်ပေါက်လာခဲ့သော ဒေသမဟုတ်၊ ယောသမိုင်းသည် ရှည်လျားလှ၏။ ပုဂံထက်ရှေးကျသည် ဟု အဆိုအမိန့်များရှိခဲ့၏။ ဘီစီ ၄ ရာစုနှစ်တွင် မဟာယောမင်းကြီးအမည် ရှိမင်းသည် မြို့ရွာများ စတင်တည်ထောင်ခဲ့ရာ ယောနယ်တွင် ကျခတ်မြို့ကို တည်ထောင်ခဲ့သည်ဟု သမိုင်းကဆို၏။ ကျခတ်မြို့မှ ကြွံဘတ်မြို့၊ ငယော မြို့၊ ယောမြို့ဟူ၍ အမည်အမျိုးမျိုးပြောင်းခဲ့သည်ဟု ဆို၏။ ရှေးရှေးအခါက သူနာပရန္တတိုင်းတွင် အပါအဝင်ဖြစ်ခဲ့သော်လည်း ကုန်းဘောင်ခေတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ယောနကတိုင်းဟု သီးခြားဖြစ်ပေါ်လာခဲ့၏။ ယောနယ်တွင် မုဒ္ဒောဘုရားများ အများအပြားရှိနေခြင်းက ပုဂံခေတ်ဦးပိုင်းမှစပြီး ဘာသာသာသနာထွန်းကား ခဲ့ကြောင်း သိသာ၏။ ယောမြို့ဟောင်းမှ ကြောင်ကြီးရှင်ချစ်ဘုရား၊ ထီးလင်း မြို့မှ ရွှေကွန်အုပ်ဘုရား၊ လောင်းရှည်မြို့မှ သန်ကျင်းဘုရား၊ ဆောမြို့မှ သန်တန်းဘုရား၊ ချင်းပြည်နယ် မင်းတပ်မြို့အနီးမှ အန်းဘုရားများသည် ပုဂံခေတ်ကောင်းမှုဘုရားများဖြစ်ပါ၏။

ထို့ပြင် ပဒုံမင်းလက်ထက် ကောင်းမှုတော် ရွှေကူဘုရားများကိုလည်း ထီးလင်းမြို့၊ ယောမြို့အတွင်းရှိရွာအပြင် အပြင်ရှိရွာ၊ လောင်းရှည်ရွာတို့၌ ဖူးတွေ့နိုင်သည်ဟု ဖတ်ရ၏။ အေဒီ ၁၈၆၁ ခုနှစ် မင်းတုန်းမင်းလက်ထက် လူနေအိမ်ခြေစစ်တမ်းစာရင်းအရ ယောမြို့ တွင် ၄၀၈၆ အိမ်၊ လောင်းရှည်မြို့ တွင် ၂၇၀၁ အိမ်၊ မင်းရွာတွင် ၁၃၉၅အိမ်၊ ထီးလင်းမြို့တွင် ၇၅၈ အိမ်၊ ကန်ကောရွာတွင် ၄၃၉ အိမ်၊ ဆောရွာတွင် ၃၅၁ အိမ်အသီးသီးရှိသည်ဟု ဖော်ပြထား၏။ ၁၈၆၆ ခုနှစ် မင်းတုံးမင်း၏ ယောနယ်မှ စစ်မှုထမ်းစာရင်း အရလည်း မင်းရွာမှစစ်သား ၅၀၀၊ ကန်ကော မှ စစ်သား ၃၀၀၊ ကျောရွာမှ စစ်သား ၁၅၀၊ ရှဲရွာမှ ၄၀၊ အင်းနားရွာမှ ၂၅ စသည်ဖြင့် စစ်သားအင်အား စာရင်းများကို တွေ့ရှိရသဖြင့် ယောနယ်၏ ဖွံ့ဖြိုး မှုအခြေအနေကို သိရပေ၏။

ယခင်က ယောလေးမြို့ဟု ခေါ်တွင်ခဲ့ရသော ယောကျခတ်မြို့၊ လောင်းရှည်မြို့၊ ဆောမြို့၊ ထီးလင်းမြို့တို့သည် ရှေးအခါ ယော ၄ မြို့ဖြစ်၏။ ယခုခေတ် တွင် မထင်ရှားတော့ပေ။ ယခုအခါတွင် ဆောမြို့နယ်ကို တောင် ယော၊ ထီးလင်းမြို့နယ်ကို အလယ်ယောနှင့် ဂန့်ဂေါမြို့နယ်ကို မြောက်ယော ဆိုပြီး ဂန့်ဂေါခရိုင်မှ အုပ်ချုပ်လျက်ရှိ၏။ ယောနယ်သည် အနောက်ဘက်တွင် ချင်းတောင်တန်းကြီးနှင့် အရှေ့ဘက်တွင် ပုံတောင် တောင်တန်းကြီးဖြင့် ပိုင်းခြားသတ်မှတ်ထားပေ၏။ ယောနယ်ကို ရှေးခေတ်များ၌ စော်ဘွားများက အုပ်ချုပ်ခဲ့သော်လည်း ဗဒုံမင်းလက်ထက်မှစပြီး သူကြီးစနစ်ဖြင့် အုပ်ချုပ်စေ ခဲ့၏။ အမှန်တော့ ယောနယ်သည် ထေရဝါဒ ဗုဒ္ဓသာသာထွန်းကားရာ

www.burmeseclassic.com

www.burmeseclassic.com



ပျူလူမျိုးများ ယနေ့တိုင်နေထိုင်လျက်ရှိရာ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းထားရာ နိုင်ငံခြားယဉ်ကျေးမှုနှင့် အခြားဘာသာများကင်းစင်ရာဒေသတစ်ခုဖြစ်နေသေးသည်ကား အမှန်ဖြစ်၏။ ယနေ့တိုင် ဗုဒ္ဓဘာသာမှလွဲပြီး အခြားဘာသာဝင်လူဦးရေမှာ မရှိသလောက်ရှားပါး၏။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမှလွဲပြီး အခြားဘာသာဘုရားရှိခိုးကျောင်းများကို လုံးဝမတွေ့နိုင်သောဒေသ ဖြစ်ပေ၏။ မင်းတုန်းမင်းလက်ထက်တွင် ယောဒေသသို့ သာသနာပြုရန် ဘုန်းတော်ကြီးသုံးပါးကြွလာခဲ့သည်ဟု သိရ၏။ ထိုဆရာတော်ကြီးများ၏ ကျေးဇူးကြောင့် ဂန့်ဂေါမြို့နယ်၊ ကန်ကျေးရွာတွင် ကန်တောရကျောင်း ပရိယတ္တိစာသင်တိုက်ကြီးဆိုပြီး ထင်ပေါ်ကျော်ကြားလာခဲ့၏။ ကျေးရွာလေးတစ်ရွာတွင် စာသင်သား ၁၀၀ ကျော်အထိရှိသော ကန်တောရကျောင်းစာသင်တိုက်၏ ဂုဏ်သတင်းက ကျော်ကြားလှပေ၏။ ဆရာတော်ဦးကေတု၊ ဦးဇယန္တ၊ ဦးဂန္ဓမာတို့သည် ထင်ရှားခဲ့သော လက်ဦးဆရာတော်ကြီးများဖြစ်ကြပါ၏။ ထိုဆရာတော်ကြီးများ၏ ကျေးဇူးတော်ကြောင့် ဂျပန်ဆရာတော်ကြီး ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ ကေလာသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသိရိန္ဒဘိဝံသ (တိပိဋကဓရ၊ အဂ္ဂ မဟာပဏ္ဍိတ) စသည့် ထူးခြားသော ဆရာတော်ကြီးများကို ကန်ကျေးရွာ တောရကျောင်းမှ မွေးထုတ်ပေးနိုင်ခဲ့ပေ၏။ ထီးလင်းမြို့နယ် မောချောင်းကလေး၏ ဘေးရှိကင်းပန်းရွာမှလည်း ဘဒ္ဒန္တမဟိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ထိုရွာအနီးမှ ဟင်းခွက်ကုန်းရွာမှ ဘဒ္ဒန္တဇာဂရမှာလည်း ပခုက္ကူမြို့ မဟာ ဝိသုတာရာမ စာသင်တိုက် (အလယ်တိုက်)ကြီး၏ ပဓာနနာယကဆရာတော် အဖြစ်သို့ သာသနာ့တာဝန်ထမ်းဆောင်ခဲ့ပေ၏။ ပရိယတ္တိစာပေမှာ ထင်ရှားသကဲ့သို့ ပရိပတ္တိသာသနာတွင်လည်း အနောက်ဂန့်ဂေါမြို့မှ မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ၏ ဂုဏ်သတင်းက ထင်ပေါ်ကျော်ကြားလှပေ၏။ သာသနာ မမွာစရိယ စာချတန်းသုံးမျိုးအောင်ဆရာတော်များကိုဖြင့် ရေတွက်လို့ ကုန်နိုင်မည်မထင်၊ ဥပမာ ဂျပန်နိုင်ငံရှိ ဘဒ္ဒန္တဉာဏုတ္တရ ရန်ကုန်မင်္ဂလာဒုံ

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်မြို့တော်ရှိ မဟာဂန္ဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တဂါရဝါလင်္ကာရာဘိဝံသ၊ မြောက်ဒဂုံမြို့သစ် မဟာဂန္ဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမာဘိဝံသ၊ ဘဒ္ဒန္တပညာဓမ္မာဘိဝံသ စသည့်စသည့် ဆရာတော်ကြီးများမှာလည်း ဓမ္မာစရိယအောင်ပြီး ဆရာတော်ကြီးများဖြစ်ပါ၏။ ယောဆရာတော်များ၏ စာသင်တိုက်များသည် မြန်မာနိုင်ငံတွင် ဒေသအနှံ့အပြား၌ တွေ့နိုင်ပါ၏။ ဥပမာ - ပဲခူးမြို့အထွက်မှာလည်း ရှိ၏။ အထူးထင်ရှားသော ဆရာတော်ကြီးများမှာ ပခုက္ကူအလယ်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး၊ ဂျပန်ပြည်တွင် အနှစ် ၄၀ နေထိုင်လာခဲ့သော ဂျပန်ဆရာတော်ကြီး၊ အမရပူရမြို့ မဟာဂန္ဓာရုံ စာသင်တိုက်ကြီး၏ ဂဏဝါစကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် တိပိဋကဓရ ယောဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိအကျဉ်းချုပ်များကို ရေးသားတင်ပြလိုက်ခြင်းအားဖြင့် ယောဒေသ၏ သာသနာသမိုင်းကို ထင်ရှားစေမည်ဖြစ်ပါ၏။

ဂျပန်ဆရာတော်ကြီး ဘဒ္ဒန္တဝေပုလ္လကို ဂန့်ဂေါမြို့နယ် ကန်ရွာ၌ ခမည်းတော် ဦးပေါ်၊ မယ်တော် ဒေါ်အေးမြတို့မှ ၁၂၇၈ ခုနှစ်တွင် မွေးဖွားခဲ့၏။ မိဘများက ကန်တောရကျောင်းဆရာတော်ထံတွင် အခြေခံဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားရန် အပ်နှံခဲ့၏။ ၁၉၅၂ ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကို မန္တလေးမြို့ ဒက္ခိဏာရာမကျောင်း ဘုရားကြီးတိုက်မှ အောင်မြင်တော်မူခဲ့၏။ ၁၉၅၇ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ သာသနာပြုခရီးကြွသွားတော်မူခဲ့၏။ ဂျပန်နိုင်ငံ ကျူရှူးကျွန်းတွင် စေတီတစ်ဆူတည်ထားခဲ့၏။ ဂျပန်နိုင်ငံ ဖုကုဆိုကခရိုင် ကိတကျူရှူမိုဂျီမြို့ရှိ ဓမ္မဒူဆ၃ာနမြန်မာကျောင်းတိုက်နှင့် ကမ္ဘာအေးစေတီကြီး၏ ဦးစီးမဟာနာယကအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့၏။ ၁၉၈၁ ခုနှစ်တွင် ကမ္ဘာတစ်ပတ်ခရီးသာသနာပြုထွက်တော်မူခဲ့၏။ ဆရာတော်ကြီးသည် အပြည်ပြည်ဆိုင်ရာ မြန်မာ့သံဃာအဖွဲ့ကြီး၏ ဥက္ကဋ္ဌဆရာတော်လည်းဖြစ်တော်မူ၏။ ဆရာတော်ကြီးသည် ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၄၀ နေထိုင်စဉ်အတွင်း ဗုဒ္ဓဘာသာကျမ်းပေါင်းများစွာကို

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဘာသာနှင့်တရုတ်ဘာသာများသို့ ပြန်ဆိုရေးသားတော်မူခဲ့၏။ ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၉၉၂ ခုနှစ်တွင် ဆက်ကပ်တော်မူခဲ့၏။ ဆရာတော်ကြီးသည် ရွှေတိဂုံဘုရားအရှေ့ဘက် မဟာသာသနာ့ဝေပုလ္လ ၃ ထပ်ကျောင်းကြီးတွင် သီတင်းသုံးနေထိုင်တော်မူပြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့ရသည်။



အရှင်သိရိန္ဒာဘိဝံသ (ဖေယာဆရာတော်)

ပဥ္စမမြောက်

တိပိဋကဓရ၊ တိပိဋကကောဝိဒ
ဓမ္မဘဏ္ဍာဂါရိက

ဂန့်ဂေါမြို့နယ် ကန်ကျေးရွာအနီး လက်ပန်ကျေးရွာမှ နောက်ဆရာတော်ကြီးတစ်ပါးမှာ နိုင်ငံကျော် ပဥ္စမမြောက်တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသဖြစ်၏။ ဆရာတော်ကို ၂၆-၃-၄၃ ခုနှစ်၊ သောကြာနေ့တွင် ဂန့်ဂေါမြို့နယ် လက်ပံရွာ၌ ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်တို့မှ ဖွားမြင်တော်မူခဲ့၏။ ဆရာတော်သည် ငယ်စဉ်မှစ၍ အမြဲစာအုပ်တစ်အုပ်ကို ဖတ်နေတတ်သည်ဆို၏။ ထို့ကြောင့် ကန်ကျေးရွာ အစိုးရအလယ်တန်းကျောင်း၌ ကျောင်းတက်နေစဉ် "မင်းကတော့ အတန်းကျော်ပြီး စာဖြေရင်တောင် အောင်မှာပါကွာ" "မောင်သာမောင်ကတော့ သူများတွေလို အားအားရှိတိုင်း ဆော့နေတာ၊ ကစားနေတာ မဟုတ်ဘူး၊ အချိန်ရတိုင်း ရုံးခန်းထဲသွားပြီး တစ်ယောက်တည်းစာဖတ်နေတာချည်း တွေ့ရတယ်" ဟုကျောင်းဆရာကြီးများဖြစ်ကြသော ဆရာကြီးစိုးခိုင်မောင်ရွှေ၊ ဦးသိန်းမော်၊ ဦးရာမြို့တို့က မှတ်ချက်ချခဲ့ကြရ၏။ ၁၉၆၀ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



သတ္တမတန်းကို ကန်ကျေးရွာ အလယ်တန်းကျောင်းမှ တစ်ဦးတည်းအောင်ခဲ့သော ကျောင်းသားလေးမောင်သာမောင် ဖြစ်၏။ ဆရာတော်၏မိဘများက ၁၀ တန်းအောင်သည်အထိ အတန်းကျောင်းမှာ ထားလို၏။ သို့သော် ကန်တောရ ဆရာတော်ကြီး၏ အဆုံးအမကို ခံယူပြီး သာသနာဘောင်သို့ ခိုဝင်ခဲ့၏။ မန္တလေးမဟာဝိသုဒ္ဓါရုံနှင့် ရန်ကုန် မဟာဝိသုဒ္ဓါရုံစာသင်တိုက်ကြီးများတွင် ဆက်လက်ပညာသင်ကြားခဲ့၏။ ၁၃၄၆ ခုနှစ်၊ သက်တော် ၄၂၊ ဝါတော် ၂၃ ဝါအရတွင် တိပိဋကရေဘွဲ့တံဆိပ်တော်ရရှိခဲ့သဖြင့် ယောဆရာတော် ဟု ထင်ပေါ်ကျော်ကြားလာခဲ့၏။ ယခုအခါ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားကြီးအနီး မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးတွင် ကျန်းမာစွာဖြင့် ပရိယတ္တိစာပေများကို ပို့ချလျက်ရှိပါ၏။ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခြင်းခံခဲ့ရသည်။

ဂန့်ဂေါမြို့နယ်သည် ပရိယတ္တိစာပေတွင်သာ ထင်ပေါ်ကျော်ကြားသည် မဟုတ်။ ပဋိပတ္တိတွင်လည်း ထင်ရှားကျော်ကြားပါ၏။ ဂန့်ဂေါအနောက် မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရသည် နိုင်ငံကျော်ဆရာတော်ကြီးတစ်ပါးဖြစ်ပါ၏။ မိုးကုတ် ဝိပဿနာကမ္မဋ္ဌာနစရိယဆရာတော်ကြီးလည်း ဖြစ်ပါ၏။ ဆရာတော်ကြီးသည် သက်တော် ၅၇ နှစ်တွင်မှ ရဟန်းဖြစ်လာခဲ့ရ၏။ လူ့ဘောင်မှာ နေထိုင်ခဲ့စဉ်ကလည်း ဒါန၊ သီလ၊ ဘာဝနာ အမြဲပွားများ ကျင့်ကြံအားထုတ်နေခဲ့၏။ ဦးလှမျိုး၊ ဒေါ်ခင်ဝင်းမော် မိသားစုတို့က ၄င်းတို့ပိုင်ဆိုင်သော အင်းတကော် ၁၀ မိုင်ကုန်းရှိ မြေ ၆ ဧကကို လှူဒါန်းတော်မူပြီး "မုံလယ်သာသနာရိပ်သာအမည်ဖြင့် တရားစခန်းများ ဖွင့်ပေးနေ၏။ ဆရာတော်အမြဲသီတင်းသုံးနေတော်မူသော နေရာမှာ အနောက်ဂန့်ဂေါမြို့နယ်၊ မုံလယ်တောရကျောင်း ဖြစ်၏။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကလည်း ကြီးလှပါ၏။ တရားဟော တရားပြ အလွန်ရှင်းလင်းလှပါ၏။ ယောသံဝဲဝဲဖြင့် ဆရာတော်ရှင်းပြသော တရားကို တစ်ကြိမ်တစ်ခါ နာကြားလိုက်ရလျှင် တစ်သက်လုံး စွဲသွားစေနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ကျော်ကြားသောဆရာတော်များအနက် ဂန့်ဂေါမြို့နှင့်အပြိုင် ထီးလင်းမြို့နယ်ဖွား ဆရာတော်များလည်း အများအပြား ပေါ်ပေါက်နေပါ၏။ အထူးသဖြင့် ဘဒ္ဒန္တမဟိန္ဒသည် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ဖြစ်ပါ၏။ ဆရာတော်ကို မကွေးတိုင်း၊ ထီးလင်းမြို့နယ် (အလယ်တော) ကင်းပန်းရွာတွင် ခမည်းတော် ဦးရဲဖုန်း၊ မယ်တော် ဒေါ်စိုးမယ်တို့မှ ၁၂၉၂ ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ပါ၏။ ဆရာတော်သည် ကင်းပန်းရွာ ဂန္ဓာရုံ ကျောင်းဆရာတော်ထံတွင် အခြေခံပရိယတ္တိစာပေများကို သင်ကြားတော်မူ ခဲ့၏။ ရဟန်းဖြစ်ချိန်မှစပြီး ယနေ့တိုင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကြီးတွင် ပရိယတ္တိစာပေများကို ပို့ချလျက်ရှိ၏။ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင် နာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူနေရ၏။ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်္ကာပူနိုင်ငံများသို့ သာသနာပြုခရီး ကြွတော် မူခဲ့ရ၏။ ဂျပန်နိုင်ငံ ထေရဝါဒ ဓမ္မစာရီကျောင်းတွင် တစ်ဝါဆိုတော်မူခဲ့ရ၏။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းဆိုသည်ကတော့ အထူးတင်ပြဖွယ်ရာမလို၊ ဆရာတော်အရှင်ဇနကာဘိဝံ၏ ကမ္ဘာကျော်စာသင်တိုက်ကြီးဖြစ်ပါ၏။ စာသင်သား ၁၀၀၀ (တစ်ထောင်) ကျော်ဖြင့် စည်းကမ်းကောင်းလှသော စာသင်တိုက်ကြီးဖြစ်ပါ၏။ ဆရာတော်အရှင်ဇနကာဘိဝံသ ချမှတ်တော်မူခဲ့ သော အောက်ပါမူဝါဒများကို တသွေမတိမ်း စည်းကမ်းထိန်းသိမ်းလျက် အုပ်ချုပ်နေတော်မူသော ဘဒ္ဒန္တမဟိန္ဒဖြစ်ပါ၏။ မဟာဂန္ဓာရုံကျောင်းတိုက် များ၏ မူဝါဒ (၁၀) ချက်မှာ -

၁။ စိတ်ကောင်းရှိဖို့က ပထမ

၂။ ဝိနည်းလေးစားဖို့က ဒုတိယ

၃။ ကျန်းမာဖို့က တတိယ

၄။ သန့်ရှင်းဖို့က စတုတ္ထ

၅။ အဝတ်အစားတတ်ဖို့က ပဉ္စမ

၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ

www.burmeseclassic.com

www.burmeseclassic.com



၇။ အပြောအဆိုတတ်ဖို့က သတ္တမ
၈။ အသွားအလာတတ်ဖို့က အဋ္ဌမ
၉။ စည်းကမ်းလိုက်နာဖို့က နဝမ
၁၀။ စာတတ်ဖို့က ဒသမ။

ဤ (၁၀) ချက်ဖြစ်ပါ၏။ ဆရာတော်ဘဒ္ဒန္တမဟိန္ဒသည် ၁၉၉၈ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံခဲ့ရ၏။ ၁၆-၃-၉၈ ရက်နေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်း မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသို့ သွားရောက်ခဲ့ပြီး ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရခဲ့၏။ ဆရာတော်ကြီးနှင့် အတူ ရောက်ရှိနေသော သံဃာတော် (၉) ပါးတွင် တစ်ပါးသာလျှင် ယောသား မဟုတ်ကြောင်း သိရ၏။ အခြားဆရာတော် (၈)ပါးမှာ အကျော်အမော် ယောသားစာချဆရာတော်များ ဖြစ်ပါ၏။ ဓမ္မာစရိယဘွဲ့ရရှိပြီးသော စာချ ဆရာတော်များဖြစ်ပေ၏။

"ဆရာတော်တို့ ယောနယ်ကတော့ ဗုဒ္ဓရဲ့ ပရိယတ္တိစာပေကိုပဲ အဓိကထား သင်နေကြတော့ အကျော်အမော် ဆရာတော်တွေ ထွက်လှပါလားဘုရား၊ ယောနယ်ရဲ့ ဗုဒ္ဓဘာသာကိုးကွယ်မှု ထူးခြားတာလေး မိန့်တော်မူပါဦးဘုရား" ဟု စာရေးသူက လျှောက်ထားမိ၏။

ဆလင်းကြီးမြို့ဆရာတော် (ယောဇာတိ) က -

"ကျုပ်တို့ ယောဒေသကို ဒေါက်တာရောက်ဖူးသလား၊ ရှင်ပြုမင်္ဂလာပွဲကို လေ့လာဖူးသလား" ဆိုပြီး စကားစ,လာပါတော့၏။

"ကျုပ်တို့ယောနယ်မှာ ရှင်ပြုချင်ရင် မိမိရဲ့သားကို ဘုန်းကြီးကျောင်း တစ်လလောက်အရင် ကြိုပြီး အပ်ထားရတယ်၊ အသက် ၁၀ နှစ်ကျော်မှ ရှင်ပြုခွင့်ပေးတယ်၊ သင်္ကန်း တောင်း၊ ဘုရားရှိခိုး၊ ငါးပါးသီလစာတွေ အားလုံး ကျေညက်အောင်ရနေမှ အလှူမင်္ဂလာ၊ သားရှင်ပြုလုပ်ခွင့်ပေးတယ်၊ ရှင်လောင်းကလည်း လူပရိသတ်ရှေ့မှာ ဆံချပြီး သင်္ကန်းတောင်းရွတ်ဆို ရတယ်။ ဘုန်းကြီးက ရှေ့ကဆိုပြီး ချပေးတာမလုပ်ဘူး၊ သင်္ကန်းတောင်းရ

www.burmeseclassic.com

www.burmeseclassic.com



အောင် စာမကျက်နိုင်သေးတဲ့ ၄နှစ်၊ ၅ နှစ်ကလေးတွေကို ဘယ်ဘုန်းကြီးကျောင်းကမျှ ရှင်ပြုခွင့်မပေးဘူး၊ ကျုပ်တို့ ယောနယ်မှာ ဒါ့ကြောင့် ယောကျား မှန်လျှင် ရှင်ပြုပြီးတယ်၊ အခြေခံဗုဒ္ဓဘာသာကျေညက်ပြီး ဖြစ်တယ်။ အခြေခံ ကျေညက်နေရင် အပေါ်တက်ဖို့ မခက်တော့ဘူး။ ဒါတွေကြောင့် ဘုန်းကြီး ကောင်း အကျော်အမော်တွေ ထွက်တာပဲ တကာကြီ မှတ်ထား" ဟု ရှင်းပြနေ ပါတော့၏။ မဟာဂန္ဓာရုံကျောင်းခွဲ များကို ဂျပန်နိုင်ငံ၊ ရန်ကုန်-မင်္ဂလာဒုံ ဥယျာဉ်မြို့တော်၊ မြောက်ဒဂုံစသည်ဖြင့် ဒေသအများတွင် ဖွင့်လှစ်ထား၏။ "အမရပူရ မဟာဂန္ဓာရုံကျောင်းမှာဆိုလျှင် စာသင်သားဦးရေ အမြဲတစ် ထောင်ကျော်ရှိနေ၏။ တစ်ခါတစ်ရံမှာ နှစ်ထောင် နားကပ်သွား၏" ဟု ဆရာတော်ဘဒ္ဒန္တမဟိန္ဒမှ ရှင်းပြလိုက်ပါ၏။

မဟာဂန္ဓာရုံဆရာတော်ကြီး၏ ကျေးရွာနှင့်နှစ်မိုင်မျှ ဝေးကွာသော ထီးလင်းမြို့နယ်၊ ဟင်းခွက်ကုန်းရွာသား ဆရာတော်ကြီးမှာ ဘဒ္ဒန္တဇာဂရ ဖြစ်ပါ၏။ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်) ကြီး၏ ပဓာန နာယကဆရာတော်ကြီး ဖြစ်ပါ၏။ ဆရာတော်ကို ခမည်းတော် ဦးအောင်ချစ်၊ မယ်တော် ဒေါ်အိမ်စိုးတို့မှ ၁၂၈၃ ခုနှစ်တွင် ဖွားမြင်တော်မူခဲ့၏။ ၁၃၀၂ ခုနှစ်တွင် မန္တလေးမြို့ တောင်ပြင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရွှေနေဦးမောင် မောင်လွင်၊ ဇနီးထိပ်တင်မလေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ခဲ့၏။ ဒေါ်ထိပ်တင်မလေးမှာ ကနောင်မင်းသားကြီး၏ မြေး တော်အရင်းဖြစ်သည် ဆို၏။ ဦးမောင်မောင်လွင်နှင့် ထိပ်တင်မလေးတို့သည် မောရဂီရိရပ်ကွက်တွင် နေထိုင်ခဲ့၏။ ဆရာတော်သည် မန္တလေးနန်းတော်ကြီး ကို ဂျပန်ခေတ်ဗုံးချမခံရမီက အကြိမ်ကြိမ် ရောက်ခဲ့ရ၏။ ကြည့်ခဲ့ရ၏ ဟု ပြောပြနေ၏။ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ငယ်စဉ်ကစပြီး သူငယ်ချင်း များ ဖြစ်ကြ၏။ အသက်တော့ အနည်းငယ်ကြီးသည်ဟု ပြောပြ၏။ ဆရာ တော်သည် အဘိဓမ္မာစာဝါများကို ပိုင်နိုင်ရှင်းလင်းစွာ စာချနိုင်ကြောင်း ထင်ပေါ်ကျော်ကြားလှ၏။ ပဋ္ဌာန်းကျမ်းကိုလည်း ရှင်းလင်းအောင် စာချနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထင်ပေါ်ကျော်ကြားလှ၏။ ဆရာတော်သည် သိမ်အဆုံးအဖြတ်နှင့် အာစရိယဝါဒအဖြာဖြာ ကျမ်းစာအုပ်ကို ရေးသားတော်မူခဲ့၏။ ဝိထိဆိုရိုး စာအုပ်ကိုလည်း ရေးသားပြုစုထား၏။ ၁၉၉၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရမှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် ပူဇော်ခြင်းကို ခံခဲ့ရ၏။

ပခုက္ကူမြို့ အလယ်တိုက် မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီးအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်သွား ခဲ့သည်။ အလယ်ကျောင်းတိုက်ကြီးသည် မြန်မာနိုင်ငံတွင် အထင်ပေါ်ကျော် ဆုံးသော ကျောင်းတိုက်ကြီးတစ်ခု အပါအဝင် ဖြစ်ပါ၏။ စာသင်သားသံဃာ တော် (၇၀၀)ကျော် ရှိ၏။ ဆရာတော်၏ ကျောင်းမှ တပည့်ဦးပဥ္စင်းလေးမှာ ဟင်းခွက်ကုန်းကျေးရွာအနီး ဝက်သက်ကျေးရွာသား ဖြစ်သည်ဆို၏။ ပဲခူးမြို့ အထွက်မှာလည်း ဝက်သက်ရွာမှာ ဆရာတော်ကြီးတစ်ပါးသည် ပရိယတ္တိ စာသင်တိုက်ကြီး ဖွင့်လှစ်ထားသည်ဟု သိရ၏။

ဝက်သက်ရွာဆိုသည်မှာ တောင်သားများ သက်သက်နေထိုင်သော ကျေးရွာများဖြစ်ပါ၏။ တောင်သားဆိုသည်မှာ ပျူများဖြစ်သည်ဟု ယုံကြည် ကြ၏။ ထီးလင်းမြို့နယ်တွင် ပျူကျေးရွာပေါင်း (၂၆)ရွာ၊ ဆောမြို့နယ်တွင် ပျူကျေးရွာပေါင်း (၂၆)ရွာ၊ ဂန့်ဂေါမြို့နယ်တွင် (၅)ရွာ၊ ကလေး မြို့နယ်မှာ သုံးရွာ၊ ဧတုတ္တရာမြို့နယ်တွင် သုံးရွာ၊ စုစုပေါင်း ပျူကျေးရွာပေါင်း (၆၀) နီးပါး ရှိနေသေးသည်ဟု ဖတ်ဖူး၏။ မှတ်ဖူး၏။ ပျူများသည် ပုဂံနိုင်ငံကြီးကို စတင်တည်ထောင်သူ သမုဒ္ဒရာဇ်မင်းကြီး လက်ထက်တွင် မင်းပြစ်မင်းဒဏ် ကြောင့် ပြေးလာခဲ့ကြရသည်ဟု ဆို၏။ ပျူပန်းဖဲဆရာ မောင်စိန် ပုန်းနေခဲ့ရ သော တောင်ကို ပုန်းတောင်၊ ထိုမှ "ပုံတောင်"၊ ထို့ပြင် ပန်းပဲမောင်စိန့် ညာသံပေးပြီး တက်လာခဲ့ရသော တောင်ကို ပုံညာတောင်ဟု ခေါ်ဝေါ်လာခဲ့ ကြသည်ဟု အဆိုရှိ၏။ မောင်စိန့်၏ ညီမမိဖုရားကြီး စန္ဒာဒေဝီသည် သမုဒ္ဒရာဇ်မင်းကြီး၏ မိဖုရားတစ်ဦးဖြစ်သည်ဟု အဆိုရှိ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

တောင်သား "ပျူ" များသည် ယောဒေသတွင် အရင်ရောက်နှင့်နေသော မြန်မာများက အဖက်မလုပ်ခဲ့ကြပေ။ အနှိမ်ခံခဲ့ကြရ၏။ မည်သို့ပင်ဖြစ်စေ ယောဒေသသည် ထေရဝါဒ ဗုဒ္ဓဘာသာ အလွန်ထွန်းကားနေသော ဒေသဖြစ်သည်ကား ယုံမှားဖွယ်ရာမရှိ။ ယောဆရာတော်များ၏ အကြောင်းကို စာဖွဲ့လျှင် ကုန်နိုင်မည်မဟုတ်။ ထင်ပေါ် ကျော်ကြား ယောဆရာတော်များ၏ ဂုဏ်သတင်းသည်ကား မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပင် ကျော်ကြားလျက် ရှိပါ၏။

## အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဝန်းသိုမြို့ ခန္တီးစာသင်တိုက်ကြီး ဆရာတော် ဘဒ္ဒန္တသုဇန


ဆရာတော်ကို ၁၂၅၆ ခုနှစ်တွင် ထီးလင်းမြို့နယ် ကဇွန်းဒေါင့်ကျေးရွာတွင် အဘဦးလယ်နောက်၊ မယ်တော်ဒေါ်ရွှေမြင်တို့မှ ဖွားမြင်သည်။ ၁၂၆၇ ခုနှစ်တွင် ကဇွန်းဒေါင့်အရှေ့ကျောင်းဂိုဏ်းထောက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သာမဏေအဖြစ်ကို ရရှိတော်မူသည်။ ရှင်သာမဏေဘွဲ့မှာ ရှင်သီရိဖြစ်သည်။ ၁၂၇၅ ခုနှစ်တွင် ဝန်းသိုရွာ၊ အရှေ့ကျောင်းခဏ္ဍသိမ်၌ ရေဝန်းကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝကို ရရှိတော်မူသည်။ ရဟန်းဘွဲ့မှာ ဦးသုဇနဖြစ်သည်။ အသက် ၁၇ နှစ်အရွယ်မှစပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်) တိုက်ကြီးသို့ ရောက်ရှိခဲ့ပြီး ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရက ခန္တီးဝန်းသိုမြို့တို့တွင် စာသင်တိုက်ခွဲများ ထူထောင်သောအခါ အရှင်စန္ဒိမာနှင့်အတူ ဝန်းသိုမြို့သို့ စေလွှတ်ခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်နှင့် အဘိဓဇမဟာရဋ္ဌဘွဲ့တံဆိပ်တော်များ ရရှိခဲ့သည်။

× × × × ×



# ခေတ်သစ်သို့ ယောဒွါနို

## အမှောင်ခွင်း၍ အလင်းဆောင်ပြီ




အင်္ဂလိပ်ကိုလိုနီခေတ်မှစပြီး ဆိုရှယ်လစ်ခေတ် အဦးပိုင်းအထိ ယောဒေသကို ဖြတ်သန်းဖောက်လုပ်ထားသော မော်တော်ကားလမ်းသည် -

(က) ပခုက္ကူ - ပေါက် - ကျင်းရွာ - ထီးလင်း - မင်းရွာ - ပျားရွာ - ဂန့်ဂေါလမ်း

www.burmeseclassic.com

www.burmeseclassic.com


# ခေတ်သစ်သို့ချီ ယောဒေသ

## အမှောင်ခွင်း၍ အလင်းဆောင်ပြီ




အင်္ဂလိပ်ကိုလိုနီခေတ်မှစပြီး ဆိုရှယ်လစ်ခေတ် အဦးပိုင်းအထိ ယောဒေသကို ဖြတ်သန်းဖောက်လုပ်ထားသော မော်တော်ကားလမ်းသည် -

(က) ပခုက္ကူ - ပေါက် - ကျင်းရွာ - ထီးလင်း - မင်းရွာ - ပျဉ်းရွာ - ဂန့်ဂေါလမ်း

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပခုက္ကူ - ပေါက် - တပျင်း - ကျောက်ထု - ဆောမြို့
(ဂ) ၁၉၆၄ ခုနှစ်နောက်ပိုင်းတွင် ပခုက္ကူ - ပုလဲ - ကျောရွာ - ရေမျက်နီရွာ - ထီးလင်းနှင့် ဂန့်ဂေါမြို့ ဆိုပြီး လမ်းကြီးသုံးသွယ် ရှိခဲ့သည်။

ပခုက္ကူ - ပုလဲ - ကျောရွာ လမ်းပိုင်းပေါ် ပေါက်လာသောအခါ R.T.C ဟီးနိုးကားကြီးများ ပြေးဆွဲလာကြသည်။ ပခုက္ကူမှ ကုန်သည်များသည် မော်တော်ကားများကို ဝယ်ပြီး ယောဒေသနှင့် ကုန်စည်အရောင်းအဝယ်များကို ပြုလုပ်ကြသည်။ ပခုက္ကူမြို့သည် ချင်းပြည်နယ်နှင့် ယောဒေသ၏ ထွက်ပေါက်တံခါးဝမြို့ကြီး ဖြစ်လာသည်။ အစိုးရသစ်ထုတ်လုပ်ရေး အကြီးအကျယ် လုပ်ကိုင်လာသဖြင့် သစ်တိုက်ကားများ ခေတ်စားလာသည်။ ထီးလင်းမြို့နယ်၊ ကျင်းရွာ၊ ဆောမြို့နယ်၊ ကျောက်ထုရွာ၊ တပျင်းရွာတို့သည် စည်ကားသော ကျေးရွာများဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးနှင့် အဖွဲ့အစိုးရ တက်လာသောအခါ ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်ကို ကျင့်သုံးလာသည်။ ယောဒေသတွင် အပြောင်းအလဲကြီးသုံးရပ် ဖြစ်ပေါ်လာသည်။

(က) ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးခေတ်
(ခ) မီးရထားခေတ်
(ဂ) ရေနံတူးဖော်ရေးခေတ်

ထိုခေတ်ကာလကြီးသုံးခုသည် ယောဒေသ၏ လူမှုရေးပတ်ဝန်းကျင်ကို ပြောင်းလဲသွားစေခဲ့သည်။

ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များတွင် စစ်နီးချောင် (၂၄)ရွာအုပ်စုနှင့် ကျောချောင် (၁၆)ရွာ အုပ်စုဆိုပြီး အစဉ်အလာအရ ခေါ်ခဲ့ကြသည်။ မှန်လည်းမှန်ပေသည်။ မော်တော်ကား မရောက်၊ မီးရထားမပေါက်၊ အတော်အဆက်အသွယ်ပြတ်လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀ ခုနှစ်လောက်တွင် ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးကို ခွင့်ပြုလိုက်သည်။ သစ်ကုန်သည် လုပ်ကိုင်လိုသော ဒေသခံများသည် သစ်ကုန်သည် မှတ်ပုံတင်စေပြီး တစ်ဦးလျှင် တန် (၅၀)စီ သစ်ထုတ်ယူခွင့်ပြုလိုက်သည်။ အုပ်စု (၁) သစ်မာထုတ်ယူခွင့်ဆိုပြီး ခွင့်ပြုသော်လည်း နောက်ပိုင်းတွင် ပိတောက်သစ်ကိုသာ အဓိကထားပြီး ထုတ်ယူကြသည်။ မြန်မာ့ပိတောက် အထူးသဖြင့် ဂန့်ဂေါပိတောက်သည် အသားကျစ်ခြင်း၊ အနီရောင်လှခြင်း၊ အသားချောခြင်းတို့ကြောင့် နိုင်ငံခြားသားတို့က ကြိုက်နှစ်သက်ကြသည်။ ဂျပန်နှင့် ဟောင်ကောင်မှ သူဌေးများသည် ပိတောက်နှင့် ပြုလုပ်သော ပရိဘောဂပစ္စည်းများကို တန်ဖိုးထား နှစ်သက်ကြသည်။ ပိတောက်သားပေါ်တွင် အိပ်စက်ခြင်းကြောင့် ဆီးရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါတို့ကို ကာကွယ်စေသည်ဟုပင် နိုင်ငံခြားသားတစ်ဦးက ပြောခဲ့ဖူးသည်။

ရွှေပိတောက်ခေတ်ကို ရောက်ခဲ့သည်။ ပိတောက်ပင်သည် အမြင့်ပေ (၁၀၀၀)မှ (၂၀၀၀)အတွင်းလောက်တွင် ပေါက်ရောက်မှု ပိုများသည်။ အမြင့်ပေ (၃၀၀၀)ကျော်သော ပုံတောင်ပုံညာတောင်မကြီးများပေါ်တွင် အတွေ့ရ နည်းသည်။ ပိတောက်ကို အများဆုံး ထုတ်ယူခဲ့သော သစ်တောကြိုးဝိုင်းများမှာ မိုးစိုကြိုးဝိုင်း၊ မဲကြိုးဝိုင်း၊ လောင်ထောင်ကြိုးဝိုင်း၊ စစ်နှီးကြိုးဝိုင်း၊ ကြူသာကြိုးဝိုင်း၊ ဘူးတောင်းကြိုးဝိုင်း၊ ပိန္နဲကြိုးဝိုင်း၊ ကျိုင်းကြိုးဝိုင်း စသည်တို့ဖြစ်သည်။ အစပိုင်းတွင် တန် (၅၀)သစ်ကွက်များမှ ထုတ်ယူကြရသော်လည်း နောက်ပိုင်းတွင် တန် (၅၀၀)၊ တန် (၁၀၀၀) သစ်ကွက်များရိုက်ပြီး မကွေးတိုင်းသစ်တောဦးစီးဦးဌာနတွင် လေလံတင်ရောင်းချသည်။ သစ်ကုန်သည်များသည် တပျင်း၊ ဘူးတောင်းရွာ၊ ကျင်းရွာ၊ ရေမျက် နီရွာ၊ ကျောရွာ၊ မဲရွာ၊ လောထောင်၊ ဂန့်ဂေါမြို့၊ ထီးလင်းမြို့၊ ဆောမြို့များတွင် စခန်းချကြသည်။ သစ်သမားများသည် ရှိုးရှိုးရေကိုပင် မသောက်ကြ။ ရေသန့်ဘူး၊ အချိုရည်၊ ဘီယာ၊ ရမ်၊ ဝီစကီ၊ ဆေးလိပ်မှအစ ခရီးသွားလျှင် မော်တော်ကား

www.burmeseclassic.com



ပေါ်တွင် အပြည့်တင်သွားပြီး စားကြသောက်ကြ၊ ပျော်ကြသည်။ ပခုက္ကူမှာလည်း သစ်သမား၊ ရန်ကုန်စားသောက်ဆိုင်များမှာလည်း သစ်သမား၊ ကျောက်သမားများပင် သစ်သမားတို့ကို မတုနိုင်။ စားသောက်ဆိုင်ဆိုလျှင် သစ်သမားမရောက်သောဆိုင် မရှိ။ ပိတောက်ရွှေခေတ်ဟု ခေါ်ခဲ့ကြသည်။ ယောဒေသမှ သစ်ခုတ်သမား၊ သစ်ပွဲစားများမှာလည်း စီးကရက်ကို လက်ကြားမှာ ညှပ်ပြီး ဘီယာနှင့် အချိုရည်ဗူးတို့ကို ထမင်းစားရာမှာ ဟင်းလျာတစ်ခု ဖြစ်နေကြသည်။ ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပေသည်။

သစ်သမားများထက် ပိုပြီး စီးပွား ဖြစ်ကြသူများမှာ စားသောက်ဆိုင်ပိုင်ရှင်များ ဖြစ်သည်။ သစ်ခုတ်သမားနှင့် သစ်ထုတ်သမား၊ ကျွဲသမား၊ ဆင်သမားများမှာ သူတို့ရရှိသော ငွေများကို စားသောက်ဆိုင်များ၌ ဖြုန်းပစ်ခဲ့ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပိတောက်သစ်ကုန်ပြီး ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင် ကျွန်းခေတ်ကို ရောက်ခဲ့ပြန်သည်။ ကျွန်းခွဲသားများကို နိုင်ငံခြားသို့ ပို့ခဲ့ကြပြန်သည်။ ရှိုးရိုးခွဲသားမှာ ဈေးမရ၊ အကျောစင်းဆိုပြီး ကျွန်းခွဲသားများကို ခွဲစိတ်ရောင်းချကြသည်။ ကျွန်းခွဲသား၊ အကျောစင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀၀၀ ကျော် ၆၀၀၀ နီးပါး ဈေးရသည်။ အပျော်စီးသင်္ဘောဆောက်လုပ်ရာတွင် အသုံးပြုသည်ဟု သိရသည်။ သစ်ခွဲသားခေတ်လည်း မကြာမီကုန်ဆုံးသွားခဲ့သည်။

၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် သစ်ခေတ်ကုန်သောအခါ မီးရထားခေတ်သို့ ရောက်ရှိလာသည်။ ပခုက္ကူ၊ ဇီးပြား၊ ကျောရွှာ မီးရထားလမ်းပိုင်းနှင့် ကလေး၊ ဂန့်ဂေါ၊ ရေမျက်နီမီးရထားလမ်းပိုင်းကို ဖောက်လုပ်ကြသည်။ ဒေသအသီးသီးမှ အလုပ်သမားများ ရောက်လာကြသည်။ ရေမျက်နီကျေးရွာနှင့် ကျောကျေးရွာတို့သည် မီးရထားလုပ်သားများ စခန်းချရာကျေးရွာများ ဖြစ်ကြသည်။ စားသောက်ဆိုင်၊ ဈေးဆိုင်ပိုင်ရှင်များ အလုပ်ကောင်းကြသည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် ကျောရွှာအထိ မီးရထားလမ်းပေါက်လာသည်။ ကျောရွှာလေးသည် ပခုက္ကူ-မုံရွာတို့နှင့် အဆက်အသွယ်ကောင်းလာသည်။ ကုန်မျိုးစုံ အရောင်းအဝယ်ဖြစ်လာသည်။ အိမ်၊ ဝိုင်း၊ တိုက်တာများ ဈေးတက်လာပြီး နှစ်ထပ်တိုက်ကြီးများ ပေါ်လာသည်။ ဗွီဒီယိုရုံ၊ ဘောလုံးပွဲ၊ စားသောက်ဆိုင်၊ ဂြိုလ်တုစလောင်းများဖြင့် အချိန်ဖြုန်းတတ်လာကြသည်။ ချောင်ဟုခေါ်ခဲ့သော ကျေးရွာများသည် ချောင်မဟုတ်တော့။ ယောဒေသ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ဗဟိုအချက်အချာ ကျေးရွာများ ဖြစ်လာသည်။

၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် လက်တွင်းရေနံတူးတွင်းလေးများကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ပုံတောင်တောင်ထိမ်၌ စာရေးသူသည် ဗုဒ္ဓခြေတော်ရာကို တည်ထားကိုးကွယ်ခဲ့သည်။ ရေနံတူးအဖွဲ့ဆိုပြီး သုံးဦးသာ တွေ့မြင်ခဲ့သည်။ ရေနံတူးအဖွဲ့ဆိုပြီး သုံးဦးလေးဦး

www.burmeseclassic.com

www.burmeseclassic.com



သာ စမ်းသပ်လုပ်ကိုင်ခဲ့ကြသည်။ ယခု ၂၀၀၄ ခုနှစ် ကုန်ခါနီးတွင် ပုံတောင် တောင်ပေါ်တွင် ရေနံတွင်းတူးအဖွဲ့ပေါင်း ထောင်ချီပြီး ရှိနေပြီ။ ညမှာဆိုလျှင် ချောက်မြို့ ရေနံချောင်းမြို့များဟု ထင်မှတ်ရသည်။ လျှပ်စစ်မီးတွေ ထိန် ထိန်လင်းနေပြီး မြို့ကြီးတစ်ခုဟုသာ ထင်ရတော့သည်။ ရေနံတွင်းတူးတဲလေး များမှာ မျောတိုင်ထူ၊ ဝါးကပ်ကား၊ ဝါးကပ်မိုး၊ မိုးကာမိုးဖြင့် တဲအိမ်လေး ပေါင်း ထောင်ဂဏန်းအထိ ရှိသည်။ မီးရထားလမ်းတစ်လျှောက် ကျောသာ ရွာ၊ ထန်းတောရွာတို့မှာလည်း ရေနံတူးအဖွဲ့များကို တွေ့မြင်နေရသည်။ မည်သို့ပင်ဖြစ်စေ ၂၁ ရာစုခုနှစ်သည် ၂၀ ရာစုနှစ်နှင့် လုံးဝမတူတော့ပေ။ ချောင်ကျလှသော ယောဒေသသည် ခေတ်သစ် ပန်ဝန်းကျင်သစ်ဆီသို့ သွား နေပြီဟုသာ ဆိုချင်ပါတော့၏။

ယောဒေသ၌သာမဟုတ် ယောဒေသသို့အဝင် အောက်လယ်မွှနှင့် ခင်အေးရွာတို့၏ အကြားတွင် ယခင်က ၅၄ မိုင်စခန်း ၅၅ မိုင်စခန်းဟု ရွာ လေးနှစ်ရွာသာ ရှိခဲ့ရာမှ ယခုတော့ ၅၂ မိုင် ၆၀ မိုင်၊ ၆၁ မိုင်၊ ၆၂ မိုင် စသည်ဖြင့် မိုင်တိုင်တိုင်းတွင် ကျေးရွာလေးများ ပေါ်ပေါက်လာသည်။ မရောက်တာ သုံးလလောက်ကြာသွားလျှင် မှတ်မိနိုင်မည်ပင် မဟုတ်။ ကျေး ရွာလေးများ ပေါ်ပေါက်လာသဖြင့် သဘာဝသစ်တောကြီးများကို ခုတ်ပြီး စပါးခင်းများ၊ ပဲစင်းငုံခင်းများ၊ လူး၊ ဆပ်ခင်းများ၊ နှမ်းခင်းများ ပေါ်လာပါ တော့၏။ ခင်အေးကြီးဝိုင်း၊ လယ်မွှကြီးဝိုင်းများမှာ ၂၀၀၀ ပြည့်နှစ်နောက် ပိုင်းတွင် ပျောက်ကွယ်၍ သွားနေကြပြီဖြစ်ကြောင်းပါသည်။


၂၁ ရာစုနှစ်သည် ယောဒေသကို အမှောင်ခွင်းပြီး အလင်းဆောင်လာ ပြီ ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာလှည့်တို့ စိတ်ဝင်စားသည့် ယောဒေသ




ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားအဖွဲ့တစ်ဖွဲ့ဖြစ်၏။ ယောဒေသနှင့် ချင်းပြည်နယ်ဒေသများသို့ သွားလိုသဖြင့် လိုက်ပြီးပို့ရ၏။

"လူကြီးမင်းတို့ကို တစ်ခုတော့ ကြိုတင်ပြီး ရှင်းပြထားလိုပါတယ်။ ကျွန်တော်ဟာ တစ်ခါက ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ ခရီးသည်လွှဲပြောင်းပေးမှု အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးကို ယောဒေသသို့ လိုက်ပြီး ပို့ပေးခဲ့ရပါတယ်။ သူတို့က သဘောကျမသွားပါဘူး။ သူတို့က သဘာဝကျေးငှက်၊ တောရိုင်းတိရစ္ဆာန်၊ သစ်ပင်၊ တောတောင်တွေကို ကြည့်လို့ကြတာပါ။ သွားခဲ့တဲ့ရာသီက မတ်လထဲမှာဆိုတော့ သစ်ပင်တွေ အရွက်ကြွေကျနေတဲ့ ပူပြင်းတဲ့ရာသီဆိုတော့ သူတို့မျှော်မှန်းထားတာတွေကို မတွေ့မြင်ရခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုသွားကြမှာက ယဉ်ကျေးမှု

www.burmeseclassic.com



လေ့လာရေး သဘာဝခရီးသွားခြင်း ဖြစ်ပါတယ်။ ယဉ်ကျေးမှုပစ္စည်းဆိုတာ ပညာမျက်စိနဲ့ ကြည့်ကြရတာ မဟုတ်ပါဘူး။ ပညာစိတ်အာရုံနဲ့ ခံစားကြရမှာပါ။ မျက်စိနဲ့ ကြည့်ပြီး မခံစားရပါ။ စိတ်အာရုံဖြင့် စဉ်းစားပြီး ယောခလေ့ကို ခံစားကြည့်ပါ။ ပုဂံမှဘုရားတွေလို ပန်း (၁၀)မျိုးကိုလည်း ပြနိုင်မှ မဟုတ်ပါဘူး။ ပိသုကာလက်ရာမျိုးစုံကိုလည်း ပြနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်ပြသနိုင်မှာက ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းဒေသနှင့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းဒေသမှ လူတို့၏ ကွဲပြားခြားနားမှုကိုပဲ ပြသနိုင်မှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းသည် မြန်မာ့ယဉ်ကျေးမှု ရတနာသိုက်လို့ ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာလူမျိုးများ၏ ရိုးရာလူနေမှု ပုံစံ ဖြစ်ပါတယ်။ ဒါကလည်း သွားလာရေးခက်ခဲမှုတွေကြောင့် တစ်ကြောင်းနှင့် ဘာသာ၊ သာသနာထွန်းကားမှု ရှိနေခြင်းကြောင့် တစ်ချက်ဖြစ်ပါတယ်” စသည်ဖြင့် အရှည်ကြီး ဦးစွာရှင်းပြပေးနေရ၏။

ဤသို့ဖြင့် ကျွန်တော်တို့သည် ယောဒေသသို့ ရောက်ခဲ့ရပါပြီ။ လမ်းဘေးတွင် နှီးဖျာနေသော အဖိုးကြီးတစ်ဦးကို တွေ့၏။ ကားကို အရပ်ခိုင်းလိုက်၏။ နိုင်ငံခြားသားများနှင့် တွေ့ဆုံစကားပြောခိုင်း၏။

‘အဘအသက် ဘယ်လောက်ရှိပြီလဲ’

‘၈၅ နှစ်’

‘ဘယ်ရွာကလဲ”

‘သည်ရွာကပါ”

လူကြီးမင်းတို့ကြည့်ပါ။ အသက် (၈၅)နှစ် အဖိုးကြီးတစ်ယောက်ဟာ အိမ်ထဲမှာ ငြိမ်ငြိမ်မနေဘူး။ သည်တောင်ပေါ် တက်လာပြီး ဝါးခုတ်၊ နှီးဖျာနေတယ်။ နိုင်ငံခြားသားများက ခေါင်းငြိမ့်ပြကြ၏။

“သည်နှီးဖျာနေတာက ဘာအသုံးပြုဖို့လဲ”

“တဲမိုးမလို့”

www.burmeseclassic.com

www.burmeseclassic.com



"တဲကို တစ်ကြိမ်မိုးထားရင် ဘယ်နှစ်နှစ် ကြာကြာခံသလဲ"
"သုံးနှစ်ခံတယ်"




ဆောမြို့အနီးမှ တောင်ပေါ်ရွာကလေး

ဤသို့ဖြင့် တောင်ပေါ်မှနေပြီး အပေါ်စီး မြင်တွေ့ရသော ထိုရွာကလေးကို ဓာတ်ပုံရိုက်ကြ၏။ ဗီဒီယိုရိုက်ကြ၏။ ရွာလေးမှာ ဆောမြို့အဝင်မှ ကျေးရွာလေးဖြစ်၏။ အိမ်ခြေ (၄၀)မျှသာ ရှိ၏။ ရွာကလေးအတွင်းသို့ ဝင်သွား၏။ ကလေးများသည် လမ်းဘေးမှာ ကစားနေကြရာမှ ကြောက်လန့်ပြီး အိမ်များအတွင်းသို့ ပြေးဝင်သွားနေကြ၏။ မရှောင်သာသော ကလေးများမှာ မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့် ငိုနေကြ၏။ ကြောက်ရွံ့နေကြကြောင်း သိလိုက်ကြ၏။ သည်လိုမြင်ကွင်းမျိုးကို တစ်ခါမျှ မမြင်ဘူးကြသော နိုင်ငံခြားသားများက ဓာတ်ပုံရိုက်ကြ၏။ ဗီဒီယိုရိုက်ကြ၏။ ရယ်ကြ၏။ သဘောကျကြ၏။ မုန့်တွေကို ထုတ်ပြီး ပေးသော်လည်း မယူကြ။ ငိုမြဲငိုနေကြ၏။ အိမ်တွင်းမှ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး ထွက်လာ၏။ အမျိုးသမီးကြီးမှာ အင်္ကျီမပါ။ အမျိုးသမီးငယ်မှာ ထဘီရင်လျားထား၏။

"ကလေးတွေက ဘာပြုလို့ ငိုကြတာလဲ၊ ပြေးကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကားကို ကြောက်ကြလို့ နေမှာပါ"

"သည်ရွာကို မော်တော်ကားတွေ မလာကြဘူးလား။"

"ကားကြီးကြီးတွေတော့ လာတတ်ပါတယ်။ ကားသားလေးတွေက မလာဘူး။"

ကျွန်တော်က ထိုအမျိုးသမီးကြီး၏စကားကို အနီးစပ်ဆုံး ဘာသာပြန်လိုက်၏။ ကားအငယ်လေးတွေကို ငယ်သည်ဟု မပြော၊ သားဟုပြော၏။ သုံးနှုန်း၏။ ဥပမာ ဇွန်းအငယ်လေးကို ဇွန်းသားလေးဟု ခေါ်၏။ စသည်ဖြင့် ရှင်းပြပေးရ၏။ "ဟိုအပေါ်မှာ လူတွေထိုင်နေကြတာ ဘာလုပ်နေကြတာလဲ။ အမျိုးသမီးနိုင်ငံခြားသူတစ်ဦးသည် ထန်းပင်ပေါ်မှာတက်ပြီး ထိုင်နေကြသူ လူ (၅)ဦးအား လက်ညှိုးထိုးပြပြီး မေးနေ၏။

"ဒါဟာ ထန်းပင်မခေါ်ဘူး။ ပေပင်ခေါ်တယ်။ ထန်းပင်နှင့် ပေပင် ကွာခြားပုံများကိုလည်း ရှင်းပြပေးရ၏။ ပေပင်အရင်းသို့ သွားကြ၏။ ပေပင်ကြီးသည် ပေ (၁၀၀) နီးပါးမြင့်၏။ အပေါ်မှာ ဝါးစင်ကြီးထိုးထား၏။ လူ ၁၅ ဦး၊ ၂၀ ဦးထိုင်ပြီး ပေရည်သောက်နိုင်၏။ သို့သော် အပင်ပေါ်သို့ လှေကားမထား၊ ဝါးလုံးကြီးတစ်လုံးကို ထောင်ထား၏။ ဝါးအတက်လေးများကို နင်းပြီး တက်ရ၏။ ပေရည် (သို့မဟုတ်) ထန်းရည်သောက်လိုလျှင် ထိုဝါးတက်လေးများကိုနင်းပြီး ပေပင်ပေါ်သို့တက်ပြီး သောက်ကြရ၏။ အခငွေပေးရန်မလို၊ မည်သူမဆိုတက်ပြီး သောက်နိုင်၏။ သို့သော် ငွေပေးပါမည်၊ ဝယ်ပါမည်ဆိုပြီး ထန်းရည် (သို့မဟုတ်) ပေရည်ကို ချပေးပါဆိုလျှင် ချမပေး။ သောက်ချင်ရင်တက်ခဲ့ပါ။ မတက်နိုင်လျှင် မသောက်ချင်နဲ့ဟု ပြောတတ်၏။ နိုင်ငံခြားသားတို့က သောက်ချင်ပါတယ်၊ မတက်နိုင်ဘူးဟု အတော်ပြောပြတော့မှ မြူအိုးတစ်လုံးကို ခါးမှာချိတ်ပြီး တစ်ဦးကဆင်းလာ၏။ နိုင်ငံခြားသားများက ပေရည်ကို သောက်ကြည့်ကြ၏။

ရှေ့သို့ခရီးဆက်ခဲ့ပြန်၏။ တောင်ယာတဲကလေးတစ်ခုရှေ့သို့ ကားကို ထိုးပြီးရပ်လိုက်၏။ ကစားနေသော ကလေးသုံးဦးက တဲပေါ်သို့ တက်ပြီး ပြေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com






"ခင်ဗျားတို့ သည်တဲတွင်းမှာ နေထိုင်လာကြတာ နှစ်ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်လောက်တော့ရှိပြီ"

"ရွာနဲ့ဘယ်လောက်ဝေးသလဲ"

"တစ်တိုင်လောက်ဝေးမယ်"

"ရွာတွင်းကို မသွားဘူးလား၊ တစ်နှစ်ကို ဘယ်နှစ်ကြိမ် ရွာတွင်းကို သွားသလဲ"

"အေးမသွားဘူး၊ ကိစ္စမှမရှိဘဲ၊ ဥက္ကဋ္ဌအခေါ်လာရင် သွားတယ်၊ အခေါ်မလာရင်မသွားပါဘူး"

ဤသို့ဖြင့် တောင်ယာတဲများအကြောင်းကို ရှင်းပြရ၏။ ဈေးသို့သွားရန်မလို၊ အိမ်နားနီးခြင်းများနှင့် စကားပြောရန်မလို၊ ရန်ဖြစ်စရာမလို၊ ပြဿနာမရှိ၊ ကလေးများမှာလည်း ကျောင်းသွားရန်မလို၊ စာအံရန်မလို၊ မြေကြီးကို မျဉ်းကြောင်းခြစ်ပြီး ညီအစ်ကိုမောင်နှမတစ်စုကစားခြင်းသာ အားကစားနည်းဖြစ်၏။ ထိုမိသားစု၏ တစ်နေ့တာဆောင်ရွက်မှု၊ စားမှု၊ ဝတ်မှု၊ နေမှု၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကိုင်မှုတို့ကို လေ့လာလိုသဖြင့် (၇) ရက်လောက်ကြာအောင် ထိုသို့သော တောင်ယာတဲနေမိသားစုတစ်စုနှင့် အတူနေကြည့်လိုပါသည်ဟု နိုင်ငံခြားသူတစ်ဦးက ဆို၏။ နောက်တော့ သီးခြားစီစဉ်ပေးပါမည်ဟု ပြောပြရ၏။

ထို့နောက် ရွာတစ်ရွာသို့ ရောက်ပြန်၏။ အိမ်ခြေ (၇၀) ခန့်ရှိ၏။ အိမ်များမှာ ခြေတံရှည်တစ်ထပ်အိမ်မြင့်များဖြစ်၏။ တစ်အိမ်ဝိုင်းနှင့်တစ်အိမ်ဝိုင်းကာထားသည့် ဝင်းထရံမရှိ၊ ကားလမ်းဘက်၌သာ ဝင်းကိုကာထားသည်။ ကာထားသော ဝန်းထရံမှာလည်း သစ်သားမဟုတ်၊ ဝါးမဟုတ်၊ သစ်ပင်သစ်လုံးများကို စီပြီး စိုက်ထား၏။ အိမ်တိုင်းအိမ်တိုင်းတွင် တံခါးမရှိ၊ အပျိုဆောင်ခန်းများကို ရှေ့မှာထုတ်ပြီး ဆောက်ထားကြ၏။ သည်အိမ်ပုံစံမျိုးကို ဧရာဝတီမြစ်၏ အရှေ့ဘက်မှာမတွေ့ရ၊ မမြင်ရ။ ရှင်းပြရ၏။ အစားအစာများကို ယူပြီး ပြ၏။ မျှစ်ခြောက်၊ မှိုခြောက်၊ ခရမ်းသီးခြောက်၊ ငါးခြောက်၊ အသားခြောက်များ၊ ပြောင်းဖူးထမင်း၊ ငရုတ်သီးထောင်းစသည်ဖြင့် စားကြ၏။ သို့သော် သူတို့မှာ မော်တော်ကားမဝယ်လို၊ ဆိုင်ကယ်မဝယ်လို၊ တီဗွီမကြည့်လို၊ ဘုန်းကြီးကျောင်းကိုသာ လှူလို၏။ သားကိုရှင်ပြုလို၏ ဟု ရှင်းပြ၏။ ဤသည်တို့သည် ယောဒေသ၏ ယဉ်ကျေးမှုရတနာသိုက်ကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်ရကြောင်းပါကြောင်း ရှင်းပြရတော့၏။



နိုင်ငံခြားသားများ ပေးရည်ကို သောက်ကြည့်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလှည့်တို့ စိတ်ဝင်စားသည့် ဆောမြို့




“သည်ချောင်းကိုတော့ ဆောချောင်းလို့ပဲ ခေါ်ပါတယ်။ စီလင်းချောင်း တွင်းကို စီးဝင်သွားပါတယ်။ တစ်နှစ်ပတ်လုံး ရေစီးဆင်းနေပါတယ်။ ချောင်းတွင်းမှ ရေစီးအားကို အသုံးချပြီး ဆန်ဖွပ်နေကြတယ်။ လျှပ်စစ်မီးထုတ်ယူနေကြတယ်။ ရေအားနဲ့ဆီဆုံတွေ လည်ပတ်နေကြတယ်ဆိုပြီး တစ်ခုပြီးတစ်ခု လိုက်ပြပြသပေ၏။

“ဆောမြို့ကို ရောက်ပါပြီ” ဆောမြို့ကို တောင်ယောဟုခေါ်ကြောင်း ရှင်းပြပေးနေရ၏။ ယခုခေတ်မှာတော့ ဆောမြို့ကို တောင်ယော၊ ထီးလင်းမြို့ကို အလယ်ယော၊ ဂန့်ဂေါမြို့ကို မြောက်ယောဟုခေါ်ကြောင်းနှင့် ဂန့်ဂေါခရိုင်ဆိုပြီး သီးခြားယောခရိုင်ကို ဖွဲ့စည်းထားခဲ့ကြောင်းနှင့် အမှန်တော မြောက်အရပ်မှာ ကလေးမြို့၊ တောင်အရပ်မှာ စေတုတ္တရာမြို့အထိ ယောနယ်ဟု ခေါ်ခဲ့ကြကြောင်း ရှင်းပြရ၏။ ရှေးကတော့ လောင်းရှည်မြို့၊ ဆောမြို့၊ ယောမြို့၊ ထီးလင်းမြို့၊ ထိုလေးမြို့ကို ယောဟုခေါ်ကြောင်း၊ အုပ်ချုပ်ရေးတွင်လည်း “တိုက်ကျန်ခုနစ်ရွာ၊ လောင်ထောင်တစ်ကင်း၊ ထီးလင်းသစ်မြို့၊ ရှ

www.burmeseclassic.com



လေးစုံ" ဟုခေါ်ကြောင်း ရှင်းပြ၏။ ဆောမြို့ကို စောကလျာဏီမင်းသမီး ဝင်စားသော "မင်းရင်စော" က သာသနာသက္ကရာဇ် ၁၇၁၀ ပြည့်နှစ်တွင် တည်ထားခဲ့ကြောင်းပြောပြ၏။ အမှန်တော့ ဆောမြို့သည် ပျူမြို့ကြီးဖြစ်ကြောင်း "စမ္ဗာနဂိုရ်၊ ခွါးရိုးနွား အစချီသော ယခုတောင်သားတိုင်းရင်းသားတို့၏ ရိုးရာသီချင်းက သက်သေခံနေပါ၏။ ညောင်ဦးမှာ ကမ်းပါးပြိုတာနဲ့ စမ္ဗာနဂိုရ်မှာ နွားမပေါင်ကျိုးရတယ်ဆိုတာ ဘာဆိုင်သလဲဟူသော ပျူစကားပုံတစ်ခုရှိခဲ့ကြောင်း ညောင်ဦးနှင့်စမ္ဗာနဂိုမြို့သည် ဝေးကွာလှကြောင်းကို ပြောပြလိုခြင်းဖြစ်ကြောင်း ပြောပြနေမိ၏။ စမ္ဗာနဂိုရ်မြို့ဆိုသည် အထက်အညာတကောင်းမြို့ဟောင်းအနီးမှ ပျူမြို့ကြီးဖြစ်၏။ ယခုထက်တိုင် ဆောမြို့နယ်တွင် ပျူလူမျိုးကျေးရွာပေါင်း ၂၇ ရွာရှိနေသေး၏။ ထီးလင်းမြို့နယ်မှာလည်း ပျူကျေးရွာပေါင်း ၂၅ ရွာနှင့် ဂန့်ဂေါ၊ ကလေး၊ စေတုတ္တရာမြို့နယ်များတွင်လည်း ပျူကျေးရွာများရှိနေသေးကြောင်း ပြောပြရ၏။ ပျူလူမျိုးများကို ယခုတော့ တောင်သားများဟု ခေါ်ဝေါ်နေကြကြောင်း လူဦးရေ တစ်သိန်းကျော်ရှိသေးကြောင်း၊ သူတို့မှာ ကိုယ်ပိုင်ယဉ်ကျေးမှု ရှိကြကြောင်း၊ ထိုတောင်သားများကို လေ့လာမည်ဆိုလျှင်တော့ အချိန်တစ်လလောက်ပေးရမှာဖြစ်ကြောင်း ရှင်းပြမိ၏။ ထို့နောက် ကျောက်ထုကျေးရွာသို့ ရောက်၏။ ယောလုံချည်ရက်လုပ်နေပုံများ၊ ယောနယ်သူနယ်သားတို့၏ အဝတ်အစားများကို ပြသရ၏။ အမျိုးသမီးများသည် ချည်ဖြင့် ရက်ထားသော လုံချည်၊ ထဘီနှင့် ချည်ဖြင့်ဒေသတွင်းရက်ထားသော အင်္ကျီများကိုသာ ဝတ်ဆင်ကြ၏။ နိုင်ငံခြားမှလာသော ပါတိတ်ထဘီ၊ တက်ထရွန်အင်္ကျီများကို မဝတ်ကြ။ ယောကျ်ားများမှာလည်း ယောလုံချည်ကိုသာ ဝတ်ဆင်ကြ၏။ ထိုမှတစ်ဆင့် ဘုန်းတော်ကြီးကျောင်းသို့ သွားကြ၏။ ကျောင်းပေါ်သို့မတက်မီ ခြေထောက်များကို ရေဖြင့်ဆေးကြရန် ကျောင်းအတက်တွင် ကျောက်ခွက်ကြီးတစ်ခုအတွင်းသို့ ရေအပြည့်ထည့်ထား၏။ ခြေထောက်များကို သုတ်ရန်အတွက် ခြေသုတ်ပုဆိုးတစ်ခုကိုလည်း အမြဲချိတ်ဆွဲထား၏။ ကျောင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ စားပင်များဖြစ်သော ငှက်ပျော၊ ပိန္နဲ၊ သံပုရာ၊ ရှောက်၊ ကမ္ဘလာ၊ လိမ္မော်၊ သရက်၊ ပရုတ်၊ စမုန်စပါးပင်များကို ကြည့်ခဲ့ကြရ၏။ ဘုန်းတော်ကြီးသည် ဝါးကျည်တောက်ဖြင့် ဖုတ်ထားသော ကောက်ညင်းပေါင်း၊ ဘရာကြော်၊ ဘူးသီးကြော်၊ ကြက်သားကြော်၊ ဆီထမင်းများကို ရေနွေးပူပူဖြင့် ဧည့်ခံကျွေးမွေး၏။ စားလို့ကောင်းပါ၏။ ဘုန်းကြီးကျောင်းကြီးသည် ကြီးပြီးကျယ်ဝန်းလှပါ၏။ တိုင်အလုံးပေါင်း ၁၀၀ ကျော်၏။ ပျဉ်ခင်း၊ ပျဉ်ကာဖြစ်၏။ ဘုန်းကြီးကျောင်းပေါ်တွင် ရှေးဟောင်းပစ္စည်းအမျိုးပေါင်းများစွာကို တွေ့မြင်ရသော နိုင်ငံခြားသားများမှာ ရှေးဟောင်းပစ္စည်းများကို လိုချင်နေ၏။ ဝယ်လို့မရနိုင်ကြောင်း ရှင်းပြရ၏။ အမျိုးသမီးသုံးဦး ကျောင်းပေါ်သို့ တက်လာ၏။ ယွန်းဆွမ်းအုပ်ကြီးများကို ခေါင်းပေါ်မှာ ရွက်လာ၏။ အမျိုးသမီးငယ်တစ်ဦးမှာ ယောင်ပေစူးလေးဖြင့် တွေ့ရ၏။ ယွန်းအုပ်ကြီးများမှာ နှစ်တစ်ရာကျော် သက်တမ်းကြာပြီဟု ပြောပြ၏။ နိုင်ငံခြားသားများကလည်း ယုံကြည်ကြ၏။ ရောင်းမလားဟု မေး၏။ မရောင်းစားပါဘူး ဟုဖြေ၏။ ကျောင်းပေါ်မှာ ထိုင်ပြီး ဖတ်ဖြူပြောင်းဖူး ဖက်ဆေးပေါ့လိပ် တုတ်တုတ်ကြီးကို သောက်နေသော အဖွားကြီးသုံးဦးကို ဓာတ်ပုံရိုက်ကြ၏။ အဖွားကြီးများက ရှက်သဖြင့် ဓာတ်ပုံအရိုက်မခံကြ၏။ မနည်းချော့ပြီး ပြောယူရ၏။ ဤသို့ဖြင့် ကျွန်တော်တို့အဖွဲ့သည် ဆက်လက်ထွက်ခွာလာခဲ့ကြ၏။ ညဉ့် (၈)နာရီထိုးပြီဖြစ်ကြောင်း မော်တော်ကားရေဒီယိုမှ သတင်းကြေငြာသံကို ကြားရ၏။ လမ်းပေါ်တွင် နွားလေးငါးကောင်ဝပ်နေ၏။ ကားမီးထိုး၍ ဟွန်းတီးပြီး ခြောက်လှန့်သော်မှ ထကြ၏။ နွားခေါင်းကြိုး မပါသည်ကို နိုင်ငံခြားသားများအား သေချာကြည့်ကြရန် ပြောရ၏။ ယောဒေသတွင် နွားများကို မိုးအခါ တောင်ယာခိုင်းပြီးလျှင် ကြိုးများကို ဖြုတ်ယူပြီး တောတွင်းသို့ လွှတ်ထားကြ၏။ သွားလိုရာသွားကြ၊ စားလိုရာ စားကြ၊ နေလိုရာ နေကြပေတော့။ မိုးဦးကျလို့ ခိုင်းချိန်ရောက်မှသာ တောတောင်များအတွင်းလိုက်ပြီး ကိုယ့်နွားကို ကိုယ်ရှာပြီး ဖမ်းယူကြ၏။ နွားကို ခိုးသူမရှိ။ သတ်စားမည့်သူမရှိ။ ရောဂါကြောင့် သူ့အလိုလို

www.burmeseclassic.com

www.burmeseclassic.com



သေနေသော နွားများပင် ရှိသည်ဆို၏။ ဤမျှရိုးသားကြသော ယောသူယော သားများ ဖြစ်ကြပါ၏။ နောက်တစ်နေ့တွင် ဆောမြို့နယ်၊ ပိန္နဲရွာမှ ကျွန်တော်၏ မိတ်ဆွေ ကိုဆန်းတင့်အိမ်သို့ ခေတ္တဝင်ကြ၏။ လမ်းကြုံသဖြင့် ဝင်ခြင်းဖြစ်သလို ယောဒေသ၏ သဘာဝကို ပြရန်လည်း ဖြစ်ပါ၏။ ကိုဆန်းတင့်သည် ပိန္နဲရွာ၏ ဥက္ကဋ္ဌဖြစ်၏။ မောင်းကြီးကို တစ်ချက်တီးလိုက်၏။ မကြာမီ လက်ဖက်ရည်ကြမ်းအိုးနှင့် စားသောက်စရာများကို လာပြီးပို့ကြ၏။ စားသောက်စရာများမှာ စားပွဲကြီးသုံးခုပေါ်တွင် ပြည့်နေ၏။ လက်ဖက်ရည်ပွဲလာပြီးပို့ကြသော အမျိုးသမီးလေးများသည် မပြန်ကြသေးဘဲ မတ်ရပ်နေကြ၏။ ထိုအကြောင်းကို သိသော ကျွန်တော်က အမျိုးသမီးလေးများကို ဒုက္ခမပေးကြပါနဲ့ စားကြပါဟု ပြောပြရင်း ဥက္ကဋ္ဌ ကိုဆန်းတင့်အား အကျိုးအကြောင်း ရှင်းပြပေးပါရန် ပြောပြလိုက်၏။

"ဒါက သည်လိုပါဆရာကြီးတို့ ကျွန်တော်တို့ ဆရာသက်တို့ကတော့ ရင်းနှီးလို့ သိပြီးသားတွေပါ။ ကျွန်တော်တို့ ယောဒေသမှာ ဥက္ကဋ္ဌအိမ်မှာ ဧည့်သည်လာလျှင် မောင်းကိုတစ်ချက်တီးလိုက်တယ်။ အိမ်တိုင်းအိမ်တိုင်းက လက်ဖက်ရည်တစ်ပွဲနဲ့ အမြည်းဟာတစ်ပွဲတစ်ခုခုကို အမြန်ဆုံးလာပို့ကြရတယ်။ ဧည့်သည်က သူတို့ပို့လိုက်တဲ့ အမြည်းစားစရာတစ်ခုခုကို စားရဲ့လားလို့ ကြည့်နေကြတယ်။ ဧည့်သည်က သူတို့ပို့လိုက်တဲ့ အမြည်းစားစရာကို မစားသေးရင် သူတို့ မပြန်ကြဘူး။ တစ်ခုခုကို ကောက်ပြီးစားပြီးမှသာ သူတို့လေးတွေက အိမ်ကိုပြန်ကြတာဟု ကိုတင့်ဆန်းက ရှင်းပြ၏။ ဒါကြောင့် ဆရာသက်က သူတို့လေးတွေကို မညှင်းဆဲကြပါနဲ့ စားကြပါလို့ ပြောတာပါ။ နောက်ပြီး သည်ယောဒေသမှာ ဓလေ့တစ်ခုရှိသေးတယ် ဆရာရဲ့။ ဥပမာ အိမ်ကို ဧည့်သည်လာတယ်ဆိုပါတော့ ဧည့်သည်က လွယ်အိတ်ကို အိမ်ရှင်ရဲ့အိမ်မှာ ချိတ်ဆွဲပစ်ခဲ့ရတယ်။ ထမင်းချက်ထားလိုက်ပါဆိုတဲ့ အဓိပ္ပါယ်ပဲ ဆရာရဲ့။ လွယ်အိတ်ချိတ်ထားတဲ့ အိမ်က ထမင်းချက်ထားတယ်။ အိပ်ရာပြင်ဆင်ထားတယ်ဟု ကိုဆန်းတင့်က ရှင်းပြ၏။ လွယ်အိတ်မပါတဲ့ ဧည့်သည်ဆိုရင် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



မစားရတော့ဘူးလားဟု တစ်ဦးက မေး၏။ ဒါကတော့ ပါးစပ်က ပြောပြရတာပေါ့ ဆရာရယ်ဟု ရယ်ရယ်မောမောဖြင့် ကိုတင့်ဆန်းက ရှင်းပြ၏။ ထိုမှ ဆက်လက်ထွက်ခွာလာကြ၏။ ပုံတောင်တောင်ပေါ် ရောက်သောအခါ အပေါ့အပါးသွားရန် ကားကိုရပ်လိုက်၏။ ဥသြငှက်သံ၊ ကျေးငှက်သံ၊ တောကြက်သံ၊ ချိုးသံ၊ ခါသံ၊ မျောက်အော်သံများက ဆူညံနေ၏။ နိုင်ငံခြားသားများက သဘောကျကြ၏။ လူကြီးမင်းတို့ လေ့လာကြပါ။ ငှက်သံတွေကိုလည်း နားထောင်ကြပါ။ သဘာဝတောတောင်ရှုခင်းများကိုလည်း ကြည့်ကြပါ။ ဘာသာရေးနဲ့ဆိုင်တဲ့ ဘုရားဆင်းတု၊ စေတီ၊ ကျောင်းကန်၊ နံရံဆေးရေးပန်းချီ ခေါင်းလောင်းစာ၊ ကျောက်စာ၊ ဘုရားခြေတော်ရာများကို ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် လက်ရာမျိုးစုံကို ပခုက္ကူဒေသကို ရောက်မှပဲ ပြပေါ့မယ်ဟု ရှင်းပြလိုက်ရ၏။ ဟုတ်ပါတယ် ဒေါက်တာ၊ ဧရာဝတီမြစ် အနောက်ဘက်ဒေသနဲ့ ယောဒေသက ယဉ်ကျေးမှုရတနာသိုက်ကြီး မပျက်စီးရအောင် ဆက်လက်ထိန်းသိမ်းထားစေချင်ပါတယ်ဟု နိုင်ငံခြားသားများက မှတ်ချက်ချပြောဆိုနေပါတော့၏။

(စာရေးသူသည် ရွှေပုံတောင်ကမ္ဘာလှည့်ခရီးသွားကုမ္ပဏီတည်ထောင်ပြီး ယောဒေသနှင့် ကန်ပက်လက်၊ ဓိတ္တိရိယတောင်၊ ဟားခါး၊ ဖလမ်း စသည့် ခရီးစဉ်များရေးဆွဲပြီး နိုင်ငံခြားသားများကို ပို့ပေးခဲ့ရသည်။)



www.burmeseclassic.com



## ပုံညာရိပ်မှာ ခိုလှုံသည်

၁၆-၅-၀၄ နေ့တွင် စာရေးသူနှင့် အဖွဲ့သည် ပုံတောင်ပုံညာသို့ ထွက်လာခဲ့ကြသည်။ ပခုက္ကူမှ ပုလဲမြို့အထိ မိုင် (၆၀)နီးပါး ဝေးကွာသော်လည်း မော်တော်ကားဖြင့် အချိန် (၂)နာရီသာသာလေးသာ မောင်းခဲ့ရသည်။ ပုလဲမြို့မှ (၅၂) မိုင်စခန်းအထိ (၂၄)မိုင်သာ ဝေးကွာသော်လည်း ခရီးလည်း မကောင်း၍ (၂)နာရီတိတိ မောင်းရသည်။ (၅၂)မိုင် စခန်းရှိ ကိုအောင်ဝင်း၏ အမေ့ရွာ စားသောက်ဆိုင်တွင် ခေတ္တနားကြသည်။ အချိန်မှာ (၁၀)နာရီမျှသာ ရှိသေးသဖြင့် ထမင်းမစားကြတော့ဘဲ ခရီးဆက်ခဲ့ကြသည်။ (၅၂) မိုင်စခန်းနှင့် ခင်အေးရွာသည် (၁၁)မိုင် ဝေးသည်။ ခင်အေးရွာလေးသည် ပုံတောင်တောင်ခြေတွင် ရှိသည်။ အိမ်ခြေ (၅၀)ကျော် ရှိသည်။ တစ်ချိန်က အလံနီ ကွန်မြူနစ်များ ဌာနချုပ်ဖြစ်ခဲ့သည်။ ခင်အေးရွာမှ စတင်ထွက်ခွာလျှင် ပုံတောင်တောင်ကြီးကို တက်နေပါပြီ။ နာရီဝက်ခန့် ကြာသောအခါ ပုံတောင်တောင်ထိပ်သို့ ရောက်ပါပြီ။ မော်တော်ကားသမားတို့၏ ထုံးစံအတိုင်း မော်တော်ကားကို ရှေ့တိုးနောက်ဆုတ် သုံးကြိမ်ပြုလုပ်၍ အမေရေရင်နတ်ကွန်းကို ဦးတိုက် အရိုအသေပြုလုပ်သည်။ ပုံတောင်တောင်ထိပ်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းမှ ကျော်ဝင်းကုမ္ပဏီက လှူဒါန်းထားသော ဘုရားစောင်းတန်း၊ စာရေးသူလှူဒါန်းထားသော ဗုဒ္ဓခြေတော်ရာတို့ရှိ၏။ ထို့ပြင် ဇရပ်၊ ဘုန်းကြီးကျောင်းတို့ ရှိသည်။ ကျော်ဝင်းကုမ္ပဏီပိုင်ရှင် ဦးကျော်ဝင်းသည် ၁၅-၅-၂၀၀၄ သကြိန်ရက်အတွင်းမှာ ဒုလ္လဘ္ဘရဟန်းဝတ်ပြီး ဤပုံတောင်တောင်ထိပ်တွင် တရားထိုင် စခန်းဝင်သွားသည်ဟု မိတ်ဆွေများက ပြောကြသည်။ ပုံတောင်တောင်ခြေတွင် ရေနံရှာဖွေတူးဖော်နေသူများဖြင့် ပြည့်နှက်နေသည်။ နေ့လယ် (၁၂)နာရီထိုးပြီ။ မိုးဖွဲလေးများ ကျနေသဖြင့် ရာသီဥတု အေးလာသည်။ ပခုက္ကူမြို့တွင် နေ့အပူချိန် ၁၀၈-၁၀၉ ဖာရင်ဟိုက်အထိ ပူပြင်းသဖြင့် ညဆိုလျှင် တစ်ညလုံး အိပ်လို့မရ။ ယခု ပုံတောင်တောင်ထိပ်၌ အေးနေသည်။ အနွေးထည် အင်္ကျီယူလာဖို့ မေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီလက်ရှည်အထူကို ထုတ်ပြီး ဝတ်ရသည်။ မကြာမီ ကျောရွာသို့ ရောက်သည်။ ကျောရွာကလေးသည် ပုံတောင်တောင်နှင့် ပုံညာတောင်၏ အကြားတွင် တည်ရှိသည်။ မီးရထားဌာန၊ တိုက်နယ် ဆေးရုံ၊ အထက်တန်းကျောင်း၊ ရဲစခန်းစသည်တို့ဖြင့် စည်ကားလှသည်။ တစ်ချိန်က ချောင်ကျလှသော ကျေးရွာကလေးသည် ယခုတော့ဖြင့် မြို့ပြအသွင်ကို ဆောင်နေသည်။ ဘီယာသောက်မလား၊ ကော်ဖီမစ် သောက်မလား၊ ကာရာအိုကေ ဆိုမလား၊ ဗီဒီယိုကြည့်မလား၊ ကြိုက်ရာလုပ် ရှုပ်တော့ဖြင့် မရှုပ်နဲ့။ လိုရာအစုံရနိုင်၏။

နေ့လယ်တစ်နာရီတိတိတွင် ကျောရွာကလေးမှ ခရီးဆက်ခဲ့ကြ၏။ မကြာမီ ပုံညာနတ်ထိပ်သို့ ရောက်ပြန်၏။ ပုံညာနတ်ထိပ်မှ ဆင်းလိုက်တော့ ပုံညာဥမင်အထွက်သို့ ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ စာရေးသူတို့သည် ဂန့်ဂေါလမ်းအတိုင်း ခရီးမဆက်ဘဲ ပုံညာဥမင်ဝသို့ လာခဲ့ကြသည်။ ပခုက္ကူမှ ဂန့်ဂေါ၊ ကလေးမြို့ကို ဆက်သွယ်မည့် မီးရထားလမ်းသည် ပုံညာတောင်တန်းကြီးကို တစ်မိုင်ကျော်ကျော်ရှည်သော ဥမင်လိုဏ်ဖြင့် ဖောက်လုပ်ဆက်သွယ်ထားသည်။ ထိုဥမင်လှိုဏ်ကြီးသည် မြန်မာပြည်တွင် အရှည်ဆုံးဥမင်လှိုဏ်ခေါင်းကြီး ဖြစ်သည်။ မြန်မာအင်ဂျင်နီယာများ၏ လက်စွမ်းပြဥမင်ကြီးဖြစ်သည်။ ဥမင်ကြီးမှာ ပြီးစီးနေပြီ ဖြစ်သည်။

ကျောက်ထုမြို့ အနီးတွင် စာရေးသူနှင့် နိုင်ငံခြားသားအဖွဲ့ လေ့လာရေးခရီးစဉ်





www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့၏ စခန်းသည် ဥမင်လှိုဏ်ကြီး၏အထွက် နောက်နားတွင် တည်ရှိသည်။ ဥမင်လှိုဏ်ကြီးမှ ထွက်လာမည့် မီးရထားများအတွက် တံတားများ ဆောက်လုပ်နေရခြင်း ဖြစ်သည်။ စာရေးသူတို့အဖွဲ့ တည်ဆောက်နေရသောတံတားမှာ မြင်းခွာပုံ ၁၅ ပေ၊ သုံးပေါက်တွဲဖြစ်သည်။ ဥမင်လိုဏ် အထွက်ဝမှ (၅)မိုင်မျှသာ ဝေးကွာသည်။

"ဆရာ ရွာထဲကို သွားရအောင်။ ကျေးရွာဥက္ကဋ္ဌ ဦးဘတော်က ရေနွေးကြမ်းသောက်ဖို့ လာပြီး ဖိတ်ထားတယ်။" ကိုနေဝင်းက ပြောသဖြင့် ကျောချောင်းရွာထဲသို့ ဝင်ခဲ့ကြသည်။ အိမ်လေးများမှာ (၄)ပင်အိမ် ခြေတံရှည်များ ဖြစ်သော်လည်း တိုင်လုံးများမှာ လုံးပတ် (၄)ပေမျှရှိသော သစ်လုံးများဖြင့် ဆောက်လုပ်ထားကြသည်။ ထုတ်၊ ယောက်များကို သံမရိုက်၊ တိုင်ကို ထွန်းဖောက်ပြီး ဆောက်လုပ်ကြသည်။ ကျောချောင်းကျေးရွာတွင် အိမ်ပေါင်း (၆၇) အိမ်၊ လူဦးရေ (၃၂၀)ရှိသည်ဟု သိရသည်။ ကျောချောင်းသည် ကျေးရွာလေးကို ဂငယ်ကွေ့ ရစ်ဝိုင်းပြီး စီးဆင်းနေသည်။ ကျောချောင်းရွာ၏ အရှေ့ဘက် အထက်တွင် ကျောရွာတည်ရှိသည်။ အောက်ဖက် အနောက်ပိုင်းတွင် မျက်မြောင်ရွာ၊ ရေမျက်နီရွာတို့ ရှိကြသည်။ ဥက္ကဋ္ဌကြီးက တောဝက်သားကြော်ဖြင့် ဧည့်ခံသည်။ ကျောချောင်းရွာ၏ သမိုင်းကြောင်းကို သိသမျှ ပြောပြစမ်းပါဗျာ။ ကျွန်တော်က စာရေးဆရာဆိုတော့ စာရေးတဲ့အခါ ထည့်ရေးရတာပေါ့" ဟု စာရေးသူက စကားစပေးလိုက်သည်။

"ကျောချောင်းရွာဆိုတာက မကြာသေးပါဘူး ဆရာကြီးရယ်၊ နှစ်ပေါင်း (၁၀၀)မရှိသေးပါဘူး" ဆိုပြီး ကျေးရွာရ-ယ-က အဖွဲ့ဝင် (၁) ကိုလှဝင်းက စကားစ ပြောနေသည်။

"ကျောချောင်းရွာက အသစ်တည်တဲ့ရွာလား၊ ရွာဟောင်းကို ရွှေ့ပြီး တည်ကြတာလား၊ မကြားဘူးကြဖူးလား" ဟု စာရေးသူက အစဖော် မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွာကတော့ အသစ်တည်ကြတာပ၊ ဆရာကြီးရယ်၊ ဒါပေမယ့် ဟိုဟို ရှေးတုန်းကလည်း မဲချက်ရွာဆိုပြီး ရှိခဲ့ဖူးတယ်လို့ လူကြီးတွေက ပြောခဲ့ကြတာပဲ။ အစိုးရမြေပုံထဲမှာ ကျောချောင်းရွာဆိုတာ မရှိဘူး၊ မဲချက်ရွာလို့ပဲ ရှိတယ်တဲ့ဗျ" ဦးစံသိန်းက ပြောသည်။ သို့သော် သူတို့ပြောပြသော ယောစကားကို စာရေးသူက နားမလည်ပါ။ အနားမှာ ထိုင်နေသော ကျောင်းဆရာမ (၂)ဦးက ဘာသာပြန်ပေး စာဖြင့် ရေးပြနေသည်။ မဲချက်ရွာရဲ့ သမိုင်းကြောင်းကို ကြားဖူးတာရှိသလား" စာရေးသူက မေး၏။

"သမိုင်းကြောင်းကတော့ အရှည်ကြီးဗျ" ဆိုပြီး ဦးစံသိန်းက ရှင်းပြသည်။ မဲချက်ရွာဆိုတာက ချစ်ဆုံချောင်းဘေးက ရွာပါဗျာ။" ကျောချောင်းကျေးရွာ၏ အထက် (၂)မိုင်ခန့်အကွာတွင် ချစ်ဆုံချောင်းနှင့် ကျောက်မြောင်းချောင်းတို့ ပေါင်းဆုံကြသည်။ ချစ်ဆုံရေတံခွန်သည် အမြင့်ပေ (၅၀) မှ တစ်နှစ်ပတ်လုံး ရေစီးဆင်းနေသည်။ ယခုတိုင် ရှိနေသည်။ ထိုနေရာတွင် မဲချက်ရွာဆိုပြီး ရှိခဲ့သည်။ ကျောက်မြောင်းကြီးဘေးတွင် စေတီပျက်၊ ရွာပျက်၊ အိုးကွဲ ဆေးတံအိုးဟောင်းများ ရှိခဲ့သည်။ ချစ်သူ (၂)ဦးသည် မိဘများ သဘောမတူသဖြင့် ရေတံခွန်ထဲသို့ ခုန်ချခဲ့ကြသည်။ အတူသေပွဲဝင်ခဲ့ကြသည်။ နောက်ဘဝမှာ အချစ်ဆုံကြရပါစေဟု ဆုတောင်းသွားခဲ့ကြသည်။ ထို့ကြောင့် ချစ်ဆုံရေတံခွန် ချစ်ဆုံချောင်းဟု ခေါ်ခဲ့ကြတာ" ဟု ရှင်းပြသည်။ လွမ်းဆွေးဖွယ်ရာ ချစ်သူ (၂)ဦး၏ ဘဝဇာတ်လမ်းက နားထောင်လို့ကောင်းလှသည်။ ယောသံဝဲဝဲကို တောင်သားသံဝါးဝါးဖြင့် ရှင်းပြနေ၍လည်း တစ်မျိုးစိတ်ဝင်စားစရာ ဖြစ်ရသည်။ ကျောချောင်းရွာ မူလတန်းကျောင်းဆရာမ ညီအစ်မသည် ထီးလင်းမြို့နယ်၊ ဝက်သက်ရွာဇာတိများ ဖြစ်သည်။ နှစ်ဦးစလုံး ဘွဲ့ရပြီး ဆရာမများ ဖြစ်ကြသည်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်များ၌ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်ပါ၏။ ညီမအကြီးက ဒေါ်မူမူဝိုင်း၊ ညီမငယ်က ဒေါ်အမူကြည်ဟု သိရသည်။ တောင်သားလူ မျိုးများ ဖြစ်သည်။ သူတို့ကိုယ်သူတို့ ပျူလူမျိုးများဟု ယုံကြည်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့က တောင်သား (ပ )ဆိုတော့ ကျွန်တော်မေးတာကို တောင်သားလို ပြန်ပေးစမ်းဗျာဆိုပြီး စာရေးသူက စာလုံးများကို မေးမိသည်။"

လူ = ခန့်
အဖေ = ပါး
အမေ = အီး
သား = သား
သမီး = သနူး
ဘုန်းကြီး = တို့ခန်
ဦးကြီး = ပုပူလင်း
အဒေါ် = အေဒေ
စပါး = သ
ဆန် = သဘင်
ဆီ = ရှိထို
နှမ်း = ရှရူး
ပြောင်းဖူး = ပွန်း
ထဘီ = နိုနု
စောင် = နို်း
မား = ဟောလုန်း
လက်စွပ် = ကီး
သံ = ရှိ
ငွေ = စိန်သား
ပိုက်ဆံ = ခိန်း
ကျောက်ခဲ = လုံ စသည်ဖြင့် စာလုံးပေါင်း (၃၀၀)ကျော်ကို


တောင်သားအမျိုးသမီး

တောင်သားစကားဖြင့် စာရေးသူက ရေးမှတ်နေသည်။

"ဆရာသွားကြစို့၊ ညဥ့်နက်နေပြီ၊ ဒါတွေမေးနေရင် ပြီးမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝင်းနှင့် ကိုကျော်ဝမ်းတို့က စကားကို အဖြတ်ခိုင်းနေသည်။

ညဉ့် (၁၀)နာရီကျော်ပြီမို့ စာရေးသူတို့အဖွဲ့သည် လယ်ကွင်းများကို ဖြတ်ပြီး ပြန်လာခဲ့သည်။ ပုံတောင်ပုံညာတောင်တန်းကြီးပေါ်မှ ညဉ့်ငှက်များ၏ အသံများမှာ ဂီတသံများဟုသာ ထင်မြင်မိပါတော့၏။

ပုံညာရိပ်မှာ ခိုလှုံရသည်က ဝမ်းသာကြည်နူးဖြစ်ခဲ့ရပါ၏။

× × × × ×

## ပုံတောင်ပုံညာ ခရီးသည်

ယောဒေသသို့ ခရီးသွားခဲ့ရခြင်းမှာ အကြိမ်ပေါင်းများခဲ့ပြီ။ ခရီးသည် တင်လိုင်းကားကြီးဖြင့် တစ်ခါမျှ မသွားဘူး။ ယခုတစ်ခေါက်တော့ ကားလေးလည်း မကြုံ၊ ဗဟုသုတလည်း ရပါစေဆိုပြီး ပခုက္ကူ-ဂန့်ဂေါကားကို စီးလာခဲ့သည်။ နံနက် (၄)နာရီတွင် ထွက်လာသော လိုင်းကားသည် ရေမျက်နီရွာသို့ နံနက် (၆)နာရီလောက်တွင် ရောက်သွားသည်။ ကိုဖေဝင်း၏ ရွှေပုံညာ လက်ဖက်ရည်ဆိုင်တွင် စားကြသောက်ကြနှင့် (၇)နာရီထိုးပြီးမှ ရေမျက်နီရွာမှ စတင်ထွက်ခွာခဲ့သည်။

"ဟဲ့ ငဖိုး၊ ရော့ ပိန္နဲသီးတစ်လုံးကို မင်းကြိုက်တာယူ၊ ဟဲ့ တင်ကြပါဟဲ့၊ ငါက မတက်နိုင်ပါဘူးဟယ်၊ တင်ပေးကြစမ်း၊ သမီး ဟိုဘက်ဘေးက တက်စမ်း။"

အသက် (၆၀)နှစ်ကျော် အဖွားကြီးတစ်ဦးသည် ဇင့်ဇယ်ရွာအရောက်တွင် ကားပေါ်သို့ တက်လာသည်။ ကားစပါယ်ယာအား ပိန္နဲသီးတစ်လုံးယူဆိုပြီး ပေးကမ်းခြင်းသည် မော်တော်ကားပေါ်တွင် နေရာထိုင်ခင်းကောင်းကောင်းရရန် လာဘ်ထိုးခြင်းဖြစ်ဟန်တူသည်။ အတော်လည်နိုင်သော အဖွားကြီး ပေးပဲဟု စာရေးသူက စိတ်ထဲတွင် မှတ်ချက်ချလိုက်သည်။ အဖွားကြီးက လာဘ်ထိုးသော်လည်း မော်တော်ကားစပါယ်ယာက ဂရုမစိုက်ပါ။ အလုပ်လုပ်ပြီး စကားပင်မပြော။ မော်တော်ကားပေါ်တွင် အချောအလှ ယိမ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဝိုင်းဝိုင်းလည်နေသည်။ ယောဒေသသို့သွား ခရီးတွင် ဆရာဝန်ဆိုတာလည်း ဂုဏ်မဟုတ်၊ စာရေးဆရာဆိုတာ ပါမွား အသိအမှတ်ပင် မပြု။ ဂရုစိုက်စရာမလို မော်တော်ကားပိုင်၊ မော်တော်ကားဒရိုင်ဘာ၊ စပါယ်ယာတို့သာလျှင် ဂုဏ်ကြီးသူများ ဖြစ်ပါသည်။ ခေါ်ချင်ပြောချင်ကြ၏။ ကပ်ချင်သော အပျိုချောတွေ ပေါများကြ၏။ အဖွားကြီးမှာ မော်တော်ကားပေါ်သို့ ရောက်တော့ လူတွေက ပြည့်နေလေပြီ။

"ဟဲ့ အိပ်နေတဲ့ ကောင်မလေးတွေ ထကြလေ၊ မော်တော်ကားများ လမ်းဘေးဇရပ်မှတ်နေလား၊ ဖယ်ကြနော် မဖယ်ရင် ငါက တက်နင်းလိုက်မှာ" အဖွားကြီးက ပြောပြောဆိုဆို အိပ်နေသူတွေကြားကို အတင်းတိုးဝင်လာပါတော့သည်။

"အမယ်လေးတော့၊ နင်းထားတယ်၊ နာတယ်၊ နာတယ်၊ ဖိထားတယ်၊ မရဘူး၊ ဒီမှာလည်းကြပ်လို့၊ ညပ်လို့၊ မရပါဘူးဆိုဘဲ။" ဆူလို့ညံလို့၊ တွန်းလို့၊ ဖိလို့၊ ထုလို့၊ ရိုက်လို့ အော်နေကြတော့သည်။ စာရေးသူမှာ ရယ်လို့သာ နေရပါ တော့သည်။

"ဟဲ့ သမီး၊ တက်ပါဆို ဘာလုပ်နေတာတုန်း၊ တိုးခဲ့၊ ဝှေ့ခဲ့၊ လာ၊ လာ ဒီနားကို လာခဲ့၊ ချောင်လိုက်တာ လွန်လို့၊ အောက်က ပဲအိတ်တွေနဲ့ ထိုင်လို့ ကောင်းလိုက်တာ"

အဖွားကြီးသည် သူနေရာယူစဉ်ကပင် (၂)ယောက်စာယူထားပြီး ဖြစ်သည်။

မော်တော်ကားကြီးသည် ဆင်ကြီးတစ်ကောင်ကဲ့သို့ တွန့်လိုက်၊ လိမ့်လိုက်၊ ခုံလိုက်ဖြင့် ပုံညာတောင်ကြီးကို တက်နေပါပြီ။ မော်တော်ကားပေါ်တွင် စာရေးသူတစ်ဦးသာ အသက်ကြီးသူပါသည်။ ခရီးသည်အားလုံးမှာ အသက် (၂၀)ဝန်းကျင်သာ ရှိကြသည်။ ခရီးသည် (၄၂)ဦးတွင် (၁၄)ဦးသာ ယောကျ်ား ဖြစ်သည်။ (၂၈)ဦးမှာ မိန်းမများ ဖြစ်ကြသည်။ ကောလိပ်ကျောင်းသူများဟု ထင်သဖြင့် သူတို့ပြောကြသော စကားများကို နားစွင့်ပြီး နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝခုက္ကူမှာ ဘာဝယ်မှာလဲ"

"သီဟိုဠ်ရှင်ဘုရားပွဲ၊ ဈေးပေါင်ချိုးဆိုတော့ အဝတ်အထည်တွေ ဈေးချိုမလားလို့၊ ချုပ်ပြီးသားတွေလည်း ဝယ်မယ်၊ ရောင်းကောင်းတယ်၊ အရင်တစ်ပတ်တုန်းက ကျယ်တစ်သိန်းဖိုး ဝယ်ခဲ့တာ သုံးသောင်းကျော် မြတ်တယ်" အမျိုးသမီးငယ်တစ်ဦးက ပြောပြနေသည်။

"ညည်းက စာပေးစာယူ တတိယနှစ်ရောက်မှ ရပ်ထားရသလား၊ ငါတောင် ဒီနှစ်ပြီးပြီ" တစ်ဦးက ဝင်ပြီး ဆွေးနွေးသည်။

"ဟောဒီ ငါ့ညီမလည်း နေ့ကျောင်းတက်ချင်တာတဲ့။ ငါကတော့ မတက်စေချင်ဘူး။ ဈေးပဲရောင်းစေချင်တယ်"

အမျိုးသမီးငယ်များအားလုံးသည် ကျောင်းသူများ မဟုတ်ကြ။ ဈေးသည်လေးများ ဖြစ်ကြောင်း သိရသည်။

"ပုံညာနတ်ထိပ်သို့ ရောက်ပါပြီပဲ၊ ဟဲ့ ငဖိုး ရော့ရော့ အမေရေရှင်ကို ဆက်လိုက်စမ်း။ ကိုကျော်မင်း၊ မငွေသန်းတို့ရဲ့(၁၀)ဘီးကားကြီး အပျက်အစီး မရှိ၊ အသွားမှာ ကုန်အပြည့်၊ အပြန်မှာ ကုန်အပြည့်၊ မဆင့်၊ မတင့်တို့လည်း ရောင်းပန်းသာပါစေ ဝယ်ပန်းသာပါစေ စီးပွားရေးတိုးတက်ပါစေ၊ ကျန်းမာကြပါစေ" အဒေါ်ကြီးက ငွေကျပ် တစ်ရာဆက်သပြီး သားသမီး၊ မြေး၊ မြစ်၊ ဆွေမျိုးများအားလုံးကို အမေရေရှင်က စောင့်ရှောက်ပါစေ၊ မစပါစေဆိုပြီး ဆုပေါင်းများစွာကို တောင်းနေ၏။ အမေရေရှင်က မစမှာလားတော့မသိ၊ လိုအပ်ချက်က များလှ၏

"ရော့ဟေ့ ငါ့အတွက်လည်း ဆက်လိုက်" ဆိုပြီး အမျိုးသမီးငယ်များက (၅၀)ကျပ်၊ (၁၀၀)ကျပ် အသီးသီး ထုတ်ပေးနေကြ၏။

ထို့နောက် ပုံညာတောင်မှ ဆင်းလိုက်တော့ ကျောရွာသို့ ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကားပိုင်သည် ပခုက္ကူမှလာစဉ်က အကြွေးရောင်းခဲ့သော ဈေးဖိုးငွေများကို တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ထွက်ပြီး ငွေတောင်းနေသဖြင့် အချိန်တစ်နာရီကျော် ကြာရသည်။ ခရီးသည်များမှာ ကားပေါ်တွင် အိပ်သူကအိပ်၊ ငိုက်သူကငိုက် စောင့်နေကြသည်။

"အမယ်လေး ကယ်တော်မူပါ၊ အမေရေရှင်ကယ်ပါ၊ ဟဲ့ စောက်ခွေး" စသည်ဖြင့် မော်တော်ကားဆောင့်တိုင်း ယောင်မိယောင်ရာ တ,မိတ,ရာ ယောင်အော်နေကြ၏။ မော်တော်ကားလမ်းတွေကလည်း ဆိုးလှပါပေ၏။ ကျောရွာမှ ပုံတောင်တောင်ထိပ်အထိ ရှစ်မိုင်မျှသာ ဝေးကွာသော်လည်း အချိန်နှစ်နာရီကြာ မောင်းနှင်ရ၏။ ပုံတောင်တောင်ထိပ်သို့ ရောက်ခါနီးတွင် မော်တော်ကားဆီပိုက်မှ ဆီတွေပန်းထွက်နေ၏။

"ရှေ့က ဗိုလ်မှူးတင်မြင့် အကွေ့ကျော်ရင် ပုံတောင်နတ်ထိပ်ကို ရောက်ပါပြီကွာ၊ အင်ဂျင်ဝိုင် အဝယ်သွားစမ်း၊ ဂါလံဗူးရှိမှာ မဟုတ်ဘူး။ ဆိုင်ကယ်ထဲကို ထည့်တဲ့ဗူး (၄)ဗူး ဝယ်ခဲ့။" ဒရိုင်ဘာက စပါယ်ယာကို စေခိုင်းနေ၏။ ဗိုလ်မှူးတင်မြင့်ကွေ့ဆိုသည်မှာ ၁၉၆၂ ခုနှစ်လောက်က ပုလဲ၊ ဂန့်ဂေါမော်တော်ကားလမ်းဖောက်လုပ်ရာတွင် သေဆုံးခဲ့သူ ဗိုလ်မှူးတင်မြင့်ကို ရည်ညွှန်းခေါ်ဆိုနေကြခြင်း ဖြစ်သည်။ ပုံတောင်တောင်ထိပ်တွင်လည်း အမေရေရှင်နတ်စင်ကို အမျိုးသမီးများက ဆက်သကြသည်။ အမေ့သားစားသောက်ဆိုင်တွင် နံနက်စာ စားကြသည်။ မစားလို့ကလည်း မဖြစ်။ မော်တော်ကားပိုင်သည် ပခုက္ကူမှလာစဉ်က ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး စသည့်ကုန်ပစ္စည်းများကို ရေနံတွင်းတူးသမားများအား အကြွေးပေးခဲ့သဖြင့် ဈေးဖိုးစုနေတာ (၂)နာရီမျှ ကြာသည်။ လက်တူးရေနံတွင်းလေးပေါင်း (၂၀၀၀)ကျော်ရှိသည်ဟု သိရသည်။ လိုင်စင်ခံပြီး တူးနေကြကြောင်း သိရသည်။ အမေ့သား စားသောက်ဆိုင်မှထွက်တော့ ညနေ (၃)နာရီထိုးတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံတောင်တောင်ထိပ်မှ ဆင်းတော့ ခင်အေးရွာလေးကို ရောက်တော့သည်။ သစ်ကုန်သည်များဖြင့် စည်ကားခဲ့သော ခင်အေးရွာလေးသည် ရေနံလုပ်သား၊ ရေနံတွင်းပိုင်များဖြင့် စည်ကားနေသည်။ ခင်အေးရွာမှ ထွက်လာတော့ သစ်ပင်ကြီးကြီးမားမားဆိုလို့ မတွေ့ရ။ မမြင်ရတော့ပေ။ သစ်တောအားလုံးမှာ တောင်ယာခင်းများ ဖြစ်ကုန်လေပြီ။ လမ်းဘေးဝဲယာတွင်လည်း တောင်ယာတဲများဖြင့် ဟိုတစ်စု၊ သည်တစ်စု စည်ကားနေသည်။ သစ်တောအမှတ်အသားဆို၍ ခင်အေးသစ်တောကြိုးဝိုင်းဟူသော ဆိုင်းဘုတ်ကြီးများကိုသာ တွေ့ရတော့သည်။ သစ်တောမရှိပေမယ့် တောင်ယာစပါးခင်းနှင့် ပဲစင်းငုံခင်းများကတော့ စိမ်းလန်းစိုပြေလျက် ရှိပေသည်။

မော်တော်ကားကြီးကို စီးရသည်မှာ ဆင်ကြီးတစ်ကောင်ကို စီးနေရသည်ဟု ထင်ရ၏။ တစ်တောင်တက်၊ တစ်တောင်ဆင်း၊ လာခဲ့လေရာ ပခုက္ကူသို့ ညနေ (၈)နာရီခန့်တွင် ရောက်ပါတော့၏။ ဤခရီးကို ယောသူယောသားများသည် အမြဲဖြတ်သန်းသွားလာနေကြသော်လည်း ပင်ပန်းသည်ဟု မဆိုကြ။ ဘွဲ့ရလူငယ် အမျိုးသား၊ အမျိုးသမီးလေးများသည် မော်တော်ကားဖြင့် တစ်မျိုး၊ ဆိုင်ကယ်များဖြင့် တစ်ဖုံ၊ ပုံစံမျိုးစုံဖြင့် သွားလာနေပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ယောဒေသ၏ ဂုဏ်ဆောင် စစ်နှီးချောင်

ယောဒေသကို တောင်ယာနှင့် မြောက်ယောဆိုပြီး ခေါ်ဝေါ်ခဲ့ကြသည်။ ဆောမြို့နယ်ကို တောင်ယာခေါ်သည်။ ထီးလင်းမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်ကို မြောက်ယောခေါ်သည်။ မြောက်ယောတွင် ပုံတောင် တောင်နှင့် ပုံညာတောင်ကြီးတို့၏ အကြားမှလွင်ပြင်၌ ကျေးရွာပေါင်း (၁၆)ရွာရှိသည်။ ကျောချောင်း (၁၆)ရွာဟု ခေါ်ကြသည်။ ဂန့်ဂေါမြို့နယ်မှာ ပါဝင်သည်။ ပုံညာတောင်ကြီး၏အခြေတွင် ကျေးရွာပေါင်း (၂၄) ရွာရှိသည်။ စစ်နှီးချောင် ကျေးရွာများဟု ခေါ်ကြသည်။ ထီးလင်းမြို့နယ်မှာ ပါဝင်သည်။ ရှော်ဖြူပင်ရွာ၊ ညစ်ရှောက်ရွာ၊ မြစ်ကိုင်းရွာ၊ ရှဲရွာ၊ လယ်ကန်းရွာ၊ မြောင်းကြီးရွာ၊ ဦးနှောက်ရွာ၊ မိုးကောင်းရွာ၊ ငပြင်းရွာ၊ ကျောက်စာရေးရွာ၊ တောင်အင်းရွာ၊ ကြို့သာရွာ၊ နွယ်ပြင်းရွာ၊ ရေမျက်နီရွာ၊ ရေပုတ်ရွာ၊ စင့်စယ်ရွာ၊ မျက်မြောင်ရွာ၊ ကျောချောင်းရွာ၊ အညာတောရွာ၊ တောမရွာ၊ ညောင်စင်ရွာ စသည်တို့ဖြစ်ကြသည်။

ကျောချောင် (၁၆)ရွာနှင့် စစ်နှီးချောင် (၂၄) ရွာတို့သည် ၁၉၆၂ ခုနှစ်မတိုင်မီကဆိုလျှင် ယောဒေသ၏ တောတောင်အထူထပ်ဆုံး၊ ဖွံ့ဖြိုးမှုအနည်ဆုံး၊ လမ်းပန်းဆက်သွယ်မှုအညံ့ဆုံး၊ ချောင်အကျဆုံး ကျေးရွာများဖြစ်သောကြောင့် ကျောချောင်၊ စစ်နှီးချောင်ဆိုပြီး ခေါ်ခဲ့ကြသည်။ ယခုတော့ ယောဒေသ၏ အဖွံ့ဖြိုးဆုံး၊ အစည်ကားဆုံး၊ လမ်းပန်းဆက်သွယ်မှု အကောင်းဆုံးဒေသဖြစ်နေသည်။ လျှပ်စစ်မီးတွေထိန်ထိန်လင်း၍ ဗီဒီယို၊ တီဗွီရုံ ဆူဆူညံ၊ စားသောက်ဆိုင်၊ ယမကာဆိုင်တွေ မှိုလိုပေါက်၊ အော်တိုတယ်လီဖုန်းနဲ့ မီးရထားလမ်း၊ မော်တော်ကားလမ်းဆုံရာ ကျေးရွာများဖြစ်ကြသည်။

ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးမြို့ မီးရထာလမ်းသည် ကျောရွာမှ ပခုက္ကူ၊ ရေမျက်နီရွာမှ ကလေးမြို့အထိသာ သွားလာနိုင်သေးသည်။ ကျောရွာနှင့် ရေမျက်နီရွာအကြား (၁၃) မိုင်ခရီးတွင် မီးရထားလမ်း ဖြတ်တောက်နေသေးသည်။ ပုံညာတောင်ကြီးက အမြင့်ပေ (၃၀၀၀) ကျော်ရှိ တောင်တန်းကြီး

www.burmeseclassic.com



ဖြစ်သည်။ ပုံညာတောင်ကြီးကို ဥမင်လိုဏ်ခေါင်းဖောက်လုပ်နေရာ မကြာမီ ပြီးစီးတော့မည်ဟု သိရပါ၏။ ဥမင်လိုဏ်ကြီးသည် ပေ (၅၀၀၀) ကျော် အရှည်ရှိမည်ဖြစ်၍ မြန်မာပြည်တွင် အရှည်ဆုံးဥမင်ကြီးဖြစ်သည်။ ဟိုဘက် သည်ဘက် နှစ်ဘက်စလုံးမှ တစ်ပြိုင်တည်း တစ်ချိန်တည်း ဖောက်လုပ်လျက် ရှိရာ မြန်မာအင်ဂျင်နီယာများ၏ ပညာစွမ်းပြ လုပ်ငန်းကြီး တစ်ခုဖြစ်သည်။ ရေမျက်နီရွာအပါအဝင် စစ်နှီးချောင် (၂၄) ရွာဟု စုပေါင်းခေါ်ကြခြင်း ဖြစ်ပါ၏။ ဧက (၂၇၀၀၀) ကျော်ရှိသော စစ်နှီးသစ်တောကြီးဝိုင်းကို အစွဲပြု၍ ခေါ်ခဲ့ကြဟန်တူပါ၏။

စစ်နှီးချောင်သည် ပုံညာတောင်ကြီးပေါ်မှ မြစ်ဖျားခံစီးဆင်းခဲ့ရာ မြွေလိမ်မြွေကောက် စီးဆင်းနေပြီး မောချောင်းအတွင်းသို့ စီးဝင်သွားသည်။ စာရေးသူသည် ၂၄-၂-၂၀၀၂ ရက်နေ့တွင် ကျောက်စာရေးရွာနှင့် မိုးကောင်းရွာများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရာ စစ်နှီးချောင်းကို (၄)ကြိမ်ကူးဖြတ်ခဲ့ရ၏။ ရေမျက်နီကျေးရွာကောင်စီဥက္ကဋ္ဌ ကိုဖေဝင်းက မိုးကောင်းဆရာတော်ကြီးကို ဖူးမြင်ရန် သွားရောက်သင့်ကြောင်း ခနခဏပြောသဖြင့် သူ၏ ဂျစ်ကားနှင့်သွားခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းဆရာတော်ကြီးမှာ သက်တော် (၉၃) နှစ်ရှိပြီး အရိယာပုဂ္ဂိုလ်ထူးဟု ကျော်ကြားနေသည်။ ရန်ကုန်၊ မန္တလေး၊ ကလေးမြို့များမှ တကူးတက လာရောက်ဖူးမြင်နေကြသည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ဆရာတော်ကြီးဖြစ်သည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခံရသည်ကိုပင် နိဗ္ဗာန်ကူးလက်မှတ်မဟုတ်ပါဘူးကွာဆိုပြီး ဂုဏ်ယူဝံ့ကြွားခြင်းမရှိ မာန်မာနမရှိ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်များနှင့် ကျော်ကြားတော်မူလှသည်။

၂၄-၂-၂၀၀၂ ရက်နေ့ နံနက် (၉)နာရီတွင် စာရေးသူတို့အဖွဲ့သည် ရေမျက်နီကျေးရွာမှ ထွက်လာခဲ့ကြသည်။ ရေမျက်နီရွာ ကြေးစလောင်းတောင်ကြီး၏ အရှေ့ဘက်မှတောင်ဘက်အတိုင်း ကားမောင်းလာခဲ့ရသည်။ ဧကြေးစလောင်းတောင်ပေါ်တွင် စေတီငယ် (၉)ဆူမှာ နံနက်ခင်းအလင်းရောင်၏အောက်တွင် ရွှေဝါရောင်တဝင်းဝင်းဖြင့် သပ္ပါယ်တော်မူလှသည်။

"ကြေးစလောင်းတောင်၊ ခွေးတစ်ဟောင်၊ ညောင်ပင်ခြေရင်း၊ ရွှေတစ်တင်း" ဟူသော တဘောင်ရှိခဲ့ဖူးကြောင်း ကားမောင်းသူက ပြောပြနေသည်။ မကြာမီ ကျောက်စာရေးရွာသို့ ရောက်သည်။ ကျောက်စာရေးရွာအဝင်တွင် စစ်နီးချောင်း၏ သည်ဘက်ကမ်း၌ စေတီလေးတစ်ဆူကိုဖူးရန် မော်တော်ကားကို ရပ်လိုက်သည်။ "နွားဝပ်ဘုရား" ဟု သိရသည်။ ရွာ၏ရာဟုထောင့်တွင်လည်း ရွှန်ဘုရားဆိုပြီး ဖူးခဲ့ရသည်။ ကျောက်စာရေးရွာဟူသော အမည်၏ နေ့နံ "ရေး" ကို ယူပြီး ရွာ၏ရာဟုထောင့်မှာ တည်ထားသောဘုရားဖြစ်ဟန်တူသည်။ သက်ရှိအရှင်း၊ သက်ကင်းအဖျားဆိုပြီး ဗေဒင်ပညာတွင် နေ့နံကို တွက်ချက်ကြသည်။ ကျောက်စာရေးရွာ ဘုန်းတော်ကြီးကျောင်းကြီးသည် ကြီးကျယ်ခန်းနားလှပါ၏။ ကျိုက်ထီးရိုးပုံတော်၊ ဆုတောင်းပြည့်စေတီ၊ မြတ်စောညီနောင်စေတီတို့ကို ဖူးမြင်ရသည်။ ဆုတောင်းပြည့်စေတီမှာ ရေမျက်နီရွာကို စတင်တည်ထောင်သူ ဖိုးသစ်စ၏ကောင်းမှုဟု သိရသည်။

ဖိုးသစ်စဆိုသူသည် ရေမျက်နီရွာကို ၁၂၅၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ "အင်ကြင်းပွင့်ပြီ ရေမျက်နီတည်" ဟု မှတ်သားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စောညီနောင်စေတီကို (၁၁၉၈)ခုနှစ်တွင် ရှမ်းအမျိုးသားဦးရွှေသိုင်းနှင့် ကျောက်စာရေးရွာသူ ဒေါ်မင်းအေးတို့က ရွာနံ့ဘုရားအဖြစ် တည်ထားခဲ့ကြောင်း သိရသည်။ စေတီငယ်နှစ်ဆူဖြစ်သည်။ ဘကြီးတော်မင်းလက်ထက် ကုန်းဘောင်ခေတ် အလယ်ပိုင်းတွင် တည်ထားခဲ့ခြင်း ဖြစ်သည်။

မှန်ပေမည်။ ဆုတောင်းပြည့်စေတီ၏ရှေ့မှ ခေါင်းလောင်းစာတွင် သက္ကရာဇ် ၁၁၄၅ ခုနှစ် ဟုတွေ့ရသည်။ သက္ကရာဇ် ၁၁၄၃ မှ ၁၁၈၁ ခုနှစ်သည် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်း (ယခုအလုံမြို့စား) နန်းစံနေချိန်ဖြစ်သည်။ ဘာသာ၊ သာသနာ၊ စာပေ အထွန်းကားဆုံးသောခေတ်ဖြစ်သည်။ ဆုတောင်းပြည့်စေတီ၏ အတွင်းဝယ်ဘိုးတော်ခေတ်လက်ရာ ဆင်းတုတော်အများအပြားကို တွေ့ရှိဖူးမြင်ခဲ့ရသည်။

ထိုရှေးဟောင်းဆင်းတုတော်များကို တံခါးမရှိ၊ ဓားမရှိ၊ ပေါ့ပေါ့တန်တန်ထားရှိခြင်းကို စိတ်မောခဲ့ရပါ၏။ ကုန်းဘောင်ခေတ်အဦးပိုင်းတွင် ကျောက်စာရေးရွာသည် ဘာသာ၊ သာသနာထွန်းခဲ့သော ကျေးရွာကြီးဖြစ်ကြောင်း သက်သေအထောက်အထားများ ဖြစ်ပါ၏။ နာမည်ကျော်၊ တန်ခိုးကြီးရခြင်းမှာ ဘုရားကို အမှီပြု၍လော၊ တန်ခိုးကြီးဆရာတော်ကို အမှီပြု၍လော ဆိုသည်ကို စာရေးသူသည် စဉ်းစားနေမိ၏။ အရှက်ခံဇရပ်ရှေ့တွင် ထူးထူးခြားခြား သစ်သားဖြင့် ထုလုပ်ထားသော နွားရုပ်ကြီးကို တွေ့လိုက်ရသည်။

"ဟောဒီနွားရုပ်ကြီးက အောင်ကျားနွား" ခေါ်တယ် တကာကြီးရဲ့။ ကျောက်စာရေးရွာ ကျော်ကြားခဲ့တာ ဟောဒီ အောင်ကျားနွားကြီးပေါ့ တကာကြီးရဲ့" ဆိုပြီး ကျောင်းထိုင်ဆရာတော်မှ ရှင်းပြနေသည်။

ကျောက်စာရေးရွာသား မောင်အောင်ရဆိုသူသည် ရှမ်းပြည်နယ် ပလောင်တောင်သို့ လက်ဖက်ခူးသွားလေ့ရှိသည်ဆို၏။ သူ၏တပည့် မောင်အောင်နိုင်သည် အောင်ကျားအမည်ရှိ နွားကိုကော့ပြီး လှည်းဖြင့် ပလောင်တောင်ရှိရာ ရှမ်းပြည်နယ်သို့ သွားခဲ့သည်ဟု ဆို၏။ ပလောင်တောင်ရှိရာ ဇရပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ လက်ဖက်ကုန်သည်ကြီး ဦးအောင်ရသည် လက်ဖက်ဝယ်ယူ ခူးဆွတ်ရန် ပလောင်တောင်ပေါ်သို့ တက်သွားခဲ့သည်။ နွားလှည်းသမား မောင်အောင်နိုင်သည် နွားများကို စောင့်ရှောက်ရန် တဲစခန်းတွင် ကျန်ရစ်ခဲ့သည်။ တောရပ်ကျောင်းဟောင်းတစ်ခုအတွင်း၌ ဗုဒ္ဓဆင်းတုတော် (၅)ဆူကို တွေ့ရှိခဲ့ရသည်။ ဆင်းတုတော်ငါးဆူစလုံးကို အရှေ့အရပ်သို့ မျက်နှာမူပြီး ထားခဲ့သည်။ တမည့်တော်များ၊ ယောသူ ယောသားများ ပူဇော်ရန် ယောဒေသသို့ ကြွရောက်ချီးမြှင့်မည်ဆိုပါက ယောဒေသရှိရာ အနောက်ဘက်သို့ အလိုလိုလှည့်ပါစေသားဟု အဓိဋ္ဌာန်ပြုပြီး ထားခဲ့သည်။ နောက်တစ်နေ့ ရောက်သောအခါ တစ်ဆူသော ဗုဒ္ဓဆင်းတုတော်သည် အနောက်ဘက်သို့ မျက်နှာမူနေ၏။ သုံးရက်စလုံး ဤကဲ့သို့ တွေ့ခဲ့၏။ ထိုဆင်းတုတော်ကို မိမိ၏ တဲစခန်းသို့ ရိုသေစွာ ပင့်ဆောင်ထားခဲ့၏။ နောက်တစ်နေ့တွင် တစ်ဖန် ကုန်းမြင့်မြင့်လေးနေရာ၌ ဆင်းတုတော်သုံးဆူကို တွေ့ခဲ့ပြန်၏။ ဤအတိုင်း သစ္စာအဓိဋ္ဌာန်ပြု၍ ဆင်းတုတော်များကို ထားခဲ့ရာ တစ်ဆူသော ဗုဒ္ဓဆင်းတုတော်သည် နောက်နေ့တွင် အနောက်ဘက်သို့ မျက်နှာမူနေသည်။ ထိုဆင်းတုတော်ကိုလည်း မိမိ၏ တဲစခန်းသို့ ရိုသေစွာ ပင့်ခဲ့ပြန်၏။ လက်ဖက်ကုန်သည်ကြီး ဦးအောင်ရလည်း ပြန်ရောက်လာသည်။ မိမိ၏ရပ်ရွာသို့ ပြန်ကြွရန် ပြင်ဆင်ကြသည်။ မောင်အောင်နိုင်သည် မိမိကိုးကွယ်ဆည်းကပ် ပူဇော်ရန် ပင့်ထားသော ဆင်းတုတော်နှစ်ဆူကို အောင်ကျားနွားတွင် မိမိ၏ ခေါင်းပေါင်းစဖြင့် ထုတ်၍ တင်လိုက်သည်။ အောင်ကျားနွားသည် မြူးတူးခုံပေါက် ပြေးလေတော့သည်။ ကျောက်စာရေးရွာသို့ ရောက်သွားလေသည်။ ရွာသူရွာသားများသည် အောင်ကျားနွား၏ ခြူသံ၊ ခလောက်သံတို့ကို ကြား၍ သဖြင့် စစ်နီးချောင်းတစ်ဘက်သို့ သွားခဲ့ကြသည်။ အောင်ကျားနွားသည် မောပန်းပြီး ကလိန်ချုံအောက်တွင် သေဆုံးနေသည်။ အသား၊ အရိုးများသည် ကျောက်သားပကတိ ဖြစ်နေသည်။ အောင်ကျားနွားနှင့်အတူ ဗုဒ္ဓဆင်းတုတော် (၂)ဆူကိုလည်း တွေ့ရှိခဲ့ကြသည်။ ထိုနေရာတွင် နွားဝပ်ဘုရားဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



စေတီတစ်ဆူ တည်ခဲ့ကြသည်ဟု သမိုင်းတွင် ပါးစပ်ရာဇဝင်အရ သိခဲ့ကြရသည်။

၁၂၆၀ ခုနှစ်တွင် နွားဝပ်ဘုရား ကုန်းမြေကို တူးဖော်ခဲ့ကြရာ အောင်ကျားနွား၏ အရိုးများနှင့်အတူ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို တွေ့ရှိခဲ့ကြရသည်။ စေတီကို ပြုပြင်တည်ထားပြီး ဆင်းတုတော်ကို ရွာဦးကျောင်းဆရာတော်က ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင်လည်း နွားဝပ်ဘုရားကို ရှိခိုးပူဇော်ခြင်းဖြင့် ရောဂါများ ပျောက်ကင်းသည်ဆိုပြီး ထင်ပေါ်ကျော်ကြားခဲ့သည်ဆို၏။ အနယ်နယ်အရပ်ရပ်မှ လာရောက်ပြီး နွားဝပ်ဘုရားကို ရှိခိုး၊ ရွှေသင်္ကန်း ဆက်ကပ်ကြသည်ဟု ဆို၏။ ထိုအကြောင်းအရာများမှာ မှန်ကန်ပေမည်။ ယခုကျောက်စာရေးဘုန်းတော်ကြီးကျောင်းအတွင်း၌ ခေါင်းလောင်းကြီးနှင့် ကုန်းဘောင်ခေတ်ဦး ဆင်းတုတော်အမြောက်အမြားကို ဖူးမြော်ရခြင်းဖြင့် သက်သေထူလျက်ရှိပါသည်။ ပဆောင်တောင်မှ မောင်အောင်နိုင်ပင့်ဆောင်လာသော နွားဝပ်ဘုရားဗုဒ္ဓဆင်းတုတော်ကိုလည်း ကျောက်စာရေးရွာ ဘုန်းတော်ကြီးကျောင်းပေါ်တွင် ဖူးမြော်ခဲ့ရပါသည်။

ထို့နောက် စာရေးသူတို့သည် မိုးကောင်းရွာသို့ ထွက်လာခဲ့ကြသည်။

"တကာကြီးတို့ ထမင်းစားခဲ့ကြပြီလား၊ စားကြပေါ့၊ ဘယ်မြို့ရွာက လာခဲ့တာလဲ"

ဘုန်းတော်ကြီးက မိန့်တော်မူ၏။ ဆရာတော်ကြီးသည် သက်တော် ၉၃ နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာလှပါ၏။ လူတွဲရန်မလို ပေါ့ပေါ့ပါးပါး သွားလာနိုင်ပါသေးသည်။ မျက်စေ့၊ နားကောင်းလှပါသည်။ စာရေးသူသည် ပထမ ကျော်အောင်စံထား၏ ပိုက်သင်ရွာမှဆိုသဖြင့် ပထမကျော်အောင်စံထား၏ သမိုင်းကြောင်းကို ရှည်လျားစွာ ပြောပြနေပါ၏။ ပရိယတ္တိစာပေတွင် လိမ္မာတော်မူသော ဆရာတော်ကြီးဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ကြီးဘုရား တပည့်တော်သည် ဆရာတော်ကြီး၏ လျှာကို ဖူးမြင်လိုပါသည်ဘုရား ဖူးခွင့်ပြုတော်မူပါဘုရား"

ဆိုပြီး စာရေးသူက လျှောက်ထားသည်။

"ကျုပ်ကို လျှာရှည်ကိုယ်တော်ဆိုပြီး ဘယ်သူတွေကစပြီး ပြောလိုက်တယ်မသိပါဘူးဗျာ၊ လာတဲ့သူတိုင်းက လျှာကိုထုတ်ပြဖို့ လျှောက်ထားကြတယ်။ ကျုပ်ရဲ့ကျင့်စဉ်နဲ့ တရားကိုသာ မှတ်သားသွားပါ၊ လျှာကိုဖူးလို့ ဘာမျှထူးမှာမဟုတ်ပါဘူး" ဟု ဆရာတော်ကြီးက ပြန်လည်မိန့်တော်မူပါသည်။

သို့သော် လိုက်ပါလာသူအားလုံးက ဆရာတော်၏လျှာကို ထုတ်ပြရန် အကြိမ်ကြိမ် လျှောက်ထားနေသည်။

"ကဲ . . . ကဲ . . ကြည်ချင်ရင်လည်း ကြည့်ကြပေါ့လေ" ဆရာတော်က လျှာကိုထုတ်ပြီး နှာခေါင်းပေါ်သို့ တင်ပြလိုက်ရာ နှာခေါင်းထိပ်ပိုင်းကို ဖုံးနေပါသည်။

"စာရေးဆရာ တကာ၊ ဒေါက်တာသက်လွင် ထိခြင်းသုံးပါးဆိုတာ သိသလား"

"မသိပါဘုရား၊ မိန့်တော်မူပါဘုရား"

၁။ လျှာနဲ့နှာခေါင်းကို ထိတယ်၊

၂။ နားနဲ့ပခုံးကိုထိတယ်၊

၃။ မတ်ရပ်တပ်နေရင် လက်နဲ့ဒူးကိုထိတယ်။

နောက်တစ်ခုရှိသေးတယ်၊ မထိခြင်းသုံးမျိုးဆိုတာရော ကြားဖူးရဲ့လား"

ဟု ဆရာတော်ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က မိန့်တော်မူပြန်ပါသည်။

"မထိခြင်းသုံးပါးမှာ -

၁။ သပိတ်ကိုလက်နှင့်မထိဘဲ ဆွမ်းခံသည်။

၂။ သင်္ကန်းနှင့်ကိုယ်ခန္ဓာနှင့်မထိဘဲ သင်္ကန်းတော်ရုံသည်။

၃။ မြေကြီးနှင့်ခြေထောက်မထိဘဲ ကြွလှမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမထိ (၃)မျိုး၊ ထိ (၃) မျိုးသည် ပုဂ္ဂိုလ် (၃) ဦးတို့တွင် သာရှိတယ်။ အဘယ်ပုဂ္ဂိုလ် (၃) ဦးပါလဲဆိုလျှင် -

၁။ ဂေါတမမြတ်စွာဘုရား

၂။ သားတော်ရာဟုလာ

၃။ ဘာဝရီပုဏ္ဏားကြီး

"မှန်လှပါဘုရား၊ ကျေးဇူးကြီးလှကြောင်းပါဘုရား"

ထို့နောက် ဆရာတော်ကြီး ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အား မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူခဲ့ရပါတော့သည်။ ဆရာတော်ကြီးသည် ကျောင်းကြီးပေါ်မှာလည်း သီတင်းမသုံး၊ နိုင်ငံတော်အကြီးအကဲများမှ ဆောက်လုပ်လှူဒါန်းထားသော သိမ်တော်ကြီးတွင်လည်း သီတင်းမသုံးပေ။ သိမ်တော်အဆောက်အဦ၏ တောင်ဘက်မှ သစ်သားကျောင်းပုလေးမှာသာ တရားထိုင်, ပုတီးစိပ်, အမျှဝေ, မေတ္တာပို့ နေထိုင်တော်မူ၏။ တစ်နေ့မှာ ပုတီးအပတ်ရေ တစ်သောင်း (၁၀၀၀၀) စိပ်တော်မူသည်ဟု သိရပါ၏။

ဆရာတော်ကြီးသည် ၁၂၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် ကြာသပတေးနေ့တွင် မွေးဖွားခဲ့သဖြင့် ယခုသက်တော် (၉၃)နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာချမ်းသာစွာ ဖူးမြော်ခဲ့ရပါ၏။ ဆရာတော်ကြီးသည် ပထမကြီးတန်းအောင်မြင်တော်မူခဲ့သည်။ ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓာရုံကျောင်းတိုက်၊ တောင်ငူ၊ အုတ်တွင်းမြို့သို့ ပရိယတ္တိ၊ ပဋိပတ္တိသာသနာပြုတော်မူခဲ့သည်။ ယခုစစ်နီးချောင် မိုးကောင်းရွာကျောင်းတွင် သိက္ခာတော် (၇)ဝါမှစပြီး သီတင်းသုံးနေထိုင်တော်မူခဲ့ရာ (၆၄) နှစ်တိတိ ကြာခဲ့ပြီဖြစ်ပါ၏။

ဆရာတော်ဘဒ္ဒန္တပညာသာမိ သက်တော်ရာကျော် ရှည်ပါစေဘုရား၊ ယောဒေသ၏ ဂုဏ်ဆောင် စစ်နီးချောင် ဟုသာဆိုချင်ပါတော့၏။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကျောချောင်းဆိုတဲ့ ရွာကလေး

"ဟော့ . . ဟိုမှာ ငှက်ပျောခိုင်ကြီး မှည့်နေပြီကွ။ ဘယ်ဥယျာဉ်လဲ သွားဝယ်စမ်းကွာ"

"မဝယ်ရပါဘူးဆရာရယ်၊ ဥယျာဉ်ကြီးတစ်ခုလုံးကို အပ်ထားတာပါ။ စားချင်တာကို ခူးဆွတ်စား၊ စားချင်တဲ့အချိန်မှာစား၊ ပြောနေစရာမလိုပါဘူး ဆိုပြီး ဦးစံသိန်းက ပြောထားတာ"

စာရေးသူသည် ချောင်းရေချိုးအပြန်မှာ ဥယျာဉ်ကြီးကို သတိထား ကြည့်မိသဖြင့် ကိုကျော်ဝမ်းအား မေးမိခြင်းဖြစ်သည်။ ဤသို့ဖြင့် ဥယျာဉ်ထဲ သို့ ဝင်ပြီး ကြည့်မိ၏။ ငှက်ပျောခိုင်ကြီးများမှာ ဝဖီးပြီး သန်မာလှပါ၏။ သင်္ဘောပင်တွေကလည်း ညွတ်နေအောင်သီးနေကြ၏။ သရက်သီး၊ ခရမ်း သီး၊ ပဲသီးတွေကို နည်းနည်းစီ ခူးဆွတ်ယူလာခဲ့ပြီး ပြန်ခဲ့ကြ၏။ ဥယျာဉ်ခြံကြီး မှာ တံခါးမရှိ၊ ခြံစည်းရိုးမရှိ။ သို့သော် ကျွဲ၊ နွား မဝင်နိုင်အောင် အမြင့်သုံးပေ လေးပေလောက်မှာ သစ်တုံးကြီးများကို ခွတိုင်ကြီးများပေါ်တွင် တင်ပြီး ကာရံ ထား၏။ စာရေးသူမှာ လူကလည်း ဝတော့ ငုံ့သွားရမည်လား၊ ကျော်သွားရ မည်လား၊ ဝေခွဲမရ၊ အတော်စဉ်းစားနေရ၏။ ငုံ့သွားကြည့်တော့လည်း အဆင် မပြေ၊ ကျော်သွားကြည့်တော့လည်း အဆင်မပြေ။

"ဟော့ . . မောင်မြင့်ဝင်း၊ မင်းတို့ဥယျာဉ်လို့ ပြောတယ်။ ငှက်ပျောခိုင် ကြီးတွေမှည့်နေပြီကွာ၊ ငါ့ကို တစ်ခိုင်လောက်ပေးစမ်းပါ"

စာရေးသူက ကျွဲကျောင်းလာသူ မောင်မြင့်ဝင်းကို ပြောမိ၏။

"ရပါတယ်ဆရာရယ်၊ ဆရာ့ရဲ့ လူတွေကို အဖေနဲ့အမေတို့က ခြံလိုက် အပ်ထားတာပဲ။ ကြိုက်တာကို အချိန်မရွေးယူပါ"

မောင်မြင့်ဝင်းက ပြောပြောဆိုဆို ထွက်သွားတော့၏။ မကြာမီ ငှက် ပျောခိုင်အမှည့်ကြီးကို ဆွဲပြီးပြန်လာ၏။ ငှက်ပျောသီးများမှာ ချိုလှ၏။ အေး လှ၏။ မွှေးလှ၏။ မြို့မှာဈေးကဝယ်ရသည့် ငှက်ပျောသီး၊ သင်္ဘောသီး၊ သရက်သီးများမှာဖြင့် ဝင်းဝါနေသော်လည်း ပြည့်ပြည့်ဖြိုးဖြိုးမဟုတ်၊ ပိန်ရှုံ့

www.burmeseclassic.com

www.burmeseclassic.com



နုပိန်ခြောက်အသီးနုကလေးတွေကို ဆေးထိုးထားကြခြင်း ဖြစ်သည်။ ဆေးဆိုသည်မှာ အထူးမဟုတ်၊ အက်စစ်ရည်တွင် နှစ်လိုက်ခြင်းဖြစ်သည်ဟု ပြောပြကြသည်။ ဘာမှ အရသာမရှိ၊ ဦးစံသိန်း၏ခြံထဲမှ ခူးဆွတ်လာသော သရက်သီး၊ ငှက်ပျောသီး၊ သဘော်သီး၊ သံပုရာသီး၊ ရှောက်သီးများနှင့် အရသာချင်းကွာခြားလှ၏။

"မောင်မြင့်ဝင်း၊ မင်းတို့မှာ ဥယျာဉ်ကြီး စိုက်ထားပြီး အသီးအနှံတွေကို ရောင်းမစားဘူးလား" စာရေးသူက မေးမိသည်။

"တစ်ခါမှ ရောင်းမစားရပါဘူး ဆရာရယ်၊ ဒီရွာမှာ ရောင်းစားတော့လဲ ဘယ်သူက ဝယ်စားမှာလဲ၊ သူတို့မှာလည်း ဒီလိုဥယျာဉ်တွေရှိသားပဲ။ သူ့ခြံထဲမှာ ကိုယ်လိုချင်တာရှိရင် ဝင်ပြီးခူးဆွတ်စား၊ ကိုယ့်ခြံထဲမှာသူလိုချင်တာရှိရင် ခူးဆွတ်စားကြတာပဲ။ ရောင်းတာ၊ ဝယ်တာဆိုလို့ မရှိကြပါဘူး"

မောင်မြင့်ဝင်းက ရှင်းပြသည်။

စာရေးသူသည် နေ့ခင်းပိုင်း ထမင်းစားပြီး ရွာထဲသို့ လမ်းလျှောက်ထွက်လာခဲ့သည်။

"ဟော့ . . မထိဘူးကွ၊ ထိတယ်ကွ၊ အေး . . ထိတယ်ကွ" ကစားနေကြသော ကလေးများ ဆူညံနေသဖြင့် ခေတ္တခဏရပ်ပြီး ကြည့်နေမိသည်။ သူတို့ကစားနေကြသည်မှာ အသက်အုပ်စုအလိုက် ဟိုတစ်စု၊ ဒီတစ်စုဖြစ်သည်။ မြေကြီးကို တုတ်ဖြင့်စည်းသား။ တစ်လှည့်စီခုန်၊ အများက စောင့်ကြည့်။ စည်းကမ်းနှင့်မညီလျှင် အရှုံးပေး။ တချို့ကလည်း မြေကြီးပေါ်မှာ ခြေလေးတွေဆင်းထား၊ ခြေဖျားလေးကိုထောင်။ လက်ချောင်းလေးတွေဖြင့် တိုင်းတာ။ လွတ်အောင်ခုန်ကြ၊ မထိရ၊ ထိလျှင်အရှုံး။ အဆုံးအဖြတ်က မြန်လှ၏။ မှန်လှ၏။ မည်သူမျှ အငြင်းမပွား။ တစ်ခါတစ်ရံမှာတော့ စကားများကြရသေး၏။ ကစားစရာဆိုလို့ စက်ရုပ်လေးတွေဆိုတာ မကြားဘူး။ ပလပ်စတစ်ကစားစရာ၊ မြေရုပ်ကစားစရာ၊ ဘာဆိုဘာမျှမလို။ မြေကြီးသည် သူတို့အတွက် ကစားစရာပစ္စည်းကြီးဖြစ်ပေ၏။ ကလေးတွေကို သတိထားကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိပြန်၏။ သုံးနှစ်၊ လေးနှစ်ကလေးက တစ်နှစ်သား၊ ခြောက်လသားကလေးများကို ချီပိုးထားကြရ၏။ ကလေးတစ်ဦးတစ်ယောက်တွင်မျှ လုံချည်မပါ။ အင်္ကျီက နတ္ထိ၊ ကိုယ်ချည်းတုံးလုံးများသာ ဖြစ်ကြ၏။ အင်္ကျီ၊ လုံချည်၊ လျှော်ဖွပ်ကြရန် တာဝန်မရှိကြတော့။ ပျော်လိုက်ကြသည့်ဖြစ်ခြင်း၊ တစ်ရွာလုံး တဟားဟား တဝါးဝါး ဆူညံလို့သာနေကြတော့၏။

စာရေးသူသည် အနားမှာထိုင်နေသော ၁၀နှစ်သားအရွယ် ကလေးနှစ်ဦး သုံးဦးကို အတန်းမေးပြီး စာအုပ်ထဲမှ စာများကို အဖတ်ခိုင်းကြည့်မိသည်။ အဖြတ်အတောက်၊ အသံ၊ အနိမ့်အမြင့် မှန်ကန်လှ၏။ သင်ပြထားသော ကျောင်းဆရာများကို ချီးကျူးမိ၏။ မြို့ကျောင်းထွက်များမှာတော့ လေးတန်းအောင်ပြီးသူ အတော်များများပင် မြန်မာစာကို မဖတ်တတ်ကြ။ တချို့ဘွဲ့ရပြီးများပင် ဤကလေးများကဲ့သို့ မြန်မာစာကို အသံမှန်အောင် မဖတ်တတ်ကြပေ။ ဉာဏ်အဆင့်မြင့်ကြ၏။ ကံ, ကမရှိ။

ကျွန်တော်၏တပည့်များသည် ရှုးရှုးရှဲရှဲဖြင့် ဆူညံဆူညံဖြစ်နေကြ၏။ အကျိုးအကြောင်းကို မေးကြည့်တော့ ဆိတ်ချိုတစ်လက်၊ ပေါင်တူလေးတစ်လက်၊ လောက်လေးခွတစ်လက် ပျောက်ဆုံးနေသောကြောင့် ဆူညံနေကြကြောင်း ပြောပြကြ၏။

"အခုသုံးလေးရက်မှာ လူတွေက စုံတယ်ကွ၊ အခြားတံတားဆောက်လုပ်ရေးအဖွဲ့တွေမှာလည်း အလုပ်တွေ့နားထားတော့ အနယ်နယ်အရပ်ရပ်က အလုပ်သမားတွေကို ခေါ်ခိုင်းလိုက်မိတာ" ဆိုပြီး ကိုကျော်ဝမ်းက ပြောပြသည်။

"မဟုတ်သေးပါဘူးဗျာ၊ ဘိလပ်မြေတွေ၊ သံလုံးတွေ၊ ရေစုပ်စက်တွေ၊ ရေပိုက်တွေ မသိမ်းဘဲ အပြင်မှာ ပစ်ထားတာကြာပြီ၊ ဘာမျှ မပျောက်ဖူးဘူး၊ ဒီဘာမဟုတ်တဲ့ တန်ဖိုးမရှိတဲ့ ဆိတ်ချို၊ တူ၊ လောက်လေးခွတွေကျမှ ပျောက်ရတယ်ဆိုတော့ ဒေါပွတာ" ဆိုပြီး ကိုတင်မောင်ဦးက ဒေါပွနေသည်။ သူကအင်ဂျင်နီယာစတိုထိန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒီလိုရှိတယ်လေ ဆရာကြီးရဲ့။ ဆရာကြီးတို့ ဒီဇယ်တွေ၊ မာတ်ဆီတွေ၊ စက်ဆီပုံးတွေ၊ ဘိလပ်မြေတွေ၊ သံလုံးတွေ၊ စက်တွေ၊ ကက်ဆက်တွေ၊ ရေဒီယိုတွေဆိုတာက သူတို့အသုံးပြုတတ်တာမှ မဟုတ်တာ၊ မခိုးကြဘူးပေါ့ဗျာ။ ဘိလပ်မြေ၊ သံချောင်းလုံးတွေကို ထမ်းယူလာတော့ ဘာလုပ်မှာလဲ၊ ဘယ်သူလာဝယ်မှာလဲ။ လောက်လေးခွတစ်ချောင်းကမှ ငှက်ပစ်ရသေးတယ်။ တူလေး၊ ဆိတ်ချိုလေးဆိုတာကလဲ ကျောက်ထုလို့ရတယ်လေ၊ သုံးလို့ရတယ်။ ယူသွားကြတာပ၊ ပျောက်မှာပ၊ လူကလည်း လူစုံကိုး။ ကျုပ်တို့ရွာသားကတော့ မခိုးပါဘူး" ဆိုပြီး ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မနေသာကြသဖြင့် ဝင်ပြီးပြောဆိုလာကြသည်။

စာရေးသူတို့အဖွဲ့၏ မီးရထားတံတားဆောက်လုပ်ရေးစခန်းသည် ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးမြို့ ရထားလမ်းအပိုင်း ပုံညာဥမင်ကြီးကို ဖောက်ပြီး ဆောက်လုပ်ထားသည်။ ဆောက်လုပ်ရတဲ့ တံတား၊ ဖို့လိုက်ရတဲ့ မြေသားတွေ ဖြိုလိုက်ရတဲ့ တောင်တွေ၊ စက်ယန္တရားတွေ၊ လူတွေ၊ ကန်ထရိုက်အဖွဲ့တွေနဲ့ ပွဲတော်ကြီးတစ်ခုလိုဖြစ်နေတော့၏။



ချိန်းအမှတ် (၆၄/၆၀) ကျောချောင်းရွာ အနီး
မီးရထားတံတားဆောက်လုပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကိုမြင့်ဝင်းသည် ကျွဲဆွဲစွပ်ဖားပေါ်တွင် ဆန်တင်း သုံးလေးလုံးကို တင်ပြီးရောက်လာသည်။ မနေ့ကနေပူသဖြင့် စပါးကိုနေပူလှန်း၊ မောင်းထောင်းပြီးယူလာသည်ဟု ပြောပြသည်။ ဆန်တစ်တင်း ၃၀၀၀ ကျပ်။ ကြက်သား တစ်ပိဿာ ၁၅၀၀ ကျပ်။ ဝက်သား အမဲသား ၁၀၀၀ ကျပ်ဈေးဖြစ်သည်။ ချေသား၊ ဆတ်သား၊ ဒရယ်သားတို့ကတော့ တစ်ပိဿာ ၁၂၀၀ ကျပ်ဈေးဟု ပြောပြကြသည်။

"ဟ . . . ဘာတွေလဲ ဥက္ကဋ္ဌကြီးရဲ့ စားကောင်းမှလည်းလုပ်ပါ။ တောက်ကုန်ပါဦးမယ်"

ကျေးရွာဥက္ကဋ္ဌ ဦးဘထော်သည် စာရေးသူ စားဖို့ဆိုပြီး စတီးချိုင့်လေးဖြင့် ဟင်းလာပို့သည်။

"ဟ . . မှိုဥတွေလား၊ မဟုတ်ပါဘူး၊ နူးညံ့လှချည်လား၊ ဆိမ့်လှပါလား၊ လျှာပေါ်တင်လိုက်တာနဲ့ ပျော့ကျသွားတယ်" ဆိုပြီး စာရေးသူက မှတ်ချက်ချလိုက်သည်။

"ဖွတ်ဥ၊ လိပ်သည်း၊ နွားနို့ခဲ" ဆိုတာ အကောင်းဆုံး၊ အားအရှိဆုံးပေါ့ ဆဲရာကြီးရယ်၊ အဲဒါက ဖွတ်ဥ ဆရာကြီးရဲ့။ ကောင်းတယ်မဟုတ်လား" ဆိုပြီး ဦးဘထော်ကပြုံးစိပြုံးစိဖြင့် ပြောပြသည်။ မနေ့ကတောထဲကိုသွားပြီး ဖွတ်ရှာပုံ ပုံ၊ ဖွတ်တွေ့ပုံ၊ ခွေးတွေနဲ့လိုက်ပုံ၊ တောင်ပို့ကိုတူးပုံမှ အစရှင်းပြနေသည်။ ရွာထဲမှ လူများသည် ယုံ၊ ခါ၊ ချိုး၊ ပုတက်၊ ဖွတ်၊ ချေ၊ ဆတ်၊ တောကြောင်၊ အသားတစ်ခုခု ရလာပြီဆိုရင် စာရေးသူထံ ယူလာပြီး ပေးနေကြဖြစ်သည်။ ပိုက်ဆံပေးတော့လည်း မယူကြ။ စာရေးသူကလည်း မြို့မှယူလာသော ကော်ဖီမစ်၊ နို့ဆီ၊ သကြား၊ မုန့်၊ ငါးသေတ္တာဘူး၊ ယိုဘူးများကို လက်ဆောင်ပေး လေ့ရှိသည်။ သူတို့ နေမကောင်းလျှင် အိမ်ကိုလိုက်ပြီး လူနာကိုစမ်းသပ်၊ ဆေးထိုးပေး၊ စားဆေးပေးရသည်။ အခကြေးငွေဆိုတာ ကြားခံပစ္စည်း မဟုတ်။ မေတ္တာသာလျှင် ကြားခံဆက်ဆံရေးပစ္စည်းဖြစ်သည်။ စာရေးသူ မရှိလျှင်လည်း စာရေးသူ၏အဖွဲ့သားများက ဆရာဝန်လုပ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ၏ စခန်းမှာ ဆေးရုံ ဆေးခန်းလေးတစ်ခုလိုဖြစ်နေသည်။ ဘာမဆိုင်၊ ညာမဆိုင်၊ အနီးနားရွာများမှ ကျေးရွာသားများနှင့် အခြားဆောက်လုပ်ရေး အလုပ်သမားများပင် လာရောက်ပြီး ဆေးကုခံကြသည်။ အခမဲ့ဆေးခန်းလေးဖြစ်ပါ၏။ စာရေးသူကလည်း တစ်ခေါက်သွားလျှင် ဆေးတွေကို ကျပ်လေးသောင်းဖိုး၊ ငါးသောင်းဖိုးဝယ်သွားရ၏။ အခမဲ့ဆေးကုပေးရ၏။ ထို့ကြောင့် စာရေးသူအလာကို တစ်နယ်လုံးမှ စောင့်မျှော်နေကြသည်။ စာရေးသူကလည်း နှစ်လ၊ သုံးလမှ တစ်ခေါက်။ တစ်ခေါက်သွားလျှင် လေးငါးရက်နေပြီး ပြန်ခဲ့ရသည်။ စာရေးသူသည် တံတားဆောက်လုပ်ရေးအဖွဲ့တွင် ပါဝင်သည်ဆိုသော်လည်း ငွေလည်းမဟုတ်၊ အပျော်သက်သက်၊ ခရီးသွားဟန်လွှဲ အဖော်သဘော မျိုးသာဖြစ်သည်။ သူတို့ အမြတ်အစွန်းရှိလျှင် တတ်နိုင်သလို၊ ကန်တော့ငွေဆိုပြီး ပေးကြခြင်းဖြစ်သည်။ စာရေးသူကလည်း ယောဒေသတစ်ခုလုံး သွားလိုရာကို ဂျစ်ကားဖြင့် သွားရ၊ စားရ၊ သောက်ရ၊ စာရေးရလျှင် ကျေနပ်နေပြီ၊ ပျော်နေပြီ ဖြစ်သည်။ ယောသူယောသားများနှင့် စကားပြောရသော အရသာလောက် စာရေးသူကြိုက်နှစ်သက်သောအရာ ဘာမှမရှိ။ စိတ်ချမ်းသာလှ၏။ လောဘမရှိ၊ ဒေါသမရှိ၊ မာနမရှိ။ ရွာသူရွာသားများသည် နံနက် ၄ နာရီမှာ ထကြသည်။ တောင်ယာ သွားကြသည်။ သီးနှံစိုက်ပျိုး၊ ရိတ်သိမ်းကြသည်။ ဟင်းချက်စရာများကို တောင်ယာခင်းများမှ ဆွတ်ခူးယူခဲ့ကြသည်။ စတိုးဆိုင်မရှိ၊ ဈေးဆိုင်မရှိ၊ ရောင်းသူမရှိ၊ ဝယ်သူမရှိ။

အိမ်ခြေ ၆၀ ကျော်ရှိသော ကျောချောင်းကျေးရွာလေးသည် တရားမမွှေ ဝိပဿနာရိပ်သာလေးနှင့်သာ တူတော့၏။ ညဉ့် ၇ နာရီ၊ ၈ နာရီဆိုလျှင်လည်း အပ်ကျသံပင်ကြားရ၏။ ဆိပ်ငြိမ်နေတော့၏။

"ဥက္ကဋ္ဌကြီးတို့ရွာက လူတွေဗျာ၊ နေ့လယ်လဲ အိပ်ကြ။ ညဉ့်လဲ အစောကြီးအိပ်ကြ၊ လူ့လောကကြီးထဲကို အိပ်ဖို့လာနေကြသလားမသိဘူး။ တစ်ရွာလုံး တိတ်ဆိတ်နေကြတာပဲ၊ ရှစ်နာရီတောင်မထိုးသေးဘူး" ဆိုပြီး စာရေးသူက မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လဲ ကလေးတွေ ဒါလောက်များတာပေါ့ဆရာကြီးရယ်။ အိမ်ခြေ ၆၀ မှာ လူဦးရေက ၄၀၀ နီးပါးရှိနေတာ၊ ဒါတောင် စောစောအိမ်ခွဲပြီးနေကြလို့" ဆိုပြီး ကိုခင်မောင်လေးက ရယ်စရာပြောပြသည်။ အသက်ရှင်ဖို့ ထမင်းစားနေကြခြင်းမဟုတ်။ ထမင်းစားဖို့ အသက်ရှင်နေကြခြင်းဖြစ်သည်ဟု စာရေးသူက မှတ်ချက်ချလိုက်ပြန်သည်။

အေးချမ်းသာယာသော ထီးလင်းမြို့နယ်ထဲက ကျောချောင်းကျေးရွာလေးပါတကား။

(ဈေးကွက်ဂျာနယ်၊ ၃၇၈/၂၃/၇/၀၄)

× × × × ×

## ပုံတောင် ပုံညာ မှိုင်းပြာပြာ

"မိုးတွေက သည်းလာပြီ၊ တစ်မိုးလုံးလည်း မည်းမှောင်နေတာပဲ၊ ဖေဖေတို့ မသွားပါနဲ့လား၊ ယမားချောင်းလည်း ကျနေလောက်ပြီ" သားဖြစ်သူ မောင်စိုးမိုးက ခရီးထွက်တော့မည့်ဆဲဆဲမှာ ခရီးမထွက်ဖို့ ပြောနေသည်။ စာရေးသူတို့အဖွဲ့သည် ရေမျက်နီရွာအနီး၊ ပုံညာတောင်ခြေ၌ တည်ဆောက်သော မီးရထားတံတားကို သွားရောက်ကြည့်ကြရမည်ဖြစ်၏။

"ငါ့သားကလည်းကွာ၊ မိုးတွေရွာစမ်းပါစေ၊ သည်းချင်သလိုသည်း၊ ဂန့်ဂေါကိုရောက်အောင်သွားလို့ရတယ်ကွာ။ အရင်ကလို ယမားချောင်းကျတာတို့ တောင်ပြိုမှာတို့ဆိုတာ စိုးရိမ်စရာ မဟုတ်တော့ပါဘူး၊ ယမားချောင်းကျရင်ကွာ ဆင်ဖြူရှင်တံတားကို ဖြတ်ပြီး ချောင်းဦးမြို့၊ မုံရွာမြို့ကို သွားမယ်ကွာ။ မုံရွာကတစ်ဆင့် မုံရွာတစ်ဖက်ကမ်း ညောင်ပင်ကြီးဘက်ကို ဇက်ကလေးနဲ့ကူးရင်လည်း ရတယ်ကွာ၊ မုံရွာတံတားကို ဖြတ်ပြီး ယင်းမာပင်မြို့၊ ပုလဲမြို့တို့က တဆင့်သွားရင်လည်း တိုက်ရိုက်ရတယ်ကွာ၊ စိုးရိမ်စရာမရှိပါဘူး" ဆိုပြီး ရှင်းပြပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စာရေးသူတို့အဖွဲ့သည် မိုးကြီး သဲကြီးမဲကြီး ရွာနေစဉ်မှာပင် ပခုက္ကူမြို့မှ ထွက်ခဲ့ကြသည်။ တစ်နာရီသာသာမျှသာ ကြာသေးသည်။ ယမားချောင်းသို့ ရောက်ပါပြီ၊ ပခုက္ကူနှင့် ယမားချောင်းသည် (၄၇) မိုင် ဝေးကွာသည်။ တိုက်ရိုက်ကတ္တရာလမ်းခင်းထားပြီးဖြစ်၍ အချိန်တစ်နာရီ သာသာမျှသာ ကြာခဲ့၏။

"အထက်မှာ မိုးမရွာဘူးထင်တယ်၊ ချောင်းရေမကျဘူး၊ အရင်ကဆိုရင် အခုလို မိုးသည်းရင် ယမားချောင်းထိပ်မှာ တစ်ရက်၊ နှစ်ရက် စောင့်ရတယ်" စာရေးသူက ပြောလိုက်မိသည်။

မိုးမသည်းလို့မဟုတ်ပါဘူးဆရာရဲ့၊ ယမားချောင်းအထက်မှာ တောင်ယမားဆည်ကြီး ပြီးပြီလေ၊ ဆရာမြသန်းတင့်၊ ဆရာတော်ဦးသောဘနတို့ရဲ့ ဇာတိ၊ ချောင်းဆုံကြီးရွာ အထက်မှာပေါ့၊ နွေရာသီဆိုရင် မင်းတိုင်ပင်ရွာက တောင်ယမားဆည်ဘောင်ပေါ်ဖြတ်ပြီး မြိုင်မြို့ကို တိုက်ရိုက်သွားနေကြတာပဲ" ဆိုပြီး ကိုနေဝင်းက ပြောပြနေသည်။ မှန်ပေသည် တောင်ယမားဆည်နှင့် မြောက်ယမားဆည်ဆိုပြီး တည်ဆောက်ပြီးကြောင်း သတင်းစာများတွင် ဖတ်ခဲ့ရသည်။ တောင်ယမားနှင့် မြောက်ယမားဟုခေါ်ဝေါ်ကြသော်လည်း တည်နေရာမှာ တခြားစီဖြစ်သည်။ ဝေးကွာလှ၏။ ရေဝင်ရေလွှဲလည်းမတူ၊ ဝေးလှ၏။ စာရေးသူတို့အဖွဲ့သည် ကျားတက်ရွာတွင် နံနက်အစောစာစား၊ ဈေးဝယ်ပြီး ခရီးဆက်ခဲ့ကြသည်။ (၅၂) မိုင် စခန်း၊ ကိုအောင်ဝင်း၏ အမေ့ရွာ စားသောက်ဆိုင်သို့ ရောက်တော့ နံနက် (၉) နာရီသာသာမျှသာ ရှိသေးသည်။ ခရီးဆက်ခဲ့ကြပြန်၏။ ခင်အေးရွာကလေးကို နံနက် (၁၁) နာရီတိတိတွင် ရောက်တော့သည်။ ခင်အေးရွာကလေးသည် ပုံတောင်တောင်ခြေ၊ မုံရွာမှ (၆၃) မိုင်အကွာတွင် တည်ရှိသည်။

ခင်အေးရွာသည် ဟိုတစ်ချိန်က အလံနီ ကွန်မြူနစ်များ ဌာနချုပ်လုပ်ခဲ့သည်။ ထိုမှ သစ်ထုတ်လုပ်ရေးစခန်း၊ ပုဂ္ဂလိက သစ်ကုန်သည်များ ခြေချုပ်ခဲ့ကြသည်။ ယခုတော့ ပုဂ္ဂလိက လိုင်စင်ရရေနံတွင်းသမားများ၏ ကြားစခန်း

www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်နေသည်။ လက်တွင်းရေနံတွင်းလေးပေါင်း ထောင်ချီပြီးရှိနေပြီဟု သိရသည်။ ယခုကဲ့သို့ ကမ္ဘာ့ရေနံဈေး တစ်ဟုန်ထိုးမြင့်တက်နေချိန်တွင် စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေပါလားဟု စဉ်းစားမိသည်။ စာရေးသူတို့၏ ပခုက္ကူစက်မှုဇုန်ထုတ် ဂျစ်ကားသည် အမြင့်ပေ (၃၅၇၆) ရှိသော ပုံတောင်တောင်ကြီးကို တအိအိ တဖြည်းဖြည်းတက်နေရသော်လည်း မော်တော်ဆိုင်ကယ်များကတော့ ဟောတစ်စီး ဟောတစ်စီး ကျော်တက်နေသည်။ တောင်ကြီးပေါ်သို့ တက်သွားကြသော မော်တော်ဆိုင်ကယ်အတန်းကြီးမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ ကလေးများ မီးပုံးများကို ဆွဲနေကြသည်ဟု ထင်ရသည်။ မကြာမီ ပုံတောင်တောင်ထိပ်သို့ရောက်ပါပြီ။ ကားမောင်းသူ ကိုနေဝင်းက အမေရေယာဉ်နတ်ကွန်းကို ဦးတိုက်ပြီး ရှေ့တိုးနောက်ဆုတ် သုံးကြိမ်ပြု အရိုအသေပေးသည်။ မော်တော်ကားကို ခေတ္တရပ်ထားခဲ့ကြပြီး စာရေးသူတို့အဖွဲ့မှ ကောင်းမှုပြုလုပ်လှူဒါန်းထားသော ဗုဒ္ဓခြေတော်ရာကို သွားရောက်ရှိခိုး ဆီမီးပူဇော်ကြသည်။ ပုံတောင်တောင်ထိပ်ပေါ်တွင် စေတီ၊ စောင်းတန်း၊ ခြေတော်ရာ၊ ဘုန်းတော်ကြီးကျောင်း စသည့် သာသနိက အဆောက်အဦများဖြင့် ပြည့်နှက်နေသည်။

"ဂီယာကြီးနဲ့ဆင်းဟေ့၊ ဗိုလ်မှူးတင်မြင့် အဆင်းက မတ်စောက်တယ်" ဆိုပြီး ကိုကျော်ဝင်းက သတိပေးနေသည်။ မှန်ပေသည်။ ပုလဲ-ဂန့်ဂေါလမ်း ဖောက်လုပ်စဉ် ၁၉၆၀ ခုနှစ်လောက်က ယန္တရားတပ်မှ ဗိုလ်မှူးတင်မြင့်ဆိုသူသည် ဤအဆင်းတွင် မော်တော်ကားမှောက်သဖြင့် အသက်ဆုံးရှုံးခဲ့သည်ဟု ရေးထိုးထားသော မှတ်တမ်းကျောက်စာကို ယခုတိုင်တွေ့မြင်နေရသည်။ မကြာမီ ကျောရွာကလေးသို့ ရောက်ပါပြီ။ ကျောရွာသည် ပုံတောင်တောင်နှင့် ပုံညာတောင်၏ အကြားတွင် တည်ရှိသည်။ ကျောရွာနှင့်ပခုက္ကူသည် တိုက်ရိုက်မီးရထားလမ်းရှိသည်။ ကျောရွာမှ ရေမျက်နီရွာအကြား (၁၃) မိုင်ခရီးမျှသာ မီးရထားလမ်း မဆက်ရသေးပေ။ ရေမျက်နီရွာမှ ကလေးမြို့အထိလည်း မီးရထားပုံမှန်ပြေးဆွဲနေသည်။ ရေမျက်နီရွာနှင့်ကျောရွာတို့သည် မြို့ပြ

www.burmeseclassic.com

www.burmeseclassic.com



အသွင်သို့ ကူးပြောင်းလာနေသည်။ လမ်းဘေးဝဲယာတွင် လူနေတိုက်ကြီးများ ဖွေးနေသည်။ ပခုက္ကူ ဂန့်ဂေါ၊ ကလေးမြို့ မီးရထားလမ်းကြီးပေါက်သွားပါက ထပ်မံဖွံ့ဖြိုးတိုးတက်လာဦးမည့် ကျော့ရွာသည် ဂန့်ဂေါမြို့နယ်တွင် ပါဝင်ပြီး ရေမျက်နီရွာမှာ ထီးလင်းမြို့နယ်တွင် ပါဝင်သည်။

"ပုံညာဥမင်ထဲက ဖြတ်ပြီး ဂျစ်ကားမောင်းလို့မရဘူးလားကွာ၊ သွားကြည့်ချင်တယ်" ဆိုပြီး စာရေးသူ ပြောမိသည်။ "ဂျစ်ကားတော့ မောင်းခွင့်မပြုသေးဘူးဆရာရဲ့။ လူတွေတော့ ဖြတ်သွားလို့ရပါပြီ။ မြန်မာအင်ဂျင်နီယာတွေလည်း တော်သားပဲနော်။ ဟိုဘက်နဲ့ဒီဘက် တစ်ပြိုင်တည်းဖောက်ကြတာ။ အပေါက်ဝထိပ်ချင်းဆုံတယ်ဗျာ။ ဥမင်က တစ်မိုင်ကျော်ကျော်ရှည်တာ၊ နည်းတဲ့အရှည်မဟုတ်ဘူး။ မြန်မာပြည်မှာတော့ အရှည်ဆုံးဥမင်လိုဏ်ခေါင်းကြီးပဲ" ဆိုပြီး ကိုခင်မောင်လေးက မှတ်ချက်ချနေသည်။

စာရေးသူတို့အဖွဲ့သည် ပုံညာဥမင်၏အနောက်ဘက်အဝသို့ ဆင်းလာခဲ့သည်။ စာရေးသူတို့အဖွဲ့တည်ဆောက်နေသော မီးရထားလမ်း ရေကျော်တံတားသည် ပုံညာဥမင်အထွက် အောက်နားတွင် တည်ရှိသည်။ တံတားကို မြင်းခွာပုံ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ရပြီး တံတားပေါ်တွင် မြေသားထု ပေ(၄၀) ကျော်ဖို့ရမည်ဟု သိရသည်။

"ဟိုဘက်တောင်နဲ့ ဒီဘက်တောင်ကို ဆက်ရမှာလေ ဆရာရဲ့၊ တောင်နှစ်တောင်ကြားကို အမြင့်ပေ (၄၀) လောက်မြေဖို့ရမှာ" ဆိုပြီး ကိုကျော်ဝင်းက ရှင်းပြပေးနေသည်။ မြေထိုးနေသော ဘူဒိုဇာများ၊ ဘက်ဖိုးများ၊ မြေသယ်ကားများမှာ ပုရွက်ဆိတ်ကလေးများ အစာချီနေကြသည်ဟု ထင်မှတ်ရသည်။ အရင်ကလို လူလုပ်အားကို အားမကိုး ဒီဇယ်ဆီသာ လိုတော့သည်။

"ခင်ဗျားတို့ ရွာကို မီးရထားလမ်းပေါက်တော့ ခင်ဗျားတို့ ဘယ်လိုခံစားရသလဲ" ဆိုပြီး စာရေးသူက ကျော့ချောင်းကျေးရွာဥက္ကဋ္ဌ ဦးဘထော်ကို မေးကြည့်လိုက်သည်။

"ဟာဗျာ . . . ဆရာကြီးကလည်း ဘယ်လိုမေးလိုက်ပါလိမ့်မယ်။ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာနေကြတာပ၊ အရင်က မီးရထားဆိုတာ ကြားဖူးကြတာ၊ အခုတော့ မြင်ဖူးပြီ၊ မကြာမီ စီးဖူးတော့မယ်၊ လာမယ့်သကြ်န်ဆိုရင် ဆရာတို့ ပခုက္ကူကို မီးရထားစီးပြီး လာခဲ့မယ်လေ” ဆိုပြီး ဥက္ကဋ္ဌဦးဘထော်က ပြောပြသည်။

“မီးရထားလမ်းပြီးဖို့က မကြာတော့ပါဘူး၊ ဆရာကြီးရယ်။ လူနဲ့လုပ်ကြတာမှ မဟုတ်တာပဲ။ စက်တွေနဲ့ လုပ်ကြတာဆိုတော့ မြန်ပါတယ်။ ကျောက်ခွဲလည်းစက်နဲ့၊ သရွတ်ဖျော်လည်း စက်နဲ့၊ ရေစုပ်တော့လည်း စက်နဲ့ ဘာကြာမှာလဲ။ လာမည့်သကြ်န်အမီ ပြီးမှာပါ” ဆိုပြီး ရွာသူကြီး ဦးစံသိန်းက ဝမ်းသာအားရ ပြောပြနေပြန်သည်။

“တံတားဆောက်တဲ့ ကန်ထရိုက်တာတွေကလည်း ဦးရေ (၂၀) လောက်ရှိတာဆိုတော့ တစ်ဖွဲ့ကို တံတားနှစ်စီးပြီးဦးတော့ မကြာပါဘူး” ကိုလှဝင်းကလည်း မှတ်ချက်ပြုနေသည်။ မီးရထားလမ်းသည် ကျောရွာမှ ထွက်သော ပုံညာဥမင်ကို ဖြတ်သည်။ ထိုမှ ကျောချောင်းရွာနှင့် မျက်မြောင်ရွာကို ကျော်လျှင် ရေမျက်နီဘူတာသို့ ရောက်တော့မည်။ ရေမျက်နီရွာနှင့် မျက်မြောင်ရွာကို မီးရထားလမ်းဆက်ထားပြီးဖြစ်သည်။ မျက်မြောင်ရွာမှ ကျောချောင်းရွာအထိ နှစ်မိုင်၊ ကျောချောင်းရွာမှ ပုံညာအနောက်ဘက် ဥမင်ဝအထိ (၅)မိုင်၊ စုစုပေါင်း (၇) မိုင်မျှသာ ခရီးကွာတော့သည်။ ထို (၇) မိုင်ပြီးလျှင် ပခုက္ကူမှဂန့်ဂေါ၊ ထိုမှ ကလေးမြို့အထိ တိုက်ရိုက်မီးရထားလမ်းကြီး ဆက်မိတော့မည်။ မီးရထားလမ်းပြီးလျှင် ပခုက္ကူမှ ကလေးမြို့၊ တမူးမြို့၊ အိန္ဒိယပြည်အထိ တိုက်ရိုက်ခရီးပေါက်တော့မည် ဖြစ်သည်။ မော်တော်ကားလမ်းခရီးတစ်ခုကိုသာ အားကိုးနေရသော ပုံတောင်ပုံညာခရီးသည် မီးရထားဥသြသံ၊ တည်းည့်ဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာတော့မည်ဖြစ်ပါ၏။ ပခုက္ကူ-ဂန့်ဂေါ မီးရထားလမ်းသည် အလွန်သာယာလှပသော ပုံတောင်တောင်ကြီးနှင့် ပုံညာတောင်ကြီးတို့အကြားတွင် မြွေလိမ်မြွေကောက် ဖောက်လုပ်ထားခြင်းဖြစ်၍ မြန်မာပြည်တွင် ကြည့်ရှုဖွယ် အကောင်းဆုံး မီးရထားလမ်းခရီးဖြစ်ပါ၏။ တိုင်းရင်းသားများအတွက်သာ

www.burmeseclassic.com

www.burmeseclassic.com



မက နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များအတွက်ပါ စိတ်ဝင်စားဖွယ် လမ်းခရီးဖြစ်လာမည်မှာ သေချာပါ၏။

"ဆရာ ကျောရွာနဲ့ ပခုက္ကူခရီးကို မီးရထားနဲ့ မသွားဖူးသေးဘူး ထင်တယ်၊ သွားကြည့်ပါဦးလားဆရာရဲ့၊ နောက်တစ်ခေါက်လာရင် ပခုက္ကူက မီးရထားစီးပြီးလာခဲ့ ဆရာရယ်၊ မျက်မြောင်ရွာကနေပြီး ထော်ရီလေးနဲ့ ရေမျက်နီကို ပို့ပေးမယ်။ ပြီးတော့ ကလေးမြို့အထိ မီးရထားစီးပြီး သွား ကြည့်စမ်းပါဦး" ဆိုပြီး လက်ထောက် အထွေထွေမန်နေဂျာကြီးက အကြံပြု နေသည်။ နောက်တစ်နေ့တွင် စာရေးသူသည် ကျောချောင်းရွာနှင့် မျက် မြောင်ကျေးရွာတဝိုက်တွင် တည်ဆောက်နေကြသော မီးရထားတံတားများ ကို လှည့်လည်လေ့လာမိသည်။ မီးရထားလမ်းသည် ကျောချောင်းကို (၁၅) ကြိမ်ထက်မနည်း ခဏခဏဖြတ်သန်းနေရသည်။ ကျောချောင်းဆိုပေမယ့် ကျောရွာမှ ပေါက်မြို့၊ ဆိပ်ဖြူမြို့ကမှတစ်ဆင့် ရောဝတီမြစ်တွင်းသို့ စီးဆင်း သော ကျောချောင်းမဟုတ်ပါ။ ပုံတောင်အနောက်ဘက်ပိုင်းမှ ကျလာသော မိုးရေသည် ကျောချောင်းရွှာ၊ မျက်မြောင်ရွာမှတစ်ဆင့် စစ်နှီးချောင်း၊ မော ချောင်း မြစ်သာမြစ်မှ တစ်ဆင့် ကလေးဝမြို့ အနီးတွင် ချင်းတွင်းမြစ်ထဲသို့ စီးဆင်းသော ကျောချောင်းလေး ဖြစ်ပါ၏။ ကျောချောင်းအမည်ခြင်းတူ သော်လည်း ဆန့်ကျင်ဘက်အရပ်ဒေသဆီသို့ စီးဆင်းသွားကြလေသည်။ မြစ် တွေ့လျှင် "တံတားဆောက်၊ တောင်တွေ့လျှင် ဥမင်ဖောက်" ဟူသော ဆောက်လုပ်ရေးဌာန၏ ဦးတည်ချက်အတိုင်း ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးမြို့ မီးရထားလမ်းကြီးသည် လာမည့်သင်္ကြန်အမီ ပြီးစီးတော့မည်ဟု ကြားသိခဲ့ ရကြောင်းပါခင်ဗျား။

ပုံတောင်ပုံညာ မှိုင်းပြာပြာနှင့် လူသားအစ ရပ်ဒေသကိုဖြင့် ဤခရီး နီးသလား၊ မီးရထားစီးလာပါဟု ဆိုချင်ပါတော့၏။

(အတွဲ -၁၊ အမှတ် ၈၀၊ ကောင်းသတင်းဂျာနယ်၊ ၁၉/၈/၉၄)


× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ‘ကျော’ ဆိုတဲ့ရွာကလေး




“ကိုဘိုကြီး လုပ်ဗျာ၊ ‘ကျော’ ကို မီးရထားနဲ့ သွားရအောင်၊ ပခုက္ကူကနေ ‘ကျော’ ကို မီးရထားစီးပြီး တစ်ခါမှ မသွားဘူးသေးဖူး” ဆိုပြီး စာရေးသူက ကိုဘိုကြီးကို ပြောလိုက်သည်။

“ကျွန်တော်လည်း ပြောမလို့ပဲ ဆရာရဲ့၊ ဆရာက ဂျစ်ကားငှား,ငှားပြီး သွားတော့ ငွေကုန်တာပေါ့၊ ကျွန်တော်တို့ သွားကြတာက သုံးယောက်လောက်ဆိုတော့ ဂျစ်ကားခက နှစ်ညအိပ်ကို ကျပ်သုံးသောင်းနဲ့ ဒီဇယ်ဆီဖိုးကလည်း ကျပ်သုံးသောင်းလောက်ကုန်တာ။ တစ်ခေါက်သွားလျှင် ဆရာ့မှာ ခြောက်သောင်းလောက်ကုန်နေတာပေါ့နော်။ မီးရထားက ‘ကျော’ ရွာအထိ တစ်ဦးကို ၄၇၀ ကျပ်ဆိုတော့ ၅၀၀ ကျပ်ထားပေါ့ဆရာ။ သုံးဦးဆိုတော့ အသွား ၁၅၀၀ ကျပ်၊ အပြန် ၁၅၀၀ ကျပ်ပဲ ကုန်တာ။ မီးရထားက ပခုက္ကူက ‘ကျော’ ရွာကို ဗုဒ္ဓဟူးနေ့နဲ့ စနေနေ့တွေမှာ ရှိတယ် ဆရာရဲ့” ကိုဘိုကြီးက ရထားနဲ့သွားရခြင်းက သက်သာကြောင်း ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စာရေးသူနှင့်အတူ ကိုဘိုကြီး၊ ကိုကျော်ဝင်းတို့သည် ပခုက္ကူမှ (၂-၂-၂၀၀၅) နံနက် (၆) နာရီတွင် 'ကျော' ရထားဖြင့် ထွက်လာခဲ့ကြသည်။ (၇)နာရီတွင် ဝါးကန်ရွာသို့ရောက်သည်။ ဝါးကန်ရွာသည် စာရေးသူငယ်စဉ်က ပိုက်သင်ရွာမှ ရှင်မတောင်သို့ ဥပုသ်နေ့များတွင် ဘုရားဖူးသွားသောအခါ စခန်းချ ရပ်နားသော ကျေးရွာလေးဖြစ်သည်။ ထိုမှ (၂၀) မိနစ်မျှ ဆက်သွားသောအခါ စာရေးသူ၏ဇာတိဖြစ်သော ပိုက်သင်ရွာသို့ ရောက်မည်။ နောက်ထပ် နာရီဝက်မျှကြာသောအခါ မြိုင်မြို့သို့ ရောက်မည်။ မြိုင်မြို့သည် ယောဒေသမှ ထွက်ကုန်များအတွက် မီးရထားလမ်း ထွက်ပေါက်မြို့ကလေး ဖြစ်နေသည်။ ယောဒေသ၏ မီးရထားလမ်းပေါ်မှ ကျေးရွာများသည် သူတို့၏ ထွက်ကုန်များဖြစ်သော ပဲမျိုးစုံ၊ ကြက်သွန်၊ အာလူး၊ ပြောင်းဖူး စသည်တို့ကို ပခုက္ကူမြို့အထိ မတင်ပို့ကြတော့ဘဲ မြိုင်ဘူတာတွင် ချပြီး အရောင်းအဝယ်ပြုလုပ်ကြသည်။ မြိုင်မှ ကုန်သည်များကလည်း ပွဲခမယူ အလေး တင်းတောင်း အမှန်ချိန်တွယ်ပြီး ပခုက္ကူကုန်စည်ဒိုင်ဖြတ်ဈေးပေးပြီး ဝယ်ယူကြသည်။ ငွေလက်ငင်းပေးချေသည်။ ပခုက္ကူကို ကြားကဖြတ်ပြီး သိမ်းတာပါဟု ဆိုသည်။ မီးရထားသည် ဆက်လက်ထွက်ခွာလာရာ ဇီးပြားရွာသို့ နေ့လယ် (၁၁)နာရီကျော်တွင် ရောက်သည်။ ဇီးပြားဘူတာတွင် ထမင်းစားသည်။

"ဟေ့ . . . ငါတို့ဆရာဟေ့၊ ထမင်းချူးကျွေးကြပါဟ"

ကိုအောင်လှက ထမင်းဆိုင်ပိုင်ရှင်ကို ပြောသည်။ ထမင်းစားပြီးသောအခါ ထမင်းဖိုးကိုလည်း မယူ၊ လမ်းမှာသောက်ရန်ဆိုပြီး ရမ်အရက်နှစ်ပုလင်းကိုလည်း ထုပ်ပိုးပြီး ပေးနေသည်။ မည်သို့မျှ ပိုက်ဆံပေးလို့မရ။ ဇီးပြားရွာသည် လွန်ခဲ့သော အနှစ် ၂၀ ကျော် ၁၉၈၃ ခုနှစ်လောက်က စာရေးသူ ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကျေးရွာဖြစ်သည်။ တစ်ရွာလုံး အသိမိတ်ဆွေတွေဖြစ်နေသည်။ ယခုအထိ သူ့ကျေးဇူးကိုယ့်ကျေးဇူး သိတတ်သော သူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ ဆက်လက်ထွက်ခွာလာရာ ကျောသာရွာ၊ ထန်းတောရွာများကို ဖြတ်သန်းပြီး ပုံတောင်တောင်ကြားသို့ ဝင်လာသည်။ ပုံတောင်တောင်ကြီးသည် ဆိပ်ဖြူမြို့နယ်အစပ်မှ ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်များကို ဖြတ်သန်းပြီး ယောဒေသကို နှခမ်းသတ်ထားသည်။ မြောက်မှတောင်သို့ မိုင်တစ်ရာကျော်ရှည်သည်။ အမြင့်ပေ (၃၀၀၀) ကျော်ရှိသည်။ ဤမျှမြင့်မားသော တောင်တန်းကြီးကို မီးရထားလမ်းသည် ဘယ်လိုဖြတ်ပြီး ဖောက်ထားပါသနည်းဟု ယခင်က စဉ်းစားခဲ့သည်။ ပုံတောင်တောင်ကြီးတွင် ပြတ်နေသောနေရာကျဉ်းကျဉ်းကလေးတစ်နေရာရှိသည်။ ကျောချောင်းသည် ထိုနေရာအတိုင်း ပုံတောင်တောင်ကြီးကို ဖြတ်ပြီးစီးဆင်းသည်။ မီးရထားလမ်းသည် ကျောချောင်းစီးဆင်းရာလမ်းအတိုင်း အထက်နားမှ ဖောက်လုပ်ထားသည်။ လူသည် သဘာဝတရား၏ ပျော့ကွက် ဟာကွက်ကို လေ့လာပြီး အသုံးချတတ်သည်။ မီးရထားလမ်းဖောက်လုပ်ထားခြင်းမှာ အတော်ခက်ခဲလှပါ၏။ သဲကျောက်တောင်ကြီးကို ပေ ၄၀-၅၀ ထွင်းပြီး ဖောက်လုပ်ထားရသည်။ ဘေးဘက်များကို ကြည့်လိုက်လျှင် မြင့်မားသော ပုံတောင်တောင်ကြီးကိုလည်းကောင်း၊ ပေတစ်ရာကျော်နှစ်ရာအနက်မှာ စီးဆင်းနေသော ကျောချောင်းကလေးကိုလည်းကောင်း တွေ့မြင်ရမည်ဖြစ်သည်။ မီးရထားသည် ကျောက်မြောင်းကြီးအတွင်းမှ ခုတ်မောင်းနေသည်။ သရက်ချင်ကလေးတောင်ယာစခန်းသို့ ရောက်သောအခါ မီးရထားသည် ဆက်ပြီးမသွားနိုင်တော့ပေ။ ရှေ့နောက်လွှန်းထိုးပြီး သွားရသည်။ မီးရထားခေါင်းတွဲသည် ရှေ့က ဆွဲလိုက်၊ နောက်ကိုတွန်းလိုက်ဖြင့် မီးရထားကို ဆွဲနေရသည်။ ရေနံတူးဖော်နေကြသော လိုင်စင်ရ ရေနံတွင်းပိုင်ရှင်များသည် အလုပ်သမားများနှင့် ရိက္ခာများကို မီးရထားဖြင့် သယ်ပို့လုပ်နေကြသည်။ 'ကျော' ရွာဘူတာသို့ ရောက်ခါနီးတွင် ဝါးပင်ဘူတာ၊ ကြက်ရိုးဘူတာ၊ ဇန်မွေးဘူတာဟူ၍ ကျေးရွာကလေးများကို တွေ့ရသည်။ ထိုကျေးရွာကလေးများသည် တစ်ချိန်က အလံနီ သခင်စိုးနှင့် သူ၏ဇနီးများဖြစ်ကြသော ဒေါ်နှင်းမေ၊ ဒေါ်ငွေစံ၊ ဒေါ်ခင်စု

www.burmeseclassic.com



တို့နှင့် နေထိုင်ခဲ့ရာ အလံနီများ၏ ဌာနချုပ်ရုံးစိုက်ရာ ကျေးရွာများဖြစ်၍။ ညနေ ၄ နာရီခွဲသာသာလေးတွင် ကျောရွာဘူတာသို့ ရောက်ရှိပါသည်။

"ရေမျက်နီကိုသွားမယ်။ ဂန့်ဂေါကို ထွက်ကြမယ် လာကြ၊ လာကြ"

ကားသမားများ၏အသံသည် ညံနေတော့၏။ မီးရထားသည် ကျောရွာတွင် လမ်းဆုံးသည်။ ကျောရွာနှင့်ရေမျက်နီရွာသည် ၁၃ မိုင်ဝေးကွာသည်။ ကြားမှာ ပုံညာတောင်တန်းကြီးခြားနေသည်။ ရေမျက်နီရွာသို့ ရောက်လျှင် ဂန့်ဂေါ၊ ကလေးမြို့အထိ မီးရထားဖြင့် ဆက်သွားနိုင်သည်။ ကျောရွာမှ ရေမျက်နီရွာခရီးသည် ၁၃ မိုင်မျှသာ ဝေးကွာသော်လည်း ဂျစ်ကားခမှာ လူတစ်ဦးလျှင် ၁၅၀၀ ကျပ်၊ ကားကြီးခမှာ ၁၀၀၀ ကျပ်၊ ဂန့်ဂေါအထိဆိုပါက ဂျစ်ကားခ ၂၅၀၀ ကျပ်နှင့် ကားကြီးခ ၂၀၀၀ ကျပ်ဟု သိရသည်။ စာရေးသူတို့အဖွဲ့သည် ကျောရွာမှာ ညအိပ်ကြမည်ဖြစ်သည်။ ကျောရွာကလေးသည် ပုဂ္ဂလိက သစ်ခေတ်၊ မီးရထားခေတ်၊ မီးရထားတံတားဆောက်လုပ်ရေးခေတ်၊ ယခုရေနံတူးခေတ်တို့၏ ကြားစခန်းကျေးရွာလေးဖြစ်သည်။ ဈေးဆိုင်များဖြင့် စည်ကားနေသည်။ ဝတ်စားဆင်ယင်မှုမှလည်း ဘောင်းဘီရှည်၊ ဂျာကင်၊ အမျိုးသမီးများမှာလည်း ဆံပင်ဂုတ်ဝဲစသည်ဖြင့် ခေတ်ဆန်နေသည်။ ဆက်သွယ်ရေးမှာလည်း မော်တော်ကားလမ်း၊ မီးရထားလမ်း လမ်းဆုံဖြစ်သည်။ တယ်လီဖုန်း၊ ဖက်စ်စသည်ဖြင့် တစ်နိုင်ငံလုံးသို့ ဆက်သွယ်နိုင်သည်။ ၂၀၀၀ ပြည့်နှစ် တိုက်နယ်ဆေးရုံ ၁၉၉၅ ခုနှစ်တွင် အထက်တန်းကျောင်းများကို ဖွင့်ခဲ့ပြီး ၉-၄-၉၇ ရက်နေ့တွင် ဇီးပြားကျေးရွာမှ ကျောရွာအထိ မီးရထားလမ်းကို ဖွင့်ပေးခဲ့သည်။ ညနေပိုင်းဆိုလျှင် ဗီဒီယိုရုံ ၃-ရုံသို့ သွားနေကြသော လူတန်းကြီးမှာ တစ်လမ်းလုံးတွင် ပြည့်နေသည်။ နိုင်ငံတကာ ဘောလုံးပွဲများကိုလည်း ကြည့်ရှုနိုင်ကြသည်။ နံနက်လင်းလျှင် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး နက်စ်ကော်ဖီ၊ ကော်ဖီမစ်၊ မိုင်လို၊ လက်ဖက်ရည်၊ ချိုတူး ခါး၊ အီကြာကွေး၊ ချပါတီ၊ ထပ်တစ်ရာတို့ကို စားပြီး မနေ့ညက ကစားသွားတဲ့ ဘောလုံးပွဲအကြောင်းကို ထိုင်ပြောနေကြသည်။ ကျောလွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာလည်း ကျယ်ပြန့်လှသဖြင့် ပဲမျိုးစုံ၊ စပါး အထွက်ကောင်းလှသည်။ ကျောရွာတွင် အိမ်ခြေ ၆၉၁ အိမ်နှင့် လူဦးရေ ၄၁၉၀ ဦးရှိသည်ဟု သိရသည်။

အင်္ဂလိပ်အစိုးရသည် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားပြီး တစ်နှစ်အကြာ ၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ပေါက်မြို့ကို သိမ်းယူပြီး ပုံတောင်တောင်ကြီးကို ကျော်ဖြတ်ချီတက်လာခဲ့သည်။ ကျင်းရွာတွင် အနောက်ဘက်သို့ တစ်ဖွဲ့၊ မြောက်ဘက်သို့ တစ်ဖွဲ့ခွဲပြီး ချီတက်သည်။ ၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက် (၁၉-၁၂-၈၆) ရက်နေ့တွင် ကျောရွာကို အင်္ဂလိပ်တို့က သိမ်းယူခဲ့သည်။ ၁၈၉၀ ခုနှစ်တွင် ကျွန်းသစ်ပင် ၇၄၂ ပင်ကို စတင်ခုတ်ယူထုတ်လုပ်ခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။ ၁၉၀၁ခုနှစ် အင်္ဂလိပ်တို့ ကောက်ယူခဲ့သော စာရင်းအရ ကျောရွာတွင် အိမ်ခြေ ၂၉၇ အိမ် လူဦးရေ ကျား - ၈၁၄၊ မ - ၈၁၀ ရှိသဖြင့် စုစုပေါင်း ၁၆၂၄ ဦး နေထိုင်ခဲ့သည်။ အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်ဟု မှတ်ရသည်။

ယခုတော့ဖြင့် ကျောရွာလေးသည် ကျောချောင် (၁၆)ရွာဟူသော အမည်ကို တွန်းလှန်ပြီး မြို့ပြအသွင်ကို ကူးပြောင်းလာပြီဖြစ်၏။ ပုံတောင် ပုံညာကြားက ကျောဆိုတဲ့ ရွာကလေးကို ရောက်ခဲ့ရခြင်းဟာဖြင့် ဗဟုသုတများစွာ ရခဲ့ပါတော့သည်။

(ဈေးကွက်ဂျာနယ်၊ ၁၈/၃/၀၅)

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ဤ၌ခရီး နီးသလား





ပုံညာဥမင်ကြီး ထိုဘက်ဇီတတ်ခပါတ်သွားသဖြင့် မီးရထားဝန်ကြီးနှင့် အင်ဂျင်နီယာများ တစျော်တာပါး ဥမင်မှ ထွက်လာကြစဉ်

၂၀-၁၂-၂၀၀၄ နေ့က ဖြစ်ပါ၏။ စာရေးသူသည် "လွမ်းဖွယ်တွေပေါပါတဲ့ တို့ယောမြေ" ဆိုသော စာအုပ်ကို ရေးနေသဖြင့် ယောဒေသသို့ ခရီးထွက်လာခဲ့သည်။ ပခုက္ကူမှ နံနက် (၆) နာရီတိတိတွင် စတင်ထွက်လာခဲ့သည်။ ပုံတောင်နတ်ထိပ်ခေါ် တောင်ထိပ်သို့ နေ့ခင်း (၁၁)နာရီတွင် ရောက်သည်။ ပုံတောင်တောင်ပေါ်တွင် လိုင်စင်ယူပြီး တူးနေကြသော လက်တွင်းရေနံတူးအဖွဲ့များက ရွှေတွင်း ကျောက်တွင်းဒေသများကဲ့သို့ ရှိနေ၏။ တဲအိမ်လေးများကို မိုးကာအပြာ၊ အနီတို့ဖြင့် မိုးထားကြသည်။ တွင်းတူးအဖွဲ့ပေါင်းမှာ ရာဂဏန်းမက ထောင်ဂဏန်းအထိရှိသည်ဟု သိရသည်။ ပုံတောင်တောင်ထိပ်သည် အမြင့်ပေ ၃၅၇၆ ပေရှိသည်။ ထိုမှ ဆင်းလာခဲ့သော် ပုံတောင်တောင်နှင့် ပုံညာတောင်အကြားရှိ ကျောရွာကလေးသို့ ရောက်တော့၏။ ကျောရွာကလေးသည် ပုဂ္ဂလိကသစ်ထုတ်ရေးခေတ်၊ မီးရထားခေတ်များ၏ ကျေးဇူးကြောင့် မြို့ပြအသွင်ကို ကူးပြောင်းနေ၏။ အစိုးရဌာနမျိုးစုံနှင့် မီးရထားဌာနတို့ တည်ရှိသည်။ ပခုက္ကူမှကျောရွာအထိ မီးရထားသည် တစ်

www.burmeseclassic.com



ပတ်လျှင် (၂) ရက်ရှိသော်လည်း စာရေးသူမှာ မြန်မာဂျစ်ကားဖြင့် လာခဲ့ခြင်းဖြစ်သည်။ ကျောရွာမီးရထားလမ်းတည်ဆောက်ရေးနှင့်ပတ်ဝန်းကျင်ကို လေ့လာပြီး ခရီးဆက်ခဲ့သည်။ ပုံညာတောင်ကြီးကို တက်နေရပြန်ပါပြီ။ ပုံညာတောင်သည် ၃,၂၅၀ ပေမြင့်သည်။ အမြင့်ပေ (၂၁၁၉) ပေအထိ ပတ်လမ်းဖြင့် မီးရထားလမ်းကို ဖောက်လုပ်ထားသည်။ အမြင့်ပေ ၂၁၁၉ ပေအရောက်တွင် ဥမင်လိုဏ်ခေါင်းတူးပြီး ခဲရာခဲဆစ်ဖောက်လုပ်နေရသည်။ ဥမင်လိုဏ်ခေါင်းကြီးမှာ မြန်မာပြည်တွင် အရှည်ဆုံးဥမင်ကြီးဖြစ်သည်။ ပေပေါင်း ၅၆၁၀ ရှည်သည်။ အရှေ့ဘက်နှင့်အနောက်ဘက်မှ ပြိုင်တူဖောက်လာခဲ့ရာ နှစ်ဘက်ဆုံမိပြီ ဖြစ်သည်။ စာရေးသူကိုယ်တိုင်ဝင်ပြီးလေ့လာခဲ့သည်။ လုံးဝပြီးစီးတော့မည်ဖြစ်သည်။ မြန်မာအင်ဂျင်နီယာပညာရှင်များ၏ လက်စွမ်းပြပညာပြ တည်ဆောက်ရေးလုပ်ငန်းကြီးဖြစ်ပါ၏။

ထိုမှ ဆက်ထွက်ခွာလာခဲ့သည်။ ပုံညာတောင်တောင်အဆင်းတွင် ယာဘက်သို့ ချိုးဝင်ခဲ့သည်။ ပုံညာတောင်ဥမင်၏ အနောက်ဘက် ထွက်ပေါက်လမ်းအတိုင်း ဆင်းလာခဲ့ရသည်။ ကျောချောင်းရွာလေးသို့ ညနေ (၄)နာရီတိတိတွင် ရောက်တော့သည်။ ကျောချောင်းရွာ၏ ပတ်ဝန်းကျင်တွင် မီးရထားတံတားတည်ဆောက်ရေးအဖွဲ့များ၏ လုပ်ငန်းခွင်များကို မကြာခဏဖြတ်သန်းသွားနေရသည်။ မီးရထားတံတားဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့ပေါင်း (၄၀) ကျော်တို့သည် ပြိုင်တူတည်ဆောက်နေကြသည်။ မီးရထားလမ်းကြီးသည် တောင်ကြိုတောင်ကြားများအကြားတွင် မြွေလိမ်မြွေကောက်ဖောက်လုပ်ထားသည်။ သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားသော နိုင်ငံခြားသားများအတွက် အလွန်လှပသော ရှုမျှော်ခင်းဖြစ်ပါသည်။ သာယာလှပါ၏။ အမြင်ဆန်းလှပါ၏။ မီးရထားလမ်းတံတားများ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ (၂)ရက်တိတိ လှည့်လည်နေခဲ့၏။ နောက်တစ်နေ့တွင် ရေမျက်နှာကျေးရွာလေးသို့ ရောက်တော့၏။ ရေမျက်နှာရွာနှင့် ဂန့်ဂေါ၊ ကလေးမြို့များသို့ ပြေးဆွဲနေသော မီးရထားသည် တစ်ရက်ခြားပြေးဆွဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ၏သမီးသည် ကလေးမြို့ ဆေးရုံကြီးသို့ အထူးကုဆရာဝန်ကြီး (ခါတ်မှန်) ရာထူးဖြင့် ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ ကလေးမြို့သို့ သွားပြီး အိမ်ငှားပေးရန် တယ်လီဖုန်းဆက်သည်။ ရေမျက်နီရွာလေးသည် အော်တိုတယ်လီဖုန်းနှင့် မီးရထားလမ်းမှအစ အစိုးရဌာနပေါင်းစုံရှိသည်။ ကျောရွာကဲ့သို့ပင် မြို့ပြအသွင်ကို ကူးပြောင်းလာနေသည်။ ကျောရွာသည် ဂန့်ဂေါမြို့နယ်တွင် ပါဝင်ပြီး ရေမျက်နီရွာသည် ထီးလင်းမြို့နယ်တွင် ပါဝင်သည်။ ၂၅-၁၂-၂၀၀၄ ရက်နေ့ နံနက် (၈) နာရီတွင် ရေမျက်နီဘူတာမှ မီးရထားစီးပြီး ခရီးဆက်ခဲ့ရသည်။ ညောင်လယ်ဘူတာ၊ ကောင်းတုံဘူတာ၊ မဲရွာဘူတာ၊ လယ်မဘူတာ၊ ပြည့်ဝဘူတာတို့ကို ကျော်ဖြတ်ပြီး ဂန့်ဂေါဘူတာသို့ နံနက် (၁၀) နာရီတိတိတွင် ရောက်တော့၏။ ဂန့်ဂေါမြို့သည် ယောဒေသ၏ မြို့တော်ဖြစ်သည်။ ယခင်က ပခုက္ကူခရိုင်တွင် ပါဝင်ခဲ့သည်။ ယခုအခါ ဂန့်ဂေါခရိုင်ဆိုပြီး ပြုပြင်ဖွဲ့စည်းလိုက်သဖြင့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော (၃)မြို့သည် ယောဒေသခရိုင်ဖြစ်လာသည်။ နံနက် (၁၀း၃၀) နာရီတွင် ဂန့်ဂေါဘူတာမှ ထွက်လာခဲ့သည်။ စာရေးသူသည် အသင့်ယူဆောင်လာသော ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်ကို ထုတ်ယူလိုက်သည်။ ထိုစာအုပ်ကို ပုံနှိပ်သောခုနှစ်မှာ ၁၉၁၃ ခုနှစ်ဟု ဖော်ပြထားသည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်တစ်ရာမှ ထိုဒေသ၏အခြေအနေများကို သိလိုသဖြင့် မီးရထားစီးရင်း ထိုစာအုပ်ကို ဖတ်နေမှတ်နေမိသည်။

"မီးရထားလမ်းသည် မြင်းခြံမြို့နှင့်မုံရွာတို့တွင် လမ်းဆုံးသည်။ ပခုက္ကူခရိုင်သည် ထို ၂- မြို့တို့ဖြင့် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့ ခြားနေသည်။ မြစ်များကိုဖြတ်ပြီး တံတားဆောက်ရန် ခက်ခဲခြင်း၊ ပုံတောင်တောင်နှင့်ပုံညာတောင်ကြီးများကိုဖြတ်ပြီး မီးရထားလမ်းဖောက်ရန် ခက်ခဲခြင်း၊ စီးပွားရေးအရ အရေးမပါခြင်း၊ မဟာဗျူဟာအရ အရေးမပါခြင်း၊ အုပ်ချုပ်ရေးအရ အရွေးမကြီးခြင်းတို့ကြောင့် မီးရထားလမ်းကို ထိုဒေသ၌ ဖောက်လုပ်ရန် အတော်ကြာသည်အထိ မစဉ်းစားသင့်သေးပေ" ဟု ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်လှပေ၏။ ထိုစာအုပ်ကိုရေးပြီး နှစ် (၁၀၀) ခန့်ကြာမှ ထိုအချက် (၅)ချက်ကို ကျော်လွှားကာ မီးရထားလမ်းကြီး ပေါ်ပေါက်လာတော့၏။

နေ့လယ် (၁၂) နာရီကျော်ကျော်လောက်တွင် လက်ပန်ရွာသို့ ရောက်၏။ ပဉ္စမမြောက် တိပိဋကရေ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၏ မွေးဖွားရာဇာတိရွာဟု ဘူတာရုံ၏တောင်ဘက်တွင် ဆိုင်းဘုတ်ကြီးကို ဖတ်လိုက်ရသည်။ ဤကဲ့သို့ ခေါင်ကျလှသော အိမ်ခြေ (၂၀၀) ခန့်ရှိ ကျေးရွာကလေးမှ နိုင်ငံကျော်ဆရာတော်ကြီးကို မွေးထုတ်ပေးနိုင်ခြင်းသည် ဒေသခံများအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါ၏။ ပခုက္ကူခရိုင် ဂေဇက်တီးယားစာအုပ်တွင် လွန်ခဲ့သောနှစ် (၁၀၀) မှ လက်ပန်ရွာကလေး၏ အခြေအနေကို ရှာကြည့်မိပြန်၏။ တွေ့ပါပြီ။ လက်ပန်ရွာ အိမ်ခြေ (၅၇)၊ လူဦးရေကျား (၁၆၃)၊ မ (၁၅၁)၊ စုစုပေါင်း (၃၁၄) ဦး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ နတ်ကိုးကွယ်သူ မဟာဗေဒင်ကိုးကွယ်သူ၊ ခရစ်ယာန်ကိုးကွယ်သူ၊ ဟိန္ဒူဘာသာကိုးကွယ်သူ၊ အခြားဘာသာကိုးကွယ်သူ တစ်ဦးတစ်ယောက်မျှ မရှိဟု ဖော်ပြထားသည်။ ဗုဒ္ဓဘာသာ လွန်စွာထွန်းကားခဲ့သော ကျေးရွာလေးဖြစ်ပါ၏။

ထိုမှ ခရီးဆက်ခဲ့သည်။ ကန်ရွာဘူတာ၊ မွှေ့လယ်ဘူတာ၊ နှမ်းခါးဘူတာ၊ တောင်ခင်ရမ်းဘူတာ၊ မြောက်ခင်ရမ်းဘူတာ၊ ဟံသာဝတီဘူတာတို့ကို ဖြတ်သန်းခဲ့ရသည်။ ဟံသာဝတီဘူတာသည် ယောနယ်၏မြောက်ဖျားအဆုံးဖြစ်သည်။ ကလေးခရိုင် စစ်ကိုင်းတိုင်းအတွင်းသို့ ဝင်လာချိန်တွင် ညနေ (၄)နာရီထိုးပြီ ဖြစ်သည်။ မီးရထားကြီးသည် ချင်းတောင်ကြီးနှင့် ပုံညာတောင်စွယ်တို့၏အကြားတွင် ပြေးနေသည်။ မြေလွတ်မြေရိုင်းများကို တမျှော်တခေါ်ကြီး တွေ့မြင်နေရသည်။ ရေခံမြေခံကလည်း ကောင်းလှပါ၏။ 'မြေရိုင်းဖော်ထုတ်တာတွေ မလုပ်ကြဘူးလား" ဟု အနီးအနားမှ ခရီးသည်များကို မေးမိ၏။ မှန်တောဘူတာနှင့် ဆည်တောဘူတာ၏ အကြားတွင် မဏိပူရမြစ်ကို ဖြတ်သန်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်သာမြစ်သည် မတူပီမြို့နယ်မှ မြစ်ဖျားခံပြီး တောင်မှ မြောက်သို့ စီးဆင်းသည်။ နမ့်ကသဲချောင်းသည် အိန္ဒိယနိုင်ငံ အင်ဖာလွင်ပြင်မှ မြစ်ဖျားခံပြီး စီးဆင်းလာရာ ကလေးဝမြို့အနီးတွင် မြစ်သာမြစ်နှင့်ပေါင်း၍ ချင်းတွင်းမြစ်ထဲသို့ စီးဆင်းသည်။ မြစ်သာမြစ်ကို ရှေးကခါက မောရိယမြစ်ဟူလည်း ခေါ်ခဲ့သည်။ နမ့်ကသဲချောင်းကို မဏိပူရမြစ်ဟုလည်း ခေါ်ကြသည်။ နေရဥ္စာမြစ်ဆိုသည်မှာလည်း ချင်းပြည်နယ်မြောက်ပိုင်းတွန်းဇံမြို့နယ်မှ မြစ်ဖျားခံပြီး စီးဆင်းလာရာ မြစ်သာမြစ်အတွင်းသို့ စီးဝင်ခဲ့သည်။

"ဟောဟိုဘက် ၇- မိုင်အကွာမှာ မဏိပူရမြစ်ကိုပိတ်ပြီး ရေအားလျှပ်စစ်ထုတ်ယူဖို့ တိုင်းတာရေးတွေ လုပ်နေကြပြီ" ဆိုပြီး မီးရထားရဲတပ်ကြပ်ကြီး ကိုအောင်နိုင်ဝင်းက ပြောပြသည်။

"ယောသားတွေကတော့ဆရာရယ်၊ ခြေလျင်သွားနေခဲ့ရတာဆိုတော့ မီးရထားလမ်းပျက်လို့ ခဏပြုပြင်နေရရင်ပဲ သူတို့ရွာ (၁၀)မိုင် (၁၅) မိုင်ခရီးကို မီးရထားပေါ်ကဆင်း သူတို့အထုပ်အပိုးတွေသယ်ပြီး ခြေလျင်သွားကြတော့တာပဲ၊ အမြဲတမ်း သည်ခရီးကို ခြေလျင်သွားနေခဲ့ရတာမဲ့၊ အထူးအဆန်းမဟုတ်တော့ပါဘူး၊ ရပါတယ်ဆိုပြီး ပြောတတ်ကြတယ်။ မီးရထားပြင်နေတာကို မစောင့်တော့ပါဘူး" ဆိုပြီး မီးရထားပို့ဆောင်ရေးမန်နေဂျာကြီး ဦးအေးလွင်က ပြောပြသည်။ ညနေ (၆)နာရီသာသာလေးတွင် ကလေးမြို့သို့ ချောမောစွာ ရောက်ပါတော့၏။ အရင်ခေတ်တွေဆိုလျှင် ဂန့်ဂေါမြို့နှင့် ကလေးမြို့ သွားလာရေးသည် လွန်စွာခက်ခဲလှ၏။ မြစ်သာအတိုင်း စက်လှေလေးများဖြင့် သွားလာရ၏။ ခြေလျင်သွားလာကြရ၏။ စက်လှေခ မှာ ၁၉၉၃ ခုနှစ်တွင် ကျပ် ၆၀၀ ဖြစ်၏။ လမ်းတွင် တစ်ညအိပ်ကြရသည်။ အဆန်ခရီးတွင် နှစ်ညသုံးညပင် အိပ်ကြရတတ်သည်။ မြစ်သာမြစ်သည် တောင်မှ မြောက်အရပ်သို့ စီးဆင်းသောမြစ်ဖြစ်သဖြင့် ဂန့်ဂေါသည် မြေပုံတွင် ကလေးမြို့၏ အောက်အရပ်၌ တည်ရှိသော်လည်း ဂန့်ဂေါသားများက ကလေးမြို့ကို အောက်အရပ်ဟု ပြောဆိုကြသည်။ မည်သူကမျှ မည်သည့်ခေတ်ကမျှ

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားသော မီးရထားလမ်းမကြီး ပေါ်ပေါက်လာသဖြင့် ဒေသခံများမှာ ဝမ်းသာနေကြ၏။

"ငါ့တူမတို့ ဘယ်ရွာကလဲ"

"ဟံသာဝတီရွာကပါ"

"နေ့တိုင်း မီးရထားရှိသလား"

"ရှိတာပေါ့၊ တစ်ကြိမ်မကဘူး၊ ဂန့်ဂေါ - ကလေးနေ့ချင်းပြန်ရထား၊ ဟံသာဝတီ-ကလေးမြို့နေ့ချင်းပြန်ရထား၊ တစ်နေ့မီးရထား ၃ မျိုးရှိတယ်၊ သွားလာရေးကတော့ရှင် လွယ်နေပါပြီ၊ တက္ကသိုလ်ကျောင်းသားတွေတောင် ပခုက္ကူတက္ကသိုလ်ကို မတက်ကြတော့ဘူး၊ သွားလာရေးလွယ်တဲ့ ကလေးကောလိပ်ကိုပဲ တက်ကြတော့တယ်" ဆိုပြီး အနီးအနားခုံမှ အမျိုးသမီးငယ်များက ပြော၏။

"ဤခရီးနီးသလား" မီးရထားစီးလာပါ၊ ငါးနာရီလာရ၏။" ဟူသော ကလေးများ၏ စာအံသံများကိုသာ ကြားယောင်နေမိပါတော့၏။

(ဈေးကွက်ဂျာနယ်၊ ၂၄/၂/၉၅)

× × × × ×

272



မင်းကူး အောင်ကြိုင် (ဒု-ညွှန်ချုပ်-ရေးကောင်း) နှင့် စာရေးသူတို့အဖွဲ့ ပုံတောင်ဒေသကို လေ့လာကြစဉ်

www.burmeseclassic.com

www.burmeseclassic.com


## မောရီယာသို့ တစ်ခေါက်ရောက်ခဲ့ရသည်

"ကလေးမြို့ကို ဘယ်လမ်းကသွားရင် ကောင်းမလဲဗျ"

စာရေးသူသည် ကလေးမြို့သို့ သွားရောက်ရန် အကြောင်းကိစ္စပေါ်လာသဖြင့် စာရေးသူ၏ တည်းခိုခန်းတွင် တည်းခိုနေသော ကလေးမြို့ ဂန့်ဂေါမြို့ဘက်မှ ဧည့်သည်များကို မေးနေခြင်းဖြစ်ပါ၏။

"လေယာဉ်ပျံနဲ့သွားတာ အလွယ်ဆုံးပေါ့" ဟု တစ်ဦးကဆိုသည်။

"လေယာဉ်ပျံက ပခုက္ကူနှင့်ကလေးမြို့ကို တိုက်ရိုက်မရှိသေးဘူး၊ ကြာသပတေးနေ့ တစ်ရက်တည်းမှာပဲ မန္တလေးမြို့နှင့် ကျောက်ထုမြို့တို့ကို သွားလို့ရတယ်" ဟု တစ်ဦးက ပြောပြသည်။ ဒါပေမယ့် ကြာသပတေးနေ့မှာတော့ ရန်ကုန်က ပခုက္ကူကို တိုက်ရိုက်စီးလို့ရတယ်။ တစ်နေ့ကပဲ တိပိဋကဓရ၊ တိပိဋကကောဝိဒ မြိုင်ဆရာတော်အရှင်သုန္ဒရဟာ ရန်ကုန်ကနေ လေယာဉ်ပျံနဲ့ လာသေးတယ်။ တိုက်ရိုက်တော့မဟုတ်ဘူး၊ ဟဲဟိုး၊ မန္တလေးတို့မှတဆင့် လာရတယ်လို့ပြောတယ်။" ဟု ထိုသူက ပြောပြနေသည်။

"ရန်ကုန်က ပခုက္ကူကို လေယာဉ်ခဘယ်လောက်ပေးရသလဲ" ဟု တစ်ဦးက မေးလာသည်။ "ဆရာတော်ကတော့ တိပိဋကကောဝိဒဆိုတော့ သုံးဦးအတွက် လေယာဉ်ခမပေးရဘူး ပြောတယ်ကွ၊ အခြားအတူလိုက်လာတဲ့ သူတွေက ပြောတာတော့ တစ်သောင်းခုနစ်ထောင်ကျပ်လို့ ပြောသံကြားရတယ်" ဟု ဆို၏။

"ကဲ . . . ထားပါတော့ဗျာ။ ပခုက္ကူက ကလေးမြို့ကို သွားရမယ့် လမ်းကြောင်းကိုသာ ပြောကြစမ်းပါ" စာရေးသူက သူတို့စကားဝိုင်းကို ဖြတ်၍ စာရေးသူသိလိုသောစကားကို ပြန်စပေးလိုက်ရသည်။

"ဆရာက ကလေးမြို့ကို မရောက်ဖူးဘူးလား"

"ကျွန်တော်ရောက်ဖူးပါတယ်၊ ကျွန်တော်ရောက်ဖူးတာက ၁၉၉၅ခုနှစ် ဆန်းပိုင်းကပဲ။ ကလေးဝမြို့က ချင်းတွင်းမြစ်ကို ဇက်ကလေပ်နဲ့ဖြတ်ကူး၊ ကိုင်းရွာ ကိုရောက်၊ ပြီးမှ မဟာမြိုင်တောကြီးကို ဖြတ်ပြီး တန့်ဆည်မြို့၊

www.burmeseclassic.com

www.burmeseclassic.com



ရေဦးမြို့၊ မုံရွာမြို့က တစ်ဆင့် ပခုက္ကူကို ပြန်ခဲ့ရတာ" စာရေးသူ လွန်ခဲ့သော (၁၀)နှစ်က တွေ့ကြုံခဲ့သော ခရီးလမ်းကို ပြောပြ၏။

, ၁၀ နှစ်ဆိုတာ အလွန်ရှေးကျသွားပါပြီဆရာ၊ ဒိတ်အောက်သွားပါပြီ၊ ဆင်ဖြူရှင်တံတားကြီးလည်း မပေါ်သေးဘူး၊ ချင်းတွင်းတံတား (အလုံ)လည်း မပေါ်သေးဘူး၊ အခုမြစ်ကူးတံတားကြီးနှစ်စင်းတောင် ပေါ်လာပြီ။ ကလေးဝ မြို့က တစ်ဆင့် သွားချင်းရင်လည်း ပခုက္ကူ-ဖိုဝင်းတောင်က ကလေးဝအထိ တိုက်ရိုက်မော်တော်ကားလမ်းပေါက်နေပြီ။ ရာသီမရွေးသွားလို့ရတယ်" ဟု ဦးမြင့်ဆွေက ပြောပြသည်။

"ဆရာက ဘာကိစ္စနဲ့ သွားမှာလဲ" ဟု မေးပြန်သည်။

"ကျွန်တော့်သမီးက အထူးကုဆရာဝန်ကြီး (ခေတ်မှန်) ရာထူးနဲ့ ရန်ကုန်ဆေးရုံကြီးကနေ ကလေးမြို့ဆေးရုံကြီးကို ပြောင်းရမှာလည်းတစ်ကြောင်း၊ ယောဒေသစာအုပ်တစ်အုပ်ရေးနေတာလည်းတစ်ကြောင်း" ဟု စာရေးသူက ပြောပြ၏။

"ဟာ ဒါဆိုရင် ယောဒေသလည်း နှံ့စပ်အောင် အသွားကို ပခုက္ကူ-ပုလဲ-ဂန့်ဂေါလမ်းအတိုင်းသွားဆရာ၊ ရေမျက်နီရွာမှာ ကားကိုထားခဲ့။ ကလေးမြို့အထိကို မီးရထားနဲ့သွားပါ။ အပြန်လည်း မီးရထားနဲ့ပြန်ခဲ့ပေါ့။ ရေမျက်နီရွာ၊ ထီးလင်းမြို့၊ ကျောက်ထုအထိ ကားနဲ့ပြန်ပြီး ကျောက်ထုကနေ ပခုက္ကူကို လေယာဉ်ပျံနဲ့ပြန်ခဲ့ပေါ့ဆရာ။ လေယာဉ်ပျံခက ဈေးမကြီးပါဘူး။ ကျောက်ထုမြို့မှ ပခုက္ကူအထိ ၃၃၀၀ ကျပ်ပါ။ ဝန်ထမ်းဆိုရင် ၁၉၈၀ ကျပ် ပေးရတာ။ ဆရာတို့စာရေးဆရာဆိုတော့ ဝန်ထမ်းနှုန်းပဲ ယူမလား။ အရပ်သားဈေးနှုန်းပဲ ယူမလားမသိဘူး" ဆိုပြီး ဦးမြင့်ဆွေက အကြံပေးသည်။ ဤသို့ဖြင့် စာရေးသူသည် ထိုလမ်းခရီးအတိုင်း သွားရန်ဆုံးဖြတ်လိုက်သည်။ သူငယ်ချင်းကိုနေဝင်းထံမှ ဂျစ်ကားအကူအညီတောင်းပြီး ဒီဇယ်ထည့်ကာ ကလေးမြို့ခရီးကို စတင်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူမှ နံနက် (၆)နာရီသာသာတွင် ထွက်လာခဲ့သည်။ ပခုက္ကူမှ ပုလဲမြို့အထိ (၅၄) မိုင်ခရီးကို (၂) နာရီခန့် မောင်းခဲ့ရသည်။ ထိုမှလွန်သော် ကတ္တရာလမ်းသည် အပေါက်အပြဲများဖြစ်နေသဖြင့် ပုလဲမြို့မှ ပုံတောင် တောင်ထိပ်အထိ မိုင် (၄၀) ခရီးကို (၄)နာရီကျော်ကျော်မောင်းခဲ့ရသည်။ ညနေ (၆)နာရီထိုးမှ ရေမျက်နီရွာသို့ ရောက်တော့သည်။ ထိုရွာမှာ ပုံညာတောင်၏အနောက်ဘက်တွင် တည်ရှိသည်။ မီးရထားက တစ်ရက်ခြားသာ ရှိသဖြင့် စာရေးသူသည် ပုံညာတောင်မီးရထားဥမင်ဖောက်လုပ်ခြင်းနှင့် တံတားများ တည်ဆောက်နေသော လုပ်ငန်းခွင်များကို သွားရောက်လေ့လာခဲ့ရသည်။ ပုံတောင်တောင်အမြင့်ပေ (၃၅၇၆) ပေနှင့်ပုံညာတောင် အမြင့်ပေ (၃၅၂၀) ပေတို့ကို မော်တော်ကားဖြင့် ဖြတ်သန်းခဲ့ရသည်။ မီးရထားသွားရန် ဥမင်လိုဏ်ခေါင်းသည် ပုံညာတောင်၏ အမြင့်ပေ (၂၁၁၉) ပေတွင် ဖောက်လုပ်ထားခြင်းဖြစ်၍ ဥမင်လိုဏ်ခေါင်း၏ အထက်တွင် တောင်အမြင့်ပေ တစ်ထောင်ကျော်ရှိနေသေးသည်။ မီးရထားလမ်းဆိုသည်မှာ ပေ (၈၈) သွားပြီးတိုင်း အမြင့်တစ်ပေမျှသာ အထက်သို့တက်ရသည်ဟု သိရသည်။ နောက်တစ်နေ့တွင် ရေမျက်နီဘူတာသို့ နံနက် (၇) နာရီအရောက်သွားသည်။ ဘူတာရုံမှာ ကပ်ထားသော ခရီးစဉ်ဘူတာများနှင့် မီးရထားစီးခများကို ကူးယူနေမိသည်။

**ရေမျက်နီရွာမှ -**

| | | | |
|---|---|---|---|
| ၁။ | ဂန့်ဂေါမြို့ | - | ၁၁၀ ကျပ် |
| ၂။ | လှာပို | - | ၁၄၀ ကျပ် |
| ၃။ | မြင်းဇာ | - | ၁၆၀ ကျပ် |
| ၄။ | လက်ပန် | - | ၁၉၀ ကျပ် |
| ၅။ | ကန် | - | ၂၂၀ ကျပ် |
| ၆။ | မွေ့လည် | - | ၂၅၀ ကျပ် |
| ၇။ | နှမ်းခါး | - | ၂၈၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၈။ | တောင်ခင်ရမ်း | - | ၃၀၀ ကျပ် |
| ၉။ | မြောက်ခင်ရမ်း | - | ၃၂၀ ကျပ် |
| ၁၀။ | ဟံသာဝတီ | - | ၃၄၀ ကျပ် |
| ၁၁။ | မှန်တော | - | ၃၇၀ ကျပ် |
| ၁၂။ | ဆည်တော | - | ၄၀၀ ကျပ် |
| ၁၃။ | စည်းဟောင် | - | ၄၂၀ ကျပ် |
| ၁၄။ | သံဖို | - | ၄၃၀ ကျပ် |
| ၁၅။ | ဟဲလုတ် | - | ၄၄၀ ကျပ် |
| ၁၆။ | နတ်ချောင်း | - | ၄၆၀ ကျပ် |
| ၁၇။ | ထောက်ကြံ့ | - | ၄၉၀ ကျပ် |
| ၁၈။ | တိုမာ | - | ၅၀၀ ကျပ် |
| ၁၉။ | သာစည်လေး | - | ၅၁၀ ကျပ် |
| ၂၀။ | ကလေးမြို့ | - | ၅၃၀ ကျပ် |





www.burmeseclassic.com

www.burmeseclassic.com



မီးရထားသည် ရေမျက်နီရွာမှ နံနက် (၈)နာရီတွင် စတင်ထွက်ခွာသည်။ ဂန့်ဂေါဘူတာသို့ နံနက် (၁၀) နာရီတွင် ရောက်သည်။ ဂန့်ဂေါမြို့မှ နံနက် (၁၀း၃၀) နာရီတွင် ဆက်လက်ထွက်ခွာလာခဲ့ရာ ညနေ (၆)နာရီတိတိတွင် ကလေးမြို့ဘူတာသို့ ချောမောစွာ ရောက်ခဲ့ရသည်။ အပြန်လမ်းတွင်လည်း ထိုခရီးအတိုင်းပင် ရေမျက်နီရွာအထိ မီးရထားစီး၍ ပြန်လာခဲ့သည်။ မီးရထားခမှာ အလွန်သက်သာလှပါ၏။ ပခုက္ကူမြို့မှ မီးရထားဖြင့် လိုက်လိုပါကလည်း ပခုက္ကူမှ ကျောရွာအထိ (၅၀၀) ကျပ်၊ ကျောရွာမှ ရေမျက်နီရွာအထိကို မီးရထားလမ်းမရှိသေး။ ၁၃ -မိုင်ခရီးကို ကြုံရာမော်တော်ကားဖြင့် သွားကြရသည်။ ရေမျက်နီမှ ကလေးမြို့အထိ (၅၃၀) ကျပ် ပေးကြရသည်။ စာရေးသူတို့အဖွဲ့သည် ရေမျက်နီရွာမှ ပခုက္ကူသို့ မော်တော်ကားဖြင့် ပြန်လာခဲ့ကြသည်။




ရေမျက်နီမှ ထီးလင်းမြို့မော်တော်ကားလမ်းသည်လည်း အတော်ကောင်း အလွန်ကျယ်နေသည်။ ထီးလင်းမြို့မှ ကျောက်ထုမြို့ (၂၅) မိုင်ခရီးသည် တောင်သားကျေးရွာများနှင့် ဘုရားတောင်းသစ်တောကြိုးဝိုင်း၊ ကြိုးသစ်

www.burmeseclassic.com

www.burmeseclassic.com



တော ကြိုးဝိုင်းစသည့် သစ်တောကြိုးဝိုင်းများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် မြန်မာ့ရတနာ့ကျွန်းသစ်၊ ပျဉ်းကတိုးသစ်ပင်ကြီးများကို တမျှော်တခေါ်တွေ့မြင်ရသည်။ ကျောက်ထုမြို့သို့ ရောက်သောအခါ လေယာဉ်ပျံရက်မကိုက်သဖြင့် ဂျစ်ကားဖြင့်ပင် ပေါက်မြို့ကို ဖြတ်ပြီး ပခုက္ကူမြို့သို့ ပြန်ခဲ့ရသည်။ ကျောက်ထုမှ ပခုက္ကူအထိ (၇၇) မိုင်ဝေးသော်လည်း (၃)နာရီသာသာလေးသာ မောင်းခဲ့ရသည်။ ကတ္တရာလမ်းချောဖြစ်သည်။ ပုံတောင်တောင်ပေါ်တွင် ကတ္တရာမခင်းရသေးသော်လည်း ကျန်လမ်းပိုင်းသည် တစ်နာရီမှာ မိုင် (၃၀) နှုန်းမောင်းလို့ရသည်။ ဤသို့ဖြင့် မောရိယတိုင်းဖြစ်ခဲ့သော ကလေးမြို့သို့ ရောက်ခဲ့ရပါတော့၏။ ပုဂံခေတ်တွင် ဧရာဝတီမြစ်အနောက်ဘက်ပိုင်းကို သုနာပရန္တတိုင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကို တမ္ပဒီပတိုင်းဟု ခေါ်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ သုနာပရန္တတိုင်းကို ကလေးမြို့ဒေသ၊ ကဘော်ချိုင့်ဝှမ်းကို မောရိယတိုင်း၊ ယောဒေသကို ယောနကတိုင်း၊ ချင်းတောင်ဒေသကို ခိရဋ္ဌတိုင်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ စာရေးသူသည် သုနာပရန္တတိုင်းတောင်စွန်းမှ ယောနကတိုင်း၊ ခိရဋ္ဌတိုင်း၊ မောရိယတိုင်း စသည့် မြောက်ဖျားသို့ သွားရောက်ခဲ့ရသော ခရီးဟာဖြင့် ဘဝမှတ်တိုင်တစ်ခုဖြစ်ခဲ့ရပါတော့၏။

"မောရိယသို့တစ်ခေါက် ရောက်ခဲ့ရပြီ" ဟုသာ ဆိုရပါတော့မည်။




www.burmeseclassic.com

www.burmeseclassic.com



## ကြီးလာနေသော 'ကလေး'

ကလေးမြို့ကို တချို့က ယောဒေသဟု ဆိုလိုကြသည်။ ထို့ကြောင့် ယောအကြောင်းစာအုပ်ရေးလျှင် ကလေးမြို့ကိုလည်း ထည့်သွင်းဖော်ပြရမည် ဖြစ်၍ ၂၅-၁၂-၂၀၀၄ ရက်နေ့တွင် စာရေးသူသည် ကလေးမြို့သို့ သွား ရောက်ခဲ့ရပြန်သည်။

**"မြို့ထဲကို ၂၀၀၊ ၂၀၀ ကျပ်သွားမယ်၊ သွားမယ်၊ အခုသွားမယ်နော်"** မြင်းလှည်းသမား၊ လေးဘီးသမားများ၏ ခရီးသည်ခေါ်သံများသည် ဆူညံနေ တော့သည်။ စာရေးသူတို့အဖွဲ့သည် နံနက် (၈)နာရီတွင် ထီးလင်းမြို့နယ် ရေမျက်နီရွာမှ ထွက်လာခဲ့ကြသည်။ ညနေ (၇)နာရီခန့်တွင် ကလေးမြို့ ဘူတာသို့ ရောက်သည်။ ဂန့်ဂေါ-ကလေးမီးရထားသည် ရန်ကုန်-မန္တလေး မီးရထားကဲ့သို့ မခုန်ပါ၊ နှေးသော်လည်း ငြိမ်သည်။ မီးရထားသွားနေစဉ် ဖယောင်းတိုင်များကို ထွန်းထားကြသည်။

လေးဘီးကားမရတော့သဖြင့် မြင်းလှည်းဖြင့် လာခဲ့ကြရသည်။ စာရေး သူနှင့်အတူ ဦးကျော်ဝမ်းနှင့် ဦးဘိုကြီးတို့ လိုက်ပါလာခဲ့ကြသည်။ ဦးကျော် ဝမ်း တည်းခိုနေကျဖြစ်သော ရတနာရှင်တည်းခိုခန်းတွင် စာရေးသူတို့ တည်းခိုကြသည်။ ညစာကို တည်းခိုခန်းပိုင်ရှင်ဦးထုပ်က သူနှင့်အတူ ထမင်း စားရန် ဖိတ်ခေါ်သဖြင့် အပြင်သို့ထွက်ပြီး ထမင်းမစားရတော့ပါ။ နောက် တစ်နေ့နံနက်တွင် ရှမ်းခေါက်ဆွဲစားကြသည်။ မန္တလေးရှမ်းခေါက်ဆွဲကို မီအောင်မလုပ်နိုင်သေးပါ။ ကလေးမြို့၏အခြေအနေကို လေ့လာရန် ဈေး အတွင်းသို့ ဝင်သွားကြသည်။ ကလေးမြို့မှ ကုန်စုံဆိုင်များသည် ပခုက္ကူမှ ကုန်စုံဆိုင်များထက် ကြီးကျယ်သည်။ ကုန်ပစ္စည်းများကို အရေအတွက် များများချပြထားသည်။ ဥပမာ - မီးစက်ဆိုလျှင် စက်ပေါင်း ၄၀-၅၀ ခင်းကျင်းပြသထားသည်။ အဝတ်အထည်ဆိုလျှင်လည်း ကားတစ်စီးတိုက်စာ ခန့်မျှ ချပြထားသည်။ အထည် ၁၀၀ ယူချင်သလား၊ ၂၀၀ ယူချင်သလား၊ ဖောက်သည်ရောင်းချပေးနိုင်သည်။ ကလေးမြို့သည် ပခုက္ကူ မလွှဲတို့ထက်


www.burmeseclassic.com

www.burmeseclassic.com



ပိုမိုစည်ကားပါသည်။ အထူးသဖြင့် လူများသည် သစ်သပ်ရပ်ရပ် ဝတ်စား တက်ကြသည်။ ဘောင်းဘီရှည်၊ ကုတ်အင်္ကျီများကို စနစ်တကျဝတ်ဆင်ပြီး နက်ကတိုင်များကိုပင် သပ်သပ်ရပ်ရပ် စည်းထားကြသည်။ လမ်းပေါ်တွင် တွေ့ရသူ အများစုမှာ မြန်မာများနှင့် အိန္ဒိယတိုင်းရင်းသားများဖြစ်ကြသည်။

ချင်းလူမျိုးများကိုလည်း အများအပြား တွေ့မြင်ရသည်။ တရုတ်လူမျိုး ကိုမူ အနည်းငယ်သာတွေ့ရသည်။ ဗမာလူမျိုးများကတော့ အများစုဖြစ် သည်။ စတိုးဆိုင်ကြီးများမှာဆိုလျှင် ယူနီဖောင်းဝတ်ထားသော အမျိုးသမီး ငယ်များ(၂၀)ဦးလောက်အထိ ခန့်ထားသည်။ ဖော်ရွေကြသည်။ အရောင်း အဝယ်တွင် စိတ်ရှည်ကြသည်။ စနစ်တကျလေ့ကျင့်ထားဟန်တူသည်။ ပခုက္ကူဦးအုန်းဖေ၏ ဆေးကြွေအရောင်းကိုယ်စားလှယ် ပန်းသီးဦးလှိုင်၏ အိမ်သို့ သွားရောက်နှုတ်ဆက်သည်။ ဦးလှိုင်၏သားမက်က တိုယိုတာဘင် ကားဖြင့် ကလေးမြို့ ရှုခင်းကို လိုက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမြို့လမ်းဆုံတွင် စစ်သူကြီးမဟာဗန္ဓုလ၏ မြင်းစီးရုပ်တုကို တည်ဆောက်ထားသည်။ လေယာဉ်ကွင်းသည် မြို့လယ်ခေါင်မှာ တည်ဆောက်ထားသည်။ စာရေးသူတို့ တည်းခိုသော ရတနာရှင်တည်းခိုခန်းသည် လေယာဉ်ကွင်းစပ်တွင် တည်ရှိသည်။ လေယာဉ်ဆင်းတက်သောအခါ အင်ဂျင်မှ မှုတ်ထုတ်လိုက်သောလေသည် တည်းခိုခန်းကို ရိုက်ခတ်လာသည်။

"ဟေ့ . . မောင်ရင် ကလေးမြို့နယ်မဂ္ဂဇင်းတစ်စောင်လောက် မရဘူးလားကွာ၊ ရှာပြီးဝယ်ပေးစမ်းပါ" ဟု စာရေးသူက တည်းခိုခန်းမှ မောင်ရင်ဆိုသူအား မေးလိုက်သည်။

"အ. ထ. က (၁) ကလေးမြို့က မဂ္ဂဇင်းရတယ်ဆရာရဲ့ (၂၀၀ဝိ/-)" မောင်ရင်က ပြောပြသည်။ ကလေးမြို့ အ. ထ. က (၁) မဂ္ဂဇင်းကို ရလျှင် စာရေးသူသည် အခန်းအောင်းပြီး မဂ္ဂဇင်းကို ဆုံးအောင်ဖတ်နေမိသည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစာသားများထက် ကြော်ငြာကများနေသည်။ ကြော်ငြာမဂ္ဂဇင်းဟုပင် ဆိုရတော့မည်။ စာရေးသူအတွက်တော့ အကျိုးရှိပါသည်။ စာအုပ်ကိုဖတ်ပြီး ကလေးမြို့တစ်မြို့လုံးကို လှည့်လည်သွားပြီးဖြစ်သည်။ အ. ထ. က (၁) ကလေးမြို့မဂ္ဂဇင်းတွင် ကြော်ငြာထားသောစာရင်းကို လေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရပါသည်။

| | | | |
|---|---|---|---|
| ၁။ | စတိုးဆိုင်ကြော်ငြာ | - | ၂၀ |
| ၂။ | ဆေးနှင့်ဆေးပစ္စည်းဆိုင်ကြော်ငြာ | - | ၁၁ |
| ၃။ | လက်ဖက်ရည်/အအေးဆိုင် | - | ၁၀ |
| ၄။ | ရွှေဆိုင် | - | ၁၁ |
| ၅။ | စာအုပ်/စာရေးကိရိယာ | - | ၉ |
| ၆။ | ပညာရေးဝန်ဆောင်မှုကြော်ငြာ | - | ၈ |
| ၇။ | ဆန်ဆိုင် | - | ၈ |
| ၈။ | မုန့်မျိုးစုံဆိုင် | - | ၈ |

www.burmeseclassic.com

www.burmeseclassic.com




၉။ အိမ်ဆောက်ပစ္စည်းဆိုင် - ၇

၁၀။ ကွန်ပျူတာ/မိတ္တူဆိုင် - ၇

၁၁။ စက်သုံးဆိုင် - ၇

၁၂။ စားသုံးဆီဆိုင် - ၇

၁၃။ ဓာတ်ပုံဆိုင် - ၆

၁၄။ စိုက်ပျိုးရေးပစ္စည်းဆိုင် - ၆

၁၅။ အဝတ်အထည်ဆိုင် - ၆

၁၆။ ကားဂိတ် - ၅

၁၇။ ဗီဒီယို (CD+DVD) ငှားဆိုင် - ၅

၁၈။ ဆိုင်ကယ်ပစ္စည်းဆိုင် - ၅

၁၉။ ဆိုင်ကယ်ပြုပြင်ရေးဆိုင် - ၅

၂၀။ တိုင်းရင်းဆေးခန်း - ၄

၂၁။ ဆေးရွက်/ဆေးမှုန့်ဆိုင် - ၄

၂၂။ သက်နန်းဆိုင် - ၄

၂၃။ စားသောက်ဆိုင် - ၄

၂၄။ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း - ၄

၂၅။ ကွမ်းသီးကွမ်းရွက်ဆိုင် - ၄

၂၆။ လျှပ်စစ်ပစ္စည်းဆိုင် - ၄

၂၇။ ထမင်းဆိုင် - ၄

၂၈။ ဆန်စက် - ၄

၂၉။ အင်ဂျင်၊ ဒိုင်နမိုဆိုင် - ၃

၃၀။ ထီဆိုင် - ၃

၃၁။ ပွဲရုံ - ၃

၃၂။ မှန်/အလူမီနီယံဆိုင် - ၃

၃၃။ အလှပြင်ဆိုင် - ၃


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၄။ အုတ်လုပ်ငန်း | - | ၃ |
| ၃၅။ မွေးမြူရေးဆိုင် | - | ၃ |
| ၃၆။ ဂြိုလ်တုစလောင်းဆိုင် | - | ၃ |
| ၃၇။ ကွမ်းသီးဆိုင် | - | ၃ |
| ၃၈။ နာရီဆိုင် | - | ၂ |
| ၃၉။ ဆပ်ပြာဆိုင် | - | ၂ |
| ၄၀။ အထူးကုဆေးခန်း | - | ၂ |
| ၄၁။ တည်းခိုခန်း | - | ၂ |
| ၄၂။ ပုံနှိပ်လုပ်ငန်း | - | ၂ |
| ၄၃။ လက်ဖက်/အကြော်ဆိုင် | - | ၂ |
| ၄၄။ ကားပြင်ဝပ်ရှော့ | - | ၂ |
| ၄၅။ အချိုရည်ဆိုင် | - | ၂ |
| ၄၆။ မာတ်ခဲဆိုင် | - | ၂ |
| ၄၇။ ဖိနပ်ဆိုင် | - | ၂ |
| ၄၈။ သဘော်ာဆေးဆိုင် | - | ၂ |
| ၄၉။ တီဗွီဂိမ်း | - | ၂ |
| ၅၀။ အီးမေးပို့ခြင်း/အင်တာနက် | - | ၂ |
| ၅၁။ ဇာဘော်လီဆိုင် | - | ၂ |
| ၅၂။ ရွှေပန်းထိမ်ဆိုင် | - | ၂ |
| ၅၃။ ကုမ္ပဏီလုပ်ငန်း | - | ၂ |
| ၅၄။ စက်ဘီးဆိုင် | - | ၂ |
| ၅၅။ စည်ဘီယာဆိုင် | - | ၂ |
| ၅၆။ ဖယောင်းတိုင်လုပ်ငန်း | - | ၂ |
| ၅၇။ တွင်ခုံပန်းဘဲလုပ်ငန်း | - | ၂ |
| ၅၈။ မြန်မာဖြစ်ဂျစ်ကားကြော်ငြာ | - | ၁ |

www.burmeseclassic.com

www.burmeseclassic.com



၅၉။ စလောင်းပြုပြင်ရေး - ၁
၆၀။ ဓာတ်မှန် - ၁

စာရေးသူသည် ကြော်ငြာများကို လေ့လာကြည့်သည်။ စီးပွားရေးလုပ်ငန်းများကို အုပ်စုခွဲပြီး စာရင်းပြုစုနေမိသည်။

အထက်ပါစာရင်းဇယားများကို လေ့လာခြင်းအားဖြင့် ကလေးမြို့၏ ဖွံ့ဖြိုးမှုကို သိသာနိုင်ပါသည်။ ကလေးမြို့တွင် မည်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည်။ မည်သည့်ကုန်တွေ ရောင်းဝယ်နေကြသည်။ အသုံးပြုနေကြသည်တို့ကို သိရှိနိုင်ပါသည်။ ထိုအရေအတွက်သည် အ. ထ. က (၁) မဂ္ဂဇင်းတွင် ကြော်ငြာထားသော အရေအတွက်မျှသာ ဖြစ်ပါသည်။ မဂ္ဂဇင်းမှာ ကြော်ငြာထည့်ခြင်းသည် (၁၀) ရာခိုင်နှုန်းမျှသာ ဖြစ်ပေမည်။

စာရေးသူသည် စာရေးသူ၏သမီး အထူးကုဆရာဝန်ကြီး (ဓာတ်မှန်) နေထိုင်ရန် လိုက်ပြီးအိမ်ငှားဖို့ စုံစမ်းကြည့်မိသည်။ အိမ်ငှားခသည် ဆေးရုံပတ်ဝန်းကျင်တွင် တစ်လလျှင် ကျပ် (၅၀၀၀၀/-) ပေါက်ဈေးရှိသည်။ ကလေးမြို့သည် အိန္ဒိယနိုင်ငံ၏ ထွက်ပေါက်တံခါးဝမြို့ကြီးဖြစ်သည်။ ယခင်မှောင်ခိုခေတ်တွင် ကလေးမြို့ကို ကုန်ပစ္စည်းတွေက တိတ်တိတ်ပုန်းဖြတ်သွားခဲ့ကြသည်။ အောက်အရပ်မှ ပဲမျိုးစုံ၊ ကွမ်းသီး စသည်တို့ ပို့ကုန်လုပ်ကြပြီး စက်ဘီး၊ ဆေးဝါးတွေ ဝင်လာသည်။ နယ်စပ်ကုန်သွယ်ရေးခေတ်သစ်သို့ ရောက်လာသောအခါ ကုမ္ပဏီများပင် ဝင်လာကြသည်။ တရုတ်ပစ္စည်းများ၊ ထိုင်းနိုင်ငံပစ္စည်းများ၊ အိန္ဒိယနိုင်ငံထွက်ပစ္စည်းများကို ကားကြီးကားငယ် အသွယ်သွယ်ဖြင့် တင်ပို့ရောင်းဝယ်နေကြသည်။ မြောက်ပိုင်းချင်းပြည်နယ်၏ ထွက်ပေါက် တံခါးဝကြီးလည်း ဖြစ်သည်။ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စက်မှု တက္ကသိုလ်စသည်ဖြင့် တက္ကသိုလ်အမျိုးမျိုးလည်း တည်ရှိသည်။ မကြာမီ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်အာစီယံနိုင်ငံတို့ကို ဆက်သွယ်သော အာစီယံလမ်းမကြီးသည် ကလေးမြို့ကို ဖြတ်သန်းဖောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တော့မည် ဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ ကားဖြင့်လည်းကောင်း၊ မီးရထားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း သွားလာနိုင်ကြတော့မည် ဖြစ်သည်။ ကလေးမြို့၏ မြို့ဧရိယာကလည်း ၁၀ နှစ်အတွင်း ၁၀ ဆကြီးလာခဲ့သည်ဟု ကလေးမြို့ မြို့ခံတစ်ဦးက ပြောပြသည်။ ကလေးမြို့သည် ကြီးတော့မလာ၊ ကျယ်လာနေသည်။ မြို့ပြတည်ဆောက်ရေးတွင် ဘေးကို တိုးချဲ့မည့်အစား အထက်သို့ တိုးချဲ့သင့်ကြသည်။

မည်သို့ပင် ဖြစ်လင့်ကစား ကလေးမြို့သည် အရှိန်အဟုန်ပြင်းစွာဖြင့် ကြီးထွားလာနေသည်။ "ကြီးလာနေသော ကလေး" ဟု သာဆိုချင်ပါတော့၏။

× × × × × ×

## ယော သုံးမြို့နယ် ဆက်သွယ်နေပြီ

"ကိုပိန်၊ တောင်ဘက်လမ်းအတိုင်း ပြန်မယ်ဗျာ၊ အဲဒီလမ်းသစ်ကို ဖောက်ပြီးမှ တစ်ခါမှ မဖြတ်ရသေးဘူး" စာရေးသူက ကားဒရိုင်ဘာ ကိုပိန်ကို ပြောလိုက်ခြင်းဖြစ်သည်။

"ပိုမဝေးဘူးလားဆရာရယ်၊ လမ်းတော့ကောင်းရဲ့လား"

"လမ်းကောင်းတယ်ပြောတယ်ကွ၊ ဒီဘက်လမ်းထက်ကောင်းတယ် ပြောတယ်၊ ငါ့တည်းခိုခန်းကို တည်းတဲ့ဂန့်ဂေါက ညီ့သည်တွေ ပြောတယ်ကွ၊ ဆရာက ပုလဲလမ်းကဘာဖြူလို့ သွားတာလဲ၊ ကျွန်တော်တို့က မသွားတော့ဘူး၊ ပုလဲမြို့ကို ဖြတ်တဲ့လမ်းက ပုလဲမြို့ကို ကျော်တာနဲ့ ကတ္တရာလမ်းတွေက အပေါက်အပြဲတွေကြီးပဲ၊ တစ်နာရီကို ၁၀မိုင်နှုန်းတောင်မောင်းမရဘူး။ အချိန်ကြာတယ်၊ ကားနာတယ်၊ လူပင်ပန်းတယ်၊ ကားမောင်းချိန်မှာ ပခုက္ကူ ပုလဲမြို့၊ ရေမျက်နီရွာအထိ ခရီးကို ၁၀ နာရီမောင်းရတယ်၊ ပခုက္ကူ ပေါက်မြို့၊ ကျောက်ထုမြို့၊ ထီးလင်းမြို့၊ ရေမျက်နီလမ်းကသွားရင် ကားမောင်းချိန် ၇နာရီပဲ ကြာတယ်" ဂန့်ဂေါမှ ညီ့သည်များက စာရေးသူကို ပြောပြသည့်အတိုင်း ကိုပိန်နားလည်အောင် ပြန်ပြောပြရသည်။

www.burmeseclassic.com

www.burmeseclassic.com






"ခရီးကတော့ ပိုဝေးတယ်မဟုတ်လားဆရာရဲ့" ကားဒရိုင်ဘာကိုပိန်က ဆင်ခြေပေးလာပြန်သည်။ "သိပ်မဝေးပါဘူးကွာ၊ ငါတွက်ပြမယ်၊ ပခုက္ကူနဲ့ ပုလဲမြို့ ၅၄ မိုင်၊ ပုလဲမြို့မှ ရေမျက်နီရွာ ၆၀ မိုင်ဆိုတော့ ၁၁၄ မိုင်ဝေးတယ်၊ တောင်ဘက်လမ်းက ပခုက္ကူနဲ့ပေါက်မြို့ ၄၇မိုင်၊ ပေါက်မြို့မှ ပန်းဆန်ရွာ (ကျောက်ထုမြို့အနီး) ၃၀ မိုင်၊ ပန်းဆန်ရွာမှ ထီးလင်းမြို့ ၂၃ မိုင်၊ ထီးလင်းမှ ရေမျက်နီရွာ ၃၀. မိုင်ဆိုတော့ (၄၇+၃၀+၂၃+၃၀=၁၃၀မိုင်) ၁၆ မိုင်တော့ ပိုပြီး ဝေးတာပေါ့၊ ဒါ့ပေမယ့်လမ်းကောင်းတယ်၊ ငါ့အတွက်လည်း တစ်ခေါက်တည်းနဲ့ နယ်စုံသွားတာပေါ့" ဟု ပြောပြရသည်။ စာရေးသူသည် "လွမ်းဖွယ်တွေပေါပါတဲ့ တို့ယောမြေ" ဟူသော စာအုပ်ကို ရေးနေ၍ ယောဒေသသို့ လေ့လာရေးခရီး ထွက်လာခဲ့ခြင်းဖြစ်သည်။

"နံနက် ၆ နာရီတွင် ထီးလင်းမြို့နယ်၊ ရေမျက်နီရွာမှ ထွက်လာခဲ့သည်။ ရေမျက်နီရွာမှ ဂန့်ဂေါမြို့၊ ကလေးမြို့သို့ လိုက်ပါမည့် ခရီးသည်များသည် ရေမျက်နီဘူတာသို့ သွားနေကြသည်။ တစ်လမ်းလုံးတွင် မီးရထားနှင့် လိုက်ပါမည့်ခရီးသည်များကို ရှောင်နေရသည်။ အထုပ်အပိုးလိုင်စီဖြင့် ခြေ

www.burmeseclassic.com

www.burmeseclassic.com



လျှင်လျှောက်နေကြသော လူတန်းကြီးမှာ တစ်လမ်းလုံးပြည့်နေသည်။ ဆေးမင်းတောရွာ၊ ရွှေခုံတိုင်ရွာ စသော တောင်သားရွာများကို ဖြတ်သန်းခဲ့ရသည်။

"ဘကြီး၊ ဘယ်ကိုသွားမလို့လဲ"

"တောင်ယာခင်းကိုပ"

"စပါးရိတ်လား"

"စပါးက ရိတ်ပြီးပြီပ၊ ပဲစင်းငုံခုတ်မလို့"

"နေကြာမစိုက်ဘူးလား"

"နေကြာက စိုက်ရတယ်၊ ဘာပဲစိုက်စိုက်, နေကြာကို ကြားညှပ်စိုက်ရမယ်၊ ခိုင်းတာနဲ့စိုက်ရတာပါ၊ မရပါဘူး ကြက်တူရွေးကောင်တွေက စားပစ်ကြတာပါပဲ၊ ကြက်တူရွေးကောင်တွေက နေကြာဆိုရင် အလွန်ကြိုက်ကြတာ။ ဖာစ်ပင်ကို တစ်အုပ် စားကြရင် ကုန်တာပဲ၊ ဟိုမှာမြင်လား၊ ကြက်တူရွေးအုပ်တွေ၊ နေကြာခင်းတွေစားဖို့ သွားနေကြတာ" တောင်သားသံဝဲဝဲဖြင့် ပြောပြနေသော အသက်(၈၀) ကျော် အဘိုးကြီးကို လမ်းမှာတွေ့ဆုံသဖြင့် မေးကြည့်မိခြင်းဖြစ်သည်။ မကြာမီ ထီးလင်းမြို့သို့ရောက်သည်။ စာရေးဆရာ စောကြူမောင်(ယောမြေ)ထံသို့ အရင်သွားသည်။ ယောအကြောင်းဆွေးနွေးကြသည်။ ယောခရိုင် အကြောင်းထုတ်ဝေထားသော စာစောင်၊ စာအုပ်များကို အရှာခိုင်းသည်။ ဆရာစောကြူမောင်(ယောမြေ)ကိုခေါ်ပြီး မြို့လည်မှ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

"တောင်သားလူမျိုးစု ကော်မတီ၊ တောင်သားအမြန်ယာဉ်လိုင်း၊ ခရီးသည် သယ်ယူပို့ဆောင်ရေး၊ ထီးလင်းမြို့နယ်" ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ ဆိုင်းဘုတ်ကို စာရေးသူက ဓါတ်ပုံရိုက်ယူသည်။ လက်မှတ်ရောင်းနေသော စာရေးက "ဘာကိစ္စနဲ့ ဓါတ်ပုံရိုက်တာလဲ" ဟု ထွက်လာပြီး မေးသည်။ စာရေးသူက "ကျွန်တော်စာရေးဆရာ ဒေါက်တာသက်လွင်ပါ၊ ယောအကြောင်း စာအုပ်တစ်အုပ်ရေးနေလို့ အမှတ်တရပါ" ဟု ပြောပြရသည်။ "ဪ . . ဪ ဒေါက်တာသက်လွင်လား၊ ရပါတယ်။ ရိုက်ပါ၊ ရိုက်ပါ၊

www.burmeseclassic.com



ကျွန်တော်တို့ကိုလည်း ပါအောင်ရိုက်စမ်းပါ” ဆိုပြီး အားတက် သရော ပြောနေကြသည်။ ခရီးသည်ပို့ဆောင်ခများကို မေးကြည့်မိသည်။ ထီးလင်းမှ ပခုက္ကူသို့ (၃၅၀၀) ကျပ်၊ မိုးတွင်းမှာ (၅၀၀၀) ကျပ်၊ ဂန့်ဂေါသို့ (၁၂၀၀) ကျပ်၊ ကျောက်ထုသို့ (၂၀၀၀) ကျပ်ဟု သိရသည်။ ထီးလင်းမြို့မှ ထွက်လာသောအခါ သရခါရွာသို့ ရောက်သည်။ မန္တလေးတက္ကသိုလ်သို့ ကျောင်းတက်စဉ်က သူငယ်ချင်း ကိုအောင်သိန်းကို သတိရမိသည်။ သရခါ ရွာလယ်တွင် နရီတိုင်ဆိုပြီး ကျောက်တိုင်တစ်ခုကို တွေ့မြင်ရသည်။ “သရခါ ရွာ၊ ၁၂၄၀ ခုနှစ်၊ တပေါင်းလဆုတ် (၅) ရက်၊ စနေနေ့ တည်ထောင်သည်” ဟု ရေးထားသည်။ သရခါရွာလယ်ကိုဖြတ်ပြီး သမိုင်းဝင် ရွှေကွန်အုပ်ဘုရား ကို ဖူးမြော်ရန် သွားရောက်ခဲ့ကြသည်။

နံနက် (၁၁)နာရီခန့်တွင် အောင်းရွာသို့ ရောက်သည်။ အိမ်တိုင်းတွင် နိုင်ငံတော်အလံများကို လွှင့်ထူထားကြသည်။ ကျောင်းဝင်းအတွင်းမှာလည်း ပြေးခုန်အားကစားပြိုင်ပွဲ ကျင်းပနေသော ကျောင်းသားကျောင်းသူများကို တွေ့မြင် ရသည်။ ဤနေ့သည် (၅၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ပါလားဟု စဉ်းစားမိသည်။ စာရေးသူတို့၏ ကားသည် သစ်တောကြိုးဝိုင်းကြီးအတွင်း ဖြတ်သန်းမောင်းရသည်။ ဘူးတောင်းကြိုးဝိုင်း၊ ဇရိယာဇတ (၂၀၆၉၁) ဇကဟု ရေး ထားသည်ကို ဖတ်ရသည်။ ကျွန်းစိုက်ခင်းများ၊ ပိတောက်စိုက်ခင်းများကို လည်း တွေ့မြင်ရသည်။ လုံးပတ် လေးပေ၊ ငါးပေရှိသော ကျွန်းပင်၊ ပျဉ်းကတိုး ပင်၊ ထောက်ကြံ့ပင်များကို ဖယောင်းတိုင်များ မီးထွန်းထားသလို အစီအရီတွေ့ မြင်ရသည်။ လမ်းမှာ လမ်းသစ်ဖြစ်၍ ကားအသွားအလာ မရှုပ်ပါ။ စာရေးသူ သည် ၂၄-၁-၉၅ ရက်နေ့တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်နှစ်ဦးနှင့် အတူ မင်းတပ်၊ ကျောက်ထု၊ ထီးလင်းခရီးကို ဖြတ်သန်းခဲ့ဖူးသည်။ တောခုတ် လမ်းရှင်း၊ မြေတူးနေသော ထိုအချိန်က မ. ဝ. တ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး နှင့် ရွာသားများကို အောင်းရွာအထွက်တွင် တွေ့ဆုံခဲ့ရသည်ကို သတိရနေ သည်။ ဤလမ်းဖောက်ခဲ့သည်မှာ (၁၀) နှစ်ကြာခဲ့လေပြီ။ စာရေးသူက

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းအကြောင်းကို နိုင်ငံခြားသားများအား ကျောက်ထုရွာတွင် ရှင်းပြခဲ့သည်။ ကျောက်ထုရွာမှ ပေါက်မြို့သို့ (၂၈) မိုင်၊ ပေါက်မြို့မှ ထီးလင်းမြို့သို့ မိုင် (၄၀) ဝေးကွာသည်။ လမ်းရိုးအတိုင်းသွားလျှင် မိုင် (၇၀) ခန့်ဝေးမှာဖြစ်ကြောင်း၊ ယခုလမ်းသစ်ဖောက်လုပ်ဆဲမှ သွားလျှင် (၂၅) မိုင်သာ ဝေးကွာသဖြင့် (၄၅) မိုင်သက်သာကြောင်း၊ လမ်းမှာ ဖောက်လုပ်နေဆဲဖြစ်၍ မကောင်းကြောင်း၊ သစ်တောကြီးအတွင်း ခဲရာခဲဆစ်သွားကြရမှာဖြစ်ကြောင်း၊ ပြင်သစ်အမျိုးသမီးစာရေးဆရာမနှင့်စပိန်နိုင်ငံသား စာရေးဆရာ ဇနီးမောင်နှံကို ပြောပြခဲ့ရပုံများကိုလည်း သတိရနေသည်။ ထိုအချိန်က စာရေးသူနှင့်အတူ Free-Bird လွတ်လပ်သော ငှက်ကလေးအမည်ရှိ ကမ္ဘာလှည့်ခရီးသွားကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသိန်းဆွေတို့ လိုက်ပါခဲ့ကြသည်။ စာရေးသူ၏ ရွှေပုံတောင် ကမ္ဘာလှည့်ခရီးသွားကုမ္ပဏီပိုင် တိုယိုတာဟိုက်လပ် မှန်လုံနှစ်ခန်းတွဲ လေးဘီးယက်ကားကြီးမှာ အသစ်စက်စက် နိုင်ငံခြားမှ တင်သွင်းလာစရှိသေးသည်။ ယာယီနံပါတ်ဖြစ်၍ ထိုလမ်းကို အခက်အခဲမရှိ သွားနိုင်ခဲ့သည်။ ယခု (၁၀) နှစ်တိတိအကြာမှာ အမှတ်တရ မြန်မာဂျစ်ကားဖြင့်ဖြတ်သန်းနေရခြင်းဖြစ်သည်။ ထိုအချိန်က ကားမောင်းသူမှာ ကိုနေဝင်းဖြစ်ပြီး ယခုမောင်းနေသူမှာ ကိုနေဝင်း၏ကားကို မောင်းသူ ကိုပိန်ဖြစ်သည်။ မကြာမီ ဆောမြို့နယ်အတွင်းသို့ ဝင်လာပါပြီ။ ကြီးရွာ၊ လယ်ဆောရွာ၊ မိအယ်ရွာစသော ဆောမြို့နယ်အတွင်းမှ တောင်သားရွာများကို ဖြတ်သန်းပြီး သွားနေရသည်။ ကျေးရွာအမည်များမှာ စာလုံးတစ်လုံးတည်းပါကြသည်။ "တေးရွာ၊ စံရွာ၊ ကြီးရွာ" စသည်ဖြင့် ဖြစ်သည်။ အများအားဖြင့် တောင်သားရွာများဖြစ်ကြသည်။ စပါးပင်များ ရိတ်သိမ်းပြီးဖြစ်၍ ကောက်ရိုးများကို လယ်ခင်းထဲတွင် လင့်စင်ထိုးပြီး တင်ထားကြသည်မှာ အဝေးကကြည့်လျှင် တောင်ယာတဲလေးများဟု ထင်မှတ်ရသည်။ လွှတ်ထားသော ကျွဲအုပ်ကြီးများကိုလည်း မကြာခဏတွေ့မြင်ရသည်။ ထိုဒေသတွင် သူခိုး၊ ဓားပြ၊ သောင်းကျန်းသူလူဆိုး၊ သူခိုးတို့မရှိသဖြင့် ရွာသားများသည် မိမိတို့၏ ကျွဲ၊ နွားများကို သီးနှံ

www.burmeseclassic.com

www.burmeseclassic.com



ရိတ်သိမ်းလို့ပြီးလျှင် တောထဲသို့ လွှတ်ထားကြသည်။ နောက်နှစ်မိုးဦးကျမှ ကိုယ့်ကျွဲ၊ ကိုယ့်နွားကို ပြန်ရှာပြီး ဖမ်းယူကြရသည်။ မည်သူမျှ ခိုးမယူ၊ သတ်မစား၊ သူခိုးဆိုတာ ကြားပင်မကြားဘူးကြ ရိုးသားကြပေ၏။

မကြာမီ ပန်းဆန်းရွာလမ်းခွဲသို့ရောက်တော့သည်။ နောက်ထပ်တစ်မိုင်သွားလျှင် ကျောက်ထုမြို့သို့ ရောက်ပြီ၊ ကျောက်ထုမြို့မှ (၁၆) မိုင်သွားလျှင် ချင်းပြည်နယ် မင်းတပ်မြို့သို့ ရောက်ပါပြီ။ ကျောက်ထုမြို့တွင် ခေတ်မီလေယာဉ်ကွင်းသစ်ကြီး ဆောက်လုပ်ထားသည်။ ကျပ်သန်းတစ်သောင်းကျော် ကုန်ကျသည်ဟု မှတ်ရသည်။ ပေ ၈၅၀၀ ရှည်ပြီး ၂၀၀ ပေ ကျယ်သည်။ ပခုက္ကူသို့ တစ်ပါတ်လျှင် တစ်ကြိမ်လေယာဉ်ပျံသန်းပြီး လေယာဉ်ခမှာ (၃၃၀၀) ကျပ်ဟု သိရသည်။ ဝန်ထမ်းဆို လျှင် (၁၉၈၀) ကျပ်ဟု သိရသည်။ ပန်းဆန်းရွာမှ ပခုက္ကူမြို့အထိလမ်းမှာ တောက်လျှောက်ကတ္တရာလမ်းအချော ဖြစ်သည်။ ဆော၊ ကျောက်ထု၊ ထီး လင်း၊ ဂန့်ဂေါ၊ ကလေးမြို့ကို ဆက်သွယ်သော လမ်းသစ်ကြီး ပြီးစီးသွားပြီဖြစ်၍ ယောဒေသမြို့နယ်၊ တောင်ယော၊ မြောက်ယောတို့သည် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားပြီ ဖြစ်ပါ၏။

ယောသုံးမြို့နယ်ဆက်သွယ်နေပြီဟု ဆိုချင်ပါတော့၏။




www.burmeseclassic.com

www.burmeseclassic.com



## ယောသဘာဝနှင့်ယောအလှ

"မင်း . . အခုဘာစာအုပ်တွေ ရေးနေသလဲ"

"ယောအကြောင်း စာအုပ်ရေးနေတယ်ဗျာ၊ ပြီးတော့မှာပါ"

"အေး . . ဟုတ်ပြီ၊ ယောအကြောင်းဆိုတော့၊ စုန်းတွေ၊ ကဝေတွေ၊ နတ်တွေအကြောင်းပါရဲ့လား၊ မင်းတွေ့ဘူးသလား၊ ယုံသလား၊ မယုံဘူးလား" စသည်ဖြင့် မီးရထားဆရာဝန်ကြီး (ငြိမ်း) ဒေါက်တာသည်းမွန်က မေးခွန်းတွေ တသီကြီးကို မေးနေသည်။ စာရေးသူတို့ အသက် (၆၀) ကျော် ကျောင်းနေဖက်သူငယ်ချင်းတစ်စုတို့သည် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာလှဝင်းမောင်၏ အိမ်မှာစုပြီး စကားပြောနေတတ်ကြသည်။

"အေး . . မင်းတို့မေးတာတွေကို အတိုချုံးပြီး ငါဖြေမယ်ကွာ၊ စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သူရဲတို့ဆိုတာ ဟိုရှေးကတော့ ရှိချင်ရှိခဲ့မယ်ကွာ၊ ယောဒေသကို ၁၉၇၃ ခုနှစ်နှောက်ပိုင်းမှာ ငါလည်း ခဏခဏရောက်တယ်၊ လေ့လာတယ်၊ မေးတယ်၊ တိကျတဲ့ခိုင်မာတဲ့ ပုံပြင်ကို တစ်ခုမှမရဘူးကွာ၊ အားလုံးနည်းပါးဟာ လွဲမှားတဲ့ကောက်ချက်ချမှုတွေပဲ၊ ဒီအကြောင်းတွေကို ဆရာဝန်တင်ရွှေကလည်း ယောနယ်၌ ပြုစားခံရခြင်းနှင့် အဖြစ်ဆန်းများဆိုပြီး စာအုပ်ရေးခဲ့တယ်။ သူကလည်း ငါ့လိုပဲ မှတ်ချက်ချခဲ့တယ်၊ ဥပမာကွာ မော်လမြိုင်မှ ကိုတင်ဦးဆိုသူဟာ အစိုးရတာဝန်နဲ့ယောဒေသကို ရောက်သွားတယ်၊ ရူးသွားတယ်၊ အပြုစားခံရတာလို့ ပြောကြတယ်၊ အမှန်တော့ စစ်ဖလစ်ပိုးက ဦးနှောက်ထဲကို ရောက်သွားလို့ ရူးရတာဆိုပြီး စိစစ်ရေးခဲ့တယ်။ မအေးမြဆိုတဲ့ တောင်သား အမျိုးသမီးဟာ မကြာခဏ ကြွက်တက်တယ်၊ အပြုစားခံရတာလို့ ယူဆခဲ့ကြတယ်၊ ဒါကို ဒေါက်တာတင်ရွှေက စစ်ဆေးပြီး စိတ်ရောဂါတစ်ခုလို့ အဆုံးအဖြတ်ပေးခဲ့တယ်။ အရက်မူးပြီး လူတွေကို လိုက်ပြီး ဓားနဲ့ခုတ်တဲ့ကိုတင်ကိုလည်း စိတ်ရောဂါကြောင့် ဖြစ်ရတာလို့ ဒေါက်တာတင်ရွှေက ရေးခဲ့တယ်။ မင်းရွာအနီး မြစ်သာမြစ်ဘေးမှာ လူညည်းသံတွေကြားရတယ်ဆိုတာကိုလည်း ပညာအုပ်တစ်ယောက်က ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်သွားလေ့လာကြည့်ခဲ့တယ်။ ရေအားနဲ့စပါးကြိတ်ခုံက ထွက်တဲ့အသံဖြစ်တယ်ဆိုတာ တွေ့မြင်ခဲ့ကြောင်း ဒေါက်တာတင်ရွှေက ရေးခဲ့တယ်။ ဒါ့ကြောင့် စုန်း၊ ကဝေ၊ သူရဲ စတာတွေဟာ လုပ်ဇာတ်တွေများပါတယ်။ ယောဒေသဆိုတာ မြန်မာများ အတော်အရောက်အပေါက်နည်းပါတယ်။ သွားလာရေးလည်း ခက်ခဲပါတယ်။ ဇာတ်လမ်းတွေဆင်ပြီး ခေတ်အဆက်ဆက်မှာ ပြောခဲ့ကြတယ်။ အဖြစ်အပျက်ရဲ့ အကြောင်းရင်းကိုတော့ သေချာမစုံစမ်းကြဘူး၊ ထင်ရာကိုဆွဲပြီး ကောက်ချက်ချခဲ့ကြတယ်။ ဒါ့ကြောင့် ယောဒေသဆိုတာ စုန်း၊ ကဝေ၊ နတ်၊ သူရဲ၊ တစ္ဆေတွေရဲ့ ပျော်ပါးရာဒေသပဲလို့ မကောင်းသတင်း ကျော်ကြားခဲ့တာပါ စသည်ဖြင့် စာရေးသူတွေ့ကြုံခဲ့ရသော ထူးဆန်းသည် ဟုဆိုကြသော အကြောင်းအရာများကို သူငယ်ချင်းများအား ပြောပြခဲ့ရသည်။

"နတ်ယုံကြည်မှုကလည်း မလွန်ကဲလွန်းဘူးလားကွာ" ဆိုပြီး ဒေါက်တာသည်းမွန်က မေးနေပြန်သည်။

"နတ်ကိုးကွယ်မှုဆိုတာကတော့ တစ်ကမ္ဘာလုံးမှာ ရှိကြတာပဲဗျ၊ ယောဒေသမှာပိုပြီး ထူးထူးခြားခြား မရှိပါဘူး၊ ဥပမာဗျာ၊ တပေါင်းလပြည့်မှာ ပခန်းကူနီနတ်ပွဲပြီးတယ်။ ပုံတောင်တောင်ပေါ် မှာ ပျော်ပါးနေထိုင်တဲ့ အမေရေရင်နတ်ဟာ ပခန်း ကူနီနတ်ပွဲကိုသွားပြီး တက်တယ်။ တပေါင်းလပြည့်ကျော်တော့ ပုလဲ ယင်းမာပင်ဒေသ ဇီးတောရွာနတ်ပွဲကို ကြွတယ်။ တပေါင်းလပြည့်ကျော် (၈) ရက်နေ့မှာ ပုံတောင်ပုံညာတောင်ပေါ်ကို ပြန်ကြွလာကြတယ်။ အပြန်ခရီးလမ်းခုလတ်မှာ အမေရေရင် ကြိုပွဲဆိုပြီး ကွန်းထောက်နန်းလေးတွေမှာ ပူဇော်ပသပွဲတွေ ပြုလုပ်ကြတယ်။ ဥပမာ - ကျောရွာမှာဆိုရင် အမေရေရင်ကွန်းထောက်နန်းမှာ နှစ်စဉ်တပေါင်းလပြည့်ကျော် (၈) ရက်နေ့တိုင်း နတ်ပွဲကျင်းပပါတယ်။ မုန့်ဖြူ (၇) ချပ်၊ မုန့်နီ (၇) ချပ်၊ ငါးခြောက် (၇)ထုံး သို့မဟုတ် ငါးကြော် (၇) ကောင်၊ လက်ဖက်၊ အုန်း၊ အမွှေးတိုင်တို့နဲ့ ပူဇော်ကြတာပါပဲ။ ပခုက္ကူဒေသမှ လူတွေရဲ့ဓလေ့ထုံးစံအတိုင်းပါပဲ မထူးခြားပါဘူး။" စသည်ဖြင့် ယောဒေသနတ်ကိုးကွယ်မှုများကို ရှင်းပြပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောသူတွေက ညှိသည်ကို မထနိုင်အောင် ဖင်မှာ ဖျာကပ်နေအောင် လုပ်နိုင်တယ်ဆိုတာ ဟုတ်သလားဗျာ။" ဆိုပြီး ဒေါက်တာလှဝင်းမောင်က မေးပြန်သည်။

"ဖင်မှာ ဖျာကပ်အောင် ယောသူတွေက လုပ်နိုင်တယ် ဆိုတာတော့ ဟုတ်မှာပေါ့ဗျာ၊ ယောဒေသမှာ အိမ်တွေက တစ်မျိုးဗျ။ မြန်မာပြည်မှာ ဘယ်အရပ်က အိမ်နဲ့မှဆောက်လုပ်ပုံခြင်းမတူဘူး။ အိမ်ရှေ့မှာ ကျယ်ပြန့်တဲ့ ကြမ်းပြင်ကြီးရှိတယ်။ အိမ်ပေါ်ကို တက်တဲ့လှေကားကလည်း အိမ်ကြမ်းခင်းကို မထောင်ဘူး။ အပြင်မှာ သီးခြားထားတယ်။ အဲဒီ အိမ်ရှေ့က ကြမ်းပြင်အကျယ်ကြီးမှာ အမိုးမရှိဘူး။ နေ့မှာစပါးလှန်းတယ်။ ဆန်ပြာတယ်။ ညမှာ သမီးပျိုတွေက လသာသာမှာ ဗိုင်းငင်တယ်၊ ချည်ချတယ်၊ ကာလသား လူပျိုညှိသည်တွေက ထိုအမျိုးသမီးဆီကို လွတ်လွတ်လပ်လပ်လာပြီး လည်ပတ်နိုင်တယ်၊ စကားပြောနိုင်တယ်၊ မိုးလင်းသွားသည်အထိပင် အမျိုးသမီးက လက်ခံရင် နေခွင့်ရှိတယ်၊ မိဘတွေကဝင်ပြီး မတားဆီးဘူး၊ မပိတ်ပင်ဘူး၊ ယောသူတွေနဲ့ စကားပြောရတာလဲ၊ အလွန်ကောင်းတယ်ဗျ။ ကိုယ်ပြောတဲ့စကားကို စိတ်ဝင်တစားနားထောင်တယ်၊ ပြောတဲ့သူကိုပိုပြီး ပြောချင်လာအောင်လည်း စကားထောက်ထောက်ပေးတယ်။ ရယ်ရမယ့်အခါ ရယ်တယ်၊ အံ့ဩစရာရှိလည်း အံ့ဩတယ်၊ ချီးမွမ်းစရာရှိရင် ချီးမွမ်းတယ်၊ အဲဒီတော့ဗျာ အောက်ပြည်အောက်ရွာက ညှိသည်တွေက မထနိုင်တော့ဘူး၊ ဖင်ကို ဖျာကပ်သွားတာပေါ့ဗျာ" ဆိုပြီး စာရေးသူက ရှင်းပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦးဗျာ၊ တစ်ခုပြောဖို့ ကျန်သွားတယ်၊ ယောရွာတွေမှာ အိမ်ပေါ် တက်ရင် ခြေဆေးကြရတယ်၊ ဧည့်သည်တွေကတော့ ခြေဆေးချင်ရင် ဆေးပေါ့ဗျာ၊ သူတို့အိမ်သားတွေနဲ့ ရွာသားတွေကတော့ အိမ်ပေါ်ကို တက်တိုင်း, တက်တိုင်း ခြေဆေးကြရတယ်၊ ရွံ့တွေ ပြောင်အောင် သဲတွေပြောင်အောင် မဟုတ်ဘူးနော်၊ ဓလေ့ထုံးစံအရ ခြေဆေးကြရတာ၊ အခြားဘယ်ဒေသတွေမှာမှ မတွေ့ဘူးဖူးဗျာ၊ ခြေဆေးရတဲ့ကိစ္စကို ပခုက္ကူမှာနေတဲ့ ယောသားကြီးကျောင်းအုပ်ဆရာကြီးပင်စင်စား ဦးကျော်မျှားက ပြောဖူးတယ်။ သူတို့ ယောသားများဟာ ကံရာဇာကြီးမှ ဆင်းသက်လာတဲ့ သာကီဝင်မျိုးနွယ်တွေ။ တချို့လည်း ပျူလူမျိုးတွေဖြစ်ကြတယ်၊ အိမ်ပေါ်တက်ရင် ခြေဆေးတာဟာ သာကီဝင်မျိုးတွေရဲ့ဓလေ့ဖြစ်တယ်လို့ ပြောဖူးတယ်၊ ဘာပဲဖြစ်ဖြစ်ဗျာ၊ ဘုန်းကြီးကျောင်းနဲ့ အိမ်တွေမှာ လှေကားရင်းမှာ ခြေဆေးအိုးထားပေးတာကတော့ ယောဒေသမှာပဲ တွေ့ဖူးတယ်၊ မြင်ဖူးတယ်၊ အခုတော့ ယောဒေသမှာပင် ရိုးရာဓလေ့တွေ ကွယ်ပျောက်ခါနီးနေပြီ" ဟု စာရေးသူက အတွေ့အကြုံများကို ပြောပြနေသည်။

"သူတို့ရဲ့ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုတွေကတော့ကောကွာ၊ ဘာထူးခြားသလဲ" ဆိုပြီး ဒေါက်တာသည်းမွန်က မေးလာပြန်သည်။

"ရိုးရာယဉ်ကျေးမှုတွေကတော့ ထူးခြားတယ်ဗျ၊ ဥပမာဗျာ၊ ကျွန်တော်တို့တဲကို တစ်နေ့တုန်းက မောင်မြအေးဆိုတဲ့ လူငယ်လေးတစ်ယောက်ရောက်လာတယ်၊ ဆေးလိပ်တွေကိုင်ပြီး တစ်ယောက်ကို တစ်လိပ်ပေးတယ်၊ မနက်ဖြန်မှာ သူ့ရဲ့မင်္ဂလာဆောင်အတွက် လာပြီးဖိတ်တာလို့ ပြောတယ်၊ သူနဲ့လက်ထပ်မယ့် အမျိုးသမီးကို မေးကြည့်တော့ အဲဒီရွာမှာ အချမ်းသာဆုံး သူဌေးသမီး (၁၀) တန်းအောင်ပြီး ကွမ်းတောင်ကိုင် အမျိုးသမီးဖြစ်နေတယ်၊ သူက လူမွဲ အလုပ်သမားဖြစ်တယ်၊ မိဘတွေက သဘောတူရဲ့လားလို့ ကျွန်တော်က မေးတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူလို့ မရဘူးလေ၊ ဆရာကြီးရဲ့ သူ့ရဲ့သမီးက ကျွန်တော်ကို ချစ်လို့၊ ကျွန်တော်မိဘတွေ အိမ်ပေါ်ကို တက်လာပြီး နေနေပြီပဲ၊ မိဘတွေက ခွဲလို့မရဘူး၊ ခွဲရင်သူတို့အိမ်ကို ကာလသားတွေက လူစုပြီး ခဲနဲ့ပစ်ပေါက်ကြမှာပေါ့၊ ကျွန်တော်တို့ရွာမှာ အမျိုးသမီးနဲ့အမျိုးသားချစ်ကြိုက်ကြပြီဆိုရင် အမျိုးသမီးက သူ့ရဲ့မိဘအိမ်ပေါ်က ဆင်းလာပြီး ယောကျ်ားလေးရဲ့အိမ်ပေါ်တက်နေရတယ်၊ ဘယ်မိဘကမှ ခွဲခွင့်မရှိဘူး၊ မိန်းကလေးက ချစ်ရင်လွဲတာဆိုတာ မရှိဘူး။"

စသည်ဖြင့် သူတို့ရွာလူငယ်များ၏ အချစ်ရေး၊ အိမ် ထောင်ရေးများကို ပြောပြကြောင်း ရှင်းပြပေးနေရသည်။ သူတို့ရွာမှာ ခိုးရာကို လိုက်ပြေးတယ်၊ ထွက်ပြေးတယ်ဆိုတာမရှိ၊ မိဘက သဘောမတူဘူးဆိုတာ မရှိ။ သို့သော်လက်မထပ်မီမှာ ကိုယ်ဝန်မရှိရ၊ မကျူးလွန်ရ၊ လက်မထပ်မီမှာ ကိုယ်ဝန်ရှိလာသော အမျိုးသမီးကို တစ်ရွာလုံးမှ ရှုံ့ချ ကဲ့ရဲ့ကြသည်။ ဝိုင်း ပယ်ကြသည်၊ ကျင်ကြသည်၊ လူရာမသွင်းကြ၊ မိဘများကိုပင် မကောင်းဆိုးဝါးဝင်သည်ဆိုပြီး ထိုအိမ်ကို လူစုနဲ့ဝင်ပြီး ဖျက်ပစ်တတ်ကြသည် ဆို၏။

နောက်တစ်ခု ထူးဆန်းတာတစ်ခုပြောပြဦးမယ်ဗျာ၊ ကျွန်တော်ဒီတစ်ခေါက် ရန်ကုန်ကိုမလာမီ ၂ ရက်လောက်ကပေါ့ဗျာ၊ တပို့တွဲလပြည့်ကျော် (၈) ရက်နေ့မှာ ကျောချောင်းရွာဦးထိပ်မှာ ဘုရားပွဲလုပ်တယ်၊ ရွာနီးပတ်ဝန်းကျင်မှ ရွာသားတွေအများကြီး လာကြတယ်၊ ကျွန်တော်တို့လည်း ရောက်သွားတယ်၊ ဘုန်းကြီးတွေကို ဆွမ်းလောင်းတရားနာပြီး ဘုန်းကြီးတွေပြန်ကြသွားကြတော့၊ ဧည့်သည်တွေ မပြန်ရသေးဘူး၊ ဘုရားဝင်းအပြင်ကို မထွက်ကြပါနဲ့လို့ အသံချဲ့စက်က ထပ်ခါထပ်ခါ အော်ပြောနေတယ်၊ ဧည့်ခေါ်ပွဲလုပ်ရဦးမှာတဲ့၊ ဧည့်သည်တွေကို အမျိုးသမီးငယ်တွေက ဖွတ်ဆွဲကြတော့တာပါပဲ၊ ဧည့်သည်တစ်ယောက်ကို ရွာသားတွေနဲ့အပျိုတွေ ၄-၅ဦးက သူ့ဆက်ပါအောင်၊ ငါ့ဘက်ပါအောင် ဘုရားဝင်းအပြင်ဘက်ရောက်အောင် ဆွဲခေါ်ကြတယ်။ သူခေါ်လာလို့ ဘုရားဝင်းအပြင်ဘက်ရောက်ပြီးသူ့ကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးနော်၊ စောင့်ဦးနော်ဆိုပြီး ထားခဲ့ပြီး ဘုရားအတွင်းရှိ အခြားဒေည့်သည်တွေကို ဆွဲကြပြန်တယ်၊ ဘုရားဝင်းအပြင်ဘက်အထိ ဧည့်သည်ကို ဆွဲခေါ်နိုင်တဲ့ သူက သူ့ရဲ့အိမ်အတွက် ထိုနေ့အဖို့ဧည့်ခံခွင့်ရတဲ့ ဧည့်သည်ဖြစ်တယ်။ သူတို့အိမ်ကို ခေါ်သွားပြီး ဝက်သား ၃ ပိဿာ၊ ကြက်သား ၂ ပိဿာ၊ ကြက်ဥ၊ ခေါင်ရည်တစ်အိုး စသည်ဖြင့် ဧည့်ခံကျွေးမွေးကြတာ တစ်နေကုန်တာပဲ။ ဒါကို ဧည့်သည်ခေါ်ပွဲလို့ ပြောကြတယ်၊ ဧည့်သည်လုပွဲပါပဲဗျာ၊ အလွန်ပျော်စရာကောင်းတဲ့ ဘုရားပွဲတွေပါပဲ။ ယောဒေသရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ပြောရရင်တော့ ကုန်မှာမဟုတ်ပါဘူးဗျာ၊ သနပ်ခါးပါးတို့ပွဲ၊ ထမနဲထိုးပွဲတို့ ဆိုတာလည်း ဒေသအလျောက် အတော်ပျော်စရာတွေကောင်းပါတယ်၊ ကျွန်တော်ရဲ့စာအုပ်က ယောဒေသအကြောင်းအစုံရေးနိုင်တာ မဟုတ်တော့။ အကျဉ်းမျှသာခြုံပြီး ရေးရတာပါ” ဟု စကားဝိုင်းကို ဖြတ်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ပုံတောင်မြေမှ လွမ်းမျက်ရည်

ရေး - ဂီတစာဆို ကိုခင်မောင်ဝင်း

ပန်းငွေ့တဝေဝေ လွမ်းငွေ့တဝေဝေ
တောင်ငွေ့တဝေဝေ လွမ်း ပုံတောင်မြေ
တောင်ညို့တောင်မို့ လွမ်းတတ်သူတို့ ဖြေမပြေ
မျှော်လေလေတိုင်း မျက်ရည်ဝိုင်း
ရစ်သိုင်းမှိုင်းရည်ဝေ
လွမ်းစရာ ပုံတောင်မြေ
မျှော် မျှော်လေတိုင်း ရင်လှိုင်းခတ်ဝေ
ဖော်ကွာသူတို့ မျှော်ရှာသူတို့
မျက်ရည်စို့ရင် ပေါ်လာနိုးနဲ့ မျှော်ကိုးနေရ
လွမ်းစရာ ပုံတောင်မြေ
(ဘဝဆက်တိုင်း)၂၊ ချစ်တိုင်းညားကြပါစေ
ညားတိုင်းချစ်ကြပါစေ
အကြိမ်ကြိမ်အခါခါ သစ္စာပြုမလေ
ချစ်ဆုတွေချွေ လွမ်းငွေ့တဝေဝေ
တမ်းတဖြေမပြေ
လွမ်းစရာ ပုံတောင်မြေ။

<u>**မှတ်ချက်။**</u> ပုံညာတောင်၊ ဥမင်အနောက်ဘက်ခြမ်း ကျောင်းချောင်းရွာ ဘူတာအနီးမှ ချစ်ဆုံရေတံခွန်ထဲသို့ ချစ်သူနှစ်ဦးလက်တွဲခုံချခဲ့ ခြင်းအတွက် အမြဲသတိရကြစေဖို့ ကိုခင်မောင်ဝင်း၏တေးဖြင့် မှတ်တမ်းတင်လိုက်ရပါ၏။

ဆိုအချိန်မှစ၍ ပုံညာတောင်ခြေမှ ချစ်သူများမှာ အမြဲညားကြကြောင်း သိခဲ့ရပါ၏

-(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

ယောဒေသသည် အရှေ့ဘက်တွင် ပေ ၃၀၀၀ ကျော်စီ မြင့်မားသော ပုံတောင်ပုံညာတောင်တန်းကြီး၊ အနောက်ဘက်တွင် ပေ ၇၀၀၀ ခန့် မြင့်မားသော ချင်းတောင်တန်းကြီးများက ကာစီးထားသဖြင့် သွားလာရေးအလွန်ခက်ခဲခြင်း၊ လူသူအရောက်အပေါက်နည်းခြင်းများ ဖြစ်ခဲ့ရပါသည်။ တောတောင်များထူထပ်ခြင်းကြောင့် ရာသီဥတုဆိုးဝါးခြင်း၊ ရေကောင်းရေသန့်ရှားပါးခြင်း၊ အစားအစာရှားပါးခြင်း ဖြစ်ရပါသည်။ ထိုအကြောင်းအရာတို့ကို အခြေခံပြီး ရောဂါအမျိုးမျိုးကျရောက်စေပါသည်။ အထူးသဖြင့် စမ်းရေတွင် ပေါက်ဖွားသော အင်နိုဖီးလီးခြင်ကြောင့် ငှက်ဖျားရောဂါအမျိုးမျိုးကို ဖြစ်စေပါသည်။ ငှက်ဖျားရောဂါ (၄) မျိုးအနက် ပလပ်စ်မိုးနီးယား ဖယ်စီပရမ် ငှက်ဖျားပိုးသည် ဦးနှောက်သို့ရောက်ပြီး သတိလစ်ခြင်း၊ တက်ဖျားဖျားခြင်း၊ နောက်ဆုံးတွင် ရုတ်တရက်သေဆုံးတတ်ပါသည်။ အသက်မသေ၍ ရောဂါပျောက်ကင်းစေကာမူ စိတ်ဖောက်ပြန်ပြီး ရူးသွပ်ခြင်းဖြစ်စေပါသည်။ ထိုလူနာများကို စုန်း၊ ကဝေတို့၏ ပြုစားခံရခြင်းဟု ထင်မြင်ခဲ့ကြပါသည်။ အစားအသောက်မှားခြင်း၊ ကျန်းမာရေးအသိပညာနည်းခြင်းကြောင့်လည်း ဝမ်းလျှောရောဂါ၊ ပိန့်ခြင်း၊ အန်ခြင်းဖြစ်ပြီး သေဆုံးတတ်ပါသည်။ ထိုသူများကိုလည်း "စုန်းမတွေပြုစားလို့ အပင်းထည့်လို့" ဟု ပြောခဲ့ကြပြန်သည်။ တစ်ခါတစ်ရံတွင် မစားသင့်သောသစ်ဥ၊ သစ်ဖုများကို စားမိပြီး ကျောက်ကပ်ရောင်ခြင်း၊ အသည်းရောဂါရခြင်းတို့ ဖြစ်ကြရသည်။ ထန်းရည်၊ အရက်နှင့် မကောင်းသောအစားအစာများကြောင့် အသည်းပျက်စီးပြီး ဝမ်းဗိုက်ကြီးရောင်ခြင်း၊ ရေဖျင်းစွဲခြင်းများ ဖြစ်ကြရသည်။ ဤသည်ကိုလည်း အပင်းထည့်ထားသည်၊ စုန်းမက ပြုစားထားသည်ဟု ပြောခဲ့ကြပြန်သည်။

ထိုသို့ ကူးစက်ရောဂါ၊ အာဟာရချို့တဲ့ရောဂါ၊ အစာအဆိပ်ဖြစ်ရောဂါ၊ ရာသီဥတုဖောက်ပြန်သောကြောင့် ဖြစ်ရသောရောဂါများ ရရှိခံစားရသောအခါ တတ်သိနားလည်သော ဆရာဝန်များတွေ့ရှိဖို့ အလွန်ခက်ခဲပါသည်။


www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ ခုနှစ်လောက်မှစပြီး စာရေးသူသည် ယောဒေသသို့ ခရီးသွားတိုင်း စားဆေး၊ ထိုးဆေး၊ ခွဲစိတ်ကိရိယာများပါ ယူဆောင်သွားခဲ့သည်။ လူနာအများအပြားကို ကုသပေးခဲ့ရပြီး အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့ရသည်။ တစ်ခါတစ်ရံတွင် ဗိုက်မှာရေဖျင်းစွဲနေတာကိုပင် ဖောက်ထုတ်ကုသပေးခဲ့ရသည်။ ယောဒေသတွင် ကျေးရွာများရှိ လူများသည် ဆရာဝန်ကို မမြင်ဘူးကြပေ။ ဒေါက်တာရမ်းကုနှင့်ပင် ပြီးရသည်။ ဆရာဝန်နှင့် ဆေးကုခွင့်မရကြပေ။ ထို့ကြောင့် ထိုလူနာများအတွက် အားထားစရာ ဆေးကုဆရာ၊ သမားတော်များသည် နတ်၊ နဂါးများနှင့် ပယောဂဆရာများ၊ အထက်လမ်းဆရာများ၊ အောက်လမ်းဆရာများသာ ဖြစ်တော့သည်။ ထိုဆေးဆရာများသည် လွယ်အိတ်တစ်လုံးဖြင့် ရွာစဉ်လည်ပြီး တတ်ယောင်ကားဖြင့် ဆေးကုစားနေတတ်ကြသည်။

ဤသည်ကို တေးရေးဆရာ ရွှေတိုင်ညွန့်က ရေးစပ်ပြီး အဆိုတော်မအေးမိက သီဆိုထားသော **"ယောဆရာ"** ဟူသော သီချင်းသည် တစ်နိုင်ငံလုံးတွင် အတော်ခေတ်စားခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံကျော်အဆိုတော်တင်တင်မြက သီဆိုလိုက်ပြန်သဖြင့် ယောဒေသအကြောင်းကို အတော်လူသိများလာပြန်သည်။ ထိုသီချင်းကို မတိမ်ကော မကွယ်ပျောက်စေရန် အောက်တွင်မှတ်တမ်းတင်ဖော်ပြလိုက်ရပါ၏။



အရှေ့ဂန့်ဂေါ်နှင့် အနောက်ဂန့်ဂေါ် ကို ဆက်သွယ်သည့် ကြိုးတံတား

www.burmeseclassic.com



## "ယောဆရာ"

| ယခင်ဆို | တေးရေး | ယခုဆို |
| --- | --- | --- |
| မအေးမိ | ရွှေတိုင်ညွန့် | တင်တင်မြ |

သိန္ဒီသီပေါ် သာပြန့်ပြောတဲ့ × × × ကမ္ဘောဇနယ် ယောပြည်ယောနယ် × × × ယောပညာတွေကို × × × စုံအောင်သင်ခဲ့သလား × × × အမျှားကလည်း ထင်ကြတယ် × × × ဩော် . . ဒီလိုဘက်တော့ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ပါတယ် × × × တကယ် × × × ယောလုံချည်လည်း အမြဲဝတ်ဆင်တယ် × × ×

(နာမည်နဲ့တော့ လိုက်အောင် မောင်ကြံရွယ် × × × တကယ် ရောရိရောရာ တွေ့ကရာပါတတ်ကွယ် × × × ကုန်သည်နဲ့လဲ ဆက်သွယ် × × × ပွဲစားနဲ့လဲဆက်သွယ် × × × အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ကြံပါမောင်ရယ် × × × ကန့်သတ်ကာ မနေသင့်တယ် × × × လူဆိုတာ (ရှိသေလောက်မှ)၂ ကြောက်တယ် × × × အပျိုချောချောများတွေ့ရင် × × × အရောဝင်ချင်တဲ့ ဝါသနာတွေကိုပယ်)၂ × × ×

(အန္တရာယ်ကင်းအောင်ကွယ် ဘေးကင်းကြစေကွယ် × × × ယောမြို့ကပြန်ခဲ့တယ် × × × ဆေးဝါးတော့ သူနားမလည်)၂ × × × အုတ်ရောရောနဲ့ × × × ကျောက်အရောရောနဲ့ × × × မောင်ဒီလိုနေတာကို × × × ပျိုအေးမိအံ့သြပါတယ် × × × ရောရိရောရာ × × × ယောဆရာကြီးရယ်။

(လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လယ် × × × ချစ်သူမောင်ရယ် × × × ဆေးကုစားတဲ့ယောဆရာလို့ပင် × × × ထင်ကြပေမယ် × × × ရှင်သိက္ခာရှိအောင် စိတ်ဝယ်မှန်းကာ × × × နေစမ်းပါကွယ်)၂ × × × အင်းအိုင်ခလှဲ့လက်ဖွဲ့များနဲ့ ဆေးဝါးမပါတယ် × × × ခုလိုနေတာ ဘာသဘောလဲ ပြောစမ်းပါမောင်ရယ်)၂ × × × လမ်းသလားတယ် × × × အရမ်းစကားနဲ့ × × မန္တရားဆို အဟုတ်ကို သူနားမလည် × × ×

www.burmeseclassic.com

www.burmeseclassic.com



နေတာ ထိုင်တာ ကျွန်မသာ စည်းကမ်းရှိတယ် × × × အဲဒီလို မဟုတ်ဘူးကွယ် × × × မြို့ကို နှံ့အောင်သိတယ် × × × ပါလေတိုင်းပျို့မောင်ရယ် × × × ခေတ်ကာလနဲ့ပေါ် ဆန်းတယ် × × × ရွှေတိုင်ညွန့်လို စာကိုဝယ် × × သီချင်းစာရေးတာ သံပေါ်လာကွယ် × × × ဓာတ်ပြားထဲမှာကောင်းရင်သွင်းမယ် × × × မအေးမိကို ရေးကာပေးကွယ် × × × နာမည်ကျော်အောင် ကျွန်မဆိုပေးမယ် × × ×

(အန္တရာယ်ကင်းအောင်ကွယ် ....... ယောဆရာကြီးရယ်)

**(ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီမှ ထုတ်လုပ်ခဲ့သော သီချင်းဖြစ်သည်။)**

ယောနှင့်ပတ်သက်သောကြောင်းအရာများကား ရေးသားစရာတွေ စုံလှပါ၏။ ရေးလို့ဖြင့် ကုန်နိုင်မည် မဟုတ်ပေ။ စာရေးသူထိတွေ့ခံစားရသည်များအနက် သတိရဖွယ်၊ လွမ်းဖွယ်ရာများကိုသာ ရေးသားထုတ်ဝေလိုက်ခြင်းဖြစ်ပါတော့၏။ စာရေးသူ၏ မှတ်စုများဟုသာ ဆိုသင့်ပါ၏။

စာဖတ်သူများအနေဖြင့် ပညာမျက်စေ့ဖြင့် မျှဝေခံစားနိုင်ကြပါစေ။ ချစ်စရာ, လွမ်းစရာပေါ်သောယောမြေသို့လည်း တစ်ခါတစ်ခေါက်တော့ဖြင့် ရောက်အောင်သွားကြပါဟု တိုက်တွန်းရေးသားထုတ်ဝေလိုက်ရပါတော့၏။

**ဒေါက်တာသက်လွင်**
**အမျိုးသားစာပေဆုနှင့်**
**စာပေဗိမာန်ဆုရ**
**၁၂-၃-၀၅**

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

၁။ Burma Gazetter Pakokku District
vol A+B by major F.C Owens, I.A
၂။ ဒေါက်တာတိုးလှ၏ ချင်းတွင်း မြစ်သာ မူး ရော
၃။ ဒေါက်တာတိုးလှ၏ ကုန်းဘောင်ရွှေပြည်
၄။ တိုက်စိုး၏ မင်းတုန်းမင်း
၅။ ဒေါက်တာသန်းထွန်း၏ မြန်မာ့သမိုင်းနိဒါန်း
၆။ ဗိုလ်မှူးဘရှင်၏ အနော်ရထာအရင်က မြန်မာနိုင်ငံ
၇။ ဟသ်ာ၏ထင်းရှူးနဲ့သင်းတဲ့ ချင်းတို့မြေ
၈။ စောကြူမောင် (ယောမြေ) တောင်သား
၉။ မှန်နန်းမဟာရာဇဝင်တော်ကြီး ပ၊ ဒု၊ တ
၁၀။ ဦးအောင်သိန်းဟန်၏ မြန်မာနိုင်ငံသမိုင်းသစ် (၁၇၅၂-၁၉၄၈)
၁၁။ ဦးဘသန်း၏ ကျောင်းသုံးမြန်မာရာဇဝင်
၁၂။ ဒေါက်တာတင်သိန်း၏ လူသားအစ မြန်မာက
၁၃။ သာသနာ့ဝံသကျမ်း
၁၄။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ရွှေပေါင်လောင်ဘုရားကြီးသမိုင်း
၁၅။ ဦးသိန်းဆွေ၏သမိုင်းဝင် ပုဂံစေတီပုထိုးများ
၁၆။ အောင်ခင်စိုး သမိုင်းလယ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ရွှေဘိုမိမိကြီး၏ ရွှေပြည်တန်ဝန်ကြီးဦးဘိုးလှိုင်
၁၈။ ဦးကြာထွန်း၏ယော
၁၉။ ဦးလှသိန်းထွန်း၏ဗုဒ္ဓသာသာဝင်များနှင့် နတ်ကိုးကွယ်မှု
၂၀။ ဘုံကျော်အရှင်ကောသဝါဘိဝံသ၏ ပါဠိ၊ မြန်မာအဘိဓာန်
၂၁။ ပခုက္ကူကောလိပ်မဂ္ဂဇင်းများ
သမိုင်းပါမောက္ခကျင်ဒွေးဘမောင်၏ ဆောင်းပါးများ
၂၂။ ယောနယ်အသင်း ရန်ကုန်မဂ္ဂဇင်း
၂၃။ ထီးလင်းမဂ္ဂဇင်း
၂၄။ ဦးအံ့ကြီး၏အနောက်ဂန့်ဂေါစွယ်တော်ရှင်သမိုင်း
၂၅။ ဦးထွန်းကြီး၏ ရွှေကွန်အုပ်ဘုရားသမိုင်း
၂၆။ ကျောင်းကြီးရှင်ချစ်စေတီတော်သမိုင်း
၂၇။ တင်မြင့်၏ပုံတောင်ပုံညာခရီးသည်
၂၈။ မြသန်းတင့်၏ ပုံတောင်ပုံညာသွားတောလား
၂၉။ ရာမညကိုကိုနိုင်၏ မြန်မာ့ပန်းပုပညာ
၃၀။ အောင်ဝင်းငြိမ်း၏ သွေးချင်းတို့၏ကဘော်
၃၁။ ဝန်းသိုရာဇဝင်သစ်
၃၂။ ပြည်သူကောင်စီ၊ ပါတီယူနစ်အစီရင်ခံစာများ
ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်များ
၃၃။ ဆရာဝန်တင်ရွှေ၏ ယောနယ်၌ အပြုစားခံရခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်တာသက်လွင် (အမျိုးသားစာပေဆုရ၊ စာပေဗိမာန်စာမူဆုရ)
## ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ သုတပဒေသာဆောင်းပါးပေါင်းချုပ်

၂။ ဈေးကွက်စီးပွားရေးနှင့် ခရီးသွားဆောင်းပါးများ

၃။ ကြီးပွားရေးနှင့် ခရီးသွားရေး

၄။ အဖေ့ရွာ အမေ့ရပ် (စာပေဗိမာန် ပထမဆု ၁၉၉၉ ခုနှစ်)

၅။ ပခုက္ကူခရိုင်မှာ မုဋ္ဌော (၉) ဆူတည်တော်မူ

၆။ ပုဂံအနောက် ခရီးတစ်ခေါက် (စာပေဗိမာန်ဒုတိယဆု ၂၀၀၀ပြည့်နှစ်)

၇။ ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်း (အမျိုးသားစာပေဆု ၂၀၀၁ ခုနှစ်)

၈။ ဈေးကွက်ထဲက မြန်မာလူငယ်များ

၉။ ကူနီနန်းနှင့်ပုခန်းမြေ

၁၀။ မြန်မာ့သမိုင်းဝင်အမျိုးသမီးများအကြောင်း တစေ့တစောင်း

၁၁။ မြိုင်မြို့နယ်ဖွားစာဆိုများ

၁၂။ လွမ်းဖွယ်တွေပေါ်ပါတဲ့ တို့ယောမြေ

www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာသက်လွင်၏အတ္ထုပ္ပတ္တိအကျဉ်း

ဒေါက်တာသက်လွင်ကို ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ပိုက်သင်ရွာ၌ တောင်သူကြီးများဖြစ်ကြသော အဖ - ဦးထူး ၊ အမိ - ဒေါ်ငွေယုတို့မှ ၁၃၀၃ ခုနှစ်တွင်ဖွားမြင်သည်။

မူလတန်းပညာကို ပိုက်သင်ရွာ၊ဘုန်းတော်ကြီး ဦးခိုင်၏ကျောင်းတွင်သင်ယူသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ပခုက္ကူမြို့ အ၊ထ၊က(၁) တွင်သင်ယူသည်။

၁၉၆၂-၆၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ်၌ **I.Sc.(Part A & B)** တို့ကို သင်ယူအောင်မြင်သည်။ထို့နောက် မန္တလေးဆေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၇၀ခုနှစ်၊မတ်လတွင် **M.B.,B.S**ဘွဲ့ကိုရရှိခဲ့သည်။

အစိုးရဝန်ထမ်းအဖြစ် ( ၁၈ )နှစ်တိုင်တိုင်လုပ်ကိုင်ခဲ့သည်။ ထို့နောက်အစိုးရဝန်ထမ်းအဖြစ်မှအနားယူပြီးကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်သည်။ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီလုပ်ငန်း၊ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ဟိုတယ်လုပ်ငန်းများကိုလုပ်ကိုင်သည်။

ထိုဘဝအတွေ့အကြုံများကို အခြေခံပြီးသတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၇ခုနှစ်တွင် **ကင်ဆာရောဂါ ဆိုတာဘာလဲ** ဟူသော သတင်းစာပါ ဆောင်းပါးသည် ဒေါက်တာသက်လွင်၏ ပထမဆုံးစာမူဖြစ်သည်။

ယခုအခါ ဆောင်းပါးပုဒ်ရေ (၄၀၀) ကျော်နှင့်၊ လုံးချင်းစာအုပ် (၁၂)အုပ်ကိုရေးသားခဲ့ပြီးဖြစ်သည်။

စာရေးသူ၏ **အဖေ့ရွာ ၊ အမေ့အရပ်** စာမူသည် **၁၉၉၉ ခုနှစ်** အတွက် **စာပေဗိမာန်ပထမဆု** ကိုရရှိခဲ့သည်။

**ပုဂံ အနောက် ခရီး တစ်ခေါက်** စာမူသည် **၂၀၀၀ ပြည့်နှစ်**အတွက် **စာပေဗိမာန်ဒုတိယဆု** ကိုရရှိခဲ့သည်။

**ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်းစာအုပ်**သည်၊ **၂၀၀၁ခုနှစ်** အတွက် **အမျိုးသား စာပေဆု** ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ယခု **လွမ်းဖွယ်တွေ ပေါ်ပါတဲ့တို့ယောမြေ** စာအုပ်သည် စာရေးသူ၏ (၁၂)အုပ်မြောက် စာအုပ်ဖြစ်သည်။

ဒေါက်တာသက်လွင် ရေးသားသော စာပေအမျိုးအစားမှာ စီးပွားရေးနမူနာပြဆောင်းပါးများ၊သမိုင်းအခြေခံဆောင်းပါးများ၊ခရီးသွား ဆောင်းပါးများ ၊ဘာသာရေးနှင့်မြန်မာ့ယဉ်ကျေးမှုအခြေခံဆောင်းပါးများ စသည်တို့ဖြစ်ကြသည်။

www.burmeseclassic.com